


# နိုင်ငံရေးသမား လက်စွဲ

## Becoming A Better Politician



# နိုင်ငံရေးသမားလက်စွဲ

**Becoming A Better Politician**

Political Skills Manual

Myanmar School of Politics
မှ
ထုတ်ဝေသည်။

Democracy | Development | Dialogue
FMS
Foundation Max van der Stoel

**နိုင်ငံရေးသမားလက်စွဲ**

**ပုံနှိပ်မှတ်တမ်း**


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | အုပ်စု (၁) |
| ပုံနှိပ်ထုတ်ဝေခြင်းအကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသောခုနှစ် | – | ၂၀၁၅၊ ဩဂုတ်လ |
| အုပ်ရေ | – | ၁၀၀၀ |
| ထုတ်ဝေသူ | – | ဒေါ်ခင်မာချို<br>ပန်းဝေဝေစာပေ၊အမှတ်(၃၆၀)၊<br>ဗိုလ်အောင်ကျော်လမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ |
| ပုံနှိပ်သူ | – | ဦးအောင်ဇော်ထွန်း (ပုံရိပ်ရှင်) |
| ကွန်ပျူတာဖလင် | – | ပုံရိပ်ရှင် |

၈၂၃
နိုင်ငံရေးသမားလက်စွဲ
ရန်ကုန်၊Myanmar School of Politics၊ပထမအကြိမ်၊၂၀၁၅။
စာမျက်နှာ – ၂၇၀ မျက်နှာ၊ ၁၃.၃ စင်တီ× ၂၁ စင်တီ
မူရင်းအမည် – Becoming A Better Politician
(၁)နိုင်ငံရေးသမားလက်စွဲ


(ပညာရေးအတွက် သီးသန့်သုံးရန်)

# မာတိကာ


| | | |
|---|---|---|
| အမှာ | | ၃ |
| နိဒါန်း | | ၇ |
| ၁ | – မဟာဗျူဟာ | ၉ |
| ၂ | – သုတေသန | ၄၉ |
| ၃ | – ဆက်သွယ်ရေးနှင့်မီဒီယာ | ၆၁ |
| ၄ | – လူထုကြားတွင်စကားပြောခြင်း | ၉၁ |
| ၅ | – စကားစစ်ထိုးခြင်း | ၉၉ |
| ၆ | – အဖွဲ့အစည်း | ၁၁၁ |
| ၇ | – ကမ်ပိန်း အစီအစဉ် | ၁၄၇ |
| ၈ | – ပါတီနဲ့ ကမ်ပိန်းအတွက် ဘဏ္ဍာငွေ | ၁၅၅ |
| ၉ | – လုပ်အားပေးများ | ၁၆၃ |
| ၁၀ | – အသုံးအဆောင်ပစ္စည်းများနှင့်ပွဲများ | ၁၇၃ |
| ၁၁ | – မဲဆွယ်ခြင်း | ၁၇၇ |
| ၁၂ | – ပေါ်လစီကိုပုံဖော်ခြင်း | ၁၈၁ |
| ၁၃ | – ဆွေးနွေးပွဲများ | ၁၈၉ |
| ၁၄ | – ဆွေးနွေးညှိနှိုင်းခြင်း | ၂၁၂ |
| ၁၅ | – မဟာမိတ်ဖွဲ့ခြင်း | ၂၂၇ |
| ၁၆ | – ကိုယ့်ဘက်ပါအောင်ဆွယ်ခြင်း | ၂၃၅ |
| ၁၇ | – နိုင်ငံရေးအတိုက်အခံပြုခြင်းအနုပညာ | ၂၄၉ |
| ၁၈ | – နိုင်ငံရေးပြိုင်ဘက်များကို တိုက်ခိုက်ခြင်း | ၂၅၇ |
| ၁၉ | – နိုင်ငံရေးပဋိပက္ခများကို စီမံခန့်ခွဲခြင်း | ၂၆၃ |

# အမှာ

ချစ်စွာသောစာဖတ်သူ

ဒီမိုကရေစီပွင့်လန်းလာဖို့အတွက်ထိရောက်တဲ့နိုင်ငံရေးဆိုင်ရာ ပါတီတွေ၊ သူတို့ရဲ့လုပ်ဆောင်မှုတွေအပေါ် ကြီးကြီးမားမားမူတည်နေတယ်။ ဒါ့အပြင်ပါတီတစ်ခုအောင်မြင်ဖို့အတွက်အဲဒီပါတီမှာ ကြွယ်ဝတဲ့အရည်အသွေးပြည့်နိုင်ငံရေးသမားတွေရှိဖို့လိုအပ်တယ်။ အဲဒီနိုင်ငံရေးသမားတွေဟာ သူတို့ကို မဲပေးရွေးချယ်ထားတဲ့လူတွေရဲ့ အကျိုးစီးပွားကိုတင်ပြတဲ့၊ ကာကွယ်တဲ့သူတွေပဲဖြစ်တယ်။

– အပြုသဘောဆောင်ပြိုင်ဆိုင်မှုတွေလုပ်တဲ့နိုင်ငံရေးသမားတွေ၊ ကိုယ်နဲ့ဆန့်ကျင်ဘက်အမြင်တွေကိုတင်ပြတဲ့ တခြားသောနိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးအရစကားပြောဖို့လိုတဲ့ နိုင်ငံရေးသမားတွေ၊

– သူတို့ကိုရွေးကောက်တင်မြှောက်တဲ့သူတွေနဲ့ ပြည်သူ့အဖွဲ့အစည်းတွေထဲကို သွားရောက်ရတဲ့နိုင်ငံရေးသမားတွေ၊

– မီဒီယာကတစ်ဆင့် ပေါ်လစီနဲ့ စကားစစ်ထိုးပွဲမှာသူတို့ရဲ့ အနေအထားတွေကို ရှေ့တန်းရောက်အောင်ကျွမ်းကျွမ်းကျင်ကျင်လုပ်ဆောင်နိုင်တဲ့ နိုင်ငံရေးသမားတွေ၊

– နောက်ဆုံးအချက်အနေနဲ့တစ်ဖက်မှာ စကားပြောဆိုညှိနှိုင်းဖို့ ဖွင့်ဟထားပြီး တစ်ခြားတစ်ဖက်မှာတော့ အစိုးရအဖွဲ့ထဲမှာ နေရာဝင်ယူနိုင်စွမ်းရှိတဲ့ နိုင်ငံရေးသမားတွေ၊

အဲသလိုနိုင်ငံရေးသမားတွေကိုရွေးချယ်ထားတဲ့ လူတွေရဲ့အကျိုးစီးပွားကို အဲဒီနိုင်ငံရေးသမားတွေက တင်ပြကာကွယ်ရမယ်။

အခုပြောခဲ့တဲ့အချက်တွေကို 'မြန်မာနိုင်ငံရေးသင်တန်းကျောင်း' (Myanmar School of Politics programme - MySoP) ကဖြန့်ဖြူးဖို့ ရည်ရွယ်ထားတယ်။ ဒီ MySoP ဟာ Netherlands Institute of



Multiparty Democracy (NIMD) နဲ့ political parties of Finland for Democracy (Demo Finland) တို့ ပူးပေါင်းဆောင်ရွက်နေတဲ့ အစီအစဉ်တစ်ခုဖြစ်တယ်။ NIMD နဲ့ Demo Finland အဖွဲ့နှစ်ဖွဲ့ကို နိုင်ငံရေးပါတီပေါင်းစုံပေါင်းပြီး ဖွဲ့စည်းတည်ထောင်ထားတာဖြစ်တယ်။ ဒါ့အပြင် ဖင်လန်နဲ့နယ်သာလန်နိုင်ငံတွေရဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေက MySoP ကို ဘဏ္ဍာငွေထောက်ပံ့ထားတယ်။ ဒါ့အပြင် တူညီတဲ့အနှစ်သာရတန်ဖိုးတွေဖြစ်တဲ့ ဘက်မလိုက်မှု၊ ပိုင်ဆိုင်ခွင့်၊ ပါတီပေါင်းစုံပါဝင်တဲ့ အထိုင်ထဲမှာ အလုပ်လုပ်ခြင်းတွေကိုလည်း ဝေမျှတယ်။

နိုင်ငံရေးပါတီတွေကိုထောက်ပံ့ခြင်းအားဖြင့် NIMD နဲ့ Demo Finland တို့ဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအကူးအပြောင်းကာလမှာ ထည့်ဝင်နိုင်ဖို့ ရည်ရွယ်ထားတယ်။ MySoP ဟာနိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမားတွေရဲ့ ဒီမိုကရက်တစ်အဆင့်အတန်းကိုပိုပြီးအားကောင်းလာအောင်အာရုံစိုက်ထားတယ်။ ဒါ့အပြင်ပါတီပေါင်းစုံဆွေးနွေးမှုတိုးတက်လာအောင်လည်းအလေးထားတယ်။ MySoP ရဲ့ရည်ရွယ်ချက်တွေကို အောက်မှာဖော်ပြထားတယ်။

၁။ နိုင်ငံရေးသမားတွေရဲ့အရည်အသွေးတွေ၊ အပြုသဘောဆောင်မှုတွေတိုးတက်လာအောင်လုပ်ရန်။ နိုင်ငံရေးလုပ်တဲ့အခါမှာ ပေါ်လစီအခြေပြုညှိနှိုင်းမှုတိုးတက်လာအောင်လုပ်ရန်။ တခြားသော ဒီမိုကရက်တစ်အရည်အသွေးတွေ၊ အသိပညာတွေနဲ့အလေ့အကျင့်တွေ ဖွံ့ဖြိုးလာအောင်လုပ်ရန်။

၂။ ပါတီပေါင်းစုံ တွေ့ဆုံဆွေးနွေးမှုအလေ့အကျင့်ကို ဖွံ့ဖြိုးလာအောင်လုပ်ဆောင်ရန်။ MySoP ဟာ ဒီကနေ့ခေတ်မှာ ခေါင်းဆောင်ပိုင်းနေရာယူထားတဲ့ နိုင်ငံရေးသမားတွေ၊ အနာဂတ်မှာခေါင်းဆောင်ဖို့အရည်အချင်းရှိတဲ့ နိုင်ငံရေးသမားတွေ စတဲ့သူတွေကို သင်တန်းကာလအတွင်းမှာ တွေ့ဆုံနိုင်ခွင့်နဲ့ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ခွင့်ရဖို့စီစဉ်ပေးတယ်။

၃။ နိုင်ငံရေးပါတီတွေ၊ ပြည်သူ့လူ့အဖွဲ့အစည်းတွေ၊ အစိုးရအေဂျင်

စီတွေနဲ့ လက်ရှိကိုင်တွယ်နေတဲ့ ဆက်စပ်ပြဿနာတွေနဲ့ပတ်သက်ပြီး အလုပ်လုပ်နေတဲ့ မီဒီယာတွေကြားက ဖွံ့ဖြိုးတိုးတက်မှုကို ဂရုစိုက်ရန်။

ဒါ့အပြင် မြန်မာ့နိုင်ငံရေးသမားတွေရဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးလာဖို့ အတွက် MySoP ကနောက်ထပ် ထောက်ပံ့မှုတစ်ခုလုပ်ဖို့ရည်ရွယ်ခဲ့ တယ်။ အဲဒီရည်ရွယ်ချက်ကတော့ 'နိုင်ငံရေးသမားလက်စွဲ' – Becoming a better politician ဆိုတဲ့ စာအုပ်ကို မြန်မာဘာသာနဲ့ထုတ်ဝေခြင်းပဲဖြစ်တယ်။ ဒီလက်စွဲစာအုပ်ကို Max van der Stoel ဖောင်ဒေးရှင်းရဲ့ အသိဉာဏ်ဆိုင်ရာပိုင်ဆိုင်မှုဘဏ်တိုက်ထဲကနေပြီး ထုတ်ယူရေးသားထားတာဖြစ်တယ်။ FMS ကို ၂၀၁၃ ခုနှစ်မှာ Alfred Mozer ဖောင်ဒေးရှင်းနဲ့ Evert Vermeer ဖောင်ဒေးရှင်းတို့က တည်ထောင်ခဲ့တယ်။ FMS ဟာ ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆွေးနွေးညှိနှိုင်းမှုစတဲ့ နယ်ပယ်သုံးခုမှာ နိုင်ငံတကာစုစည်းညီညွတ်မှု ဆိုရှယ်ဒီမိုကရက်တစ်တန်ဖိုးတွေအတွက်လှုပ်ရှားတယ်။

မြန်မာနိုင်ငံက နိုင်ငံရေးပါတီတွေကို ထောက်ပံ့ဖို့အတွက် 'နိုင်ငံရေးသမား လက်စွဲ' စာအုပ်ကို MySoP က မြန်မာဘာသာပြန်ဖို့ ခွင့်ပြုပေးတဲ့အတွက် NIMD နဲ့ Demo Finland တို့ဟာ Max van der Stoel ဖောင်ဒေးရှင်းနဲ့ သူ့ရဲ့ဒါရိုက်တာဖြစ်တဲ့Arjen Berkvens တို့ကိုလှိုက်လှိုက်လှဲလှဲကျေးဇူးတင်ချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံက နိုင်ငံရေးပါတီတွေနဲ့ တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားတွေဟာ ဒီလက်စွဲစာအုပ်ကနေ အကျိုးကျေးဇူးရရှိမယ်လို့ မျှော်လင့်ပါတယ်။ သူတို့ရဲ့အသိပညာတွေကိုလည်း မြန်မာနိုင်ငံရဲ့ဒီမိုကရေစီ အကူးအပြောင်းကာလမှာ ကောင်းကောင်းမွန်မွန်အသုံးချနိုင်ဖို့ မျှော်လင့်ပါတယ်။

NIMD နဲ့ Demo Finland တို့ကိုယ်စား
Maaike van der Werf and Anu Juvonen

# နိဒါန်း

နိုင်ငံရေးသမားပညာဆိုတာ လက်တွေ့ကျကျအကောင်းဆုံးလေ့လာရမယ့်ပညာဖြစ်တယ်။ ဒီအချက်ဟာ နိုင်ငံရေးပါတီတွေထဲမှာ ရေပန်းစားနေတဲ့ သဘောတူညီမှုတစ်ခုဖြစ်တယ်။ နိုင်ငံရေးသမားပညာဆိုတာ အခက်အခဲတွေနဲ့ရင်ဆိုင်ပြီးမှ သင်ယူရတဲ့ပညာဖြစ်တယ်။ ဒါကြောင့် ဒီပညာအတွက်ကျောင်းမရှိဘူး။ ဒါပေမဲ့ ဘာပြင်ဆင်မှုမှမရှိဘဲနဲ့ နိုင်ငံရေးသမားတွေကို ကြမ်းတမ်းတဲ့နယ်ပယ်ထဲတွန်းပို့ဖို့ဆိုတာလည်း အဓိပ္ပါယ်မရှိဘူး။ တကယ်တော့ နိုင်ငံရေးဆိုင်ရာအရည်အသွေးတွေကို သင်ယူလို့ရနိုင်တယ်။ ဒီအတွက်နိုင်ငံရေးပါတီတွေဟာ နည်းမျိုးစုံနဲ့ဒီပညာကိုဖော်ပေးပြီး သင်ယူနေကြတယ်။ ကျွန်တော့်အမြင်မှာတော့ ပါတီရဲ့ကျွမ်းကျင်မှုဟာ ဒီလိုအရည်အသွေးတွေကိုဘယ်လောက်ထိသင်တန်းပေးဖို့ဂရုစိုက်သလဲဆိုတဲ့အပေါ်မှာ တိုက်ရိုက်ဆက်စပ်နေတယ်။ ပြင်ဆင်မှုမရှိခြင်းအတွက် ဆင်ခြေဆိုတာမရှိဘူး။ နိုင်ငံရေးပညာရပ်ဆိုတာ တခြားပညာရပ်လိုပဲ အမြဲတမ်းလေ့ကျင့်ရမယ့် လေ့ကျင့်မှုတွေရှိနေတယ်။

ဆိုရှယ်ဒီမိုကရေစီကိုထောက်ပံ့ပေးနေတဲ့ နိုင်ငံတကာဖောင်ဒေးရှင်းဖြစ်တဲ့ အဲဖရက် မိုဇာ စတစ်စတင်း Alfred Mozer Stichting ဟာ ဒီပညာရပ်ကိုသင်တန်းပေးတဲ့နေရာမှာ အတွေ့အကြုံအနှစ်နှစ်ဆယ်ရှိတယ်။ နိုင်ငံရေးပါတီတွေ၊ လူငယ်အုပ်စုတွေ၊ အမျိုးသမီးအုပ်စုတွေနဲ့ တစ်သီးပုဂ္ဂလနိုင်ငံရေးသမားတွေကို ပညာသင်ပေးတဲ့နေရာမှာလည်းအတွေ့အကြုံရင့်ကျက်တယ်။ ကျွန်တော်တို့ရဲ့ ယုံကြည်ချက်ပြည့်ဝတဲ့ လုပ်အားပေးသင်တန်းဆရာတွေဟာ ကျယ်ပြန့်တဲ့နိုင်ငံရေးအတွေ့အကြုံတွေပြည့်ဝတဲ့ (အထူးသဖြင့် ဒတ်ချ်) ကျွမ်းကျင်တဲ့ပညာရှင်တွေဖြစ်တယ်။ ကျွန်တော်တို့မှာ အေအမ်အက်စ်ဆရာပေါင်း ၈၀ ကျော်ရှိတယ်။ အဲဒီထဲကမှ အေအမ်အက်စ်ရဲ့ ယခင်ဒရိုက်တာလည်းဖြစ်တဲ့၊ အရင်ကထုတ်ဝေခဲ့တဲ့လက်စွဲစာအုပ်ရဲ့စာရေးဆရာလည်းဖြစ်တဲ့ ဘရန် ဂျန် ဗန် ဒီ ဘူးမန်း Berend Jan van de Boomen ကိုမိတ်ဆက်ပေးချင်တယ်။ သူဟာအခန်းသစ်တွေကိုရေးခဲ့တယ်။ ကျွန်တော်တို့ဟာ အခုစာအုပ်သစ်အတွက်အရင်ကလက်စွဲစာအုပ်အဟောင်းထဲကအစိတ်အပိုင်းတချို့ကိုအသုံးပြုခဲ့တယ်။ ဒီအတွက်သူ့ကိုကျေးဇူးတင်ရှိကြောင်းပြောချင်ပါတယ်။

ဒီစာအုပ်ကြောင့် နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမားတွေရဲ့စွမ်းဆောင်ရည်ကျဆင်းနေခြင်းကို ထေမိစေနိုင်တယ်။ ကျွန်တော်တို့ဟာ နိုင်ငံရေးသမားတိုင်းမှာရှိသင့်တဲ့ အရည်အသွေးတွေကိုပိုင်ဆိုင်လာနိုင်အောင်ပေးအပ်ဖို့ ကြိုးစားနေတယ်။ ဒါပေမယ့်ပြည့်စုံသွားတယ်ဆိုတာတော့ မရှိဘူး။ နောက်တစ်ချက်က စာအုပ်ထဲမှာဖော်ပြထားတဲ့အရည်အသွေးတွေဟာ နိုင်ငံတွေရဲ့ကွဲပြားခြားနားတဲ့ ထုံးတမ်းအစဉ်အလာတွေနဲ့ နိုင်ငံရေးအဆက်အစပ်အပေါ်မှာ အများကြီးမူတည်နေတယ်။ ဒါကြောင့်ဒီလက်စွဲစာအုပ်ဟာ အရသာရှိတဲ့နိုင်ငံရေးဟင်းလျာအတွက် အမြဲတမ်းအသုံးဝင်မယ့်ဟင်းခတ်တွေကို ပေးအပ်ဖို့ကြိုးစားထားတယ်။ ဒါပေမဲ့ ဘယ်လိုအခြေအနေအတွက် ဘယ်လိုဟင်းခတ်တွေကိုသုံးရမယ်ဆိုတာကတော့ သုံးစွဲသူပေါ်မှာမူတည်တယ်။ အခြေအနေတိုင်းဟာ ထူးခြားတယ်။ ဒါကြောင့်တစ်ခုတည်းသောမြေပုံဆိုတာမရှိနိုင်ဘူး။ ဒါ့အပြင်ကျွန်တော်တို့တစ်ခါမှမကြားဖူးတဲ့ဟင်းခတ်တွေရှိနေတယ်ဆိုတာကိုလည်း ဘေးဖယ်ထုတ်ထားလို့မရဘူး။ ဒါမှမဟုတ်နိုင်ငံရေးနယ်ပယ်ထဲမှာ တစ်ခါမှမသုံးဖူးတဲ့နည်းစနစ်တွေရှိနေသေးတယ်ဆိုတာကိုလည်း မေ့ထားလို့မရဘူး။ အဲသလိုတိမ်မြုပ်နေတဲ့နည်းစနစ်တွေကို အနာဂတ်မှာအသုံးပြုလာနိုင်တယ်။ ဒါပေမဲ့ အခုကျွန်တော်တို့ရဲ့လက်စွဲစာအုပ်ဟာ လူတိုင်းကိုတစ်ခုပေးဖို့အတွက် ရည်ရွယ်ထားတယ်။ ခင်ဗျားတို့ဟာ ဒေါ်လာသန်းနဲ့ချီပြီးကုန်ကျတဲ့ ကမ်ပိန်းတွေကိုပဲလုပ်လုပ်၊ ဒါမှမဟုတ် အနိမ့်ဆုံးဘတ်ဂျက်နဲ့ပဲလုပ်လုပ်၊ ဒီလက်စွဲ စာအုပ်ထဲပါတဲ့အချက်အလက်တွေဟာ လူတိုင်းအတွက်အခွင့်အရေးတွေရရှိလာဖို့လမ်းပွင့်သွားစေနိုင်တယ်။ ကံကောင်းပါစေ။

**အာဂျန် ဘာ့ခ်ဗန်စ်၊ အေအမ်အက်စ် ဒါရိုက်တာ**
**Arjen Berkvens, AMS director**

# အခန်း - ၁

## မဟာဗျူဟာ

မြင့်မားတဲ့ရည်ရွယ်ချက်တွေ၊ စံနှုန်းတွေဟာ လိုအပ်တဲ့အရာတွေ၊ ချီးမွမ်းထိုက်တဲ့အရာတွေဖြစ်တယ်။ ဒါပေမယ့် အရေးကြီးဆုံးအရာကတော့ အဆုံးသတ်မှာ ခင်ဗျားတို့ရရှိတဲ့ရလဒ်ပဲဖြစ်တယ်။ နိုင်ငံရေးဆိုတာ သတ်မှတ်ထားတဲ့ပန်းတိုင်တွေကို ရရှိအောင်မြင်ဖို့အတွက် မဟာဗျူဟာတွေ ပြင်ဆင်ပြီး အကောင်အထည်ဖော်ခြင်းပဲဖြစ်တယ်။ ဒါဆိုရင် မဟာဗျူဟာဆိုတာဘာလဲ။ နိုင်ငံရေးဆိုတာသတ်မှတ်ထားတဲ့ ပန်းတိုင်ကို ရရှိအောင်မြင်တဲ့နည်းလမ်းပဲဖြစ်တယ်။ ဘယ်လိုပန်းတိုင်တွေကို ရရှိအောင်မြင်အောင်ဆောင်ရွက်ရမယ်ဆိုတာကို အချိန်ယူပြီး ဆုံးဖြတ်ချက်ချရတယ်။ အဲသလို ဆုံးဖြတ်ချက်ချဖို့ နိုင်ငံရေးစကားစစ်ထိုးမှုက အာရုံစိုက်တယ်။ မဟာဗျူဟာဆိုတာ သတ်မှတ်ထားတဲ့ ပန်းတိုင်ကိုရရှိအောင်မြင်ဖို့ ခင်ဗျားတို့ကြိုးစားကြတဲ့နည်းလမ်းပဲဖြစ်တယ်။ အဆုံးမှာတော့ မဲပေးသူတွေဟာ ပါတီတွေနဲ့ နိုင်ငံရေးသမားတွေကို သူတို့ရတဲ့ရလဒ်တွေအပေါ်ကြည့်ပြီး ဆုံးဖြတ်ကြတယ်။ အဲဒီပါတီတွေနဲ့ နိုင်ငံရေးသမားတွေပေးခဲ့တဲ့ ကတိတွေကိုကြည့်ပြီး မဲပေးသူတွေက ဆုံးဖြတ်ကြတာမဟုတ်ဘူး။ ပန်းတိုင်ကိုရောက်အောင်ညွှန်ပြပေးတဲ့နည်းလမ်းတွေအကြောင်း စကားပြိုင်လုကြတာ၊ စဉ်းစားကြတာဟာ ပန်းတိုင်တွေရဲ့သဘောသဘာဝလိုပဲအရေးကြီးတယ်။ ဒါကြောင့်ကောင်းမွန်သပ်ရပ်တဲ့ မဟာဗျူဟာကိုပုံဖော်ချင်တယ်ဆိုရင်ပထမဆုံး ခင်ဗျားတို့ရဲ့ ပန်းတိုင်ကိုအရင်ဆုံးသတ်မှတ်ဖို့လိုလိမ့်မယ်။ ခင်ဗျားတို့ချမှတ်မယ့် ပန်းတိုင်တွေဟာ အောက်မှာပါတဲ့အချက်လေးချက်နဲ့ ကိုက်ညီဖို့လိုတယ်။



ခိုင်လုံမှု – ကိုယ့်ရဲ့ပန်းတိုင်ဟာ ခိုင်လုံမှုရှိလေလေ၊ စွမ်းဆောင်ရည်ရှိတဲ့ကူညီသူတွေဟာပိုပြီးစိတ်အားထက်ထက်သန်သန်နဲ့ ကူညီကြလိမ့်မယ်။

တိုင်းတာနိုင်စွမ်းရှိခြင်း – တကယ်လို့ ပန်းတိုင်ကို တိုင်းတာနိုင်စွမ်းမရှိရင် (ဥပမာ – လေးနှစ်အတွင်းမှာ ဆင်းရဲသား ၅၀ % ကိုလျှော့ချခြင်း)၊ အဲဒီပန်းတိုင်ကို ရရှိအောင်မြင်ဖို့ ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလားဆိုတာ၊ ဒါမှမဟုတ် အဲဒီပန်းတိုင်ကိုပြင်ဆင်သင့်သလား၊ မသင့်ဘူးလား ဆိုတာကို ဘယ်တော့မှ သတ်မှတ်နိုင်မှာမဟုတ်ဘူး။ ပါတီကိုယ်နှိုက်က သူ့ရဲ့ပန်းတိုင်ကို မသတ်မှတ်နိုင်ဘူးဆိုရင်၊ အဲဒီပန်းတိုင်အတွက် ချမှတ်ထားတဲ့ အစီအစဉ်တွေဟာ ဘယ်လိုဘယ်ပုံလက်တွေ့ကျတယ်ဆိုတာကို သိနိုင်မှာမဟုတ်ဘူး။ အရေးကြီးတဲ့နောက်ထပ်တစ်ချက်က အဲဒီပါတီဟာ ဘယ်တော့မှ အငြင်းပွားစရာမလိုတဲ့ အောင်မြင်မှုကိုတောင်းဆိုနိုင်မှာ မဟုတ်ဘူး။

ဖြစ်နိုင်ခြေရှိမှု – ပန်းတိုင်တွေဟာ တစ်ခါတစ်ရံမှာ အမြော်အမြင်ရှိတဲ့ ပန်းတိုင်တွေဖြစ်သင့်တယ်။ ဒါပေမယ့် ဖြစ်နိုင်ခြေရှိတဲ့ကာလအတွင်းမှာ အဲဒီပန်းတိုင်တွေကို ရရှိဖို့ လက်တွေ့ကျတဲ့အခွင့်အရေးမရှိဘူးဆိုရင်၊ လူတွေဟာ ခင်ဗျားတို့ကို ကျောခိုင်းသွားကြလိမ့်မယ်။

စိတ်ကူးဉာဏ်ကွန်မြူးစေတဲ့တန်ဖိုး – လူတွေဟာ စိတ်ဓာတ်တက်ကြွမှု မရှိဘူးဆိုရင် (နိုင်ငံရေး) အစီအစဉ်တွေရဲ့နောက်မှာ ရောက်နေကြမှာမဟုတ်ဘူး။ အောင်မြင်မှုရဖို့အတွက်

ခရီးလမ်းဟာ သိပ်ကိုရှည်လျားပြီး စိုးရိမ်သောကတွေနဲ့စိတ်ညစ်စရာတွေနဲ့ ပြည့်နှက်နေတယ်။ ခင်ဗျားတို့ကိုယ်ကိုယ်ခင်ဗျားတို့ ယုံကြည်ချက်ရှိနေဖို့ တစ်ခုတည်းသောအချက်ကတော့ 'မြင့်မားတဲ့' ပန်းတိုင်က ခင်ဗျားတို့ကို စိတ်ကူးညဏ်ကွန့်မြူးစေခြင်း၊ စိတ်ဓာတ်တက်ကြွအောင်လုပ်ခြင်းပဲဖြစ်တယ်။ ဒါကြောင့် သိပ်ကိုနိမ့်ပါးတဲ့ ရည်မှန်းချက်တွေချမှတ်တာ (ဥပမာ – အမျိုးသမီးတစ်ယောက်ပဲ ပါလီမန်ထဲရောက်သွားရင်တောင် ကျုပ်တို့ကျေနပ်ပါပြီဆိုတဲ့) နိမ့်ပါးတဲ့ ရည်မှန်းချက်မျိုးချမှတ်တာဟာ သိပ်ကောင်းတဲ့အတွေးမဟုတ်ဘူး။ သင့်တော်တဲ့နိုင်ငံရေးပန်းတိုင်ဟာ စိတ်ကူးညဏ်ကွန့်မြူးစေတဲ့တန်ဖိုးနဲ့ ဖြစ်နိုင်ခြေရှိမှုကြားမှာရှိနေဖို့လိုတယ်။

## ကမ်ပိန်းမဟာဗျူဟာ

မဟာဗျူဟာဆိုတာ ခင်ဗျားတို့လိုချင်တဲ့ပန်းတိုင်ကို ရရှိအောင်မြင်စေတဲ့နည်းလမ်းပဲဖြစ်တယ်။ ခင်ဗျားတို့ပုံဖော်ထားတဲ့ မဟာဗျူဟာမျိုးဟာ လူ့အဖွဲ့အစည်းထဲကခင်ဗျားတို့ရဲ့ ပါတီအနေအထားအပေါ်အများကြီးမူတည်နေတယ်။ တိကျတဲ့အနေအထားတစ်ခုကို သတ်မှတ်ဖို့အတွက် ခင်ဗျားတို့သုတေသနလုပ်ဖို့လိုတယ်။ ပါတီနဲ့ ပတ်သက်ပြီး မဲပေးသူတွေက ဘယ်လိုထင်ကြသလဲ၊ ပါတီခေါင်းဆောင်ကိုရော မဲပေးသူတွေက ဘယ်လိုထင်မြင်ကြသလဲ၊ ခင်ဗျားတို့ရဲ့အစီအစဉ်နဲ့ပတ်သက်ပြီး အဲဒီလူတွေဘာတွေသိထားကြသလဲ။ ပြီးတဲ့အခါမှာ အဲဒီအစီအစဉ်ကို သူတို့ဘယ်လိုသဘောထားကြသလဲ ခင်ဗျားတို့ပါတီဟာ မဲပေးသူတွေရဲ့ မဲနဲ့ထိုက်တန်မှုရှိရဲ့လားလို့ မဲပေးသူတွေတွေးကြရဲ့လား။ ရွေးကောက်ပွဲအောင်မြင်မှုအတွက် အဓိကသောချက်ကဘာလဲဆိုတဲ့မေးခွန်းတွေအတွက် ခင်ဗျားတို့သုတေသနလုပ်ဖို့လိုတယ်။ ကမ်ပိန်းဆင်နွှဲနေတဲ့အချိန်မှာ မဟာဗျူဟာပုံဖော်မှုဟာ သိပ်ကို



အရေးကြီးတယ်။ နိုင်ငံရေးပါတီတွေဟာ မကြာခဏဆိုသလို ဒီတာဝန်နဲ့ပတ်သက်ပြီး မဟာဗျူဟာတွေအများကြီးချမှတ်ကြတယ်။ အဲဒီမဟာဗျူဟာတွေဟာ ကမ်ပိန်းနောက်ကွယ်မှာရှိတဲ့ အရေးကြီးတဲ့အရာတွေပဲဖြစ်တယ်။ ဒါ့အပြင် သုတေသနသမားတွေနဲ့လည်း ဒီမဟာဗျူဟာတွေက ကျစ်ကျစ်လစ်လစ်ပူးပေါင်းအလုပ်လုပ်နေကြတယ်။ မဟာဗျူဟာပညာရှင်တွေဟာ သုတေသနမေးခွန်းတွေကို ထုတ်ဖော်ပေးတယ်။ ပြီးတဲ့အခါမှာမဟာဗျူဟာအောင်မြင်ဖို့အတွက် သုတေသနပြုရာကရလာတဲ့ ရလဒ်တွေကိုပြန်ပြီး အသုံးချကြတယ်။ သုတေသနရလဒ်တွေဟာ အခြေအနေကိုပြောင်းလဲဖို့အတွက် မဟာဗျူဟာနဲ့ လိုက်လျောညီထွေဖြစ်ဖို့တော့လိုတယ်။

**စီစဉ်ထားသလိုဖြစ်မလာဘူးဆိုရင်၊ ခင်ဗျားတို့ရဲ့ မဟာဗျူဟာကို ညှိယူနိုင်ဖို့၊ အမြဲတမ်းသဘောထားပျော့ပျောင်းဖို့၊ ညှိယူဖို့စိတ်အားထက်သန်နေရမယ်။ 'ရွှေ့လျားနေတဲ့ ပစ်မှတ်ဖြစ်ပါစေ။'**

ဒီအခန်းမှာ ကမ်ပိန်းရည်ရွယ်ချက်၊ ခေါင်းဆောင်မှု၊ နည်းဗျူဟာ/နည်းလမ်း၊ သတင်းစကား၊ အဓိကပြဿနာများနဲ့ ပစ်မှတ်အုပ်စုများဆိုတဲ့ ရွေးကောက်ပွဲဆိုင်ရာ ကမ်ပိန်းတွေအတွက်လိုအပ်တဲ့ မဟာဗျူဟာပုံဖော်မှုအယူအဆတွေကို ဆက်ပြီး ဆွေးနွေးသွားမယ်။

## ကမ်ပိန်းရည်ရွယ်ချက်

ထိရောက်တဲ့ကမ်ပိန်းမဟာဗျူဟာပုံဖော်ဖို့အတွက် ခင်ဗျားတို့မှာ ရှင်းလင်းပြတ်သားတဲ့ ပန်းတိုင်ရှိဖို့လိုတယ်။ ကျွန်တော်တို့ရှေ့မှာ ရှင်းလင်းပြခဲ့တဲ့အတိုင်းပဲ၊ ကျွန်တော်တို့ရဲ့ပန်းတိုင်ဟာ ခိုင်လုံမှု၊ တိုင်းတာနိုင်စွမ်းရှိခြင်း၊ စိတ်ကူးညဏ်ကွန့်မြူးစေခြင်းဆိုတဲ့ အချက်လေးချက်နဲ့ ပြည့်စုံဖို့လိုတယ်။ တကယ်လို့ ပန်းတိုင်ဟာ ခိုင်လုံမှုမရှိဘူး၊ တိုင်းတာနိုင်စွမ်းမရှိဘူး

ဆိုရင်၊ ရွေးကောက်ပွဲဟာ ဘာမှမဟုတ်တော့ဘူး။ ဒါပေမယ့် ရွေးကောက်ပွဲကမ်ပိန်းမဟာဗျူဟာမှာ နိုင်ငံရေးအခင်းအကျင်းထဲက ပါတီရဲ့ အနေအထား၊ နိုင်ငံရေးအခြေအနေထဲက ဖြစ်နိုင်ခြေပေါ်မူတည်ပြီး ကျယ်ပြန့်များပြားတဲ့ ပန်းတိုင်တွေရှိနိုင်တယ်။ ဖြစ်နိုင်ခြေရှိတဲ့ ကမ်ပိန်းပန်းတိုင်တွေကိုပြရရင်

- အကြီးဆုံးပါတီဖြစ်ရန်
- မျှော်လင့်ထားတဲ့ရွေးကောက်ပွဲအရှုံးတွေကို လျှော့ချရန်
- အစိုးရအဖွဲ့ထဲဝင်ရန် (ဒေသဆိုင်ရာ၊ နိုင်ငံတော်အဆင့်)
- သမ္မတဖြစ်ရန်

တို့ပဲဖြစ်တယ်။

## ခေါင်းဆောင်မှု

ခေါင်းဆောင်တစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ ကမ်ပိန်းဖော်ဆောင်တဲ့အခါမှာ သိပ်ကိုအရေးကြီးတယ်။ ကမ်ပိန်းပန်းတိုင်၊ မဟာဗျူဟာ၊ သတင်းစကား၊ ခင်ဗျားတို့ရဲ့ကမ်ပိန်းစတိုင်၊ ခင်ဗျားတို့ပစ်မှတ်ထားတဲ့မီဒီယာ၊ ခင်ဗျားတို့တင်တဲ့ပုံရိပ်၊ ခင်ဗျားတို့ပစ်မှတ်ထားတင်ပြဖို့ကြိုးစားနေတဲ့ မဲပေးသူစတာတွေအားလုံးဟာ ခေါင်းဆောင်ရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့အပြန်အလှန်ဆက်စပ်နေတယ်။ ဒါ့အပြင်ခေါင်းဆောင်တိုင်းဟာ ရှေ့နောက်ညီညွတ်မှု၊ မှီခိုနိုင်မှု၊ ပြတ်သားမှုစတဲ့အရည်အသွေးတွေကိုပါပြသနိုင်ရမယ်။ အမေရိကန် သမ္မတရွေးကောက်ပွဲမှာ ဂျွန်ကယ်ရီ – John Kerry ဟာသူ့ရဲ့ရှေ့နောက်ကျိုးကြောင်းမညီညွတ်မှုကြောင့် ဂျော့ချ် ဘုရှ် – George Bush ကိုကပ်ပြီး ရှုံးနိမ့်ခဲ့ရတယ်။ ဘုရှ်ဟာ ကယ်ရီကိုပြိုင်ဘက်ပါတီဆီကူးပြောင်းသွားသူဖြစ်အောင်လုပ်ခဲ့တယ်။ ကိုယ့်ရဲ့ထင်မြင်ယူဆချက်အမြဲတမ်းပြောင်းလဲနေတဲ့ မှီခိုလို့မရတဲ့ လွတ်တော်ကိုယ်စားလှယ်ဖြစ်သွားခဲ့ပြီး ကယ်ရီကိုရှုံးနိမ့်သွားစေခဲ့တယ်။

ခေါင်းဆောင်တွေဟာ ကိုယ့်ရဲ့ပုဂ္ဂလိကအမြင်တွေ၊ ဒါမှမဟုတ် ရိုးသားမှုတမှုတွေကို အပေးအယူမလုပ်ဘဲ ကိုယ့်ရဲ့ပန်းတိုင်တွေကို ရရှိအောင်မြင်ဖို့ အဆုံးစွန်ဆန္ဒရှိနေဖို့လိုတယ်။ ခေါင်းဆောင်တွေရဲ့ စွမ်းအား



ကို အသုံးချရမယ်။ သူတို့ရဲ့အားနည်းချက်တွေကို ဖော်ထုတ်ရမယ်။ ဖြစ်နိုင်ရင် အဲဒီအားနည်းချက်တွေကို အပေါင်းလက္ခဏာဆောင်လာအောင် ပြုပြင်ရမယ်။ ကိုယ့်ရဲ့ကိုယ်ရည်ကိုယ်သွေးနဲ့ဆန့်ကျင်တဲ့အရာတွေကို ခေါင်းဆောင်တွေမလုပ်သင့်ဘူး။ ဒါတွေကိုလုပ်ခြင်းအားဖြင့်ဘာအကျိုးမှလည်းမရှိဘူး။ အရည်အသွေးတက်လာအောင်လေ့ကျင့်ပေးရမယ်။ ပြီးပြည့်စုံလာအောင် ထပ်ကာထပ်ကာလေ့ကျင့်ရမယ်။ (ဥပမာ မျက်နှာအသားအရည်ညိုစိမ့်လာအောင် နေ့စဉ်ဂရုတစိုက်လုပ်ပါဆိုတဲ့) အသေးအဖွဲ့ကိစ္စကလေးတွေကို ဂရုစိုက်ခြင်းအားဖြင့် အပြောင်းအလဲတွေဟာ ထိရောက်ကောင်းမွန်မှုတွေဖြစ်လာနိုင်တယ်။ ဒါပေမယ့် အရည်အသွေးတွေ၊ စရိုက်တွေနဲ့ ကိုယ်ရည်ကိုယ်သွေးတွေဟာ မွေးရာပါအရည်အသွေးတွေဖြစ်တယ်။ အဲဒီအရည် အသွေးတွေဟာ ခင်ဗျားတို့ရဲ့ ပင်ကိုစရိုက်လက္ခဏာကိုဖော်ပြနေတယ်။ ဂျော့ချ် ဘုရှ်ဟာ ဆက်ဆံရေးမှာ ညံ့ဖျင်းတယ်။ ဒါပေမယ့် လူတွေကသူ့ကို 'လမ်းပေါ်ကလူလို' စကားပြောတယ်ဆိုပြီး ယူဆသွားတဲ့အခါမှာ သူ့ရဲ့ညံ့ဖျင်းတဲ့ဆက်ဆံရေးဟာ စွမ်းအားတစ်ရပ်ဖြစ်သွားတယ်။ ၂၀၀၂ ခုနှစ်မှာ PvdA ဟာ ဝေါက်တာ ဗို့စ် – Wouter Bos ကိုခေါင်းဆောင်တင်ပြီး ဒုတိယရွေးကောက်ပွဲမှာ ဝင်ပြိုင်တယ်။ တကယ်တော့ ဗို့စ်ဟာ နိုင်ငံရေးနဲ့ပတ်သက်ရင် အတွေ့အကြုံနုတယ်။ ဒါပေမယ့်ပြည်သူတွေဟာ အဲဒီအချိန်တုန်းက နိုင်ငံရေးဒိုင်နိုဆောကြီးတွေကိုမလိုဘဲ ခေါင်းဆောင်သစ်တွေကိုတောင့်တနေတဲ့အချိန်ပဲ။ ဒါကြောင့် ဗို့စ်ရဲ့နိုင်ငံရေးအတွေ့အကြုံနုနယ်မှုဟာ စွမ်းအားတစ်ရပ်ဖြစ်သွားခဲ့တယ်။ အဲသလိုပဲ ခရစ်ယာန် ဒီမိုကရက်တစ်ခေါင်းဆောင် ဂျန် ပီတာ ဘယ်လ်ကန်နန် – Jan Peter Balkenende ဟာ ပြောဆိုဆက်ဆံရေးမှာ ကောင်းကောင်းမွန်မွန်မပြုမူတတ်ဘူး။ ဒါပေမယ့် အဲသလိုအားနည်းချက်ကိုပဲ မဲပေးသူတွေက စစ်မှန်မဲ၊ ရိုးသားမှုပုံရိပ်အဖြစ်စွဲမှတ်သွားလို့ ဘယ်လ်ကန်နန်ရဲ့ အားနည်းချက်ဟာ အားသာချက်ဖြစ်ခဲ့တယ်။

အခုပြောခဲ့သလို အမြင်ပြောင်းလဲမှုတွေရဖို့အတွက် ကမ်ပိန်းအဖွဲ့ဟာ အလုပ်ကြိုးစားဖို့လိုတယ်။ ခင်ဗျားတို့ဟာ ဘယ်အရာကိုမှအလကား

မရဘူး။ ဒါကြောင့်ခေါင်းဆောင်ဟာ အမှန်ပြောဖို့ ခေါင်းမရှောင်တဲ့ ရိုးသားတဲ့ အကြံပေးသူဖြစ်ဖို့အရေးကြီးတယ်။ ပါတီနဲ့တိုက်ရိုက်ပတ်သက်မှုမရှိတဲ့ ကမ်ပိန်းအကြံပေးသူငှားတာဟာလည်း အကြံကောင်းတစ်ခုဖြစ်တယ်။ အဲသလိုကမ်ပိန်းအကြံပေးသူငှားလိုက်တာကြောင့် ကမ်ပိန်းနဲ့ပတ်သက်တဲ့အလုပ်တွေကို ခေါင်းဆောင်အပေါ်မှီခိုစရာမလိုတော့မှာ ဖြစ်တယ်။

နိုင်ငံရေးခေါင်းဆောင်တွေမှာ အမြဲတမ်းလိုလို (အထူးသဖြင့် ကမ်ပိန်းလုပ်နေတဲ့အချိန်အတွင်းမှာ) ကြီးမားတဲ့ဖိအားတွေရှိနေတယ်။ ဒ့ါအပြင် သူတို့ဟာ အလုပ်ကိုလည်း အတော်ကြီးကြိုးစားရုန်းကန်လုပ်နေကြရတယ်။ တစ်ချိန်တည်းမှာပဲ မီဒီယာမှာ ပုံရိပ်ကောင်းကောင်းထင်ဖို့အတွက်လည်း လန်းဆန်းနေအောင်လုပ်ကြရတယ်။ မဲပေးသူတွေနဲ့လည်း အလိုက်သင့် ဆက်ဆံကြရတယ်။ လူထုအစည်းအဝေးတွေမှာလည်း ပါဝင်ကြရတယ်။ ခေါင်းဆောင်တွေအဲသလိုအလုပ်တွေလုပ်နိုင်ဖို့အတွက် တာဝန်တွေကို ကမ်ပိန်းအဖွဲ့ကယူရတယ်။ အဲသလိုတာဝန်ဟာ အဓိကကျတဲ့တာဝန်ဖြစ်တယ်။ ကမ်ပိန်းအဖွဲ့ဟာ ခေါင်းဆောင်တွေလှုပ်ရှားနိုင်မယ့် သင့်တော်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးရမယ်။ ဒါကိုကြည့်ရင် ကောင်းကောင်းမွန်မွန်အိပ်စက်ခြင်း၊ အနားယူဖြင်း၊ စားသောက်ခြင်းဟာလည်း ကောင်းမွန်တဲ့ သတင်းစကားဖြန့်ချိမှုလိုပဲ ကမ်ပိန်းကောင်းတစ်ခုဖြစ်လာဖို့အရေးကြီးတယ်။ ခေါင်းဆောင်တွေဟာ သူတို့အဖွဲ့ကို လုံးဝယုံကြည်စိတ်ချထားဖို့လိုတယ်။ အဲသလိုယုံကြည်စိတ်ချထားမှသာ ကမ်ပိန်းနဲ့ပတ်သက်တဲ့ နေ့စဉ်လုပ်ငန်းဆောင်တာအသေးစိတ်တွေကို လှည့်ကြည့်စရာမလိုဘဲ ကိုယ့်ရဲ့ပန်းတိုင်ကိုပဲ သေသေချာချာအာရုံစိုက်နိုင်မှာဖြစ်တယ်။ အရေးကြီးတဲ့သတင်းအချက်အလက်တွေလောက်ပဲ ခေါင်းဆောင်ဆီကိုတက်လာဖို့လိုတယ်။ ၂၀၀၇ ဒတ်ချ်ရွေးကောက်ပွဲအတွင်းမှာ ဝန်ကြီးချုပ် ဂျန် ပီတာ ဘယ်လ်ကန်နန်ဟာ သူ့ရဲ့ကားထဲကနေမထွက်ခင်အထိသူ့ရဲ့ တစ်နေ့တာအစီအစဉ်တွေကို မသိခဲ့ရဘူး။



## နည်းဗျူဟာများ / နည်းလမ်းများ

ခင်ဗျားတို့ရဲ့ကမ်ပိန်းအစမှာ နည်းဗျူဟာတွေအကြောင်းကိုစပြီး မတွေးပါနဲ့။ ကျွန်တော်တို့နည်းဗျူဟာတွေအကြောင်းပြောကြတယ်ဆိုတဲ့အဓိပ္ပါယ်ကတော့၊ ကမ်ပိန်းဖော်ဆောင်နေတဲ့ကာလအတွင်းမှာ သုံးစွဲနေကြတဲ့ ကိရိယာတန်ဆာပလာတွေအကြောင်းပဲဖြစ်တယ်။ အဲဒီကိရိယာတန်ဆာပလာတွေဟာ မဟာဗျူဟာအချုပ်ရဲ့တိုက်ရိုက်အကျိုးဆက်တွေပဲဖြစ်တယ်။ ဆွီဒင်လူမျိုး ကမ်ပိန်းမဟာဗျူဟာပညာရှင် ဗို ခရိုဗစ်ခ် – Bo Krogvik က 'ရောင်စုံပိုစတာတွေနဲ့စတဲ့ ကမ်ပိန်းတွေဟာ ကျဆုံးသွားလိမ့်မယ်။' လို့ဆိုတယ်။ ခင်ဗျားတို့ချမှတ်လိုက်တဲ့ နည်းဗျူဟာဆိုင်ရာ ရွေးချယ်မှုတွေဟာ ခင်ဗျားတို့ရဲ့ မဟာဗျူဟာနဲ့ကျိုးကြောင်းညီညွတ်မှုရှိသင့်တယ်။ ဥပမာ အခကြေးငွေပေးပြီး လူထုကြားပျံ့နှံ့အောင်လုပ်တဲ့ ကိစ္စကိုကြည့်ကြရအောင်၊ ခင်ဗျားတို့ဟာခင်ဗျားတို့ရဲ့ ပြိုင်ဘက်တွေကို တီဗွီကနေ၊ ရေဒီယိုကနေ ရှုတ်ချတိုက်ခိုက်မလား၊ ဒါမှမဟုတ် ခင်ဗျားတို့ရဲ့ကိုယ်ပိုင်အမြင်တွေကို အပေါင်းလက္ခဏာဆန်ဆန်တင်ပြမလား။ ခင်ဗျားတို့ရဲ့ပိုစတာတွေကို တစ်မြို့လုံးလိုက်ကပ်မလား၊ ဒါမှမဟုတ် တစ်အိမ်တက်တစ်အိမ်ဆင်းမဲဆွယ်မလား။ ခင်ဗျားတို့က အခကြေးငွေပေးပြီးခိုင်းတဲ့လူထုလှုပ်ရှားမှုကို အဓိကမှီခိုမလား၊ အခကြေးငွေပေးစရာမလိုဘဲ လူထုကြားပျံ့နှံ့အောင်လုပ်မလား စတဲ့ခင်ဗျားတို့ရွေးချယ်ဖို့အတွက် အောက်မှာပါတဲ့အချက်တွေကိုလည်း ထည့်သွင်းစဉ်းစားရမယ်။

– ငွေကြေး။ ကမ်ပိန်းဘဏ္ဍာငွေလိုတယ်။ ကြော်ငြာရိုက်ကူးထုတ်လုပ်မှုဟာ သိပ်ကိုငွေကုန်ကြေးကျများတယ်။ ဘဏ္ဍာငွေနည်းလေ၊ ခင်ဗျားတို့ပိုပြီးတီထွင်ကြံဆဖို့လိုတယ်။ ပရိသတ်အာရုံစိုက်လာအောင်လုပ်တဲ့အစီအစဉ်တွေ၊ ဒါမှမဟုတ် စိတ်ဝင်စားဖို့ကောင်းတဲ့ပြကွက်တွေဟာ မီဒီယာရဲ့အာရုံ (အခကြေးငွေမပေးရတဲ့ လူထုကြားပျံ့နှံ့မှု) ကိုဖမ်းစားနိုင်တယ်။

– လုပ်အားပေးများ။ လုပ်အားပေးတဲ့သူတွေများလေလေ၊ ခင်ဗျားတို့

ရဲ့ကမ်ပိန်းဟာ မဲပေးမယ့် မဲပေးသူတစ်ယောက်စီတိုင်းနဲ့ ထိတွေ့နိုင်လိမ့်မယ်။ (လမ်းပေါ်မှာ မဲဆွယ်တဲ့ပုံစံ)

– နိုင်ငံရေးယဉ်ကျေးမှု။ အမေရိကားနဲ့ဗြိတိန်မှာ ရွေးကောက်ပွဲအတွင်း ကိုယ့်ရဲ့ပြိုင်ဘက်ကိုတိုက်ခိုက်ကြတာသဘာဝပဲ။ အဲသလိုအနုတ်သဘောဆောင်တဲ့ကမ်ပိန်းလုပ်ဆောင်ချက်တွေကို တခြားသောနိုင်ငံတွေမှာလည်းတွေ့နိုင်တယ်။

– မေးစရာနောက်ထပ်မေးခွန်းတစ်ခုက မီဒီယာဟာ ဘယ်လောက်အထိလွတ်လပ်သလဲဆိုတဲ့အချက်ပဲ။ ခင်ဗျားတို့ရဲ့ပါတီဟာ မီဒီယာတစ်ခုခုနဲ့ချိတ်ဆက်နိုင်ရဲ့လား။

– ကျန်ခဲ့တဲ့ဆယ်စုနှစ်တွေတုန်းက မဲပေးသူအများစုဟာ ပိုပိုပြီးတက်ကြွပါဝင်လာကြတယ်။ တစ်လမ်းသွားဆက်ဆံရေးဟာ ဟိုအရင်တုန်းကပုံစံဖြစ်တယ်။ ဒါကိုကြည့်ရင်မီဒီယာတစ်ခုတည်းနဲ့မလုံလောက်ဘူးဆိုတာကိုတွေ့ရမယ်။ မဲပေးသူတွေနဲ့တိုက်ရိုက်ထိတွေ့ခြင်းဟာ သိပ်ကိုအရေးပါလာတယ်။ မဲပေးသူနဲ့တိုက်ရိုက်ထိတွေ့မှုကို အင်တာနက်ဝက်ဘ်ဆိုဒ်တွေကနေပါလုပ်ဆောင်လို့ရတယ်။

– ခင်ဗျားတို့ရဲ့ခေါင်းဆောင်၊ ခင်ဗျားတို့ပေးချင်တဲ့သတင်းစကားတွေနဲ့ ဘယ်လိုနည်းဗျူဟာကအသင့်တော်ဆုံးလဲ၊ ခင်ဗျားတို့အသုံးပြုနေတဲ့ မီဒီယာဟာ ခင်ဗျားတို့ခေါင်းဆောင်ရဲ့ပုံရိပ်ကိုလည်း ထုတ်လွှင့်နေတယ်။ ဥပမာ သူဟာ မီဒီယာအသစ်တွေကို အသုံးပြုပြီး သူ့ကိုယ်သူခေတ်သစ်ခေါင်းဆောင်တစ်ယောက်ဖြစ်လာအောင်လုပ်နိုင်တယ်။ ကောင်းမွန်သပ်ရပ်တဲ့ကမ်ပိန်းတစ်ခုမှာ သတင်းစကားတွေနဲ့ကြားခံမီဒီယာဟာ တစ်ခုနဲ့တစ်ခုချိတ်ဆက်နေတယ်။



## အဓိကကျသော သတင်းစကား

အဓိကကျတဲ့သတင်းစကားဟာ ကမ်ပိန်းတစ်ခုရဲ့နှလုံးသား ဗဟိုချက်ဖြစ်တယ်။ အဓိကကျတဲ့သတင်းစကားမှာ စကားလုံး ၅၀ ကနေ ၁၀၀ အထိပါပြီး ပါတီရဲ့ရပ်တည်ချက်ကို တိတိကျကျဖော်ပြထားတယ်။ အဲသလိုအဓိကကျတဲ့သတင်းစကားသာလျှင် မဲပေးမယ့်စွမ်းရည်ပြည့်မဲပေးသူဆီရောက်အောင် ခင်ဗျားတို့ပေးချင်တဲ့သတင်းစကားဖြစ်တယ်။ အဲဒီသတင်းစကားကို ထပ်ကာထပ်ကာပေးနေရမှာဖြစ်တယ်။ အဲဒီအဓိကကျတဲ့သတင်းစကားကို ခင်ဗျားတို့က မဲပေးမယ့်သူတွေဆီကို ပို့ဆောင်တဲ့အခါမှာ၊ အရေးကြီးတဲ့ပန်းတိုင်တစ်ခုကိုရရှိအောင်မြင်လိုက်တာဖြစ်တယ်။ အကြောင်းကတော့ အဲဒီအဓိကကျတဲ့သတင်းစကားကြောင့် ပါတီရဲ့သဘောပေါက်ရှင်းလင်းတဲ့ပုံရိပ်ကို ပေးလိုက်နိုင်တာကြောင့်ပဲ။ ဒါကြောင့်အဓိကကျတဲ့သတင်းစကားကို ရွေးကောက်ပွဲကမ်ပိန်းတစ်လျှောက်လုံးမှာ ပါတီဝင်ပြိုင်တဲ့နယ်ပယ်အားလုံးမှာ ထပ်ကာထပ်ကာပို့ပေးနေရမယ်။ အဲသလိုလုပ်ခြင်းကြောင့် ကမ်ပိန်းရဲ့အသွေးအရောင်ပိုတက်လာတယ်။

အဓိကကျတဲ့သတင်းစကားမှာ အခြေခံအားဖြင့် ပြဿနာ၊ အဖြေနဲ့ ဦးတည်ချက်ဆိုတဲ့အကြောင်းသုံးခုပါဝင်နေတယ်။

## အဓိကကျသော သတင်းစကား ဥပမာ

ကျွန်တော်တို့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးကို တိုးတက်ခိုင်မာစေချင်ကြတယ်။ လူတိုင်းဟာ ဘဝရဲ့တိုးတက်လာတဲ့ အရည်အသွေးနဲ့တိုးပွားလာတဲ့ ဥစ္စာဓနတွေကိုဝေမျှယူနိုင်ဖို့လိုတယ်။ ကျွန်တော်တို့ဟာ အရည်အသွေးပိုမိုလာတဲ့လူတွေကို အကျိုးအမြတ်ရစေချင်တယ်။ အလုပ်အကိုင်ရစေချင်တယ်။ သင့်တင့်တဲ့အခွန်အကောက်စနစ်ရှိစေချင်တယ်။ ကျွန်တော်တို့ရဲ့ကလေးတွေအတွက် ပိုပြီးသေးငယ်တဲ့ကျောင်းစာသင်ခန်းတွေရစေချင်တယ်။ ကျန်းမာရေးနယ်ပယ်မှာအလုပ်ပို သုံးသောင်းရှိစေချင်တယ်။ လူတွေကို နီးနီးကပ်ကပ်အလုပ်အကျွေးပြုနေတဲ့ ရဲတပ်ဖွဲ့လည်းရှိစေချင်တယ်။ ဒီအချက်တွေကိုရရှိဖို့အခုလတ်တလော ကျွန်တော်

တို့တိုက်ပွဲဝင်နေကြတယ်။ နှစ်ဆယ့်တစ်ရာစုမှာ လူမှုသဘောအားသန်တဲ့၊ ခိုင်ခံ့တောင့်တင်းတဲ့၊ နိုင်ငံတစ်နိုင်ငံဟာ ကျွန်တော်တို့ဆန္ဒရှိတဲ့နိုင်ငံတစ်နိုင်ငံပဲဖြစ်တယ်။

ဒီသတင်းစကားရဲ့နှလုံးသားဗဟိုမှာ ကတိစကားတွေ၊ ကမ်ပိန်းဆောင်ပုဒ်တွေချိတ်ဆက်နေတဲ့ အဓိကပြဿနာအကြောင်းအရာတွေကို တွေ့ရလိမ့်မယ်။

| | |
|---|---|
| အဓိကပြဿနာအကြောင်းအရာ | – ပိုများတဲ့အလုပ်တွေ |
| ကတိစကား | – အကျိုးအမြတ်ရစေချင်၊ အလုပ်ရစေချင်တယ်၊ |
| အဓိကပြဿနာအကြောင်းအရာ | – ဥစ္စာဓနက မျှမျှတတဖြန့်ဝေခြင်း |
| ကတိစကား | – မျှတတဲ့ အခွန်စနစ် |
| အဓိကပြဿနာအကြောင်းအရာ | – ကောင်းမွန်တဲ့ပညာရေး |
| ကတိစကား | – ကျွန်တော်တို့ကလေးတွေအတွက် သေးငယ်တဲ့စာသင်ခန်းများ |
| အဓိကပြဿနာအကြောင်းအရာ | – လုံခြုံတဲ့လမ်းများနဲ့ကွန်မြူနတီ |
| ကတိစကား | – အသင့်ရှိနေတဲ့ ပိုများတဲ့ ရဲဝန်ထမ်းများ |
| အဓိကပြဿနာအကြောင်းအရာ | – ပိုကောင်းမွန်တဲ့ဝန်ထမ်းတွေရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှု |
| ကတိစကား | – ၃၀၀၀၀ ထက်ပိုတဲ့ ကျန်းမာရေးစောင့်ရှောက်မှုအလုပ်အကိုင်များ |

စာစောကသတင်းစကားဟာ ‘လူမှုသဘောအားသန်တဲ့၊ ခိုင်ခံ့တောင့်တင်းတဲ့’ ဆိုတဲ့ဆောင်ပုဒ်နဲ့ အဆုံးသတ်ထားတယ်။ ဒီအဓိကကျတဲ့သတင်းစကားဟာ မဲပေးသူအတော်များများကို အမှန်တကယ် ကတိပေးနိုင်တယ်။ တကယ်လို့ (အမျိုးမျိုးသောပစ်မှတ်အုပ်စုတွေကို ဆိုလိုပြီး)



ခင်ဗျားတို့ဟာ ကျွန်တော်တို့အတွက် မဲထည့်မယ်ဆိုရင်၊ ခင်ဗျားတို့ပြန်ရမယ့် အရာဟာ ခင်ဗျားတို့လိုချင်တဲ့ မဲပဲဖြစ်တယ်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် ကျွန်တော်တို့ဟာ တိကျတဲ့ပုံစံကိုတောင် ကိုးကားထားတယ်။ ခင်ဗျားတို့က ကျွန်တော်တို့ကို ယုံကြည်ကိုးစားနိုင်တယ်ဆိုတဲ့ အချက်ဟာ ဒီသတင်းစကားတစ်ခုလုံးရဲ့ နှလုံးသားဗဟိုပဲဖြစ်တယ်။

## မတူကွဲပြားတဲ့ချဉ်းကပ်မှု – ၂၀၀၄ ခုနှစ် ဥရောပရွေးကောက်ပွဲများအတွက် PvdA ၏ သတင်းစကား

ကျွန်တော်တို့ရဲ့ဥရောပကို အလုပ်လက်မဲ့နှုန်းမြင့်တက်လာတဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဈေးကြီးလာတဲ့၊ လူမှုဘဝလုံခြုံမှုကျဆင်းလာတဲ့ ရှေးရိုးလမ်းဟောင်းအတိုင်းဆက်ပြီးသွားစေချင်သလား၊ ဒါမှမဟုတ် ဥရောပမှာ သန့်စွမ်းခိုင်မာပြီး လူမှုသဘောဆန်တဲ့ ဟော်လန်လိုမဲပေးမလား။ အဲဒါကြောင့် ကျွန်တော်တို့ဟာ အောက်မှာပါတဲ့ ကဏ္ဍတွေမှာ အရေးတယူဆောင်ရွက်ဖို့ဥရောပကို ကန့်သတ်ဖို့လိုတယ်။ အဲဒီကဏ္ဍတွေကတော့ စီးပွားရေးဖွံ့ဖြိုးမှုကို နှိုးဆွတာ၊ အလုပ်အကိုင်သစ်တွေကိုဖန်တီးပေးတာ၊ ရာဇဝတ်မှုတွေနဲ့ အကြမ်းဖက်ဝါဒကို တိုက်ဖျက်တာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်တာ၊ တင်းကျပ်ပေမယ့် တရားမျှတမှုရှိတဲ့ စိတ်ကုဆေးရုံတွေကို အကောင်အထည်ဖော်တာတွေပဲဖြစ်တယ်။ ဥရောပဟော်လန်ဝန်ကြီးချုပ် ဘယ်လ်ကန်နန်ရဲ့ဥပမာအတိုင်း လိုက်လျှောက်ဖို့မလိုဘူး။ ဒါကြောင့် PvdA ကအလုပ်အကိုင်ပိုမိုရရှိဖို့၊ လူမှုဘဝလုံခြုံဖို့ကို ရှေ့ကနေတိုက်ပွဲဝင်နေတာဖြစ်တယ်။ ဒါ့အပြင်အမျိုးသမီးတွေကို လူကုန်ကူးတာ၊ အကြမ်းဖက်မှုနဲ့ ရာဇဝတ်မှုတွေကို တိုက်ဖျက်မှုမှာ ပြင်ပနယ်နိမိတ်တွေရဲ့ ကြည့်ရှုစောင့်ကျပ်တာကို ပိတ်လိုက်တာ၊ ဂျော့ချ် ဘုရှ်ရဲ့ ထိန်းချုပ်မှုအစားလွတ်လပ်တဲ့နိုင်ငံတကာနဲ့ နိုင်ငံအတွင်းကာကွယ်ရေးပေါ်လစီကို တင်ပြထားတာဖြစ်တယ်။ ဒါ့အပြင် ဒတ်ချ် အီးစီအဖွဲ့ဝင်တွေကို ခန့်အပ်ဖို့ ပွင့်လင်းပြီး ဒီမိုကရက်တစ်ဆန်တဲ့ ရွေးကောက်ပွဲကိုလည်း ဖော်ဆောင်မှာဖြစ်တယ်။ ဒီနည်းလမ်းကြောင့်ပဲ ဟော်လန်ဟာ ဥရောပမှာ သန့်စွမ်းခိုင်မာပြီး လူမှု

သဘာသက်ဝင်မှာဖြစ်တယ်။

ဒီသတင်းစကားမှာ အိုင်ဒီအိုလိုဂျီတွန်းအားတွေပိုပါနေတယ်။ ဒီသတင်းစကားကိုကြည့်ရင် အရေးအတွက်ဆန်တဲ့ ကတိတွေကိုမပေးဘူး။ ဒါပေမဲ့ ဒီသတင်းစကားကြောင့် PvdA ကို မဲထည့်တဲ့ အမြဲတမ်းမဲထည့်သူတွေစိတ်အပြောင်းအလဲမဖြစ်နိုင်ဘူး။ ပထမသတင်းစကားနဲ့ယှဉ်ရင် ဒီသတင်းစကားဟာ ပိုပြီး ပွင့်လင်းခုခံဆန့်ကျင်တဲ့သဘောဆောင်တယ်။ "ဥရောပဟာ ဟော်လန်ဝန်ကြီးချုပ် ဘယ်လ်ကန်နန်ရဲ့ ဥပမာတိုင်းလိုက်လျှောက်ဖို့မလိုဘူး။" ဆိုတဲ့စာကြောင်းကိုကြည့်ရင်သိနိုင်တယ်။

## သတင်းစကား ၁ နဲ့ ၂ ကိုပေါင်းစပ်ပုံ ဥပမာ

အမေရိကရဲ့နောက်ထပ်မနက်ခင်းတစ်ခုပါ။ ဒီကနေ့မှာ အမေရိကသမိုင်းတစ်လျှောက်ယောကျ်ားတွေနဲ့မိန်းမတွေဟာ အရင်ကထက်ပိုပြီး အလုပ်ကိုသွားကြလိမ့်မယ်။ ၁၉၈၀ ခုနှစ်ရဲ့ မှတ်တမ်းတစ်ဝက်ကပြတဲ့ စိတ်ဝင်စားမှုနှုန်းအရ၊ မိသားစု ၂၀၀၀ ဟာ ဒီကနေမှာ အိမ်သစ်တွေကို ဝယ်ကြလိမ့်မယ်။ ဒီလိုဝယ်ယူခြင်းဟာ အရင်လေးနှစ်ကထက်ပိုတာ လုံးဝသိသာပါတယ်။ ဒီကနေ့နေ့လည်ခင်းမှာ လူငယ်အမျိုးသား၊ အမျိုးသမီးပေါင်း ၆၅၀၀ လောက်လက်ထပ်ကြလိမ့်မယ်။ ဒီအရေအတွက်ဟာ ကျန်ခဲ့တဲ့လေးနှစ်ကနဲ့ ယှဉ်ရင်နှစ်ဆဖြစ်နေတယ်။ ဒီလူငယ်တွေဟာ ရှေ့အနာဂတ်မှာလည်းလက်ထပ်ဖို့အလားအလာရှိနေကြတယ်။ အမေရိကရဲ့ နောက်ထပ်မနက်ခင်းတစ်ခုပါ။ သမ္မတရေဂင်ရဲ့ ဦးဆောင်မှုအောက်မှာရှိနေတဲ့ အမေရိကပါ။ ကျွန်တော်တို့ရဲ့နိုင်ငံဟာ ပိုပြီးဂုဏ်တင့်တယ်လာမယ်၊ သန်စွမ်းခိုင်မာလာမယ်၊ ပိုပြီးကောင်းမွန်လာမယ်။ ကျွန်တော်တို့ဘာကြောင့်ကျန်ခဲ့တဲ့လေးနှစ်ကထက်နိမ့်ကျတဲ့ နေရာကိုပြန်သွားချင်နေကြရတာလဲ။

ဒီသတင်းစကားကိုကြည့်ရင် အရည်အတွက်ရလဒ်တွေနဲ့ အိုင်ဒီအိုလိုဂျီရည်ရွယ်ချက်တွေရော နေတာကိုတွေ့ရလိမ့်မယ်။



## သတင်းစကားတစ်ခုအတွက် လိုအပ်သောအချက် ၁၀ ချက်

၁ – သတင်းစကားဟာ အလယ်တန်းကျောင်းသားအဆင့်နားလည်နိုင်တဲ့ ပညာအဆင့်အတန်းရှိရမယ်။ တကယ်လို့ သတင်းစကားကပြောချင်တဲ့ အဓိပ္ပါယ်ကို အဲဒီကျောင်းသားနားမလည်ဘူးဆိုရင် အဲဒီသတင်းစကားဟာ ကမ်ပိန်းအတွက်မသင့်တော်ဘူး။

၂ – ကျစ်လစ်မှုရှိခြင်း – သတင်းစကားဟာ တိုတုတ်ပြီး လိုရင်းကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်ရမယ်။

၃ – ရှင်းလင်းခြင်း – မဲပေးသူတွေဟာ ဝေဝါးနေတဲ့ ကတိစကားတွေကို မလိုချင်ကြဘူး။ မဲပေးသူတွေဟာ ပါတီကဘယ်လိုခံယူချက်နဲ့ ရပ်တည်သလဲဆိုတာကို ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသားကြားချင်ကြတယ်။

၄ – စိတ်ကူးကွန့်မြူးမှုပေးနိုင်ခြင်း – မဲပေးသူတွေဟာ သတင်းစကားနဲ့ ဆက်နွှယ်ပတ်သက်မှုရှိနေရမယ်။ ဆိုချင်တဲ့အဓိပ္ပါယ်ကသတင်းစကားထဲမှာ စိတ်ဓာတ်ပိုင်းတွန်းအားမျိုးပါဝင်နေရမယ်။

၅ – ဆက်စပ်မှုရှိခြင်း – သတင်းစကားဟာ ရွေးကောက်ပွဲကျင်းပနေတဲ့အချိန်ကာလ၊ မဲပေးသူတွေရဲ့အတွေ့အကြုံနဲ့ ဆက်စပ်မှုရှိနေရမယ်။

၆ – ထူးခြားထင်ရှားမှုရှိခြင်း – သတင်းစကားတွေဟာ ခင်ဗျားတို့ရဲ့ ပါတီကထွက်လာတဲ့ သတင်းစကားဖြစ်ပြီး တခြားပါတီကထွက်လာတဲ့ သတင်းစကားမဟုတ်ဘူးဆိုတာကို မဲပေးသူတွေက သတင်းစကားကို မြင်မြင်ခြင်းသိနေဖို့လိုတယ်။

၇ – လေးစားသမှုရှိခြင်းနဲ့ အပေါင်းလက္ခဏာဆောင်ခြင်း – သတင်းစကားဟာ မဲပေးသူတွေရဲ့ ရွေးချယ်မှုကို ပေးအပ်ခြင်းသာဖြစ်တယ်။ အဲဒီသတင်းစကားထဲမှာ တခြားပါတီတွေရဲ့၊ ဒါမှမဟုတ် မဲပေးသူတွေကိုလှောင်ပြောင်တဲ့ လှောင်ပြောင်မှုတွေမပါရဘူး။

၈ – ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့လိုတယ်။ ဒါပေမဲ့သိပ်ပြီး မာနကြီးနေတာမျိုးမဖြစ်ရဘူး။ ပါတီဟာ ဉာဏ်စွမ်းရှိသမျှ ထိန်းချုပ်တဲ့ပုံစံမဖြစ်ရဘူး။ ပါတီဟာ ကိုယ့်ရဲ့သတင်းစကားကို ယုံကြည်မှုရှိရမယ်။ ဒါပေမဲ့ ဖွံ့ဖြိုးတိုးတက်မှုအသစ်တွေနဲ့ အတွေးအခေါ်အသစ်တွေအတွက်လည်း လမ်းဖွင့်ပေး

ထားရမယ်။

**၉** – ယုံကြည်စိတ်ချရမှု – ခင်ဗျားတို့ရဲ့ ပါတီကိုမြင်တဲ့မဲပေးသူတွေရဲ့ ပုံရိပ်နဲ့ ခင်ဗျားတို့ရဲ့သတင်းစကားနဲ့ ဆက်စပ်နေရမယ်။ အဲသလိုဆက်စပ်နေမှသာ ခင်ဗျားတို့ကသူတို့ကို မဲပေးဖို့ဆွဲဆောင်နိုင်မှာဖြစ်တယ်။ အဲဒီအတွက်သတင်းစကားဟာ ကျန်ခဲ့တဲ့နှစ်တွေကရှိခဲ့တဲ့ ပါတီရဲ့ရပ်တည်ချက်နဲ့ တအားကြီးကွဲပြားဝေးကွာမနေဖို့လိုတယ်။ ရှေ့ကိုရွှေ့အောင်လုပ်ပေးတဲ့ သတင်းစကားနဲ့ပုံရိပ်ဟာ ရွေးကောက်ပွဲအစီအစဉ်နဲ့ကိုက်ညီနေရမယ်။ အစီအစဉ်တွေထဲက အရေးပါတဲ့အချက်တွေကို အဓိကသတင်းစကားထဲမှာ ဖော်ပြထားရမယ်။

**၁၀** – ပြင်းအားနှင့်နှိုးဆွနိုင်စွမ်း – အဆုံးမှာတော့ မဲပေးသူတွေဟာ မဲရုံကို သွားပြီး ခင်ဗျားတို့ရဲ့ပါတီအတွက် မဲပုံးထဲကိုမဲထည့်ဖို့ပဲဖြစ်တယ်။

## ဖြစ်နေကျအမှားများနှင့် အန္တရာယ်များ

သတင်းစကားတစ်ခုဟာသိပ်ကိုတိုတုတ်သွားတတ်တာမျိုးရှိနိုင်တယ်။ အောက်ကသတင်းစကားကိုကြည့်ရင် မတိကျမှုတွေပါနေတာကို တွေ့ရလိမ့်မယ်။

PvdA ကို ယုံကြည်ပါ။ အကြောင်းကတော့ ကျွန်တော်တို့ပါတီမှာ ကြီးမားတဲ့အုပ်ချုပ်မှုအတွေ့အကြုံတွေရှိနေလို့ပဲ။ ကျွန်တော်တို့ဟာ ဗဟုဝါဒလူ့အဖွဲ့အစည်းကို လိုလားတယ်။ လူနည်းစုလူမျိုးတွေဟာ သူတို့ရဲ့ မူလဘာသာစကားနဲ့ယဉ်ကျေးမှုကိုထိန်းသိမ်းရင်းပေါင်းစည်းနေနိုင်ဖို့ထောက်ခံတယ်။ ကျွန်တော်တို့ဟာ WW နဲ့ WIA ကို အလုပ်ဈေးကွက်မှာ သူတို့ရဲ့ ပါဝင်မှုအဆင့်မြင့်မားလာဖို့ ပြုပြင်ပြောင်းလဲချင်တယ်။ သက်ကြီးလူဦးရေတိုးပွားမှုအတွက် သုံးရတဲ့ကြီးမားတဲ့အသုံးစရိတ်ကိုဖြေရှင်းဖို့အတွက်AOW ရဲ့တိုးမြင့်လာတဲ့ ဘဏ္ဍာရေးဖော်ဆောင်မှုရှိပါတယ်။ ကျွန်တော်တို့ဟာ ပေါင်းနှံအတိုးနှုန်းအတွက် အခွန်လျှော့ချမှုကိုမဖျက်သိမ်းဘူး။ ဒါပေမဲ့ စားသုံးသူဆိုင်ရာ အသုံးစရိတ်အတွက် အိမ်ပိုင်ရှင်တွေရဲ့အိမ်မြေအခွန်ထွက်တန်ဖိုးတွေကိုတော့ ဆက်ပြီးခွင့်မပြုတော့ဘူး။ ရာဇဝတ်မှုတိုက်ဖျက်ရေး



အတွက်၊ ကျွန်တော်တို့ဟာ အမျိုးသား DNA အချက်အလက်ဘဏ်တစ်ခုကိုတည်ထောင်မယ်။ ကျွန်တော်တို့ရဲ့နိုင်ငံဟာ ကျဉ်းထဲကျပ်ထဲကိုရောက်နေတယ်။ ဒါပေမဲ့ကျွန်တော်တို့နဲ့အတူတူပဲ့ကိုင်လျှောက်လှမ်းမယ်ဆိုရင် ခင်ဗျားတို့ဟာ အပေါင်းလက္ခဏာဆောင်တဲ့ရလဒ်တွေကိုမြင်ကြရလိမ့်မယ်။

## အားနည်းသွားတဲ့အချက်တွေကတော့

**၁** – ဒီသတင်းစကားဟာ အုပ်ချုပ်ရေးပိုင်းကို အလွန်အကျွံအထူးပြုလိုက်တာပဲဖြစ်တယ်။ ဒီသတင်းစကားဟာ နည်းစနစ်ပိုင်းဆိုင်ရာ အုပ်ချုပ်ရေးပိုင်းကို ဦးစားပေးတင်ပြတာကြောင့်မဲပေးသူတွေအတွက် သိပ်ဆွဲဆောင်မှုမရှိဘူး။ ဒီလိုသတင်းစကားမျိုးဟာ ရှုပ်ထွေးတဲ့နိဂုံးတွေနဲ့အဆုံးသတ်ကြတယ်။ အားလုံးကိုခြုံကြည့်ရင်အစိုးရဆိုတာ လိုချင်တဲ့ပန်းတိုင်ကိုရရှိအောင်မြင်တဲ့နည်းလမ်းတွေပဲမဟုတ်လား။ ဒါကြောင့်ဒီသတင်းစကားထဲမှာ အဲသလိုပန်းတိုင်တွေအကြောင်းကိုဖော်ပြရမှာဖြစ်တယ်။ နည်းလမ်းတွေကိုဖော်ပြရမှာမဟုတ်ဘူး။ ဒါကြောင့် 'ဒီမြို့ကဘာဝအရည်အသွေးတိုးတက်ဖို့ ပုဂ္ဂလိကနဲ့ပြည်သူ့အခန်းကဏ္ဍကိုပိုပြီး ပူးပေါင်းရမယ်။' ဆိုတဲ့စာကြောင်းမျိုးမသုံးသင့်ဘူး။

**၂** – ဒီသတင်းစကားဟာ အတွင်းထဲကိုပြန်ညွှန်ပြနေတယ်။ မဲပေးသူတွေနဲ့မပတ်သက်တဲ့အတွင်းကိစ္စတွေကို သတင်းစကားက အာရုံမစိုက်ရဘူး။ ပါတီတွင်းပဋိပက္ခတွေဟာ ကမ်ပိန်းထဲကိုဝင်မနေဖို့လိုတယ်။ အဆိုးဆုံးပြောရရင် သတင်းစကားထဲမှာ ပါတီတွင်းပဋိပက္ခအကြောင်းအရိပ်တောင်သမ်းမနေဖို့လိုတယ်။ အဓိကသတင်းစကားဟာ အသံမျိုးစုံထုတ်နေရမှာမဟုတ်တဲ့အပြင်၊ ညှိနှိုင်းဖို့ခက်တဲ့ကိစ္စတွေကိုလည်း အဲဒီသတင်းစကားထဲမှာ ထည့်မထားသင့်ဘူး။

**၃** – ဒီသတင်းစကားဟာ လက်ရှိဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေနဲ့

သက်ဆိုင်မှုမရှိဘူး။ တကယ်လို့ သတင်းစကားဟာ ခင်ဗျားတို့ပါတီရဲ့ အတိတ်ကာလပေါ်မှာ အခြေတည်ထားတယ်ဆိုရင် ခင်ဗျားတို့ပါတီကိုခေတ်မမီတော့ဘူးလို့ ဝေဖန်ကြလိမ့်မယ်။ ‘ကာကွယ်မယ်’၊ ‘ထိန်းသိမ်းမယ်’၊ ‘စောင့်ကြပ်မယ်’ စတဲ့စကားလုံးတွေကို ကမ်ပိန်းသတင်းစကားတွေမှာ မသုံးဖို့အကြံပေးချင်တယ်။ ခင်ဗျားတို့ရဲ့သတင်းစကားကနေ မဲပေးသူတွေဟာ ရွေးကောက်ပွဲပြီးတဲ့အခါမှာ ဘာတွေကိုမျှော်လင့်နိုင်တယ်ဆိုတာကိုသာ ရှင်းရှင်းလင်းလင်းတင်ပြရမယ်။

၄ – အထူးအသုံးအနှုန်းတွေကိုအလွန်အကျွံသုံးထားခြင်း – တချို့သော အထူးအသုံးအနှုန်းတွေဟာ ပါတီတွင်းကလူတွေ၊ နိုင်ငံရေးသမားတွေ အတွက်နေ့စဉ်သုံးနေကျစကားလုံးတွေဖြစ်တယ်။ ဒီစကားလုံးတွေဟာ ပါတီရဲ့စံအသုံးအနှုန်းတွေဖြစ်နေတာကြောင့် သူတို့ဟာ ဒီစကားလုံးတွေကို နေ့စဉ်သုံးနေကြတာဖြစ်တယ်။ ဒါပေမဲ့ မဲပေးသူတွေအတွက်တော့ ဒီစကားလုံးတွေဟာ ဘာအဓိပ္ပါယ်မှမရှိဘူး။ မဲပေးသူတွေဟာ ဒီစကားလုံးတွေကို နားမလည်ကြသလို ပါတီကရည်ရွယ်ထားတဲ့ပုံစံနဲ့မဟုတ်ဘဲ အဲဒီစကားလုံးတွေကို ယူသုံးကြတယ်။ ဒါကြောင့် ‘ရုံးသုံးအထူးစကား’ တွေကို မသုံးဖို့ ရှောင်ကြဉ်ရမယ်။ နိုင်ငံရေးနဲ့ကင်းကွာနေတဲ့လူကို ခင်ဗျားတို့ရဲ့သတင်းစကားကိုပေးဖတ်ပါ။ အဲသလိုဖတ်ပြီးကိုယ့်ရဲ့သတင်းစကားကိုပြန်ဆန်းစစ်ပါ။

၅ – မြုပ်ကွယ်နေသော ဘာသာစကား – တစ်ခါတစ်လေအဓိက သတင်းစကားမှာ ဘာအဓိပ္ပါယ်မှမရှိတဲ့စကားစုတွေပါနေတတ်တယ်။ အဲသလိုစကားစုတွေဟာ ဆွေးနွေးညှိနှိုင်းဖို့ခက်ခဲတဲ့အရာတွေရဲ့ရလဒ်ပဲဖြစ်တယ်။ ဒါမှမဟုတ် ပါတီတွင်းမှာကို မရှင်းလင်းသေးတဲ့ ကိစ္စတွေကို ဖော်ပြတဲ့အခါမှာ အဲသလိုစကားစုတွေပါနေတာဖြစ်တယ်။ အဲသလိုစကားစုတွေကိုဖျက်ပစ်ပါ။ မလိုအပ်တဲ့စကားစုတွေကို သုံးတာထက် ဘာစကားမှမပြောတာပိုကောင်းတယ်။ ဒါကြောင့် ‘ပတ်ဝန်းကျင်နဲ့ကျုပ်တို့တိုက်ရိုက်



ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေအတွက် ကြီးမားတဲ့ချဉ်းကပ်မှုတွေလိုတယ်။ ဒီကိစ္စကိုသက်ဆိုင်ရာပါတီတွေအားလုံးနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးဖို့ ကျွန်တော်တို့ခိုင်ခိုင်မာမာရည်ရွယ်ထားတယ်။’ ဆိုတဲ့စာကြောင်းမျိုးကို မရေးပါနဲ့။

၆ – အနုတ်သဘောဆောင်တဲ့သတင်းစကား – အနုတ်သဘောဆောင်တဲ့သတင်းစကားတွေဟာ ထိရောက်မှုရှိတယ်။ မအောင်မြင်တဲ့ပေါ်လစီ တွေ၊ ဒါမှမဟုတ်တခြားပါတီတွေအတွက် မသင့်လျော်တဲ့အစီအစဉ်တွေကို တင်ပြတာ၊ တခြားပါတီတွေကိုခင်ဗျားတို့ရဲ့ ကိုယ်ပိုင်အပေါင်းလက္ခဏာဆောင်တဲ့အရှည်မျှော်တဲ့တခြားသောနည်းလမ်းတွေနဲ့ ဆန့်ကျင်တာတွေဟာ နိုင်ငံရေးကစားပွဲရဲ့အစိတ်အပိုင်းဖြစ်တယ်။ ဒါပေမဲ့သတင်းစကားထဲမှာ တခြားပါတီတွေနဲ့ ခင်ဗျားတို့ရဲ့ပါတီကွဲပြားခြားနားတယ်ဆိုတာကို ထည့်ပြီးဖော်ပြထားပေမယ့် တခြားပါတီတွေကိုတိုက်ခိုက်တဲ့ထောင်ချောက်ထဲကျဖို့၊ ဒါမှမဟုတ် ကိုယ့်ပါတီကိုကြော်ငြာဖို့တိုက်ခိုက်တာမျိုးမဖြစ်ရဘူး။ အဲသလိုတိုက်ခိုက်မယ့်အစား ခင်ဗျားတို့ရဲ့ကိုယ်ပိုင်တခြားနည်းလမ်းတွေရဲ့ အားသာချက်အပေါ်မှာသာတည်ဆောက်သင့်တယ်။

၇ – သတင်းစကားအကြောင်း အတွင်းသဘောတူညီမှုရှိခြင်း – သတင်းစကားဟာ ကမ်ပိန်းကိုစုစည်းဖို့ဖြစ်နေရမယ်။ ကမ်ပိန်းရဲ့အစိတ်အပိုင်းတိုင်းမှာ သတင်းစကားဟာ ဗဟိုချက်မဖြစ်နေဖို့လိုတယ်။ တစ်ခါတစ်လေကမ်ပိန်းဖော်ဆောင်တဲ့ကာလတစ်လျှောက်ပါတီတာဝန်ရှိသူတွေဟာသတင်းစကားထဲမှာပါတဲ့ တချို့သောအရာတွေကိုမေးခွန်းထုတ်တတ်ကြတယ်။ အဲသလိုဖြစ်တတ်တာကြောင့် သတ်မှတ်ထားတဲ့ ပန်းတိုင်ကို မရောက်ကြဘူး။ ဒီလိုတစ်သဘောတည်းမရှိခြင်းဟာ ကမ်ပိန်းပန်းတိုင်အတွက်အရေးကြီးတယ်။

## အဓိကပြဿနာများ

ကမ်ပိန်းဟာ စောစောကပြောခဲ့တဲ့ အမြင်တွေ၊ ရည်ရွယ်ချက်တွေကို အထူးပြုတင်ပြတယ်။ အဲဒီလိုအထူးပြုတင်ပြမှုကို မဲပေးသူတွေက စိတ်ဝင်စားကြတာဖြစ်တယ်။ ဒီအချက်ကအရေးကြီးတယ်။ ဒါကြောင့် ကမ်ပိန်းသတင်းစကားကို ပုံဖော်တဲ့အခါမှာ၊ ရပ်တည်ချက်ဟာ ပါတီဝင်တွေရဲ့ရှေ့လာမယ့် ကာလအတွက် အဓိကထားတဲ့ရပ်တည်ချက်မဖြစ်ရဘူး။ စွမ်းဆောင်မှုရှိတဲ့ မဲပေးသူတွေအတွက်ကိုသာ ပါတီရပ်တည်ချက်က ရည်ရွယ်ရမယ်။ ဒီအချက်ဟာ ခင်ဗျားတို့ကမ်ပိန်းမှာ အဓိကအချက်ဖြစ်သင့်တယ်။ ဒီလိုဆိုလိုက်လို့ မဲပေးသူတွေကိုပဲ တစ်ဖက်သတ်ဦးစားပေးရမယ်လို့ ဆိုလိုတာမဟုတ်ဘူး။ မဲပေးသူတွေကိုထောက်ပံ့ဖို့ဆိုတဲ့ ခင်ဗျားတို့ရဲ့အမြင်တွေကို မပြောင်းရဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအချက်ကပဲ ခင်ဗျားတို့နဲ့ မဲပေးသူကြားမှာ အပေးအယူဖြစ်လာမှာဖြစ်လို့ပဲ။ ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်အိုင်ဒီအိုလိုဂျီနဲ့ တန်ဖိုးတွေကို ထိန်းသိမ်းထားပါ။ ဒါပေမယ့် ဒီနေရာမှာ အရေးကြီးတဲ့အချက်တစ်ချက်ရှိတယ်။ အဲဒီအချက်ကတော့ ခင်ဗျားတို့ရဲ့ လုပ်ငန်းဆောင်တာစာရင်းထဲမှာ အဓိကထားတဲ့ ပြဿနာကိစ္စတွေဟာ မဲပေးသူတွေအတွက်လည်းအရေးကြီးတယ်။ ဒီလိုအမြင်အယူအဆကောက်ယူဖို့အတွက်နည်းလမ်းအမျိုးမျိုးသုံးလို့ရတယ်။ ပစ်မှတ်ထားတဲ့အုပ်စုတွေဆီကနေအမြင်အယူအဆတွေရဖို့ မေးခွန်းတွေပါတဲ့ မေးခွန်းစာရွက်တွေဝေလို့ရတယ်။ ဒါမှမဟုတ် ဈေးထဲတွေမှာ၊ ဈေးဝယ်ကုန်တိုက်တွေမှာစတဲ့ လူထူတဲ့နေရာတွေဟာ အငြင်းခုံပွဲတွေလုပ်လို့ရတယ်။ မဲပေးသူတွေရဲ့ အဓိကဦးစားပေးတွေပေါ်မူတည်ပြီး နည်းလမ်းပေါင်းစုံကို အများကြီးတီထွင်ကြံဆအသုံးပြုလို့ရတယ်။ အဲသလိုနည်းလမ်းတွေကို ငြင်းခုံပွဲတွေမှာ ခင်ဗျားတို့ရဲ့ ပါတီဦးစားပေးအစီအစဉ်တွေကို ထုတ်ဖော်ဖို့ ဝင်ပေါက်အနေနဲ့ အသုံးချရမယ်။ ဘယ်နေရာမှာပဲခင်ဗျားတို့လုပ်လုပ်၊ ခင်ဗျားတို့လက်ရှိဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ၊ သတင်းတွေမှာပါတဲ့ ပြည်သူ့ငြင်းခုံပွဲတွေနဲ့ပတ်သက်ဆက်နွှယ်နေတဲ့အရာတွေဖြစ်ဖို့လိုတယ်။ ဒီအဓိကပြဿနာကိစ္စတွေဟာ ကမ်ပိန်းအတွင်းပါတီက အာရုံစိုက်ရမယ့် ဦးစားပေးကိစ္စတွေဖြစ်တယ်။



အဲဒီကိစ္စတွေအပေါ် ခင်ဗျားတို့ပါတီရဲ့သဘောထားအမြင်တွေကို မဲပေးသူတစ်ယောက်စီတိုင်းက ရှင်းလင်းနေဖို့လိုတယ်။ ပြဿနာသုံးခုကနေ အများဆုံးငါးခုထိ စုဆောင်းပါ။ ဥပမာပြရရင်

**၁ –** လူတွေအကျိုးအမြတ်ရပြီး၊ အလုပ်ခွင်ဝင်ဖို့

**၂ –** ဒစ်ပလိုမာမရဘဲ ဘယ်ကလေးမှကျောင်းမထွက်ရ

**၃ –** အိမ်နီးချင်းတိုင်းကို သူ့ရဲ့နယ်မြေရဲ့အရာရှိက ကူညီနိုင်အောင် ထောက်ပံ့တာ

တွေပဲဖြစ်တယ်။

ဒီလိုကိစ္စပြဿနာတွေကိုပါတီကထပ်ပြီး အာရုံစိုက်တဲ့အခါ မှာ ပါတီဟာပိုပြီးအသေးစိတ်ကျတဲ့ ကတိစကားတွေကိုပါပေးလာနိုင်လိမ့်မယ်။ ၁၉၉၇ ခုနှစ်မှာ ဗြိတိသျှလေဘာပါတီ British Labour Party ဟာ ကတိငါးခုပေးခဲ့တယ်။ ကတိပေးတဲ့နေရာမှာလည်း လူထုကိုကဒ်ပုံစံနဲ့ပေးခဲ့တာဖြစ်တယ်။ အဲသလိုကဒ်ကို ကတိကဝတ်ကဒ်လို့ခေါ်နိုင်တယ်။ လူထုဟာ နောက် ငါးနှစ်ပြီးသွားတဲ့အခါမှာ လေဘာပါတီဟာ သူပေးခဲ့တဲ့ကတိကဝတ်ကိုဖြည့်ဆည်းနိုင်သလား၊ မဖြည့်ဆည်းနိုင်ဘူးလားဆိုတာကို ပြန်ပြီးစစ်ဆေးလို့ရတယ်။

လေဘာပါတီကပေးခဲ့တဲ့ ကတိကဝတ်ငါးခုကတော့ အောက်မှာပါတဲ့အတိုင်းပါပဲ။

– ထောက်ပံ့ငွေကိုသုံးပြီး ၅ နှစ်၊ ၆ နှစ်နဲ့ ၇ နှစ်အရွယ်ကလေးတွေအတွက်၊ ဒါမှမဟုတ် ဒီထက်ငယ်တဲ့ ကလေးတွေအတွက် ၃၀ အထိအတန်းခွဲတန်းကိုဖြတ်ချပေးမယ်။

– ဖမ်းဆီးတာကနေ ပြစ်ဒဏ်ချတဲ့အထိအချိန်ကို ပိုင်းခြားပေးမယ်။ အဲသလိုလုပ်ခြင်းအားဖြင့် ဖွဲ့ရှိတဲ့လူငယ်အပြစ်ကျူးလွန်သူတွေအတွက် မြန်ဆန်တဲ့အပြစ်ဒဏ် ကိုပုံဖော်ပေးမယ်။

– လူနာပေါင်း တစ်သိန်းကို NMS ကြိုးနီကနေရရှိထားတဲ့ ဒေါ်လာသန်းတစ်ရာကို ပထမအဆင့်ထုတ်ပေးပြီး ကုသပေးလိုက်မယ်။ အဲသလိုလုပ်ခြင်းအားဖြင့် NMS ရဲ့လူစောင့်စာရင်းကိုဖြတ်ချပေးမယ်။

– အသက်နှစ်ဆယ့်ငါးနှစ်အောက် လူပေါင်းနှစ်သိန်းခွဲကို အကျိုး အမြတ်ရအောင်လုပ်ပေးမယ်။ အလုပ်ခွင်ထဲရောက်အောင် ပုဂ္ဂလိကပိုင်ပြု ထားတဲ့ အသုံးဝင်မှုတွေပေါ်မှာ တည်မှီတဲ့ အစိုးရချေးငွေတွေကိုသုံးပြီး အဲဒါ ကိုလုပ်ဆောင်ပေးမယ်။

– ဝင်ငွေခွန်ကို မမြှင့်ဘူး။ VAT ကိုငါးရာခိုင်နှုန်းအထိဖြတ်ချမယ်။ ငွေးဖောင်ပွမှုနဲ့အတိုးနှုန်းတွေဟာ တတ်နိုင်သမျှလျှော့နည်းနေရမယ်။

ဒီလိုကတိကဝတ်တွေဟာ ရိုးရိုးရှင်းရှင်းနဲ့ ကိုယ်ပစ်မှတ်ထားတဲ့ အုပ်စုကိုစိတ်ဝင်စားလာအောင်လုပ်နိုင်တယ်။ ဒီကတိကဝတ်တွေကိုကြည့် ရင် 'ဂန္ဓဝင်' ဆိုရှယ်ဒီမိုကရက်တစ်ပြည်သနာကိစ္စတွေဖြစ်တဲ့ ပညာရေး၊ ကျန်း မာရေးစောင့်ရှောက်မှု၊ အလုပ်လက်မဲ့ကိစ္စတွေရောနေတာကိုတွေ့ရလိမ့်မယ်။ ဒ့ါအပြင်အဲဒီအကြောင်းအရာတွေမှာ ရာဇဝတ်မှုတိုက်ဖျက်ရေး၊ အခွန်လျှော့ ချရေးစတဲ့ 'ရုပ်လုံးဖော်လို့မရတဲ့' ကိစ္စတွေလည်းပါနေတယ်။

## သတင်းစကားနဲ့ပတ်သက်ပြီး နောက်ဆုံးမှတ်ချက်

သတင်းစကားတွေဟာ ကမ်ပိန်းအဖွဲ့နဲ့တင်ဆက်သွယ်အလုပ် လုပ်မှာမဟုတ်ဘူး။ ပါတီခေါင်းဆောင်၊ လွှတ်တော်အမတ်တွေ၊ ပါတီအဖွဲ့ ဝင်တွေနဲ့ပါ ဆက်သွယ်အလုပ်လုပ်မှာဖြစ်တယ်။ ပါတီတွင်းမှာကျယ်ပြန့် တဲ့ထောက်ပံ့မှုကိုသတင်းစကားက ရှာဖွေပေးနိုင်လို့ သတင်းစကားဟာ သိပ်ကို အရေးကြီးတယ်။ ဒုတိယအားဖြင့် သတင်းစကားဟာ ရွေးကောက်ပွဲ အစီအစဉ်တွေနဲ့ဆက်စပ်နေသင့်တယ်။ ပါတီဟာ အတိတ်တုန်းက ရည်ရွယ် ချက်နဲ့မဟုတ်ဘဲ မြူနီစပါယ်အုပ်ချုပ်ရေးအဖွဲ့၊ ဒါမှမဟုတ် အစိုးရအဖွဲ့ နဲ့ပူးပေါင်းလုပ်ကိုင်မှုကနေ နှုတ်ထွက်ခဲ့တဲ့အကြောင်းအရာတွေကို သတင်း စကားထဲမှာ ထည့်မရေးရဘူး။

အဓိကသတင်းစကားကိုထပ်တလဲလဲပြန်ပြီး ဖော်ပြတာဟာသိပ်ကို အရေးပါတဲ့အလုပ်ဖြစ်တယ်။ မဲပေးသူတွေဟာ သူတို့လိုပဲ နိုင်ငံရေးကိုစိတ် ဝင်စားကြတယ်လို့ နိုင်ငံရေးသမားတွေကထင်ကြလိမ့်မယ်။ ဒါပေမဲ့လက်



တွေ့မှာ အဲသလိုမဟုတ်ဘူး။ 'သာမန်' လူတွေဟာသူတို့ရဲ့အချိန်တွေထဲက အချိန်အနည်းငယ်ကိုပဲ နိုင်ငံရေးနဲ့ပတ်သက်တဲ့ကိစ္စတွေအတွက် သုံးကြတယ်။ ဒါကြောင့် တချို့သောအခြေအနေတွေမှာပဲ လူတွေရဲ့ အာရုံစိုက်မှုကို ခင်ဗျားတို့ရကြတာဖြစ်တယ်။ ဒါကြောင့်ခင်ဗျားတို့ဟာ သတင်းစကားကိုတတ်နိုင်သမျှရှင်းရှင်းလင်းလင်းဖြစ်အောင်တင်ပြရမှာ ဖြစ် သလိုတတ်နိုင်သမျှဆွဲဆောင်ရမှာဖြစ်တယ်။ ဒီအချက်ဟာ သိပ်ကိုအရေး ကြီးတယ်။ ဒီနေရာမှာ သတင်းစကားဟာ အင်တာဗျူးတွေ၊ မိန့်ခွန်းတွေ ထဲက အချိန်ကို ခင်ဗျားတို့ပြောင်းလဲချင်ပြောင်းလဲသတ်မှတ်လို့ရအောင် ကူညီနိုင်တယ်။ အဓိကသတင်းစကားမပျောက်သွားသ၍ ကိုယ့်ရဲ့ပစ်မှတ် အုပ်စုတွေအပေါ်မူတည်ပြီး စာကြောင်းအမျိုးမျိုးပြောင်းလဲပြီး ရေးလို့ရတယ်။ ဒါကြောင့်သတင်းစကားကို 'သတင်းစကားတစ်စောင်၊ အသံပေါင်းတစ် ထောင်' လို့ တစ်ခါတရံမှာဖော်ပြကြတာဖြစ်တယ်။ အဓိကသတင်းစကား ဟာပုံသေဖြစ်ပြီးတစ်သံပဲထွက်ရမယ်။ ဒါပေမယ့် အဲဒီတစ်သံကို ကိုယ့်ရဲ့ ပစ်မှတ်အုပ်စုတွေအပေါ်မူတည်ပြီး နည်းလမ်းအမျိုးမျိုးနဲ့ဖော်ပြလို့ရတယ်။

လူမှုရေးဆိုင်ရာလမ်းကြောင်းတွေနဲ့ကိုက်ညီတဲ့ သတင်းစကားဟာ လက်ငင်းဖြစ်ပျက်နေတဲ့အဖြစ်အပျက်လမ်းကြောင်းတွေကို သတိမထားတဲ့ သတင်းစကားထက်ရောင်းရပိုလွယ်တယ်။ ဒါကြောင့်ခင်ဗျားတို့ရဲ့ သတင်း စကားဟာ အမြဲတမ်းလက်ရှိလူမှုရေးအခင်းအကျင်းမှာရှိတဲ့လမ်းကြောင်း (လွှမ်းမိုးနိုင်တဲ့လမ်းကြောင်းဆိုပိုကောင်းတယ်။)နဲ့ ချိတ်ဆက်ဖို့ကြိုးစားနေရ မယ်။ တကယ်လို့ လွှမ်းမိုးကြီးစိုးတဲ့လမ်းကြောင်းနဲ့ မချိတ်ဆက်နိုင်ဘူးဆို ရင်နည်းတစ်ခုတော့ရှိတယ်။ အဲဒီနည်းကတော့ တစ်ခါတုန်းက ဆန့်ကျင်ဖို့ အတွက်စခဲ့တဲ့ လမ်းကြောင်းတိုင်းနဲ့ဆက်သွယ်ဖို့ပဲဖြစ်တယ်။ ဥပမာပြောရရင် ရာသီဥတုပြောင်းလဲမှုကို စိုးရိမ်ကြောင့်ကြမှုဆိုပါတော့၊ သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းမှုကိုပြောနေတဲ့ပါတီတွေဟာ အမြဲတမ်းလိုလိုသတိပေးခဲ့ကြ တယ်။ ဒါပေမဲ့ ၂၀၀၆ ခုနှစ်လောက်ကျမှပဲ သူတို့ရဲ့သတိပေးမှုတွေကို ကျယ် ကျယ်ပြန့်ပြန့်လက်ခံလာကြတယ်ဆိုတဲ့ပုံစံမျိုးပဲ။

ခင်ဗျားတို့ရဲ့သတင်းစကားထဲမှာ လူပုဂ္ဂိုလ်တစ်ယောက်ပဲဖြစ်ဖြစ်၊

လူအုပ်စုတစ်ခုပဲဖြစ်ဖြစ်၊ လူအများကြီးပဲဖြစ်ဖြစ်၊ နိုင်ငံတော်ရွေးကောက်ပွဲကမ်ပိန်းထဲက အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတွေပါဝင်နေတာဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားတို့ရဲ့သတင်းစကားထဲမှာ တိကျတဲ့ရည်ရွယ်ချက်တော့ပါဖို့လိုတယ်။ အုပ်စုကြီးလေလေ ခင်ဗျားတို့ရဲ့သတင်းစကားကိုတိတိကျကျဖော်ပြဖို့ခက်ခဲလေပဲ။ လူအများစုကိုချိန်ရွယ်တဲ့ သတင်းစကားမှာဆိုးကျိုးရှိတယ်။ အဲဒီဆိုးကျိုးကတော့ သတင်းစကားထဲမှာပါတဲ့ စကားတွေ ဝေဝါးနေခြင်းပဲဖြစ်တယ်။ နိုင်ငံရေးဆိုင်ရာကမ်ပိန်းဟာ လူအများစုကိုမလွဲမသွေပစ်မှတ်ထားရတာပဲ။ ဒါကြောင့် အုပ်စုထဲမှာပဲအုပ်စုကလေးတွေထပ်ခွဲဖို့အရေးကြီးတယ်။ ပြီးတဲ့အခါမှာ အုပ်စုလေးတွေအတွက် မတူတဲ့သတင်းစကားတစ်ခုစီကို အဓိကသတင်းစကားဘောင်ထဲကနေ ရေးသားရမယ်။

## ပစ်မှတ်အုပ်စုများ

နိုင်ငံရေးသမားတွေဟာ မကြာခဏဆိုသလို လူထုအားလုံးကိုဆွဲဆောင်စည်းရုံးချင်ကြတယ်။ ဒါဟာ အမြဲတမ်းတွေ့နေရတဲ့အားနည်းချက်ပဲ။ ရွေးကောက်ပွဲကမ်ပိန်းမှာ အားလုံးကိုဆွဲဆောင်စည်းရုံးဖို့ ကြိုးစားတာကြောင့် စွမ်းအင်တွေနဲ့ ဘဏ္ဍာငွေတွေ အလဟဿဖြစ်ကုန်တယ်။ ဘယ်နေရာမှာမဲပေးသူတွေလိုတယ်၊ မဲဆန္ဒရှင်တွေထဲက လူငယ်တွေ၊ လူကြီးတွေ၊ ဒါမှမဟုတ် လူမျိုးစုလူနည်းစုတွေစတဲ့ ပစ်မှတ်အုပ်စုတွေကိုအမျိုး အစားခွဲခြားရမယ်။ ပြီးတဲ့အခါမှာ အဓိကသတင်းစကားကိုပန်းတိုင်ထားပြီး စောစောကအမျိုးအစားခွဲထားတဲ့ ပစ်မှတ်အုပ်စုတွေအတွက်သီးသန့်သတင်း စကားတွေကိုရေးသားရမယ်။ မဲဆန္ဒရှင်တွေဟာ စိတ်ဝင်စားမှု၊ ဝါသနာ၊ မြို့၊ ဒါမှမဟုတ် နယ်၊ ဘာသာကိုးကွယ်မှု၊ ဒါမှမဟုတ် လူနည်းစုလူမျိုးဇစ်မြစ်၊ အသက်စတဲ့အရာတွေပေါ်မှာမူတည်ပြီး ပစ်မှတ်အုပ်စုငယ်ကလေးတွေအများကြီးကွဲပြားသွားနိုင်တယ်။ အုပ်စုငယ်ကလေးတွေအတွက်သတင်း စကားငယ်လေးတွေဟာ သိပ်ကိုအသုံးဝင်ပြီးတန်ဖိုးရှိတယ်။ အဲသလိုအခြေ အနေမျိုးအထိခင်ဗျားတို့ အကောင်အထည်ဖော်ဖို့အတွက်



ပစ်မှတ်အုပ်စု ငယ်လေးတွေအထိရောက်အောင် ခင်ဗျားတို့ကျင့်သုံးမယ့်နည်းလမ်းတွေပေါ်မှာမူတည်တယ်။ အဲဒီနည်းလမ်းတွေထဲမှာ သီးသန့်တီဗီအစီအစဉ်တွေ၊ ယဉ်ကျေးမှုပွဲတော်တွေ၊ သီးသန့်မဂ္ဂဇင်းတွေထဲမှာ ပါတဲ့ကြော်ငြာတွေ၊ တိုက် ရိုက်ဆက်သွယ်လို့ရတဲ့စာပို့စနစ်တွေစတဲ့ ဈေးကြီးတဲ့ဆက်သွယ်ရေးလမ်း ကြောင်းတွေပါတယ်။ အဓိကစည်းမျဉ်းကတော့ ဒါတွေအားလုံးကိုပုဂ္ဂိုလ်ရေးအတွက်အသုံးချဖို့ပဲဖြစ်တယ်။ ဒုတိယအချက်အမျိုးအစားစုံလင်တာဟာလည်းအရေးကြီးတဲ့အချက်ဖြစ်တယ်။ ခင်ဗျားတို့ရဲ့ပါတီဟာ ကျောင်းစာစောင်တွေ၊ အင်တာနက်၊ ကျောင်းသားအဖွဲ့တွေနဲ့ ကျောင်းသားသမဂ္ဂ၊ တက္ကသိုလ်ပွဲတွေ၊ ကျောင်းသားမီဒီယာစတာတွေကနေတစ်ဆင့် ကျောင်းသားတွေဆီကိုရောက်ရှိနိုင်တယ်။

နောက်ထပ်တွေးကြည့်တဲ့အချက်တစ်ချက်က ကိုယ်ဦးတည်ထားတဲ့သီးသန့်ပစ်မှတ်အုပ်စုတွေရဲ့အချက်အလက်နဲ့ပတ်သက်ပြီး အချက်အလက်ဘဏ်တစ်ခုပြုစုဖို့၊ ဒါမှမဟုတ် ဝယ်ယူဖို့ပဲဖြစ်တယ်။ အဲသလိုလုပ်ဖို့အတွက်ပါတီဟာ လက်ရှိရှိနေတဲ့ မဲပေးသူတွေကို စာရင်းကောက်ဖို့နဲ့ရွေးကောက်ပွဲစနစ်တွေပေါ်မှာ လုံးဝမူတည်နေတယ်။ ၂၀၀၂ ရွေးကောက်ပွဲတွေမှာ PvdA ဟာ ဆုံးဖြတ်ချက်မချနိုင်သေးတဲ့မဲပေးသူတွေနဲ့ပတ်သက်ပြီး အချက်အလက်မရခဲ့ဘူး။ ဘာကြောင့်ဆိုတော့ ဟော်လန်နိုင်ငံမှာ မဲပေးသူတွေရဲ့နိုင်ငံရေးဆိုင်ရာပတ်သက်ဆက်နွှယ်မှုကို မှတ်ပုံတင်မထားလို့ပဲဖြစ်တယ်။ ဒ့ါအပြင်ဟော်လန်နိုင်ငံမှာ မဲပေးစနစ်မရှိလို့ပဲဖြစ်တယ်။ တစ်နိုင်ငံလုံးဟာပုဂ္ဂလမဲပေးသူအဖြစ်နဲ့လှုပ်ရှားနေတယ်။ မဲပေးသူတွေနဲ့တိုက်ရိုက်ထိတွေ့ဖို့အတွက် PvdA ဟာနိုင်ငံထဲကအရေးကြီးတဲ့ မဲဆန္ဒနယ်တွေမှာ အချက်အလက်ဘဏ်တွေကိုဝယ်ခဲ့တယ်။ အဲဒီမဲဆန္ဒနယ်တွေမှာ လူသုံးသိန်းကိုသူတို့ရဲ့နိုင်ငံရေးတိမ်းညွတ်ချက်နဲ့ပတ်သက်ပြီး ဖုန်းနဲ့အင်တာဗျူးလုပ်ခဲ့တယ်။ အကျိုးဆက်အားဖြင့်သူတို့ဝယ်ခဲ့တဲ့အချက်အလက်ဘဏ်မှာ PvdA မဲပေးသူတစ်သိန်းခွဲရဲ့ အချက်အလက်တွေကို စုဆောင်းထားနိုင်ခဲ့တယ်။

နောက်ထပ်မဲပေးသူတွေရဲ့ အချက်အလက်တွေကိုစုဆောင်းတဲ့နည်းကတော့ မဲပေးသူတွေနဲ့စကားပြောခြင်းပဲဖြစ်တယ်။ ဒီလိုလုပ်ဖို့အတွက်

လုပ်အားပေးတွေ အများကြီးလိုတယ်။ ၂၀၀၅ ခုနှစ်ကမ်ပိန်းမှာ ဗြိတိသျှလေဘာပါတီဟာ သူတို့ရဲ့ အဓိကမဲဆန္ဒနယ်ထဲမှာရှိတဲ့ မဲပေးသူတွေအားလုံးဆီကိုဖုန်းနဲ့၊ အီးမေးလ်နဲ့၊ သတင်းစကားနဲ့၊ ဒါမှမဟုတ် စာတိုက်ကစာပို့ပြီး သူတို့ရဲ့သတင်းစကားခုနစ်ချက်ကိုပို့ခဲ့တယ်။ ဗြိတိန်ရဲ့ မဲဆန္ဒရှင်အခြေပြုမဲပေးစနစ်ဟာ လစ်လပ်နေရာတွေကို အဓိကပစ်မှတ်ထားတယ်။ ၂၀၀၅ ခုနှစ်ရွေးကောက်ပွဲတွေမှာ မဲဆန္ဒနယ် ၆၀၀ မှာ ၁၀၀ ဟာ လစ်လပ်နေရာတွေဖြစ်တယ်။ ရလဒ်အားဖြင့် အဲဒီအရေအတွက် ၁၀၀ ပေါ်မှာပဲစွမ်းအင်အများစုကိုသုံးခဲ့တယ်။

## အဆင့် ၁ မဲဆန္ဒရှင်

ပထမအဆင့်က မဲဆန္ဒရှင်တွေအားလုံးကို အုပ်စုသုံးစုခွဲရမယ်။ အဲဒီအုပ်စုသုံးစုကတော့ –

– ခင်ဗျားတို့ကိုအမြဲတမ်းမဲထည့်သူ

– ခင်ဗျားတို့ကို မဲထည့်ဖို့ စဉ်းစားဆင်ခြင်နေတဲ့သူ

– တခြားပါတီကိုမဲထည့်ဖို့ဆုံးဖြတ်ချက်ချပြီးတဲ့သူတွေပဲဖြစ်တယ်။

တတိယအုပ်စုကတော့ ခင်ဗျားတို့ဘယ်တော့မှ ဆွဲဆောင်စည်းရုံးလို့ရမယ့်သူတွေမဟုတ်ဘူး။ အဲဒီအုပ်စုကိုစည်းရုံးလို့ကတော့ ခင်ဗျားတို့အားအင်ကုန်ခမ်းတာပဲအဖတ်တင်မယ်။ ရွေးကောက်ပွဲတိုက်ပွဲဟာ ဆုံးဖြတ်ချက်မချနိုင်တဲ့လူတွေကို အာရုံစိုက်တာဖြစ်တယ်။ အဲသလိုလူတွေကို ဆုံးဖြတ်ချက်မချနိုင်သေးတဲ့မဲပေးသူ၊ ဒါမှမဟုတ် ပေါလောမျောနေတဲ့ မဲပေးသူတွေလို့ခေါ်တယ်။ အဲသလိုလူတွေကိုစည်းရုံးနိုင်ဖို့အတွက် သီးသန့်ပစ်မှတ်အုပ်စုတွေကို ချိန်ရွယ်တဲ့အထူးသတင်းစကားတွေ၊ ပြုလွယ်ပြင်လွယ်တဲ့နည်းလမ်းတွေလိုတယ်။

ခင်ဗျားတို့ရဲ့ပါတီထဲက မဲဆန္ဒရှင်တွေကိုပဲသုံးအုပ်စုခွဲပါ။ အဲဒီအုပ်စုသုံးခုကတော့ –



– ခင်ဗျားတို့စည်းရုံးလို့ရမယ့် အရည်အသွေးရှိ မဲပေးသူတွေပဲဖြစ်တယ်။ အကြောင်းကတော့ အဲဒီလူတွေဟာ တခြားပါတီကိုမဲပေးဖို့စဉ်းစားနေကြလို့ပဲ။ ဒါဟာတကယ့်စစ်မြေပြင်ပဲဖြစ်တယ်။

– မဲထည့်ချင်မှထည့်မယ့် အားနည်းမဲပေးသူတွေ။ အဲဒီလူတွေဟာ တခြားပါတီကိုမဲပေးဖို့စဉ်းစားနေကြတဲ့လူတွေမဟုတ်ဘူး။ အဲဒီလူတွေဟာ တကယ်တော့ထပြီး မဲသွားထည့်နိုင်တယ်။

– ဒီအုပ်စုက မဲပေးသူတွေကတော့ ကမ်ပိန်းအတွက် ဘယ်လိုပဲဖြစ်ဖြစ်စည်းရုံးလို့ရနိုင်တဲ့သူတွေ ကိုယ့်ပါတီကိုမဲထည့်မယ့် အမာခံမဲထည့်သူတွေဖြစ်တယ်။

ဒီသုံးချက်ကိုကြည့်ရင် ခင်ဗျားတို့ဟာ အရည်အသွေးပြည့်မဲတွေနဲ့ အားနည်းမဲတွေအပေါ်မှာ ခင်ဗျားတို့ရဲ့စွမ်းအင်တွေနဲ့ ဘဏ္ဍာရေးနည်းနာတွေကို အများဆုံးအသုံးချရမှာဖြစ်တယ်။ အားနည်းတဲ့မဲပေးသူတွေကို စိတ်ပိုင်းမြှင့်တင်ပေးပြီး မဲသွားပေးအောင်လုပ်လို့ရတယ်။ အရည်အသွေးရှိတဲ့မဲပေးသူတွေကိုတော့ ခင်ဗျားတို့ပါတီအတွက် မဲသွားပေးလို့ရအောင်လုပ်နိုင်တယ်။ ဒီအချက်ဟာအရေးကြီးတဲ့အချက်ပဲ။ မော်ဒန်ဒီမိုကရေစီခေတ်မှာ ပါတီတွေဟာသူတို့ရဲ့အခြေခံအထောက်အပံ့တွေကို ယေဘုယျအားဖြင့်မှီခိုရတယ်။ ဒါတင်မကဘူး။ ဆုံးဖြတ်ချက်မချနိုင်သေးတဲ့ မဲပေးသူအရေအတွက်ပေါ်မှာလည်း မှီတည်ရတယ်။ ဒီနေရာမှာ စွန့်စားရမယ့်အချက်တစ်ခုရှိတယ်။ အဲဒီအချက်ကတော့ ခင်ဗျားတို့ရဲ့ 'အမာခံ' မဲပေးသူတွေကို လစ်လျူရှုမိတဲ့အချက်ပဲဖြစ်တယ်။ ဒီအချက်ကို ဘယ်လိုပဲဖြစ်ဖြစ်လုံးဝလစ်လျူရှုလို့မရဘူး။ ခင်ဗျားတို့ရဲ့အမာခံစခန်းမရှိတော့ဘူးဆိုရင် ခင်ဗျားတို့ရဲ့ကမ်ပိန်းပျက်သုဉ်းသွားလိမ့်မယ်။ ဒီအချက်ကို လုံးဝထေမိဖို့အတွက် ကမ်ပိန်းထဲမှာခင်ဗျားတို့ရဲ့ သတင်းစကားပျံ့နှံ့အောင်ကူညီပေးမယ့် အောက်ခြေကထောက်ပံ့သူတွေလိုတယ်။ ဆိုချင်တဲ့အဓိပ္ပါယ်က ခင်ဗျားတို့ရဲ့အဓိကသတင်းစကားကိုစဦးအဆင့်မှာပဲအချိန်အတော်ကြာကြာယူပြီး နားလည်အောင်လုပ်ခြင်းပဲဖြစ်တယ်။ အဲသလိုလုပ်မှသာ အဲဒီအောက်ခြေကထောက်ပံ့သူတွေကိုယ်နှိုက်က ကမ်ပိန်းဖော်ဆောင်နေတဲ့အခါမှာ ခင်ဗျားတို့

ရဲ့သတင်းစကားကိုဖြန့်ဖြူးတဲ့သူတွေဖြစ်လာနိုင်မယ်။

## အဆင့် ၂ သီးသန့်ပစ်မှတ်အုပ်စုများကို ခွဲခြားခြင်း

ခင်ဗျားတို့ရဲ့သီးသန့် မဲပေးသူတွေထဲမှာပဲ သီးသန့်ပစ်မှတ်အုပ်စုတွေကို ခွဲခြမ်းစိတ်ဖြာလို့ရတယ်။ ပြီးတဲ့အခါမှာ သူတို့တွေအတွက် သတင်းစကားကို ဖန်တီးနိုင်တယ်။ ထုံးတမ်းနိုင်ငံရေးပါတီတွေဟာ ခေတ်မမှီတော့ဘူး။ အဲဒီပါတီတွေဟာ (အလုပ်သမားတွေ၊ အလုပ်ရှင်တွေ၊ လူနည်းစု၊ ဒါမှမဟုတ် ဘာသာရေးအုပ်စုတွေ) စတဲ့ရှင်းရှင်းလင်းလင်း ဖော်ပြထားတဲ့ လူမှုလူတန်းစားတွေရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုတဲ့ ကြီးမားတဲ့လှုပ်ရှားမှုတွေဖြစ်တယ်။ ဒါပေမယ့် မဲပေးသူတွေဟာ အဲသလို ပါတီတွေကနေ တဖြည်းဖြည်းနဲ့ဝေးကွာလာကြတယ်။ ရှင်းလင်းပြတ်သားတဲ့ သဘာဝအထောက်အပံ့အုတ်မြစ်တွေကို တင်ပြတဲ့အတိတ်ကပါတီတွေဟာ အခုခေတ်မှာ (ရုပ်ဝတ္ထု၊ ဒါမှမဟုတ် အိုင်ဒီအိုလိုဂျီဆိုင်ရာ) ထူးခြားတဲ့နှောင်ကြိုးတွေနဲ့ဆက်စပ်နေတဲ့ ပစ်မှတ်အုပ်စုတွေကို ဂရုစိုက်လာကြတယ်။ အဲဒီပါတီတွေဟာ မဲအများဆုံးရနိုင်ဖို့အတွက်ကို မျှော်လင့်လာကြတယ်။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ပစ်မှတ်အုပ်စုတွေထက် စိတ်ဝင်စားမှု၊ စိုးရိမ်သောကနဲ့ ချိတ်ဆက်အလုပ်လုပ်ရမှာဖြစ်လို့ပဲ။ အဲသလိုလုပ်ဖို့အတွက် ခင်ဗျားတို့ဟာ ရွေးကောက်ပွဲ အစီအစဉ်တွေကို ရေးဆွဲတဲ့အခါမှာတောင် ဘယ်လိုပစ်မှတ်အုပ်စုတွေကို ပစ်မှတ်ထားမလဲဆိုတာကို ဆုံးဖြတ်ရမယ်။ ဥပမာပေးရမယ်ဆိုရင် နိုင်ငံရေးပါတီတစ်ခုဟာ ကျန်းမာရေးစောင့်ရှောက်မှုအလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာနဲ့ပတ်သက်တဲ့ ပိုကောင်းတဲ့ဘဏ္ဍာရေးအခြေအနေအတွက် ရုန်းကန်ချင်တယ်ဆိုပါတော့။ အဲဒီပါတီရဲ့ပစ်မှတ်အုပ်စုတွေထဲမှာ ကျန်းမာရေးစောင့်ရှောက်မှုအလုပ်သမားတွေပါဝင်ရမယ်။ ပြီးတဲ့အခါမှာ ကျန်းမာရေးစောင့်ရှောက်မှုအပေါ်မှီခိုနေရတဲ့သူတွေပါဝင်ရမယ်။ ဒီအချက်ကိုသိတဲ့ အခါမှာ ပါတီဟာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းတွေနဲ့ ဌာနတွေဆီ သွားရောက်စုံစမ်းနိုင်တယ်။ ပစ်မှတ်အုပ်စုတွေနဲ့



သက်ဆိုင်တဲ့ ဈေးကွက်ရှာတဲ့ကိစ္စတွေကို အာရုံစိုက်နိုင်တယ်။ ဘယ်လိုမီဒီယာတွေကိုအသုံးပြုရမလဲဆိုတာကို ဆုံးဖြတ်ချက်ချနိုင်တယ်။ ပစ်မှတ်အုပ်စုထဲမှာပါတဲ့လူတွေကို လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ခန့်အပ်နိုင်တယ်။

## စံသတ်မှတ်ထားတဲ့ ပစ်မှတ်အုပ်စုများ၏ အရေအတွက်

ရွေးကောက်ပွဲကမ်ပိန်းတွေမှာ လူငယ်တွေ၊ လူကြီးတွေ၊ လူနည်းစုလူမျိုးတွေနဲ့ အမျိုးသမီးတွေဟာ ယေဘုယျပစ်မှတ်အုပ်စုတွေဖြစ်တယ်။ အဲဒီလူတွေအတွက် ခင်ဗျားတို့ဟာ ခင်ဗျားတို့ရဲ့ ခြုံငုံအဓိကသတင်းစကားဘောင်ထဲကနေ သူတို့အတွက် သီးသန့်သတင်းစကားတွေကို ဖန်တီးလို့ရတယ်။ ပစ်မှတ်အုပ်စုတစ်ခုချင်းစီတိုင်းအတွက် ခင်ဗျားတို့သုံးမယ့် မီဒီယာစာရင်းကိုလည်းပြုစုသင့်တယ်။ ဒါ့အပြင်ခင်ဗျားတို့အတွက် အစိုးရိမ်ရဆုံးပြဿနာတွေကိုလည်း စာရင်းပြုစုသင့်တယ်။ ပြီးတဲ့အခါမှာ သူတို့သုံးတဲ့ဘာသာစကားတွေကိုလည်း မှတ်တမ်းတင်ထားရမယ်။ ယေဘုယျပစ်မှတ်အုပ်စုတွေကတော့ အောက်မှာပါတဲ့အတိုင်းပဲဖြစ်တယ်။

### လူငယ်များ

လူငယ်တွေကို ခင်ဗျားတို့စည်းရုံးချင်တယ်ဆိုရင် အဲဒီလူငယ်တွေကို ခင်ဗျားတို့ပါတီက အုပ်စုတစ်ခုအနေနဲ့ယူဆတယ်ဆိုတာကို ပြဖို့အရေးကြီးတယ်။ ခင်ဗျားတို့ရဲ့ရွေးကောက်ပွဲသတင်းစကားထဲမှာ သူတို့တွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးမယ်လို့ ရေးသားပြီးလည်း သူတို့တွေကိုစည်းရုံးလို့ရတယ်။ အဲဒီလူငယ်တွေက စိတ်ဝင်စားတဲ့ပြဿနာကိစ္စတွေကိုရှာဖွေကြပြီး စည်းရုံးလို့လည်းရတယ်။ ပါလီမန်မှာ နေရာရဖို့အတွက် လူငယ်လွှတ်တော်အမတ်တွေကို နာမည်စာရင်းပေးသွင်းခြင်းအားဖြင့်လည်း သူတို့ကိုစည်းရုံးလို့ရတယ်။ အဲသလိုလုပ်ခြင်းအားဖြင့် နိုင်ငံရေးနဲ့ ခင်ဗျားတို့ရဲ့ပါတီဟာ လူငယ်တွေရဲ့နှလုံးသားကို ဆွဲဆောင်နိုင်လိမ့်မယ်။

တကယ်တော့ ဒီလူငယ်အုပ်စုဆိုတာ သိပ်ကိုကွဲပြားခြားနားပြီး

အမျိုးအစားစုံလင်တဲ့အုပ်စုဖြစ်တယ်။ သူတို့တွေဟာ ပညာအဆင့်အတန်း မတူကြသလို ယဉ်ကျေးမှုခြင်းလည်းကွဲပြားခြားနားကြတယ်။ တက္ကသိုလ်ကျောင်းသားတွေဟာ လူငယ်အလုပ်သမားတွေနဲ့ လုံးဝကွာခြားတယ်။ လူငယ်အများစုဟာ ဂီတ၊ အက၊ အားကစား၊ ပြဇာတ် စတာတွေကို စိတ်ဝင်စားတယ်။ သူတို့ဟာ မီဒီယာသစ်အားလုံးနဲ့အလုပ်လုပ်နေကြတယ်။ ဟော်လန်နိုင်ငံမှာဆိုရင် လူငယ်တွေထဲကတချို့ဟာ သဘာဝပတ်ဝန်းကျင်နဲ့ စိတ်ကျန်းမာရေးဆေးရုံပေါ်လစီတွေကို စိတ်ဝင်စားကြတယ်။ သီးသန့်လူငယ်အုပ်စုတွေအတွက် ရေးသားထားတဲ့ ဒီလိုကိစ္စပြဿနာတွေအကြောင်းကို လက်ကမ်းစာစောင်ပြုလုပ်သင့်တယ်။ ဘာကြောင့်လဲဆိုရင် လူငယ်တချို့ဟာ နိုင်ငံရေးဆွေးနွေးပွဲတွေကို သူတို့ဆန္ဒအလျောက်သွားကြတယ်။ နောက်ထပ်အရေးကြီးတဲ့တစ်ချက်က လူငယ်တွေဟာ ကျောင်းသားသမဂ္ဂ၊ လူမှုစာမျက်နှာ၊ ကျန်းမာရေးအသင်းအဖွဲ့၊ လူငယ်အသင်းအဖွဲ့၊ ညကလပ်စတဲ့နေရာတွေကိုသွားလေ့ရှိကြတယ်။ ဒါကြောင့်အဲဒီနေရာတွေကို ခင်ဗျားတို့သွားသင့်တယ်။ ပြီးတဲ့အခါမှာ သူတို့ရဲ့စိတ်ဝင်စားမှုတွေအကြောင်းကို သူတို့နဲ့ဆွေးနွေးသင့်တယ်။ ဒါပေမယ့် သူတို့မှာ အချိန်သိပ်မရှိလို့ ခင်ဗျားတို့ရဲ့သတင်းစကားတွေဟာ တိုတိုနဲ့ထိထိမိမိရှိဖို့လိုတယ်။

**အမျိုးသမီးများ**

အမျိုးသမီးတွေကို ပစ်မှတ်အုပ်စုအနေနဲ့ထည့်သွင်းစဉ်းစားတဲ့အခါမှာ သူတို့နဲ့သက်ဆိုင်တဲ့ သီးသန့်ပြဿနာတွေကို တင်ပြပြီးတော့ စည်းရုံးသင့်တယ်။ အမျိုးသမီးနိုင်ငံရေးသမားတွေဖြစ်လာနိုင်တယ်ဆိုတဲ့ သတင်းစကားနဲ့လည်းစည်းရုံးလို့ရတယ်။ နိုင်ငံအတော်များများမှာ ယောကျ်ား နဲ့မိန်းမ နိုင်ငံရေးသမားတွေကြားမှာ ခွဲခြားမှုတွေအများကြီးရှိတယ်။ ဒါကြောင့် ပါလီမန်မှာ အမျိုးသမီးလွှတ်တော်အမတ်တွေပိုပြီးနေရာရလာဖို့အတွက် မဲပေးသင့်တယ်ဆိုပြီးတော့ တိုက်တွန်းသင့်တယ်။ (တကယ်လို့ ခင်ဗျား တို့ရဲ့ပါတီမှာ အမျိုးသမီးလွှတ်တော်အမတ်တွေရှိမယ်ဆိုရင် အဲသလိုလုပ် လို့ရနိုင်တယ်။) ကလေးပြုစုစောင့်ရှောက်မှု၊ လုံခြုံရေး၊ အိမ်တွင်းအကြမ်းဖက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုစတာတွေနဲ့ ဘယ်လိုပေါင်းစပ်အလုပ်လုပ် မလဲဆိုတဲ့ကိစ္စဟာ အနောက်ဥရောပနိုင်ငံတွေက အမျိုးသမီးတွေအတွက် စိုးရိမ်သောကတွေဖြစ်တယ်။ ခင်ဗျားတို့ဘာပဲလုပ်လုပ် အမျိုးသမီးလွှတ်တော်အမတ်တွေရဲ့ပုံရိပ်ဟာ ခင်ဗျားတို့ပါတီထဲက အမျိုးသားလွှတ်တော်အမတ်တွေရဲ့ပုံရိပ်အတိုင်းပဲ ထင်ရှားသိသာနေဖို့လိုတယ်။ အမျိုးသမီးအရေအတွက်ဟာ မဲပေးသူ ၅၀% ရဲ့အထက်မှာရှိတယ်။



**မိဘများ**

မိဘတွေစိတ်ဝင်စားတဲ့ပြဿနာကိစ္စတွေကတော့ ကျောင်းပတ်ဝန်းကျင်လုံခြုံမှုနဲ့ ကလေးငယ်စောင့်ရှောက်မှု အစီအစဉ်တွေပဲဖြစ်တယ်။ ဒါပေမယ့်ဒီပြဿနာတွေကို တင်ပြတဲ့နေရာမှာ မိခင်တွေကိုပဲ ပစ်မှတ်ထားလို့မရဘူး။ ကျောင်းသွားတဲ့လမ်းမှာ အန္တရာယ်ရှိတဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေအကြောင်းကို မိဘတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ခင်ဗျားတို့စီစဉ်ရမယ်။ အဓိကပြဿနာတွေကို အဲဒီဆွေးနွေးပွဲမှာ ဖော်ထုတ်နိုင်ဖို့အရေးကြီးတယ်။ အဲဒီအစည်းအဝေးပွဲတွေကနေ ခင်ဗျားတို့ပါတီရဲ့အစီအစဉ်တွေမှာ ထည့်သွင်း ဖော်ပြရမယ့်အစီအစဉ်တွေကို ရရှိနိုင်တယ်။

## ကမ်ပိန်းမဟာဗျူဟာနိဂုံး

ပစ်မှတ်အုပ်စုများ၊ အဓိကပြဿနာများနဲ့ သတင်းစကား၊ နည်းဗျူဟာများနဲ့ နည်းလမ်းများ၊ ခေါင်းဆောင်မှု၊ ကမ်ပိန်းရည်ရွယ်ချက် စတာတွေဟာ ကမ်ပိန်းမဟာဗျူဟာအတွက် အရေးကြီးတဲ့အချက်တွေပဲဖြစ်တယ်။ တကယ်လို့ ဒီအချက်အလက်တွေသာပါမယ်ဆိုရင် ကောင်းမွန်တဲ့မဟာဗျူဟာတစ်ခုကို ခင်ဗျားတို့ဖန်တီးနိုင်လိမ့်မယ်။ အောက်မှာပြထားတဲ့ မဟာဗျူဟာ ဥပမာတွေကို ခင်ဗျားတို့သုံးနိုင်တယ်။

ခင်ဗျားတို့ဟာ ကမ်ပိန်းဖော်ဆောင်နေတဲ့အချိန်မှာ ခင်ဗျားတို့ကမ်ပိန်းဟာ ပြောင်းလဲမှုတွေကိုလုပ်ဖို့လိုနေပြီဆိုတာကို ထောက်ပြရမယ်။ ပြီးတဲ့ အခါမှာအဖွဲ့သစ်၊ ခေါင်းဆောင်သစ်တင်မြှောက်ပြီး ခင်ဗျားတို့ဆန့်

ကျင်နေတဲ့အရာတွေကို တိုက်ခိုက်ရမယ်။ ဒါ့အပြင် ပြောင်းလဲမှုကိုသတိပေးထားတဲ့အပေါင်းလက္ခဏာဆောင်တဲ့အချက်အလက်တွေပါတဲ့ အစီအစဉ်သစ်တွေကို တင်ပြရမယ်။ ဒီလိုမျိုးကမ်ပိန်းတွေအတွက် အခုဖော်ပြမယ့် ဆောင်ပုဒ်တွေလိုအပ်တယ်။ အဲဒီဆောင်ပုဒ်တွေကတော့ 'ဗြိတိန်ဟာပိုပြီးတော့ကောင်းမွန်လာဖို့လိုနေတယ်'၊ 'အားလုံးအတွက်ပိုကောင်းတဲ့ဘဝ'၊ 'အပေါင်းလက္ခဏာဆောင်သော မဲပေးခြင်း'၊ 'ဟော်လန်ဟာ ပိုပြီးတော့ကောင်းမွန်လာဖို့လိုနေတယ်'၊ 'ကျုပ်တို့လုပ်နိုင်တာပေါ့'၊ 'စွမ်းအင်သစ်'၊ 'သပ်ရပ်တဲ့နည်းလမ်း'။

နောက်ထပ်ခင်ဗျားတို့လုပ်နိုင်တဲ့ ဆန့်ကျင်မှုမဟာဗျူဟာတစ်ခုကတော့ အစိုးရကတာဝန်ယူလုပ်နေတဲ့ ပေါ်လစီရလဒ်တွေကို အနက်ရောင်နဲ့ရေးဆွဲဖော်ပြသင့်တယ်။ ဆိုချင်တဲ့အဓိပ္ပါယ်က အဲဒီလိုအနက်ရောင်နဲ့ဖော်ပြခြင်းအားဖြင့် ခင်ဗျားတို့နိုင်ငံဟာ တခြားသောပါတီတွေအုပ်ချုပ်တဲ့နိုင်ငံထက် ပိုပြီးဘယ်လောက်ထိဆိုးရွားနေလဲဆိုတာကို မြင်နိုင်တဲ့အချက်ပဲ။ အဲသလိုလုပ်ခြင်းအားဖြင့် ခင်ဗျားတို့ဟာ ခင်ဗျားတို့ပါတီအတွက်မဲတွေကိုရရှိနိုင်တယ်၊ ပြီးတဲ့အခါမှာ ကံကြမ္မာဆိုးတွေကိုလည်း ခင်ဗျားတို့ပါတီက ပြောင်းလဲပေးနိုင်မယ်လို့ မဲပေးသူတွေက ယုံကြည်လာမယ်။ အဲသလိုကမ်ပိန်းမျိုးတွေအတွက် 'ဆန့်ကျင်ပြီးမဲပေးကြ'၊ 'ဟော်လန်နိုင်ငံရဲ့အစွလာမ်ဘာသာကူးပြောင်းပုံဖော်မှုကို ရပ်တန့်ကြ'၊ 'လက်ရှိအုပ်ချုပ်ရေးစနစ်ကို မထောက်ခံကြနဲ့'၊ 'အလုပ်ဆိုတာအလုပ်လုပ်ခြင်းမဟုတ်ဘူး'။

တခြားတစ်ဖက်မှာကျတော့ တကယ်လို့ ခင်ဗျားတို့ပါတီဟာ အစိုးရအုပ်ချုပ်မှုထဲမှာပါနေတယ်ဆိုရင် ဒါမှမဟုတ် ခင်ဗျားတို့ပါတီဟာလည်းပြုပြင်ပြောင်းလဲမှုလုပ်ဖို့ လိုအပ်နေတယ်ဆိုရင် ခင်ဗျားတို့ဟာ ပြုပြင်ပြောင်းလဲမှုအောင်မြင်ဖို့အတွက် ဦးဆောင်ရလိမ့်မယ်။ အဲသလိုကမ်ပိန်းမျိုးတွေအတွက် 'ဝန်ကြီးချုပ်သူ့အလုပ်ပြီးအောင်လုပ်ပါစေ'၊ 'တော်တော်များများကိုအောင်မြင်အောင်ဆောင်ရွက်ပြီးပြီ၊ တော်တော်များများလည်းလုပ်ဖို့ကျန်သေးတယ်'၊ 'ကျန်ခဲ့တဲ့လေးနှစ်ကထက် ခင်ဗျားတို့ပိုပြီးကောင်းအောင်လုပ်နိုင်ခဲ့သလား'။ မဲပေးသူတော်တော်များများဟာ လေးနှစ်ဆိုတဲ့



အချိန်ကာလကို ကြာရှည်ခံတဲ့ ပေါ်လစီတွေ ဖန်တီးဖို့ သိပ်တိုတောင်းတဲ့ကာလဖြစ်တယ်ဆိုပြီး နားလည်ထားတယ်။ ဒါ့အတွက်မဲပေးသူတွေဟာ ပထမကာလမှာ အစပျိုးအောင်မြင်မှုတွေရနိုင်ဖို့အတွက် ခင်ဗျားတို့ကို ထောက်ပံ့ပေးထားတယ်။ ဒါဟာ ခင်ဗျားတို့ကို မဲပေးသူတွေကပေးတဲ့ ဒုတိယအခွင့်အရေးပဲဖြစ်တယ်။ ဒီအချက်ကို ခင်ဗျားတို့ သဘောပေါက်ထားဖို့လိုတယ်။

ပါတီတော်တော်များများဟာ လူတွေကို ခြောက်လှန့်ပြီးရွေးကောက်ပွဲမှာ အနိုင်ရဖို့ကြိုးစားကြတယ်။ အဲသလိုပါတီတွေဟာ သူတို့နဲ့ဆန့်ကျင်ဘက်ပါတီတွေရဲ့ မဲဆန္ဒနယ်တွေမှာ ပြုမူကျင့်ကြံနေကြတဲ့ သံသယဖြစ်ဖွယ်လုပ်ရပ်တွေကိုဖော်ထုတ်ကြတယ်။ ပြီးတဲ့အခါမှာ အဲဒီလုပ်ရပ်တွေနဲ့ မဲပေးသူတွေကို ခြိမ်းခြောက်ကြတယ်။ ဥပမာပြောရမယ်ဆိုရင် ဆိုရှယ်ဒီမိုကရက်တစ်တွေဟာ ခြစားဖို့အတွက် အခွန်အကောက်ကို မြှင့်ချင်ကြတယ်ဆိုပြီးတော့ စွပ်စွဲခံရတယ်။ ကွန်ဆာဗေးတစ်တွေနဲ့ လစ်ဘရယ်တွေကျတော့လည်း အစိုးရရဲ့အသုံးစရိတ်တွေကို အမြဲဖြတ်တောက်ချင်ကြတယ်၊ ပြီးတော့ ချမ်းသာတဲ့လူတွေရဲ့ အကျိုးစီးပွားကိုထောက်ပံ့ပေးချင်ကြတယ်ဆိုပြီးတော့ စွပ်စွဲခံကြရတယ်။ လူတွေရဲ့အကြောက်တရားပေါ်မှာ အထိုင်ချထားတဲ့ ဆောင်ပုဒ် ကတော့ 'အမှောင် ၉၀ ခုနှစ်များဆီ မပြန်ကြနဲ့'(ဆားဗီးယန်းဒီမိုကရက်တစ်ပါတီရဲ့ ဆောင်ပုဒ်ပဲဖြစ်တယ်။) နောက်ဥပမာတစ်ခုကတော့ 'လုပ်အားသစ်၊ အန္တရာယ်သစ်)။

နောက်ဆုံးအနေနဲ့ မဟာဗျူဟာတစ်ခုလုံးဟာ ခေါင်းဆောင်ရဲ့ပေါ်လွင်ထင်ရှားမှုအပေါ်မှာ လုံးဝတည်မှီနေတယ်။ တကယ်လို့ ခေါင်းဆောင်ဟာ ကျန်ခဲ့တဲ့နှစ်အုပ်ချုပ်ရေးပိုင်းမှာ အောင်မြင်တဲ့ဝန်ကြီးချုပ်ဖြစ်ခဲ့မယ် ဆိုရင်အဲဒီခေါင်းဆောင်ဟာ မဟာဗျူဟာအတွက် သိပ်ကိုထိရောက်တယ်။ လူထုကြားမှာရှိတဲ့ ခေါင်းဆောင်ရဲ့ပုံရိပ်ဟာ ဒီလိုကမ်ပိန်းတွေအတွက် အဓိကကျတဲ့ စင်မြင့်တစ်ခုဖြစ်တယ်။ 'Ike ကိုငါကြိုက်တယ်'၊ 'kok ကိုရွေးချယ်ပါ'၊ 'Lubbers တွေသူတို့အလုပ်ပြီးမြောက်အောင်လုပ်ပါစေ' စတဲ့ ဆောင်ပုဒ်တွေဟာ စောစောကပြောတဲ့

ကမ်ပိန်းတွေအတွက် ဥပမာ ဆောင်ပုဒ်တွေဖြစ်တယ်။ ၂၀၀၃ ခုနှစ် ဟော်လန်ရွေးကောက်ပွဲတွေမှာ PvdA ဟာ Wouter Bos' PvdA အတွက် မဲပေးသူတွေဟာ မဲပေး သင့်တယ်လို့ စနစ်တကျဖော်ထုတ်ခဲ့တယ်။

နိုင်ငံရေးအဆက်အစပ်ဟာ ကမ်ပိန်းဖော်ဆောင်နေတဲ့ကာလအတွင်း မှာပြောင်းလဲနိုင်ခြေရှိတယ်။ နိုင်ငံရေးဆိုင်ရာပြဿနာအသစ်တွေပေါ်လာ နိုင်တယ်၊ ဒါမှမဟုတ်ပြင်ပအခြေအနေတွေကြောင့် ပါတီရဲ့လူကြိုက်များမှု တက်လာနိုင်တယ်၊ ဒါမှမဟုတ် လျော့ကျသွားနိုင်တယ်။ ကမ်ပိန်းအစပိုင်းမှာဖော်ဆောင်ထားတဲ့ မဟာဗျူဟာကို ပြောင်းလဲဖို့လိုချင်လိုနိုင်တယ်။ ဥပမာပြရရင် ၂၀၀၃ ခုနှစ် ဒတ်ချ်ရွေးကောက်ပွဲတွေမှာ PvdA ဟာကမ်ပိန်းကာလ အလယ်လောက်မှာ သူ့ရဲ့မဟာဗျူဟာကိုပြောင်းလဲခဲ့တယ်။ အရင်ရွေးကောက်ပွဲမှာ လစ်လပ်ခဲ့တဲ့ လွှတ်တော်ထဲကနေရာတွေကို ပြန်ရဖို့ အရင်ကချမှတ်ခဲ့တဲ့ ပန်းတိုင်ကို PvdA က ပြောင်းလဲခဲ့တယ်။ ကမ်ပိန်းရေချိန်တက်လာလေလေ ပါတီဟာ မဲဆွယ်တဲ့နေရာမှာ မမျှော်လင့်ဘဲ ရလဒ်ကောင်းတွေရခဲ့တယ်။ ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုမှာ PvdA ရဲ့ပန်းတိုင်ကိုပြောင်းလဲလိုက်တာကြောင့် အကြီးမားဆုံးပါတီတစ်ခုဖြစ်ခဲ့တယ်။ PvdA ရဲ့ခေါင်းဆောင်ဟာ ဝန်ကြီးချုပ်ဖြစ်လာတယ်။ ၂၀၀၆ ခုနှစ်မှာတော့ ဒီပုံစံနဲ့မတူတော့ဘူး။ အဲဒီအချိန်တုန်းက PvdA ဟာ အကြီးမားဆုံးပါတီဖြစ်ဖို့နဲ့ ဝန်ကြီးချုပ်နေရာရဖို့ ရည်ရွယ်ပြီး ကမ်ပိန်းလုပ်ခဲ့တယ်။ တိုင်းပြည်ရဲ့အနာဂတ်နဲ့ပတ်သက်ပြီး ကမ်ပိန်းသတင်းစကားရေးခဲ့တယ်။ ကမ်ပိန်းဖော်ဆောင်မှုအပြီးမှာ မျှော်မှန်းထားတဲ့ လွှတ်တော်အမတ်အရေအတွက်ကို လျှော့ချဖို့မဟာဗျူဟာကိုကျွန်တော်တို့ရဲ့ ဒီမိုကရက်တစ်အဓိကတန်ဖိုးတွေနဲ့ချိတ်ဆက်သတင်းစကားရေးပြီး ပြောင်းလဲခဲ့တယ်။

## မဟာဗျူဟာလေ့ကျင့်ခန်းများ

– ခေါင်းဆောင်မှုပိုင်းနဲ့ပတ်သက်ရင် အမေးအဖြေကဏ္ဍဟာ ခင်ဗျားတို့ရဲ့တင်ပြမှုမှာသုံးရင်ထိရောက်တယ်။ ခေါင်းဆောင်မှုအရည်အသွေးတွေကို



ရေးထားတဲ့ စာရွက်ကိုမပြခင်မှာ ခင်ဗျားတို့ဟာ ခေါင်းဆောင်ကလွဲပြီး နိုင်ငံထဲကလူတွေကို ဘယ်လိုထင်သလဲဆိုတာကို အဲဒီအုပ်စုကိုမေးရမယ်။ အဲဒီအရည်အသွေးတွေကို စာရွက်ပေါ်မှာ စာရင်းပြုစုပါ။ ပြီးတဲ့အခါမှာ ခင်ဗျားရဲ့တင်ပြမှုအတွက် ပြင်ဆင်ထားတဲ့ စာရွက်ပေါ်ကအရည်အသွေးတွေကို သူတို့ကိုပြလိုက်ပါ။

– ခေါင်းဆောင်မှုအရည်အသွေးတွေရရှိအောင်မြင်ဖို့အတွက် လက်တွေ့ကျတဲ့နည်းလမ်းနဲ့ ရည်မှန်းချက်တွေကိုဖော်ထုတ်ပါ။ လူသုံးယောက်၊ ဒါမှမဟုတ်ဘူးဆိုရင် လူခြောက်ယောက်ပါတဲ့ အုပ်စုလေးတွေဖွဲ့ပါ။ အဲဒီလူတွေရဲ့အတွေ့အကြုံမှာ မူတည်ပြီး ယေဘုယျပန်းတိုင်ကို ဖော်ထုတ်ခိုင်းပါ။ ဒါပေမဲ့ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ပန်းတိုင်တွေတော့ ဖြစ်စရာမလိုဘူး။ သင့်တင့်မျှတတဲ့ ပန်းတိုင်တွေဖြစ်ရင် ရပြီ။ တကယ်လို့အဲဒီလူတွေဟာ သူတို့ဖော်ထုတ်တဲ့ပန်းတိုင်တွေနဲ့ တိုက်ရိုက်ဆက်စပ်မှုရှိရင် (မြို့ကောင်စီရဲ့အဖွဲ့ဝင်တွေအတွက် မြို့နဲ့ပတ်သက်တဲ့ပြဿနာတွေလို)၊ တကယ်လို့ သင်တန်းသားတွေဟာ လူငယ်တွေဆိုရင် သူတို့နဲ့ပတ်သက်တဲ့ပြဿနာဖြစ်ဖို့လိုတယ်။ (အများဆုံးနာရီဝက်) သတ်မှတ်ချိန်အတွင်းမှာ ဖော်ဆောင်ရွေးချယ်ထားတဲ့ ပန်းတိုင်တွေကို နားလည်သဘောပေါက်ဖို့အတွက် ခင်ဗျားတို့က သူတို့ကို မဟာဗျူဟာကောက်ကြောင်းတွေပေးရမယ်။ အဲဒီနောက်မှာ ခင်ဗျားတို့ဟာ အပေါ်မှာဖော်ပြထားတဲ့ လိုအပ်ချက်အားလုံးနဲ့ သူတို့ရဲ့ပန်းတိုင်တွေ ကိုက်ညီမှုရှိသလား၊ မရှိဘူးလားဆိုတာကို စစ်ဆေးရမယ်။ အရင်ကသူတို့ဖော်ဆောင်ထားတဲ့ ပန်းတိုင်နဲ့ကိုက်ညီမှုရှိအောင် ချိန်ညှိပေးရမယ်။

– တကယ်လို့သူတို့မှာအတွေ့အကြုံမရှိဘူးဆိုရင် ဒီလေ့ကျင့်ခန်းကို အစိတ်အပိုင်းသေးသေးလေးတွေဖြစ်သွားအောင် လုပ်လို့ရတယ်။ ဥပမာပြရမယ်ဆိုရင်

(၁) အုပ်စုငယ်လေးတွေကို ပန်းတိုင်ကိုရေးဆွဲခိုင်းပါ။ ပြီးတဲ့အခါမှာ

သူတို့ရေးဆွဲထားတဲ့ပန်းတိုင်တွေကို အဖွဲ့ကိုတင်ပြခိုင်းပါ။ ဘယ်သူက ဆုံးဖြတ်ချက်ချတဲ့သူတွေဖြစ်တယ်၊ ဘယ်သူ့ကိုရွေးချယ်တယ်ဆိုတာကို ခွဲခြမ်းစိစစ်ပါ။

(၂) ပစ်မှတ်၊ ဆုံးဖြတ်ချက်ချသူတွေရဲ့ ကိုယ်ရေးအကျဉ်းကိုအုပ်စုငယ်ကလေးတွေလုပ်ပါစေ။ ပြီးတဲ့အခါမှာ အကြံဉာဏ်အတွက် အုပ်စုကြီးကို တင်ပြခိုင်းပါ။

(၃) (မရင်းနှီးတဲ့ဖုန်းခေါ်ဆိုမှုတွေ၊ စာတွေ၊ ကွန်ရက်တွေ၊ ဆွေးနွေးပွဲတွေ၊ ဆန္ဒပြမှုတွေ၊ သတင်းစာဆောင်းပါးတွေ) စတဲ့ ဖြစ်နိုင်သမျှနည်းလမ်းအားလုံးနဲ့ပတ်သက်ပြီး သေသေချာချာဆွေးနွေးငြင်းခုံမှုပြုလုပ်ပါစေ။

(၄) (နောက်တစ်ကြိမ်ပါတီညီလာခံမလုပ်ခင်အချိန်ထိ ရွေးကောက်ပွဲကမ်ပိန်းအချိန်ကာလအတွက်) ရောက်လာတော့မယ့်အနာဂတ်အတွက် လုပ်ဆောင်ရမယ့်အစီအစဉ်တွေကို လုပ်ဆောင်ခိုင်းပါ။

– ပြိုင်ဆိုင်မှုတွေကို လုပ်ခိုင်းပါ။ ပရိသတ်အုပ်စု ငါးစုခွဲပါ။ ကမ်ပိန်းဖော်ဆောင်မယ့်နေရာမှာ သူတို့တွေသုံးမယ့် အနည်းဆုံးအစီအစဉ်သုံးခုကိုဖော်ထုတ်ခိုင်းပါ။ အကောင်းဆုံးအစီအစဉ်ကို ဆုပေးပါ။

– အဓိကပြဿနာ သုံးခုကနေငါးခုပါတဲ့ဆောင်ပုဒ်၊ အနည်းဆုံးဆောင်ပုဒ်တစ်ခုပါတဲ့ ကမ်ပိန်းသတင်းစကားတစ်ခုကို ဖန်တီးခိုင်းပါ။

– ခင်ဗျားတို့ပါတီအတွက်အရေးကြီးတဲ့ ပစ်မှတ်အုပ်စုကို ဖော်ထုတ်ခိုင်းပါ။ ခင်ဗျားတို့ရဲ့သင်တန်းမှာ ဘယ်အရာကပစ်မှတ်အုပ်စုရဲ့စရိုက်လက္ခဏာတွေဖြစ်တယ်၊ ဘာ့ကြောင့် ဒီပစ်မှတ်အုပ်စုဟာ ခင်ဗျားတို့ပါတီအတွက် အရေးကြီးရသလဲဆိုတာကို ရှင်းပြပါ။ ပြီးတဲ့အခါမှာကမ်ပိန်းလှုပ်ရှားမှုတစ်ခု၊ သင့်တော်တဲ့ကမ်ပိန်း ကိရိယာတန်ဆာပလာတစ်ခု၊ ဒီပစ်မှတ်အုပ်စုအတွက် သတင်းစကားအသေးတစ်ခုကိုစဉ်းစားခိုင်းပါ။



## ခင်ဗျားတို့ရဲ့ပြိုင်ဘက်ကိုသိပါ၊ SWOT ခွဲခြမ်းစိတ်ဖြာမှု

ခင်ဗျားတို့ရဲ့ကမ်ပိန်းမစခင်မှာ SWOT ခွဲခြမ်းစိတ်ဖြာမှုလုပ်ဖို့ အရေးကြီးတယ်။ အဲဒီခွဲခြမ်းစိတ်ဖြာမှုကရတဲ့ အချက်အလက်တွေနဲ့ ခင်ဗျားတို့ရဲ့မဟာဗျူဟာကို အုတ်မြစ်ချရမှာဖြစ်တယ်။ အဲဒီခွဲခြမ်းစိတ်ဖြာမှုထဲမှာ ခင်ဗျားတို့ပါတီနဲ့ဆက်နွှယ်နေတဲ့ အခွင့်အရေးတွေ၊ ခြိမ်းခြောက်မှုတွေ၊ အားနည်းချက်တွေ၊ အားသာချက်တွေ အားလုံးကို စာရင်းပြုစုပါ။ အားနည်းချက်တွေ၊ အားသာချက်တွေဟာ အတွင်းအချက်အလက်တွေဖြစ်တယ်။ ဒါတွေဟာ ခင်ဗျားတို့ပါတီရဲ့ စရိုက်လက္ခဏာတွေဖြစ်တယ်။ ခင်ဗျားတို့ရဲ့နိုင်ငံရေးသမားတွေဟာ ဘယ်လောက်တောင်စွမ်းဆောင်နိုင်သလဲ၊ ခင်ဗျားတို့မှာ ဘဏ္ဍာရေးဘယ်လောက်၊ လုပ်အားပေးဘယ်နှစ်ယောက်ရှိသလဲ။ ဒါတွေဟာ အတွင်းအချက်အလက်တွေဖြစ်တယ်။ ခင်ဗျားတို့ပါတီရဲ့ အပြင်ဘက်မှာ ဘာတွေဖြစ်ပျက်နေသလဲ၊ တခြားပါတီက ဘယ်လိုလှုပ်ရှားနေသလဲ၊ စီးပွားရေးအခြေအနေကရောဘယ်လိုလဲ၊ မီဒီယာတွေကရော ဘယ်လိုအခန်းကဏ္ဍမှာပါနေသလဲ ဒီမေးခွန်းတွေဟာ အပြင်အချက်အလက်တွေဖြစ်တယ်။

SWOT ခွဲခြမ်းစိတ်ဖြာမှုလုပ်တဲ့အခါမှာ အောက်မှာပါတဲ့အချက်တွေကို ကိုယ်တိုင်အမြဲတမ်းမေးသင့်တယ်။

(၁) ငါတကယ့်ကို ရိုးသားရဲ့လား။ ငါမှတ်ထားတဲ့ဟာတွေကရော မှန်ကန်ရဲ့လား။

(၂) ငါသုံးနေတဲ့ အရင်းအမြစ်တွေဟာ ရည်မှန်းချက်ပန်းတိုင်နဲ့ ကိုက်ညီရဲ့လား။

(၃) ငါ့ရဲ့ SWOT ခွဲခြမ်းစိတ်ဖြာမှုဟာ ဝေဝါးနေသလား။ ဒီခွဲခြမ်းစိတ်ဖြာမှုဟာ လက်တွေ့ကျင့်သုံးလို့ကောရရဲ့လား။

**ဇယား (၁)**

| | |
|---|---|
| အတွင်း (ပါတီတွင်းမှာ ဖြစ်ပျက်နေသောအရာအားလုံး) | |
| အတွင်းအားသာချက်များ<br>၁ –<br>၂ –<br>၃ – | အတွင်းအားနည်းချက်များ<br>၁ –<br>၂ –<br>၃ – |
| ပြင်ပအခွင့်အရေးများ<br>၁ –<br>၂ –<br>၃ – | ပြင်ပခြိမ်းခြောက်မှုများ<br>၁ –<br>၂ –<br>၃ – |
| အပြင် (ပါတီလှုပ်ရှားနေသာလူ့အဖွဲ့အစည်းထဲမှာ ဖြစ်ပျက်နေသည့် ဆက်စပ်အခြေအနေ) | |



## PvdA ရဲ့ ၂၀၀၃ ခုနှစ်ရွေးကောက်ပွဲအတွက် SWOT ခွဲခြမ်းစိတ်ဖြာမှုဥပမာ

အတွင်းအားသာချက်များ – ခေါင်းဆောင်သစ်၊ လွှတ်တော်အမတ်သစ် ခိုင်မာတဲ့ လူမှုရေးနဲ့စီးပွားရေးစီမံကိန်းများ၊
အတွင်းအားနည်းချက်များ – ၂၀၀၂ ခုနှစ် ရွေးကောက်ပွဲ ရှုံးမှုကြောင့် မဲပေးသူများရဲ့ ဝေဝါးမှု၊ ဘဏ္ဍာရေးချို့တဲ့မှု၊ ကမ်ပိန်းအဖွဲ့အတွေ့အကြုံနည်းမှု၊
အပြင်အခွင့်အရေးများ – ပါတီရဲ့ပုံရိပ်ကောင်းမွန်မှု၊ အစိုးရအဖွဲ့ရဲ့လုပ်ဆောင်မှုများ ပေါ်လွင်ထင်ရှားမှုမရှိခြင်း၊ အလုပ်လက်မဲ့တိုးလာခြင်း၊ စီးပွားရေးကျဆင်းမှုကို ကြောက်ရွံ့ခြင်း။
ပြင်ပခြိမ်းခြောက်မှုများ – မဲပေးသူအတော်များများက ပါတီကိုဝေဖန်ကြခြင်း၊ မီဒီယာရဲ့ ထိုးနှက်ချက်ပြင်းထန်ခြင်း၊ ကမ်ပိန်းကာလတိုတောင်းခြင်း၊ အချိန်မရှိခြင်း။

မဟာဗျူဟာကိုဖော်ဆောင်နေတဲ့အချိန်မှာ အားနည်းချက်တွေကို အခွင့်အရေးအဖြစ်ပြောင်းလဲရမယ်၊ ခြိမ်းခြောက်မှုတွေလျော့ကျလာအောင် အားသာချက်တွေကိုအသုံးပြုရမယ်

ဥပမာ –

ခေါင်းဆောင်သစ်နဲ့ လွှတ်တော်အမတ်သစ်တွေဟာ မီဒီယာပေါ် လွှမ်းမိုးနိုင်စွမ်းရှိနေသင့်တယ်။ အဲသလိုလွှမ်းမိုးနိုင်မှုကြောင့် အခကြေးငွေပေးရတဲ့ လူမှုမီဒီယာအတွက် အသုံးစရိတ်လျော့နည်းနိုင်တယ်။

တကယ်လို့ မဲပေးသူတွေဟာ လက်ရှိအစိုးရအဖွဲ့ကို စိတ်ကုန်လာပြီဆိုရင် ခေါင်းဆောင်သစ်နဲ့ လွှတ်တော်အမတ်သစ်တွေကို ပိုပြီး လက်ခံလာကြတယ်။

ကျွန်တော်တို့ရဲ့လူမှုရေးဆိုင်ရာ စီမံကိန်းတွေဟာ အလုပ်လက်မဲ့ ကြောက်ရွံ့မှုကို လျှော့ချနိုင်တယ်။ ကျွန်တော်တို့ရဲ့ ခိုင်မာတဲ့ စီးပွားရေး

စီမံကိန်းတွေဟာ စီးပွားရေးနလန်ပြန်ထနိုင်အောင် စွမ်းဆောင်နိုင်တယ်။
ဒီအချက်တွေကို ဇယားထဲမှာကြည့်ပါ။

**ဇယား (၂)**

| SWOT စိစစ်ခွဲခြမ်းမှု | | ပြင်ပအခွင့်အရေးများ<br>အမည်သုံးခု<br>၁ –<br>၂ –<br>၃ – | အပြင်ခြိမ်းခြောက်မှုများ<br>အမည်သုံးခု<br>၁ –<br>၂ –<br>၃ – |
|---|---|---|---|
| အတွင်းအားသာချက်များ | အမည်သုံးခု<br>၁ –<br>၂ –<br>၃ – | အတွင်းအားသာချက်များကို ပြင်ပအခွင့်အရေးများနှင့် ပေါင်းစပ်ပါ | အတွင်းအာသာချက်များ ကိုပြင်ပခြိမ်းခြောက်မှု များနှင့်ပေါင်းစပ်ပါ |
| အတွင်းအားနည်းချက်များ | အမည်သုံးခု<br>၁ –<br>၂ –<br>၃ – | အတွင်းအားနည်းချက်များ ကိုပြင်ပအခွင့်အရေးများ နှင့်ပေါင်းစပ်ပါ | အတွင်းအားနည်းချက် များကိုပြင်ပခြိမ်းခြောက် မှုများနှင့်ပေါင်းစပ်ပါ |



**လေ့ကျင့်ခန်းများ**

ခင်ဗျားတို့ပါတီရဲ့ အနေအထားကိုသတ်မှတ်ဖို့အတွက် ပါဝင်ဆွေးနွေးသူတွေကို အုပ်စုဖွဲ့ပါ။ ပြီးတဲ့အခါမှာ ပါတီနဲ့ပတ်သက်တဲ့ SWOT ခွဲခြမ်းစိတ်ဖြာမှုတွေကိုလုပ်ခိုင်းပါ။ ဒါမှမဟုတ် လူငယ်အဖွဲ့အစည်း၊ အမျိုးသမီးအဖွဲ့အစည်း စတဲ့အဖွဲ့အစည်းတွေနဲ့ပတ်သက်တဲ့ SWOT ခွဲခြမ်းစိတ်ဖြာမှုလုပ်ခိုင်းပါ။ အဲသလိုလုပ်ခိုင်းတာကြောင့် ပါတီရဲ့အတွင်းအားသာချက်၊ အားနည်းချက်၊ အပြင်အခွင့်အရေးနဲ့ ခြိမ်းခြောက်မှုများ စတာတွေကို ပါဝင်ဆွေးနွေးသူတွေ သေသေချာချာမြင်နိုင်လိမ့်မယ်။ အကြံပေးတဲ့အချိန်ရောက်တဲ့အခါမှာ ပါဝင်ဆွေးနွေးသူတွေဟာ တကယ်ပဲအတွင်းနဲ့အပြင်ခြားနားချက်တွေကို ဆုပ်ကိုင်မိရဲ့လားဆိုတာကို ဂရုစိုက်ပါ။ ဒီခွဲခြမ်းစိတ်ဖြာမှုကို ဆွေးနွေးသူတွေနားလည်အောင်ပြောပြပါ။ ပြီးတဲ့အခါမှာ တခြားသင်တန်းတွေမှာ ရည်ညွှန်းအဖြစ်သုံးပါ။ ဥပမာပြောရမယ်ဆိုရင် အဓိကသတင်းစကားရေးဆွဲတဲ့နေရာမှာ သုံးစွဲပါ။ ပါဝင်ဆွေးနွေးသူတွေဟာ ခွဲခြမ်းစိတ်ဖြာမှုလုပ်တဲ့အခါမှာ တတ်နိုင်သမျှ ရည်မှန်းချက်နဲ့ နီးစပ်မှုရှိရမှာဖြစ်သလို ရိုးသားမှုလည်းရှိရမယ်။ SWOT ခွဲခြမ်းစိတ်ဖြာမှုကို ပါတီအတွက်လုပ်ပြီးတဲ့အခါမှာ ကိုယ့်ပါတီရဲ့ပြိုင်ဘက်နဲ့ပတ်သက်တဲ့ SWOT ခွဲခြမ်းစိတ်ဖြာမှုကိုဆက်လုပ်ပါ။ အကြံပေးတဲ့အချိန်ရောက်တဲ့အခါမှာ အပေါ်မှာပြထားတဲ့ ဇယားနှစ်ခုကိုပေးပြီးပါဝင်ဆွေးနွေးသူတွေကို မိနစ်နှစ်ဆယ်အတွင်းဖြေခိုင်းပါ။

○

# အခန်း - ၂

# သုတေသန

ရွေးကောက်ပွဲကမ်ပိန်း အကျိုးအတွက် သုတေသနလုပ်ချင်တဲ့ ပါတီဟာ အောက်မှာပါတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ရမယ်။ အဲဒီ ဆုံးဖြတ်ချက်တွေကတော့ သုတေသနကို ကိုယ်တိုင်လုပ်မလား၊ ဒါမှမဟုတ် အပြင်ကလူတွေကိုလုပ်ခိုင်းမလား။ တကယ်လို့ လုပ်မယ်ဟော့ဆိုရင် ဘယ်လို သုတေသနမျိုးလုပ်မလဲ။ မေးခွန်းဖြေမယ့်သူတွေအတွက် ဘယ်လိုမေးခွန်း တွေမေးမလဲ။ ပစ်မှတ်အုပ်စုကို ဘယ်လိုဖွဲ့စည်းမလဲ စတာတွေပဲဖြစ်တယ်။ ဒီအခန်းမှာ ဒီအချက်တွေနဲ့ပတ်သက်တာတွေကို ဆွေးနွေးမယ်။

လူတွေကို ဖုန်းနဲ့မေးခွန်းမေးတာ၊ လူကိုယ်တိုင်တွေ့မေးတာ၊ အင်တာနက်ကတစ်ဆင့်မေးတာ စတဲ့သုတေသနလုပ်နည်းပေါင်းစုံကို နိုင်ငံ ရေးပါတီတွေကသုံးကြတယ်။ အရေးကြီးတဲ့ရွေးကောက်ပွဲမတိုင်ခင်မှာလုပ် တဲ့ ဒီသုတေသနဟာ ကမ်ပိန်းမဟာဗျူဟာကို သတ်မှတ်ပြဋ္ဌာန်းပေးနိုင် တယ်။ ခင်ဗျားတို့ဟာ လူ့အဖွဲ့အစည်းရဲ့ ကိုယ်ပူချိန်ကိုတိုင်းတာတဲ့ ဆရာဝန် တွေလိုပဲ။ ဒီသုတေသနကြောင့် ခင်ဗျားတို့ပါတီဟာ အချက်အလက်တွေ ကြွယ်ဝလာမယ်။ ဘယ်လိုအချက်အလက်တွေလဲဆိုတော့ မဲပေးသူတွေရဲ့ အကြိုက်၊ ပြောင်းလဲနေတဲ့အခြေအနေတွေပေါ်ကို တိတိကျကျတုန့်ပြန်နိုင်တဲ့ အချက်အလက်တွေပဲဖြစ်တယ်။ နောက်ထပ်သုတေသနနည်းလမ်းတစ်ခု ကတော့ ခင်ဗျားတို့ရဲ့ လက်ကမ်းစာစောင်တွေ၊ ပိုစတာတွေ၊ သတင်းစကား တွေ၊ အစီအစဉ်တွေ၊ ခင်ဗျားတို့ရဲ့ခေါင်းဆောင်အပေါ် မဲပေးသူကဘယ်လို တုန့်ပြန်သလဲဆိုတာကို စမ်းသပ်ခြင်းပဲဖြစ်တယ်။ ကောင်းမွန်သပ်ရပ်တဲ့



သုတေသနကြောင့် ခင်ဗျားတို့ အမှားအယွင်းတွေ မလုပ်မိနိုင်တော့ဘူး။ ခင်ဗျားတို့ရဲ့ယုတ္တိမရှိတဲ့ ဆင်ခြင်မှုတွေကို ငြင်းပယ်ဖို့၊ လက်ခံဖို့ကိုလည်း အထောက်အပံ့ပေးတယ်။ သုတေသနတွေဟာ ကုန်ကျစရိတ်ကြီးမားတယ်။ ဒါပေမဲ့ ပါတီကလုပ်နိုင်တဲ့အကုန်အကျသက်သာတဲ့ သုတေသနတွေလည်း ရှိတယ်။ ပါတီရဲ့ခေါင်းဆောင်မှုဟာ သုတေသနရဲ့အရေးကြီးမှုကို ငြင်း ပယ်လို့မရဘူး။ ဒီအချက်ကအရေးကြီးတယ်။ ပါတီထဲကအမိကပုဂ္ဂိုလ် တွေဟာ ကြာရှည်ခိုင်မြဲတဲ့ရလဒ်တွေကိုရဖို့အတွက် သုတေသနလိုအပ်တယ် ဆိုတာကို လက်ခံကြတယ်ဆိုရင် သုတေသနဟာ ကမ်ပိန်းကြိုးစားဆောင် ရွက်မှုတွေကို ညီညွတ်အောင်လုပ်ပေးနိုင်တယ်။ နိုင်ငံရေးသမားတွေဟာ သေချာရေရာမှုမရှိခြင်းကို မုန်းတီးကြတယ်။ သူတို့ချမှတ်လိုက်တဲ့ဆုံးဖြတ် ချက်တွေဟာ ပါတီရဲ့အနာဂတ်အတွက် ဒါမှမဟုတ် ရွေးကောက်ပွဲမှာ ပါတီရဲ့အောင်မြင်မှုအတွက် အရေးကြီးတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေး သမားတွေဟာ သုတေသနလုပ်တာကို နှစ်သက်ကြတယ်။ ဘာကြောင့်လဲ ဆိုတော့ သုတေသနကြောင့် နိုင်ငံရေးသမားတွေမှာ သေချာရေရာမှုကို ရရှိကြတယ်။ သူတို့ဟာ ဆုံးဖြတ်ချက်တွေကို ရဲရဲဝံ့ဝံ့ချမှတ်နိုင်ကြတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ကြီးမားတဲ့အမှားအယွင်းတွေလည်းရှိသေးတယ်။ တကယ်တော့ စစ်မှန်တဲ့ အသိပညာဆိုတာ ရွေးကောက်ပွဲပြီးမှရနိုင်တာ ဖြစ်တယ်။ ဒါကြောင့်မို့ ဘယ်တော့မှ သုတေသနပေါ်မှာ မှီခိုလို့မရဘူး။ ခင်ဗျားတို့ရဲ့ ဆုံးဖြတ်ချက်တိကျသေချာမှုပေါ်မှာလည်း မူတည်တယ်။ ဒါကြောင့် Paralysis of analysis (ခွဲခြမ်းစိတ်ဖြာမှုကြောင့် လှုပ်ရှားမှုရပ် တန့်သွားခြင်း)လို့ပြောကြတာဖြစ်တယ်။ ခင်ဗျားတို့လုပ်တဲ့ သုတေသနကြောင့် နောက်ထပ်သုတေသနတွေထပ်လိုအပ်တယ်ဆိုရင် သတိထားပါ။ သုတေသန ဆိုတာ ကိရိယာတန်ဆာပလာတစ်ခုသာဖြစ် တယ်။ ပန်းတိုင်တစ်ခုမဟုတ်ပါ။

## သုတေသနသမား

အထက်မှာပြောခဲ့တဲ့အမြင်အရဆိုရင် ကမ်ပိန်းအဖွဲ့မှာ သုတေသနသမားဟာ အရေးကြီးတဲ့အစိတ်အပိုင်းမှာပါဝင်တယ်။ သုတေသနသမားဟာ မဟာဗျူဟာနဲ့ သတင်းစကားဖွံ့ဖြိုးလုပ်ဆောင်ဖို့အတွက်ပါတီခေါင်းဆောင်ကို သုံးသပ်တဲ့နေရာမှာ အရေးပါတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ သုတေသနသမားဟာ ပါတီကို၊ ဒါမှမဟုတ် ကမ်ပိန်းခေါင်းဆောင်မှုအဖွဲ့ကို တိုက်ရိုက်သတင်းပို့ရတယ်။ ဒါကြောင့်သုတေသနသမားတစ်ယောက်ဟာ ယုံကြည်လို့ရတဲ့ လူတစ်ယောက်ဖြစ်ဖို့လိုတယ်။ မီဒီယာတွေနဲ့ ခင်ဗျားတို့ရဲ့ပြိုင်ဘက်တွေဟာ ခင်ဗျားတို့ရဲ့ပါတီနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို မရရအောင်နှိုက်ယူကြလိမ့်မယ်။ ကမ်ပိန်းအဖွဲ့မှာ သုတေသနသမားဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာပါနေပေမယ့် ဆုံးဖြတ်ချက်ချနိုင်တဲ့ပါဝါတော့မရှိဘူး။ ဒါပေမယ့် ကမ်ပိန်းနဲ့ပါတီရဲ့ ဦးတည်မယ့်လမ်းကြောင်းတွေ ပေါ်မှာတော့ သူ့ရဲ့သြဇာကြီးမားတယ်။ ဒါကြောင့် သုတေသနသမားရဲ့အလုပ်ဟာ ဆွေးနွေးငြင်းခုံမှုရဲ့ ဗဟိုချက်ဖြစ်လာတယ်။ သုတေသနသမား ဒါမှမဟုတ် မဟာဗျူဟာ အကြံဉာဏ်တွေကရလာတဲ့ ရလဒ်တွေကိုလည်း မေးခွန်းထုတ်ဖို့လိုတယ်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တတ်နိုင်သမျှတချို့ရလဒ်တွေကို ရှောင်ရှားဖို့လိုတယ်။ သုတေသနသမားဟာ ဘေးဘက်ကနေ အကောင်းဆုံးလှုပ်ရှားတဲ့သူတစ်ယောက်ဖြစ်တယ်။

သုတေသနအမျိုးအစားတွေကို အောက်မှာ ဖော်ပြထားတယ်။

## လွတ်လွတ်လပ်လပ်ဝင်ရောက်ရယူနိုင်တဲ့ သုတေသနအချက်အလက်များ

ဒီလိုလွတ်လွတ်လပ်လပ်ဝင်ရောက်ရယူနိုင်တဲ့ သုတေသနအချက်အလက်တွေဟာ ခင်ဗျားတို့ပါတီအတွက်အသုံးချလို့ရတယ်။ ဥပမာပြောရမယ်ဆိုရင် သူတို့ရဲ့အချက်အလက်တွေကို မီဒီယာပေါင်းစုံကိုရောင်းချတဲ့ စစ်တမ်းကောက်တဲ့ကုမ္ပဏီတွေရှိတယ်။ တီဗီအစီအစဉ်တွေဟာ တစ်ခါ



တစ်လေမှာ အဲသလိုကုမ္ပဏီတွေနဲ့ သူတို့ရဲ့အပတ်စဉ် စစ်တမ်းကောက်ခြင်းအလုပ်တွေကိုလုပ်ဖို့ စာချုပ်ချုပ်ကြတယ်။ အင်တာနက်မှာဆိုရင် ကာလရှည်အတွက် ရလဒ်တွေကိုခင်ဗျားတို့ရှာကြည့်နိုင်တယ်။ တိုင်းပြည်က မြင့်တက်လာတဲ့ရာဇဝတ်မှုတွေကို ဘယ်လိုထင်သလဲ၊ ဒါမှမဟုတ် လေတပ်အတွက် ဂျက်လေယာဉ်အသစ်တွေဝယ်ဖို့ စိတ်ဆန္ဒရှိသလား၊ မရှိဘူးလား စတဲ့အကြောင်းအရာမျိုးစုံအပေါ် မဲပေးသူတွေရဲ့ အယူအဆတွေကိုအဲဒီကုမ္ပဏီတွေကစစ်တမ်းကောက်ကြတယ်။ ဒေသတွင်း ကိစ္စပြဿနာတွေနဲ့ပတ်သက်ပြီး ပြည်သူတွေရဲ့အယူအဆကိုစုံစမ်းဖို့ မြို့တော်ကောင်စီက စစ်တမ်းကောက် ကုမ္ပဏီတွေကို ငှားရမ်းကြတယ်။ အဲသလိုသတင်းအချက် အလက်မျိုးစုံကို စုဆောင်းဖို့လိုတယ်။ ဒါပေမဲ့ အကန့်အသတ်တွေကိုတော့ သတိထားရမယ်။ အရာရာတိုင်းကို အကြွင်းမဲ့မရယူနိုင်ဘူး။

နောက်ထပ်စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်အလက်အရင်းအမြစ်ကတော့ ယူရိုဘာရိုမီတာ(Eurobarometer) – http://ec.europa.eu/public-opinion/index-en.htm ပဲဖြစ်တယ်။ အဲဒီဝက်ဘ်ဆိုက်ဟာ စိုက်ပျိုးရေးပေါ်လစီ၊ ဒါမှမဟုတ် ဖွံ့ဖြိုးတိုးတက်မှုအကူအညီ၊ လျှပ်စစ်သံလိုက်စက်ကွင်းစတဲ့ ဥရောပသားတွေစဉ်းစားတဲ့ အကြောင်းအရာတွေကို ပြောပြနိုင်တယ်။

အခုလတ်တလောမှာ အင်တာနက်စစ်တမ်းကောက်ခြင်းစနစ်ဟာ ထင်ရှားလာတယ်။ ဒီစစ်တမ်းကောက်စနစ်ဟာ အချက်အလက်ပိုင်းမှာ ကျေနပ်စရာကောင်းတယ်။ ဒါပေမယ့် ကံမကောင်းစွာနဲ့ပဲ မီဒီယာကဒီလိုစစ်တမ်းကောက်စနစ်ကထွက်လာတဲ့ ရလဒ်တွေကို အသုံးပြုတယ်။ အဲသလိုဝေဝါးတဲ့စစ်တမ်းကောက်စနစ်ကို ဘယ်တော့မှမသုံးပါနဲ့။

## ကိုယ်ပိုင်သုတေသနပြုလုပ်ခြင်း

စစ်တမ်းအသစ်ကောက်ခြင်းတိုင်းရဲ့ နိဒါန်းအစဟာ ခင်ဗျားတို့ကိုယ်တိုင်ပြုလုပ်တဲ့နောက်ဆုံးစစ်တမ်းကောက်ခြင်းဖြစ်သင့်တယ်။ ခင်ဗျားတို့ဖြေရမယ့် အဓိကမေးခွန်းနှစ်ခုရှိတယ်။ ပထမတစ်ခုက ခင်ဗျားတို့ရဲ့ပါတီအ

ကြောင်းဘာသိသလဲ။ ခင်ဗျားတို့ရဲ့ပြိုင်ဘက်အကြောင်းဘာသိသလဲ။ အဲဒီနောက်မှာ ခင်ဗျားတို့ရဲ့ သုတေသနသစ်ကို အစီအစဉ်ဆွဲဖို့စပါ။ PvdA ရဲ့ ၂၀၀၂ ခုနှစ်ကမ်ပိန်းဟာ ယူရို ၂.၅ သန်းဘတ်ဂျက်ရှိတယ်။ အဲဒီငွေပမာဏရဲ့ ၂၅% သုတေသနမှာ သုံးခဲ့တယ်။ သုတေသနကို ကိုယ်တိုင်မလုပ်ခင်အချိန်ကာလမှာ ပါတီအများစုဟာ ပြင်ပကကျွမ်းကျင်တဲ့စစ်တမ်းကောက်အေဂျင်စီတွေကို ငှားရမ်းအသုံးပြုခဲ့တယ်။ အဲသလိုကုမ္ပဏီတွေမှာ အတွေ့အကြုံရှိတယ်။ စစ်တမ်းကောက်တဲ့နေရာမှာ ပူးပေါင်းပါဝင်စိတ်ထက်သန်တဲ့ လူတွေရဲ့အချက်အလက်တွေရှိတယ်။ ဒါ့အပြင်နည်းလမ်းပေါင်းစုံကို ကြိုးစားစမ်းသပ်ကြတယ်။ အဲသလိုအလုပ်ကိုလုပ်ဖို့အတွက် ခင်ဗျားတို့ဟာ မှန်ကန်တဲ့ကုမ္ပဏီကိုရွေးချယ်ဖို့လိုတယ်။ အနာဂတ်မှာ ဘယ်လိုသုတေသနမျိုးလိုအပ်သလဲဆိုတာကိုသိဖို့မှန်ကန်တဲ့ ရွေးချယ်မှုက အကူအညီပေးနိုင်တယ်။

## အယူအဆအမြင်စစ်တမ်းကောက်ခြင်း

ဘယ်သူကသုတေသနလုပ်မလဲဆိုတာကို ခင်ဗျားတို့ဆုံးဖြတ်ပြီးတဲ့အခါမှာ အခြေခံစံနှုန်းတွေကို စတင်သတ်မှတ်ရမယ်။ ဒီစစ်တမ်းကောက်ခြင်းဟာ ပုံမှန်လုပ်ရမယ့် အယူအဆအမြင်စစ်တမ်းကောက်ခြင်းဖြစ်တယ်။ ဒီစစ်တမ်းကောက်ခြင်းထဲမှာ ဖုန်းနဲ့ဖြစ်ဖြစ်၊ အင်တာနက်ကဖြစ်ဖြစ် မေးခွန်းတွေကိုဖြေမယ့်လူတွေကိုမေးရမယ်။ ဒါနဲ့ပတ်သက်ပြီး တိုင်းပြည်မှာဖြစ်ပျက်နေတဲ့ လက်ရှိအခြေအနေတွေကိုလည်း ထည့်သွင်းစဉ်းစားရမယ်။ အရေးကြီးတဲ့ပြဿနာတွေကို လူတွေဘယ်လိုထင်မြင်ယူဆကြသလဲ။ ခင်ဗျားတို့ပါတီဘယ်လိုအလုပ်လုပ်နေသလဲ။ ခင်ဗျားတို့ရဲ့ပြိုင်ဘက်တွေ ဘယ်လိုအလုပ်လုပ်နေသလဲ။ ခင်ဗျားတို့ပါတီရဲ့ခေါင်းဆောင်နဲ့ပြိုင်ဘက်ခေါင်းဆောင်တွေကို လူတွေကဘယ်လိုထင်နေကြသလဲ။ အဲသလိုလုပ်ပြီးသွားတဲ့အခါမှာ ခင်ဗျားတို့ဟာ ရွေးကောက်ပွဲကာလအတွင်းက ပုံကားချပ်ကို ရှင်းရှင်းလင်းလင်းရလိမ့်မယ်။ သူတို့ဘယ်လိုမဲပေးဖို့စီစဉ်ထားသလဲဆိုတာကိုလည်း လူတွေကိုမေးရမယ်။ ခင်ဗျားတို့ရဲ့ပါတီကိုမဲပေးမလား၊ မပေးဘူးလားဆိုတာ



ကိုလည်း သိရအောင်စုံစမ်းသင့်တယ်။ အဲသလိုစုံစမ်းခြင်းအားဖြင့် ဘယ်သူတွေဟာ ကိုယ့်ရဲ့အမာခံမဲပေးသူတွေလဲ၊ ဘယ်သူတွေက ခင်ဗျားတို့ရဲ့ပါတီကိုမဲပေးနိုင်ခြေရှိသလဲဆိုတာကို သိလာလိမ့်မယ်။ ဒီလိုအခြေခံစံနှုန်းတွေဟာ ခင်ဗျားတို့နောက်ဆက်လုပ်မယ့် စစ်တမ်းကောက်ခြင်းတွေအားလုံးရဲ့ အုတ်မြစ်ပဲဖြစ်တယ်။ နောက်ဆက်လုပ်မယ့် စစ်တမ်းကောက်ခြင်းတွေမှာ ဒီအချက်အလက်တွေဟာ ဘာကြောင့်အဲသလိုဖြစ်နေသလဲဆိုတဲ့ဟာကိုစုံစမ်းဖို့၊ ဘာတွေပြောင်းလဲနေသလဲဆိုတာကိုသိမြင်ဖို့ ကူညီလိမ့်မယ်။ အားထားရတဲ့အခြေခံစံနှုန်းတွေအတွက် ခင်ဗျားတို့မှာ ဖြေဆိုမယ့်လူဦးရေ တစ်ထောင်လိုတယ်။ တစ်ထောင်ထက်ပိုလေကောင်းလေပဲ။ ပစ်မှတ်အုပ်စုတွေအရ ခင်ဗျားတို့ဟာ ရလဒ်တွေကိုစိစစ်ခွဲထုတ်ချင်တယ်ဆိုရင် အနည်းဆုံးဖြေဆိုမယ့်သူနှစ်ထောင်လိုတယ်။ ဒါပေမဲ့အဲဒီအတွက်ခင်ဗျားတို့မှာဘတ်ဂျက်ရှိဖို့လိုတယ်။ မေးခွန်းတွေဖန်တီးတဲ့နေရာမှာ သတိထားဖို့လိုတဲ့တစ်ချက်က အင်တာဗျူးတစ်ခုကို မိနစ်နှစ်ဆယ်ပဲအချိန်ယူဖို့ဖြစ်တယ်။ ဖုန်းနဲ့အင်တာဗျူးတဲ့နေရာမှာလည်း ဖြေဆိုသူတစ်ထောင်ထက်ပိုပြီး လိုအပ်တယ်။ ဖုန်းနဲ့ဈေးကွက်ချဲ့ထွင်မှုပိုများလာတာကြောင့် လူတွေဟာ သူတို့မသိတဲ့ဖုန်းတွေဝင်လာတာကို စိတ်ညစ်ကြတယ်။ (အထူးသဖြင့် အစာစားချိန်တွေမှာ) တကယ်လို့ခင်ဗျားတို့အတွက် လူတွေမှာအချိန်ပိုမရှိဘူးဆိုရင် အတင်းအကျပ် မလုပ်ပါနဲ့။ ဘယ်အချိန်ခင်ဗျားတို့ထပ်ပြီးဖုန်းဆက်လို့ရမလဲ ဆိုတာကိုသာ ခင်ဗျားတို့မေးမြန်းပါ။ အင်တာနက်မှာမေးခွန်းမေးမြန်းတဲ့ ကိစ္စမှာတော့ ဒီလို ပြဿနာတွေကြုံစရာမလိုဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့စစ်တမ်းကောက်တာကို လက်ခံတဲ့သူတွေဆီကိုပဲ မေးခွန်း တွေပို့လို့ပဲဖြစ်တယ်။

## ပစ်မှတ်အုပ်စုများ

အခြေခံစံနှုန်းတွေကနေ ရလာတဲ့အချက်အလက်တွေဟာ ရှေ့လျှောက်လုပ်မယ့် သုတေသနမှာအသုံးပြုလို့ရတယ်။ ဥပမာပြောရမယ်ဆိုရင် ပစ်မှတ်အုပ်စုတွေနဲ့ပတ်သက်ရင်သုံးလို့ရတယ်။ ဒီလိုသုတေသနမျိုးဟာ ငွေကြေးကုန်ကျမှုနည်းတဲ့သုတေသနမျိုးဖြစ်တယ်။ ပစ်မှတ်အုပ်စုဆို

တာကတော့ လူဆယ်ယောက်ပါပြီး အကြောင်းအရာမျိုးစုံကို နှစ်နာရီကြာအောင်ဆွေးနွေးတဲ့အုပ်စုဖြစ်တယ်။ သူတို့ဘေးမှာ သုတေသနသမားက ကြည့်ရှုလေ့လာနေတယ်။ အဲဒီလူတွေကို ခင်ဗျားတို့ကမေးခွန်းတွေဖြေခိုင်းရမယ်။ ပစ်မှတ်အုပ်စုရဲ့ အဓိကအကျိုးကျေးဇူးကတော့ ပါဝင်ဖြေဆိုသူအချင်းချင်းကြား၊ ဆွေးနွေးပွဲဦးဆောင်သူနဲ့ ဖြေဆိုသူတွေကြားက ကောင်းမွန်တဲ့ဆက်ဆံရေးပဲဖြစ်တယ်။ ဒီလိုပစ်မှတ်အုပ်စုဟာ တစ်ခါတစ်ရံနောက်ပိုင်းမှာဆက်လုပ်မယ့် အရေအတွက်သုတေသန (အယူအဆအမြင်စစ်တမ်းကောက်ခြင်းလိုမျိုး)အတွက်ထည့်ဝင်မှုလို့ပြောလို့ ရတဲ့ အသုံးဝင်တဲ့အချက်အလက်တွေပဲဖြစ်တယ်။

ပစ်မှတ်အုပ်စုကို တခြားပါတီအဖွဲ့ဝင်တွေကလည်းလေ့လာနိုင်တယ်။ အနည်းဆုံးတော့ သုတေသနလုပ်ငန်းကိုဦးဆောင်နေတဲ့ ကမ်ပိန်းအဖွဲ့ဝင်တွေကလေ့လာလို့ရတယ်။ ဒါပေမဲ့သုတေသနရလဒ်တွေနဲ့ အလုပ်လုပ်မယ့် ကမ်ပိန်းမန်နေဂျာတွေဆိုရင်ပိုကောင်းတယ်။ သူတို့တွေဟာ အသေးစိတ်ရိုက်ထားတဲ့ ဗီဒီယိုကနေလည်း ပစ်မှတ်အုပ်စုတွေကိုရွေးလာလို့ရတယ်။ အခန်းထဲမှာလုပ်နေတဲ့ဆွေးနွေးပွဲတွေကို ဗီဒီယိုကင်မရာတွေနဲ့ မှတ်တမ်းတင်ထားလို့ရတယ်။ ဆွေးနွေးပွဲခေါင်းဆောင်ကအရေးကြီးတယ်။ သူဟာတခြားသောဆွေးနွေးပွဲခေါင်းဆောင်တွေနဲ့မတူဘူး။ ဒီခေါင်းဆောင်ဟာ ဆွေးနွေးသူတွေရဲ့ပြောစကားတွေကို ဂရုတစိုက်နားထောင်နေရမယ်။ တစ်ချိန်တည်းမှာပဲ မှန်ကန်တဲ့မေးခွန်းတွေကို မေးဖို့အဆင်သင့်ဖြစ်နေရ မယ်။ ဒါ့အပြင်ဆွေးနွေးပွဲမှာ မျှမျှတတပြောဆိုနိုင်တဲ့လူဖြစ်ရမယ်။ အားလုံးခြုံကြည့်ရင် ပစ်မှတ်အုပ်စုလုပ်ဖို့အတွက် အသေးစိတ်ပြင်ဆင်မှုတွေလိုတယ်။ အောက်မှာပါတဲ့အမြင်တွေကိုလည်း ဂရုတစိုက်လေ့လာကြရမယ်။

ပါဝင်သူတွေရဲ့ ရွေးချယ်မှု။ ခင်ဗျားတို့မေးမယ့်မေးခွန်းတွေကို ဖြေဆိုမယ့်မှန်ကန်တဲ့သူတွေကို ရွေးချယ်ဖို့လိုတယ်။ ပုံမှန်အားဖြင့်အဲဒီလိုလူတွေဟာ ခင်ဗျားတို့ပါတီနဲ့ တခြားပါတီကြား ဘယ်ပါတီကိုမဲပေးဖို့ တုန့်ဆိုင်းဆိုင်းဖြစ်နေတဲ့ မဲပေးသူတွေ၊ နောက်ဆုံးရွေးကောက်ပွဲမှာ ခင်ဗျားတို့ပါတီကို မဲပေးခဲ့တဲ့လူတွေဖြစ်ပေမယ့် ဒီတစ်ကြိမ်မှာတော့ တခြားပါတီကိုမဲပေးဖို့ရည်ရွယ်ထားတဲ့သူတွေ အဲသလိုသီးသန့်ပစ်မှတ်အုပ်စုထဲကနေ ဖြေဆိုမယ့်သူတွေကို ရွေးချယ်ရမယ်။ ဒါမှမဟုတ် လူကြီးတွေ၊ ကျောင်းသားတွေ၊ လူငယ်မိဘတွေ ဒါမှမဟုတ် လူနည်းစုလူမျိုးတွေ စတဲ့သီးခြားပစ်မှတ်အုပ်စုတွေကလည်း ခင်ဗျားတို့ရွေးချယ်လို့ရတယ်။ ပါတီအများစုကတော့ ဒီလိုသုတေသနမျိုးအတွက်ပါဝင်မယ့်လူတွေရဲ့ များပြားတဲ့အချက်အလက်တွေရှိတဲ့စစ်တမ်းကောက်တဲ့ အေဂျင်စီတွေကို မှီခိုရတယ်။



အရည်အသွေးရှိတဲ့ ခေါင်းဆောင်ကိုရွေးချယ်ပါ။ အဲဒီခေါင်းဆောင်ဟာ ပစ်မှတ်အုပ်စုဆွေးနွေးပွဲအတွက်အသေးစိတ်ပြင်ဆင်လိမ့်မယ်။ အဲသလိုခေါင်းဆောင်မျိုးဟာ ပါတီကလိုချင်တဲ့အချက်အလက်မျိုးကို ကောင်းကောင်းသတိပြုမိတဲ့သူဖြစ်တယ်။ ခင်ဗျားတို့ဟာ ခေါင်းဆောင်နဲ့ ခင်ဗျားတို့ပစ်မှတ်အုပ်စုကို ဦးစီးဦးဆောင်ပြုတဲ့သူတွေဖြစ်တယ်။ ပါဝင်ဆွေးနွေးမယ့်သူတွေကို နှစ်နှစ်ကာကာလက်ဆွဲနှုတ်ဆက်ပြီးကြိုဆိုပါ။ တစ်အုပ်စုလုံးနဲ့တစ်ယောက်ချင်းစီကိုမိတ်ဆက်ပေးပါ။ ဆွေးနွေးပွဲတစ် လျှောက်လုံးမှာ သူတို့ရဲ့နာမည်တွေနဲ့နေရပ်လိပ်စာတွေကို မှတ်တမ်းတင်ပါ။ မိတ်ဆက်တဲ့အချိန်မှာလည်း သူတို့ရဲ့နာမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ ကိုပဲ မှတ်တမ်းတင်တာမဟုတ်ဘဲ သူတို့ရဲ့ကိုယ်ရေးကိုယ်တာတွေကိုပါ မေးမြန်းရင်းစကားစမြည်ပြောပါ။ သူတို့တွေရဲ့အတိတ်ကအမှတ်ရစရာတွေ သူတို့မှာ အိမ်မွေးတိရစ္ဆာန်တွေရှိလားမရှိဘူးလားဆိုတာကိုလည်း မေးချင်မေးလို့ရတယ်။ ပါဝင်သူတွေအားလုံးကို သူတို့အိမ်လိုသဘောထားနိုင်အောင်ပြု မူဆက်ဆံပါ။ ပြီးတဲ့အခါမှာသုတေသနရည်ရွယ်ချက်ကိုရှင်းပြပါ။ အချက် အလက်တွေကိုလည်း လျှို့ဝှက်သိမ်းဆည်းထားမယ်ဆိုတဲ့အကြောင်းတွေကိုလည်းပြောပြပါ။ တခြားလူတွေကလည်း ဆွေးနွေးငြင်းခုံပွဲကို ကြည့်နေမယ်ဆိုတာကိုလည်း ရှင်းပြပါ။ ခင်ဗျားတို့မေးမယ့် မေးခွန်းအတွက် 'မှားခြင်း၊ မှန်ခြင်း' မရှိဘူးဆိုတာကိုလည်း ပြောပြပါ။ သူတို့ထင်တာတွေ သူတို့ပြောဖို့ အရမ်းအရေးကြီးတယ်။ ခေါင်းဆောင်တစ်ယောက်အနေနဲ့ လမ်းကြောင်းပေးမေးခွန်းမျိုးမမေးပါနဲ့။ 'ငါတို့နိုင်ငံဟာ တော်တော့်ကို

ကျဉ်းထဲကျပ်ထဲရောက်နေတယ်မထင်ဘူးလား' ဆိုတဲ့မေးခွန်းမျိုးမမေးပါနဲ့။ အဲသလိုမေးခွန်းမျိုးအစား 'ငါတို့နိုင်ငံရဲ့အခြေအနေကို မင်းဘယ်လိုထင်သလဲ' ဆိုတဲ့မေးခွန်းမျိုးမေးပါ။ ခေါင်းဆောင်ဟာနိုင်ငံရေးနဲ့ပတ်သက်ရင် သတိတအားကောင်းတဲ့ ကြိုးတန်းလျှောက်သမားလို ဖြစ်နေပါစေ။ ပုဂ္ဂိုလ်ရေး အတွေ့အကြုံအဆင့်မှာ (ညမှောင်တဲ့အခါကျရင် ညအမှောင်ထဲသွားရဲသလား) ဆိုတဲ့မေးခွန်း၊ ('ကျွန်တော်တို့နိုင်ငံရဲ့လုံခြုံရေး' လို) ယေဘုယျကျတဲ့ကိစ္စရပ်မျိုးကိုပြေပြေပြစ်ပြစ်မေးနိုင်တဲ့ မေးခွန်းမေးသူဖြစ်ပါစေ။ ခေါင်းဆောင်ဟာ စကားဝိုင်းမှာ အထက်စီးရောက်နေတဲ့သူနဲ့ ကောင်းကောင်းမွန် မွန်မဆွေးနွေးနိုင်တဲ့လူတွေရဲ့ကြားမှာ ထိန်းညှိပေးနိုင်ရမယ်။ ဒါနဲ့ပတ်သက် ပြီး ဆွေးနွေးပွဲများဆိုတဲ့အခန်းမှာ အကျယ်တွေ့နိုင်တယ်။ ခေါင်းဆောင်ဟာနှုတ်အားဖြင့်ကျွမ်းကျင်တဲ့ ဆက်ဆံရေးသမားဖြစ်ရမယ်။

ဆွေးနွေးပွဲအခန်းဟာ မကျဉ်းမကျယ်နဲ့ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေရှိတဲ့အခန်းဖြစ်ရမယ်။ အစားအသောက်တွေကိုလည်း ပိုပိုလျှံလျှံထားပေးထားရမယ်။ အတိုချုပ်ပြောရရင် ပါဝင်ဆွေးနွေးသူတွေသက်တောင့်သက်သာဖြစ်ဖို့ လုပ်ပေးရမယ်။ ပါတီကလိုချင်တဲ့အဖြေတွေကို ပေးနိုင်တဲ့မေးခွန်းတွေကို ခေါင်းဆောင်ကိုပေးရမယ်။ အဲဒီစာရွက်ထဲမှာဘာပြီးရင်ဘာဆွေးနွေးရမယ်ဆိုတာကို အသေးစိတ်ရေးထားရမယ်။ ဒါပေမယ့် ဆွေးနွေးပွဲဟာ အစီအစဉ်စာရွက်ကနေသွေဖည်စရာမလိုဘူးလို့ ဆိုလိုချင်တာမဟုတ်ဘူး။ ခေါင်းဆောင်ဟာ နားချိန်ပေးနိုင်တယ်။ ဒါမှမဟုတ်ပါဝင်ဆွေးနွေးသူက လေ့လာသူတွေနဲ့ဆွေးနွေးချင်တယ်ဆိုရင် သူ့ကိုမေးခွန်းတွေဖြေခိုင်းနိုင်တယ်။ ဒါမှမဟုတ် ညွှန်ကြားချက်တွေနဲ့အတူတူလေ့လာသူရဲ့ပြောကြားချက်တွေကိုရဖို့ ဆွေးနွေးသူကသူ့ရဲ့မိုဘိုင်းဖုန်းကိုသုံးနိုင်တယ်။

မေးခွန်းတွေကို အသေးစိတ်ပြင်ဆင်ပါ။ ပါဝင်သူတွေကို ဆွေးနွေးပွဲ မတိုင်ခင် လိုအပ်တဲ့အချက်အလက်တွေရနိုင်ဖို့ မေးခွန်းတွေကိုဝေထားပေးပါ။ အဲဒီမေးခွန်းတွေမှာ ပါဝင်သူတွေရဲ့ နိုင်ငံရေးအကြိုက်နဲ့ပတ်သက်တဲ့ မေးခွန်းတွေပါဖို့လိုတယ်။ အဲဒီမေးခွန်းတွေကိုသတင်းစကားတွေ၊ ဆောင်ပုဒ်တွေကိုစမ်းသပ်ဖြေဆိုဖို့အတွက် အသုံးချလို့ရတယ်။



တကယ်လို့ ခင်ဗျားတို့က ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေ၊ ကြော်ငြာတွေနဲ့ပတ်သက်ပြီး စစ်ဆေးချင်တယ်ဆိုရင် တီဗီ၊ ဒါမှမဟုတ် ဒီဗီဒီဖွင့်စက်၊ ကွန်ပြူတာစတဲ့ ပစ္စည်းတွေကိုချို့ယွင်းမနေဖို့ ဂရုစိုက်ပါ။

ပါဝင်သူတွေနဲ့ဘယ်လိုအချက်အလက်မျိုးကို ခင်ဗျားတို့ဝေမျှချင်လဲဆိုတာကို ကြိုတင်သတ်မှတ်ထားပါ။ ဒီလိုသုတေသနမျိုးနဲ့ စိမ်းတဲ့သူတွေကို ခင်ဗျားတို့ကချက်ချင်းလက်ငင်းအသိပေးချင်သလား၊ ဒါမှမဟုတ် ဆွေးနွေးပွဲအတွင်းမှာ ခက်ခဲတဲ့အကြောင်းအရာကို ဆက်မဆွေးနွေးဘဲဆွေးနွေးပွဲပြီးမှဆက်ပြောချင်သလား။

ဆွေးနွေးပွဲကရလာတဲ့ရလဒ်တွေကို လျှို့ဝှက်ထားမယ်ဆိုတာကိုလည်းပစ်မှတ်အုပ်စုဝင်တွေသိပါစေ။ ဆွေးနွေးပွဲအတွင်းမှာလည်း တစ်ဦးတစ်ယောက်ချင်းစီရဲ့ ပုဂ္ဂိုလ်ရေးကိစ္စတွေဆီကို လမ်းလွဲမသွားအောင် ကိုင်တွယ်ရမယ်။ ပါဝင်ဆွေးနွေးသူတွေကို လက်ဆောင်ကဒ်လိုမျိုး လက်ဆောင်ငွေကြေးစီမံထားရမယ်။

## ပစ်မှတ်အုပ်စုများရဲ့အန္တရာယ်

ပစ်မှတ်အုပ်စုမှာ အန္တရာယ်နှစ်ခုရှိတယ်။ ပထမအန္တရာယ်ကတော့ သုတေသနရလဒ်တွေဟာ ပါတီရဲ့လမ်းကြောင်းကို ချမှတ်မှာဖြစ်လို့ပဲ။ ဒါကြောင့်ခင်ဗျားတို့ဟာ အမြဲတမ်းခင်ဗျားတို့ရဲ့ကိုယ်ပိုင်နိုင်ငံရေး သံလိုက်အိမ်မြှောင်ရှိသင့်တယ်။ ပစ်မှတ်အုပ်စုမှာ သူတို့ရဲ့ကိုယ်ပိုင်အတွင်း ဒိုင်းနမိုက်တွေရှိတယ်။ ပစ်မှတ်အုပ်စုဟာ လူ့အဖွဲ့အစည်းကိုကိုယ်စားပြုတဲ့သူတွေမဟုတ်ဘူး။ ဒါကိုခင်ဗျားတို့သတိထားရမယ်။ သာမန်မဲပေးသူတွေနဲ့နှစ်နာရီလောက်ထိုင်ဆွေးနွေးပြီး ခင်ဗျားတို့ရဲ့အစီအစဉ်တွေကို ဘယ်တော့မှပြောပြလို့မရဘူး။ တကယ်လို့ ဆွေးနွေးပွဲရဲ့နောက်ဆုံးအချိန်ကျမှ ခင်ဗျားတို့ပါတီရဲ့ အစီအစဉ်တွေကို စိတ်ဝင်စားလာတယ်ဆိုရင် ခင်ဗျားတို့ရဲ့အစီအစဉ်တွေကို အများကြီးထပ်ပြီးရှင်းပြရဦးမယ်ဆိုတာကို သိသင့်တယ်။ ပစ်မှတ်အုပ်စုတွေဟာ ကိရိယာတန်ဆာပလာတွေသာဖြစ်တယ်။ ခင်ဗျားတို့ပိုပြီး သေချာချင်တယ်ဆိုရင် ဒီထက်ပိုပြီးကိုယ်စားပြုနိုင်တဲ့ စစ်တမ်းတွေကို

ကောက်ရလိမ့်မယ်။ ပစ်မှတ်အုပ်စုတွေဟာ အသုံးဝင်သလား၊ အသုံးမဝင်ဘူးလားဆိုတာကို ပစ်မှတ်အုပ်စုတွေကဆွေးနွေးနေတယ်ဆိုရင် ခင်ဗျားတို့လမ်းကြောင်းမှားနေပြီ။

ဒုတိယအန္တရာယ်ကတော့ စာစောကအကြောင်းအရာနဲ့ ဆန့်ကျင်ဘက်ပဲ။ တကယ်လို့ခင်ဗျားတို့ရဲ့ပါတီဟာ အပြင်ဘက်က ဩဇာလွှမ်းမိုးမှုတွေကိုခွင့်မပြုဘူး၊ အဲသလိုသဘောထားတာကိုပဲ မှန်ကန်တယ်လို့ယူဆနေရင် ပစ်မှတ်အုပ်စုတွေကို ဖွဲ့စည်းဖို့ ခင်ဗျားတို့ဒုက္ခမခံဘူးဆိုတာသိသာတယ်။

## တခြားသုတေသနအမျိုးအစားများ

တခြားသုတေသနအမျိုးအစားတစ်ခုကတော့ နိုင်ငံရေးသမားတွေကို အသိအမြင်စိစစ်ခွဲခြမ်းသူက ဆုံးဖြတ်ချက်ပေးခြင်းဖြစ်တယ်။ ခင်ဗျားတို့ပါတီခေါင်းဆောင်ဟာ အလုပ်ကောင်းကောင်းလုပ်သလား၊ မလုပ်ဘူးလားဆိုတာကို ညွှန်ပြနိုင်တဲ့ ခလုတ်ပါတဲ့ပုံးကလေးကို ပရိတ်သတ်ကိုပေးထားရမယ်၊ ဒါမှမဟုတ် ဆွေးနွေးငြင်းခုံမှုကို ပရိသတ်ကကြည့်နေစေရမယ်။ အမြဲမပြတ်စောင့်ကြည့်မှုရဲ့ရလဒ်ကို ဖန်သားပြင်ပေါ်မှာ မြင်နေရမယ်။ သူ့ရဲ့လုပ်ဆောင်နိုင်စွမ်းက သာမန်ပဲဖြစ်နေမယ်ဆိုရင် ဖန်သားပြင်ပေါ်က လိုင်းကလေးဟာ အလယ်မှာပဲရှိနေမယ်။ သူ့ရဲ့လုပ်ဆောင်ချက်ကောင်းတယ်ဆိုရင် အဲဒီလိုင်းကလေးအပေါ်ကိုမြင့်တက်လာမယ်။ သူ့ရဲ့လုပ်ဆောင်ချက်မကောင်းဘူးဆိုရင် အဲဒီလိုင်းကလေးအောက်ကိုလျှောကျသွားလိမ့်မယ်။ ခင်ဗျားတို့ရဲ့ပါတီခေါင်းဆောင်မှာ ဘယ်လိုအကောင်းဆုံးအပြုအမူတွေရှိသလဲဆိုတာကို ခင်ဗျားတို့ရှာဖွေဖို့အကြိုးစားနိုင်တယ်။ သူဒေါသထွက်ပြတဲ့အခါမှာ လူတွေကိုသူစည်းရုံးနိုင်သလား၊ ဒါမှမဟုတ် သူတည်ငြိမ်နေတဲ့အခါမှာ လူတွေကသူ့ကိုပိုပြီးတော့ အထင်ကြီးကြသလား။ ဒီလိုစမ်းသပ်မှုတွေဟာ လူထုထဲမှာ လှုပ်ရှားတဲ့အခါနိုင်ငံရေးခေါင်းဆောင်တွေလုပ်ဆောင် ရမယ့်အပြောင်းအလဲတွေအတွက် ထိရောက်တဲ့နည်းလမ်းတွေပဲဖြစ်တယ်။



အကုန်အကျသက်သာပြီး ထိရောက်တဲ့ သုတေသနနည်းလမ်းတွေရှိတယ်။ အဲဒီနည်းလမ်းတွေကတော့ ပြည်သူတွေထဲဆင်းပြီး တစ်ယောက်စီအင်တာဗျူးခြင်းပဲဖြစ်တယ်။ ဒီလိုအင်တာဗျူးပုံစံဟာ ပစ်မှတ်အုပ်စုတွေနဲ့နည်းနည်းလေးဆင်တူတယ်။ ဒါပေမဲ့ ဒီအင်တာဗျူးမှာတော့ ပါဝင်သူတစ်ယောက်ပဲပါမယ်။ ပြည်သူတွေထဲဆင်းပြီး အင်တာဗျူးလုပ်ခြင်းဆိုတဲ့အဓိပ္ပါယ်ကတော့ ပါတီအဖွဲ့ဝင်တွေဟာ မေးခွန်းတွေကိုယူလာပြီး အနီးနားကလူတွေဆီသွားတယ်။ ပြီးတဲ့အခါမှာ ဒေသဆိုင်ရာနိုင်ငံရေးတွေနဲ့ သူတို့ရဲ့အခြေအနေတွေကို ဘယ်လိုထင်မြင်ယူဆသလဲဆိုတဲ့အကြောင်းကို မေးမြန်းခြင်းဖြစ်တယ်။ ဒီနည်းလမ်းဟာ ရွေးကောက်ပွဲအစီအစဉ်အတွက် အချက်အလက်တွေကို လွယ်လွယ်ကူကူနဲ့ရရှိနိုင်တဲ့နည်းလမ်းဖြစ်တယ်။ ဒီနည်းလမ်းကြောင့် နိုင်ငံရေးသမားတွေ၊ ပါတီတွေဟာ ပြည်သူတွေနဲ့တိုက်ရိုက်ဆက်ဆံနိုင်ခွင့်ရှိတယ်။ ဒါ့အပြင်ပြည်သူတွေရဲ့ စိုးရိမ်သောကတွေကိုလည်း ရှာဖွေဖော်ထုတ်နိုင်တယ်။ ဒါပေမဲ့လည်း နိုင်ငံရေးသမားတွေဟာ မကြာခဏဆိုသလို ဒီတာဝန်ကိုပျက်ကွက်ကြတယ်။

## လေ့ကျင့်ခန်းများ

ပစ်မှတ်အုပ်စုတစ်ခုကိုဖွဲ့ပြီးတော့ ကစားပွဲတစ်ခုလုပ်ပါ။ ပါဝင်သူတွေကိုပစ်မှတ်အုပ်စုအဖြစ်ခွဲလိုက်ပါ။ နောက်တစ်အုပ်စုမှာ ပါတီအဖွဲ့ဝင်တွေပါလိမ့်မယ်။ တတိယအုပ်စုမှာတော့ ပစ်မှတ်အုပ်စုကိုပြင်ဆင်ဖွဲ့စည်းတဲ့သုတေသနသမားတွေပါလိမ့်မယ်။ သူတို့တွေကို သုတေသနနဲ့ပတ်သက်တဲ့မေးခွန်းတွေကိုရေးခိုင်းပါ။ သင်တန်းသားတစ်ယောက်ကို ခေါင်းဆောင်အဖြစ်တင်မြှောက်ပါ။ တခြားသူတွေကိုတော့ စောင့်ကြည့်လေ့လာသူလုပ်ခိုင်းပါ။ ဆွေးနွေးပွဲအဆုံးမှာ သူတို့ရဲ့သုတေသနမေးခွန်းတွေကို ဖြေနိုင်သလားမဖြေ နိုင်ဘူးလားဆိုတာကို သုံးသပ်ပါ။

# အခန်း - ၃

# ဆက်သွယ်ရေးနှင့် မီဒီယာ

ထိရောက်တဲ့ဆက်သွယ်ရေးဟာ ပါတီအတွက် အရေးကြီးတယ်။ ကမ်ပိန်းဖော်ဆောင်နေတဲ့ကာလတွေမှာထက် ရွေးကောက်ပွဲကျင်းပနေတဲ့ တစ်ချိန်လုံးမှာ ထိရောက်တဲ့ဆက်သွယ်ရေးဟာ ပိုအရေးကြီးတယ်။ တကယ်လို့ ပါတီရဲ့ဆက်သွယ်ရေးဟာ မဟာဗျူဟာ အစိတ်အပိုင်းမှာအရေးပါတယ်ဆိုရင် ပိုပြီးတော့ထိရောက်မှုရှိနိုင်တယ်။ မဟာဗျူဟာအခန်းမှာ ပြောခဲ့သလိုပဲ ဆက်သွယ်ရေးဟာ သတ်မှတ်ထားတဲ့ပန်းတိုင်ကိုရရှိအောင်မြင်ဖို့အတွက် အစီအစဉ်ရေးဆွဲခြင်း၊ ပန်းတိုင်ချမှတ်ခြင်းကိစ္စတွေပဲဖြစ်တယ်။ ကျွန်တော်တို့ဟာ သတင်းစကားနဲ့အဓိကအရေးကိစ္စတွေကို အများကြီးဂရုတစိုက်ရှိတယ်။ အဲဒီအရေးကိစ္စတွေအားလုံးကတော့ ဆက်သွယ်ရေးကိစ္စပဲဖြစ်တယ်။ တကယ်လို့ ခင်ဗျားတို့မှာ တိကျပြတ်သားတဲ့အစီအစဉ်မရှိဘူးဆိုရင် ခင်ဗျားတို့ဆက်သွယ်နိုင်တာတောင်မှ ထိရောက်မှုရှိမှာမဟုတ်ဘူး။ ပါတီက သတင်းစကားနဲ့အဓိကအရေးကိစ္စတွေကို သတ်မှတ်ပြီးတာနဲ့တစ်ပြိုင်နက် ခင်ဗျားတို့ဟာ ဆက်သွယ်ရေးမဟာဗျူဟာကို စတင်ဖော်ဆောင်ရမယ်။ ဒီနေရာမှာ ခင်ဗျားတို့သတိထားရမယ့် အန္တရာယ်ရှိတဲ့မှားနိုင်ခြေတစ်ခုရှိတယ်။ မဟာဗျူဟာအကြောင်းနဲ့ပတ်သက်ပြီး၊ မဟာဗျူဟာမြောက်တွေးတောဆင်ခြင်မှုနဲ့ပတ်သက်ပြီး ခင်ဗျားတို့ ဆက်သွယ်မှုမပြုပါနဲ့။ ဆက်သွယ်မှုထဲမှာ ခင်ဗျားတို့ရဲ့မဟာဗျူဟာပါဝင်နေပြီးသွားပြီ။ ဒါကြောင့်မဟာဗျူဟာဟာ ဆက်သွယ် ရေးဆိုင်ရာအကြောင်းအရာတစ်ခုမဟုတ်ဘူးဆိုတာကို သတိပြုရမယ်။ ဒီအကြောင်းတွေကိုအောက်မှာ ပိုပြီးတော့ အသေးစိတ် ဖော်ပြထား



တယ်။

ချိန်ကိုက်ဖြစ်ခြင်းဟာ ဆက်သွယ်ရေးမှာအရေးပါတယ်။ ဒါကြောင့် ဆက်သွယ်ရေးကိုကြိုတင်ပြီး အစီအစဉ်ချမှတ်ထားတာ မီဒီယာမဟာဗျူဟာကိုပုံဖော်ထားတာဟာ အဓိကကျတယ်။ အောက်မှာပါတဲ့ မေးခွန်းသုံးခုနဲ့ ဒီအကြောင်းအရာဟာဆက်စပ်နေတယ်။

**၁** – ဘယ်အချိန်မှာ ခင်ဗျားတို့ရဲ့သတင်းစကားကိုဖြန့်ဝေချင်သလဲ။
**၂** – ဘယ်နေရာမှာ ခင်ဗျားတို့ရဲ့သတင်းစကားကိုဖြန့်ဝေချင်သလဲ။
**၃** – ဘယ်သူတွေဆီကို ခင်ဗျားတို့ရဲ့သတင်းစကားကိုဖြန့်ဝေချင်သလဲ။

ဆက်သွယ်ရေးမဟာဗျူဟာတိုင်းဟာ အဓိကသတင်းစကားနဲ့ တိုက် ရိုက်ပတ်သက်နေတယ်။ ဒီသတင်းစကားဟာ သိပ်ကိုအရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ကမ်ပိန်းဖော်ဆောင်နေတဲ့တစ်လျှောက်မှာ ခင်ဗျားတို့က အဲဒီသတင်းစကားကို အမြဲတမ်းဖြန့်ဝေနေရမှာမို့လိုပဲ။ အင်တာဗျူးတွေ၊ မိန့်ခွန်းတွေ၊ ဆွေးနွေးငြင်းခုံမှုတွေ၊ အချက်အလက်စာအုပ်ကလေးတွေ စတဲ့ဆက်သွယ်ရေးလမ်းကြောင်းမျိုးစုံကနေ ခင်ဗျားတို့ရဲ့အဓိကသတင်းစကားကို ညွှန်းဆိုရလိမ့်မယ်။ အပေါ်မှာဖော်ပြခဲ့တဲ့အတိုင်းပဲ ခင်ဗျားတို့ရဲ့ သတင်းစကားထဲမှာ ခင်ဗျားတို့ကမဲပေးသူတွေကိုသိစေချင်တဲ့ သတင်းစကား အနှစ်သာရပါဖို့လိုတယ်။ ဒီအချက်ဟာ ဆက်သွယ်ရေးမဟာဗျူဟာရဲ့ အဓိကအယူအဆဖြစ်တယ်။ ခင်ဗျားတို့ဆက်သွယ်နေတဲ့ နည်းလမ်းဟာ ခင်ဗျားတို့ရဲ့သတင်းစကားနဲ့ချိတ်ဆက်အလုပ်လုပ်နေရမယ်။ ဆိုချင်တဲ့ အဓိပ္ပါယ်က သတင်းစကားနဲ့ကြားခံမီဒီယာဟာ တစ်ခုနဲ့တစ်ခုဘက်ညီနေရမယ်။ တကယ်လို့ ခင်ဗျားတို့ကိုယ်ခင်ဗျားတို့ ပြောင်းအလဲတွေလုပ်ဖို့ ကတိပေးထားတဲ့ စွမ်းအားပြင်းတဲ့ပါတီအဖြစ်ဖော်ပြချင်တယ်ဆိုရင် ခင်ဗျားတို့ ပါတီရဲ့ခေါင်းဆောင်ဟာ ခုံမှာထိုင်ပြီးဖုန်းဆက်နေတဲ့ပုံကို ပိုစတာမလုပ်ပါနဲ့။ မှီခိုအားထားနိုင်မှု၊ အာဏာရှိမှု၊ တည်ငြိမ်မှုပုံရိပ်တွေကို ဖော်ပြချင်တယ်ဆိုရင် တစ်ချိန်တုန်းက ဒတ်ချ်ခရစ်ယာန်ဒီမိုကရက်

ဝန်ကြီးချုပ်ဖြစ်တဲ့ ဘယ်လ်ကန်နန် လုပ်ခဲ့သလိုမျိုး လူငယ်စကိတ်စီးသမားအုပ်စုနဲ့ပေါင်းသင်း ဆက်ဆံနေတဲ့ ခင်ဗျားတို့ရဲ့ပါတီခေါင်းဆောင်ပုံကို မဖော်ပြပါနဲ့။ (တကယ် လို့စကိတ်ဘုတ်ပေါ်ကနေ သူချော်လဲသွားတဲ့ပုံဆိုရင် အဆိုးဆုံးပဲ။) တကယ်လို့ခင်ဗျားတို့ဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပါတီအဖွဲ့ဝင်တွေဖြစ်တယ် ဆိုရင်ခင်ဗျားတို့ရဲ့ပါတီခေါင်းဆောင်ဟာ ကျေးလက်တစ်လျှောက် ကားကိုမြွေလိမ်မြွေကောက်သွားတဲ့ တီဗီကြော်ငြာအစီအစဉ်မျိုးမပြပါနဲ့။ ဟော်လန် နိုင်ငံရဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပါတီတစ်ခုက ၂၀၀၆ ခုနှစ်ရွေးကောက်ပွဲတွေမှာ အခုပြောသလိုလုပ်ခဲ့တယ်။

## ခင်ဗျားတို့ရဲ့သတင်းစကားကို မတည်းဖြတ်တဲ့မီဒီယာ

– မီဒီယာလမ်းကြောင်းတွေထဲမှာ ပါတီမဂ္ဂဇင်းတွေ၊ ပိုစတာတွေ၊ ဝက်ဘ်ဆိုက်သတင်းစကားတွေ၊ ယူကျု (You Tube)၊ ဗီဒီယိုတွေ၊ လက်ကမ်းစာစောင်တွေ ပါတယ်။ အနာဂတ်မှာ ရှိလာမယ့်ပါတီတွေမှာတော့ သူတို့ရဲ့ပါတီပိုင် ဒစ်ဂျစ်တယ်တီဗီလိုင်းတွေပါလိမ့်မယ်။

– အစိုးရက ငွေကြေးထောက်ပံ့တဲ့ တီဗီကြော်ငြာလိုင်းတွေပါမယ်။

– ခင်ဗျားတို့ဝယ်ယူထားတဲ့ တီဗီကြော်ငြာလိုင်းတွေပါမယ်။

အခကြေးငွေယူပြီး ကြော်ငြာပေးတဲ့အလုပ်ဟာ လက်တစ်ဆုပ်စာပဲရှိတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ရဲ့ငွေကြေးသုံးစွဲနိုင်မှုဟာ အမြဲတမ်းအကန့်အသတ်ရှိနေလို့ပဲဖြစ်တယ်။ ဒီနည်းလမ်းကို သုံးစွဲမယ်ဆိုရင် သတိထားဖို့လိုတယ်။ ပါတီတွေရဲ့ဘတ်ဂျက်ဟာ စီးပွားရေးအဖွဲ့အစည်းတွေထက် ယေဘုယျအားဖြင့် အများကြီးလျော့နည်းနေတယ်။ ပိုပြီးကောင်းအောင်ပဲဖြစ်ဖြစ်၊ ပိုပြီးဆိုးအောင်ပဲဖြစ်ဖြစ် တစ်ခုသတိထားသင့်တဲ့အချက်ကတော့ မီဒီယာကမ်ပိန်းအများစုဟာ ရွေးကောက်ပွဲမတိုင်ခင်နောက်ဆုံးနှစ်ပတ်မှာ အမြင့်ဆုံးကိုရောက်လာကြတယ်ဆိုတဲ့အချက်ပဲဖြစ်တယ်။ ဟော်လန်နိုင်ငံမှာဆိုရင် ပါတီအားလုံးဟာ တစ်ချိန်တည်းလိုလိုသူတို့ရဲ့ငွေကြေးအများစုကိုသုံးပစ်ကြတယ်။ ဒါကြောင့်မို့ ရုတ်တရက်မီဒီယာတွေမှာ ကြော်ငြာ



တွေနဲ့ပြည့်နှက်သွားတယ်။ ဒါဟာ အလွန်အကျွံသုတ်သင်ပစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ။ ပြိုင်ဆိုင်မှုဟာ သိပ်ကိုကြောက်စရာကောင်းတယ်။ မဲပေးသူဟာ သစ်ပင်ကိုပဲမြင်တော့တယ်။ သစ်တောကိုမမြင်တော့ဘူး။ စီးပွားရေးမှာ ကြော်ငြာတွေကို ဘယ်လိုအသုံးပြုနေသလဲဆိုတာကို နှိုင်းယှဉ်လေ့လာသင့်တယ်။ မိုဘိုင်းဖုန်းအော်ပရေတာတွေဟာ သူတို့ရဲ့ပြည့်သူကြော်ငြာအသုံးစရိတ်အားလုံးကိုတစ်လထဲမှာ အကုန်သုံးပစ်လိုက်တယ်ဆိုပါစို့။ စားသုံးသူတွေဟာ အထူးအခွင့်အရေးကမ်းလှမ်းချက်တွေကြောင့် အံ့သြသွားလိမ့်မယ်။ ဒါပေမယ့် ကွဲပြားခြားနားမှုတွေနဲ့ ထွက်ပေါ်လာတဲ့အရေအတွက်တွေကြောင့်လည်း စိတ်ရှုတ်ထွေးသွားလိမ့်မယ်။ ရွေးကောက်ပွဲတွေမစခင်နောက်ဆုံးတစ်လအလိုမှာ သူတို့တွေဟာ သတင်းမှာအမြဲတမ်းပါနေလိမ့်မယ်ဆိုတာကို မှတ်ထားသင့်တယ်။ နိုင်ငံရေးနဲ့ကမ်ပိန်းအမျိုးမျိုးအကြောင်းကို အထူးဖော်ပြတဲ့တခြားသောအစီအစဉ်တွေ၊ တီဗီနဲ့ ရေဒီယိုဆွေးနွေးငြင်းခုံမှုတွေလည်း ရှိနေလိမ့်မယ်။

ကြော်ငြာမှာ ခင်ဗျားတို့ဘာတွေထည့်ကြော်ငြာမလဲဆိုတာကိုလည်း သေသေချာချာဂရုစိုက်သင့်တယ်။ ပါတီအတွက် ပုံရိပ်အသစ်တစ်ခုကို ဖော်ပြကြော်ငြာဖို့ဆိုတာလုံးဝမဖြစ်နိုင်ဘူး။ အကောင်းဆုံးဝါဒဖြန့်ချိမှုကို ဖော်ပြရမယ်ဆိုရင် မဲပေးသူတွေရဲ့စိတ်ထဲမှာ အရင်ကတည်းကရှိနေတဲ့ ပုံရိပ်ကိုဖော်ပြကြော်ငြာတာအကောင်းဆုံးပဲ။ ခင်ဗျားတို့ရဲ့အဓိကသတင်းစကား ထဲမှာရှိတဲ့အရေးကိစ္စတွေကို အထူးပြုဖော်ပြနေတဲ့အချိန်မှာ အပေါင်းလက္ခဏာ ဆောင်တဲ့ကြော်ငြာတွေဟာ ခင်ဗျားတို့ပါတီဆက်နွှယ်ချက်ထဲမှာ အရင် ကတည်းကရှိနေတဲ့ အပေါင်းလက္ခဏာဆောင်တဲ့ပေါင်းစည်းမှုကိုဖော်ထုတ် နိုင်တယ်။ ဒါပေမဲ့ အနုတ်လက္ခဏာဆောင်တဲ့ ကြော်ငြာတွေဟာ တခြားပါတီဆက်နွှယ်ချက်ထဲမှာ အရင်ကတည်းကရှိနေတဲ့ အနုတ်လက္ခဏာဆောင်တဲ့ပေါင်းစည်းမှုကိုဖော်ထုတ်တယ်။ တယယ်လို့ ခင်ဗျားတို့ရဲ့ ပုံရိပ်ကို ပြောင်းလဲပစ်ချင်တဲ့ဆိုရင် ခင်ဗျားတို့စောစောစတင်သင့်တဲ့ ရှေ့နောက်ညီညွတ်ဖို့ လည်းအရေးကြီးတယ်။ နည်းနည်းလေးမှားလိုက်တာနဲ့ ခင်ဗျားတို့ရဲ့အစီ အစဉ်တွေအားလုံးပျက်စီးသွားနိုင်တယ်။

## အခကြေးငွေမပေးရတဲ့ ပြည်သူတွေကြားကြော်ငြာမှု

မီဒီယာတိုင်းအတွက် အမြဲတမ်းငွေကြေးသုံးစွဲဖို့မလိုပါ။ ကောင်းမွန်တဲ့အစီအစဉ်တွေ၊ ဒါမှမဟုတ် စိတ်ဝင်စားဖို့ကောင်းတဲ့ ပြကွက်တွေဟာလည်း သတင်းထောက်တွေရဲ့ အာရုံကိုစွဲဆောင်နိုင်စွမ်းရှိတယ်။ အဲသလိုအစီအစဉ်တွေကြောင့် သတင်းစာအင်တာဗျူးတွေ၊ ဒါမှမဟုတ် ရေဒီယို၊ တီဗီအင်တာဗျူးတွေမှာ အခကြေးငွေမပေးရဘဲ ပါဝင်နိုင်ခွင့်ရှိတယ်။ သတင်းစာရှင်းလင်းပွဲတွေလုပ်ခြင်း၊ ဒါမှမဟုတ် အင်တာဗျူးတွေဖြေကြားပေးခြင်းစတဲ့နည်းလမ်းပေါင်းစုံနဲ့လည်း မီဒီယာတွေထဲကိုဝင်လို့ရတယ်။ ဒါမျိုးလုပ်နိုင်ဖို့အတွက် သတင်းသမားတွေနဲ့ခင်ဗျားတို့ ဆက်ဆံရေးကောင်းဖို့လိုတယ်။ သတင်းသမားတွေကိုအမြဲတမ်းသတင်းပို့ပေးပါ။ သတင်းထောက်တွေနဲ့လည်း ပုဂ္ဂိုလ်ရေးဆက်ဆံမှုရှိပါစေ။ ခင်ဗျားတို့ကမ်ပိန်းရဲ့ ကျယ်ပြန့်လာတဲ့အခြေအနေအကြောင်းကိုသတင်းပေးဖို့ ဆွေးနွေးပွဲတွေလည်းပြုလုပ်ပေးပါ။ မကြာခဏသတင်းထောက်တွေနဲ့လည်း ဆုံစည်းဖို့ စီစဉ်ပါ။ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ထိရောက်တဲ့သတင်းထုတ်ပြန်မှုကို ရေးသားပါ။ နယ်ပယ်သစ်မှာ ရောက်နေတဲ့နိုင်ငံရေးသမားတွေဟာ သတင်းသမားတွေနဲ့အနည်းငယ်ဆက်ဆံရခက်တတ်တယ်။ သတင်းသမားတွေဆိုတာ တခြားလူတွေနဲ့ဘာကွာခြားချက်မှမရှိဘူးဆိုတာကို အဲဒီနိုင်ငံရေးသမားတွေ သိသင့်တယ်။ ဒါ့အပြင်အဲဒီသတင်းသမားတွေဟာ တခြားလူတွေလိုပဲ ပျင်းရိတတ်ကြတယ်၊ မောက်မာတတ်ကြတယ်၊ အားငယ်တတ်ကြတယ်ဆိုတာကိုလည်း နိုင်ငံရေးသမားတွေသိထားသင့်တယ်။ ခင်ဗျားတို့က သတင်းသမားတွေကိုလိုအပ်သလိုပဲ သူတို့ကလည်း ခင်ဗျားတို့ကိုလိုအပ်တယ်ဆိုတာကိုသိထားရမယ်။ သူများတွေကိုတလေးတစားဆက်ဆံသလို သတင်းသမားတွေကိုလည်း ခင်ဗျားတို့ကတလေးတစားဆက်ဆံရမယ်။ သူတို့နဲ့ဆက်ဆံတဲ့အခါမှာ ယဉ်ကျေးပါ၊ အကူအညီပေးပါ ဒါပေမဲ့ သူတို့ရဲ့ ရည်မှန်းချက်တွေကိုတော့ မေးခွန်းမထုတ်ပါနဲ့။ မီဒီယာဟာ အောက်မှာပါတဲ့အချက်တွေကို အလွန်အမင်းစိတ်ဝင်စားတယ်ဆိုတာကို သတိပြုပါ။



- မဟာဗျူဟာ (မဟာမိတ်ပြုခြင်း)
- အသရေဖျက်ခြင်း
- အယူအဆအမြင်စစ်တမ်းကောက်ခြင်း
- သဘောမတူခြင်းနှင့်အတွင်းစီးပွားကိုက်ညီမှုမရှိခြင်း
- ပဋိပက္ခများ၊ ရန်ဖြစ်ခြင်းများ
- ပြဿနာတွေထက် လူပုဂ္ဂိုလ်ကိုပိုစိတ်ဝင်စားခြင်း

သက်ဆိုင်ရာနယ်ပယ်မှာ သတင်းသမားတွေမေးနိုင်ခြေရှိတဲ့ မေးခွန်းတွေကို ဖြေဆိုဖို့ခင်ဗျားတို့အမြဲတမ်းပြင်ဆင်ထားပါ။ ပြင်ဆင်ထားတဲ့အဖြေတွေကိုလည်းပါတီအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးပေးထားပါ။ ပါတီတွင်းက စည်းဝါးကိုက်ညီမှုပျက်နေတဲ့လက္ခဏာတွေဟာ အလွန်အရေးကြီးတယ်။ ဒီလက္ခဏာတွေအပေါ် ပြိုင်ဘက်တွေကထောက်ပြပြောဆိုလိမ့်မယ်။ မီဒီယာကလည်း ဒီလိုစည်းဝါးကျိုးပျက်မှုကို ဖော်ထုတ်တိုက်ခိုက်လိမ့်မယ်။ ခင်ဗျားတို့ဟာ ရွေးကောက်ပွဲကျင်းပတဲ့အခါမှာ နာနာကျင်ကျင်ခံစားရလိမ့်မယ်။ တစ်ခါတရံ အသရေဖျက်မှုတွေကိုလည်း ရှောင်လွှဲလို့မရနိုင်ဘူး။ ဒါကြောင့်ပဋိပက္ခစီမံခန့်ခွဲမှုဥပဒေသတွေကိုလည်း အသုံးပြုဖို့လိုလိမ့်မယ်။

နိုင်ငံရေးသမားတွေအတွက် အယူအဆအမြင်စစ်တမ်းကောက်ခြင်းဟာ မေးခွန်းတွေနဲ့သံသယတွေရဲ့မူလအရင်းအမြစ်လည်းဖြစ်တယ်။ အယူအဆအမြင်စစ်တမ်းကောက်ခြင်းကို မယုံကြည်ဘူးလို့ပြောတဲ့ နိုင်ငံရေးသမားကို ဘယ်တော့မှမယုံပါနဲ့။ အဲသလိုဘယ်တော့မှမဖြစ်နိုင်ဘူး။ အယူအဆအမြင်စစ်တမ်းကောက်ခြင်းတွေနဲ့ပတ်သက်ပြီး သတင်းထောက်တွေကမေးလာတဲ့အခါမှာ အဖြေအဆင်သင့်ရှိနေဖို့လိုအပ်တယ်။ စစ်တမ်းကောက်ခြင်းဟာ သိပ်ခိုင်မာမှုမရှိဘူးဆိုရင်တောင် ပေါ့ပေါ့ပါးပါးပဲခင်ဗျားတို့ ပြန်ဖြေသင့်တယ်။ အဲသလိုစစ်တမ်းကောက်ခြင်းနဲ့ပက်သက်ပြီး အေးအေးဆေးဆေးဖြေရှင်းနိုင်တဲ့ပုံစံမျိုး ရှိနေသင့်တယ်။ တကယ့်စစ်တမ်းကောက်ခြင်းဆိုတာကတော့ ရွေးကောက်ပွဲကျမှပဲ တကယ်သိနိုင်တဲ့အရာဖြစ်တယ်။

ခင်ဗျားတို့ရဲ့မဟာဗျူဟာမြောက် တွေးတောဆင်ခြင်မှုတွေကို မပြောဘဲထားဖို့ဆိုတာလည်း တစ်ခါတစ်လေမှာ ခက်ခဲတယ်။ ဒါပေမဲ့ မပြောဘဲထားရမယ်။ ခင်ဗျားတို့ဘယ်လိုဘယ်ပုံဆုံးဖြတ်ချက်ချကြတယ်၊ ခင်ဗျားတို့စဉ်းစားထားတာတွေဟာ ဘာလဲ၊ ခင်ဗျားတို့ပြိုင်ဘက်ရဲ့ လှုပ်ရှားမှုတွေကို ခင်ဗျားတို့ဘယ်လိုစောင့်ကြည့်စဉ်းစားထားသလဲဆိုတဲ့အရာအားလုံးဟာ မီဒီယာတွေက ခင်ဗျားတို့ကိုမေးမယ့်မေးခွန်းတွေပဲဖြစ်တယ်။ ဒါပေမဲ့အနည်းဆုံးတော့ရွေးကောက်ပွဲတွေမပြီးခင်အချိန်ထိတော့ မပြောဘဲမထားသင့်ဘူး။ ခင်ဗျားတို့ဘာတွေရရှိအောင်မြင်ချင်တယ်၊ နိုင်ငံကိုဘယ်လိုတိုးတက်အောင်လုပ်ဖို့ အစီအစဉ်တွေရှိသလဲဆိုတာကို မဲပေးသူတွေကသိချင်ကြတယ်။ ခင်ဗျားတို့ကမ်ပိန်းအတွင်းမှာ ချမှတ်ခဲ့တဲ့ မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်ပြီး နိုင်ငံရေးအကဲဖြတ်ခန့်မှန်းသူတွေရဲ့စိတ်ဝင်စားမှုနဲ့ မီဒီယာကို ဥပက္ခာပြုထားပါ။ တကယ်လို့ခင်ဗျားတို့ရဲ့ပါတီအကျိုးစီးပွားနဲ့မသက်ဆိုင်ဘူးဆိုရင် ကန့်လန့်ကာနောက်ကွယ်ကစောင့်ကြည့်မှုတွေကိုလည်း ထည့်မတွက်ပါနဲ့။

အောက်မှာပါတဲ့မေးခွန်းတွေကိုမေးတဲ့အခါမှာ မဟာဗျူဟာနဲ့ပတ်သက်တဲ့စဉ်းစားတွေးတောထားမှုတွေကို မပြောဖို့ဆိုတာ သိပ်ပြီးခက်ခဲတယ်။

– မဟာမိတ်ဖွဲ့ခြင်းနဲ့ပတ်သက်တဲ့မေးခွန်း–ဘယ်အစိုးရကို ကျွန်တော်တို့မျှော်လင့်လို့ရသလဲ။ (ဒီမေးခွန်းအတွက်ပြန်ဖြေလို့ရနိုင်တဲ့ ကောင်းမွန်းတဲ့နည်းလမ်းကတော့ ‘ပထမဆုံးအနေနဲ့ အဲဒါကတော့ မဲပေးသူတွေဟာ အခုလောလောဆယ်မှာ သူတို့ဘာလိုချင်သလဲဆိုတဲ့အပေါ်မှာမူတည်တယ်။ ရလာမယ့်ရလဒ်ကိုကြိုတင်ပြီး ခန့်မှန်းဖို့ဆိုတာ သိပ်ကိုမောက်မာလွန်းရာကျမယ်။’

– ရွေးကောက်ပွဲရလဒ်နဲ့ပတ်သက်တဲ့ ‘တကယ်လို့သာ’ ဆိုတဲ့မေးခွန်းတွေအတွက် ‘ရွေးကောက်ပွဲမှာခင်ဗျားတို့ပါတီရှုံးခဲ့မယ်ဆိုရင် ပါတီရဲ့ခေါင်းဆောင်ပိုင်းမှာ ဘယ်လိုအကျိုးဆက်တွေရှိလာနိုင်မလဲ။’

– လူပုဂ္ဂိုလ်တွေ၊ စစ်တမ်းကောက်ခြင်းတွေ၊ ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်၊ နိုင်ငံရေးဆိုင်ရာပြိုင်ဘက်များနှင့်ပတ်သက်သော မေးခွန်းများ။



– ဘယ်လိုပဲအခက်အခဲတွေရှိနေပါစေ ကမ်ပိန်းဖော်ဆောင်နေတဲ့အချိန်ကာလမှာ ခင်ဗျားတို့ဟာ ဒီလိုမေးခွန်းတွေနဲ့ရင်ဆိုင်ခဲ့ရရင် တည်ငြိမ်နေဖို့အရေးကြီးတယ်။ သူတို့အစဆွဲထုတ်လိုက်တဲ့ပြဿနာတွေကို သွားပြီးတော့ မကိုင်တွယ်မိပါစေနဲ့။ ခင်ဗျားတို့ရဲ့အဓိကသတင်းစကားဆီကိုသာ ပြန်ဦးတည်ပါ။

သတင်းစကားတွေကိုဖြန့်ချိခြင်းဟာ အဓိကအချက်တစ်ချက် ဖြစ်တယ်။ မီဒီယာတွေရဲ့အသွင်သဏ္ဌာန်နဲ့ဆွေးနွေးငြင်းခုံမှုတွေကို အမြဲလိုလိုသတိထားပြီးပြင်ဆင်ပါ။ သတင်းထောက်တွေနဲ့စကားပြောတဲ့အခါမှာ ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်းကိုယ့်ရဲ့သတင်းစကားကို ခဏခဏဖော်ပြပါ။ သတင်းထောက်တွေဟာ ကိုယ့်သတင်းစကားကိုသိကြပြီးတော့ သဘောပေါက်လာအောင်လည်း စီမံပါ။ တကယ်တော့ခင်ဗျားတို့ကသတင်းထောက်တွေကို သိမ်းသွင်းရမှာတော့မဟုတ်ဘူး။ တကယ်တော့ မဲဆွယ်သူတွေခင်ဗျားတို့ကိုယုံကြည်လာအောင်လုပ်ရမှာဖြစ်တယ်။ ခင်ဗျားတို့ရဲ့ဆွေးနွေးပွဲတွေကို ခင်ဗျားတို့ရဲ့သတင်းစကားဆီကိုပဲ ဦးတည်မောင်းနှင်ပါ။ ကမ်ပိန်းဖော်ဆောင်နေတဲ့တလျှောက်လုံးမှာလည်း သတင်းစကားကိုထပ်ကာထပ်ကာဖော်ထုတ်ပါ။ တကယ်လို့ အထပ်ထပ်အခါခါဖော်ထုတ်မှုကြောင့် ခင်ဗျားတို့စိတ်အနှောင့်အယှက်ဖြစ်လာပြီဆိုရင် ခင်ဗျားတို့လုပ်တာထိရောက်ပြီလို့ပြောလို့ရတယ်။ တခြားအသစ်သစ်သောအရာတွေကိုပြောဖို့အတွက် ခင်ဗျားတို့ရဲ့လမ်းကြောင်းကနေသွေဖည်မသွားပါနဲ့။ ဒါပေမဲ့ခင်ဗျားတို့သတင်းစကားပေးချင်တဲ့ပစ်မှတ်အုပ်စုအတွက်တော့ သတင်းစကားကိုဘက်ညီအောင်လုပ်ပါ။ ကျောင်းသားတွေနဲ့ဆွေးနွေးငြင်းခုံပွဲတွေမှာ လူကြီးတွေနဲ့မေးခွန်း မေးတဲ့အချိန်ထက် မတူကွဲပြားတဲ့စာရင်းပြုစုမှုတွေပြုလုပ်ဖို့ပိုအရေးကြီးတယ်။ ကျယ်ပြန့်တဲ့နောက်ခံဇာတ်ကြောင်းတွေဟာ ခြောက်သွေ့တဲ့အချက်အလက်တွေထက် ပိုပြီးဆွဲဆောင်နိုင်တယ်။ ‘အကြောင်းအရာတွေကပြောတယ်။ ပုံပြင်ဇာတ်ကြောင်းတွေကရောင်းချတယ်။’ ဆိုတဲ့စကားအတိုင်းပဲ။ ခင်ဗျားတို့ လုပ်နိုင်တဲ့နေရာမှာဆိုရင် ခင်ဗျားတို့ရဲ့အမြင်တွေကို ရှင်းလင်းပြတ်သားတဲ့ ဥပမာတွေနဲ့ဖော်ပြဖို့ ကြိုးစားပါ။ ခင်ဗျားတို့ပါတီက

ဂရုစိုက်တဲ့လူတွေ အကြောင်းကိုလည်း အမြဲတမ်းပြောပါ။ ကိန်းကဏန်းတွေကိုချည်းမပြောပါနဲ့။ ဒါကြောင့် 'ပင်စင်ယူသွားတဲ့လူဦးရေ ၅၀ % ဟာ အထီးကျန်မှုတွေကိုခံစားနေရတယ်။' ဆိုတဲ့စကားမျိုးမပြောပါနဲ့။ အဲဒီစကားအစား 'ဒီနေ့ကျွန်တော် Sunrise Care Home မှာ လူကြီးအတော်များများနဲ့ စကားပြောခဲ့တယ်။ Hay-on-Wye က မစ္စတာစမစ်က သူ့ဆီဘယ်သူ မှလာမလည်ကြဘူးလို့ ကျွန်တော့်ကိုပြောတယ်။ မစ္စတာစမစ်တစ်ယောက်တည်းတင်မဟုတ်ဘူး။ ပင်စင်စား ၅၀ % ဟာ အထီးကျန်မှုတွေကို ခံစားနေရတယ်။' လို့ ပြောသင့်တယ်။

နိုင်ငံအတော်များများမှာ နိုင်ငံရေးပါတီတွေအတွက် အခကြေးငွေမဲ့ လူထုကြော်ငြာခြင်းဟာ သိပ်ကိုအရေးကြီးတယ်။ အကြောင်းကတော့ ကြော်ငြာဖို့အတွက် ကမ်ပိန်းတွေမှာ ဘတ်ဂျက်နည်းနေလို့ပဲ။ ဒါကြောင့် နိုင်ငံရေးသမားတွေဟာ တီဗီကဏ္ဍတွေမှာ ပုံမှန်ပါဝင်နိုင်အောင်လို့ကြိုးစားရမယ်။ ဆိုချင်တဲ့အဓိပ္ပါယ်က သတင်းကဏ္ဍ၊ ဒါမှမဟုတ် လက်ရှိဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေကို ဆွေးနွေးတဲ့ကဏ္ဍတွေမှာ ပါဝင်နိုင်ဖို့လိုတယ်။ ဒါ့အပြင် ဖျော်ဖြေမှုကိုဦးစားပေးတဲ့ အစီအစဉ်တွေမှာလည်းပါဝင်ဖို့လိုတယ်။ ပါတီတွေဟာ သူတို့ရဲ့ခေါင်းဆောင်အတွက် ဘယ်တီဗီအစီအစဉ်တွေ၊ မဂ္ဂဇင်းတွေက အကောင်းဆုံးစင်မြင့်တွေဖြစ်တယ်ဆိုတာကိုသိဖို့ သုတေသနလုပ်ကြတယ်။ ဒါ့အပြင်ရွေးကောက်ပွဲပေါ်မူတည်ပြီး ဘယ်အစီအစဉ်တွေကိုရှောင်ကြဉ်သင့်တယ်ဆိုတာကိုလည်း သုတေသနလုပ်သင့်တယ်။ ဒါပေမဲ့ အခကြေးငွေမဲ့လူထုကြော်ငြာခြင်းမှာ စွန့်စားမှုတွေသိပ်အများကြီးမရှိသင့်ဘူး။ ခင်ဗျားတို့ဒုက္ခရောက်တဲ့အခါမှာ အရာအားလုံးဟာ အလွယ်ကလေးမြင့်တက်သွားလိမ့်မယ်။ အနည်းငယ်တလွဲတချော်ဖြစ်သွားတာနဲ့ပဲ ခင်ဗျားတို့ဟာ ကမ်ပိန်းမှာ ကောင်းကောင်းမစွမ်းဆောင်နိုင်ဘူးလို့ လူတိုင်းက (အထူးသဖြင့် သတင်းထောက်များ) ထပ်ကာတလဲလဲ ပြောလိမ့်မယ်။ ဒါကြောင့် 'သတင်းထောက်တွေဟာ ထပ်ကာတလဲလဲဖွတဲ့သူတွေ' 'reporters are repeaters' ပဲဖြစ်တယ်လို့ ပြောကြတယ်။ ရလဒ်မကောင်းတဲ့စစ်တမ်းကောက်မှုတစ်ခု ကိုတွေ့တာနဲ့ သတင်းထောက်တွေရောက်လာပြီး မေးခွန်းအများကြီး



မေးလိမ့်မယ်။ အဲသလိုပဲခင်ဗျားတို့မေ့ပျောက်ချင်တဲ့ ဆိုးရွားတဲ့ကိစ္စတွေမှာလည်း သူတို့ရောက်လာပြီးမေးကြလိမ့်မယ်။ ဒီထက်ပိုဆိုးတာကတော့ သတင်း ထောက်တွေမှာ သူတို့တစ်နှစ်လုံးသုံးတဲ့ နိုင်ငံရေးသမားတွေရဲ့ ကိုယ်ရေး ဖိုင်တွဲတွေရှိကြတယ်။ (အမှားအယွင်းတွေ၊ လိင်ပိုင်းဆိုင်ရာအဖြစ်အပျက်တွေ၊ ဒါမှမဟုတ် နိုင်ငံရေးဆိုင်ရာ အရှက်ကွဲမှုတွေ) စတဲ့အတိမ်းအစောင်းဖြစ်ရပ်တွေ သတင်းစာတွေပေါ်ရောက်သွားရင် ခင်ဗျားတို့အမြဲတမ်းကြောက်လန့်နေရလိမ့်မယ်။ တစ်သက်လုံးအကောင်းလုပ်ထားသမျှတခဏအတွင်းမှာ အဆိုးဆုံးတွေဖြစ်သွားနိုင်တယ်။ သိပ်မကြာခင်မှာပဲ ခင်ဗျားတို့ရဲ့ ပုံရိပ်ဟာ ပြည်သူတွေကြားထဲပြန့်နှံ့သွားပြီး တားဆီးလို့ရတော့မှာ မဟုတ်တော့ဘူး။

သတင်းထောက်တွေမှာ အချိန်မရှိဘူး။ ဒါ့အပြင်သူတို့ကိုကူညီမယ့်ဝန်ထမ်းလည်းနည်းနည်းရှိမယ်၊ ဒါမှမဟုတ် ရှိချင်မှရှိမယ်။ ဒါကြောင့် သူတို့ဆီမှာရှိတဲ့အချက်အလက်တွေကို သေသေချာချာစစ်ဆေးနိုင်မှာမဟုတ်ဘူး။ ဒီအချက်ကိုလည်း စိတ်ထဲမှာ မှတ်ထားသင့်တယ်။ ဒါကြောင့် ခင်ဗျားတို့ပြိုင်ဘက်တွေက လက်ညှိုးထိုးတဲ့မမှန်ကန်တဲ့ အဆိုတွေ၊ အသရေဖျက်မှုတွေကို မြန်မြန်ဆန်ဆန် ငြင်းဆန်သင့်တယ်။ ခင်ဗျားတို့ မသိခင်မှာ သူတို့ရဲ့အချက်အလက်မှားယွင်းဖော်ပြနေတာဟာ ခင်ဗျားတို့အတွက်ပိုပြီးတော့ ဖြေရှင်းရခက်သွားနိုင်တယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ကိုယ့်ရဲ့လူထုပုံရိပ်၊ ဒါမှမဟုတ် ကိုယ်ရည်ကိုယ်သွေးနဲ့မသင့်တော်တဲ့ တီဗီအစီအစဉ်တွေမှာ နိုင်ငံရေးသမားတွေဟာ မပါဝင်သင့်ဘူး။ နိုင်ငံရေးသမားတွေရဲ့ ချင့်ချိန်နိုင်မှုဟာ သူတို့ရဲ့လုပ်ဆောင်မှုတွေအတွက် အရေးပါတယ်။ ဒါကြောင့်နိုင်ငံရေးသမားတွေဟာ မရိုးသားမှုတွေ၊ ကြွပ်ဆပ်မာကျောမှုတွေအဖြစ်ထင်မြင်ခံရတယ်။ တကယ်လို့ ခင်ဗျားသီချင်းမဆိုနိုင်ဘူးဆိုရင် ကာရာအိုကေမသွားပါနဲ့။ စွန့်လွှတ်တဲ့ကိစ္စဟာ ခင်ဗျားကိစ္စမဟုတ်ဘူးဆိုရင် စွန့်လွှတ်တာနဲ့ပတ်သက်တဲ့ တီဗီအစီအစဉ်တွေကိုတက်ရောက်ဖို့ အဖိတ်မခံရအောင်ကြိုးစားပါ။ လူထုနဲ့ဆက်ဆံရေးအားလုံးဟာ ကောင်းမွန်တဲ့ လူထုနဲ့ဆက်ဆံရေးဖြစ်တယ်ဆိုတဲ့အချက်ဟာ နိုင်ငံရေးသမားတွေအတွက်

တော့မမှန်ဘူး။

အကျယ်ထပ်ပြောရမယ်ဆိုရင် မီဒီယာဟာ ပြည်သူလူထုထဲမှာ ငြင်းခုံဖို့အစီအစဉ်လုပ်တယ်။ ဒါပေမဲ့ ပါတီပေါင်းစုံရဲ့သြဇာလွှမ်းမိုးမှုကို တော့မခံနိုင်ဘူး။ ဒါကြောင့်ခင်ဗျားတို့က စတင်ပြီးစည်းရုံးပြီး အစီအစဉ် လုပ်ဖို့လိုတယ်။ ကမ်ပိန်းဖော်ဆောင်ခြင်းဆိုတာ အစီအစဉ်ချမှတ်တဲ့ အနုပညာဖြစ်တယ်။ အနိုင်ရတဲ့ပါတီဟာ အစီအစဉ်ချမှတ်ရတဲ့ပါတီဖြစ်တယ်။ အဲသလိုပါတီဟာ ပြည်သူလူထုဆွေးနွေးငြင်းခုံမှုမှာ သူတို့ရဲ့အားသာချက်နဲ့ သူတို့ပြိုင်ဘက်ရဲ့အားနည်းချက်တွေကို ကောင်းကောင်းဖော်ထုတ်ပြင်ဆင်ထားတယ်။ အောင်မြင်မှုရရှိဖို့အတွက် ပါတီတွေကသုံးတဲ့ အဲသလိုနည်းစနစ်ကိုစည်းဘောင်ချခြင်းလို့ခေါ်တယ်။ စည်းဘောင်ချခြင်းဆိုတာ ခင်ဗျားတို့ရဲ့သတင်းစကားထဲမှာ တသီးတသန့်စကားလုံးတွေကိုသုံးပြီး နားထောင်သူရဲ့စိတ်ထဲက သီးခြားချိတ်ဆက်မှုတွေ၊ ပုံရိပ်တွေကိုပေါ်လာအောင်လုပ်ခြင်းပဲဖြစ်တယ်။ အဲဒီလိုစကားလုံးတွေကိုမှန်ကန်တဲ့နေရာမှာ ထပ်ခါတလဲလဲခင်ဗျားတို့အသုံးပြုနိုင်မယ်ဆိုရင် ပြိုင်ဘက်တွေရဲ့ဂုဏ်သိက္ခာကိုမှေးမှိန်သွားအောင်လုပ်လို့ရတယ်။ ဥပမာပြောရမယ်ဆိုရင် ဟော်လန်နိုင်ငံရဲ့ ၂၀၀၆ ခုနှစ်ရွေးကောက်ပွဲကမ်ပိန်းမှာ PvdA ခေါင်းဆောင်ရဲ့စရိုက်အပေါ် နှာတစ်ဖျားသာသွားအောင်လုပ်ခဲ့တာရှိတယ်။ တီဗီအငြင်းခုံတစ်ခုမှာ CDA ခေါင်းဆောင်က ‘မစ္စတာဘော့စ် ခင်ဗျားဟာမရိုးသားဘူးဆိုးရွားတယ်’ လို့ပြောခဲ့တယ်။ ဒါပေမဲ့ ဘော့စ်က ဒါကိုပြန်မချေပနိုင်ဘူး။ အဲဒီစကားဟာ ဘော့စ်ကိုအတော်ထိသွားတယ်။ PvdA က စောစောတုန်းကတိုက်ခိုက်မှုကို အထပ်ထပ်ခါခါ ‘ကျွန်တော်တို့ရဲ့ပြိုင်ဘက်တွေဟာ ကျွန်တော်တို့ရဲ့ဂုဏ်သိက္ခာကို နှစ်ပေါင်းအတော်ကြာအောင် ချိုးနှိမ်ဖို့ကြိုးစားနေကြတယ်’၊ ‘တစ်ဖက်သတ်ပြိုင်ပွဲဖြစ်မသွားဖို့လိုတယ်’ ဆိုတဲ့စကားတွေနဲ့ ပြန်တုန့်ပြန်တယ်။ အဲသလိုတုန့်ပြန်မှုကြောင့် အခြေအနေပိုဆိုးသွားတယ်။ တကယ်တော့ အဲသလိုတုန့်ပြန်မှုတွေဟာ စွတ်စွဲချက်ကိုပိုပြီးအားကောင်းအောင်လုပ်လိုက်သလိုဖြစ်သွားတယ်။CDA ရဲ့ နည်းဗျူဟာဟာ အမေရိကန်နိုင်ငံရဲ့သမ္မတရွေးကောက်ပွဲမှာ ဂျွန်ကယ်ရီကိုဆန့်



ကျင်ဖို့ ရီပတ်ပလစ်ကန်တွေက သုံးတဲ့နည်းဗျူဟာဖြစ်တယ်။ ဘုရှ်က ကယ်ရီကို အမြဲတမ်းအမြင်ပြောင်းနေတဲ့သူဖြစ်တယ်လို့ စွပ်စွဲတယ်။ အဲသလို ဘာမှမဟုတ်တဲ့ အပြုအမူလေးတစ်ခုဟာ ကယ်ရီအတွက် အကြီးမားဆုံးသော အဟာန့်အတားဖြစ်သွားတယ်။ ဘုရှ်ပြောတဲ့စကားဟာ လူတိုင်းရဲ့ပါးစပ်ဖြားမှာ အမြဲတမ်းပြောဆိုနေတဲ့စကားဖြစ်သွားတယ်။ ဒါကြောင့် ကယ်ရီရှုံးသွားတယ်။

အနုတ်သဘောဆောင်တဲ့ စည်းဘောင်ခြားခြင်းကို ဘယ်လိုခုခံမလဲ။ ခင်ဗျားတို့ကိုတိုက်ခိုက်မှုတွေကို ထပ်ခါတလဲလဲမပြောဆိုဘဲ ခင်ဗျားတို့ အမြဲတမ်းငြင်းဆန်သင့်တယ်။ အဲဒီနောက်မှာ ခင်ဗျားတို့ရဲ့ပြိုင်ဘက်ကို ခင်ဗျားတို့အနိုင်ရနိုင်တယ်ဆိုတဲ့အကြောင်းအရာကို ဆွေးနွေးဖို့ကြိုးစားသင့်တယ်။ ‘ဆင်အကြောင်းမတွေးပါနဲ့’ ဆိုတဲ့ဥပဒေရှိတယ်။ အဲဒီဥပဒေသအရ ခင်ဗျားတို့ဟာ တစ်ယောက်ယောက်ကိုတာဝန်ပေးလိုက်တဲ့အခါ၊ သူတို့ ဘာလုပ်လုပ် ဆင်အကြောင်းတော့မတွေးစေချင်ဘူးဆိုတာကိုလည်းသူတို့ ကိုပြောပြလိုက်ပါ။ အဲဒီအခါမှာ သူတို့ဟာ ဆင်အကြောင်းကိုသူတို့မတွေးဘဲမနေနိုင်ကြတော့ဘူး။ တကယ်လို့ နိုင်ငံရေးသမားတစ်ယောက်ဟာ မမှုမတစွပ်စွဲခံရတယ်ဆိုရင် အဲဒီအချက်ကိုချက်ချင်းငြင်းဆိုပါ။ ဒါပေမဲ့ တကယ့်အရေးကြီးဆုံးအချက်ကတော့ ခင်ဗျားတို့ငြင်းဆန်ပြီးပြီးချင်း ဆွေးနွေးပွဲရဲ့အကြောင်းအရာကို ပြောင်းလဲပစ်လိုက်ပါ။ ကိုယ့်ရဲ့ထပ်ခါတလဲလဲ ငြင်းဆန်မှုထဲမှာပဲ ပိတ်မိမနေပါစေနဲ့။ အကြောင်းကတော့ ထုတ်ဖော်ပြော ဆိုမှုတိုင်းဟာ လူတွေကို စဉ်းစားသွားစေလို့ပဲဖြစ်တယ်။ မီးမရှိဘဲ ဘယ်က နေမီးခိုးလာသလဲလို့ လူတွေကစဉ်းစားသွားလိမ့်မယ်။ ဒါကြောင့် အမြဲတမ်း မြန်မြန်ဆန်ဆန်တုန့်ပြန်ပါ။ ပြီးတဲ့အခါမှာ ပြိုင်ဘက်ရဲ့ရှေ့တန်းစစ်မျက် နှာကိုတိုက်ခိုက်ပါ။ တိုက်ခိုက်မှုဟာ အကောင်းဆုံးခံစစ်ဖြစ်တယ်ဆိုတဲ့ စကားရှိတယ်။ လိုအပ်ရင် ခင်ဗျားတို့ရဲ့သတင်းစကားကို အထပ်ထပ်အခါခါ ပြောဆိုပေမယ့် ကျွမ်းကျင်တဲ့ ကမ်ပိန်းပြောရေးဆိုခွင့်ရှိသူတစ်ယောက်ကိုထားထားပါ။ ဖြစ်နိုင်ခြေအမှားတွေ၊ နားလည်မှုတွေကို အဲဒီပြောရေးဆိုခွင့် ရှိသူကဖြေရှင်းလိမ့်မယ်။

သတင်းထောက်တွေကို ခင်ဗျားတို့ပြောမယ့် အကြောင်းအရာဘက်မှာ ရှိနေပါစေ။ အကြောင်းကတော့ ခင်ဗျားတို့ရဲ့ပြိုင်ဘက်ကလည်း သူတို့ကိုသူတို့ဘက်ပါအောင် သိမ်းသွင်းမှာဖြစ်လို့ပဲ။ ခင်ဗျားတို့ဘက်ကိုပါအောင် သတင်းထောက်တွေအပေါ်ဩဇာလွှမ်းမိုးနိုင်ခြင်းနဲ့ စည်းရုံးနိုင်ခြင်းကို 'လှည့်ပစ်ခြင်း' လို့ခေါ်တယ်။ လှည့်ပစ်ခြင်းဆိုတဲ့ အဓိပ္ပါယ်ကတော့ ခင်ဗျားတို့က ခင်ဗျားတို့ရဲ့ရည်ရွယ်ချက်ကို အကောင်းဆုံးထောက်ပံ့ပေးနိုင်ဖို့ တခြားသောအမှန်တရားတစ်ခုကို အာရုံစိုက်ခိုင်းလိုက်တာပဲဖြစ်တယ်။ အချက်အလက်တွေဟာ ပုဂ္ဂလိကမဆန်ဘူး။ ဒါပေမဲ့ အယူအဆနှစ်ခုကတော့မတူဘူး။ လူဆယ်ယောက် ပန်းချီကားချပ်တစ်ခုကိုကြည့်တဲ့အခါမှာ ကွဲပြားခြားနားတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ၁၀ မျိုးထွက်လာလိမ့်မယ်။ အနုပညာရှင်တွေဟာ သူတို့ရဲ့ရည်ရွယ်ချက်ကိုပြတ်ပြတ် သားသားရှင်းရှင်းလင်းဖော်ပြဖို့ကြိုးစားသလိုပဲ နိုင်ငံရေးဆိုင်ရာလှည့်စွမ်းနိုင်တဲ့ ဆရာဝန်တွေဟာလည်း အဲဒီအနုပညာရှင်တွေနဲ့အတူတူပဲ။

အနုပညာရှင်တွေက စုတ်တံတွေနဲ့အလုပ်လုပ်သလို နိုင်ငံရေးသမားတွေကလည်း အရေးကြီးတဲ့နိုင်ငံရေးအဖြစ်အပျက်တွေ၊ ပေါ်လစီတင်ပြမှုတွေ၊ အယူအဆအမြင်စစ်တမ်းကောက်မှုတွေ၊ မိန့်ခွန်းတွေ၊ ဆွေးနွေးပွဲတွေနဲ့အလုပ်လုပ်တယ်။ ခင်ဗျားတို့ဘယ်လောက်အထိ အမှန်တရားဘက်ကိုအာရုံပြောင်းနိုင်သလဲဆိုတဲ့ကိစ္စမှာလည်း အကန့်အသတ်ရှိတယ်။ ခင်ဗျားတို့ကိုလိမ်မယ်ဆိုရင် အမှန်တရားဟာ နောက်ဆုံးမှာပေါ်လာမှာပဲ။

ပါတီတွေဟာ သူတို့ရဲ့မီဒီယာအသွင်သဏ္ဍာန်ထိန်းချုပ်မှုကို တတ်နိုင်သမျှလုပ်ဆောင်ကြတယ်။ နောက်ထပ်ကာကွယ်ရမယ့်တစ်ချက်ကတော့ အလွန်အကျွံသုတ်သင်ခြင်းပဲဖြစ်တယ်။ အခုခေတ်ကမ္ဘာကြီးမှာ ဆက်သွယ်ရေးလမ်းကြောင်းတွေအများကြီးရှိတယ်၊ တီဗီပရိုဂရမ်တွေအများကြီးရှိတယ်။ ဒါကြောင့် လိုအပ်တာထက်ပိုနေသေးတယ်။ ဒီကိစ္စမှာ ခင်ဗျားတို့ဟာ ဘယ်လောက်အတိုင်းအတာထိ ပေါ်လွင်ထင်ရှားမှုရှိသလဲဆိုတဲ့အပေါ်မှာလည်း မူတည်တယ်။ ပိုပြီးသေးငယ်တဲ့ပါတီတွေနဲ့ သူတို့ရဲ့ခေါင်းဆောင်တွေဟာ သူတို့လုပ်နိုင်တဲ့အပေါ်မှာပဲ အထိုင်ချကြ



တယ်။ တကယ်လို့ ခင်ဗျားတို့ဟာ အစီအစဉ်တစ်ခုမှာပါလာမယ်ဆိုရင် မလိုလားအပ်တဲ့အံ့ဩမှုတွေကို ကာကွယ်ဖို့အတွက် သတင်းသမားတွေနဲ့ ကြိုတင်ပြီးမြန်မြန်လုပ်သင့်တယ်။ အကြောင်းအရာဘယ်လိုဖြစ်မယ်၊ ဘယ်လိုလုပ်ရမယ်၊ ဘယ်သူတွေကိုဖိတ်မယ် စတဲ့အချက်တွေကို မြန်မြန်ဆန်ဆန်လုပ်ကိုင်သင့်တယ်။ တကယ်လို့ သတင်းသမားကဒါတွေကို မလုပ်ချင်ဘူးဆိုရင် လူတွေကိုလျှော့ပြီးဖိတ်တာ ပိုကောင်းမယ်။ သတင်းသမားတွေဟာ သူတို့ရဲ့အချက်အလက်တွေကို ပြည့်ပြည့်စုံစုံသေသေချာချာ မစစ်နိုင်ဘူးဆိုရင် ခင်ဗျားတို့က သက်ဆိုင်တဲ့အချက်အလက်တွေကို အလွတ်ကျက်မှတ်ထားဖို့လိုတယ်။ ခင်ဗျားတို့ ကမ်ပိန်းအဖွဲ့၊ ဒါမှမဟုတ် တခြားအဖွဲ့ကအရာရှိတွေဟာ မမှန်တတဲ့ တိုက်ခိုက်မှုတွေကိုလုပ်ဖို့ မရှင်းလင်းတာတွေကို အမှန်ပြင်ဖို့ ဆိုတာကို လည်း သိနေရမယ်။ သတင်းသမားတွေဟာ သူတို့ရဲ့ဆောင်းပါးတွေကို မရေးခင်မှာ နှစ်ဘက်ပါတီကစကားတွေအားလုံးကို နားထောင်ဖို့လိုတဲ့ အကြောင်းသတိပေးသင့်တယ်။ မီဒီယာဟာ အရေးပါတယ်ဒါကြောင့် ခင်ဗျားတို့ရဲ့ကမ်ပိန်းမှာ အဓိကကျတဲ့နေရာကပါဝင်တယ်။

## သတင်းထုတ်ပြန်ခြင်း

သတင်းသမားတွေဟာ နေ့စဉ်နေ့တိုင်းသတင်းအများကြီးကို လက်ခံရရှိတယ်။ ဒါကြောင့်ခင်ဗျားတို့ဟာ အဲဒီသတင်းတွေအများကြီးထဲမှာ ပေါ်လွင်နေဖို့လိုတယ်။ ခင်ဗျားတို့ရဲ့သတင်းစကားဟာ ရှင်းလင်းနေရမယ်။ သတင်းစကားဒီဇိုင်းဟာ ဆွဲဆောင်မှုရှိရမယ်။ ဖြစ်နိုင်မယ်ဆိုရင် ခင်ဗျားတို့ဟာ ခင်ဗျားတို့ရဲ့သတင်းထုတ်ပြန်ချက်တွေကို သတင်းထောက်တွေဆီပို့တဲ့အခါမှာ သူတို့ရဲ့နာမည်ကိုတပ်ပေးသင့်တယ်။ တချိန်တည်းမှာပဲ သူတို့ရဲ့အယ်ဒီတာဆီကိုလည်း မိတ္တူတစ်စောင်ပို့ရမယ်။ အဲသလိုပို့တဲ့အခါမှာလည်း ပို့လိုက်တာရကြောင်းကို သတင်းသမားတွေဆီ ဖုန်းဆက်အကြောင်းကြားရမယ်။ ဒီသတင်းတွေသူတို့သုံးမလား၊ မသုံးဘူးလားဆိုတာကိုလည်း မေးမြန်းရမယ်။ ကောင်းမွန်တဲ့သတင်းထုတ်ပြန်မှုဟာ KISS

ဆိုတဲ့ Keep It Short and Simple (တိုတိုနဲ့ရှင်းရှင်း) ဖြစ်ဖို့လိုတယ်။ တကယ့်သတင်းစကားကို ပထမဆုံးစာကြောင်းမှာပဲ စာလုံးအထူနဲ့ရေးရမယ်။ ဘယ်သူလဲ၊ ဘာလဲ၊ ဘယ်နေရာမှာလဲ၊ ဘယ်အချိန်လဲ၊ ဘာ့ကြောင့်လဲဆိုတဲ့မေးခွန်းငါးခုအတွက် အဖြေတွေ သတင်းထုတ်ပြန်မှုထဲမှာပါရမယ်။ အဲဒီသတင်းထုတ်ပြန်မှုဟာ နေ့စဉ်သုံးဘာသာစကားဖြစ်ရမယ်။ အထူးသုံးစကားတွေမဖြစ်ရဘူး။ သတင်းထုတ်ပြန်မှုအားလုံးဟာ ညီညွတ်မျှတဲ့အပြင်အဆင်ရှိရမယ်။ ကမ်ပိန်းအဖွဲ့ရဲ့မူလပုံစံနဲ့လည်း ညီညွတ်ကိုက်ညီရမယ်။ စာကြောင်းတစ်ကြောင်းနဲ့တစ်ကြောင်းကြားမှာ မှတ်စုမှတ်ဖို့အတွက် နေရာချပ်ကျဲကျဲခြားရမယ်။ ခင်ဗျားတို့ပို့မယ့်လူရဲ့ နာမည်၊ လိပ်စာ၊ တယ်လီဖုန်း နံပါတ်၊ အီးမေးလ်လိပ်စာတွေပါရမယ်။

## သတင်းစာရှင်းလင်းပွဲ

သတင်းစာရှင်းလင်းပွဲလုပ်မယ့်နေရာဟာ သူ့ရဲ့အဆင့်အတန်းနဲ့ညီတဲ့နေရာဖြစ်ရမယ် အီးမေးလ်တွေ၊ ဖုန်းတွေသုံးလို့ရတဲ့နေရာဖြစ်ရမယ်။ တက်ရောက်လာတဲ့လူတွေကို မိတ်ဆက်ပေးမယ့် ကျွမ်းကျင်ယုံကြည်မှုရှိတဲ့ခေါင်းဆောင်းရှိရမယ်။ သတင်းစာရှင်းလင်းပွဲရဲ့ရည်ရွယ်ချက်ကိုလည်း ကြေငြာရမယ်။ ခင်ဗျားတို့ရဲ့အဓိကသတင်းစကားကိုလည်းသုံးရမယ်။ ဒါပမဲ့ မိန့်ခွန်းပြောတဲ့အခါမှာ မရှည်ကြာပါစေနဲ့။ အမေးအဖြေအတွက် လုံလောက်တဲ့အချိန်ပေးပါ။ ဒီအချက်တွေအားလုံးဟာ သတင်းစာရှင်းလင်းပွဲအတွက် ဂရုစိုက်ဖို့လိုအပ်ချက်တွေဖြစ်တယ်။

## တီဗီနှင့် ရေဒီယို အင်တာဗျူးများ

နိုင်ငံရေးသမားတော်တော်များများဟာ မကြာခဏအင်တာဗျူးခံရတယ်။ ရလဒ်ကတော့ အခြေအနေပေါ်မှာ အများကြီးမူတည်တယ်။ ခင်ဗျားတို့ရဲ့ပြင်ဆင်မှုပေါ်မှာ မူတည်ပြီး ရလဒ်တွေကစကားပြောလိမ့်မယ်။ အဲဒီအင်တာဗျူးဟာ တိုက်ရိုက်အင်တာဗျူးလား၊ ဒါမှမဟုတ်အသံသွင်းပြီးနောက်မှ ပြန်လွှင့်မှာလား။ အဲဒီအင်တာဗျူးကိုတည်းဖြတ်မှာလား၊



နဂိုအတိုင်းပဲ ထုတ်လွှင့်မှာလား။ အင်တာဗျူးဖြေဆိုနေချိန်အတွင်းမှာ သိထားရမယ့် ရွှေစည်းမျဉ်းသုံးခုကတော့ (၁) နားထောင်ပါ၊ (၂) နားထောင်ပါ၊ (၃) နားထောင်ပါ။ ဒါကိုကြည့်ရင် သိပ်ရိုးရှင်းတယ်လို့ထင်ရတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့မှာတော့ သိပ်ကိုလုပ်ရခက်ခဲတယ်။ အင်တာဗျူးသူရဲ့ စကားကိုသေသေချာချာနားထောင်တဲ့အခါမှာ အရေးပါတဲ့ကိစ္စတွေကို လက်လွတ်စပယ်မပြောမိတော့ဘူး။ ခင်ဗျားတို့ သေသေချာချာနားထောင်ရင် မေး ခွန်းတွေကိုပိုပြီးကောင်းအောင်ဖြေဆိုနိုင်လိမ့်မယ်။ တီဗီ၊ ရေဒီယိုနားထောင်နေတဲ့ပရိသတ်တွေကိုလည်း ပိုပြီးစိတ် ဝင်စားလာအောင်ဆွဲဆောင်နိုင်လိမ့်မယ်။ လူတွေကိုနားလည်တဲ့၊ မှီခိုနိုင်တဲ့၊ လူသားဆန်တဲ့လူတစ်ယောက် အဖြစ်နဲ့တွေ့ကြုံနေရတယ်လို့ ပရိသတ်တွေကမြင်လာလိမ့်မယ်။

အင်တာဗျူးမှာ သတင်းစကားဟာ အခရာကျတယ်။ ငါ့ရဲ့သတင်းစကားဟာဘာလဲ၊ ငါဘာတွေကိုပေးချင်တာလဲ၊ အင်တာဗျူးကနေနားထောင် သူတွေကြည့်ရှုသူတွေဘာတွေရနိုင်မလဲ၊ ဘယ်လိုသတင်းခေါင်းစဉ်မျိုးနဲ့ ပါလာဖို့ကို ငါရည်မှန်းထားသလဲ စတဲ့မေးခွန်းတွေကို ကိုယ့်ကိုယ်ကိုယ်အမြဲတမ်းမေးရမယ်။ နိုင်ငံရေးဆိုင်ရာ၊ ပညာရပ်ဆိုင်ရာစကားလုံးတွေကို မသုံးမိဖို့လိုတယ်။ ပရိသတ်ဆိုတာကို စိတ်ထဲမှာ အမြဲတမ်းမှတ်ထားရ မယ်။

တိုတိုနဲ့လိုရင်းပြောပါ။ ရှုပ်ထွေးတဲ့ပြဿနာတိုင်းကို တစ်ခုတည်းသောအနှစ်သာရအဖြစ်အမြဲတမ်းလျှော့ချပေးပါ။ ဒါဟာ ခင်ဗျားတို့ ရှာဖွေနေတဲ့အရာပဲဖြစ်တယ်။ ကားထဲမှာပဲဖြစ်ဖြစ်၊ ရေချိုးနေတဲ့အချိန်မှာပဲဖြစ်ဖြစ် ခင်ဗျားတို့ပြောချင်တာတွေကို ခင်ဗျားတို့လေ့ကျင့်ပါ။ အဲဒီဟာတွေကို ခင်ဗျားတို့အနှစ်ချုပ်ပါ။ အချိန်အားဖြင့် အများဆုံးစက္ကန့် နှစ်ဆယ်ပဲ ယူပါ။

ခင်ဗျားတို့ရဲ့ပရိသတ်ကို ဘယ်တော့မှလျှော့မတွက်ပါနဲ့။ ပေါ်ပြူလာတီဗီအစီအစဉ်၊ ဒါမှမဟုတ် သတင်းစာတွေရဲ့သာမန်ပရိသတ်တွေမှာတောင် မြင့်မားတဲ့ပညာရေးမရှိကြဘူး။ အဲသလိုဖြစ်နေလို့ သူတို့ဟာတုံးနေတယ်လို့ဆိုလိုတာမဟုတ်ဘူး။ ယေဘုယျအားဖြင့်အဲဒီလူတွေဟာ တစ်ဝက်အမှန်တွေကို သိနိုင်ကြတဲ့ ပါးနပ်တဲ့လူတွေဖြစ်တယ်။

ခင်ဗျားတို့ရဲ့ အစီအစဉ်နဲ့ပတ်သက်တဲ့နယ်ပယ်တစ်ခုကို သတိပြုပါ။ ခင်ဗျားတို့လုံးဝမပြောနိုင်တဲ့အရာ၊ ခင်ဗျားတို့ပြောနိုင်တဲ့အရာတွေက ဘာလဲဆိုတာကို ကြိုတင်ပြီးတော့သိနေရမယ်။ ခင်ဗျားတို့ဟာ ပါတီရဲ့ အမြင့်ဆုံးရာထူးမှာရှိမနေဘူးဆိုရင် ခင်ဗျားတို့ ခွင့်ပြုညွှန်ကြားချက်ရဖို့ လိုတယ်။ တကယ်လို့ အဲဒီခွင့်ပြုညွှန်ကြားချက်ကို မရှင်းဘူးဆိုရင် အင်တာဗျူးကိုမစီစဉ်သင့်ဘူး။ အကြောင်းကတော့ ကျွမ်းကျင်တဲ့အင်တာဗျူးသမားဟာ ခင်ဗျားတို့ကိုယ်နှိုက်ကပေးအပ်ထားတဲ့အရာတွေနဲ့ပဲ ခင်ဗျားတို့ကို ကျော်ဖြတ်သွားလိမ့်မယ်။

ခင်ဗျားတို့ရဲ့နားထောင်ကြည့်ရှုသူပရိသတ်တွေအပေါ် ခင်ဗျားတို့ ပါတီကဘယ်လိုပုံရိပ်မျိုးပေးနိုင်မလဲဆိုတာကို ကြိုးစားစဉ်းစားကြည့်ပါ။ ခင်ဗျားတို့ပါတီကလုပ်နိုင်တဲ့အမှားတွေကို မလုပ်မိပါစေနဲ့။ အတိတ်က လုပ်ခဲ့တဲ့အမှားတွေကို ရိုးရိုးသားသားတာဝန်ယူတဲ့စိတ်ဓာတ်နဲ့ဝန်ခံပြီး လူတွေကိုဆွဲဆောင်ပါ။ အင်တာဗျူးထဲက အပာတွေကိုအကုန်ပိတ်မပစ်ပါနဲ့။ မေးခွန်းမေးတဲ့သူတိတ်ဆိတ်သွားတဲ့အခါမှာ ခင်ဗျားတို့ဟာ အဲဒီ တိတ်ဆိတ်နေတဲ့အပာတွေမှာ တောက်လျှောက်စကားပြောချင်ပြောလိုက်နိုင်တယ်။ ခင်ဗျားရည်ရွယ်ထားတာထက်ပိုပြီးတော့ ပြောလာအောင်လို့ လုပ်တာဟာ အင်တာဗျူးနည်းစနစ်တစ်ခုဖြစ်တယ်။

လေးလံတဲ့မေးခွန်းတွေကိုသတိထားပါ။ မကြာခဏဆိုသလိုပဲ သတင်းသမားတွေဟာ တိုက်ရိုက်မသက်ဆိုင်တဲ့ အယူအဆတွေပါတဲ့ မေးခွန်းမျိုးတွေမေးတတ်တယ်။ အဲဒီလိုမေးခွန်းမျိုးတွေနဲ့ ခင်ဗျားကိုမသိလိုက်မသိဘာသာ ပါလာအောင်ဆွဲဆောင်လိမ့်မယ်။ ဥပမာပြောရရင် ‘ခင်ဗျားတို့ပါတီကတော့ အခြေအနေမကောင်းတော့ဘူး။ အဲဒါနဲ့ပတ်သက်လို့ ဘယ်လိုလုပ်ဖို့အစီအစဉ်ရှိသလဲ။’ ဆိုပြီးမေးတတ်တယ်။ ဒီမေးခွန်းကို ခင်ဗျားတို့သဘောမပေါက်ခင်မှာပဲ ခင်ဗျားတို့ပါတီအခြေအနေမကောင်းဘူး ဆိုတာကို အလိုအလျောက်ခင်ဗျားဝန်ခံမိလိမ့်မယ်။ အဲဒီလိုအခြေအနေကို သတိထားပါ။ ဒါကြောင့်သတင်းသမားတွေရဲ့ အဲသလိုတွေးဆချက်တွေကို ဥပက္ခာပြုလိုက်ပါ။



အင်တာဗျူးတွေကိုနေ့စဉ်ပုံမှန်လုပ်နေကျ ကိစ္စတစ်ခုလိုသဘောမထားပါနဲ့။ ကိုယ်တိုင်သေချာပြင်ဆင်ပါ။ အင်တာဗျူးအတွင်းမှာ ကိုယ့်ကိုယ် ကိုယ်ယုံကြည်မှုရှိပါစေ။ မဆိုင်တဲ့အသစ်တွေကိုလည်း လုပ်မိဖို့ မကြိုးစားပါ နဲ့။ လူငယ်တွေကို တစ်ခုခုရှင်းပြနေတဲ့ပုံစံမျိုးနဲ့စကားပြောပါ။ တတ်နိုင်သမျှ သဘာဝကျကျပြုမူပါ။ ဒါပေမဲ့တစ်ချိန်လုံး အင်တာဗျူးတဲ့သူကိုပဲကြည့်နေပါ။ တကယ်လို့ခင်ဗျားတို့က တစ်နေရာရာကို တစ်စက္ကန့်လောက်ပဲ ဖြစ်ဖြစ်ကြည့်လိုက်မယ်ဆိုရင်တောင် ခင်ဗျားသိမ်ငယ်နေတယ်၊ မေးခွန်းတွေကိုရုန်းကန်ပြီးတော့ဖြေနေရတယ်ဆိုတဲ့ပုံပေါ်သွားနိုင်တယ်။ ဒီအပြုအမူဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကိုပြတဲ့ အပြုအမူမဟုတ်ဘူး။ (ဒီအချက်ဟာ တီဗီအင်တာဗျူးတွေအတွက်ဖြစ်တယ်။)

အင်တာဗျူးဟာ ခင်ဗျားရော သတင်းသမားပါ အခန်းထဲကမထွက်မချင်းမပြီးသေးဘူး။ သတင်းသမားတွေဟာ မကြာခဏဆိုသလို ခင်ဗျားတို့ ဆန္ဒမရှိတဲ့အရာတွေကို အတင်းနှိုက်ယူဖို့ကြိုးစားတယ်။ အခု ပြောမယ့် အဖြစ်အပျက်ကလေးကိုစဉ်းစားကြည့်ပါ။ သတင်းသမားတစ်ယောက်ဟာ သူ့ရဲ့အသံသွင်းစက်ပိတ်လိုက်ပြီးတော့ အကျီထဲထည့်လိုက်တယ်။ ပြီးတဲ့ အခါမှာ ‘အသံသွင်းစက်မရှိတော့ဘူး။ ခင်ဗျားတို့ရဲ့ပါတီခေါင်းဆောင်ကို ဘယ်လိုမြင်သလဲ။’ ဆိုပြီးမေးလိုက်တယ်။ ဒါမျိုးကို သတိထားပါ။ သတင်းသမားတွေမှာ ဘယ်တော့မှတာဝန်ချိန်ပြီးတယ်ဆိုတာ မရှိဘူး။ ဒါကြောင့် ‘မှတ်တမ်းတင်မထားဘူး’ ဆိုတဲ့စကားမျိုးကို ဂရုစိုက်ပါ။ သတင်းသမားက ခင်ဗျားပြောတဲ့စကားကို သုံးမလား၊ မသုံးဘူးလားဆိုတာကို ခင်ဗျား ဘယ်တော့မှမသိနိုင်ဘူး။ ‘ဟုတ်ပြီ။ ငါပြောတယ် ဒါပေမဲ့ အဲဒါကို မှတ်တမ်းတင်မထားဘူး။’ ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ခင်ဗျားတို့ ပါးစပ် ပိတ်ထားရင်အကောင်းဆုံးပဲ။

## ခြေဟန်လက်ဟန်ဘာသာစကား

တီဗီအင်တာဗျူးတွေမှာ ခင်ဗျားရဲ့အမူအရာဟာ ၇၀% ပရိသတ်တွေအပေါ်မှာ သက်ရောက်မှုရှိတယ်။ ခင်ဗျားရဲ့ပြောပုံဆိုပုံဟာ ၂၀%၊

ခင်ဗျားပြောတဲ့စကားဟာ ၁၀% ပဲပရိတ်သတ်ပေါ်မှာ သက်ရောက်တယ်။ ဒါကြောင့် ကင်မရာပေါ်မှာ ပြုမူပြောဆိုပုံဟာ အရေးကြီးတယ်။ ခင်ဗျားတို့ရဲ့လက်ကိုမလှုပ်ပါနဲ့။ အောက်ကိုငုံ့မကြည့်ပါနဲ့။ (တစ်ခါတရံ နိုင်ငံရေးသမားတွေဟာ မျက်ခုံးရှုံ့တတ်ကြတယ်။) မျက်မှောင်မကြုတ်ပါနဲ့။ (ဥပမာ နှာခေါင်းနှိုက်တာလို) မယဉ်ကျေးတဲ့အလေ့အကျင့်တွေမလုပ်ပါနဲ့။ ကင်မရာကိုဘယ်တော့မှ စိုက်မကြည့်ပါနဲ့။ အင်တာဗျူးမစခင်မှာ ခင်ဗျားတို့ဟာ ထူးခြားတဲ့ကြော်ငြာရှေ့မှာထိုင်နေတာလား၊ ဒါမှမဟုတ် အရမ်းဆော့တဲ့ ကျောင်းသားလေးတွေအုပ်စုရှေ့မှာထိုင်နေတာလား၊ ဒါမှမဟုတ် ခင်ဗျားတို့ရဲ့သတင်းစကားကိုနားမလည်နိုင်တဲ့လူတစ်ယောက်ရှေ့မှာထိုင်နေ တာလားဆိုတာကို အမြဲတမ်းလေ့လာကြည့်သင့်တယ်။ ခင်ဗျားတို့ဟာ ကင်မရာရှေ့မှာ အမြဲတမ်းသပ်သပ်ရပ်ရပ်ဝတ်စားထားဖို့လိုတယ်။ အင်တာဗျူးမစခင်မှာ အမျိုးသမီးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ် ဆံပင်ကိုသပ်သပ်ရပ်ရပ်ဖြစ်ဖို့၊ သွားတွေကိုသန့်ရှင်းဖို့၊ မိတ်ကပ်တွေညှိဖို့ အတွက်ကို သန့်စင်ခန်းသွားထားသင့်တယ်။ ကြည့်ရှုသူပေါင်းများစွာရဲ့ရှေ့မှာ ငတုံးပုံစံမျိုးဖြစ်မနေရင်ပိုကောင်းတယ်။ ဒီအလုပ်မျိုးဟာ ပြည်သူတွေနဲ့ဆက်ဆံရေးအဖွဲ့ အတွက်လည်းအရေးကြီးတယ်။ ဒီလိုအသေးစိတ်မျိုးတွေကို အဲဒီအဖွဲ့က အမြဲတမ်းသတိပြုရမယ်။

## ရေးဖြေအင်တာဗျူးများ

သတင်းစာမှာပါတဲ့အင်တာဗျူးတွေအတွက် လိုအပ်တဲ့လမ်းညွှန်ချက်တွေကိုဖော်ပြပြီးသွားပြီ။ သတင်းစာနောက်ဆုံးဖောင်ပိတ်ရက်ကြောင့် သတင်းသမားတွေဟာ ခင်ဗျားတို့ကို အဲဒီနေရာမှာတင်ခင်ဗျားတို့ရဲ့အမြင်ကို ဖုန်းဆက်ပြီးမေးကြလိမ့်မယ်။ ခင်ဗျားတို့ရဲ့အဓိကအကျိုးအမြတ်ကတော့ ကမ်ပိန်းဟာကောင်းကောင်းမွန်မွန်ဆက်သွားနေတယ်ဆိုတဲ့အကြောင်းကို ဖြေဆိုဖို့ပဲဖြစ်တယ်။ ဒါကြောင့်ခင်ဗျားတို့ကိုအင်တာဗျူးချင်တယ်ဆိုရင် ဒီကိစ္စကိုဘယ်တော့မှမမေ့ပါနဲ့။ တကယ်လို့ ငါးမိနစ်အချိန်ကြာပြီးတဲ့နောက်မှာတောင်မှ ခင်ဗျားတို့ကိုဖုန်းပြန်ခေါ်ပါစေ။ ခင်ဗျားတို့ဘာပြောချင်သလဲ



ဆိုတာကို စဉ်းစားဖို့အချိန်နည်းနည်းယူပါ။ အင်တာဗျူးမလုပ်ဘူးလို့ ငြင်းလိုက်တဲ့အတွက်လည်း ဘာအမှားမှမရှိဘူး။ တစ်ခါတရံမှာ အဲဒီလိုငြင်းလိုက်တဲ့အတွက်လည်း ပညာရှိဆန်သွားတယ်။ အင်တာဗျူးလုပ်ခြင်းအားဖြင့် ခင်ဗျားတို့ဘာရနိုင်လဲဆိုတာကိုအမြဲတမ်းမေးပါ။

အင်တာဗျူးလုပ်ဖို့လက်ခံလိုက်တယ်ဆိုရင် အောက်မှာပါတဲ့အချက်တွေကိုသတိပြုပါ။

အဓိကသတင်းစကားကိုအသုံးပြုပါ။ အဓိကသတင်းစကားကို ဘယ်တော့မှထပ်တလဲလဲမပြောပါနဲ့။ မဲပေးသူတွေကိုခင်ဗျားတို့ပြောချင်တဲ့ဟာကိုသာပြောပါ။ ခင်ဗျားတို့ပြောချင်တာထက်ပိုပြီးတော့ ဝေ့လည်ကြောင်ပတ်မပြောပါနဲ့။ တိုတိုနဲ့ရိုးရိုးရှင်းရှင်းပြောပါ (KISS)၊ အပေါင်းလက္ခဏာဆောင်ပါ၊ အရှေ့ကိုမျှော်ကြည့်ပါ။ ရိုးရှင်းတဲ့စကားလုံးတွေကိုသုံးပါ။ နိုင်ငံရေးစကားလုံးတွေကိုမသုံးပါနဲ့။ ဒါနဲ့ပတ်သက်လို့ သုတေသနရလဒ်တွေကအကောင်းဆုံးလို့ ဖော်ပြလိမ့်မယ်။ ခင်ဗျားတို့ရဲ့အမြင်တွေကို ခိုင်လုံတဲ့အချက်အလက်နဲ့ လက်တွေ့ကျတဲ့ဥပမာတွေကိုပေါင်းစပ်ပြီးဖော်ပြ ပါ။ စကားပြောပွဲမှာ နိဒါန်းသွယ်ပါ။ အကြောင်းအရာတွေကိုခင်ဗျားကိုယ်တိုင်လက်စသိမ်းဖို့မကြောက်ပါနဲ့။ ('ခင်ဗျားကိုကျေးဇူးတင်ပါတယ်/ အခုလောလောဆယ်အတွက် ကျွန်တော်ပြောချင်တာကတော့ ဒါပါပဲ။') ဘယ်တော့မှမလိမ်ပါနဲ့။ သေချာတဲ့အကြောင်းအရာကိုသာပြောပါ။ တုန့်ပြန်ပြောဖို့အတွက်အချိန်ယူပါ။ တုန့်ဆိုင်းမနေပါနဲ့။ အသေးစိတ်တွေပြောပြီး ဝေ့လည်မနေပါနဲ့။ ခင်ဗျားတို့ပြိုင်ဘက်ရဲ့လက်သုံးစကားတွေကို ယူငင်မသုံးပါနဲ့။ ခင်ဗျားတို့စိတ်ညစ်နေတဲ့ဟာကို ဘယ်တော့မှမပြပါနဲ့။ အင်တာဗျူးတဲ့သူနဲ့အငြင်းအခုံမဖြစ်ပါနဲ့။ ရင်းရင်းနှီးနှီးနေပါ။ (လုံးဝအဆင်မပြေတော့ဘူးဆိုရင် အင်တာဗျူးကိုရပ်လိုက်တာပိုကောင်းမယ်။) အင်တာဗျူးပြီးတဲ့နောက်မှာ အင်တာဗျူးထားတဲ့စာသားတွေကို အတည်ပြုဖို့ခင်ဗျားတို့ဆီကို ပို့ခိုင်းပါ။ ဒါ့အပြင်သူတို့ဘာတွေလိုအပ်သေးသလဲဆိုတာကိုလည်း သတင်းသမားတွေကိုမေးပါ။ သတင်းသမားတွေနဲ့အမြဲတမ်းအဆက်အသွယ်ရှိနေပါစေ။

## မီဒီယာနဲ့ဆက်ဆံတဲ့အချိန်မှာသိရမယ့် ရွှေအမှန်တရားများ

'ပထမဆုံးကောင်းမွန်တဲ့ပုံရိပ်ရဖို့ ဒုတိယအခွင့်အရေးဆိုတာ ဘယ်တော့မှမရှိဘူး။'

'သတင်းထောက်တွေဟာ အထပ်ထပ်ဖွတဲ့သူတွေပဲဖြစ်တယ်။'

'လူတွေဟာ သုံးခုကိုပဲမှတ်မိကြတယ်။'

'အားကိုးလို့ရတဲ့တင်ပြမှုအတွက် ကောင်းမွန်တဲ့ပြင်ဆင်မှု။'

'အချက်အလက်တွေဟာစကားပြောတယ်။ ပုံပြင်ဇာတ်လမ်းတွေကတော့ရောင်းတယ်။'

'မီဒီယာကစားပွဲကစားပါ။ ဒါပေမယ့် စည်းမျဉ်းစည်းကမ်းတွေကိုတော့ မချမှတ်ပါနဲ့။'

'ကြားခံမီဒီယာဟာ သတင်းစကားဖြစ်တယ်။'

## မီဒီယာသစ်

၂၀၀၄ ခုနှစ်အမေရိကန်ရွေးကောက်ပွဲဟာ လူတိုင်းအတွက် အံ့ဩစရာကောင်းပြီး စိတ်ဝင်စားစရာကောင်းတယ်။ စစ်တမ်းကောက်မှုမှာခေါင်းဆောင်တဲ့ ဒီမိုကရက်တစ်လွှတ်တော်အမတ်ဟာ ပြည်နယ်သေးတစ်ခုရဲ့အရင်ကအုပ်ချုပ်ရေးမှူးတစ်ယောက်ဖြစ်တယ်။ သူ့မှာ အကူအညီအထောက်အပံ့မရှိသလို၊ ဖွဲ့စည်းထားတဲ့အထောက်အပံ့အုတ်မြစ်လည်းမရှိဘူး။ ဒါပေမဲ့ အမျိုးသားပုံနှိပ်ထုတ်ဝေမှုက ဟိုးဝေါ့ ဒီးယန်း (Howard Dean)ကို လွှတ်တော်အမတ်တစ်ယောက်အနေနဲ့သဘောထားတယ်။ ဒီမိုကရက်တွေဟာ သူတို့ရဲ့လွှတ်တော်အမတ်ကိုမရွေးခင် ခြောက်လအလိုမှာ ဒီးယန်းဟာ Moveon.org ကစီစဉ်တဲ့ ပါလီမန်ရွေးကောက်ပွဲမှာ ပထမဆုံးအဆုံး သတ်နိုင်ခဲ့တယ်။ Movenon.org ဆိုတာကတော့ ဆန္ဒပြလှုပ်ရှားမှုတွေနဲ့ သူတို့ရဲ့ဝက်ဘ်ဆိုက်တွေကနေတစ်ဆင့် ရွေးကောက်ပွဲတွေမှာတိုးတက်တဲ့ အမေရိကန်လူမျိုးတွေ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြောဆိုနိုင်အောင်လို့ကြိုးစားနေတဲ့ လူမှုလှုပ်ရှားမှုတစ်ခုဖြစ်တယ်။ ထောက်ပံ့သူထောင်



ပေါင်းများစွာဟာ ဝက်ဘ်ဆိုက်တွေနဲ့၊ ဘလော့ခ်တွေမှာ တွေ့ဆုံကြပြီး နိုင်ငံရေး အကြောင်းဆွေးနွေးကြတယ်။ လူတစ်သန်းကို လေးပုံပုံရင်တစ်ပုံက သူတို့ ရဲ့အီးမေးလ်လိပ်စာတွေကို ဒီးယန်းကမ်ပိန်းအဖွဲ့ကိုပို့ပေးကြတယ်။ ဒီးယန်းဟာ ဒေါ်လာငါးဆယ့်လေးသန်းကို ကမ်ပိန်းအလှူငွေအဖြစ်စုစည်းနိုင်ခဲ့တယ်။ အဲဒီအလှူငွေတွေဟာ အလှူငွေသေးသေးလေးတွေကို စုပေါင်းထားတဲ့အလှူငွေဖြစ်တယ်။ အမေရိကန်ရွေးကောက်ပွဲကမ်ပိန်းတွေဟာ ဟိုအရင် ကတည်းကအမြဲလိုလို ညှိနှိုင်းပေးတဲ့ဥပဒေအုပ်စုတွေကနေတဆင့် အလှူ ငွေပမာဏအများကြီးကိုမှီခိုနေခဲ့ကြရတယ်။ ဒါပေမဲ့အခုလို အလှူငွေကလေးတွေပေါင်းပြီး အလှူငွေကြီးဖြစ်သွားတဲ့အခါမှာ လူတွေအံ့ဩသွားကြတယ်။ ဒီးယန်းဟာ အခုလိုလုပ်လိုက်ခြင်းအားဖြင့် အရင်ကအလှူငွေကြီးတွေအပေါ် မှီခိုမှုကြောင့်ဖြစ်လာနိုင်တဲ့ပဋိပက္ခတွေကို ရှောင်ကွင်းသွားနိုင်ခဲ့တယ်။ ဒါဟာ သူပြခဲ့တဲ့ တခြားနည်းလမ်းတစ်ခုပဲဖြစ်တယ်။ နောက်ထပ်သူပြခဲ့တဲ့ တစ်ခု ရှိသေးတယ်။ အဲဒါကတော့ ရွေးကောက်ပွဲကမ်ပိန်းတွေဟာ တီဗီနဲ့သတင်း စာတွေကနေပဲ အမြဲတမ်းရှန်းကန်ရမှာ မဟုတ်ဘဲအင်တာနက်ပေါ်ကလည်း ရှန်းကန်လို့ရတယ်ဆိုတာကိုပြခဲ့တဲ့အချက်ဖြစ်တယ်။ အမေရိကန်နိုင်ငံရေးသမားတွေအပြင်ဘက်ကလူတွေကတော့ မီဒီယာအသစ်တွေရဲ့အကျိုးကျေး ဇူးကိုစပြီးသုံးနေကြပြီ။ ဥပမာပြောရမယ်ဆိုရင် ဒတ်ချ် PvdA ခေါင်းဆောင် ဟာ သူ့လူ့အဖွဲ့အစည်းထဲကလူတွေနဲ့ချိတ်ဆက်ဖို့အတွက် မီဒီယာအသစ်ကို ထဲထဲဝင်ဝင်အသုံးပြုနေတယ်။ အဲဒီခေါင်းဆောင်ဆီမှာ ဒစ်ဂျစ်တယ်သတင်း စာစောင်၊ ဝဘ်ပေါ်တယ်(Web Portal)ရှိတယ်။ ဒါ့အပြင် Hyves လို လူမှုကွန်ရက်ဆိုက်တစ်ခုလည်းရှိတယ်။ အင်တာနက်ရဲ့အကူအညီနဲ့ ဘားရက် အိုဘားမားဟာ သူ့ကိုကူညီခဲ့တဲ့ အောက်ခြေလူတန်းစားလူထု ကြီးကို ဖွဲ့စည်းဖို့စီမံနိုင်ခဲ့တယ်။ သူဟာ လွှတ်တော်အမတ်တွေထဲက ဟီလာရီ ကလင်တန်ကို နောက်ကောက်ချဖို့၊ သမိုင်းမှာတစ်ခါမှမရှိဘူးခဲ့တဲ့ အင်တာနက်အခြေပြုစီမံခန့်ခွဲမှုကို လုပ်ဆောင်နိုင်ခဲ့တယ်။ ဒါ့အပြင် သူ့ရဲ့ကမ်ပိန်းအတွက် သာမန်ပြည်သူတွေရဲ့အလှူငွေတွေကို အင်တာနက် ကနေတစ်ဆင့်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့တယ်။

အောက်မှာ မီဒီယာအသစ်တွေရဲ့အကြောင်းကိုဖော်ပြထားတယ်။

## အောက်ခြေလူတန်းစား ဝဘ်ဆိုက်

နိုင်ငံရေးပါတီတွေတိုင်းမှာ သူတို့ရဲ့ကိုယ်ပိုင်ဝဘ်ဆိုက်တွေရှိတယ်။ ဒါပေမဲ့ပါတီအားလုံးဟာ သူတို့ရဲ့ဝဘ်ဆိုက်ကို သူတို့ကြည့်ချင်တာကြည့်တဲ့ ကြော်ငြာဆိုင်းဘုတ်တစ်ခုလိုပဲ အသုံးပြုကြတယ်။ အင်တာနက်ဟာ အပြန်အလှန်လုပ်ကိုင်ဆောင်ရွက်လို့ရအောင် အခွင့်အလမ်းတွေအများကြီးပေးထားတယ်။ ခင်ဗျားတို့ဟာ ပါတီရဲ့ကိုယ်ပိုင်ဝဘ်ဆိုက်အပြန်အလှန်လုပ်ဆောင်မှုကိုဖန်တီးလို့ရတယ်။ ဒါမှမဟုတ်အောက်ခြေလူတန်းစားဝဘ်ဆိုက်ကိုဆွေးနွေးပွဲတွေအတွေးအမြင်တွေကို ဖလှယ်ဖို့အတွက်၊ လူတွေတွေ့ဆုံဖို့အတွက်၊ လူတွေကိုစည်းရုံးဖို့အတွက်၊ ပွဲတွေစီစဉ်ဖို့အတွက် အသုံးချလို့ရတယ်။ ဒါ့အပြင် ဆွေးနွေးပွဲတွေဖြစ်ပေါ်လာဖို့အတွက် ဝဘ်ဖိုရမ်တွေကိုလည်းဖန်တီးနိုင်တယ်။ ဝင်ရောက်ကြည့်ရှုသူတွေကို ဝီကီဆိုက်နဲ့ အတူသူတို့ရဲ့အမြင်တွေကို ထည့်သွင်းရေးသားခွင့်ပေးရမယ်။ လူတွေအတူတကွဆိုက်တစ်ခုဖန်တီးလို့ရအောင်လည်း နည်းပညာပေးအပ်ရမယ်။ အွန်လိုင်းဝီကီပီးဒီးယားစွယ်စုံကျမ်းက ပြုလုပ်တဲ့ထင်ရှားတဲ့လုပ်ရပ်လိုပဲ။ အပြန်အလှန်အတူတကွလုပ်ဆောင်လို့ရတဲ့ ဆိုက်ရဲ့အဓိကအကျိုးကျေးဇူးကတော့ လူတွေဟာ ခင်ဗျားတို့ရဲ့လမ်းစဉ်မှာ အစိတ်အပိုင်းတစ်ခုဖြစ်တယ်လို့ ခံစားလာရခြင်းပဲဖြစ်တယ်။ တချို့သောလူတွေရဲ့အလိုအရ ခင်ဗျားတို့ဟာ ခင်ဗျားတို့ကမ်ပိန်းရဲ့အစိတ်အပိုင်းတချို့ကို ထိန်းချုပ်လို့မရဘူးဆိုတဲ့အဓိကပြဿနာရှိနိုင်တယ်။ ထုံးတမ်းနိုင်ငံရေးသမားအများစုဟာ အဲသလိုပြဿနာနဲ့ရင်ဆိုင်နေကြရတယ်။ အရာအားလုံးကိုထိန်းချုပ်ချင်တဲ့ဆန္ဒဟာ ပါတီအများစုမှာရှိတဲ့ ထိရောက်မှုမရှိတဲ့တုန့်ပြန်မှုပဲဖြစ်တယ်။

## လူမှုကွန်ရက်ချိတ်ဆက်ခြင်း

MySpace, Facebook နဲ့ နယ်သာလန်နိုင်ငံက Hyves ဟာ ထင်ရှားတဲ့လူမှုကွန်ရက်ဆိုက်တွေအတွက် ဥပမာဖြစ်တယ်။ တချို့



ဆိုက်တွေမှာ အဖွဲ့ဝင်ပေါင်းသန်းနဲ့ချီရှိတယ်။ ဥပမာပြောရမယ်ဆိုရင် The Dutch Hyves ဆိုက်မှာ အဖွဲ့ဝင်ပေါင်း ခုနစ်သန်းကျော်ရှိတယ်။ ဒီပမာဏဟာ လူဦးရေ ၁၆ သန်းရှိတဲ့နိုင်ငံတစ်ခုအတွက်အရေးကြီးတဲ့ ပမာဏပဲဖြစ်တယ်။ ဆိုက်ထဲမှာ ဝင်ရေးနေသူတွေဟာ သူတို့ရဲ့ကိုယ်ရေးရာဇဝင်တွေကိုဖန်တီးကြတယ်။ အဖွဲ့ဝင်တွေဖြစ်တဲ့တခြားသူငယ်ချင်းတွေနဲ့ ချိတ်ဆက်ကြတယ်။ နောက်တစ်ချက်ခင်ဗျားတို့လုပ်နိုင်တဲ့အရာကတော့ အရင်ကအတန်းဖော်တွေကိုရှာဖွေပြီး တခြားလူတွေဘာလုပ်နေလဲဆိုတဲ့ အကြောင်းကိုစုဆောင်းတာပဲဖြစ်တယ်။ ဒီလိုဆိုက်တွေကိုသုံးနေတဲ့နိုင်ငံရေးသမားတွေဟာ လူငယ်တွေနဲ့ဆက်သွယ်ကြတယ်။ အဲဒီလူငယ်တွေ ဟာ အဲသလိုဆိုက်တွေကို အလွန်အသုံးပြုကြတဲ့သူတွေဖြစ်တယ်။ America MySpace ထဲကိုဝင်ကြည့်တဲ့လူအရေအတွက်ဟာ Google နဲ့ Yahoo လောက်များတယ်။ ဒီကွန်ရက်တွေရဲ့ပါဝါကတော့ နိုင်ငံရေးသမားတွေဟာ မဲပေးသူတွေနဲ့ ဘလော့ခ်ကတစ်ဆင့်လူပုဂ္ဂိုလ်ချင်း ဆက်သွယ်နိုင်တယ်။ ဓာတ်ပုံတွေပို့လို့ရတယ်။ မေးခွန်းတွေကိုပြန်ဖြေပေးနိုင်တယ်။ အခုနောက်ဆုံးတိုးတက်မှုကိုပြောရရင် နိုင်ငံရေးသမားတွေဟာ သူတို့ရဲ့ကိုယ်ပိုင်လူမှုကွန်ရက်ဆိုက်တွေကို ဖန်တီးကြခြင်းပဲဖြစ်တယ်။ ဥပမာအားဖြင့် http://my.barackobama.com/ ကိုကြည့်နိုင်တယ်။

## အင်တာနက်မှ ဖြန့်ချိခြင်းအစီအစဉ်

အင်တာနက်မှာ ဖြန့်ချိခြင်းအစီအစဉ်ဆိုတာကတော့ iPod နဲ့ ထုတ်လွှင့်ခြင်း (broadcasting) ဆိုတဲ့စကားလုံးနှစ်ခုကိုပေါင်းစပ်ထားတဲ့ စကားလုံးနှစ်ခုဖြစ်တယ်။ ဒီအစီအစဉ်ထဲမှာiPod တစ်ခုတည်းကို ကန့်သတ်ပါဝင်နေတာမဟုတ်ဘူး။ တကယ်တော့ iPod ရဲ့အောင်မြင်မှုဟာ အင်တာနက်ဖြန့်ချိခြင်းအစီအစဉ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားတဲ့ခြေလှမ်းတစ်ခုဖြစ်တယ်။ အင်တာနက်မှဖြန့်ချိသူတွေဟာ ဒေါင်းလုတ်(Download) လုပ်လို့ရနိုင်တဲ့ ဂီတပွဲတွေ၊ ရေဒီယိုအစီအစဉ်တွေ၊ ဆွေးနွေးငြင်းခုံမှုတွေပါတဲ့ အော်ဒီယိုဖိုင်တွေကိုပြုလုပ်တယ်။ အင်တာနက်မှဖြန့်ချိခြင်းအစီအစဉ်

ဟာ နိုင်ငံရေးသမားတွေအတွက် စိတ်ဝင်စားစရာကောင်းတဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေဖြစ်တယ်။ ခင်ဗျားတို့ပစ်မှတ်ထားတဲ့ပရိသတ်တွေဟာ ရှေးရိုးသတင်းစာဖတ်ပရိသတ်တွေ၊ ရေဒီယိုနားထောင်သူတွေနဲ့ လုံးဝမတူဘူး။ ၂၀၀၆ ခုနှစ်နယ်သာလန်နိုင်ငံမှာပြုလုပ်တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက် ပွဲကောင်စီမှာ PvdA ရဲ့ခေါင်းဆောင်ဖြစ်တဲ့ ဝေါတာ ဘော့စ်ကသူ့ရဲ့ ဝဘ်ဆိုက်ဖြစ်တဲ့ www.wouterbos.nl ကနေ ဘော့စ်ကဖြန့်ချိခြင်း အက်ဖ်အမ်အစီအစဉ် (Boscast FM)ကို ပြခဲ့တယ်။ အဲဒီအစီအစဉ်မှာ သူဟာ တခြားနိုင်ငံရေးသမားတွေနဲ့ လက်ရှိငြင်းခုံဆွေးနွေးခြင်းအပေါ် သူ့ရဲ့အမြင်တွေကို မှတ်ချက်ပေးခဲ့တယ်။

### ဗိုင်းရပ်စ်ဗီဒီယိုများ

နောက်ထပ်ကြီးထွားလာတဲ့ လကဏ္ဍာတစ်ခုကတော့ ဗိုင်းရပ်စ်ဗီဒီယိုများပဲဖြစ်တယ်။ ၂၀၀၆ ခုနှစ်ဒတ်ချ်မြို့ကောင်စီရွေးကောက်ပွဲမှာ ဆိုရှယ်လစ်ပါတီဟာ သူတို့ပါတီခေါင်းဆောင်ဖြစ်တဲ့ ယန် မာရီနီဆန် (Jan Marijnissen) ရဲ့ ဗီဒီယိုကိုပြခဲ့တယ်။ အဲဒီဗီဒီယိုထဲမှာ တကယ်လို့ သူရဲ့လုပ်ဆောင်မှုတွေအကြောင်းဗီဒီယိုကိုလိုချင်တယ်ဆိုရင် သူ့ရဲ့အီးမေးလ်လိပ်စာထဲမှာရနိုင်တယ်ဆိုတဲ့အကြောင်းပါတယ်။ လူတစ်ယောက်ချင်းစီအတွက်ရည်ရွယ်ထားတဲ့ ဗီဒီယိုတွေရဲ့ဖြစ်နိုင်ခြေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေအတွက်ရည်ရွယ်ထားတဲ့ ဗီဒီယိုတွေဟာ သက်ရောက်မှုကြီးမားလာတယ်။ လူတော်တော်များများဟာ အမြဲလိုလိုပျော်ရွှင်မှုအတွက် တစ်ယောက်နဲ့တစ်ယောက်ဗီဒီယိုတွေပို့ကြတယ်။ ဒီလိုဗီဒီယိုတွေ ပေါ်လာတာကြောင့် ပါတီတစ်ခုဟာ လူတွေဆီကို အလွန်များပြားတဲ့အီးမေးလ်ပမာဏတွေကို ပို့စရာမလိုတော့ဘူး။ တကယ်တော့ အလွန်များပြားတဲ့အီးမေးလ်ပမာဏတွေလူတွေဆီကိုပို့တာဟာ တရားမဝင်ဘူး။

### ဒစ်ဂျစ်တယ်တီဗီလိုင်းများ



ဒစ်ဂျစ်တယ်တီဗီလိုင်းတွေပေါ်လာတဲ့အတွက် နိုင်ငံရေးပါတီတွေဟာ သူတို့ရဲ့ကိုယ်ပိုင်တီဗီလိုင်းတွေကို ဖန်တီးလာကြတယ်။ နိုင်ငံရေးပါတီအတော်များများဟာ သူတို့ရဲ့ကိုယ်ပိုင်ဝဘ်ဆိုက်ကနေ ဒီလိုတီဗီလိုင်းတွေကို အတန်အသင့်ဖန်တီးထုတ်လွှင့်နေကြတယ်။

### You Tube

ဒစ်ဂျစ်တယ်တီဗီလိုင်းတွေထက်အများကြီးပိုပြီးသက်သာတဲ့ နည်းလမ်းတစ်ခုကတော့ You Tube ပဲဖြစ်တယ်။ You Tube ပေါ်မှာ ရုပ်ရှင်တွေတင်လို့ရတယ်။ ဒါမှမဟုတ် You Tube လိုင်းဆိုပြီးတော့လည်း စတင်ပြီးတော့ အလုပ်လုပ်နေပြီ။

### သတင်းစကားပို့ခြင်း

တကယ်လို့ ပါတီတစ်ခုဟာ သူတို့ထောက်ခံသူတွေရဲ့ ဖုန်းနံပါတ်တွေကို စုဆောင်းထားနိုင်မယ်ဆိုရင် သူတို့ရဲ့ဆွေးနွေးပွဲတွေ၊ သူတို့ရဲ့အစည်းအဝေးတွေကို ဖိတ်ဖို့၊ ဒါမှမဟုတ် မဲသွားပေးဖို့ သတိပေးတဲ့အခါမှာ သတင်းစကားပို့ခြင်းကို အသုံးပြုလို့ရနိုင်တယ်။

## ဆက်သွယ်ရေးကိရိယာတန်ဆာပလာထည့်တဲ့ပုံး

### KISS

KISS ဆိုတာ 'Keep It Shot and Simple' ဒါမှမဟုတ် 'Keep It Simple, Stupid' ဆိုတဲ့ 'တိုတိုနဲ့ရှင်းလင်းပါစေ'၊ 'ရှင်းရှင်းလင်းလင်းနဲ့ တုံးအပါစေ' ပဲဖြစ်တယ်။ KISS ဆိုတာဆက်သွယ်ရေးအကြောင်းသင်ကြားနေတဲ့တစ်လျှောက်လုံး စိတ်ထဲမှာမှတ်ထားရမယ့်ဆောင်ပုဒ်ပဲဖြစ်တယ်။

အဓိကသတင်းစကားကိုရေးသားတဲ့အခါမှာဥပမာပြောရရင် – ခင်ဗျားတို့ဟာ ခင်ဗျားတို့ပြောချင်တာတွေကို ထူးထူးခြားခြားသိရမယ်။

ပြည့်ပြည့်စုံစုံဖော်ပြနိုင်ရမယ်။ လူအတော်များများဟာ ပြောချင်တဲ့အကြောင်းအရာကို အရှည်ကြီးပြောနေကြပေမယ့် လိုချင်တဲ့အချက်ဆီကို မရောက်ကြဘူး။ ဒါကြောင့်နားထောင်သူတွေဟာ အဓိကကိစ္စဆီကနေ လမ်းလွှဲသွားတတ်ကြတယ်။ ဒါဟာ KISS မဟုတ်ဘူး။ သတင်းစကားရဲ့ အဓိကအနှစ်သာရထဲမှာ ခင်ဗျားတို့ပြောချင်တဲ့ အဓိကယေဘုယျအကြောင်းအရာကိုဖော်ပြနိုင်တဲ့ စာကြောင်းအနည်းအကျဉ်းပဲပါတယ်။ အဓိကသတင်းစကားဟာ အကျဉ်းချုပ်ပဲဖြစ်ရမယ်။ ဒါပေမယ့် ခင်ဗျားတို့ကတော့ အဲဒီသတင်းစကားအကြောင်းကို နာရီအတော်ကြာကြာပြောရလိမ့်မယ်။

## AIDA

AIDA ဆိုတာကတော့ (Attention, Interest, Desire, Action)အာရုံစိုက်မှု၊ စိတ်ဝင်စားမှု၊ ဆန္ဒ၊ လုပ်ဆောင်မှုတို့ပဲဖြစ်တယ်။ လူတစ်ယောက်ဟာ ဆုံးဖြတ်ချက်တစ်ခုမချခင်၊ တစ်ခုခုမလုပ်ခင်မှာ မတူညီတဲ့အဆင့်ပေါင်းများစွာကို ဖြတ်ကျော်ရတယ်။ နိုင်ငံရေးဆိုင်ရာသတင်းစကားတစ်ခုရဲ့ ဆန္ဒရှိတဲ့သက်ရောက်မှုဟာ လူတွေကိုတစ်ခုခုလုပ်လာအောင် တွန်းအားပေးခြင်းဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် ခင်ဗျားတို့ပါတီအတွက် မဲပေးခိုင်းခြင်းပဲဖြစ်တယ်။ တကယ်လို့ ခင်ဗျားတို့ကပရိသတ်တွေကို ကြီးကြီးမားမားလုပ်ဆောင်ခိုင်းတယ်ဆိုရင် ခင်ဗျားတို့သတင်းစကားဟာ ချိန်ထားတဲ့ပစ်မှတ်ကိုလွဲသွားနိုင်တယ်။ ဒါကြောင့် ခင်ဗျားတို့ရဲ့တင်ပြမှုထဲ မှာ သူတစ်ပါးစိတ်ဝင်စားလာအောင် အရင်ဆုံးလုပ်ရမယ်။ ပစ်မှတ်အုပ်စုတွေရဲ့စိတ်ဝင်စားမှုတွေထဲက ဆန္ဒရှိတဲ့လုပ်ဆောင်မှုကို ရှင်းရှင်းလင်းလင်းလုပ်ကိုင်ဖို့ပြောပြရမယ်။ အဲသလိုလုပ်မှသာ သူတို့တွေရဲ့စိတ်အားထက်သန်မှု၊ ဒါမှမဟုတ်စိတ်ဆန္ဒမြင့်တက်လာပြီး ခင်ဗျားတို့လုပ်စေချင်တဲ့ကိစ္စတွေကို လုပ်ကြမှာဖြစ်တယ်။

## IDD: Information, Debate and Decision



**အချက်အလက်၊ ဆွေးနွေးငြင်းခုံမှုနဲ့ ဆုံးဖြတ်ချက်ချခြင်း**

ခင်ဗျားတို့တစ်ခုခုကိုရောင်းချင်တယ်ဆိုရင် ခင်ဗျားတို့ရောင်းချင်တဲ့အရာဟာ ဖုန်စုပ်စက်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် နိုင်ငံရေးသတင်းစကားပဲဖြစ်ဖြစ် အဆင့်သုံးဆင့်ကတော့အမြဲတမ်းပါနေလိမ့်မယ်။ အပေါ်မှာဖော်ပြထားတဲ့အဆင့်သုံးဆင့်ကို ခင်ဗျားတို့အမြဲတမ်းလိုက်နာဖို့အရေးကြီးတယ်။ ပထမဆုံးခင်ဗျားတို့က ဆုံးဖြတ်ချက်ချတယ်။ ပြီးတဲ့နောက်မှာ အချက်အလက်တွေပေးပြီး ငြင်းခုံကြတယ်။ အဲဒီလိုလုပ်မယ်ဆိုရင် လူတွေက သူတို့ကိုအလေးမထားဘူးလို့ထင်ကြလိမ့်မယ်။ ဆုံးဖြတ်ချက်ချပြီးသားဆွေးနွေး ငြင်းခုံမှုဟာ ဘာအသုံးကျမှာမို့လဲ။ အဲသလိုသာဆိုရင်လူတွေဟာ ဘေးဖယ် ခံထားရတယ်။ သူတို့ပါဝင်စရာမလိုဘူးလို့ထင်ကြလိမ့်မယ်။ နဂိုတည်းက ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်ရဲ့ကောင်းကွက်တွေကို မမြင်တော့ဘဲ အဲဒီဆုံးဖြတ်ချက်ကိုဆန့်ကျင်ကြလိမ့်မယ်။ အဲသလိုသာ လုပ်မယ်ဆိုရင် ပြိုင်ဘက်တွေက ခင်ဗျားတို့ကိုလွယ်လွယ်လေး နှောင့်ယှက်နိုင်တယ်။ ဒီလို ကြောက်ရွံ့မှုတွေနဲ့ ငုပ်လျှိုးနေတဲ့ မကျေနပ်မှုတွေကို ပြိုင်ဘက်တွေက ဆွဲယူအသုံးချသွားလိမ့်မယ်။ ဥပမာပြရမယ်ဆိုရင် ဒတ်ချ်အစိုးရရဲ့ ဥရောပ ဖွဲ့စည်းပုံအခြေခံဥပဒေမြှင့်တင်ရေးကမ်ပိန်းကို ပဲပြရလိမ့်မယ်။ အစိုးရဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချထားပြီးသားဖြစ်တယ်။ လူထုကို အချက်အလက်ပေးတဲ့အချိန်ဟာ နောက်ကျနေတယ်။ ယှဉ်တွဲကျမှုလည်း မရှိဘူး။ ဒါကြောင့်ဆွေးနွေးငြင်းခုံပွဲဟာ ကြောက်ရွံ့မှုတွေနဲ့ပြည့်နှက်နေတယ်။ ဒါကိုကြည့်ရင် ပြည်သူတွေရဲ့အမြင်မှာ အစိုးရရဲ့လုပ်ပိုင်ခွင့်အာဏာပျောက် ဆုံးနေတာကိုတွေ့ရမယ်။ နောက်ဆုံးမှာတော့ မဲထည့်မယ့်မဲပေးသူတွေ တောင်မှ မဲမထည့်တော့ဘူးဖြစ်သွားတယ်။ အဲသလိုမဲမထည့်တာကြောင့် ဥရောပဟာ ကမောက်ကမဖြစ်သွားတယ်။

**လေ့ကျင့်ခန်းများ**

၁ – နိုင်ငံမှာရှိနေတဲ့မီဒီယာတွေကို တီထွင်ပုံဖော်ပါ။ ပြီးတဲ့အခါမှာ ခင်ဗျားတို့ရဲ့သတင်းစကားကို အဲဒီမီဒီယာတွေထဲရောက်နိုင်ခြေရှိတဲ့ နည်းလမ်း တွေကိုခွဲခြမ်းစိတ်ဖြာပါ။ ဒါကိုအုပ်စုခွဲပြီးလည်းလုပ်နိုင်တယ်။ တက်ရောက် လာသူအားလုံးလည်း လုပ်နိုင်တယ်။

၂ – ခင်ဗျားတို့ရဲ့ပါတီအတွက် မီဒီယာမဟာဗျူဟာကိုပုံဖော်ပါ။ တစ်ချိန် တည်းမှာလည်း SWOT စိစစ်ခွဲခြမ်းမှုကိုလည်း စိတ်ထဲမှာ မှတ်သားထားပါ။ ခင်ဗျားတို့ပါတီဝင်ရောက်လှုပ်ရှားရမယ့် အခြေအနေနဲ့ ရနိုင်တဲ့ ငွေကြေးကိုလည်း စဉ်းစားထားပါ။

၃ – ခင်ဗျားတို့ပါတီကလုပ်မယ့် ပွဲအတွက်သတင်းထုတ်ပြန်မှုကို ရေးပါ။

၄ – သတင်းစာရှင်းလင်းပွဲလုပ်တဲ့ ပုံစံအတိုင်း ကစားပွဲလုပ်ပါ။

၀

# အခန်း - ၄
# လူထုကြားတွင် စကားပြောခြင်း

နိုင်ငံရေးဆိုတာခင်ဗျားတို့ရဲ့သတင်းစကားကို ပျံ့နှံ့အောင်လုပ်ခြင်းပဲဖြစ်တယ်။ အဲသလိုလုပ်ဖို့အတွက် ကောင်းမွန်တဲ့မိန့်ခွန်းပြောခြင်းဟာ အကောင်းမွန်ဆုံးနည်းလမ်းတွေထဲက တစ်ခုဖြစ်တယ်။ ဒါပေမဲ့ တခြားကုမ္ပဏီတွေကိုသွားလည်ခြင်း၊ ဒါမှမဟုတ် အဖွဲ့အစည်းတွေကိုသွားလည်ခြင်း၊ အင်တာဗျူးခြင်း၊ သတင်းထုတ်ပြန်ချက်ပို့ပေးခြင်း၊ သတင်းစာရှင်းလင်းပွဲလုပ်ခြင်းစတဲ့ တခြားနည်းလမ်းတွေလည်းရှိသေးတယ်။ အဲဒီနည်းလမ်းအားလုံးကိုသုံးတဲ့အခါမှာ ခင်ဗျားတို့ဟာ သတင်းစကားနဲ့ပတ်သက်တဲ့ပေါ်လာမယ့်သတင်းတွေကို သိပ်ပြီးထိန်းချုပ်နိုင်မှာမဟုတ်ဘူး။ အောင်မြင်တဲ့မိန့်ခွန်းတွေကိုရေးတဲ့နေရာမှာသုံးမယ့် အချက်အလက်တွေကို အောက်မှာဖော်ပြထားတယ်။

### မိန့်ခွန်းရေးခြင်းအတွက်လိုအပ်သောအချက်များ

**၁ –** သတင်းစကား၊ သတင်းစကား၊ သတင်းစကား အမြဲတမ်းပထမဆုံး ခေါင်းထဲထည့်ထားရမှာကတော့ ဘယ်လိုသတင်းစကားမျိုးကိုခင်ဗျားတို့ဆက်သွယ်ဖြန့်ဖြူးမလဲဆိုတဲ့အချက်ပဲဖြစ်တယ်။ ခင်ဗျားတို့ရဲ့မိန့်ခွန်းရည်ရွယ်ချက်ကဘာလဲ။ ခင်ဗျားတို့ရဲ့ ပရိသတ်ကိုဘာတွေပေးချင်သလဲ။ ခင်ဗျားတို့ရဲ့သတင်းစကားဖြန့်ဖြူးနိုင်မယ့် စင်မြင့်ရနိုင်မှသာ မိန့်ခွန်းပြောဖို့လက်ခံပါ။ ဒါပေမဲ့ မကြာခဏမိန့်ခွန်းပြောဖို့ဖိတ်တဲ့ ဖိတ်ကြားမှုတွေ ထဲမှာ ဒီလိုအခွင့်အရေးမျိုးမပါဘူး။ အဲသလိုပွဲမျိုးမှာ မိန့်ခွန်းပြောရင်



ပရိသတ်အတွက်ရော မိန့်ခွန်းပြောသူအတွက်ပါ အချိန်ကုန်တယ်။ အဆုံးစွန်ပြောရမယ်ဆိုရင် မိန့်ခွန်းရေးသူအတွက်ပါအချိန်ကုန်တယ်။ ခင်ဗျားတို့ရဲ့မိန့်ခွန်းထဲမှာ ဘယ်လိုသတင်းစကားတွေထည့်မလဲဆိုတာကို ကြိုတင်သတ်မှတ်ထားနိုင်မယ်ဆိုရင် အဲဒီအချက်တွေကို မိန့်ခွန်းရေးနေတဲ့အချိန်မှာ ပိုပြီးအာရုံစိုက်နိုင်လိမ့်မယ်။ ခင်ဗျားတို့ရဲ့ပရိသတ်ကလည်း ခင်ဗျားတို့ရဲ့မိန့်ခွန်းကို ပိုပြီးအထင်ကြီးလေးစားလိမ့်မယ်။ ကောင်းမွန်တဲ့မိန့်ခွန်းတိုင်းဟာ ရှင်းလင်းတဲ့သတင်းစကားတွေကို ဖန်တီးပေးနိုင်တယ်။

**၂ –** မိန့်ခွန်းတိုင်းအတွက် အသေးစိတ်ကျတဲ့ပြင်ဆင်မှုတွေလိုအပ်တယ်။ ဘယ်လိုအခြေအနေအတွက် မိန့်ခွန်းပြောရမှာလဲ။ မိန့်ခွန်းပြောတဲ့နေရာမှာလည်း ညစာစားပွဲမှာပေးတာလား၊ လူတိုင်းငြင်းခုံလို့ရတဲ့နေရာမှာ မိန့်ခွန်းပေးတာလား၊ ဟောပြောပွဲလုပ်တာလားဆိုတဲ့ အမျိုးအစားတွေအများကြီးရှိတယ်။ ခင်ဗျားတို့ပြောမယ့်အကြောင်းအရာကဘာလဲ။ လိုအပ်တဲ့အချက်အလက်တွေအားလုံးခင်ဗျားတို့မှာရှိနေပြီလား။ ဒါမှမဟုတ်နဂိုကတည်းကစုဆောင်းထားတဲ့အချက်အလက်တွေရှိနေလား။ ခင်ဗျားတို့ရဲ့ပရိသတ် အကြောင်းကိုရောဘာသိလဲ။ ခင်ဗျားတို့ရဲ့ပရိသတ်ကဘယ်သူလဲ။ ဘယ်လို ဘာသာစကားကိုပြောဆိုကြသလဲ။ ဘာတွေကိုစိတ်ဝင်စားသလဲ။ ဘာကြောင့် သူတို့ဒီပွဲကိုလာသလဲ။ ခင်ဗျားပြောမယ့်အကြောင်းအရာနဲ့ပတ်သက်ပြီး သူတို့ဘာတွေသိထားသလဲ။

**၃ –** ခင်ဗျားတို့ပြောမယ့်မိန့်ခွန်းကို ရှင်းရှင်းလင်းလင်းခိုင်ခိုင်မာမာတည်ဆောက်ဖို့လိုတယ်။ ရှင်းလင်းတဲ့တည်ဆောက်ပုံဟာ မိန့်ခွန်းတိုင်းမှာ အခရာကျတယ်။ အဲဒီတည်ဆောက်ပုံဟာ ပရိသတ်နဲ့မိန့်ခွန်းပြောသူနှစ်ဦးစလုံးအတွက် အရေးပါတဲ့နေရာဖြစ်တယ်။ သတင်းစာဆောင်းပါးတစ်စောင်ကိုဖတ်တဲ့အခါမှာ ခင်ဗျားတို့ဟာ ရှေ့စာရွက်မှာပါတဲ့ ဆွေးနွေးငြင်းခုံမှုတွေကိုပြန်ပြီးဖတ်လို့ရနိုင်တယ်။ မိန့်ခွန်းနားထောင်နေတဲ့အချိန်မှာတော့ နောက်ပြန်ဆုတ်ပြီး နားထောင်လို့မရနိုင်ဘူး။ ဒီနေရာမှာ ဟိုအရင်ဂန္ထဝင်မိန့်ခွန်းပြော

မှုနဲ့ပတ်သက်တဲ့ စကားတစ်ခွန်းဟာ အခုချိန်ထိမှန်နေတုန်းပဲ။ အဲဒီစကားကတော့ ရှင်းလင်းပြတ်သားတဲ့တည်ဆောက်မှုဟာအရေးပါနေတုန်းပဲဆိုတဲ့စကားပဲဖြစ်တယ်။ ကောင်းမွန်တဲ့မိန့်ခွန်းတစ်ခုဟာ စနစ်တကျဖွဲ့စည်းထားတဲ့၊ ဝါကျတစ်ကြောင်းပြီးတစ်ကြောင်းသုံးပြီး အထွတ်အထိပ်ကိုရောက်အောင် ဖော်ဆောင်ထားတဲ့ စာပိုဒ်တစ်ပိုဒ်ပြီးတစ်ပိုဒ်ရေးပြီး လိုချင်တဲ့အချက်ဆီ ရောက်အောင်ခေါ်ဆောင်သွားတယ်။ ဒါဟာ ဝတ္ထုတစ်ပုဒ်ရေးတဲ့အခါမှာသုံးတဲ့အခြေခံအချက်ပဲဖြစ်တယ်။ ယေဘုယျနိဒါန်းပြီးတဲ့အခါမှာ မိန့်ခွန်းရဲ့သုံးပုံတစ်ပုံဟာ သူ့ရဲ့အထွတ်အထိပ်ကိုရောက်ဖို့နီးစပ်လာတယ်။ အဲဒီနောက်မှာ မှန်ကန်တဲ့အယူအဆတွေကိုတင်ပြမယ့် နိဂုံးပိုင်းပါတယ်။ အဆုံးပိုင်းအတွက်သုံးသင့်တဲ့နည်းကတော့ စဉ်းစားစရာလေးတွေချန်ထားခဲ့ခြင်းပဲဖြစ်တယ်။ ဒီလိုချန်ထားခဲ့ခြင်းဟာ တရားပွဲတွေမှာ ဘုန်းကြီးတွေသုံးတဲ့ကိုယ်ကျင့်အကြံဉာဏ်ပေးခြင်းတွေနဲ့မတူဘူး။ ခင်ဗျားတို့ရဲ့ပရိသတ်ကို ပိုပြီးနားလည်သဘောပေါက်လာအောင်လုပ်ဖို့အတွက် 'အခုထိကျွန်တော်ပြောသွားတဲ့အကြောင်းအရာကတော့'၊ 'အခုကျွန်တော်နောက်ဆက်ပြောချင်တဲ့အချက်ကတော့' စတဲ့စကားလုံးလေးတွေသုံးပြီးတော့ ခေါ်ဆောင်သွားရမယ်။ အဓိကအချက်ကတော့ မိန့်ခွန်းစပြောတဲ့အချိန်နဲ့ အဆုံးသတ်အချိန်တွေကို အလွန်ဂရုစိုက်ရမယ်။

၄ – ပရိသတ်ရဲ့ အမှတ်တရတွေကိုပြန်ပေါ်လာအောင်လုပ်နိုင်တဲ့ဘာသာစကားကိုအသုံးပြုပါ။ အချက်အလက်တွေကပြောတယ်၊ ပုံပြင်ဇာတ်လမ်းတွေကရောင်းချတယ်။ ခင်ဗျားတို့ပြောတဲ့အချက်အလက်တွေထဲမှာပရိသတ်ရဲ့ အမှတ်ရစရာတွေပေါ်လာအောင်အမြဲတမ်းလုပ်ရမယ်။ စကားပြော နည်းစနစ်ကိုသုံးရမယ်။ ဆိုချင်တဲ့အဓိပ္ပါယ်က ပရိသတ်ရဲ့ခေါင်းထဲမှာ ရုပ်ရှင်ကြည့်သလိုပုံရိပ်တွေအစဉ်လိုက်ပေါ်လာအောင်လုပ်ရမယ်။ အဲသလို လုပ်ခြင်းကြောင့် ပရိသတ်တွေဟာခင်ဗျားတို့ရဲ့သတင်းစကားကို မှတ်မိသွားလိမ့်မယ်။ ခင်ဗျားတို့ပြောတဲ့ဇာတ်လမ်းကိုထိထိမိမိဖမ်းယူလိုက်နိုင်တာကြောင့် ပရိသတ်တွေဟာ



အဲဒီဇာတ်လမ်းနဲ့ထပ်တူစွဲသွားတယ်။

၅ – ပွင့်ပွင့်လင်းလင်းပြောပါ။ မိန့်ခွန်းကို အသံခပ်ကျယ်ကျယ်နဲ့ပြောရမှာဖြစ်တဲ့အတွက် စာကြောင်းတွေရှည်မနေစေရဘူး။ ပရိသတ်တွေမှာ ခင်ဗျားတို့ပြောတဲ့စာကြောင်းကိုပြန်ဖတ်ဖို့ အခွင့်အရေးမရှိဘူး။ ဒါကြောင့်ပြောတဲ့အချိန်တိုင်းမှာ ရှင်းလင်းနေဖို့လိုတယ်။ တော်တော်များများမိန့်ခွန်းတွေမှာ သီးသန့်အသုံးတွေကို အများကြီးထည့်သုံးတဲ့အတွက် ပျက်စီးသွားတတ်ကြတယ်။ အကြောင်းကတော့ အဖွဲ့အစည်းတွေမှာ သူတို့ရဲ့ပုံရိပ်နဲ့ထုတ်ကုန်တွေကိုဖော်ပြတဲ့အခါမှာ အထူးသီးသန့်စကားလုံးတွေကို အမြဲတမ်းသုံးစွဲနေကြလို့ပဲဖြစ်တယ်။ ဝေဝါးတဲ့စကားလုံးတွေ၊ အထူးစကားလုံးတွေကိုသုံးလိုက်တဲ့အခါမှာ ကိုယ့်ပရိသတ်နဲ့ဝေးကွာသွားတယ်။ အထူးစကားလုံးတွေသုံးလိုက်ခြင်းအားဖြင့် ခင်ဗျားတို့ဟာသူတို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်တဲ့သူတွေလို့ ထင်သွားတတ်တယ်။ အဲသလိုထင်သွားရင်ခင်ဗျားတို့ရဲ့သတင်းစကားကိုသူတို့နားဝင်တော့မှာမဟုတ်ဘူး။ ဒါကြောင့်စကားကိုအမြဲတမ်းပွင့်ပွင့်လင်းလင်းရှင်းရှင်းလင်းလင်းပြောပါ။ ခင်ဗျားတို့ဘာပြောချင်သလဲဆိုတာကို ခင်ဗျားတို့ရဲ့အဒေါ်ကြီးနားလည်ရဲ့လား။ နားမလည်ဘူးဆိုရင် မိန့်ခွန်းကိုပြန်ရေးပါ။

၆ – မိန့်ခွန်းထဲမှာ ဟာသနည်းနည်းစွက်လိုက်ရင်ပိုပြီးထိရောက်တယ်။ ဟာသဟာ မိန့်ခွန်းကိုအသက်ဝင်လာအောင်လုပ်ပေးနိုင်တယ်။ အသုံးဝင်တဲ့ကိရိယာဖြစ်တယ်။ ဟာသကြောင့်ပရိသတ်တွေရဲ့စိတ်ထဲမှာ ကိုယ်ချင်းစာတရားပေါ်လာနိုင်တယ်။ ဒီလိုပြောတာကြောင့် ခင်ဗျားတို့မိန့်ခွန်းတစ်ခုလုံးမှာ ရယ်ရွှင်ဖွယ်ဟာသတွေချည်းပဲပါနေစရာမလိုဘူး။ ရယ်ရွှင်ဖွယ်ဟာသနည်းနည်းထည့်ရင်လည်း ခင်ဗျားတို့ရဲ့မိန့်ခွန်းဟာ ကောင်းကောင်းမွန်မွန်ဖြစ်သွားနိုင်တယ်။

၇ – မိန့်ခွန်းကိုအသက်ဝင်လာအောင် တောက်ပလာအောင်လုပ်နိုင်တဲ့

နောက်ထပ်နည်းတစ်ခုကတော့ စိတ်ကူးစိတ်သန်းတွေလိုစကားအလှတန်ဆာတွေကို မိန့်ခွန်းထဲထည့်ရေးတာပဲဖြစ်တယ်။ အလှအပစိတ်ကူးစိတ်သန်းတွေဟာ ခင်ဗျားတို့ရဲ့မိန့်ခွန်းတွေကို ပိုပြီးကြီးမားကျယ်ပြန့်လာအောင်၊ စာပေအရ စွမ်းအင်ကြီးလာအောင်လုပ်ပေးနိုင်တယ်။ နောက်ထပ်စာအရေးသားဆိုင်ရာနဲ့ပတ်သက်လို့ အကြံဉာဏ်ပေးရမယ်ဆိုရင် ပေါင်းစည်းမှု ပုံစံ၊ အပြိုင်တည်ဆောက်ပုံတွေ၊ အသံစီးဆင်းပုံတွေ၊ အစိတ်အပိုင်းသုံးခုစာရင်းဇယားတွေကို သုံးသင့်တယ်။ ဒါပေမဲ့ ဒါတွေကိုအလွန်အကျွံမသုံးသင့်ဘူး။ သင့်တော်တဲ့ပမာဏလောက်ကိုပဲ မိန့်ခွန်းထဲမှာ ထည့်သုံးပါ။ ခင်ဗျားတို့ရဲ့မိန့်ခွန်းထဲမှာ အကိုးအကားတွေထည့်သုံးပါ။ အဲသလိုသုံးဖို့အတွက်လည်း သတင်းစာထဲကနေ အကိုးအကားတွေကိုရှာပါ။ ရုစဘဲ့ပြောတဲ့ 'ကျုပ်တို့ကြောက်ရမယ့်အရာဟာ ကြောက်ရွံ့ခြင်းပဲဖြစ်တယ်' ဆိုတဲ့စကားမျိုး၊ ကနေဒီပြောတဲ့ 'မင်းတို့အတွက်နိုင်ငံကဘာလုပ်ပေးမလဲဆိုတာကိုမမေးနဲ့ မင်းတို့ကနိုင်ငံတော်အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ မေးခွန်းကိုသာမေးပါ။' ဆိုတဲ့စကားမျိုး၊ အိုဘားမားပြောတဲ့ 'လစ်ဘရယ်အမေရိကားဆိုတာလည်း မရှိဘူး။ ကွန်ဆာဗေးတစ်အမေရိကားဆိုတာလည်း မရှိဘူး။ အမေရိကန်ပြည်ထောင်စုဆိုတာပဲရှိတယ်(The United States of America)' ဆိုတဲ့ မှတ်မိရအလွယ်နိုင်ဆုံး အကိုးအကားတွေကို ထည့်ပြီးပြောသင့်တယ်။

**၈ –** ခင်ဗျားတို့ရဲ့မိန့်ခွန်းထဲမှာပါတဲ့ ထိရောက်တဲ့စာကြောင်းတွေကို မီဒီယာတွေကိုအသုံးပြုခွင့်ပြုပါ။ လူတွေဟာ နိုင်ငံရေးမိန့်ခွန်းနားထောင်ဖို့ အဝေးကနေ လာရတဲ့ခေတ်ကုန်ဆုံးသွားပြီ။ အခုခေတ်မှာဆိုရင် မိန့်ခွန်းထဲမှာပါတဲ့ အကြောင်းအရာအချက်အလက်တွေကို သတင်းစာတွေထဲကနေ ဖတ်နိုင်ပြီ။ ဒါကြောင့်ခင်ဗျားတို့နှစ်သက်တဲ့စာကြောင်းတွေကို မီဒီယာတွေကိုရွေးချယ်ပေးနိုင်တယ်။ ဒီနေရာမှာ အမြဲတမ်းမှားယွင်းနေတဲ့အမြင်တစ်ခုရှိတယ်။ အဒီအမြင်ကတော့ နှစ်သက်တဲ့စာကြောင်းတွေဟာ မိန့်ခွန်းရဲ့အဓိကသတင်းစကားနဲ့ချိတ်ဆက်မှုမရှိတာလည်း ဖြစ်နိုင်တယ်။ အဲသလို



နှစ်သက်တဲ့စာကြောင်းတွေဟာ အဓိကသတင်းစကားထဲကနေ ဒါမှမဟုတ်မိန့်ခွန်းထဲကနေပဲ ဖြတ်တောက်ထုတ်ယူသင့်တယ်။ တကယ်လို့ အဲသလိုမလုပ်ဘူးဆိုရင် မိန့်ခွန်းနဲ့ဘာမှပတ်သက်မှုမရှိဘူးဖြစ်သွားလိမ့်မယ်။ မီဒီယာတွေသုံးဖို့အတွက် ခင်ဗျားတို့ရဲ့မိန့်ခွန်းထဲကနေ ဘယ်လိုထိ ရောက်တဲ့စာကြောင်းမျိုးထုတ်ယူရမလဲဆိုတာကို ဂရုစိုက်ပါ။ ဘာကြောင့်ဒီစာကြောင်းကိုပဲယူပြီး တခြားအကြောင်းတွေကို မယူတာလဲဆိုတာနဲ့ပတ်သက်ပြီး ဆင်ခြေတွေရှိတယ်။ ဥပမာပြောရမယ်ဆိုရင် ချီးမွမ်းမှုတွေဟာ သတင်းသမားတွေအတွက် တည်းဖြတ်ဖို့ပိုလွယ်တယ်။ ဒါကြောင့်တခြားထိရောက်တဲ့စာကြောင်းတွေပြုတ်ကျန်ခဲ့တယ်။ ဒါကြောင့်ခင်ဗျားတို့က မီဒီယာကိုယူစေချင်တဲ့ စာကြောင်းတွေထဲမှာ ပရိသတ်ရဲ့ချီးမွမ်းမှုတွေက ပါအောင်ထည့်ထားရမယ်။ ဗြိတိသျှလူမျိုး မိန့်ခွန်းကျွမ်းကျင်သူ မတ်စ် အက်ကင်ဆင် (Max Atkinson) ဟာ မိန့်ခွန်းနဲ့ပတ်သက်ပြီး ဘယ်လိုဘယ်နည်းနဲ့ ပရိသတ်ဆီကနေ ချီးမွမ်းမှုရရှိနိုင်သလဲဆိုတာကို သုတေသနပြုခဲ့တယ်။ သူတွေ့ရှိခဲ့တဲ့အချက်တွေကတော့ ထင်ရှားတဲ့ပါတီအဖွဲ့ဝင်တွေကို ထည့်ပြောတာ၊ ပါတီရဲ့ အိုင်ဒီအိုလိုဂျီကိုရည်ညွှန်းတဲ့စကားလုံးတွေထည့် သုံးတာ၊ နိဂုံးပိုင်းမှာ ယုတ္တိဆွဲပြတာ၊ ဆန့်ကျင်ဘက်တွေထည့်သုံးတာ၊ အစိတ်အပိုင်းသုံးပိုင်းစာရင်းထည့်သုံးတာတွေပဲဖြစ်တယ်။

## မိန့်ခွန်းပြောချိန်အတွင်း သတိပြုရမည့်အချက်များ

မိန့်ခွန်းမပြောမီ – အချိန်အတိအကျရောက်ပါစေ။ အခန်းကိုစစ်ဆေးပါ။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေ အလုပ်လုပ်ရဲ့လားဆိုတာကိုစစ်ဆေးပါ။ လက်ဆွဲနှုတ်ဆက်ပါ။ လူတွေနဲ့စကားပြောပါ။ စိတ်မလှုပ်ရှားပါနဲ့။ တကယ်တော့ ခင်ဗျားဟာ အဲဒီနေရာမှာ အဓိကလူတစ်ယောက်ဖြစ်တယ်။

မိန့်ခွန်းပြောနေစဉ်အချိန် – ခင်ဗျားဆောင်ထားတဲ့မှတ်စုနဲ့ ချိန်ညှိသင့်တယ်။ ဒါပေမဲ့ စာရွက်ကိုတော့ မကြည့်ရဘူး။ ပရိသတ်တွေနဲ့

မျက်စိချင်းဆက်သွယ်ပါ။ မတ်မတ်ရပ်ပြီးတော့ ပြုံးပြပါ။ စတန့်မထွင်ပါနဲ့။ အရေးကြီးတဲ့ခံစားချက်ကိုပြောတဲ့အခါမှာ လက်ဟန်ခြေဟန်သုံးပါ။ ဖြည်းဖြည်းမှန်မှန်ပြောပါ။ မကြာခဏရေသောက်ပါ။ သဘာဝကျကျ နားပြီးပြောပါ။ အသံအနိမ့်အမြင့်နဲ့ပြောပါ။

ခင်ဗျားပြောမယ့်ပုံပြင်အစမေ့သွားရင် စိတ်ငြိမ်ငြိမ်ထားပြီး ရေသောက်ပါ။ ပရိသတ်တွေကို မေးခွန်းမေးခိုင်းပါ။ ခင်ဗျားတို့ရဲ့အဓိကသတင်းစကားကိုထပ်ပြောပါ။ ဒါမှမဟုတ် စောစောကပြောနေတဲ့စကားကိုပဲဆက် ပြောပါ။ ပရိသတ်ကို ဟာသပြောပြီး လှည့်စားပါ။

မိန့်ခွန်းပြောပြီးအချိန် ခင်ဗျားရဲ့မိန့်ခွန်းကို ကြိုက်သလား၊ မကြိုက်ဘူးလားဆိုတာကို ပရိသတ်ကိုမေးပါ။ နောက်တစ်ကြိမ်အတွက်မှတ်စုထုတ်ပါ။ တကယ်လို့ မိန့်ခွန်းကိုဗီဒီယိုမှတ်တမ်းတင်ထားတယ်ဆိုရင် ခင်ဗျားတို့ရဲ့လက်ထောက်နဲ့ မှတ်တမ်းတင်ထားတာကိုပြန်ကြည့်ပါ။

## လေ့ကျင့်ခန်းများ

အချိန်တစ်မိနစ်ကနေ သုံးမိနစ်အတွင်းမှာ သင်တန်းသားတွေကို အခုပြောခဲ့တဲ့သီအိုရီနဲ့ပတ်သက်ပြီး လေ့ကျင့်တင်ပြမှုလုပ်ခိုင်းပါ။ သူတို့တွေကို ပစ်မှတ်အုပ်စုနဲ့ပတ်သက်ပြီး ဆုံးဖြတ်ခိုင်းပါ။ အဲဒီပစ်မှတ်အုပ်စုကို ဖြန့်ဖြူးပေးချင်တဲ့ သူတို့ရဲ့သတင်းစကားကိုရေးခိုင်းပါ။ ဒီလိုလုပ်ဖို့အတွက် မိနစ်နှစ်ဆယ်အချိန်ပေးပါ။ သူတို့အုပ်စုကိုယ်စားတင်ပြနေတဲ့လူဟာ သူတို့ရည်ရွယ်ထားတဲ့ ပစ်မှတ်အုပ်စုဖြစ်လာမယ့် တခြားသင်တန်းသားတွေကို စကားပြောခိုင်းပါ။ တခြားသင်တန်းသားတွေဟာ သူတို့ရဲ့နေရာမှာ အစားဝင်ယူလိမ့်မယ်။

တင်ပြမှုစတင်တဲ့အချိန်မှာ နာရီကိုကြည့်ထားပါ။ စက္ကန့်နှစ်ဆယ်ပဲကျန်ရင်လက်ထောင်ပြပါ။ နောက်ပိုင်းမှာ လုပ်မယ့်ဆွေးနွေးပွဲမှာ သီအိုရီထဲက အဓိကအခြေခံအချက်အလက်တွေနဲ့ပတ်သက်ပြီးတင်ပြခဲ့တဲ့ တင်ပြမှုကိုပြန်လည်သုံးသပ်ပါ။ တင်ပြခဲ့တဲ့တင်ပြမှုမှာ အဓိကသတင်းစကားပါရဲ့လား။ အဲဒီတင်ပြမှုထဲမှာ KISS ပါရဲ့လား။ ပစ်မှတ်အုပ်စုတွေဆီ



ကိုအောင်အောင်မြင်မြင်နဲ့ ပေးပို့နိုင်ရဲ့လား။ တင်ပြမှုပုံစံဟာ ရှင်းလင်းရဲ့လား။ သင့်တော်တဲ့၊ စတိုင်ကျတဲ့ နည်းစနစ်တွေကိုရောအသုံးပြုခဲ့ရဲ့လား စတာတွေကိုပြန်လည်သုံးသပ်ပါ။

နောက်ထပ်လုပ်နိုင်တဲ့လေ့ကျင့်ခန်းတစ်ခုကတော့ သင်တန်းသားတစ်ယောက်စီတိုင်းကို တစ်မိနစ်စာမိန့်ခွန်းပြင်ဆင်ခိုင်းပါ။ အဲဒီမိန့်ခွန်းထဲမှာ အဓိကကိစ္စပြဿနာတွေ၊ သတင်းစကားတွေ၊ စိတ်အားထက်သန်မှုတွေ ပါအောင်ထည့်ခိုင်းပါ။ သူတို့ပြောတဲ့မိန့်ခွန်းတွေကို ဗီဒီယိုနဲ့မှတ်တမ်းတင်ပြီး အားနည်းအားသာချက်တွေကို အသေးစိတ်ပြန်သုံးသပ်ပေးပါ။ အဲသလိုလုပ်ဖို့အတွက် အချိန်အတော်ကြာအောင်ယူရလိမ့်မယ်။ သင်တန်းသားဘယ်နှယောက်ကိုပြောခိုင်းမလဲဆိုတာကို ခင်ဗျားတို့တွက်ပါ။ သင်တန်းသားတွေများနေမယ်ဆိုရင် အုပ်စုခွဲလိုက်ပါ။

# အခန်း - ၅

# စကားစစ်ထိုးခြင်း

စကားစစ်ထိုးခြင်းမပါဘဲ နိုင်ငံရေးဆိုတာမတည်ရှိနိုင်ဘူး။ စကားစစ်ထိုးခြင်းဆိုတာ လူတွေအပေါ်ခင်ဗျားတို့ရဲ့အမြင်တွေကို ရောက်ရှိ သွားအောင်ပြုလုပ်တဲ့နည်းလမ်းတွေပဲဖြစ်တယ်။ ကျန်ခဲ့တဲ့အပတ်က ကမ်ပိန်းတစ်ခုမှာ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ပါတီဝင်တွေဟာ ပြိုင်ဘက်တွေနဲ့ စကားစစ်ထိုးကြတယ်။ စကားစစ်ထိုးပွဲဆိုတာ တီဗီမှာပဲဖြစ်ဖြစ်၊ ရေဒီယိုမှာပဲဖြစ်ဖြစ်၊ ဘီယာဆိုင်မှာပဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်နေပါစေ ပြင်ဆင်မှုတွေစနစ်တကျလုပ်ဆောင်ထားသင့်တဲ့ စိတ်လှုပ်ရှားစရာကောင်းတဲ့ပွဲပဲဖြစ်တယ်။ ပါဝင်ဆင်နွှဲခြင်းဟာ အနိုင်ရခြင်းထက်ပိုပြီးအရေးကြီးတယ်ဆိုတဲ့ အိုလံပစ်ဆောင်ပုဒ်တစ်ခုရှိတယ်။ အဲဒီဆောင်ပုဒ်ဟာ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့စကားစစ်ထိုးပွဲတွေအတွက်လည်း အကျုံးဝင်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စံပြဒတ်ချ်ဘောလုံးသမားတစ်ယောက်ဖြစ်တဲ့ ဂျိုဟန် ခရိုက်ဖ် Johan Cruijff က 'တကယ်လို့မင်းမပစ်ဘူးဆိုရင် အမှတ်ရမှာမဟုတ်ဘူး' လို့ပြောခဲ့တယ်။ တကယ်လို့ခင်ဗျားတို့အမှတ်ရချင်တယ်ဆိုရင် ခင်ဗျားတို့လုပ်ရမယ့်အချက်ကတော့ ခင်ဗျားတို့ရဲ့စနစ်ထဲကို အဓိကသတင်းစကားထည့်သွင်းလိုက်ဖို့ပါပဲ။ စကားစစ်ထိုးပွဲလုပ်တဲ့အခါမှာ ခင်ဗျားတို့ရဲ့အဓိကတာဝန်ကတော့ ခင်ဗျားတို့ပါတီရဲ့အမြင်တွေ၊ အဓိကအကြောင်းအရာတွေ၊ အဓိကသတင်းစကားတွေကိုရောက်ရှိအောင်လုပ်ဆောင်နိုင်ဖို့ပဲဖြစ်တယ်။ ဒါကြောင့်ခင်ဗျားတို့က သတင်းစာတွေမှာ သတင်းသမားတွေကိုဘာတွေရေးစေချင်သလဲဆိုတဲ့ကိစ္စကို ကြိုတင်ပြီး သိထားရမယ်။ ဒါ့အပြင်တီဗီ



ကထုတ်လွှင့်မယ့် ထုတ်လွှင့်ရေးအစီအစဉ်တွေမှာ ဘာတွေထုတ်လွှင့်မယ်ဆိုတာကို တီဗီသတင်းထောက်တွေကိုပြောဖို့ ကြိုတင်ပြင်ဆင်ထားသင့်တယ်။ ခင်ဗျားတို့ရဲ့အဓိကကိစ္စတွေကို သတင်းသမားတွေ သေသေချာချာသဘောပေါက်နားလည်ပြီး သတင်းရေးနိုင်ဖို့ ခင်ဗျားတို့က စာသားတွေကိုရွေးထုတ်ထားရမယ်။ 'အသန်စွမ်းဆုံးခန္ဓာကိုယ်ဟာ အလေးဆုံးဝန်ကိုထမ်းရတယ်။' စတဲ့စာကြောင်းလိုမျိုး ထိထိမိမိစာကြောင်းမျိုးကို ရွေးထုတ်နိုင်ဖို့ကြိုးစားရမယ်။

စေ့စေ့စပ်စပ်ပြင်ဆင်မှုဟာ အဓိကကျတယ်။ စကားစစ်ထိုးပွဲကို ကြိုတင်လေ့ကျင့်ပါ။ တတ်နိုင်သမျှ ပြိုင်ဘက်တွေရဲ့ရှုထောင့်ကိုလည်း ခန့်မှန်းနိုင်အောင်ကြိုးစားပါ။ ကိုယ့်ကိုပေးထားတဲ့အချိန်ကျော်ပြီးတော့ မပြောပါနဲ့။ တကယ်လို့ အဖွင့်အဆိုပြုချက်အတွက် စက္ကန့်သုံးဆယ်ပေးထားတယ်ဆိုရင် စက္ကန့်သုံးဆယ်အတွင်းပြောနိုင်အောင်လေ့ကျင့်ပါ။ စကားစစ်ထိုးတဲ့နေရာမှာ ထိုင်ပြီးပြောရမှာလား၊ မတ်တပ်ရပ်ပြီးပြောရမှာလား ဆိုတဲ့အခြေအနေကိုလည်း လေ့လာထားပါ။ တကယ်လို့ မတ်တပ်ရပ်ပြီး ပြောရမယ်ဆိုရင် စင်ပေါ်မှာ၊ ဒါမှမဟုတ် စင်မြင့်အသေးလေးရဲ့နောက်မှာ ပြောရဖို့အခြေအနေများတယ်။ ခင်ဗျားတို့ပြိုင်ဘက်ရဲ့တိုက်ခိုက်မှုကို တုန့်ပြန်နိုင်ဖို့ပြင်ဆင်ပါ။ ပြိုင်ဘက်ရဲ့အားနည်းချက်ကိုလည်း ပြန်လည်တိုက်ခိုက်ဖို့ပြင်ဆင်ပါ။ အဲသလိုတိုက်ခိုက်နိုင်ဖို့အတွက်အချက်အလက်တွေကို ဖမ်းဆုပ်မိအောင်ကြိုးစားပါ။ ဒါပေမဲ့ အသေးစိတ်လိုက်ပြီးပြိုင်ဘက်ကို နှိမ့်ချဖို့မကြိုးစားပါနဲ့။ သတင်းသမားတွေဟာ စကားစစ်ထိုးပွဲရဲ့ အဓိကပစ်မှတ်မဟုတ်ဘူး။ ခင်ဗျားတို့ပစ်မှတ်ထားရမယ့်လူတွေကတော့ ပရိသတ်ထဲကမဲပေးသူတွေပဲဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် အဲဒီလူတွေက ခင်ဗျားတို့ကို မဲပေးမယ့်သူတွေဖြစ်လို့ပဲ။

## ယေဘုယျအချက်များ

– ပထမအမြင်ကောင်းရဖို့အတွက် ခင်ဗျားတို့မှာ ဒုတိယအခွင့်အရေးမရှိဘူး။ ပြုံးပါ၊ ရင်းရင်းနှီးနှီးဆက်ဆံပါ၊ ပြိုင်ဘက်ကို လက်ဆွဲ

နှုတ်ဆက်ပါ၊ ကံကောင်းပါစေလို့ ဆုတောင်းပေးပါ။

– အစိတ်အပိုင်းသုံးပိုင်းပါတဲ့စာရင်းဟာ ခင်ဗျားတို့ကိုယ်တိုင်အတွက်ရော၊ ပရိတ်သတ်အတွက်ပါ မှတ်ရလွယ်ကူတယ်။ တကယ်လို့ ခင်ဗျားတို့ပါတီရဲ့ပန်းတိုင်တွေကို အကျဉ်းချုပ်တင်ပြချင်တယ်ဆိုရင် အဲဒီတင်ပြမှုမှာ အများဆုံး အချက်သုံးချက်ပဲပါဝင်သင့်တယ်။

– တကယ်လို့ခင်ဗျားတို့ကိုမေးခွန်းမေးရင် ('ဟုတ်ပြီ၊ အဲဒီဟာကိုတော့ငါပိုကြိုက်တယ်။' ဒါမှမဟုတ် 'ဒါကိုတော့ငါမကြိုက်ဘူး။') ဆိုပြီး ခင်ဗျားတို့မရှင်းပြခင်မှာ သေသေချာချာပထမဆုံးဖြေကြားသင့်တယ်။ ဖြေဆိုတဲ့နေရာမှာလည်း အချိန်အကြာကြီးဆွဲပြီးဖြေစရာမလိုဘူး။

– အချက်အလက်တွေကပြောတယ်။ ပုံပြင်ဇာတ်လမ်းတွေက ရောင်းချတယ်။ ကိုယ့်အတွေ့အကြုံကနေ ပြောဆိုနေတဲ့နိုင်ငံရေးသမားတွေ၊ သူတို့ရဲ့ငြင်းခုံမှုတွေကို ပုံပြင်လေးတွေနဲ့ဖော်ပြတဲ့နိုင်ငံရေးသမားတွေ အဲဒီနိုင်ငံရေးသမားတွေဟာ ပိုပြီးအောင်မြင်ဖို့အခွင့်အရေးရှိတယ်။ လူတွေရဲ့အတွေ့အကြုံတွေဟာ ခင်ဗျားတို့ရဲ့အမြင်တွေကိုဖော်ပြတဲ့နေရာမှာ အချက်အလက်တွေ၊ စာရင်းစကားတွေထက်ပိုပြီးတော့ ဆွဲဆောင်မှုရှိတယ်။ ဒါကြောင့် 'အမ်စတာဒမ်မှာနေတဲ့ နိုင်ငံသား ၂၅ % ဟာ လောက်လောက်ငငနေကြရတယ်။' လို့မပြောပါနဲ့။ အဲသလိုပြောမယ့်အစား 'ဒီမနက်တုန်းက အမ်စတာဒမ်၊ ဒေပါလမ်းမှာနေတဲ့ စမစ်မိသားစုဆီကိုငါအလည်သွားခဲ့တယ်။ သူတို့တွေဟာလောက်လောက်ငငနေကြရတယ်။ အဲသလောက်ဝင်ငွေနည်းနည်းလေးကို ရဖို့တောင် သူတို့ဘယ်လောက်ထိကြိုးစားရတယ်ဆိုတာမင်းသိရဲ့လား။ သူတို့ကလေးတွေဟာ အားကစားကလပ်တွေမှာ သွားမကစားနိုင်ဘူး။ သူတို့မှာ အကြွေးလည်းရှိတယ်။ အာဟာရပြည့်ဝတဲ့အစားအသောက်တွေကိုလည်းမစားသောက်နိုင်ကြဘူး။' လို့ပြောသင့်တယ်။

– 'လူတွေဟာပိုပြီးကောင်းကောင်းမွန်မွန်နေရဖို့အတွက် ပိုက်ဆံမရှိကြဘူး။ ဒါကြောင့် သူတို့ဟာ အာဟာရပြည့်ဝတဲ့အစားအသောက်တွေကိုလည်း မစားသောက်ကြရဘူး။ အဲဒီအချိန်မှာ ခင်ဗျားတို့ကဈေးကြီးတဲ့အသားတွေဝယ်တဲ့အခါမှာ ပေးရတဲ့အခွန်တွေမြင့်လာလို့ အပစ်တင်ပြော



ဆိုနေကြတယ်။ ဒါဟာ ရှက်စရာကောင်းတယ်။' ဆိုတဲ့စကားနဲ့ ယှဉ်ပြီးကြည့်သင့်တယ်။

– မီဒီယာကချမှတ်ထားတဲ့ ကစားပွဲစည်းမျဉ်းတွေကို ပြင်ဖို့မကြိုးစားပါနဲ့။ ဆန့်ကျင်ဖို့လည်းမကြိုးစားပါနဲ့။ တကယ်လို့ စကားစစ်ထိုးမှုအဆင်မပြေဘူးဆိုရင် 'ဥက္ကဋ္ဌကြီးအခုကျွန်တော်တို့ဆွေးနွေးနေတဲ့ဆွေးနွေးပွဲကို ယဉ်ယဉ်ကျေးကျေးဖြစ်အောင်လုပ်ပေးပါ။' လို့ ဥက္ကဋ္ဌကြီးကို မတိုက်ခိုက်ပါနဲ့။ အဲသလိုတိုက်ခိုက်ခြင်းအားဖြင့် ခင်ဗျားတို့နဲ့ ပရိသတ်ဝေးကွာသွားလိမ့်မယ်။

– မျှော်လင့်ချက်တွေကိုစီမံခန့်ခွဲနိုင်ဖို့ကြိုးစားပါ။ ၂၀၀၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အားနည်းတဲ့စကားစစ်ထိုးသူဖြစ်တဲ့ ဂျော့ရှ်ဘုရှ်ဟာ သူ့ထက်ပိုပြီး စကားစစ်ထိုးမှုမှာကျွမ်းကျင်တဲ့ဂျွန်ကယ်ရီနဲ့ သုံးကြိမ်စကားစစ်ထိုးခဲ့တယ်။ စစ်တမ်းတွေအရ စကားစစ်ထိုးပွဲတွေအားလုံးမှာ ကယ်ရီအနိုင်ရခဲ့တယ်။ ဒါပေမဲ့ဘုရှ်ရဲ့ စကားစစ်ထိုးမှုအရည်အသွေးအပေါ် လူတွေရဲ့မျှော်လင့်ချက်သိပ်များတာကြောင့် ကယ်ရီဟာသူ့ရဲ့အထက်စီးရမှုကနေ အမြတ်များများမထုတ်နိုင်ခဲ့ဘူး။

– စကားစစ်ထိုးပွဲပြီးတဲ့အခါမှာ ရလာတဲ့ရလဒ်တွေနဲ့ပတ်သက်ပြီး ရလာတဲ့ရလဒ်တွေအပေါ်ဖွင့်ဆို ဆုံးဖြတ်ချက်တွေအပေါ် အပြိုင်အဆိုင်လွန်ဆွဲကြတယ်။ လက်ထောက်တွေနဲ့ ကူညီသူတွေဟာ စကားစစ်ထိုးမှုနဲ့ပတ်သက်တဲ့အမြင်တွေကို သတင်းသမားတွေကိုပြောပြကြတယ်။ 'ကျွန်တော်တို့ဟာ ဒီပွဲနဲ့ပတ်သက်လို့ လုံးဝကျေနပ်တယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွေနဲ့ပတ်သက်ပြီး သူမီးမောင်းထိုးပြသွားတဲ့ပုံစံဟာ သိပ်ကောင်းတယ်။' လို့ပြောတတ်ကြတယ်။ စကားစစ်ထိုးပွဲတွေနဲ့ပတ်သက်ပြီး အားလုံးကိုခြုံပြီးကြည့်မယ်ဆိုရင် သတင်းသမားတွေဟာ သတင်းရေးဖို့အတွက် စကားစစ်ထိုးပွဲထဲကစကားတွေကို ထုတ်နှုတ်ကြတယ်။ ပြီးတဲ့အခါမှာ သတင်းစာတွေမှာ စကားစစ်ထိုးပွဲအကြောင်းအနှစ်ချုပ်ရေးကြတယ်။

## နှုတ်ပြောစွမ်းရည်မဟုတ်သော တခြားသောအပြုအမူများ

– နှုတ်ပြောစွမ်းရည်မဟုတ်သော တခြားသောအပြုအမူများဟာလည်း အလွန်အရေးကြီးတယ်။ ခင်ဗျားတို့သတင်းစကား ၇၀ % ကို နှုတ်ပြောစွမ်းရည်နဲ့မဟုတ်တဲ့ တခြားသောစွမ်းရည်များနဲ့ဆက်သွယ်ဖော်ပြနေရတာဖြစ်တယ်။ ဒါကြောင့် ထိုင်ခုံကိုမလှုပ်ပါနဲ့၊ မသမ်းပါနဲ့၊ နှာခေါင်းမနှိုက်ပါနဲ့၊ နှစ်နှစ်ကာကာတက်တက်ကြွကြွရှိပါ။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့ ခင်ဗျားတို့ကိုကြည့်လိုက်ရင် အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်ဖြစ်နေရမယ်။ ရွေးကောက်ပွဲကမ်ပိန်းထဲက ဆွေးနွေးငြင်းခုံသူဟာ အားကစားသမားတစ်ယောက်လို ပြင်ဆင်မှုမျိုးလုပ်ဖို့လိုတယ်။ ၁၉၆၀ ခုနှစ် ကနေဒီနဲ့ နစ်ဆင်တို့ရဲ့ စကားစစ်ထိုးပွဲမှာ နစ်ဆင်အနိုင်ရသွားတယ်။ အကြောင်းကတော့ သူတို့ရဲ့စကားစစ်ထိုးပွဲကိုနားထောင်သူတွေဟာ ရေဒီယိုကနေတစ်ဆင့်သာ နားထောင်ခဲ့ရလို့ပဲဖြစ်တယ်။ ဒါပေမယ့် တီဗီကနေလာတဲ့ စကားစစ်ထိုးပွဲကို တွေ့ခဲ့ရတဲ့သူတွေကတော့ ကနေဒီဟာ ပိုပြီးတော့ လန်းဆန်းပြီး သမ္မတဖြစ်နိုင်တဲ့အပြုအမူမျိုးရှိလို့ ကနေဒီကိုအားပေးခဲ့ကြတယ်။

– ပရိသတ်ကိုပဲကြည့်နေပါ။ ဥက္ကဋ္ဌကိုမကြည့်ပါနဲ့။ ဒါပေမဲ့ခင်ဗျားတို့ဦးတည်ထားတဲ့ပြိုင်ဘက်ကို ကြည့်ပါ။ ခင်ဗျားတို့ကိုတိုက်ခိုက်မယ့်လူတွေအားလုံးကိုကြည့်နေပါ။ တကယ်လို့ ခင်ဗျားတို့ကတခြားနေရာကိုကြည့်နေမယ်ဆိုရင် ခင်ဗျားတို့စိတ်လှုပ်ရှားနေတယ်ဆိုတာကို ပြိုင်ဘက်ကသိသွားလိမ့်မယ်။ တကယ်လို့ ခင်ဗျားတို့ကတစ်ယောက်ယောက်ကိုတိုက်ခိုက်မယ်ဆိုရင် ခင်ဗျားတို့တိုက်ခိုက်မယ့်သူကိုကြည့်နေပါ။ တကယ်လို့ ခင်ဗျားတို့ကသူ့ကိုကြည့်မနေဘူးဆိုရင် ခင်ဗျားတို့ပြောမယ့်စကားကို ခင်ဗျားတို့ကိုယ်နှိုက်က ယုံကြည်မှုမရှိဘူးဆိုတဲ့ပုံပေါ်နေလိမ့်မယ်။

– ကင်မရာကအရာအားလုံးကို မှတ်တမ်းတင်ထားတယ်ဆိုတာကို သတိရပါ။ ခင်ဗျားတို့စကားမပြောတဲ့အချိန်မှာတောင် ခင်ဗျားတို့ကို မှတ်တမ်းတင်ထားတယ်။ ဒါကြောင့်အမြဲတမ်းတက်ကြွတဲ့အပြုအမူနဲ့နေထိုင်ပါ။ ကင်မရာပေါ်ကခင်ဗျားတို့ရဲ့ပုံကို မကြည့်ပါနဲ့။ အဲသလိုကြည့်လိုက်



ခြင်းအားဖြင့် စကားစစ်ထိုးပွဲကို ခင်ဗျားတို့မြန်မြန်ဆန်ဆန်အပြီးသတ်ချင်နေတယ်ဆိုတာကိုပေါ်လွင်နေလိမ့်မယ်။ ဒါကြောင့်ကင်မရာရဲ့အာရုံစိုက်မှုကိုရယူပါ။ နိုးနိုးကြားကြားနေပါ။ ဒီလိုတက်ကြွတဲ့စကားပြောမဟုတ်တဲ့နည်းလမ်းတွေနဲ့ ပြုမူနေထိုင်ပါ။

– စကားစစ်ထိုးပွဲမှာ ပြတ်ပြတ်သားသားပြောဆိုပါ။ ခင်ဗျားတို့ရဲ့အဓိကအချက်တွေကိုတင်ပြပါ။ အကြောင်းတစ်ခုကနေတစ်ခုကို မခုန်ကူးပါနဲ့။ တကယ်လို့ခင်ဗျားတို့ကို အချိုးရည်တို့၊ ရေတို့လာချပေးတယ်ဆိုရင် ဖန်ခွက်ကိုမကြည့်ပါနဲ့။ အဲသလိုလာချပေးတဲ့အချိန်မှာ လိုက်မကြည့်ပါနဲ့။ နောက်တစ်ခေါက်လာချပေးတဲ့အချိန်မှပဲကြည့်ပါ။ ကြည့်ပြီးတဲ့အခါမှာ ခင်ဗျားတို့ကြိုက်တဲ့ခွက်ကိုသေသေချာချာယူပါ။

– ခင်ဗျားတို့လက်မခံနိုင်တဲ့အချက်ကို တစ်ယောက်ယောက်ထောက်ပြတဲ့အခါမှာ မာန်မဲတာမျိုးမလုပ်ပါနဲ့။ အဲသလိုအပြုအမူမျိုးကိုရှောင်ကြဉ်ရမယ်။

– မျက်နှာကိုလက်နဲ့မပွတ်ပါနဲ့။ ဒီအပြုအမူဟာ ခင်ဗျားတို့စိတ်လှုပ်ရှားနေတယ်ဆိုတာကိုဖော်ပြနေတယ်။

– ခင်ဗျားတို့ဘာမှမလုပ်နေဘူးဆိုရင်လည်း ခင်ဗျားတို့လက်ကို ဖိတ်ခေါ်ပွင့်လင်းတဲ့ပုံစံထားထားပါ။

## အသံအနေအထား

– အသံအနေအထားဟာ အရေးကြီးတယ်။ ခင်ဗျားတို့ဟာ ကမ်ပိန်းဖော်ဆောင်နေရတာကိုနှစ်သက်တယ်။ လူတွေကိုဆွဲဆောင်စည်းရုံးရတာကိုနှစ်သက်တယ်။ ခင်ဗျားတို့ရဲ့အလုပ်ဟာ နှစ်သက်စရာကောင်းတယ်။ အဲသလိုမျိုးပုံစံပေါ်မယ့် အပေါင်းလက္ခဏာဆောင်တဲ့၊ ယုံကြည်မှုရှိတဲ့ အသံနေအသံထားနဲ့ပြောပါ။ ပြုံးပြုံးရွှင်ရွှင်တက်တက်ကြွကြွနေပါ။

– ခင်ဗျာတို့ဟာသကို ကျွမ်းကျွမ်းကျင်ကျင်သုံးနိုင်ရင် ဟာသကိုအသုံးပြုပါ။ အမြဲတမ်းနောက်ပြောင်နေတာဟာ တန်ဖိုးကျတယ်။ ဒါပေမဲ့ မအောင်မြင်တဲ့ဟာသတွေဟာ အန္တရာယ်များတယ်။ ဒါကြောင့်မလုပ်နိုင်

ဘူးဆိုရင် ဟာသကိုရှောင်ပါ။

– ဟာသထဲမှာ ပုဂ္ဂလိကတိုက်ခိုက်မှုမပါပါစေနဲ့။ တကယ်လို့ တစ်ယောက်ယောက်ကိုခင်ဗျားတို့မတိုက်ခိုက်ခင်မှာ အပေါင်းလက္ခဏာဆောင်ပြီးပြောဖို့ကြိုးစားပါ။

– ဘယ်တော့မှမာန်မာနမထောင်လွှားပါနဲ့။

– တခြားလူတွေရဲ့အမြင်ကို ဘယ်တော့မှနှိမ့်ချသရော်မှုမလုပ်ပါနဲ့။ သူတို့ရဲ့အမြင်တွေဘယ်လိုပဲကြောင်နေပါစေ လူတိုင်းမှာ ထင်မြင်ယူဆပိုင်ခွင့်ရှိတယ်။ ခင်ဗျားတို့သဘောမတူနိုင်ရင်တောင်မှ လေးလေးစားစားဆက်ဆံပါ။

– ပြိုင်ဘက်ရဲ့အမြင်ကိုတိုက်ခိုက်ပါ။ ပြိုင်ဘက်ရဲ့အပြုအမူစရိုက်ကိုတော့ မတိုက်ခိုက်ပါနဲ့။ မလှောင်ပြောင်ပါနဲ့။ 'ခင်ဗျားဟာ ယုတ္တိကျတဲ့အချက်တော်တော်များကိုပြောခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်အဓိက သဘောမတူတဲ့အချက်တစ်ချက်ကတော့။' ဆိုတဲ့စာကြောင်းနဲ့စတင်တဲ့ နည်းစနစ်ကိုသုံးပါ။

– ပြိုင်ဘက်ကို စတင်ပြီးမကျိန်ဆဲပါနဲ့။ ခင်ဗျားတို့ပြိုင်ဘက်ပါတီရဲ့အမြင်ဟာ ဘယ်လောက်ပဲခင်ဗျားတို့အတွက် မနှစ်မြို့စရာကောင်းနေပေမယ့်၊ ဒုတိယကမ္ဘာစစ်တုန်းကလိုစတဲ့ သမိုင်းကြောင်းဆိုင်ရာအရနှိုင်းယှဉ်မှုမျိုးကိုမလုပ်ပါနဲ့။

– ကိုယ့်ရဲ့ပုဂ္ဂလိကဘဝနဲ့ပတ်သက်တဲ့အကြောင်းအရာမျိုးကို သတိထားပါ။ အကြောင်းကတော့ လွယ်လွယ်ကူကူစိတ်လှုပ်ရှားနိုင်လို့ပဲဖြစ်တယ်။ ခင်ဗျားတို့ရဲ့စိတ်လှုပ်ရှားမှုကိုနှိုးဆွပြီး ပြိုင်ဘက်ကခင်ဗျားတို့ကိုအသုံးချသွားလိမ့်မယ်။

– မတူထူးခြားတဲ့အချက်တွေကို နားထောင်ဖို့ကြိုးစားပါ။ အယူအဆသစ်တွေအတွက် စိတ်ကိုဖွင့်ထားပါ။ မမောက်မာဘဲနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိပါ။ ခင်ဗျားတို့ရဲ့သဘောထားကို ပရိသတ်တွေ၊ မဲပေးသူတွေရဲ့တုန့်ပြန်မှုနဲ့တိုင်းတာနိုင်တယ်။ ရန်လိုတဲ့သဘောထားဟာ ရန်လိုမှုကိုပဲတွန်းအားပေးတယ်။ ဖွင့်ထားတဲ့သဘောထားဟာ ပရိသတ်နဲ့မဲပေးသူတွေ



ဆီကနေ ပွင့်လင်းတဲ့သဘောထားကိုဖိတ်ခေါ်နိုင်တယ်။

## လှည့်ကွက်များ

– ခင်ဗျားတို့ရဲ့ပြိုင်ဘက်တွေအပေါ် ထင်မှတ်မထားတဲ့ အဆိုတွေကိုတင်ပြပါ။ 'တကယ်လို့ကလေးတွေရဲ့ပညာရေးအတွက် မိဘတွေကစရိတ်စကလျှော့ပေးသင့်တယ်ဆိုတဲ့အချက်ကို ဒီမှာရှိတဲ့လူတွေ သဘောတူတယ်ဆိုရင် ကျွန်တော်တင်ပြချင်တဲ့အချက်ကတော့ လူတိုင်းအတွက်အခမဲ့ဖတ်စာအုပ်တွေကို ထောက်ပံ့ပေးသင့်တယ်လို့ ကျွန်တော်သဘောတူတယ်ဆိုပြီး ကျွန်တော်တင်ပြပါတယ်။' ဆိုတဲ့အဆိုမျိုးကို တစ်ခါတည်းပရိသတ်ကိုမေးသင့်တယ်။ အဲသလိုလုပ်ခြင်းအားဖြင့် ခင်ဗျားတို့ဟာ အကျိုးကျေးဇူးတွေအများကြီးရနိုင်တယ်။ အဲဒီအကျိုးကျေးဇူးတွေကတော့ ခင်ဗျားတို့ဘယ်အပေါ်မှာ ရှင်းရှင်းလင်းလင်းရပ်တည်ထားတယ်ဆိုတာကို ပြနိုင်တယ်။ ခင်ဗျားတို့တင်ပြတဲ့အဆိုဟာ လက်တွေ့ကျတယ်။ ဒါ့အပြင်ပြိုင်ဘက်ကိုလည်း စိန်ခေါ်နိုင်တယ်။ အဲသလိုအကျိုးကျေးဇူးတွေကိုခင်ဗျားတို့က ခင်ဗျားတို့ပါတီနဲ့ တခြားပါတီတွေကြားမှာ ကောင်းမွန်တဲ့ပုံရိပ်ကိုတင်ပြပြီးတော့ ခွဲခြားရယူနိုင်လိုက်တယ်။ ဒါပေမဲ့ခင်ဗျားတို့ရဲ့တင်ပြမှုဟာ အာမခံနိုင်တဲ့တင်ပြမှု၊ အလုပ်ဖြစ်တဲ့တင်ပြမှုဖြစ်ဖို့လိုတယ်။

– 'ကျွန်တော်တို့နိုင်ငံမှာ ကျောင်းဘယ်နှစ်ကျောင်းရှိတယ်ဆိုတာ ခင်ဗျားတို့သိသလား။ ပျမ်းမျှကျောင်းသားဘယ်လောက်ရှိတယ်ဆိုတာကိုလည်း ခင်ဗျားတို့သိသလား။' 'ခင်ဗျားတို့ပြောတော့ လူတွေရဲ့အကျိုးစီးပွားကို နိမ့်ပါးတဲ့အကျိုးအမြတ်နဲ့ ခုခံခဲ့တယ်လို့ပြောတယ်။ ဒါပေမဲ့ အစားအသောက်ပေါ်မှာ မိသားစုတစ်စုဟာ ဘယ်လောက်အတိုင်းအတာငွေကြေးပမာဏသုံးစွဲရမယ်ဆိုတာကိုခင်ဗျားတို့သိသလား။' စတဲ့ခင်ဗျားတို့ရဲ့ပြိုင်ဘက်တွေ ရုတ်တရက်မဖြေနိုင်တဲ့မေးခွန်းမျိုးမေးပါ။ အဲသလိုမေးဖို့အတွက် ခင်ဗျားတို့ကိုယ်နှိုက်က အဲဒီမေးခွန်းတွေရဲ့အဖြေကိုသိနေရမယ်။ ဒါပေမဲ့ မေးခွန်းတွေဟာ ပြောနေတဲ့အကြောင်းအရာနဲ့ပတ်သက်မှုရှိနေရမယ်။

– အစိတ်အပိုင်းသုံးခုပါတဲ့ တည်ဆောက်ပုံနည်းစနစ်ကိုသုံးပါ။ ဒါပေမဲ့ စကားအလှအပတန်ဆာဆင်မှုတွေလည်း ပါဝင်နေရမယ်။ ၂၀၀၆ ခုနှစ် ဒတ်ချ်ရွေးကောက်ပွဲမှာ PvdA ရဲ့ ဝေါ်တာ ဘော့စ်က သူ့ရဲ့ပြိုင်ဘက်ကို 'လူတွေအပေါ်မှာပိနေတဲ့ အခွန်အတုပ်ကို မြင့်မားတဲ့ဝင်ငွေနဲ့မြှင့်တင်မယ့် ခင်ဗျားတို့ရဲ့စံသုံးချက်ကိုပြောနိုင်မလား။ မပြောနိုင်ဘူးဆိုရင် နှစ်ခုပြော။ ဒါမှမပြောနိုင်ဘူးဆိုရင်တစ်ခုပဲပြောတော့။' ဆိုပြီး မေးခဲ့တယ်။

– ပါတီခွဲခြားမှုကို မြှင့်တင်ပါ။ အတွေ့အကြုံရှိ၊ ဂုဏ်သရေရှိတဲ့ နိုင်ငံရေးသမားတွေဟာ ကြောက်စရာကောင်းတဲ့နိုင်ငံရေးစကားစစ်ထိုးပွဲတွေကိုရှောင်ကြဉ်ကြတယ်။ သူတို့ဟာ ရင်းနှီးကျွမ်းဝင်တဲ့စကားလုံးတွေနဲ့ ကိုယ့်ရဲ့ပုံရိပ်ကိုပြသကြတယ်။ ခင်ဗျားတို့ရဲ့ပြိုင်ဘက်တွေကို စကားစစ်ထိုးပွဲထဲက လွန်ဆွဲမှုထဲကိုပြန်ရောက်လာအောင်ကြိုးစားပါ။

– ခင်ဗျားတို့ပြိုင်ဘက်တွေရဲ့ အတိတ်ကလုပ်ခဲ့တဲ့ လုပ်ရပ်တွေကို ဖော်ထုတ်ပြီး ပြိုင်ဘက်တွေကို အခွင့်ကောင်းယူတိုက်ခိုက်ပါ။ အဲသလိုလုပ်ဖို့အတွက် ခင်ဗျားတို့ပြိုင်ဘက်တွေ အရင်တုန်းကပြောခဲ့တာတွေအားလုံးကို ခင်ဗျားတို့အသေးစိတ်သိဖို့လိုတယ်။ ကျန်ခဲ့တဲ့အနှစ်နှစ်ဆယ်တုန်းကပြောခဲ့တဲ့စကားတွေဖြစ်ခဲ့ရင်တောင် အခုနဲ့တိုက်ရိုက်သက်ဆိုင်နေသေးတယ်။ တကယ်လို့စကားစစ်ထိုးပွဲအတွင်းမှာ ခင်ဗျားတို့ရဲ့ပြိုင်ဘက်ဟာ တင်ပြချက်တွေကို ရှေ့နောက်မညီတင်ပြနေမယ်ဆိုရင်၊ အဲသလိုရှေ့နောက်မညီမှုဟာ ခင်ဗျားတို့အတွက် အရေးပါတဲ့လက်နက်ဖြစ်လာနိုင်တယ်။ အဲဒီအချက်နဲ့ ရွေးကောက်ပွဲတစ်လျှောက်မှာ သူတို့ကိုခြောက်လှန့်လို့ရတယ်။

– 'ခင်ဗျားတို့ဟာ ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်မယ်ဆိုပြီး ဘာမှမလုပ်ခဲ့ဘူး။ ကျွန်တော်တို့နိုင်ငံက အမြန်ဆုံးကြီးထွားလာနေတဲ့ (စူပါမားကတ်သံသရာ) ဟာအစားအသောက်ဖြန့်ဖြူးမှု ပရဟိတဖြစ်နေတယ်။' 'အစိုးရဟာဝင်ငွေနည်းလာတာနဲ့ပတ်သက်ပြီး လူတွေကိုဘာမှမကူညီဘူး။ ဒါပေမဲ့ ပန်းခြံတွေထဲမှာ ရေကန်တွေရှိတဲ့သန်းကြွယ်သူဌေးတွေ အများကြီးပေါ်လာတာကိုတော့ တွေ့နေရတယ်။' စတဲ့အကျယ်ချဲ့ပြောဆိုမှုတွေကိုလည်းလုပ်ရမယ်။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့အကျယ်ချဲ့ပြောဆိုမှုဟာ အမှန်တရားနဲ့သိပ်ဝေးလို့တော့မရဘူး။ 'ခင်ဗျားတို့ဟာ လူတွေကိုပိုက်ဆံပိုပေးချင်ကြတယ်။ အလုပ်ပိုပေးချင်ကြတယ်။ ဒါကိုကျွန်တော်တို့က လူမှုတာဝန်ယူမှုလို့ခေါ်တယ်။' ဆိုတဲ့ ပေါ့ပေါ့ပါးပါးပြန်လှန်တိုက်ခိုက်မှုမျိုးတွေလုပ်ဖို့သတိထားပါ။



– 'ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးလျှော့ချတာ၊ ဒါမှမဟုတ် လေတပ်အတွက်ဂျက်လေယာဉ်အသစ်တွေဝယ်တာ စတဲ့အချက်နှစ်ခုထဲကတစ်ခုကိုရွေးရမယ်ဆိုရင် ခင်ဗျားတို့ဘယ်အချက်ကိုရွေးမလဲ။' ဆိုတဲ့ဝေဝေဝါးဝါး အချက်နှစ်ချက်ကိုတင်ပြပြီး မဖြစ်နိုင်တဲ့ရွေးချယ်မှုကိုပြိုင်ဘက်ကိုပဲလုပ်ခိုင်းပါ။

– 'နိုင်ငံထဲမှာရှိတဲ့လူတိုင်းဟာ သက်ကြီးရွယ်အိုတွေစောင့်ရှောက်ဖို့အတွက်ရင်းနှီးမြှုပ်နှံချင်ကြတယ်ဆိုတာကတော့ လူတိုင်းသိတဲ့အချက်ပဲ။' ဆိုတဲ့အချက်လို အယူအဆမျိုးကိုတင်ပြပါ။

– 'ဒီမြို့မှာနေတဲ့သူတွေဟာ ကားရပ်နားခတိုးတောင်းတဲ့ကောင်စီအဖွဲ့ရဲ့အစီအစဉ်ကို ငြင်းပယ်ကြတယ်လို့ သုတေသနကပြနေတယ်။' ဆိုတဲ့တတိယပါတီရဲ့အရင်းအမြစ်ကိုကိုးကားပါ။

– 'ကျွန်တော်တို့လမ်းထဲမှာ ပြင်ဆင်နေတဲ့ပြင်ဆင်မှုအားလုံးကို အခကြေးငွေနည်းတဲ့ ပိုလန်အလုပ်သမားတွေကလုပ်နေကြတယ်။ ဟော်လန်နိုင်ငံထဲမှာ ပိုလန်လူမျိုးတွေဟာ ကျွန်တော်တို့ရဲ့အလုပ်အကိုင်ကိုခိုးယူနေကြတယ်။' ဆိုတဲ့ ယေဘုယျပြုပြောဆိုပါ။

– တိုက်ခိုက်မှုကိုကြိုတင်ပြင်ဆင်ခြင်း ပြိုင်ဘက်ရဲ့ဖြစ်နိုင်ခြေရှိတဲ့ တိုက်ခိုက်မှုတွေမစတင်အချိန်မှာပဲ ခင်ဗျားတို့ရဲ့ပြန်လည်တိုက်ခိုက်မှုကို စဉ်းစားထားပါ။ ဒါနဲ့ပတ်သက်ပြီး ပြိုင်ဘက်တွေရဲ့ဇစ်မြစ်ကို ဆုတ်ကိုင်ပြီးတိုက်ခိုက်နိုင်တယ်။ ဥပမာပြောရမယ်ဆိုရင် ၂၀၀၆ ခုနှစ် ဒတ်ချ်ရွေးကောက်ပွဲမှာ PvdA ဟာ ခရစ်ယာန်ဒီမိုကရက်ရဲ့ အလုပ်အကိုင်ကာကွယ်မှုအပေါ်အမြင်ကို ပြင်းပြင်းထန်ထန်တိုက်ခိုက်ဖို့ ပြင်ဆင်ခဲ့တယ်။ ဒါပေမဲ့ ခရစ်ယာန်ဒီမိုကရက်တွေဟာ PvdA ကသူတို့ရဲ့အမြင်ကို မတိုက်ခိုက်

ခင်မှာပဲ သူတို့ကဦးအောင် PvdA ကို တိုက်ခိုက်ခဲ့တယ်။ ဒီလိုကိစ္စ မျိုးမှာ အမှတ်ရအောင်လုပ်ဖို့ခက်ခဲတယ်။ ဒါကြောင့် အမှတ်ရအောင်လုပ်ဖို့အတွက် လိုအပ်တဲ့အချက်ကတော့ ပြိုင်ဘက်ရဲ့နယ်ပယ်တစ်ဝက်အထိ ခုခံမှုယူဖို့ဖြစ်တယ်။ နောက်ထပ်ပြိုင်ဘက်ရဲ့ ခြေထောက်အောက်ကနေ လွတ်ဖို့နည်းလမ်းတစ်ခုကတော့ ‘အဝေးပြေးလမ်းမသစ်အတွက် ကျွန်တော်တို့ရဲ့အစီအစဉ်နဲ့ပတ်သက်ပြီး ခင်ဗျားတို့အပြစ်တင်မယ်ဆိုတာကို ကျွန်တော်တို့ကြိုသိထားတယ်။ ဒါပေမဲ့ ခင်ဗျားတို့ဆီက အကြံဉာဏ်တစ်စက်လေးကိုတောင်မှ ကျွန်တော်တို့မရဘူး။’ ဆိုပြီးပြန်ပြောတဲ့နည်းပဲဖြစ်တယ်။ ဒီနည်းနဲ့ပတ်သက်လို့ သတိထားရမယ့်တစ်ချက်ရှိတယ်။ ဘာကြောင့်လဲဆိုရင် ခင်ဗျားတို့ပြောတဲ့ကိစ္စတိုင်းမှာ အားနည်းချက်တွေကိုတော့ ထောက်ပြတာမပါလို့ပဲဖြစ်တယ်။

## လေ့ကျင့်ခန်းများ

ကမ်ပိန်းသင်တန်းအဆုံးမှာ ရွေးကောက်ပွဲဆိုင်ရာစကားစစ်ထိုးပွဲကျင်းပနိုင်တယ်။ အဲဒီစကားစစ်ထိုးပွဲအတွက် အဖွဲ့လေးဖွဲ့ကို မိနစ်နှစ်ဆယ်ကြာလုပ်ဆောင်နိုင်ဖို့ ပြင်ဆင်ပါ။ ကြားနေဥက္ကဋ္ဌကိုခန့်အပ်ပါ။ ပါဝင်ဆင်နွှဲသူတွေဟာ သီအိုရီတွေကို ကောင်းကောင်းအသုံးချနိုင်လား၊ မချနိုင်ဘူးလားဆိုတာကို စစ်ဆေးဖို့ လေ့လာအကဲဖြတ်သူတွေထားပါ။ ရလာတဲ့ရလဒ်တွေကို ပြန်လည်သုံးသပ်ပါ။ အုပ်စုခွဲထားတဲ့ အမြင်တွေအတွက်ရိုးရှင်းတဲ့ ဘာသာရပ်ခွဲပေးပါ။ ဥပမာအားဖြင့်အစိုးရဟာ ယူရိုတစ်သန်းဖြတ်တောက်ဖို့လုပ်မယ်။ ပြီးရင် သက်ကြီးရွယ်အိုစောင့်ရှောက်မှုအတွက်ထောက်ပံ့မယ်။

စကားစစ်ထိုးပွဲဟာ မိနစ်နှစ်ဆယ်ပဲကြာရမယ်။ ဥပမာပါဝင်သူလေးယောက်ဟာ သုံးမိနစ်ဆီအဖွင့်အဆိုပြုချက်တင်ရမယ်။ အဲဒီအဆိုပြုချက်အတွက် ငြင်းခုံမှုကို နှစ်မိနစ်ဆီသတ်မှတ်ရမယ်။ အဲသလိုလုပ်ပြီးတဲ့အခါမှာ အပိတ်ဆိုပြီးတဲ့အတွက် တစ်မိနစ်သတ်မှတ်ပေးရမယ်။

# အခန်း - ၆
# အဖွဲ့အစည်း

နိုင်ငံရေးပါတီတွေ၊ ဒါမှမဟုတ် (လူငယ်တွေအတွက်၊ အမျိုးသမီးတွေအတွက်၊ စီးပွားရေးအတွက်၊ လူနည်းစုတွေအတွက်၊ သက်ကြီးရွယ်အိုတွေအတွက်) စတဲ့ ပါတီအတွင်းကအထူးသီးသန့်အဖွဲ့တွေဟာ ယေဘုယျအားဖြင့် သူတို့ရဲ့ရည်မှန်းချက်တွေကို အောင်မြင်နိုင်ဖို့ အထိရောက်ဆုံးနည်းလမ်းတွေကိုရှာဖွေကြတယ်။ အထူးသီးသန့်အဖွဲ့တွေအတွက် ဒီလုပ်ဆောင်ချက်တွေဟာ ပါတီထက်ပိုပြီးတော့ရှင်းလင်းလွယ်ကူတယ်။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့ထိရောက်မှုဟာ တစ်ခါတစ်လေ ထုံးတမ်းအစဉ်အလာတွေအရ နှောင့်နှေးသွားနိုင်ပေမယ့် သီးသန့်ပစ်မှတ်တစ်ခုခုကိုသာချိန်ရွယ်ထားတာကြောင့် ယေဘုယျအားဖြင့် ပိုပြီးလွယ်ကူရတယ်။ ဒီအခန်းမှာ ပါတီအဖွဲ့အစည်းအကြောင်းကို ယေဘုယျဆွေးနွေးမယ်။ အဲဒီနောက်မှာမှ အမျိုးသမီးတွေ၊ လူငယ်တွေအတွက်သီးသန့်ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေအကြောင်းပိုပြီးအသေးစိတ်ဆွေးနွေးမယ်။

နိုင်ငံရေးပါတီအနည်းစုပဲ အစပိုင်းမှာ အဖွဲ့အစည်းတွေကို သက်သက်သာသာဖွဲ့စည်းနိုင်ကြတယ်။ ဘာကြောင့်သက်သက်သာ သာလို့ပြောရသလဲဆိုတော့ နိုင်ငံရေးပါတီတွေရပ်တည်နေတဲ့အချိန်ကာလတလျှောက်မှာ မကြာခဏထိရောက်မှုမရှိတော့တဲ့ အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ပုံတွေဟာ ဝန်ထုပ်ဝန်ပိုးဖြစ်လာလို့ပဲ။ ကံမကောင်းစွာနဲ့ပဲ အဲဒီလိုတည်ဆောက်ပုံတွေကိုပြုပြင်ပြောင်းလဲရအတော်ခက်တယ်။ ပါတီအမှုဆောင်တွေ၊ ဒေသဆိုင်ရာလူကြီးတွေ၊ ပါတီအဖွဲ့ဝင်တွေဟာ အရင်က



တည်ဆောက်ထားတဲ့ အဆောက်အအုံဟောင်းတွေကို ဖျက်ရမှာကြောက်တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအဆောက်အအုံဟောင်းတွေပြိုပျက်သွားမယ်ဆိုရင် သူတို့ရဲ့အာဏာလည်း ပျောက်ဆုံးသွားမှာကို ကြောက်ရွံ့ကြလို့ပဲဖြစ်တယ်။ ဒါ့အပြင်သူတို့ရည်ရွယ်ထားတဲ့ရည်ရွယ်ချက်တွေဟာ ပြုပြင်ပြောင်းလဲမှုကြောင့်အကောင်အထည်ပေါ်မလာမှာကို ကြောက်ရွံ့လို့လည်းဖြစ်တယ်။ ပါတီအဖွဲ့ဝင်တွေကို အောက်ပါအတိုင်းအမျိုးအစားခွဲခြားလို့ရတယ်။

၁ – အလုပ်သမားတွေ၊ စည်းမျဉ်းစည်းကမ်းတွေကြောင့် နှောင့်နှေးမှာကို မလိုလားတဲ့ သာမန်ပါတီအဖွဲ့ဝင်တွေ၊

၂ – စည်းမျဉ်းစည်းကမ်းတွေကိုသာ အမြဲတမ်းဦးထိပ်ပန်ဆင်တဲ့ ရှေးရိုးစွဲပါတီဝင်တွေ၊

၃ – ထိရောက်မှုကိုသာ အမြဲတမ်းဦးစားပေးတဲ့ လက်တွေ့သမားပါတီဝင်တွေ၊

၄ – အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်တွေကို စိတ်မဝင်စားဘဲ အိုင်ဒီအိုလိုဂျီရှုထောင့်ကနေသာ အမြဲတမ်းငြင်းခုံနေတဲ့ အိုင်ဒီအိုလိုဂျီပါတီဝင်တွေ၊

ဒီအမျိုးအစားလေးခုအပြင် အမျိုးအစားပေါင်းများစွာကိုထပ်ခွဲလို့ရသေးတယ်။ ပါတီတစ်ခုမှာ ဒီလိုပါတီဝင်အမျိုးအစားပေါင်းစုံကို ရောစပ်နိုင်ဖို့လိုအပ်တယ်။ အဲသလိုရောစပ်ဖို့အတွက် ခင်ဗျားတို့ပါတီရဲ့ ရည်မှန်းချက်ပန်းတိုင်ပေါ်မှာ မူတည်တယ်။ ဒီအခန်းမှာ ပါတီအတွင်းအသစ်ဖော်ဆောင်ချင်တဲ့ဆန္ဒနဲ့ပတ်သက်တဲ့အယူအဆကို စတင်ဆွေးနွေးမယ်။

## PvdA ရဲ့ပါတီဖွဲ့စည်းပုံဥပမာ

PvdA ကို ၁၉၄၆ ခုနှစ်မှာတည်ထောင်ခဲ့တယ်။ တကယ်တော့ ဒီပါတီဟာ ၁၉၄၈ ခုနှစ်ကနေစတင်ပြီး တည်ထောင်ထားတဲ့ စစ်ပွဲမတိုင်ခင်ဆိုရှယ်ဒီမိုကရက်တစ် SDAP အဖွဲ့ကိုဆက်ပြီးဖွဲ့စည်းထားတဲ့ပါတီ

ဖြစ်တယ်။ အဲဒီပါတီမှာ အဖွဲ့ဝင်ပေါင်း ခြောက်သောင်းတစ်ထောင်ရှိ တယ်။ မြို့နဲ့ရွာပေါင်း ၄၃၈ ခုမှာ ခေါင်းဆောင်ပေါင်း ၄၅၀ ရှိတယ်။ ဒေသဆယ့်နှစ်ခုဖွဲ့ပြီး ဖွဲ့စည်းထားတယ်။ တစ်ခုစီတိုင်းဟာ ဒတ်ချ်ပြည်နယ်ဆယ့်နှစ်ခုစီမှာရှိတယ်။ PvdA ဟာဒေသန္တရအဆင့်၊ ပြည်နယ်အဆင့် ရွေးကောက်ပွဲတွေနဲ့အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆင့်တိုင်းမှာ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ဥရောပပါလီမန်နဲ့ အမျိုးသားပါလီမန်မှာ ဒတ်ချ်ဟာ အဖွဲ့ဝင်ပေါင်း ၇၈၂ ထဲက ၂၇ ယောက်နေရာရတယ်။ ပါတီရဲ့ဒေသန္တရ အာဏာခွဲဝေပေးမှုအပိုင်းကိုကြည့်ရင် မြင့်မားတာကိုတွေ့ရမယ်။ သူတို့တွေဟာ ဘယ်သူတွေကိုရွေးကောက်ပွဲအမတ်လောင်းအဖြစ် ဝင်ရောက်ဆောင်ရွက်သင့်သလဲဆိုတာကိုဆုံးဖြတ်တယ်။ သူတို့ရဲ့ကိုယ်ပိုင်ရွေးကောက်ပွဲအစီအစဉ်တွေကိုလည်း ဘယ်ပါတီတွေနဲ့ ဒေသန္တရမဟာမိတ်ပြုမလဲ ဆိုတာကို ရွေးကောက်ပွဲအပြီးမှာ ရေးသားကြတယ်။ ပြည်နယ်အုပ်ချုပ်ရေးပိုင်းမှာလည်းအဲလိုပဲပြုလုပ်ကြတယ်။ နိုင်ငံတော်အဆင့်မှာလည်း အာဏာအများစုကိုပါတီရဲ့ကွန်ဖရန့်မှာ ဆွေးနွေးအတည်ပြုပေးတယ်။ ပါတီရဲ့ဒေသန္တရခေါင်းဆောင်တိုင်းဟာ ကွန်ဖရင့်တက်ဖို့ ကိုယ်စားလှယ်လွှတ်ပေးကြတယ်။ ဒေသန္တရခေါင်းဆောင်ကြီးမားလေ သူ့ဆီမှာ မဲပိုရှိလေပဲ။ အဲသလိုကိုယ်စားလှယ်တွေက မဲပေးတာနဲ့ပတ်သက်တဲ့အချက်တစ်ချက်ကတော့ ဥရောပပါလီမန်အနေနဲ့ အမျိုးသားပါလီမန်အတွက် အမတ်လောင်းစာရင်းကိုပြုစုခြင်းပဲဖြစ်တယ်။ သူတို့တွေဟာ ပါတီရဲ့အမှုဆောင်ကော်မတီကိုတစ်နှစ်ခြားတစ်ခါရွေးချယ်ကြတယ်။ ပါတီရဲ့ရှေ့လုပ်ငန်းစဉ်တွေကိုလည်း ရွေးကောက်ပွဲအစီအစဉ်တွေနဲ့ ပေါ်လစီအချက်အလက်တွေအပေါ်စိစစ်လေ့လာပြီး သတ်မှတ်ပြဋ္ဌာန်းကြတယ်။ အစိုးရအဖွဲ့မှာ PvdA နေရာရတဲ့အခါ၊ PvdA ဟာအစိုးရသစ်ရဲ့ပေါ်လစီအစီအစဉ်တွေအပေါ် မဲပေးဖို့ ကွန်ဖရင့်တစ်ခုကိုလုပ်ခဲ့တယ်။ အဲဒီကွန်ဖရင့်မှာ ကက်ဘိနက်အဖွဲ့ဝင်တွေကိုအဆိုတင်သွင်းခဲ့တယ်။ ၂၀၀၂ ခုနှစ်ကစပြီး သာမန်ပါတီအဖွဲ့ဝင်တွေရဲ့ဩဇာလွှမ်းမိုးမှုဟာတိုးပွားလာခဲ့တယ်။ အဲဒီပါတီဝင်တွေဟာ အမျိုးသားရွေးကောက်ပွဲနဲ့ ဥရောပပါလီမန်ရွေးကောက်ပွဲတွေမှာ ပါတီခေါင်းဆောင်



သစ်တွေကိုရွေးချယ်ဖို့ မဲပေးလာနိုင်ကြပြီ။

## ပါတီကိုအသစ်ပြန်လည်ဖွဲ့စည်းခြင်း၊ သို့မဟုတ် ပါတီထောင်ခြင်း

ပါတီအသစ်ပြန်လည်ဖွဲ့စည်းတဲ့အခါမှာ ဘယ်အရာတွေဟာ ကောင်းကောင်းအလုပ်လုပ်နေတယ်၊ ဘယ်အရာတွေကတော့ တိုးတက်ဖို့ လိုတယ် ဆိုတဲ့ ရှိပြီးသားအဆောက်အအုံကို စိစစ်ခွဲခြမ်းမှုလုပ်ရမယ်။ ခင်ဗျားတို့ပါတီသစ်တည်ထောင်တဲ့အခါမှာ အကောင်အထည်ဖော်နိုင်တဲ့ နည်းလမ်းတွေ၊ ရည်ရွယ်ထားတဲ့မဟာဗျူဟာတွေ၊ ပစ်မှတ်အုပ်စုတွေနဲ့ သင့်တင့်လျောက်ပတ်တဲ့အဖွဲ့အစည်းတစ်ခုကို ပုံဖော်ရမယ်။

ပါတီအများစုမှာ အနည်းဆုံးအောက်မှာပါတဲ့ပန်းတိုင်နှစ်ခုကို ထားရှိကြတယ်။

၁ – ရှေ့နောက်ညီညွတ်တဲ့၊ ဆွဲဆောင်နိုင်စွမ်းရှိတဲ့ တစ်ကမ္ဘာလုံးဆိုင်ရာအမြင်၊ ဒါမှမဟုတ် အိုင်ဒီအိုလိုဂျီကိုပုံဖော်ခြင်း၊

၂ – တတ်နိုင်သမျှ အမှုဆောင်အာဏာနဲ့ပါလီမန်နေရာတွေရအောင် ယူခြင်း၊

ပါတီအမျိုးအစားလေးခုခွဲခြားနိုင်တယ်။

၁ – စင်ကြယ်ရေးဝါဒီတွေရဲ့ပါတီများ။ အဲဒီလိုပါတီတွေအတွက် နိုင်ငံရေး၊ ဒါမှမဟုတ် ဘာသာရေးအိုင်ဒီအိုလိုဂျီတွေဟာ အဓိကဖြစ်တယ်။ အာဏာရရှိဖို့က ဒုတိယအချက်ဖြစ်တယ်။ အဲသလိုပါတီမျိုးနဲ့ အပေးအယူလုပ်ဖို့ဆိုတာ လုံးဝခက်ခဲတယ်။ ဒီလိုပါတီမျိုးဟာပြင်းထန်တဲ့အိုင်ဒီအိုလိုဂျီကို သစ္စာစောင့်သိတဲ့ပါတီတွေဖြစ်တယ်။

၂ – ကိစ္စပြဿနာတစ်ခုကိုသာ အာရုံစိုက်တဲ့ပါတီများ။ ဒီလိုပါတီမျိုးဟာ တစ်ခုတည်းသောခိုင်မာတဲ့ပန်းတိုင်တွေကိုသာ အကောင်အထည်ဖော်တဲ့ပါတီတွေဖြစ်တယ်။ တိတိကျကျသတ်မှတ်ထားတဲ့ သီးသန့်အဓိက ပစ်မှတ်အုပ်စုတွေကိုသာရည်ရွယ်ထားတဲ့ပါတီတွေဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် လူနည်းစုလူမျိုးအုပ်စု၊ အမျိုးသမီးတွေ၊ ပတ်ဝန်းကျင်ထိန်း

သိမ်းစောင့်ရှောက်မှု၊ တိရစ္ဆာန်အုပ်စု စတဲ့ပစ်မှတ်အုပ်စုတွေအတွက်သာ အာရုံစိုက်တဲ့သူတွေဖြစ်တယ်။ အဲဒီပါတီတွေရွေးကောက်ပွဲဝင်တဲ့အခါမှာ ပိုပြီးတိကျသေချာတဲ့ အိုင်ဒီအိုလိုဂျီမျိုးကိုပုံဖော်ဖို့ အဲဒီပါတီတွေဟာ ဖိအားပေးခံရတယ်။

၃ – ရေးရိုးစဉ်လာပါတီများ အဲသလိုပါတီမျိုးဟာ တိကျသေချာတဲ့ အိုင်ဒီအိုလိုဂျီစည်းဘောင်တွင်းမှာ အလုပ်လုပ်ကြတယ်။ အာဏာရရှိဖို့အတွက်အမြဲတမ်းရုန်းကန်ကြတယ်။ ဒီပါတီတွေဟာ ဖြည်းဖြည်းမှန်မှန်နဲ့ အလုပ်လုပ်ကြတယ်။ ပါတီရဲ့အာဏာဟာ တဖြည်းဖြည်းချင်းပျံ့နှံ့တယ် ဆိုပေမယ့် သေချာမှုရှိတယ်။

၄ – အာဏာပါတီများ။ အဲသလိုပါတီတွေဟာ ရှိပြီးသားအဆောက်အအုံတွေကိုထောက်ခံတဲ့ပါတီတွေဖြစ်တယ်။ အဲသလိုပါတီတွေဟာ အာဏာရဖို့ သန့်စွမ်းတဲ့ခေါင်းဆောင်က ကြိုးစားတဲ့အခါမှာ ပေါ်လာကြတာများတယ်။ ဒီလိုပါတီအမျိုးအစားတွေဟာ သမ္မတစနစ်နိုင်ငံတွေမှာ သာမန်အားဖြင့်တွေ့ရပေမယ့် ပါလီမန်စနစ်နိုင်ငံတွေမှာတော့ တွေ့ရခဲ့တယ်။

အနောက်နဲ့အရှေ့ဥရောပက ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အများစုဟာ ရေးရိုးစဉ်လာပါတီတွေဖြစ်တယ်။ ဥရောပဆိုရှယ်လစ်ပါတီ PES လို နိုင်ငံတကာဆိုရှယ်လစ်အဖွဲ့အစည်းတွေနဲ့ SI လို နိုင်ငံတကာဆိုရှယ်လစ်အဖွဲ့တွေဟာ တခြားသောပါတီသုံးမျိုးနဲ့ မဟာမိတ်ဖွဲ့ဖို့ ခက်ခဲတယ်။

၁ – စင်ကြယ်ရေးဝါဒီတွေရဲ့ပါတီတွေဟာ အာဏာရဖို့ခက်ခဲတယ်။ အမြဲတမ်းဘေးရောက်နေတယ်။

၂ – ကိစ္စပြဿနာတစ်ခုကိုသာ အာရုံစိုက်တဲ့ပါတီတွေဟာ ဆိုရှယ်ဒီမိုကရက်တစ် အိုင်ဒီအိုလိုဂျီတွေကိုဆန့်ကျင်တဲ့အမြင်တွေရှိတယ်။ ဒါကြောင့် မဟာမိတ်ဖွဲ့ဖို့ခက်တယ်။ အပေးအယူလည်းမလုပ်ချင်ကြဘူး။

၃ – အာဏာပါတီတွေဟာ တရားဝင်ဖြစ်ဖို့အတွက် အဓိကအိုင်ဒီအိုလိုဂျီဆိုင်ရာ လှုပ်ရှားမှုတွေနဲ့ မဟာမိတ်ဖွဲ့ဖို့ မကြာခဏကြိုးစားကြတယ်။



ဒါပေမဲ့ ဆိုရှယ်ဒီမိုကရက်တစ်ပါတီတွေနဲ့ မဟာမိတ်ဖွဲ့တဲ့နေရာမှာတော့ အောင်မြင်တာရှားတယ်။ အာဏာပါတီတွေဟာ နိုင်ငံတကာပါတီနဲ့ ပတ်သက်တဲ့ ဒီမိုကရေစီပွင့်လင်းမြင်သာမှု အခြေခံကျတဲ့ (ဆိုရှယ်ဒီမိုကရက်တစ်) ဥပဒေသတွေနဲ့ပတ်သက်ပြီး ကွဲပြားခြားနားတဲ့အမြင်တွေ ရှိနေတယ်။

## အဲဒီလိုပါတီတွေကို ဘယ်လိုဖွဲ့စည်းထားကြသလဲ

အာဏာပါတီတွေဟာ အခြေခံအားဖြင့် ရွေးချယ်ခံထားရတဲ့ အဖွဲ့မှာအာဏာရဖို့နဲ့ အစိုးရအဖွဲ့မှာပါဝင်ဖို့ အာရုံစိုက်ကြတယ်။ အဲဒီပါတီတွေရဲ့အဖွဲ့ဝင်တွေဟာ ထိပ်ပိုင်းခေါင်းဆောင်အနည်းငယ်ရဲ့အုပ်ချုပ်မှုအောက်မှာ ပြောရေးဆိုခွင့်သိပ်မရှိကြဘူး။ အဲဒီလိုပါတီမျိုးမှာ သြဇာလွှမ်းမိုးနိုင်ဖို့ဆိုတာကတော့ ခင်ဗျားတို့ရဲ့အရည်အချင်းထက် ခင်ဗျားတို့ဘာလဲ၊ ခင်ဗျားတို့ဘယ်လိုလူတွေနဲ့သိသလဲဆိုတဲ့အပေါ်မှာမူတည်တယ်။ ပါတီရဲ့ခေါင်းဆောင်မှုဟာ အဆင့်တိုင်းမှာ ရှိတဲ့နေရာတွေအတွက် သတ်မှတ်ပေးတယ်။ အဲသလိုသတ်မှတ်မှုထဲမှာ ဒေသန္တရပါတီဥက္ကဋ္ဌ၊ မြို့ကောင်စီအဖွဲ့ဝင်တွေကနေ နိုင်ငံတော်ပါတီဥက္ကဋ္ဌအဆင့်ထိပါဝင်နေတယ်။

ရေးရိုးအစဉ်အလာပါတီတွေမှာတော့ ပြင်းထန်တဲ့အဖွဲ့ဝင် အခြေခံအုတ်မြစ်ရှိတယ်။ အဖွဲ့ဝင်တွေဟာ ပါတီရဲ့လုပ်ထုံးလုပ်နည်းလမ်းကြောင်းကနေတစ်ဆင့် ဆုံးဖြတ်ချက်ချတဲ့အစီအစဉ်တွေမှာ ပါဝင်နိုင်တယ်။ ရေးရိုးအစဉ်အလာပါတီတွေမှာ ဒေသန္တရနဲ့ပြည်နယ်အဖွဲ့ခွဲတွေမှာတောင် အတော့်ကိုလွတ်လွတ်လပ်လပ်လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ ခိုင်ခံတဲ့အာဏာခွဲဝေပေးမှုရှိတယ်။ အဲဒီလိုပါတီအမျိုးအစားမှာ ပါဝင်လုပ်ကိုင်ခြင်းဟာ ရေရှည်သဘောဆောင်တယ်။ ထိပ်ဆုံးနေရာရဖို့အတွက် တစ်ဆင့်ပြီးတစ်ဆင့် ရေရှည်ရာထူးတိုးသွားဖို့လိုတယ်။

စင်ကြယ်ရေးဝါဒီတွေရဲ့ပါတီနဲ့ တခြားသော သီးသန့်ကိစ္စတစ်ခုခုကိုင်တွယ်တဲ့ပါတီတွေဟာ လူ့အဖွဲ့အစည်းထဲမှာ တအားတက်ကြွကြတယ်။ အဲဒီပါတီတွေဟာ လူ့မှုအဖွဲ့အစည်းတွေ၊ ဒါမှမဟုတ် အန်ဂျီအိုတွေထဲ

မှာ အထိုင်ချထားကြတယ်။ မကြာခဏဆိုသလိုပဲ သူတို့တွေဟာ ဆန္ဒပြပွဲတွေပြုလုပ်ဖို့ အန်ဂျီအိုတွေနဲ့ မဟာမိတ်ဖွဲ့ထားကြတယ်။ ဒါပေမဲ့ သူတို့ဟာ အစိုးရအဖွဲ့အစည်းထဲမှာ ပါဝင်မှုမရှိသလို၊ ပါလီမန်မှာလည်း နေရာမရကြဘူး။ အဲသလိုပါတီမျိုးတွေဟာ ရွေးကောက်ပွဲမှာ ရွေးကောက်ခံရတဲ့အခါမှာ ဒုက္ခရောက်ကြတယ်။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့အဓိကစိတ်ဝင်စားမှုနဲ့ပတ်သက်ပြီး သိပ်အရေးမပါတဲ့ကိစ္စတွေကို ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ ညှိနှိုင်းဖို့တွန်းအားပေးခံရလို့ပဲဖြစ်တယ်။ ပါလီမန်မှာ အဲဒီပါတီဟာ နေရာရသွားတာနဲ့အဖွဲ့အစည်းဟာ သူတို့ကိုထောက်ပံ့ဖို့ ဆန့်ကျင်ရေးလှုပ်ရှားမှုတွေအပေါ် အာရုံစိုက်ကြတယ်။

ခင်ဗျားတို့ဟာ ပါတီသစ်တစ်ခုတည်ထောင်ဖို့၊ ပါတီကိုပြန်လည်ဖွဲ့စည်းဖို့ ရည်ရွယ်ထားတဲ့အခါမှာ ခင်ဗျားတို့ဟာ ဘာတွေကိုရရှိအောင်မြင်ချင်သလဲ၊ ဘယ်လိုပါတီမျိုးကိုတည်ထောင်ချင်သလဲ စတဲ့အချက်တွေကိုပထမဆုံးသတ်မှတ်ဖို့လိုတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဘာကြောင့်နိုင်ငံရေးထဲဝင်ချင်ရတာလဲ။ ပြဿနာတစ်ခုခုကိုကိုင်တွယ်ချင်လို့လား။ သီးသန့်ပစ်မှတ်တစ်ခုကို ကိုယ်စားပြုချင်လို့လား။ အိုင်ဒီအိုလိုဂျီတစ်ခုခုကိုတင်ပြချင်လို့လား။ လက်တွေ့ကျတဲ့ရလဒ်တွေအတွက်တည်ထောင်ချင်လို့လား။ မြန်မြန်ဆန်ဆန်အောင်မြင်မှုကိုလိုချင်လို့လား။ ရေရှည်သြဇာလွှမ်းမိုးနိုင်ဖို့အတွက်ရည်ရွယ်ထားသလား။ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်၊ ဒေသန္တရအဆင့်တွေမှာ သြဇာလွှမ်းမိုးချင်သလား။ သြဇာကြီးတဲ့ပါတီအဖွဲ့ဝင်တွေပါတဲ့ ပါတီမျိုးကိုတည်ထောင်ချင်သလား။ တစ်နည်းပြောရမယ်ဆိုရင် ပန်းတိုင်တွေကို ရရှိအောင်မြင်ဖို့ ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကဘာလဲ၊ မဟာဗျူဟာကဘာလဲ။ ဒီမေးခွန်းတွေကို ဖြေလို့ရတဲ့အဖြေတွေဟာ အထူးအဖွဲ့အစည်းပုံစံတစ်ခု ဖွဲ့စည်းဖို့အတွက် ပုံစံသတ်မှတ်ပေးလိမ့်မယ်။



## နိုင်ငံရေးပါတီတွေအတွက် အဓိကလိုအပ်တဲ့အချက်များ

ပါတီတစ်ခုမှာ ထမ်းဆောင်ရမယ့် အရေးကြီးတဲ့တာဝန်တွေအများကြီးရှိတယ်။ ကျွန်တော်တို့ဟာ (ပါတီဝင်တွေကိုရည်ရွယ်) တဲ့အတွင်းတာဝန်တွေ၊ (ပြင်ပကလူတွေကိုရည်ရွယ်) တဲ့ အပြင်တာဝန်တွေဆိုပြီးခွဲခြားထားရမယ်။

**အတွင်းတာဝန်များ**

- (အဖွဲ့ဝင်တွေရဲ့မဂ္ဂဇင်း၊ ဝဘ်ဆိုက်၊ ကြေငြာချက်များ) စတဲ့အတွင်းဆက်သွယ်ရေး
- သင်တန်းများနဲ့ ပညာရေး
- ပါတီဖွံ့ဖြိုးမှု
- ဘဏ္ဍာရေး
- အတွင်းရေးမှူး
- သုတေသန
- ဝန်ထမ်းနဲ့ အဖွဲ့အစည်း
- သတင်းအချက်အလက် နည်းပညာ
- ဥပဒေအကြံပေး
- အဖွဲ့ဝင်တွေအပေါ်အုပ်ချုပ်မှု
- ဒေသဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဒေသန္တရပါတီခေါင်းဆောင်တွေကိုဆက်သွယ်ခြင်း
- လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ စတဲ့ ပါတီတွင်းကအထူးသီးသန့်အုပ်စုများ

**အပြင်တာဝန်များ**

- မီဒီယာတွေနဲ့ဆက်သွယ်တဲ့ပြင်ပဆက်သွယ်ရေး
- ပေါ်လစီဖော်ဆောင်မှု

- နိုင်ငံတကာအဆက်အသွယ်များ
- အဖွဲ့ဝင်စုဆောင်းခြင်း
- အရည်အသွေးသစ်တွေကို စောင့်ကြည့်ခြင်း
- ဘဏ္ဍာရေးမြှင့်တင်ခြင်း
- ကမ်ပိန်း
- ပွဲများ

## လူငယ်အဖွဲ့အစည်းတည်ဆောက်ပုံ

နိုင်ငံရေးပါတီအတော်များများမှာ သီးခြားလူငယ်အဖွဲ့ရှိတယ်။ အဲဒီလူငယ်အဖွဲ့အစည်းတွေဟာ နိုင်ငံရေးမှာ လူငယ်တွေပါဝင်ခွင့်ရဖို့နဲ့ အတွေ့အကြုံရဖို့အတွက် အရေးကြီးတဲ့အကူအညီတွေကို ပေးကြတယ်။ လူငယ်အဖွဲ့တစ်ခုနဲ့တစ်ခုမတူကြဘူး။ လူငယ်အဖွဲ့အစည်းပုံစံသုံးမျိုးကို အောက်မှာဖော်ပြထားတယ်။

(၁) ကန့်ကွက်ဆန္ဒပြမှုအပေါ်အခြေပြုတဲ့အဖွဲ့အစည်းများ
(၂) အုပ်ချုပ်ရေးအခြေပြုတဲ့ အဖွဲ့အစည်းများ
(၃) လွတ်လွတ်လပ်လပ်လှုပ်ရှားတဲ့ အဖွဲ့အစည်းများ

ဒါ့အပြင်သူတို့ရဲ့မိခင်ပါတီနဲ့ ဆက်နွယ်နေတဲ့လူငယ်အဖွဲ့အစည်းပုံစံနှစ်မျိုးလည်းရှိသေးတယ်။

(၁) ကိုယ့်ရဲ့အစီအစဉ်တွေနဲ့ကိုယ်လှုပ်ရှားနေတဲ့ လွတ်လပ်တဲ့အဖွဲ့အစည်းများ
(၂) မိခင်ပါတီကိုမှီခိုပြီး ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းများ

### ကန့်ကွက်ဆန္ဒပြမှုအပေါ်အခြေပြုတဲ့လူငယ်အဖွဲ့အစည်းများ

အဲသလိုအဖွဲ့အစည်းရဲ့ပစ်မှတ်ကတော့ ဆန္ဒပြမှုတွေနဲ့တခြားသောလှုပ်ရှားမှုတွေကိုလုပ်ပြီး နိုင်ငံရေးရလဒ်တွေကို ရရှိအောင်လုပ်ခြင်းပဲဖြစ်တယ်။ အဲဒီအဖွဲ့ထဲမှာ လူငယ်တွေပါဝင်တယ်။ လှုပ်ရှားမှုတွေကို နိုင်ငံတော်



အဆင့်နဲ့ ဒေသဆိုင်ရာအဆင့်အတွက် အစီအစဉ်ဆွဲထားတယ်။ ဒေသဆိုင်ရာ ဆန္ဒပြပွဲတွေဟာ အဲဒီဒေသမှာရှိတဲ့ ပြဿနာတွေကိုဦးတည်တယ်။ နိုင်ငံတော်အဆင့်ကမ်ပိန်းဆန္ဒပြပွဲတွေဟာ နိုင်ငံတော်နဲ့ပတ်သက်တဲ့ ပြဿနာရပ်တွေကိုဦးတည်ထားတယ်။ အဖွဲ့အစည်းရဲ့အမှုဆောင်ကော်မတီဟာ နိုင်ငံတစ်ဝန်းလှုပ်ရှားနိုင်အောင် စီစဉ်တယ်။ အဲဒီကော်မတီဟာ နိုင်ငံတော်အဆင့်ဆွေးနွေးပွဲတွေကို ဆန္ဒပြပွဲတွေလုပ်ဖို့ နိုင်ငံတော်ကမ်ပိန်းတွေရဲ့အောင်မြင်မှုကိုစောင့်ကြည့်ဖို့ပြုလုပ်တယ်။ ကမ်ပိန်းအားလုံးနဲ့ ဆန္ဒပြပွဲအားလုံးဟာ လူငယ်ပစ်မှတ်အုပ်စုတွေစတဲ့ ပစ်မှတ်အုပ်စုတွေနဲ့ပတ်သက်တဲ့အရေးကိစ္စတွေပေါ်မှာ အာရုံစိုက်ထားတယ်။

### ကမ်ပိန်းပစ်မှတ်များကတော့

(၁) အဖွဲ့အစည်းရဲ့အမြင်ကို စိတ်ဝင်စားလာအောင်လုပ်ခြင်း – ဆန္ဒပြကမ်ပိန်းတွေရဲ့ရည်ရွယ်ချက်တွေကတော့ တိတိကျကျသတ်မှတ်ထားတဲ့ ပန်းတိုင်တွေကို ရရှိအောင်မြင်ဖို့ ဝါဒဖြန့်ခြင်းဖြစ်တယ်။

(၂) အဖွဲ့အစည်းရဲ့ဖြစ်ရှိနေမှုအပေါ်အာရုံစိုက်လာအောင်လုပ်ခြင်း – လူတွေခွဲခြားသိမြင်လာနိုင်စေတဲ့ အမြင်တွေကို တက်တက်ကြွကြွဝါဒဖြန့်ခြင်းဟာ လူတွေကအဖွဲ့အစည်းကိုအာရုံစိုက်အောင်လုပ်တဲ့နည်းတစ်နည်းဖြစ်တယ်။ ပါတီရဲ့ဂုဏ်သိက္ခာကိုမြှင့်တင်တဲ့ နည်းလမ်းတစ်လမ်းဖြစ်တယ်။ ပါတီကိုထောက်ခံတဲ့သူတွေ၊ ပါတီဝင်သစ်တွေကို ခန့်အပ်ပေးမယ့် နည်းလမ်းတစ်လမ်းလည်းဖြစ်တယ်။

အဖွဲ့အစည်းလှုပ်ရှားမှုရဲ့တိုးတက်မှုကိုဆွေးနွေးဖို့ အစည်းအဝေးပွဲတွေလုပ်ရမယ်။ လူ့အဖွဲ့အစည်းထဲမှာ ဘယ်လိုအကြောင်းအရာတွေကို လူပြောများနေကြသလဲ။ အဲဒီအကြောင်းအရာတွေကို ဘယ်လိုကိုင်တွယ်မလဲ။ ကျွန်တော်တို့ဦးစားပေးရမယ့်အရာတွေက ဘာတွေလဲ။ နောက်ဆုံးမှာ ကမ်ပိန်းကိုသုံးသပ်ပြီးစီးသွားလိမ့်မယ်။ ပြီးတဲ့အခါ ကမ်ပိန်းအစီအစဉ်တစ်ခုကိုရေးဆွဲလို့ရပြီ။

## ကမ်ပိန်းဖော်ဆောင်ဖို့အတွက်လိုအပ်သော ကိရိယာတန်ဆာပလာများ

ကမ်ပိန်းကိုပုံဖော်ဖို့ဆိုတာ ခင်ဗျားတို့ရဲ့ပန်းတိုင်အပေါ်မှာ မူတည်တယ်။ လှုပ်ရှားမှုတွေဟာ နူးညံ့တဲ့လှုပ်ရှားမှုတွေကနေ ယတိပြတ်ဆန်တဲ့လှုပ်ရှားမှုတွေအထိကွဲပြားသွားနိုင်ခြေရှိတယ်။ ခင်ဗျားတို့ရဲ့ပစ်မှတ်အုပ်စုနဲ့ဆက်နွယ်နေတဲ့ပန်းတိုင်ကိုတော့ မျက်ခြေမပြတ်ပါစေနဲ့။ သတိထားရမယ့်အချက်တွေကတော့ စကားစစ်ထိုးပွဲတွေပြုလုပ်ပါ။ လမ်းမပေါ်မှာ လက်ကမ်းစာစောင်ဝေပါ။ ဆန္ဒပြချီတက်ပွဲလုပ်ပါ။ အိမ်ခြေရာမဲ့တွေကို အစားအစာဝေပါ။ လှုပ်ရှားမှုတစ်ခုပြီးတိုင်း ပစ်မှတ်ထားတဲ့ အုပ်စုကို ထိရဲ့လားဆိုတာကို အမြဲတမ်းပြန်လည်သုံးသပ်ပါ။ လှုပ်ရှားမှုကိုဘယ်လိုဘယ်ပုံဖွဲ့စည်းပုံဖော်ခဲ့သလဲ။ ဘယ်အရာတွေက အဆင်ပြေပြီး ဘယ်အရာတွေကတော့ အားနည်းသလဲ။ မှတ်ထားရမယ့်တစ်ချက်ကတော့ ဒီလှုပ်ရှားမှုတွေကို လုပ်အားပေးတွေကလုပ်ဆောင်တာကြောင့် သူတို့ရဲ့ကြိုးပမ်းအားထုတ်မှုကို ဘယ်တော့မှမမေ့ပါနဲ့။

အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ပုံ အကျိုးအမြတ်ကတော့ ခင်ဗျားတို့ရဲ့အိုင်ဒီအိုလိုဂျီနဲ့ ကွက်တိဖြစ်မယ့် ပြဿနာအရေးကိစ္စတွေကို ခင်ဗျားတို့အာရုံစိုက်နိုင်ခြင်းပဲဖြစ်တယ်။ ထောက်ပံ့ပေးနိုင်ခြင်းပဲဖြစ်တယ်။ ဒါဟာဆွေးနွေးပွဲတွေမှာ အချိန်မကုန်စေဘဲ နိုင်ငံရေးဆိုင်ရာအစီအစဉ်တွေကို ပြီးမြောက်စေနိုင်တဲ့နည်းလမ်းဖြစ်တယ်။ ဒါဟာ ပင်မရေစီးအပြင်ဘက်နေ နိုင်ငံရေးအပေါ်ယုံကြည်ချက်မြင့်တဲ့ အဖွဲ့အစည်းဩဇာလွှမ်းမိုးမှုဖြစ်တယ်။ ဒါကြောင့် အဖွဲ့ဝင်တွေဟာ နိုင်ငံရေးမှာ ပိုပြီးတက်တက်ကြွကြွပါဝင်လှုပ်ရှားလာကြတယ်။ ဆန္ဒပြပွဲတွေဟာ တစ်ချိန်ချိန်မှာ သူ့ဘာသာသူရပ်သွားတာမျိုးလည်း ရှိတယ်။ အဲသလိုဖြစ်တတ်တာကြောင့် လူငယ်တွေဟာ နိုင်ငံရေးစိတ်ဝင်စားမှုလျော့နည်းသွားနိုင်တယ်။ ဆန္ဒပြပွဲလှုပ်ရှားမှုတွေအပေါ်မှာလည်း စိတ်ဝင်စားမှုမရှိတော့ဘူး။



## အုပ်ချုပ်ရေးအခြေပြုလူငယ်အဖွဲ့အစည်းများ

ဒီလိုလူငယ်အဖွဲ့အစည်းအမျိုးအစားဟာ သူတို့ရဲ့မိခင်ပါတီနဲ့ နိုင်ငံရေးအပေါ်မှာ အဓိကအာရုံစိုက်ကြတယ်။ အဖွဲ့ဝင်တွေဟာ အဲဒီအဖွဲ့အစည်းရဲ့နှလုံးသားတွေဖြစ်တယ်။ အဖွဲ့ဝင်အများစုဟာ ဒေသဆိုင်ရာအဆင့်မှာ တက်တက်ကြွကြွလှုပ်ရှားကြတယ်။ တချို့အဖွဲ့ဝင်တွေကတော့ နိုင်ငံတော်အဆင့်မှာ လှုပ်ရှားကြတယ်။ ဒေသဆိုင်ရာခေါင်းဆောင်တွေဟာ လွတ်လပ်မှုရှိပြီး သူတို့ရဲ့ကိုယ်ပိုင်လှုပ်ရှားမှုတွေကိုအစီအစဉ်ရေးဆွဲနိုင်ကြတယ်။ တကယ်လို့ နိုင်ငံတော်အဆင့်အရေးကိစ္စတွေကိုကိုင်တွယ်ကြရမယ်ဆိုရင် သူတို့တွေဟာ အဖွဲ့အစည်းရဲ့တရားဝင်အမြင်ကနေသွေဖည်လို့မရဘူး။ ဒီအမြင်တွေဟာ နိုင်ငံတော်ကွန်ဖရန့်တွေမှာ ကောက်တဲ့ရလဒ်တွေကနေ ရလာတဲ့အမြင်တွေဖြစ်တယ်။ နိုင်ငံတော်အဆင့်အမှုဆောင်ကော်မတီမှာ ဂဏ္ဌဝင်ပုံစံဖြစ်တဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်သွယ်ရေးအတွက် အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးစတဲ့ ရာထူးတွေပါတယ်။ ကော်မတီရဲ့အဖွဲ့ဝင်တိုင်းမှာ သတ်မှတ်ထားတဲ့ တာဝန်နဲ့ဝတ္တရားတွေရှိတယ်။

## ဒီလိုလူငယ်အဖွဲ့အစည်းများ၏ ရည်မှန်းချက်များ

- လူငယ်တွေရဲ့အကျိုးစီးပွားကိုကာကွယ်ရန်
- နိုင်ငံရေးမှာ လူငယ်တွေပါဝင်လာစေရန်
- မိခင်ပါတီတွင်းက ကိုယ်ပိုင်အမြင်တွေကို ထောက်ပံ့ရန်
- လူ့အဖွဲ့အစည်းအတွင်းက တခြားအဖွဲ့အစည်းတွေရဲ့ အမြင်ကို ထောက်ပံ့ရန်

## ဒီရည်မှန်းချက်များကိုအောင်မြင်ရန်နည်းလမ်းများ

- ဒေသဆိုင်ရာပါတီခွဲအသစ်တွေကိုတည်ထောင်ရန်၊ အဲဒီအဖွဲ့တွေတောင့်တင်းတက်ကြွနေစေရန်

– အဖွဲ့မဂ္ဂဇင်း၊ လက်ကမ်းစာစောင်စတဲ့ မှတ်တမ်းတွေကို ပုံဖော်ဖြန့်ချိရန်
– ဆန္ဒပြပွဲတွေကို ဖွဲ့စည်းလုပ်ဆောင်ရန် တခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရန်

ဒီဖွဲ့စည်းပုံရဲ့အကျိုးအမြတ်ကတော့ အဖွဲ့ဝင်တွေဟာ နိုင်ငံရေးဆိုင်ရာ စူးစမ်းလေ့လာမှုတွေ မြင့်တက်လာနိုင်ခြင်း၊ ပြည်သူကြားမှာ စကားပြောစွမ်းရည်တိုးတက်လာခြင်း၊ စကားစစ်ထိုးနိုင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲတွေကိုစီစဉ်လာနိုင်ခြင်း၊ ကွန်ဖရန့်တွေ၊ ဆွေးနွေးပွဲတွေကို စီစဉ်နိုင်ခြင်း၊ တက်ရောက်နိုင်ခြင်းစတဲ့ အကျိုးအမြတ်တွေပဲဖြစ်တယ်။ အဓိကဆိုးကျိုးကတော့ အဖွဲ့အစည်းကစွန့်စားရမယ့် စွန့်စားမှုတွေဟာ မိခင်ပါတီရဲ့ စွန့်စားမှုတွေနဲ့အတူတူဖြစ်လာလိမ့်မယ်။ ပြီးတဲ့အခါမှာ အစည်းအဝေးပွဲ ယဉ်ကျေးမှုထဲမှာ နစ်နေလိမ့်မယ်ဆိုတဲ့ ဆိုးကျိုးတွေပဲဖြစ်တယ်။ လူငယ်အဖွဲ့အစည်းထဲကအဖွဲ့ဝင်တွေဟာ တစ်ချိန်မှာ မိခင်ပါတီရဲ့အဖွဲ့ဝင်တွေ ဖြစ်လာလိမ့်မယ်။ ဒါပေမဲ့ အဖွဲ့အစည်းဟာ သိပ်ပြီးဗျူရိုကရက်တစ်ဆန်နေမယ်ဆိုရင် လူငယ်တွေစိတ်ဝင်စားမှုလျော့နိုင်တယ်။ ဒီလိုအဖွဲ့အစည်းမျိုးဟာ ဆန္ဒပြပွဲတွေနဲ့လှုပ်ရှားမှုတွေကို သိပ်အာရုံမစိုက်ဘူး။ ဒါပေမဲ့ ဒီအဖွဲ့အစည်းမျိုးဟာ သူတို့ရဲ့ရည်ရွယ်ချက်ကို ရရှိအောင်မြင်ဖို့ ကိရိယာတန်ဆာပလာတစ်မျိုးကိုပဲ သုံးလေ့ရှိကြတယ်။

## လွတ်လွတ်လပ်လပ်လှုပ်ရှားတဲ့ အဖွဲ့အစည်းများ

ဒီအမျိုးအစားထဲမှာ ကိုယ့်ဘာသာကိုယ်လှုပ်ရှားတဲ့လူငယ်အဖွဲ့အစည်းတွေပါတယ်။ အဲဒီအဖွဲ့အစည်းတွေဟာ မိခင်ပါတီနဲ့ တစ်နည်းမဟုတ်တစ်နည်းနဲ့ဆက်နွယ်မှုရှိကြတယ်။ ဒါပေမဲ့ပါတီဝင်တွေတော့ မဟုတ်ကြဘူး။ ဒီအဖွဲ့အစည်းမျိုးရဲ့ အဓိကပစ်မှတ်ကတော့ မိခင်ပါတီအတွက် အထောက်အပံ့ရှာခြင်းပဲဖြစ်တယ်။ အဖွဲ့ဝင်တွေရဲ့တစ်ယောက်ချင်းစိတ်ဓာတ်တက်ကြွမှုကြောင့် နိုင်ငံရေးအတွေ့အကြုံတွေရရှိနိုင်တယ်။ ဒါပေမဲ့



တခြားအပေါ်မှာပြောခဲ့တဲ့ အဖွဲ့အစည်းနှစ်မျိုးနဲ့မတူတဲ့အချက်ကတော့ အခုအဖွဲ့အစည်းဟာ မိခင်ပါတီနဲ့ တရားဝင်ချုပ်နှောင်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေမရှိတဲ့အချက်ပဲဖြစ်တယ်။ ဒီအဖွဲ့အစည်းရဲ့ရည်မှန်းချက်ကတော့ မိခင်ပါတီနဲ့ပတ်သက်တဲ့ ဖွံ့ဖြိုးမှုတွေကို ရရှိအောင်မြင်အောင် လုပ်ပေးဖို့ဖြစ်တယ်။ ဒါပေမဲ့ပါတီတွင်းမှာ အာဏာရဖို့အတွက်တော့ မလုပ်ဘူး။ ဒီအဖွဲ့အစည်းဟာ သူ့ရဲ့လှုပ်ရှားမှုတွေအပေါ်မှာ တည်ဆောက်ထားတယ်။ ဒီလိုအဖွဲ့အစည်းမျိုးဟာ လုပ်အားပေးသစ်တွေနဲ့ ပါတီဝင်ဖြစ်လာနိုင်ခြေရှိတဲ့လူတွေကို စုဆောင်းနိုင်ဖို့ကူညီပေးတယ်။ ဒီလှုပ်ရှားမှုတွေမှာ ဆန္ဒပြပွဲတွေမပါဘူး။

## ဖြစ်နိုင်ခြေလှုပ်ရှားမှုများ

– မိခင်ပါတီထဲကဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ပြထားတဲ့ စာစောင်တွေကို အပတ်တိုင်း ဖက်စ်နဲ့ပို့ပေးခြင်း၊ အီးမေးလ်နဲ့ပို့ပေးခြင်း
– နိုင်ငံရေးရုပ်ရှင်၊ စကားစစ်ထိုးမှု၊ ဂီတ၊ ပြဇာတ်၊ ဟောပြောပွဲ (လူငယ်တွေကိုဆွဲဆောင်နိုင်တဲ့) စတဲ့ပွဲတော်မျိုးကို လုပ်ပေးခြင်း
– နည်းပညာသစ်တွေကိုစမ်းသပ်ခြင်း
– 'လျှို့ဝှက်မျက်လုံးများ' ကိုစေလွှတ်ခြင်း (တက်ကြွတဲ့လူငယ်အဖွဲ့တစ်စုဟာ မြို့တစ်မြို့ကိုသွားတယ်။ အဲဒီမြို့မှာ ဘယ်လိုအရေးကိစ္စတွေဖြစ်ပေါ်နေသလဲဆိုတာကို စုံစမ်းတယ်။ အဲဒီနယ်ကလူတွေဟာ ဘယ်လိုအပြောင်းအလဲတွေကို မျှော်လင့်နေသလဲဆိုတာကို စူးစမ်းတယ်။ နောက်ဆုံး ဒီစူးစမ်းမှုရဲ့ရလဒ်တွေကို လူထုအစည်းအဝေးပွဲတွေလိုမျိုး အစည်းအဝေးပွဲတွေမှာ နိုင်ငံရေးသမားတွေဆီတင်ပြတယ်။)

## အကျိုးကျေးဇူးများ

– ပုံသေဖွဲ့စည်းမှုမရှိဘူး။ ဗျူရိုကရေစီမဆန်ဘူး။
– အစည်းအဝေးပုံစံမျိုးနဲ့လုပ်တဲ့ အစည်းအဝေးပွဲတွေ၊ ဒါပေမဲ့ စွမ်းအင်တွေနဲ့လုပ်အားပေးသစ်တွေကို ခန့်အပ်ဖို့အတွက် စိတ်ဝင်စရာကောင်း

တဲ့လှုပ်ရှားမှုတွေပါဝင်တယ်။

– မိခင်ပါတီရဲ့စွန့်စားမှုတွေနဲ့ အကျင့်ဆိုးတွေ မရှိဘူး။

– လူငယ်တွေကိုစည်းရုံးနိုင်တဲ့ လှုပ်ရှားမှုတွေကို အာရုံစိုက်နိုင်တယ်။

– တက်ကြွတဲ့ပါတီဝင်တွေရဲ့ပါဝင်မှု၊ မြန်မြန်ဆန်ဆန်လုပ်ဆောင်နိုင်မှုကြောင့် ပါတီဝင်တွေမှာ အရည်အသွေးသစ်တွေတိုးတက်လာတယ်။

– ပါတီရဲ့ခေါင်းဆောင်မှုအပေါ်မှာ သမာရိုးကျနည်းလမ်းနဲ့ သြဇာလွှမ်းမိုးနိုင်တဲ့ အခွင့်အရေးတွေပေါ်ကြွယ်ဝလာနိုင်တယ်။

– အရည်အသွေးသစ်၊ လုပ်အားပေးသစ်၊ သစ်လွင်တဲ့အယူအဆများ၊ နည်းပညာသစ် စတာတွေကို လာမယ့်ရွေးကောက်ပွဲတွေမှာ သုံးနိုင်လို့ မိခင်ပါတီအတွက် အကျိုးကျေးဇူးများလာတယ်။

## အကျိုးအပြစ်များ

– ဒီအဖွဲ့အစည်းမှာ သေသေချာချာဖွဲ့စည်းထားတဲ့ဖွဲ့စည်းပုံမရှိဘူး။ ဒါကြောင့်လှုပ်ရှားမှုထဲက ခေါင်းဆောင်ရဲ့ပုဂ္ဂိုလ်ချင်းဆက်သွယ်မှုပေါ်မှာ အရာအားလုံးတည်မှီနေတယ်။

– ရေရှည်လုပ်ဆောင်နိုင်ဖို့မသေချာခြင်း

– အဖွဲ့ဝင်မရှိခြင်း၊ အဖွဲ့ဝင်တွေဆီက ကောက်ခံတဲ့အဖွဲ့ဝင်ကြေးမရှိခြင်းကြောင့် သေချာတဲ့၊ စနစ်ကျတဲ့ ဘဏ္ဍာရေးမရှိခြင်း

– ပါတီရဲ့ခေါင်းဆောင်မှုပိုင်းကို လုံးဝမှီခိုနေရခြင်း၊ လှုပ်ရှားမှုရဲ့အသက်ဆက်နိုင်ဖို့အတွက်အခွင့်အရေးမရှိခြင်း

– အာဏာရရှိဖို့မဟုတ်တဲ့အတွက် တက်ကြွတဲ့ပါတီဝင်တွေကို ယိမ်းယိုင်စေနိုင်တယ်။ အကြောင်းကတော့ ခင်ဗျားတို့ရဲ့လုပ်ဆောင်မှုတွေဟာ ပေးဆပ်မှုနဲ့ ထိုက်တန်သလား၊ မထိုက်တန်ဘူးလားဆိုတာကို မရှင်းလင်းလို့ပဲဖြစ်တယ်။ (ပါဝါရရှိဖို့အတွက်ကြိုးစားခြင်းဟာ နိုင်ငံရေးရဲ့အနှစ်သာရဖြစ်တယ်။)

– အဲဒီလှုပ်ရှားမှုကထုတ်ဝေတဲ့ဆောင်းပါးတွေ၊ ထုတ်ပြန်ချက်တွေ၊ ဒါမှမဟုတ် ပြုလုပ်တဲ့ပွဲတွေ၊ ဒါတွေဟာ မိခင်ပါတီရဲ့ အမြင်နဲ့ ညီညွတ်မှု



ရှိရဲ့လားဆိုတဲ့အချက်ဟာ မိခင်ပါတီအတွက် စွန့်စားမှုတစ်ခုဖြစ်နေတယ်။

– လူငယ်အဖွဲ့အစည်းတွေကို အခုလိုဖွဲ့စည်းပုံအခြေပြုအမျိုးအစားနဲ့မဟုတ်ဘဲ တခြားပုံစံမျိုးနဲ့လည်း အမျိုးအစားခွဲလို့ရတယ်။ မိခင်ပါတီနဲ့ဆက်နွယ်နေတဲ့ပုံစံမျိုးနဲ့လည်း အမျိုးအစားခွဲလို့ရတယ်။ မိခင်ပါတီနဲ့ဆက်နွယ်တဲ့အမျိုးအစားသုံးမျိုးကို ကျွန်တော်တို့ဖော်ပြမယ်။

## အမှီအခိုရှိ လူငယ်အဖွဲ့အစည်းများ

ဒီလိုအဖွဲ့အစည်းမျိုးဟာ မိခင်ပါတီနဲ့ နီးနီးကပ်ကပ်ဆက်နွယ်နေတယ်။ အဲဒီအဖွဲ့ထဲကအဖွဲ့ဝင်တွေဟာ အသက်ပြည့်တဲ့အခါမှာ လူငယ်အဖွဲ့အစည်းအဖွဲ့ဝင်မဖြစ်ခင် မိခင်ပါတီမှာ အဖွဲ့ဝင်ဖြစ်နိုင်တယ်။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့ အဖွဲ့အစည်းတစ်ခုဟာ (လူငယ်တွေအတွက်) သီးသန့်ပစ်မှတ်အုပ်စုတစ်ခုအတွက် အိုင်ဒီအိုလိုဂျီအရဖွဲ့စည်းထားတဲ့အဖွဲ့အစည်းမဟုတ်ဘူး။ အဲဒီအဖွဲ့အစည်းဟာ မိခင်အဖွဲ့အစည်းထဲမှာလည်းပါဝင်နေတယ်။ လူငယ်အဖွဲ့အစည်းထဲကအဖွဲ့ဝင်တွေအားလုံးဟာ မိခင်ပါတီထဲမှာမှတ်ပုံတင်ရတယ်။ လူငယ်အဖွဲ့အစည်းဟာ မိခင်ပါတီအတွင်းမှာ ထောက်ပံ့ရေးနေရာကိုယူထားတယ်။ သူ့မှာ လွတ်လပ်တဲ့အမြင်တွေမရှိဘူး။

အကျိုးကျေးဇူးများ – မိခင်ပါတီနဲ့ခိုင်ခိုင်မြဲမြဲဆက်နွယ်မှုရှိတယ်။ လူငယ်တွေနဲ့ပတ်သက်တဲ့အရေးကိစ္စတွေမှာ မိခင်ပါတီအပေါ်လွှမ်းမိုးမှုကြီးတယ်။ အကြောင်းကတော့မိခင်ပါတီရဲ့ မဲပေးတဲ့အဖွဲ့ဝင်တွေဟာ လူငယ်အဖွဲ့အစည်းထဲကအဖွဲ့ဝင်တွေဖြစ်နေလို့ပဲ။ မိခင်ပါတီနဲ့လိုက်လျောညီထွေရှိတဲ့ လူငယ်အဖွဲ့အစည်းဟာ ပါတီအတွက်တကယ့်ကို အားကိုးရတဲ့အဖွဲ့အစည်းဖြစ်တယ်။

ဆိုးကျိုးများ – လူငယ်အဖွဲ့အစည်းဟာ မိခင်ပါတီရဲ့အမြင်တွေကိုသဘောမတူရင်တောင်မှ မိခင်ပါတီရဲ့အမြင်တွေကို ကာကွယ်ပေးဖို့တာဝန်ရှိတယ်။ မိခင်ပါတီရဲ့ဦးဆောင်မှုနဲ့တင်းကျပ်တဲ့ဆက်ဆံရေးတွေရှိ

တာကြောင့် ပါတီရဲ့ပေါ်လစီတွေကိုပဲ မြှင့်တင်ကြပြီး လူငယ်တွေနဲ့ပတ်သက်တဲ့တကယ့်အရေးကိစ္စတွေကို မလုပ်နိုင်ဘူးဖြစ်နေတယ်။ ဘယ်လိုအခြေအနေ မှာပဲဖြစ်ဖြစ် လူငယ်အဖွဲ့အစည်းကိုနောက်ဆုံးတန်းပို့ပို့ထားတာကြောင့် နိုင်ငံရေးဖြစ်စဉ်တွေဘယ်လိုအလုပ်လုပ်သလဲဆိုတာကိုမြင်နိုင်တဲ့ ဝေဖန်ရေးအမြင် တွေမဖွံ့ဖြိုးနိုင်တော့ဘူး။

## လွတ်လပ်တဲ့လူငယ်အဖွဲ့အစည်းများ

ဒီလိုအဖွဲ့အစည်းမျိုးဟာ မိခင်ပါတီနဲ့ပတ်သက်မှုမရှိဘူး။ သူ့ရဲ့အဖွဲ့ဝင်တွေဟာ မိခင်ပါတီမှာ အဖွဲ့ဝင်ဖြစ်စရာမလိုတဲ့အပြင် တခြားပါတီတွေမှာလည်း အဖွဲ့ဝင်လုပ်လို့ရတယ်။ ဒီလိုအဖွဲ့မျိုးဟာ မိခင်ပါတီကို မမှီခိုဘဲ နိုင်ငံရေးဆိုင်ရာအရေးကိစ္စတွေအပေါ် သူတို့ရဲ့အမြင်တွေကိုပုံဖော်နိုင်တယ်။ သူတို့မှာ မိခင်ပါတီနဲ့မတူတဲ့ နိုင်ငံရေးအစီအစဉ်တွေရှိတယ်။ လူငယ်အဖွဲ့အစည်းတွေဟာ မိခင်ပါတီနဲ့ ဒေသန္တရ၊ ဒေသဆိုင်ရာ နိုင်ငံတော်အဆင့်ရွေးကောက်ပွဲတွေမှာ ပူးပေါင်းဆောင်ရွက်ကြတယ်။ အပြန်အလှန်အားဖြင့် ပါတီရဲ့လွှတ်တော်အမတ်စာရင်းမှာ လူငယ်လွှတ်တော်အမတ်တွေကိုလည်း ထည့်သွင်းပေးတယ်။

အကျိုးကျေးဇူးများ – မိခင်ပါတီနဲ့ခိုင်ခိုင်မြဲမြဲဆက်နွှယ်မှုမရှိပေမယ့် လွတ်လွတ်လပ်လပ်ဝေဖန်လို့ရတယ်။ ဒါကြောင့်သူတို့ကြားမှာ ခိုင်မြဲတဲ့ဆက်ဆံရေးရှိတယ်။ နှစ်ဖွဲ့စလုံးအတွက် သူနိုင်ကိုယ်နိုင်အခြေအနေရှိတယ်။ ဒီလိုအဖွဲ့အစည်းမျိုးဟာ လွတ်လွတ်လပ်လပ်လှုပ်ရှားဆောင်ရွက်နိုင်တယ်။ ဒီလိုအဖွဲ့အစည်းမျိုးဟာ သူတို့ဘာသာသူတို့ ပိုပြီးကောင်းအောင်စွမ်းဆောင်နိုင်တယ်။ အဖွဲ့အစည်းဝင်တွေဟာ ဝေဖန်ရေးစိတ်ဓာတ်တွေကိုပုံဖော်နိုင်တယ်။ စကားစစ်ထိုးပွဲတွေကိုလည်း ဖန်တီးနိုင်တယ်။

ဆိုးကျိုးများ – ဒီလိုအဖွဲ့အစည်းတွေနဲ့ မိခင်ပါတီကြားမှာ ပဋိပက္ခဖြစ်နိုင်ခြေရှိတယ်။ ပြင်ပကမ္ဘာကအရေးကိစ္စတွေဟာ ပါတီတွင်းမှာ



ပဋိပက္ခအဖြစ်ပြောင်းလဲသွားနိုင်တယ်။ ဒီလိုပဋိပက္ခမျိုးကို ခင်ဗျားတို့ရဲ့နိုင်ငံရေးပြိုင်ဘက်တွေနဲ့ မီဒီယာတွေက အသုံးချသွားနိုင်တယ်။ ဒီလိုလူငယ်အဖွဲ့အစည်းရဲ့မိခင်ပါတီနဲ့ လျော့လျော့ရဲရဲဆက်ဆံရေးကြောင့် ရွေးကောက်ပွဲကမ်ပိန်းဖော်ဆောင်နေတဲ့ကာလမှာလိုအပ်တဲ့ လူငယ်လုပ်အားပေးအဖွဲ့ဝင်တွေကို မိခင်ပါတီကဆုံးရှုံးနိုင်တယ်။

## မိခင်ပါတီမရှိတဲ့ လူငယ်အဖွဲ့အစည်းများ

ဒီလိုအဖွဲ့အစည်းမျိုးမှာ မိခင်ပါတီနဲ့ဆက်စပ်စရာမလိုဘဲ ကိုယ်ပိုင်ရပ်တည်နိုင်တယ်။ နိုင်ငံအတော်များများမှာ ဒီလိုအဖွဲ့အစည်းမျိုးကိုတွေ့နိုင်တယ်။ တချို့အဖွဲ့အစည်းတွေဟာ နိုင်ငံရေးပါတီတွေရဲ့အဖွဲ့ခွဲလေးတွေဖြစ်တယ်။ ဒါပေမဲ့ စိတ်အားထက်သန်တဲ့လူငယ်တွေက လွတ်လွတ်လပ်လပ်ဖွဲ့စည်းတည်ထောင်ထားတဲ့ အဖွဲ့လည်းဖြစ်တယ်။ အဲဒီလိုလူငယ်တွေဟာ နိုင်ငံရေးပါတီတွေနဲ့ ဆက်နွှယ်မှုမရှိကြဘူး။ ဒါပေမဲ့သတ်မှတ်ထားတဲ့ နိုင်ငံရေးရည်မှန်းချက်တွေရှိကြတယ်။

နိုင်ငံရေးပါတီတွေကနေ ခွဲထွက်သွားတဲ့ ဂျော်ဂျီယာ၊ ရုရှားနဲ့အဇာဘိုင်ဂျန်နိုင်ငံတွေက လွတ်လပ်တဲ့လူငယ်အဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး ဥပမာထုတ်ပြမယ်။ မိခင်ပါတီနဲ့ လူငယ်အဖွဲ့အစည်းကြားမှာ ပြဿနာဖြစ်လာရင် အဲသလိုခွဲထွက်မှုတွေရှိတယ်။ ဒီလိုအဖွဲ့အစည်းတွေအတွက် ကိုယ်ပိုင်ရပ်တည်ဖို့ဆိုတာခက်ခဲတယ်။ ဒါကြောင့် သူတို့ရဲ့ရပ်တည်မှုအတွက် ကြိုးစားအားထုတ်နေကြတာကို ခင်ဗျားတို့တွေ့နိုင်တယ်။ အဲဒီလိုအဖွဲ့အစည်းမျိုးဟာ ပြုပြင်ပြောင်းလဲနေတဲ့အဖွဲ့အစည်းမျိုးဖြစ်တယ်။ အဲလိုအဖွဲ့အစည်းမျိုးဟာ တစ်ခါတစ်လေမှာ နိုင်ငံရေးပါတီအဖြစ်ပြောင်းလဲသွားတယ်။ တစ်ခါတစ်လေမှာ မိခင်ပါတီနဲ့ပြန်လည်ပေါင်းစည်းသွားပြီး တစ်ခါတစ်လေမှာတော့ တခြားပါတီအသစ်တစ်ခုနဲ့ပေါင်းစည်းသွားတယ်။

ဘီလာရုစ်နိုင်ငံက Zur ၊ ယူကရိန်းနိုင်ငံက PORA ၊ ဂျော်ဂျီယာနိုင်ငံက KMARA နဲ့ ဆားဗီးယားနိုင်ငံက OTPOR စတဲ့ လူငယ်အဖွဲ့အစည်းတွေရှိတယ်။ အဲဒီအဖွဲ့အစည်းတွေဟာ လက်ရှိနိုင်ငံရေး

အာဏာပိုင်တွေကိုတိုက်ခိုက်ပြီး ဒီမိုကရေစီဖော်ဆောင်ဖို့အတွက် တိုက်ပွဲဝင်နေကြတဲ့ အဖွဲ့အစည်းတွေဖြစ်တယ်။ ဒီအဖွဲ့အစည်းတွေဟာ အဓိပ္ပါယ်အဟောင်းအရ လူငယ်အဖွဲ့အစည်းလို့ပြောလို့မရဘူး။ ဒါပေမဲ့ သူတို့မှာ တိကျတဲ့နိုင်ငံရေးပန်းတိုင်တွေရှိတယ်။ သူတို့ရဲ့နိုင်ငံရေးပန်းတိုင်တွေကိုရရှိအောင်မြင်ဖို့ ပြိုင်ဘက်နိုင်ငံရေးပါတီတွေ၊ တခြားလူငယ်အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်တယ်။ OTPOR၊ KMARA နဲ့ PORA တို့ဟာ အရေးကြီးတဲ့အင်အားစုတွေ၊ အောင်မြင်တဲ့အင်အားစုတွေဖြစ်တယ်။ ဒီအဖွဲ့တွေဟာယုံကြည်ချက်ရှိပြီး ပြတ်သားတဲ့ရည်ရွယ်ချက်နဲ့ ခက်ခဲတဲ့အခြေအနေတွေမှာတောင် မတူကွဲပြားတဲ့နိုင်ငံရေးဆွဲဆောင်မှုတွေနဲ့ လူငယ်တွေကို စုစည်းနိုင်ခဲ့ကြတယ်။ သူတို့ရဲ့ရည်မှန်းချက်အောင်မြင်တဲ့အခါမှာ အဖွဲ့မရှိတော့ဘူး။ တချို့အဖွဲ့ဝင်တွေဟာ တခြားပါတီတွေကိုရောက်သွားကြတယ်။ တချို့တွေကျတော့ OTPOR ၊ PORA အဖွဲ့တွေကို နိုင်ငံရေးပါတီတွေအဖြစ်ပြောင်းလဲဖို့ကြိုးစားကြတယ်။ ဒါဟာ ကျဆုံးမှုတစ်ခုပဲ ကိုယ့်ရဲ့ရန်သူတွေပြိုကွဲစမှာပဲ ကိုယ့်ရဲ့လှုပ်ရှားမှုဟာ ပြိုပျက်သွားတယ်။

ဒီအခန်းမှာ ကျွန်တော်တို့ဟာ လူငယ်ပါတီအမျိုးအစားမျိုးစုံကို ဆွေးနွေးခဲ့ကြတယ်။ အဖွဲ့အစည်းတော်တော်များများဟာ အမျိုးအစားမျိုးစုံရောနှောနေတဲ့အဖွဲ့အစည်းတွေဖြစ်တယ်။ အဲဒီအဖွဲ့အစည်းတွေဟာ သူတို့အဖွဲ့အစည်းကိုကိုယ်တိုင်ပုံဖော်ကြတယ်။ ကျွန်တော်တို့ဟာ လူငယ်တွေနဲ့အထူးသဖြင့်နှစ်တိုင်းအရေးကြီးကိစ္စတွေ တစ်မျိုးပြီးတစ်မျိုးပြောင်းနေတဲ့လုပ်အားပေးတွေနဲ့ဆက်ဆံနေကြရတာဖြစ်တယ်။

## နိုင်ငံရေးထဲကအမျိုးသမီးများ

ထုံးတမ်းအစဉ်အလာအားဖြင့် ဆိုရှယ်ဒီမိုကရက်နဲ့ ဆိုရှယ်လစ်ပါတီတွေဟာ အမျိုးသမီးတွေနိုင်ငံရေးမှာ ပိုပြီးပါဝင်မှုရှိလာအောင်လုပ်ကြတယ်။ တစ်ကမ္ဘာလုံးမှာ အမျိုသမီးတွေဟာ နိုင်ငံရေးနဲ့နေ့စဉ်ဘဝမှာ



သူတို့ရဲ့အစွမ်းအစတွေကို အပြင့်ဆုံးဖော်ထုတ်နိုင်ခွင့်ဆုံးရှုံးနေကြတယ်။ ၂၀၀၇ ခုနှစ်မှာ တစ်ကမ္ဘာလုံးက လွှတ်တော်တွေကိုကြည့်လိုက်ရင် အမျိုးသမီး ၁၈ % ပဲရှိတယ်ဆိုတာကိုတွေ့ရမယ်။ အမျိုးသမီးတွေနိုင်ငံရေးမှာပါဝင်ခြင်း၊ အမျိုးသမီးတွေအပေါ်အကြမ်းဖက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းစတဲ့ပြဿနာတွေကို ဆွေးနွေးငြင်းခုံနေတဲ့နိုင်ငံတွေရှိနေတယ်။ အဲသလိုဆွေးနွေးငြင်းခုံမှုကိုကန့်ကွက်တဲ့ နိုင်ငံတွေလည်းရှိနေတယ်။

### အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုအတွက် အဟန့်အတားများ

အောက်မှာပါတဲ့အချက်အလက်တွေဟာ သုတေသနကဖော်ပြထားတဲ့ အမျိုးသမီးတွေ နိုင်ငံရေးမှာပါဝင်ဖို့အတွက် တားဆီးထားတဲ့အဟန့်အတားတွေဖြစ်တယ်။

- နိုင်ငံရေးအချက်များ – ပါတီတွင်းမှာအထောက်အပံ့မရခြင်း၊ တခြားအန်ဂျီအိုတွေ၊ အမျိုးသမီးအဖွဲ့အစည်းတွေနဲ့ပေါင်းဖက်နိုင်မှုမရှိခြင်း၊ ပညာသင်ကြားခွင့်မရှိခြင်းနဲ့ မဲပေးခွင့်မရှိခြင်း။
- လူမှုစီးပွားရေးအချက်များ – ဆင်းရဲမွဲတေမှု၊ စာမတတ်မြောက်မှု၊ အိမ်မှုကိစ္စတွေနဲ့ အလုပ်အကိုင်ကြောင့်ဖိအားဖြစ်ခြင်း။
- ယဉ်ကျေးမှုအချက် – ထုံးတမ်းဓလေ့စံသတ်မှတ်ချက်၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိခြင်း၊ နိုင်ငံရေးဆိုင်ရာ အနုတ်သဘောဆောင်ပုံရိပ်၊ မီဒီယာမှာပါဝင်နိုင်မှု။

လူမှုလိုင်ညီမျှမှုအတွက် ဆန့်ကျင်တိုက်ပွဲဝင်နေတဲ့ အခန်းကဏ္ဍမှာ နိုင်ငံရေးပါတီတွေနဲ့ အမျိုးသမီးအဖွဲ့အစည်းတွေဟာ အရေးကြီးတဲ့နေရာမှာရှိတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံရေးပါတီတွေဟာ အမျိုးသားတွေကို ဦးစားပေးချင်ကြတယ်။ ကမ္ဘာပေါ်ကပါတီခေါင်းဆောင် ၁၁ % သာ အမျိုးသမီးခေါင်းဆောင်တွေဖြစ်တယ်။ နိုင်ငံအများစုမှာတော့ လွှတ်တော်ရွေးကောက်ပွဲအတွက်အမတ်ရွေးတဲ့ပါတီတွေဟာ ဂိတ်စောင့်အလုပ်အတွက်လောက်ပဲရည်ရွယ်ထားတဲ့ပုံပေါ်နေတယ်။

ဒါကြောင့် လူငယ်တွေလိုပဲ အမျိုးသမီးတွေဟာ နိုင်ငံရေးပါတီ

တွေနဲ့ အမှီအခိုကင်းကင်းသူတို့ဘာသာ ဖွဲ့စည်းလုပ်ဆောင်ဖို့လိုတယ်။ အမျိုးသမီးတွေမှာ သူတို့ကာကွယ်ရမယ့် အကျိုးစီးပွားတွေရှိတယ်။ အဲဒီ အကျိုးစီးပွားတွေကို ပါတီတွေက သိပ်ပြီးအာရုံစိုက်တင်ပြမှုမရှိကြဘူး။

## ကိုယ်ပိုင်အစီအစဉ်

ပါတီပြင်ပမှာ ကိုယ်ပိုင်အဖွဲ့ဖွဲ့ဖို့ လူတစ်စုကဆုံးဖြတ်တယ်။ အကြောင်းကတော့ သူတို့မှာ သူတို့ကာကွယ်ရမယ့်အကျိုးစီးပွားတွေရှိနေလို့ပဲ။ အကျိုးစီးပွားဆိုတာကတော့ လူ့အဖွဲ့အစည်းထဲက ပစ်မှတ်အုပ်စုတွေရဲ့ သီးသန့်ပြဿနာတွေနဲ့အနေအထားတွေပဲဖြစ်တယ်။ ဒါပေမဲ့ အမျိုးသမီးအဖွဲ့အစည်းတွေဟာ အမျိုးသမီးတွေရဲ့ပြဿနာကိုပဲ အာရုံစိုက်တယ်လို့ဆိုချင်တာမဟုတ်ဘူး။ နယ်ပယ်အမျိုးမျိုးမှာရှိတဲ့ ကွဲပြားခြားနားတဲ့ပေါ်လစီတွေအပေါ် ဩဇာလွှမ်းမိုးမှုလည်းရချင်ကြတယ်။

ကိုယ်ပိုင်အစီအစဉ်တွေထဲမှာ အောက်ကအချက်အလက်တွေ ပါသင့်တယ်။

– ဒီပြဿနာနဲ့ပတ်သက်လို့ ဘာလုပ်နိုင်သလဲဆိုတဲ့ ပြဿနာရဲ့ အဖြေကိုရှာရမယ်။

– ပြဿနာကိုအဖွဲ့အစည်းက ဘယ်လိုတိတိကျကျဖြေရှင်းမလဲဆိုတဲ့ ဖြေရှင်းမှုမျိုးကိုရရှိဖို့ အဖွဲ့အစည်းကလုပ်ဆောင်ရမယ်။ အဲဒီပြဿနာနဲ့ ပတ်သက်လို့ အခုလောလောဆယ်ဘာလုပ်နိုင်မလဲ။ အကောင်အထည်ဖော်ဖို့အချိန်တန်ပြီလား၊ အချိန်များစောနေသေးသလား။ အဲသလိုမေးခွန်းမျိုး ကမေးတဲ့ အဓိကအချက်တွေကို အစီအစဉ်ထဲမှာ မှန်မှန်ကန်ကန်ထည့်သွင်းရမယ်။

– ဘယ်သူတွေကိုငါတို့ကူညီကြမလဲဆိုတဲ့ ချမှတ်ထားတဲ့ ဖြေရှင်းမှုကနေရလာတဲ့ အကျိုးအမြတ်တွေကို တိကျတဲ့ပစ်မှတ်အုပ်စုတွေဖွဲ့ရမယ်။

– အဲဒီပစ်မှတ်အုပ်စုတွေကို ဘယ်မှာရှာမလဲ။ သူတို့တွေကလည်း ခင်ဗျားတို့ရဲ့ပါဝင်ပတ်သက်မှုကိုလက်ခံရဲ့လား စတဲ့မေးခွန်းတွေအတွက် အဖွဲ့အစည်းဟာ ပစ်မှတ်အုပ်စုတွေဆီရောက်ဖို့ ကြိုးစားရမယ်။



အစီအစဉ်ချပြီးတဲ့အခါမှာ အဲဒီအစီအစဉ်ကိုအဖွဲ့အစည်းအတွက် လူထုထဲကိုရောက်အောင်ဖြန့်ရမယ်။

## ဥပမာ – ဟော်လန်၏ 'အမျိုးသမီးနီများ'

၁၉၉၅ ခုနှစ်အထိ နယ်သာလန်နိုင်ငံမှာ PvdA ကဖွဲ့ထားတဲ့ 'အမျိုးသမီးနီများ' လို့ခေါ်တဲ့အဖွဲ့အစည်းတစ်ခုပဲရှိတယ်။ အဲဒီအဖွဲ့အစည်းဟာ ပါတီနဲ့ ပါတီပြင်ပကအမျိုးသမီးတွေရဲ့အကျိုးစီးပွားအတွက် ခုခံတောင်းဆိုခဲ့တယ်။ ၁၉၉၅ ခုနှစ်မှာ အဲဒီအဖွဲ့ကို ပါတီအဖြစ်ပြောင်းလဲပစ်လိုက်တယ်။ အကြောင်းရင်းကတော့ အဖွဲ့ဝင်သစ်မရှိတော့လို့ပဲဖြစ်တယ်။ ပါတီတွင်းကလူငယ်အမျိုးသမီးတွေဟာ သူတို့ဘာသာလူမှုလိင်ညီမျှမှုအတွက် တိုက်ပွဲဝင်ချင်စိတ် လျော့နည်းလာလို့ပဲဖြစ်တယ်။ ပါတီအတွင်းမှာ အမျိုးသားတွေနဲ့အတူတူ လုပ်ကိုင်ဆောင်ရွက်လိုစိတ်မရှိဘူး။ သူတို့တွေဟာ နိုင်ငံရေးပင်မရေစီးထဲမှာ တက်တက်ကြွကြွလှုပ်ရှားချင်စိတ်ရှိကြတယ်။ 'အမျိုးသမီးနီများ' အဖွဲ့အစည်းဟာ အတွင်းပိုင်းကို အာရုံစိုက်မှုသိပ်များတယ်လို့ ဝေဖန်ခံရတယ်။ ဒါ့အပြင်ကျန်ခဲ့တဲ့ဆယ်စုနှစ်တွေက အမျိုးသမီးဝါဒီတွေ ရယူဖို့ဦးတည်ထားတဲ့ရည်မှန်းချက်တွေဟာ အခုအချိန်မှာ ရရှိသွားပြီ။ ဒါကြောင့် ဆက်လက်တိုက်ပွဲဝင်ဖို့မလိုတော့ဘူးဆိုပြီး ခံစားလာကြရတယ်။ ဒီအချက်ဟာ ပါတီတွင်းကသီးခြားအမျိုးသမီးအဖွဲ့အစည်းအတွက် အားနည်းချက်တွေဖြစ်လာစေတယ်။ သူ့ရဲ့ဩဇာလွှမ်းမိုးမှုလျော့နည်းသွားတယ်။

ဒါပေမဲ့ PvdA နဲ့လူ့အဖွဲ့အစည်းအတွင်းမှာ ဒီလှုပ်ရှားရန်းကန်မှု ဆုံးခန်းတိုင်သွားတာကိုကစောလွန်းနေတယ်။ ၂၀၀၈ ခုနှစ်နယ်သာလန်နိုင်ငံမှာ အမျိုးသမီးတွေဟာ နိုင်ငံရေးအတွင်းပါဝင်မှုမှာ သိပ်ပြီးနည်းပါးနေသေးတယ်။ ၂၀၀၆ ခုနှစ်ရွေးကောက်ပွဲပြီးတဲ့နောက် မြို့ကောင်စီမှာ အမျိုးသမီးပါဝင်မှုရာခိုင်နှုန်း ၂၆ % ပဲရှိတယ်။ ဒေသန္တရအဆင့် အုပ်ချုပ်ရေးရာထူးမှာ ဒီရာခိုင်နှုန်းဟာ ၂၀ % ထက်လျော့နည်းနေတယ်။

ဒီကိစ္စဟာ အာရုံစိုက်ရမယ့်ကိစ္စပဲဖြစ်တယ်။ PvdA ဟာ အမျိုးသမီးအဖွဲ့အစည်းနှစ်ခုနဲ့ဆက်သွယ်ပြီးအလုပ်လုပ်ခဲ့တယ်။ အဲဒီအဖွဲ့နှစ်ခု

ကတော့ PvdA Women's Network (PWN) နဲ့ Multi-Ethnic Women's Network (MEW) ပဲဖြစ်တယ်။ PWN ကို ၂၀၀၁ ခုနှစ်မှာဖွဲ့စည်းခဲ့တယ်။ ဒီအဖွဲ့ဟာ ကျားမညီမျှမှုကိစ္စကိုစိတ်ဝင်စားတဲ့ PvdA အမျိုးသမီးအဖွဲ့ဝင်တွေအားလုံးပါဝင်တဲ့ကွန်ယက်ဖြစ်တယ်။ ဒီအဖွဲ့ဟာ နိုင်ငံရေးမှာ အမျိုးသမီးတွေအရေအတွက်များများပါဝင်လာနိုင်အောင် လှုပ်ရှားခဲ့တယ်။ လက်ရှိနိုင်ငံရေးကိစ္စတွေနဲ့ပတ်သက်တဲ့ ကျားမခွဲခြားမှုကို ထောက်ပြခဲ့တယ်။ ပြီးတဲ့အခါမှာ သူတို့ရဲ့ကိုယ်ပိုင်အမြင်တွေကို ချပြခဲ့တယ်။ PWN ဟာ နှစ်ပတ်လည် PvdA အမျိုးသမီးများနေ့လို နိုင်ငံတော်အဆင့်ပွဲတွေကိုကျင်းပတယ်။ အဲဒီပွဲဟာ နိုင်ငံရေးမှာ ပိုပြီးတက်တက်ကြွကြွပါဝင်လာမယ့် အမျိုးသမီးတွေကိုထောက်ပံ့ပေးတယ်။ MEW ကိုတော့ ၁၉၉၆ ခုနှစ်မှာ ဖွဲ့စည်းတယ်။ ဒီအဖွဲ့ဟာ လူနည်းစုလူမျိုးများပြဿနာအပေါ်အထူးကိုင်တွယ်တဲ့ အမျိုးသမီးအဖွဲ့အစည်းဖြစ်တယ်။ အဲဒီအဖွဲ့ထဲမှာ အမျိုးသမီးဒုက္ခသည်တွေ၊ အမျိုးသမီးရွှေ့ပြောင်းနေထိုင်သူတွေရဲ့ အခန်းကဏ္ဍကိုအာရုံစိုက်တယ်။ ဒါ့အပြင်နိုင်ငံရေးဆိုင်ရာပါဝင်မှုကို ပိုပြီးနီးနီးကပ်ကပ်ရနိုင်ဖို့ ဒေသဆိုင်ရာအမျိုးသမီးကွန်ရက်တွေအထိရောက်ရှိဖို့ကိုလည်း ပိုမိုလုပ်ဆောင်တယ်။

ဒီအဖွဲ့အစည်းတွေဟာ သူတို့ပစ်မှတ်အုပ်စုရဲ့နယ်နိမိတ်အလွန်ထိ အာရုံစိုက်ကြတာဟာ အရေးကြီးတယ်။ နေရာတိုင်းကနေ ထောက်ခံမှုရဖို့အရေးကြီးတယ်။ တကယ်လို့ရလဒ်တွေရရှိလာမယ့် မဟာမိတ်ကွန်ယက်တွေကိုပိုမိုတိုးချဲ့မယ်ဆိုရင် ခင်ဗျားတို့ရဲ့အဖွဲ့ဟာ ပါတီတွင်းမှာပဲ ဆွဲဆောင်မှုကောင်းပြီး ဩဇာညောင်းတဲ့ လက်နက်တစ်ခုအလိုလိုဖြစ်လာလိမ့်မယ်။ ခင်ဗျားတို့ရဲ့ပါဝါဟာ ခင်ဗျားတို့ရဲ့ပရိသတ်အင်အားပေါ်မှာထက် ခင်ဗျားတို့ရဲ့မဟာမိတ်ပေါ်မှာပိုပြီးအခြေခံထားတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ မဟာမိတ်တွေကတော့ အမျိုးသားတွေပဲဖြစ်တယ်။

## မဟာဗျူဟာ

မဟာဗျူဟာပုံဖော်ခြင်းကို တခြားအခန်းမှာပြောခဲ့ပြီးပြီ။ ဒီအခန်းမှာပါတဲ့ မဟာဗျူဟာပုံဖော်ခြင်းကတော့ အမျိုးသမီးအဖွဲ့ဖွဲ့စည်းဖို့အတွက်ပဲဖြစ်တယ်။ အခုပြောမယ့်မဟာဗျူဟာတွေကတော့ အမျိုးသမီးအဖွဲ့အစည်းတွေဖွဲ့စည်းပုံနဲ့ပတ်သက်တယ်။



အမျိုးသမီးတွေနိုင်ငံရေးမှာ ပါဝင်ခြင်းနဲ့ပတ်သက်ပြီး စံသတ်မှတ်ထားတဲ့မဟာဗျူဟာမရှိဘူး။ နိုင်ငံအလိုက်ကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးအဆက်အစပ်တွေဟာ ထိရောက်တဲ့ကိရိယာတန်ဆာပလာတွေဖြစ်လာနိုင်တယ်။ ဥပမာ ဂျော်ဒန်နိုင်ငံမှာဆိုရင် အမျိုးသမီးလှုပ်ရှားမှုအောင်မြင်ဖို့အတွက် တော်ဝင်မိသားစု (မင်းသား ဘာစမာနဲ့ ဘုရင်မရာနီးယား) နဲ့ မဟာမိတ်ပြုခဲ့တယ်။ ဆွီဒင်နိုင်ငံမှာဆိုရင် နိုင်ငံရေးပါတီတွေနဲ့ပေါင်းပြီး အမျိုးသမီးတွေဟာ ဩဇာကြီးမားလာတယ်။ ဆွီဒင်ပါတီခေါင်းဆောင်တွေဟာ အမျိုးသမီးဝါဒီဖြစ်ရတာကို ဂုဏ်ယူကြတယ်။ ဂျော်ဒန်နိုင်ငံမှာဆိုရင် အမျိုးသမီးဝါဒီဆိုတဲ့စကားလုံးမှာ (အနောက်တိုင်းအခြေပြုခြင်း၊ အမျိုးသားများကို မုန်းတီးခြင်း၊ လိင်တပ်မက်ခြင်း၊ ရန်လိုခြင်း) စတဲ့အနုတ်သဘောဆောင်အဓိပ္ပါယ်တွေရှိနေတုန်းပဲ။

အမျိုးသမီးတွေရဲ့ဩဇာလွှမ်းမိုးမှုတိုးတက်လာဖို့အတွက် နိုင်ငံရေးပါတီတွေနဲ့ အမျိုးသမီးအဖွဲ့အစည်းတွေ မဟာမိတ်ပြုတဲ့အခါမှာ သုံးရမယ့် မဟာဗျူဟာတချို့ကိုဖော်ပြထားတယ်။

– ပြင်ပမဟာမိတ်များကိုမြှင့်တင်ပါ။ ဖြေရှင်းမှုရဲ့သဘောသဘာဝပေါ်မူတည်ပြီး ခင်ဗျားတို့ဟာ ကြိုးစားရုန်းကန်ကြတယ်။ ဒါကြောင့် ဖြစ်နိုင်ခြေမဟာမိတ်တွေကို စာရင်းပြုစုပါ။ တကယ်လို့ မဟာမိတ်တွေကခင်ဗျားတို့တင်ပြတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကူညီပေးချင်တဲ့ဆန္ဒရှိတာကိုမြင်ရင် အကူအညီတောင်းပါ။ အဲဒီအတွက် မဟာမိတ်တွေနဲ့ဆက်ဆံမှုရှိဖို့လိုတယ်။ သတိထားရမယ့်တစ်ချက်က သူတို့ပါဝင်လာဖို့ ခင်ဗျားတို့မပြောခင်မှာ မဟာမိတ်တွေဟာ အချက်အလက်တွေပြုစုခြင်း၊ အယူအဆတွေပြုစုခြင်း၊ ပါဝင်မှုအတွက် ဖန်တီးခြင်းစတာတွေကို လုပ်ကိုင်ထားရမယ်။ ပစ်မှတ်တစ်ခုအတွက် နောက်ဆုံးသဘောတူညီမှုကတော့ဆွေးနွေးညှိနှိုင်းခြင်းပဲဖြစ်တယ်။ ဒါကိုဆွေးနွေးညှိနှိုင်းခြင်းနဲ့ ဆက်သွယ်ရေးအခန်းမှာ ကြည့်နိုင်

တယ်။ အမျိုးသားတွေဟာ ပါဝါပြင်းတဲ့မဟာမိတ်တွေဆိုတာကိုတော့ မမေ့သင့်ဘူး။

– နိုင်ငံရေးမှာပါဝင်မှုရဲ့အရေးကြီးတဲ့ အခန်းကဏ္ဍအကြောင်းကို အသိ ရဖို့ပြုလုပ်ခြင်း၊ အန်ဂျီအိုတွေ နာမည်ကြီးတဲ့သူတွေနဲ့အတူတူ ဒီအတွက် ကမ်ပိန်းဖော်ဆောင်ခြင်းဟာ ဒီပြဿနာကိုပိုပြီး မြင်နိုင်အောင်လုပ်ပေးတယ်။ ဒါ့အပြင်ပြည်သူတွေရဲ့ထောက်ခံမှုကိုလည်း ရနိုင်တယ်။

– ဖြစ်နိုင်ခြေရှိတဲ့အမျိုးသမီးလွှတ်တော်အမတ်တွေကို ပျိုးထောင်ခြင်း၊ ကင်းထောက်ခြင်း၊ သင်တန်းပေးခြင်း၊ ကွန်ရက်ပွဲများပြုလုပ်ခြင်းစတာတွေဟာ အမျိုးသမီးတွေရဲ့အရည်သွေးတွေတိုးမြင့်ဖွံ့ဖြိုးလာအောင် နိုးဆွပေးတယ်။

– နိုင်ငံရေးနယ်ပယ်မှာ အမျိုးသမီးတွေပါဝင်လာနိုင်ဖို့အတွက်ကူညီတဲ့ အတိုင်းအတာစံသတ်မှတ်ချက်တွေနဲ့ပတ်သက်ပြီး ကမ်ပိန်းဖော်ဆောင်ခြင်း၊ နိုင်ငံတွေမှာ ကျားမအခွင့်အရေးခွဲဝေမှုရှိတယ်။ အဲဒီခွဲဝေမှုဟာ နိုင်ငံရေးအတွင်းပါဝင်လာမှုနဲ့ ကိုယ်စားပြုခြင်းတွေကိုတိုးမြှင့်ပေးတယ်။ တခြားနိုင်ငံတွေမှာ မိသားစုနဲ့ပတ်သက်တဲ့ ဥပဒေပြုပြင်မှုတွေလုပ်ကြတယ်။ အဲဒီလုပ်ရပ်ကြောင့် လူ့အဖွဲ့အစည်းထဲကအမျိုးသမီးတွေရဲ့ အဆင့်အတန်းမြင့်မလားလာတယ်။

– အမျိုးသမီးတွေနိုင်ငံရေးမှာ ပါဝင်တာနဲ့ပတ်သက်ပြီး အချက်အလက်စုဆောင်းခြင်း၊ သုတေသနပြုလုပ်ခြင်း။ အဲဒီလိုပြုလုပ်ခြင်းကြောင့် ပိုပြီးနက်ရှိုင်းတဲ့ အကျိုးဆက်တွေ၊ လမ်းကြောင်းတွေကိုမြင်နိုင်မယ့် အမြင်တွေကိုရရှိနိုင်တယ်။

– ကျားမညီမျှမှုကိစ္စကို ပင်မရေစီးကြောင်းထဲရောက်အောင်လုပ်ခြင်း။ ကျားမညီမျှမှုကိစ္စကိုသီးခြားပြဿနာတစ်ခုအဖြစ်မကိုင်တွယ်ပါနဲ့။ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာစတဲ့ ပိုမိုကျယ်ပြန့်တဲ့နယ်ပယ်တွေနဲ့ချိတ်ဆက်ပြီး အငြင်းအခုံပြုလုပ်ပါ။ အဲသလိုပြုလုပ်မှ တခြားသောအရေးကြီးတဲ့ပြဿနာတွေနဲ့ချိတ်ဆက်နိုင်မှာဖြစ်ပြီး ထောက်ခံမှုပိုမိုရရှိလိမ့်



မယ်။

အမျိုးသမီးအဖွဲ့အစည်းတော်တော်များများဟာ ပါတီပေါ်မှီခိုနေရတယ်ဆိုပြီး ခံစားနေကြရတယ်။ တကယ်တော့ ဒါဟာ တခြားကိစ္စတစ်ခုဖြစ်တယ်။ မဲပေးသူတွေကိုစည်းရုံးချင်တဲ့ ခေတ်သစ်ပါတီတွေဟာ အမျိုးသမီး တွေကိုအခြေခံကြရတယ်။ အထူးသဖြင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီတွေပဲဖြစ်တယ်။ အထူးသဖြင့်ဒီပါတီတွေဟာ လူမှုလုံခြုံမှုနဲ့စီးပွားရေးကိုတည်ငြိမ်အောင်ပေါင်းစပ်လုပ်ကိုင်တဲ့အခါမှာ အမျိုးသမီးတွေဆီကနေမဲတွေရလာတယ်။

### လေ့ကျင့်ခန်းများ

သင်တန်းသားတွေကို အုပ်စုခွဲပါ။ အမျိုးသမီးအဖွဲ့အစည်းအတွက် ဘယ်အရာတွေက အဓိကလိုအပ်ချက်လဲဆိုတာကိုစဉ်းစားခိုင်းပါ။ ရည်မှန်းချက်ပန်းတိုင်တွေဖော်ထုတ်ခိုင်းပါ။ ပြီးတဲ့ အခါမှာ မဟာဗျူဟာအခန်းမှာပြောထားတဲ့လိုအပ်ချက်တွေနဲ့ ကိုက်ညီသလား၊ မကိုက်ညီဘူးလားဆိုတာကိုကြည့်ပါ။

သင်တန်းသားတွေကို အမျိုးသမီးအဖွဲ့အစည်းနဲ့ပတ်သက်တဲ့ SWOT ခွဲခြမ်းစိတ်စစ်မှုလုပ်ခိုင်းပါ။

အမျိုးသမီးအဖွဲ့အစည်းရဲ့ ပစ်မှတ်အုပ်စုအကြောင်းသင်တန်းသားတွေကို ဆွေးနွေးခိုင်းပါ။

ဘာကြောင့်ပါတီအတွက် ဒီလိုပစ်မှတ်အုပ်စုတွေဟာ အရေးကြီးသလဲဆိုတဲ့အကြောင်းရှင်းပြပါ။ ပစ်မှတ်အုပ်စုတွေအတွက် စာပိုဒ်ကလေးတွေနဲ့ လှုပ်ရှားမှုကလေးတွေကိုဖန်တီးခိုင်းပါ။

## ကမ်ပိန်းဖော်ဆောင်ဖို့ ဖွဲ့စည်းခြင်း

ရွေးကောက်ပွဲတွေမရှိတဲ့အချိန်မှာ ပါတီရဲ့အဖွဲ့အစည်းအကြောင်းအထက်မှာဖော်ပြခဲ့တဲ့အချက်တွေဟာ ယုတ္တိရှိတယ်။ ရွေးကောက်ပွဲအတွက်

ကမ်ပိန်းလုပ်ဖို့ အဖွဲ့အစည်းဟာ အကြီးအကျယ်အားစိုက်ထုတ်ရတယ်။ ကမ်ပိန်းတစ်ခုအောင်အောင်မြင်မြင်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမတိုင်ခင်မှာ အနည်းဆုံးတစ်နှစ်ကြိုပြီး ကမ်ပိန်းအဖွဲ့တစ်ခုစပြီးဖွဲ့သင့်တယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး အခြေခံချဉ်းကပ်နည်းနှစ်နည်းရှိတယ်။ ပထမတစ်နည်းကတော့ အဖွဲ့အစည်းအတွင်းက လွတ်လွတ်လပ်လပ်လှုပ်ရှားနေတဲ့အဖွဲ့အစည်းတစ်ခုကို တည်ထောင်ရမယ်။ ဒါကိုစစ်ပွဲအခန်းပုံစံလို့ခေါ်တယ်။ ဒီအဖွဲ့ကိုဌာနတစ်ခုလုံးကတာဝန်ယူရမယ်။ တစ်ခါတစ်လေတစ်ဖွဲ့လုံးအတွက်နေရာထိုင်ခင်းပေးရမယ်။ အဖွဲ့အစည်းဟာ လက်ရှိရှိနေတဲ့အဖွဲ့အစည်းထဲက အတော်ဆုံးလူတွေကို ရွေးချယ်ခန့်အပ်ရမယ်။ အပြင်ဘက်က ကျွမ်းကျင်သူတွေကိုလည်း ငှားရမ်းရမယ်။ အလုပ်သင်တွေနဲ့လုပ်အားပေးတွေကိုလည်း ခန့်အပ်ရမယ်။ ကြိုးကြိုးစားစားအလုပ်လုပ်ပါ။ အချိန်တအားကုန်တဲ့ အစည်းအဝေးပွဲတွေကိုလျှော့ချပါ။ ဒီလိုအဖွဲ့အစည်းဆိုင်ရာပုံစံဟာ ကြီးမားတဲ့မိသားစုနဲ့မတူဘူး။ ဆိုလိုတဲ့အဓိပ္ပါယ်က ဝေဖန်မှုတွေကို အတွင်းထဲမှာပဲပိတ်ထားပြီး အချင်းချင်းသစ္စာရှိတဲ့ မိသားစုမျိုးကိုဆိုလိုတာဖြစ်တယ်။ အဲသလိုမိသားစုမျိုးဟာ အပြင်လောကရဲ့အမြင်မှာ အပေါင်းလက္ခဏာဆောင်နိုင်တယ်။ အဓိကဆိုးကျိုးကတော့ အဲသလိုအဖွဲ့အစည်းမျိုးဟာ သစ်လွင်တဲ့အယူအဆတွေနဲ့ အသုံးကျတဲ့ဝေဖန်မှုတွေကိုဝင်မလာနိုင်အောင် ပိတ်ထားတဲ့အဖွဲ့အစည်းမျိုးဖြစ်တယ်။ အဲသလိုအဖွဲ့ရဲ့အတွင်းစွမ်းအားတွေဟာ အမြင်ကျဉ်းမှုအဖြစ်ပေါ်ထွက်လာတတ်တယ်။ ပါတီထဲက တခြားလူတွေဟာ ကမ်ပိန်းဖော်ဆောင်မှုရဲ့ပြင်ပကို ဖယ်ထုတ်ခံထားရတယ်လို့ ခံစားလာရတယ်။ နိဂုံးချုပ်ပြောရရင် ဒါဟာ ငွေကြေးကုန်ကျတဲ့ချဉ်းကပ်နည်းမျိုးဖြစ်တယ်။

ဒုတိယချဉ်းကပ်နည်းကတော့ ကမ်ပိန်းထဲမှာ လက်ရှိရှိနေတဲ့အဖွဲ့အစည်းကိုပါဝင်ဆောင်ရွက်စေခြင်းပဲဖြစ်တယ်။ အဲလိုဆောင်ရွက်တဲ့နေရာမှာ ပြင်ပကတချို့သောအကူအညီတွေကိုယူရမယ်။ ဆိုးကျိုးကတော့ ကမ်ပိန်းအတွက်တာဝန်ယူထားတဲ့သူတွေမှာ တခြားတာဝန်တွေရှိနေတဲ့အချက်ပဲဖြစ်တယ်။ အဲသလိုယူထားတဲ့အတွက် အကျိုးအမြတ်ပဋိပက္ခဖြစ်



လာနိုင်တယ်။ ကမ်ပိန်းဖော်ဆောင်နေတဲ့အချိန်မှာ ခါတိုင်းထက်ဆယ်ဆလောက်ပိုပြီးတော့အလုပ်လုပ်ရတယ်။ ပါတီတစ်ခုမှာ ဒီမိုကရေစီဆန်တဲ့တည်ဆောက်ပုံရှိတတ်တယ်။ ဒါပေမဲ့ကမ်ပိန်းထဲမှာတော့ ရှင်းလင်းပြတ်သားတဲ့ အမိန့်နာခံမှုတွေရှိရမယ်။ လုံးဝရှောင်ကြဉ်ရမယ့်အရာကတော့ လက်ရှိအဖွဲ့အစည်းရဲ့ဆွေးနွေးပွဲယဉ်ကျေးမှုပဲဖြစ်တယ်။ အဲဒီဆွေးနွေးပွဲတွေကဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်ဟာ ဗြူရိုကရက်ဆန်တယ်။ ရလဒ်ပေါ်လာဖို့နှေးကွေးတယ်။

နောက်ထပ်တတိယနည်းတစ်ခုကတော့ ပထမနည်းလမ်းနှစ်ခုကိုရောထားတဲ့ နည်းတစ်ခုပဲဖြစ်တယ်။ စစ်အခန်းလက်ရှိအဖွဲ့အစည်းထဲမှာပဲတည်ဆောက်ထားတယ်။ သူ့ရဲ့စရိုက်လက္ခဏာတွေကတော့ အပေါ်မှာဖော်ပြထားတဲ့အတိုင်းပဲ။ မြန်မြန်ဆန်ဆန်ဆုံးဖြတ်ချက်ချနိုင်တဲ့အစီအစဉ်တွေ၊ အမိန့်ပေးခြင်းတွေရှိတယ်။ ဆွေးနွေးမှုကို အကန့်အသတ်နဲ့ပဲ ပေးလုပ်တယ်။ ရာထူးကြီးတဲ့သူတွေကို ကမ်ပိန်းပတ်ဝန်းကျင်ထဲမှာ ပါဝင်လာအောင်ကြိုးစားရမယ်။ အကျိုးကျေးဇူးကတော့ ပါတီထဲကအဖွဲ့ဝင်အများစုကို ဖယ်ထုတ်မထားတဲ့အချက်ပဲဖြစ်တယ်။ ခင်ဗျားတို့ဟာ အတူတကွနေထိုင်အလုပ်လုပ်ကြတယ်။ ဒါကြောင့်ပါတီဝင်တွေအားလုံးဟာ ပါဝင်လုပ်ကိုင်နေကြရတယ်လို့ ခံစားမိကြရလိမ့်မယ်။ ဒီနည်းလမ်းကြောင့် လူသားအရင်းအမြစ်စွမ်းအားပိုရနိုင်တယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်မှာလည်းပါတီအတွက်အကျိုးရှိနိုင်တဲ့ ပါဝင်ဆောင်ရွက်မှုမျိုးကိုလည်းဖန်တီးနိုင်တယ်။

## ကမ်ပိန်းအဖွဲ့

ကမ်ပိန်းဆိုတာ အုပ်စုတစ်စုရဲ့ စုပေါင်းကြိုးပမ်းအားထုတ်မှုပဲဖြစ်တယ်။ ဒါကြောင့်မို့လို့ကမ်ပိန်းအဖွဲ့ချောချောမွေ့မွေ့လုပ်ဆောင်နိုင်ဖို့အရေးကြီးတယ်။ ကမ်ပိန်းအဖွဲ့ထဲမှာ လူသုံးယောက်၊ ဒါမှမဟုတ် လူဆယ်ယောက်ပါနိုင်တယ်။ ဒါပေမဲ့ ကမ်ပိန်းအဖွဲ့အတွက် ဘယ်လိုအရွယ်အစားရှိရမယ်ဆိုတာတော့ သတ်မှတ်မထားဘူး။ ပါတီတစ်ခုချင်းစီကိုလိုက်ပြီးသူတို့ရဲ့နည်းဗျူဟာဆိုင်ရာကြံဆပုံတွေပေါ်မှာ မူတည်တယ်။ ဒါ့အပြင်

ပါတီအရွယ်အစား လူတွေရဲ့ကျွမ်းကျင်မှုနဲ့အသိပညာ ရရှိထားတဲ့အချိန်ပမာဏ၊ နိုင်ငံရေးဆိုင်ရာရွေးချယ်မှု၊ မြို့တွေ၊ နယ်တွေ၊ နိုင်ငံတွေရဲ့အရွယ်အစားပေါ်မှာလည်းမူတည်တယ်။ ဒါပေမဲ့ ကမ်ပိန်းအဖွဲ့တစ်ခုမှာ အနည်းဆုံးလူသုံးယောက်တော့ပါရမယ်။ သူတို့တွေကတော့ ကမ်ပိန်းစုစည်းကြီးကြပ်သူ၊ နိုင်ငံရေးခေါင်းဆောင်နဲ့ ဆက်သွယ်ရေးတာဝန်ခံတို့ပဲဖြစ်တယ်။ ဒီအခြေခံအမြင်ထဲမှာ ကမ်ပိန်းစုစည်းကြီးကြပ်သူဟာ အခရာဖြစ်တယ်။

## ကမ်ပိန်းအဖွဲ့အတွက် အခြေအနေများ

တကယ်လို့အဖွဲ့ဝင်အားလုံးဟာ အတူတကွလုပ်ဆောင်နိုင်မယ်လို့ခံစားရရင်၊ တကယ့်အသင်းစိတ်ဓာတ်ရှိခဲ့မယ်ဆိုရင် ကမ်ပိန်းအဖွဲ့ဟာ ကောင်းကောင်းမွန်မွန်လှုပ်ရှားလည်ပတ်နိုင်မယ်။ ပြောခဲ့တဲ့အချက်တွေရဖို့အတွက် အသုံးပြုမယ့်နည်းလမ်းတွေကို ကြိုတင်သဘောတူညီမှုရဖို့အရေးကြီးတယ်။ ဒါ့အပြင်လူတစ်ယောက်ချင်းစီတိုင်းကနေ ဘယ်လိုအရာတွေကိုမျှော်လင့်ထားလဲဆိုတာကို တိတိကျကျသိဖို့လိုတယ်။ အဖွဲ့ဝင်တွေရဲ့ ကိုယ်ရည်ကိုယ်သွေးကိုလည်း အလေးထားပါ။ (ဘယ်အရာတွေက စိတ်ညစ်ညူးမှုဖြစ်ပေါ်စေသလဲ။ ဘယ်သူဟာ ဘယ်နေရာနဲ့သင့်တော်သလဲ။ ဘယ်လိုအခြေအနေမှာ လူတွေကိုတင်းအားလျော့အောင် ဟာသပြောရမလဲ။) တစ်ယောက်ယောက်ကသူတို့ရဲ့စိုးရိမ်သောကတွေ သူတို့ရဲ့စိတ်အားထက်သန်မှုတွေကိုရှင်းလင်းပြောပြပါစေ၊ ပါတီနဲ့ကမ်ပိန်းအတွင်းမှာ ကြိုးစားလုပ်ကိုင်ဖို့ ဘယ်အရာတွေကသူတို့ကိုတွန်းအားပေးသလဲ။

ကမ်ပိန်းထဲမှာ အတွေ့အကြုံရှိတဲ့လူဟောင်းတွေပါဝင်ရမယ်။ ဒါပေမဲ့ (လူငယ်တွေ၊ ဒါမှမဟုတ် လူနည်းစုလူ့အဖွဲ့အစည်းကလာတဲ့လူတွေ) စတဲ့ အရည်အသွေးရှိတဲ့ လူသစ်တွေကိုလည်းနေရာပေးရမယ်။ ကမ်ပိန်းအဖွဲ့အတွက် ကြီးမားတဲ့ထောက်ပံ့မှုတွေကိုရရှိအောင်ကြိုးပမ်းရမယ်။ ရွေးကောက်ပွဲဆိုတာ ပါတီရဲ့လှုပ်ရှားမှုတွေထဲမှာပါတဲ့ ပါတီမိသားစုတွေရဲ့အုပ်စုငယ်ကလေးတွေပြင်ပကလူတွေကို ပါဝင်လာနိုင်အောင်ကြိုးစားနိုင်တဲ့အခွင့်အရေးရှိတယ်။ နောက်ဆုံးအချက်အနေနဲ့ အဖွဲ့အစည်းအတွင်းမှာ



ပဲ ကမ်ပိန်းအဖွဲ့ကို အဆင့်အတန်းတစ်ခုပေးအပ်ဖို့အရေးကြီးတယ်။ အကျိုးအမြတ်ကြောင့် အဲဒီအဖွဲ့ဟာ လမ်းလွဲမသွားဖို့လုံလောက်တဲ့ ဘဏ္ဍာငွေဖြည့်ဆည်းပေးရမယ်။ အဲသလိုဖြည့်ဆည်းပေးမှသာ ရွေးကောက်ပွဲမှာအောင်မြင်နိုင်မှာဖြစ်တယ်။

# ကမ်ပိန်းအဖွဲ့နဲ့သက်ဆိုင်သောအမြင်များ

## နိုင်ငံရေးဆိုင်ရာခေါင်းဆောင်မှု

ပါတီခေါင်းဆာင်ဟာလည်း ကမ်ပိန်းအဖွဲ့ကိုဦးဆောင်တယ်။ သူဟာ ကမ်ပိန်းအဖွဲ့ရဲ့အစီအစဉ်ရေးဆွဲသူအပိုင်းမှာ တာဝန်ယူထားတယ်။ ဒါ့အပြင်မဟာဗျူဟာနဲ့ပတ်သက်လို့လည်း ပြောရေးဆိုခွင့်ရှိတယ်။ ကမ်ပိန်းမှာ အဲဒီမဟာဗျူဟာကိုအကောင်အထည်ဖော်ဖို့ အကောင်းဆုံးနည်းလမ်းတွေကို ကမ်ပိန်းအဖွဲ့ဝင်တွေကသူ့ကိုအကြံပေးနိုင်တယ်။ ကမ်ပိန်းမန်နေဂျာဟာ အဓိကအားဖြင့် နောက်ကွယ်ကနေအလုပ်လုပ်တယ်ဆိုပေမယ့် နိုင်ငံရေးခေါင်းဆောင်ကတော့ အမြဲတမ်းအပြင်ထွက်ပြီး အလုပ်လုပ်ရတယ်။ ကမ်ပိန်းဖော်ဆောင်နေတဲ့ကာလမှာ သူဟာ လူတွေကြားကပုံရိပ်တစ်ခုဖြစ်နေလိမ့်မယ်။

## ကမ်ပိန်းကိုစီမံခန့်ခွဲမှု

ကမ်ပိန်းမန်နေဂျာ၊ ဒါမှမဟုတ် ကမ်ပိန်းစီစဉ်ကြီးကြပ်သူဟာ ကမ်ပိန်းအဖွဲ့မှာ အဓိကကျတဲ့သူဖြစ်တယ်။ သူဟာ အောက်မှာတွေ့ရမယ့်အတိုင်းပဲ ကမ်ပိန်းအစီအစဉ်နဲ့အဖွဲ့ဝင်တွေ တစ်သားတည်းကျနေအောင်တာဝန်ယူရတဲ့သူဖြစ်တယ်။ အဲသလိုလုပ်နိုင်ဖို့အတွက် သူဟာ သီးသန့်တာဝန်တွေကိုယူထားတဲ့အဖွဲ့ဝင်တွေနဲ့ ပူးပေါင်းအလုပ်လုပ်ကိုင်ရတယ်။ ကမ်ပိန်းမန်နေဂျာဟာ ပါတီခေါင်းဆောင်မှု လွှတ်တော်အမတ်တွေနဲ့ ကမ်ပိန်းအဖွဲ့ကြားမှာ ဆက်စပ်လှုပ်ရှားရတယ်။ သူတို့တွေဟာ ကမ်ပိန်းအဖွဲ့အစည်းအဝေးပွဲတွေကို ဦးစီးကျင်းပတယ်။ ရွေးကောက်ပွဲပြီးသွားတဲ့အခါမှာ သုံးသပ်

မှုတွေပြုလုပ်ကြတယ်။

## ကမ်ပိန်းသုတေသနနဲ့ မဟာဗျူဟာ

ကောင်းမွန်တဲ့ကမ်ပိန်းတစ်ခုကိုမဖော်ဆောင်နိုင်ခင်မှာ သုတေသနလုပ်ဖို့လိုတယ်။ အဲဒီသုတေသနထဲမှာ ကမ်ပိန်းမဟာဗျူဟာရေးဆွဲနိုင်ဖို့အတွက်လိုအပ်တဲ့အချက်အလက်အားလုံးကို ထည့်သွင်းရေးဆွဲရမယ်။ အဲဒီအချက်တွေထဲမှာ ရနိုင်တဲ့မီဒီယာတွေ၊ အဖွဲ့ဝင်တွေထဲကနေ ရနိုင်တဲ့အရည်အသွေးတွေ၊ ပါတီကွန်ရက်တွေ၊ ဖြစ်ပျက်နေတဲ့ပြဿနာတွေ၊ ကျန်ခဲ့တဲ့ရွေးကောက်ပွဲကာလတုန်းက ပါတီနဲ့သူ့ရဲ့ပြိုင်ဘက်တွေ ဘယ်လိုလုပ်ဆောင်ခဲ့သလဲဆိုတဲ့ အချက်တွေ၊ သူတို့မျှော်မှန်းထားတဲ့ ရွေးကောက်ပွဲအနေအထားတွေ စတဲ့အရာတွေပါဝင်တယ်။ ကမ်ပိန်းသုတေသနဆိုတာကမ်ပိန်းအစီအစဉ်မရေးဆွဲခင်မှာ ကြိုတင်ပြုလုပ်ရတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။

## ပြိုင်ဆိုင်မှုကိုစောင့်ကြည့်ခြင်း

အဖွဲ့ရဲ့တခြားတာဝန်တစ်ခုကတော့ ပြိုင်ဘက်တွေရဲ့အချက်အလက်တွေကို တတ်နိုင်သမျှစုဆောင်းရယူခြင်းပဲဖြစ်တယ်။ ပြိုင်ဘက်တွေရဲ့ဝဘ်ဆိုက်၊ အမြင်၊ ရွေးကောက်ပွဲအစီအစဉ်တွေ၊ မဲပေးတဲ့အပြုအမူတွေ၊ အစီအစဉ်ချမှတ်ထားမှုတွေ၊ ပြည်သူတွေဆီထုတ်ပြန်တဲ့ထုတ်ပြန်မှုတွေ စတဲ့အရာအားလုံးကိုထည့်သွင်းစဉ်းစားရမယ်။ ဒီအချက်အလက်တွေကိုကိုင်ဆွဲပြီး ပြိုင်ဘက်တွေနဲ့စကားစစ်ထိုးတဲ့အခါမှာ သူတို့ကိုချောင်ပိတ်မိသွားအောင်လုပ်လို့ရတယ်။ သူတို့ရဲ့အမြင်တွေကိုတိုက်ခိုက်လို့ရတယ်။ ဒါ့အပြင်ကမ်ပိန်းကာလအတွင်းမှာ ဘယ်လိုတိုက်ခိုက်မှုမျိုးကြုံလာရနိုင်သလဲဆိုတာကိုမျှော်လင့်နိုင်ဖို့ ခင်ဗျားတို့ရဲ့ပြိုင်ဘက်ကလည်း ခင်ဗျားတို့ကို စူးစမ်းနေမယ်ဆိုတာ မျှော်လင့်ထားပါ။



## လျှင်မြန်တဲ့တုန့်ပြန်မှုနဲ့ မီဒီယာစောင့်ကြည့်မှု

မီဒီယာတွေထဲမှာ ဘာတွေ ဖြစ်ပျက်နေသလဲဆိုတာကိုသိဖို့ ဒီအလုပ်ကိုအဖွဲ့အတွင်းမှာလုပ်ရမယ်။ ပြိုင်ဘက်တွေကထုတ်ပြန်တဲ့ ပြည်သူတွေဆီထုတ်ပြန်ချက်တွေကို ချက်ချင်းလေ့လာရမယ်။ ပြီးတဲ့အခါမှာ သင့်တင့်တဲ့နေရာကနေ တုန့်ပြန်ရမယ်။ ဒီအလုပ်ကိုလုပ်မယ့်လူတွေဟာ ၂၄ နာရီပတ်လုံးတီဗီကြည့်ရမယ်။ ရေဒီယိုနားထောင်ရမယ်။ သတင်းစာတွေဖတ်နေရမယ်။ အင်တာနက်မှာအမြဲတမ်းစူးစမ်းပြီး သတင်းရှာဖွေရမယ်။ ဒီလူတွေဟာ စကားစစ်ထိုးပွဲမှာ ပြိုင်ဘက်ကိုချောင်ပိတ်မိနိုင်မယ့်၊ ပြိုင်ဘက်ကိုထိုးနှက်နိုင်မယ့် အချက်အလက်တွေကိုရှာဖွေသင့်တယ်။

## စာနယ်ဇင်းတွေနဲ့ချိတ်ဆက်ဆောင်ရွက်ခြင်း

ကမ်ပိန်းရဲ့အောင်မြင်မှုဟာ ပါတီရဲ့မီဒီယာပုံရိပ်ပေးမှာလည်းမူတည်တယ်။ မဲထည့်သူတွေဟာ ရွေးကောက်ပွဲအစီအစဉ်မှာ ဖော်ပြထားတဲ့အမြင်တွေကြောင့် လမ်းလွဲသွားနိုင်တယ်။ ဒါ့အပြင်အဲဒီအစီအစဉ်တွေကိုဂရုမစိုက်မိလို့လည်း လမ်းလွဲသွားနိုင်ခြေရှိတယ်။ ပါတီဟာသူတို့ရဲ့ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်းဆက်သွယ်ဖြန့်ချိပေးနိုင်သလား၊ သူတို့ရဲ့ရပ်တည်ချက်အပေါ်မှာ ယုံကြည်ရဲ့လား၊ သူတို့ပေးချင်တဲ့သတင်းစကားဟာရှင်းလင်းရဲ့လား၊ သာမန်ပြည်သူတွေရဲ့အယူအဆတွေကိုရော ပါတီကလက်ခံစဉ်းစားပေးသလား၊ ပါတီရဲ့ပုံရိပ်ကိုအထူးသဖြင့် မီဒီယာကဖန်တီးပေးတာဖြစ်တယ်။ ဒီကိစ္စကိုထိန်းချုပ်ဖို့အတွက် ခင်ဗျားတို့ရဲ့အနေအထားကိုသေသေချာချာလေ့လာသုံးသပ်ဖို့အရေးကြီးတယ်။ ဒါ့အပြင်အတွင်းပဋိပက္ခတွေ၊ ဒါမှမဟုတ်ပဋိပက္ခတွေဖြစ်ပျက်နေတဲ့အချိန်မှာတောင် မီဒီယာကိုရင်ဆိုင်ဖို့ ပေါင်းစည်းထားတဲ့အဖွဲ့အစည်းတစ်ခုကိုတည်ထောင်ရမယ်။ ဒါကြောင့်ခင်ဗျားတို့ဟာ စာနယ်ဇင်းနဲ့ဆက်သွယ်လုပ်ကိုင်နိုင်မယ့် လူတစ်ယောက်ကိုခန့်အပ်ရမယ်။ ဒါမှမဟုတ် စာနယ်ဇင်းနဲ့ဆက်သွယ်ထားတဲ့ တခြားပါတီဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ထားရမယ်။

## ဆက်သွယ်ဆောင်ရွက်မှုအတွက် နည်းလမ်းများ

ကမ်ပိန်းထဲမှာ သတင်းစကားတွေကိုပျံ့နှံ့သွားအောင်လုပ်ပေးနိုင်တဲ့အရာတွေရှိဖို့လိုတယ်။ အဲသလိုလုပ်ဖို့အတွက် ရွေးကောက်ပွဲအစီအစဉ်တွေကိုအကျဉ်းချုပ်ရေးပြီး လက်ကမ်းစာစောင်ဖြန့်ဝေတာ၊ ဒါမှမဟုတ် စိတ်ဝင်စားဖို့ကောင်းတဲ့ပစ္စည်းလေးတွေပေးတာ၊ ကမ်ပိန်းနဲ့ပတ်သက်တဲ့ သတင်းလွှာ၊ မေးခွန်းတွေနဲ့ဝဘ်ဆိုဒ်ကနေတဆင့်ဖြန့်ချိတာ စတာတွေကို လုပ်နိုင်တယ်။ ဒါတွေအားလုံးဟာ ဆက်သွယ်ဆောင်ရွက်မှုအတွက် အသုံးဝင်တဲ့နည်းလမ်းတွေဖြစ်တယ်။ ဒါပေမဲ့ ခင်ဗျားတို့ပေးမယ့်သတင်းစကားနဲ့ ခင်ဗျားတို့သတင်းစကားကိုသယ်ဆောင်မယ့်အရာတွေဟာ ရှေ့နောက်ညီညွတ်ဖို့တော့လိုတယ်။ ကမ်ပိန်းဖော်ဆောင်နေတဲ့ကာလအတွင်း ခင်ဗျားတို့ရဲ့ သတင်းစကားတွေ ရှေ့နောက်ညီညွတ်လား၊ မညီညွတ်ဘူးလားဆိုတာကိုစောင့်ကြည့်ဖို့အတွက်လူတစ်ယောက်ကိုခန့်အပ်သင့်တယ်။ အဲဒီလူဟာ တီဗီနဲ့ရေဒီယိုကကြော်ငြာတွေ၊ ဝဘ်ဆိုဒ်၊ ရွေးကောက်ပွဲအစီအစဉ်တွေ၊ ညီညွတ်မျှတတဲ့ စတိုင်တွေ၊ ထုတ်ကုန်ထုပ်ပိုးမှုကို ကြီးကြပ်ခြင်းစတဲ့ နည်းစနစ်အားလုံးကို အသုံးပြုဖို့ အဲဒီလူကိုခွင့်ပြုထားရမယ်။ ဒါတွေနဲ့ ပတ်သက်ပြီးနည်းပညာအထောက်အပံ့ရဖို့ အပြင်ဘက်ကအရင်းအမြစ်ကို အသုံးပြုရမယ်။

## မီဒီယာသစ်

မီဒီယာသစ်ထဲမှာ အင်တာနက်၊ စာသားသတင်းစကားပို့ခြင်း၊ အင်တာနက်မှဖြန့်ဝေဖြင်း၊ ဖေ့ဘုတ်လိုလူမှုကွန်ယက်၊ ဒစ်ဂျစ်တယ်တီဗီ၊ You Tube ၊ ဘလော့ခ် စတာတွေပါတယ်။ ဒီနည်းလမ်းတွေအားလုံးကိုသုံးပြီး ပါတီဟာ သူတို့ရဲ့သတင်းစကားအားလုံးကိုဖြန့်ချိလို့ရတယ်။ အရင်ကထုံးတမ်းစဉ်လာ ဆက်သွယ်ရေးနည်းစနစ်တွေနဲ့ အခုဖော်ပြထားတဲ့နည်းစနစ်တွေကြားမှာ လုံးဝကွာခြားမှုရှိတယ်။ ဒါကြောင့် မီဒီယာသစ်အတွက်အဖွဲ့လေးတစ်ခုဖွဲ့ခြင်းကိုသေသေချာချာစဉ်းစားသင့်တယ်။



## လှုပ်ရှားမှုများနဲ့ပွဲများ

ရွေးကောက်ပွဲကမ်ပိန်းဖော်ဆောင်နေတဲ့ကာလမှာ လှုပ်ရှားမှုတွေနဲ့ပွဲတွေကိုစီစဉ်ရမယ်။ နိုင်ငံရေးဆိုင်ရာပွဲတွေကို လှုပ်လှုပ်ရှားရှားဖြစ်တဲ့နေရာတွေမှာ မူတည်ပြီး စီစဉ်ရမှာဖြစ်လို့ ကွဲပြားခြားနားမှုရှိနိုင်တယ်။ ကမ်ပိန်းအဖွဲ့ဝင်ဟာ ဒီလိုလှုပ်ရှားမှုတွေနဲ့ပွဲတွေကိုစီစဉ်ဖို့တာဝန်ယူရမယ်။ တစ်ဖွဲ့လုံးကိုတော့ လုပ်အားပေးတွေကပဲလုပ်ရမှာဖြစ်တယ်။ ဒီလှုပ်ရှားမှုတွေကိုစီစဉ်ကြီးကြပ်တဲ့သူတွေဟာ ပွဲသစ်တွေအတွက်လိုအပ်တဲ့ အစီအစဉ်တွေကိုဖော်ဆောင်ရတယ်။ သူတို့ရဲ့အဖွဲ့အစည်းနဲ့ပေါင်းစပ်အလုပ်လုပ်ရတယ်။ လုပ်အားပေးတွေကြားမှာ ဆက်သွယ်ဆောင်ရွက်ရတယ်။ ဒေသဆိုင်ရာ နိုင်ငံရေးသမားတွေနဲ့ကမ်ပိန်းအဖွဲ့ကြားမှာ ဆက်သွယ်ဆောင်ရွက်ရတယ်။ ဆက်သွယ်ရေးကိုတာဝန်ယူထားတဲ့ ကမ်ပိန်းအဖွဲ့ဝင်နဲ့ ဘယ်လိုဘယ်ပုံလူထုကြားမှာကျင်းပမယ့်ပွဲဟာ ပေါ်လွင်ထင်ရှားနိုင်မလဲဆိုတာကို ဆွေးနွေးရတယ်။ ပွဲတွေအတွက် စည်ပင်ခွင့်ပြုချက်ကိုလည်း တောင်းခံရတယ်။ အဲဒီပွဲတွေမှာ နိုင်ငံရေးသမားတွေပါဝင်နိုင်ဖို့လုပ်ဆောင်ခြင်းဟာလည်းဒီအဖွဲ့ရဲ့ တာဝန်တစ်ခုဖြစ်တယ်။

## ပစ်မှတ်အုပ်စုများ

ကမ်ပိန်းရဲ့အစိတ်အပိုင်းအများစုဟာ လူငယ်တွေ၊ ပင်စင်စားတွေနဲ့ လူနည်းစုတွေလို သီးသန့်ပစ်မှတ်အုပ်စုတွေကို ချိန်ရွယ်ထားရတယ်။ ပစ်မှတ်အုပ်စု ကမ်ပိန်းဖော်ဆောင်ဖို့အဖွဲ့ဝင်တစ်ယောက်ကို ကမ်ပိန်းအဖွဲ့ကခန့်အပ်နိုင်တယ်။ အဲဒီလူဟာ ပစ်မှတ်အုပ်စုနဲ့ဆက်နွှယ်နေတဲ့လူဖြစ်ချင်လည်းဖြစ်မယ်၊ မဖြစ်လည်းပြဿနာမရှိဘူး။ သူဟာ ဆက်သွယ်ရေးတာဝန်ခံကမ်ပိန်းအဖွဲ့ဝင်၊ လှုပ်ရှားမှုစီစဉ်ကြီးကြပ်သူနဲ့ နီးနီးကပ်ကပ်ဆက်သွယ်အလုပ်လုပ်ရတယ်။ တကယ်လို့ ပစ်မှတ်အုပ်စုကို အထူးဂရုစိုက်ဖို့လိုတယ်ဆိုရင် သူဟာ အဲဒီပစ်မှတ်အုပ်စုအတွက် သီးသန့်ပြုလုပ်ထားတဲ့ လက်ကမ်းစာစောင်တွေကိုလုပ်ရမယ်။ လှုပ်ရှားမှုတွေကိုစီစဉ်ရမယ်။ အဲဒီထဲမှာ ရွေးကောက်ပွဲအမတ်လောင်းတွေပါဝင်ရမယ်။ ဒီပစ်မှတ်အုပ်စုရဲ့ ကိုယ်စား

လှယ်တွေ၊ ထင်ရှားတဲ့အဖွဲ့အစည်းတွေကိုလည်း ချိတ်ဆက်ရမယ်။

**လုပ်အားပေးများ**

(မဲပေးသူတွေဟာ ရွေးကောက်ပွဲအတွက် တစ်ခုတည်းသော အဓိပ္ပါယ်ပဲဖြစ်တယ်။) ဒါကြောင့်မဲပေးတဲ့နေရာမှာ အပြတ်အသတ်ကွာခြားဖို့အရေးကြီးတယ်။ မဲပေးသူတွေများများရနိုင်ဖို့ ကြိုးစားစည်းရုံးဖို့လိုတယ်။ အဲဒီလိုလုပ်ဖို့အတွက် နိုင်ငံတော်အဆင့်လုပ်အားပေးကွန်ရက်တွေကိုဖွဲ့စည်းပြီးလုပ်ဆောင်တာဟာ ကောင်းမွန်တဲ့နည်းလမ်းတစ်ခုဖြစ်တယ်။ ဒေသဆိုင်ရာလုပ်အားပေးတွေကို စည်းရုံးနိုင်တဲ့ ကမ်ပိန်းအဖွဲ့အတွက်အကြံဉာဏ်တွေကိုပေးနိုင်တဲ့ ဒေသဆိုင်ရာ စီစဉ်ကြီးကြပ်သူတွေလိုလူမျိုးတွေကို ချိတ်ဆက်နိုင်ဖို့ကြိုးစားပါ။

**ဘဏ္ဍာရေး**

ဘဏ္ဍာရေးမရှိရင် ကမ်ပိန်းဖော်ဆောင်ဖို့ မဖြစ်နိုင်ဘူး။ ကမ်ပိန်းအတွက်အခြေခံလုပ်ဆောင်မှုတွေမှာတောင် ငွေကြေးကိုသုံးစွဲရတယ်။ ကမ်ပိန်းအစီအစဉ်ရေးဆွဲခြင်းဟာ ရရှိနိုင်တဲ့နည်းလမ်းတွေအပေါ်မှာ အများကြီးမူတည်တယ်။ ဒါကြောင့် ဘဏ္ဍာရေးကြီးကြပ်ဖို့အတွက် ကမ်ပိန်းအဖွဲ့ဝင်တစ်ယောက်ကိုခန့်ထားသင့်တယ်။ အဲဒီလူဟာ ကမ်ပိန်းဘဏ္ဍာရေးကိုစီမံခန့်ခွဲလိမ့်မယ်။ ကုန်ကျစရိတ်အားလုံးကိုတွက်ချက်ပြီးလိုအပ်ရင် ဘတ်ဂျက်ထပ်တောင်းနိုင်တယ်။ စာနဲ့ဒါမှမဟုတ် အီးမေးလ်နဲ့ဖြစ်ဖြစ် အဖွဲ့ဝင်တွေဆီကနေ တောင်းခံခြင်းဟာ အဲဒီလူအတွက်တာဝန်တစ်ခုဖြစ်တယ်။ အလုပ်တာဝန်ကျဉ်းမြောင်းနေတဲ့အခါမှာ ဘဏ္ဍာရေးစီမံခန့်ခွဲသူဟာ ကမ်ပိန်းကိုရှိထားတဲ့ ဘတ်ဂျက်ထက် ပိုမသုံးအောင်လိုက်ပြီးထိန်းချုပ်နေတဲ့သူတစ်ယောက်ဖြစ်သွားနိုင်တယ်။



**အတွင်းရေးမှူးရဲ့အကူအညီ၊ နည်းပညာဆိုင်ရာအကူအညီနဲ့ ဂရုတစိုက်စောင့်ကြည့်ခြင်း**

ကမ်ပိန်းမန်နေဂျာမှာ သူ့ရဲ့အစီအစဉ်တွေကိုအကောင်အထည်ဖော်ဖို့၊ ဆွေးနွေးပွဲတွေကို ကူညီဖို့ လက်ထောက်တစ်ယောက်လိုတယ်။ ဒါ့အပြင် အပြင်လောကနဲ့ဆက်သွယ်ဖို့အတွက်လည်း အဲဒီတစ်ယောက်ဟာ တံခါးမှူးဖြစ်နေရမယ်။ နည်းပညာဆိုင်ရာအကူအညီတွေကိုလည်း ဥပက္ခာမပြုထားသင့်ဘူး။ ဝဘ်ဆိုဒ်နဲ့ချိတ်ဆက်လို့မရဘူးဆိုရင်၊ ကွန်ပြူတာချွတ်ယွင်းနေတယ်ဆိုရင် မြန်မြန်ဆန်ဆန်ပြုပြင်ရမယ်။ နောက်ဆုံးအနေနဲ့ကမ်ပိန်းရဲ့ရွေ့စည်းမျဉ်းကိုပြောရမယ်ဆိုရင် အစားအသောက်နဲ့ရေ အလုံအလောက်ရှိနေဖို့ဆိုတဲ့အချက်ပဲဖြစ်တယ်။ ကမ်ပိန်းတစ်လျှောက်မှာ အဖွဲ့ဝင်တွေဟာ အချိန်အကြာကြီးအလုပ်လုပ်ကြရတယ်။ ဒါကြောင့်အစားအသောက်တွေကို သူတို့ကျန်းမာနေဖို့အတွက် ဖြည့်တင်းပေးထားရမယ်။

**လေ့ကျင့်ခန်းများ**

– ကမ်ပိန်းသင်တန်းတစ်လျှောက်မှာ ကမ်ပိန်းဖော်ဆောင်မယ့်နည်းလမ်းတွေကို လုပ်ဆောင်ခိုင်းပါ။ ကိုယ်ပိုင် ကမ်ပိန်းအဖွဲ့တွေကို ဒီဇိုင်းဆင်ခိုင်းဖို့ သင်တန်းသားတွေကိုခိုင်းပါ။ အဲဒီအတွက် SWOT ခွဲခြမ်းစိတ်ဖြာမှုကိုသုံးခိုင်းပါ။ အရေးကြီးတဲ့နယ်ပယ်တွေကိုလည်း ကိုင်တွယ်ခိုင်းပါ။ သူတို့ရဲ့အဖွဲ့အစည်းထဲက အားနည်းချက်အားသာချက်တွေကိုတွေ့တဲ့အခါမှာ အခြေအနေကောင်းမွန်လာဖို့အတွက် သူတို့ရဲ့မဟာဗျူဟာကိုပုံဖော်ခိုင်းပါ။

– ကမ်ပိန်းသင်တန်းတစ်လျှောက်မှာ ကမ်ပိန်းအဖွဲ့အစည်းအတွင်းလုပ်ဆောင်ရမယ့် ကွဲပြားခြားနားတဲ့တာဝန်တွေကို သင်တန်းသားတွေကိုပေးပါ။ ကမ်ပိန်းအဖွဲ့ထဲမှာ သူတို့တွေကို အလုပ်လုပ်ခိုင်းပါ။ အဲဒီကမ်ပိန်းအဖွဲ့ထဲမှာ အပြင်ကမ်ပိန်းလက်တွေ့ဘဝထဲက တာဝန်တွေအတိုင်းလေ့ကျင့်ခိုင်းပါ။ အဲဒီလေ့ကျင့်မှုထဲမှာ သတင်းစားရှင်းလင်းပွဲစီစဉ်ခိုင်းတာ၊ အရေးကြီးတဲ့မဟာဗျူဟာဆွေးနွေးပွဲတွေလုပ်ခိုင်းတာ၊ ဒါမှမဟုတ် ပဋိပက္ခအခြေအနေကိုဖြေရှင်းခိုင်းတဲ့ ဖြေရှင်းမှုတွေပါဝင်နေရမယ်။

# အခန်း - ၇
# ကမ်ပိန်းအစီအစဉ်

အောင်မြင်တဲ့ကမ်ပိန်းတစ်ခုဖြစ်ဖို့အတွက် ကောင်းမွန်တဲ့ကမ်ပိန်းအစီအစဉ်ဟာ အခရာကျတယ်။ ကမ်ပိန်းအစီအစဉ်မရှိဘူးဆိုရင် ခင်ဗျားတို့ဟာ ကမ်ပိန်းမဟာဗျူဟာကိုအကောင်အထည်ဖော်ဖို့ နိဒါန်းအစပျိုးဖို့ ကသောင်းကနင်းနဲ့အလုပ်လုပ်ကြရလိမ့်မယ်။ ယေဘုယျချမှတ်ထားတဲ့လမ်းညွှန်မှုမရှိရင် ကမ်ပိန်းနောက်ဆုံးကာလမှာသာဖြစ်နိုင်ခြေရှိတဲ့ အတွင်းပဋိပက္ခမျိုးဖြစ်ပေါ်လာနိုင်တယ်။ တစ်ဆင့်ပြီးတစ်ဆင့် ရေးဆွဲထားတဲ့အသေးစိတ်ကျတဲ့ကမ်ပိန်းအစီအစဉ်ဟာ ကမ်ပိန်းရဲ့တိုးတက်မှုကိုတိုင်းတာနိုင်တဲ့ပေတံတစ်ချောင်းဖြစ်တယ်။ အဲဒီအစီအစဉ်အတိုင်းလုပ်ဆောင်မယ်ဆိုရင် ခင်ဗျားတို့ဟာ ကြိုတင်ပြီးဖြစ်နိုင်ခြေရှိတဲ့ ပြဿနာတွေကိုခန့်မှန်းနိုင်လာလိမ့်မယ်။ အဲသလိုအစီအစဉ်ချခြင်းကြောင့် အစီအစဉ်တွေပြောင်းလဲမှုဖြစ်တဲ့အခါ အဲဒီပေါ်မှာလိုက်ပြီး ဆုံးဖြတ်ချက်ချမစရာမလိုတော့ဘူး။ အချိန်ကိုက်ဖြစ်တဲ့ ကောင်းကောင်းမွန်မွန် စဉ်းစားရေးဆွဲထားတဲ့အစီအစဉ်ဟာ ထင်မှတ်မထားတဲ့အဖြစ်အပျက်တွေကနေကာကွယ် နိုင်တယ်။ ဒေသန္တရသတင်းစာမှာ ကြော်ငြာဖို့နေရာမရှိတော့တာနဲ့ကြုံရမယ်ဆိုရင် (ကျွန်တော်ဝမ်းနည်းပါတယ်၊ သုံးပတ်လောက်ကြိုတင်ပြီးတော့မှ စာရင်းပေးထားသင့်တယ်။) အဲသလိုဖြစ်လာမယ်ဆိုရင်၊ ဒါမှမဟုတ် ကမ်ပိန်းအတွက်အချိန်မရှိတော့တဲ့ လုပ်အားပေးတွေနဲ့ကြုံတွေ့လာရမယ်ဆိုရင် ခင်ဗျားတို့အကျပ်တွေ့နိုင်တယ်။



## ရေးသားထားတဲ့ကမ်ပိန်းအစီအစဉ်

ကမ်ပိန်းအစီအစဉ်ဆိုတာ အဓိကပစ်မှတ်တွေကိုတင်ပြထားတဲ့ အနှစ်ချုပ်မှတ်တမ်းတစ်ခုဖြစ်တယ်။ အဲဒီထဲမှာ အချိန်ဇယား၊ ပစ်မှတ်၊ ကမ်ပိန်းဘတ်ဂျက်အကြမ်းတွေပါဝင်နေတယ်။ ကမ်ပိန်းကာလတစ်လျှောက်မှာ ဘာတွေလုပ်ရမလဲဆိုတာကို ကိုင်တွယ်ဖို့ ကမ်ပိန်းအစီအစဉ်ကညွှန်ပြတယ်။ ကြီးမားတဲ့စည်းရုံးလှုပ်ရှားမှုတွေကနေ ရွေးကောက်ပွဲပိုစတာပုံနှိပ်ဖို့အထိ အရာကိစ္စအားလုံးကို ကမ်ပိန်းအစီအစဉ်ထဲမှာဖော်ပြထားတယ်။ တကယ်တော့ ကမ်ပိန်းအစီအစဉ်ဆိုတာအရာအားလုံးကိုထိန်းချုပ်ထားဖို့ အတွက်မဟုတ်ဘူး။ ဖြစ်နိုင်ခြေတွေကို ပိတ်ပင်တားမြစ်မှုမရှိတဲ့ကမ်ပိန်းရဲ့နည်းလမ်းကိုအဲဒီအစီအစဉ်ကထောက်ပြရမယ်။ ကမ်ပိန်းအစီအစဉ်ကို ခင်ဗျားတို့အကောင်အထည်ဖော်နေစဉ်မှာ ပြုပြင်ညှိနှိုင်းမှုတွေလုပ်ဖို့လိုတယ်။ ကမ်ပိန်းအစီအစဉ်ထဲမှာ ဖော်ပြမထားတဲ့အဖြစ်အပျက်သစ်တွေကိုလည်း ထည့်သွင်းရမယ်။

ကမ်ပိန်းအစီအစဉ်တွေကို တတ်နိုင်သမျှရှည်အောင် (တိုအောင်) လည်း ရေးလို့ရတယ်။ ဒါပေမဲ့အောက်ကအချက်တွေကိုတော့ မပါမဖြစ်ပါအောင်ထည့်သွင်းရမယ်။

(၁) နိုင်ငံရေးဆက်စပ်အခြေအနေအကျဉ်းချုပ်

– ကျန်ခဲ့တဲ့ရွေးကောက်ပွဲတုန်းက တိုင်းပြည်မှာဘာတွေဖြစ်ပျက်ခဲ့သလဲ။

– အခုအချိန်မှာရော ဘယ်လိုအကြောင်းအရာတွေကိုလူပြောများနေသလဲ။ ဘယ်အကြောင်းအရာတွေကိုလည်း အနာဂတ်မှာလူပြောများလာဦးမလဲ။

– နိုင်ငံရေးအခြေအနေကရောဘယ်လိုအခြေအနေရှိလဲ။ ဘယ်သူတွေကရော ခင်ဗျားတို့ရဲ့အဓိကပြိုင်ဘက်လဲ။

(၂) ရွေးကောက်ပွဲမဟာဗျူဟာ

– ခင်ဗျားတို့ရဲ့ပန်းတိုင်ကဘာလဲ။ အဲဒီပန်းတိုင်ကိုရောက်ရှိအောင်မြင်ဖို့ခင်ဗျားတို့ဘယ်လိုလုပ်မလဲ။

– ခင်ဗျားတို့ရဲ့ အဓိကသတင်းစကားကဘာလဲ။ ဘယ်လိုပုံ

ရိုပ်မျိုးကိုခင်ဗျားတို့တင်ပြချင်သလဲ။

(၃) နည်းဗျူဟာများနဲ့လှုပ်ရှားမှုများ

– ပန်းတိုင်ကိုရောက်ရှိဖို့ ဘယ်လိုအစီအစဉ်တွေရေးဆွဲထားသလဲ။

– ဘယ်လိုအစီအစဉ်မျိုးကိုဖော်ဆောင်ဖို့လုပ်နေကြသလဲ။

– ခင်ဗျားတို့ရဲ့မဲပေးသူတွေဟာ ဘယ်မှာလဲ။ သူတို့ဆီကိုရောက်ရှိဖို့ ခင်ဗျားတို့ဘယ်လိုစီစဉ်ထားသလဲ။

– (ဥပမာ အလုပ်ရှိတဲ့လူ၊ အလုပ်မရှိတဲ့လူ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်နေတဲ့လူ၊ လူငယ်များ၊ ရွှေ့ပြောင်းအခြေချသူများ) စတဲ့သီးသန့်ပစ်မှတ်အုပ်စုတွေဆီရောက်အောင်ခင်ဗျားတို့ ဘယ်လိုစီစဉ်ထားသလဲ။

(၄) မီဒီယာနဲ့ဆက်သွယ်ရေးပစ္စည်းများ

– ဘယ်မီဒီယာကိုခင်ဗျားတို့သုံးဖို့ စီစဉ်ထားသလဲ။

– တခြားဘယ်လိုဆက်သွယ်ရေးနည်းလမ်းတွေကိုရောသုံးဖို့ စီစဉ်ထားသလဲ။

(၅) ဘဏ္ဍာရေး

– ခင်ဗျားတို့ရဲ့ဘတ်ဂျက်ကဘာလဲ။

– ဘတ်ဂျက်ကိုဘယ်လိုသုံးမလဲ။

– ဘဏ္ဍာငွေဘယ်လိုထပ်ရှာမလဲ။

(၆) အချိန်ဇယားနဲ့တာဝန်ခွဲဝေမှု

– ဘယ်အချိန်မှာ တာဝန်အမျိုးမျိုးကိုပြင်ဆင်ပြီးတင်ပြမလဲ။

– ဘယ်တာဝန်တွေကို ဘယ်သူကယူမလဲ။

## အချိန်ဇယားအကြမ်းဘယ်လိုဆွဲမလဲ

အောက်မှာ ကမ်ပိန်းအချိန်ဇယားတစ်ခုကိုပြထားတယ်။ အဓိကလုပ်ရမယ့်အချက်ကတော့ ခင်ဗျားတို့ကြိုတင်ပြီးလုပ်ရမယ့်အချက်ပဲဖြစ်တယ်။ နိုင်ငံတော် အဆင့်ကမ်ပိန်းအတွက် တစ်နှစ်လောက်ပဲအချိန်ယူပြင်ဆင်တာမလုံလောက်ဘူး။ ဒေသဆိုင်ရာကမ်ပိန်းအတွက်အနည်းဆုံး ခြောက်လအချိန်



ယူရမယ်။ ဖော်ပြထားတဲ့အချိန် ဇယားကိုကြည့်ခြင်းအားဖြင့် တစ်ပတ်ပြီးတစ်ပတ်၊ တစ်လပြီးတစ်လလုပ်ဆောင်စရာရှိတာကိုတွေ့နိုင်တယ်။ ကျွန်တော်အကြံပေးချင်တဲ့အချက်ကတော့ ကမ်ပိန်းကာလ တစ်လျှောက်လုံးအတွက် ပြက္ခဒိန်၊ ဒါမှမဟုတ် အစီအစဉ်ဆွဲထားသင့်တယ်။ အဲသလို လုပ်ခြင်းအားဖြင့် အရေးကြီးတဲ့အချက်တွေနဲ့ လှုပ်ရှားမှုတွေကို လွယ်လွယ်ကူကူ မြင်နိုင်တယ်။ ရွေးကောက်ပွဲနီးလာတဲ့အချိန်မှာ အစီအစဉ်တွေပိုပြီးတော့ အသေးစိတ်လာလိမ့်မယ်။ အရေးကြီးတဲ့အချက်အလက်တွေနဲ့ လှုပ်ရှားမှုတွေကို ရှင်းရှင်းလင်းလင်းနဲ့ လျှင်လျှင်မြန်မြန်မြင်နိုင်ဖို့အတွက် ရောင်စုံဒီဇိုင်းတွေနဲ့တစ်ခုစီခွဲပြီးပြုလုပ်ထားပါ။ အဲသလိုလုပ်ထားခြင်းအားဖြင့် သတ်မှတ်ထားတဲ့ပွဲတွေနဲ့ပတ်သက်ပြီး မိနစ်အလိုက်မြင်နိုင်တယ်။ ဒီလိုလုပ်ခြင်းဟာ စစ်တပ်မှာလုပ်တဲ့ပုံစံနဲ့တူတယ်။ အဲသလို အစီအစဉ်တွေဟာ ကမ်ပိန်းလှုပ်ရှားတဲ့အခါမှာ ညီညွတ်မှုကိုဖြစ်စေတယ်။ အလွယ်တကူ စစ်ဆေးကြည့်ရှုလို့ရတယ်။

## လေ့ကျင့်ခန်း

ကမ်ပိန်းအစီအစဉ်ဆွဲဖို့ သင်တန်းသားတွေကို အဖွဲ့လေးတွေဖွဲ့လိုက်ပါ။

– ကမ်ပိန်းရဲ့ပန်းတိုင်ကိုရရှိအောင်မြင်ဖို့ သူတို့စဉ်းစားထားတဲ့တာဝန်တွေကို ဘယ်သူတွေဆီ ဘယ်လိုပုံနဲ့ခွဲဝေပေးမလဲ။

– အချိန်ဇယားဆွဲခိုင်းပါ။ အချိန်ဇယားထဲမှာ ကမ်ပိန်းစတဲ့နေ့ကစပြီး ရွေးကောက်ပွဲစတဲ့နေ့အထိ အသေးစိတ်ခုနစ်တွေကိုရေးခိုင်းပါ။

သူတို့ရေးဆွဲပြီးသွားတဲ့အခါမှာ တစ်အုပ်စုလုံးပြန်လည်ဆွေးနွေးပါ။

## ဥပမာ – မြို့ကောင်စီရွေးကောက်ပွဲအတွက် **PvdA** ရဲ့ ခြောက်လစာ ဒေသဆိုင်ရာကမ်ပိန်းအချိန်ဇယား

လ–နံပါတ် (၁)
- ကမ်ပိန်းအသင်းဖွဲ့ပါ
- ကမ်ပိန်းအစည်းအဝေးပွဲများအတွက် ရက်များသတ်မှတ်ပါ
- အရင်ကကမ်ပိန်းမန်နေဂျာနဲ့တွေ့ဆုံပါ
- ကမ်ပိန်းအစီအစဉ်ဆွဲပါ

လ–နံပါတ် (၂)
- လစဉ်ကမ်ပိန်းဆွေးနွေးပွဲလုပ်ပါ
- ကမ်ပိန်းအဖွဲ့ဝင်တွေနဲ့ နေရပ်လိပ်စာတွေကိုစာရင်းပြုစုပါ
- ဘတ်ဂျက်ရှာပါ

လ–နံပါတ် (၃)
- လစဉ်ကမ်ပိန်းဆွေးနွေးပွဲလုပ်ပါ
- လုပ်အားပေးတွေကိုရှာပါ
- မဲပေးသူဈေးကွက်ကိုရှာဖွေပါ
- (ဒေသဆိုင်ရာ)မီဒီယာစာရင်းကိုပြုစုပါ

လ–နံပါတ် (၄)
- တိကျတဲ့ရွေးကောက်ပွဲအစီအစဉ်ကိုရေးဆွဲပါ

အပတ်စဉ် (၈)
- လစဉ်ကမ်ပိန်းဆွေးနွေးပွဲပြုလုပ်ပါ
- ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေအတွက် ဒီဇိုင်းဆွဲပါ
- ကြော်ငြာတွေအတွက် ဒီဇိုင်းဆွဲပါ
- ကမ်ပိန်းအဖွဲ့နဲ့ပတ်သက်တဲ့လုပ်အားပေးအစည်းအဝေးပွဲလုပ်ပါ



အပတ်စဉ် (၇)
- ဒေသဆိုင်ရာမီဒီယာမှာ ကြော်ငြာအတွက်ကြိုတင်စာရင်းပေးပါ
- ဒေသဆိုင်ရာတီဗီလိုင်းမှာ ကြော်ငြာအတွက်ကြိုတင်စာရင်းပေးပါ
- စနေနေ့မှာ လမ်းပေါ်ထွက်ပြီး ကမ်ပိန်းလုပ်ပါ

အပတ်စဉ် (၆)
- တီဗီနဲ့ရေဒီယိုအတွက် ကြော်ငြာလုပ်ပါ
- လှုပ်ရှားမှုတွေလုပ်ဖို့ပြင်ဆင်ပါ
- စနေနေ့မှာ လမ်းပေါ်ထွက်ပြီး ကမ်ပိန်းလုပ်ပါ

အပတ်စဉ် (၅)
- လှုပ်ရှားမှုတွေလုပ်ဖို့ပြင်ဆင်ပါ
- စနေနေ့မှာ လမ်းပေါ်ထွက်ပြီး ကမ်ပိန်းလုပ်ပါ

အပတ်စဉ် (၄)
- ပထမဆုံးအပတ်စဉ် ကမ်ပိန်းအစည်းအဝေးပွဲလုပ်ပါ
- လှုပ်ရှားမှုတွေလုပ်ဖို့ပြင်ဆင်ပါ
- စနေနေ့မှာ လမ်းပေါ်ထွက်ပြီး ကမ်ပိန်းလုပ်ပါ

အပတ်စဉ် (၃)
- ကမ်ပိန်းဖော်ဆောင်မှုစတင်ပါ
- အပတ်စဉ်ကမ်ပိန်းအစည်းအဝေးပွဲလုပ်ပါ
- ပါတီဝင်တွေဆီ ပိုစတာတွေဖြန့်ဝေပြီးလိုက်ကပ်ခိုင်းပါ
- လှုပ်ရှားမှုတွေလုပ်ပါ
- စနေနေ့မှာ လမ်းပေါ်ထွက်ပြီး ကမ်ပိန်းလုပ်ပါ

အပတ်စဉ် (၂)
- အပတ်စဉ်ကမ်ပိန်းအစည်းအဝေးပွဲလုပ်ပါ
- လှုပ်ရှားမှုတွေလုပ်ပါ
- ဒေသဆိုင်ရာမီဒီယာမှာ ကြော်ငြာလွှင့်ပါ
- စနေနေ့မှာ လမ်းပေါ်ထွက်ပြီး ကမ်ပိန်းလုပ်ပါ

အပတ်စဉ် (၁)
- (ရွေးကောက်ပွဲပြီးတဲ့အခါမှာ) လုပ်အားပေးတွေကို ကျေးဇူးတင်ပွဲ လုပ်ဖို့ အစည်းအဝေးပွဲလုပ်ပါ
- အခြေအနေတိုးတက်လာဖို့အတွက် ဆွေးနွေးဖို့ နေ့စဉ်တယ်လီဖုန်းဆက်ပါ
- ပိုစတာအသစ်တွေလဲပါ
- လှုပ်ရှားမှုတွေလုပ်ပါ
- ဒေသဆိုင်ရာမီဒီယာမှာ ကြော်ငြာလွှင့်ပါ
- မဲဆွယ်ပါ

နောက်ဆုံးအပတ်စဉ်
- အခြေအနေတိုးတက်လာဖို့အတွက် ဆွေးနွေးဖို့ နေ့စဉ်တယ်လီဖုန်းဆက်ပါ
- လှုပ်ရှားမှုတွေလုပ်ပါ
- ဒေသဆိုင်ရာမီဒီယာမှာ ကြော်ငြာလွှင့်ပါ
- နောက်ဆုံးနေ့ ‘နောက်ဆုံးအကြိတ်အနယ်’
- မသန်မစွမ်းသူများနဲ့ သက်ကြီးရွယ်အိုတွေအတွက် မဲရုံသွားဖို့ ပို့ဆောင် ဆက်သွယ်ရေးစီစဉ်ပေးပါ

ရွေးကောက်ပွဲ – မဲထည့်ပါ

# အခန်း - ၈

# ပါတီနဲ့ကမ်ပိန်းအတွက် ဘဏ္ဍာငွေ

နိုင်ငံရေးထဲမှာပါဝင်တဲ့တချို့သောအကြောင်းအရာတွေဟာ ရွေးကောက်ပွဲကမ်ပိန်းတွေ၊ နိုင်ငံရေးပါတီတွေရဲ့ဘဏ္ဍာရေးကိစ္စတွေလိုပဲ ဝိရောဓိဖြစ်နေတာတွေရှိတယ်။ အခုလိုအကန့်အသတ်ရှိတဲ့ လက်စွဲစာအုပ်ထဲမှာ ဒီအကြောင်းအရာကို အသေးစိတ်မရေးသားနိုင်ဘူး။ ကျွန်တော်တို့ ထောက်ခံတဲ့ နိုင်ငံရေးစနစ်တွေနဲ့ နိုင်ငံအမျိုးမျိုးက နိုင်ငံရေးနဲ့ပတ်သက်တဲ့ ဘဏ္ဍာရေးကိစ္စအပေါ်အသေးစိတ်သိရှိလိုရင် အောက်မှာပါတဲ့ ဝဘ်ဆိုဒ်မှာ ဝင်ကြည့်လို့ရနိုင်တယ်။

http://www.idea.int/publications/funding-parties/index.cfm.

ဘဏ္ဍာရေးဟာ နိုင်ငံရေးပါတီတွေအတွက် အလွန်အရေးကြီးတယ်။ ရရှိတဲ့ငွေပမာဏဟာပါတီကလုပ်မယ့် လှုပ်ရှားမှုတွေကို သတ်မှတ်ပေးတယ်။ ဘယ်လိုကမ်ပိန်းမျိုးလုပ်ရမလဲဆိုတာကိုလည်းသတ်မှတ်ပေးတယ်။ အောက်မှာ နိုင်ငံရေးဆိုင်ရာဘဏ္ဍာရေးနဲ့ပတ်သက်ပြီး အကြမ်းမျဉ်းအရင်းအမြစ်ငါးခုကိုဖော်ပြထားတယ်။

(၁) အသင်းဝင်ကြေးနဲ့ / ဒါမှမဟုတ် ဝင်ကြေး (လွှတ်တော်အမတ်တွေဟာ သူတို့ရတဲ့လစာထဲက ရာခိုင်နှုန်းတချို့ကိုပါတီထဲလွှဲပေးကြတယ်။)

(၂) ပြည်သူကထောက်ပံ့တဲ့ဘဏ္ဍာရေး၊

(၃) စီးပွားရေး၊ ဒါမှမဟုတ် အထူးအုပ်စုတွေကထည့်ဝင်တဲ့အလှူငွေ

(၄) ထောက်ပံ့သူတွေကထည့်တဲ့အလှူငွေ



(၅) ပိုင်ဆိုင်မှုကရတဲ့ဝင်ငွေ (ဥပမာ အိမ်ခြံမြေရောင်းဝယ်ခြင်း) ဒါမှမဟုတ် အရင်းအနှီး၊ (ရင်းနှီးမြှုပ်နှံခြင်း၊ ဒါမှမဟုတ် အတိုး)

နိုင်ငံအတော်များများမှာ အသင်းဝင်ငွေဟာ ငွေပမာဏအမြောက်အမြားကိုမထောက်ပံ့နိုင်ဘူး။ တချို့နိုင်ငံတွေမှာ ပါတီရဲ့ဝင်ငွေအတွက် အသင်းဝင်ငွေဟာ အဓိကကျတဲ့အရင်းအမြစ်ဖြစ်တယ်။ အသင်းဝင်တွေဟာ ကမ်ပိန်းကာလအတွင်းမှာ အပိုလှူဒါန်းငွေတွေကို လှူဒါန်းဖို့ စိတ်အားထက်သန်ကြတယ်။ ဒါကြောင့် ခင်ဗျားတို့ရဲ့အောက်ခြေလူတန်းစားထဲက ထောက်ပံ့သူတွေနဲ့ ဆက်ဆံရေးကောင်းဖို့ အလွန်အရေးကြီးတယ်။ အောက်မှာပါတဲ့အချက်တွေဟာ အသင်းဝင်တွေဆီကနေ ဘဏ္ဍာငွေတိုးမြှင့်ရရှိဖို့အတွက် အချက်အလက်တွေဖြစ်တယ်။

– အသင်းဝင်တွေဆီက အလှူငွေကောက်ခံစာတွေကို သေသေချာချာ ဂရုတစိုက်နဲ့ရေးသားရမယ်။

– စာပို့တဲ့အခါမှာ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို ရည်ရွယ်ပြီးပို့ရမယ်။ စာထဲမှာ ထင်ရှားတဲ့ပါတီအဖွဲ့ဝင်တွေ၊ ဒါမှမဟုတ် ပါတီရဲ့ခေါင်းဆောင်ပိုင်းကလူတွေရဲ့လက်မှတ်ပါရင်ပိုကောင်းတယ်။

– ဘာကြောင့်ဒီအချိန်မှာ အလှူငွေလှူဒါန်းသင့်တယ်ဆိုတဲ့အချက်ဟာ သိပ်ကိုအရေးကြီးတယ်။ အဲဒီလိုသဘောမျိုးခံစားလာရအောင် ဖန်တီးသင့်တယ်။

– ဘယ်အရာတွေအတွက် အပိုငွေတွေကိုသုံးမလဲဆိုတာကို ရှင်းလင်းပြရမယ်။ ဖြစ်နိုင်မယ်ဆိုရင် (ဆန္ဒပြခြင်း၊ တီဗီကြော်ငြာ၊ သတင်းစာကြော်ငြာ) စတဲ့ သီးခြားကိစ္စတွေအတွက် ကောက်ခံရင်ပိုကောင်းတယ်။

– အလှူငွေနဲ့ပတ်သက်တဲ့ နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်တွေကိုလည်း ဂရုစိုက်ပါ။ အယူအဆပေါင်းများစွာကိုပေးဝေနိုင်တယ်ဆိုပေမယ့် စာဖတ်သူတွေစိတ်မရှုပ်ထွေးသွားဖို့လည်း ဂရုစိုက်ပါ။ အရေးကြီးဆုံးအချက်ကတော့ မေးခွန်းတွေပြန်မေးမလာအောင်၊ သံသယတွေရှိမနေအောင် အရာအားလုံးကိုမှန်မှန်ကန်ကန်လုပ်ဖို့လိုတယ်။

– လုပ်ကိုင်ပြီးသားကိစ္စတွေနဲ့ပတ်သက်ပြီး မျက်ခြေမပြတ်ပါစေနဲ့။ တကယ်လို့ ခင်ဗျားတို့ကိုတုန့်ပြန်ဖြေကြားမှုမရှိဘူးဆိုရင် ဒုတိယအကြိမ်စာထပ်ပို့ပါ။ ဖုန်းဆက်လိုက်ရင် ပိုအဆင်ပြေမယ်။

– အုပ်ချုပ်ရေးပိုင်းမှာ စနစ်တကျရှိပါစေ။ ဒါမှလှူဒါန်းသူတွေဟာ သူတို့လှူဒါန်းမှုနဲ့ပတ်သက်ပြီး သေချာအောင်ဖုန်းထပ်ဆက်စရာမလိုတော့မှာဖြစ်တယ်။ စာထပ်ပို့စရာမလိုတော့မှာဖြစ်တယ်။

– တချို့ပါတီတွေမှာ အဖွဲ့ဝင်ကြေးဟာ အဖွဲ့ဝင်တွေရဲ့ဝင်ငွေပေါ်မှာမူတည်နေတယ်။ ဘယ်အဖွဲ့ဝင်တွေကချမ်းသာတယ်၊ ဘယ်သူတွေက အပိုငွေလှူဒါန်းနိုင်တယ် စတဲ့အချက်တွေကိုသိရင်၊ သူတို့ဆီကိုမကြာခဏစာရေးပြီးနိုင်တယ်။ ဖုန်းဆက်နိုင်တယ်။

ပြည်သူ့တွေထောက်ပံ့တဲ့ဘဏ္ဍာရေးဟာ အမြဲတမ်းလိုလိုအကန့်အသတ်ရှိနေတယ်။ အကြောင်းကတော့ နိုင်ငံတိုင်းမှာ သူတို့ရဲ့ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းရှိနေလို့ပဲ။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ယေဘုယျအကြံဉာဏ်တော့မပေးနိုင်ဘူး။ အရေးကြီးတဲ့အချက်ကတော့ အဲဒီနိုင်ငံက စည်းမျဉ်းစည်းကမ်းတွေပဲဖြစ်တယ်။ အထူးသဖြင့်ကမ်းပိန်းဖော်ဆောင်နေတဲ့ကာလမှာ ပါတီတွေဟာ အမှားအယွင်းတွေ၊ မတိကျမှုတွေ၊ အလွဲသုံးစားမှုတွေနဲ့ပတ်သက်ပြီး အလွန်အကျွံစွပ်စွဲခံရတယ်။ ဒါကြောင့်ပွင့်လင်းမြင်သာမှုဟာ အရေးကြီးတယ်။ စာရင်းအားလုံးအတွက် စာရင်းစစ်ထားပါ။ အလုပ်သတ်မှတ်ချိန်ထားပါ။ ပြဿနာတွေနဲ့ကြုံရတဲ့အခါမှာ ဖြေရှင်းနိုင်မယ့် ဥပဒေလက်ထောက်တစ်ယောက်ထားရှိပါ။

အထူးအုပ်စုတွေ၊ ဒါမှမဟုတ်စီးပွားရေးကရတဲ့ဘဏ္ဍာငွေများကိစ္စမှာလည်း ယေဘုယျအကြံပေးချက်တွေပေးလို့မရဘူး။ အကြောင်းကတော့ နိုင်ငံတစ်နိုင်ငံချင်းစီကိုလိုက်ပြီး စည်းမျဉ်းစည်းကမ်းတွေကွဲပြားနေလို့ပဲဖြစ်တယ်။ တချို့နိုင်ငံတွေမှာဆိုရင် အထူးအုပ်စုတွေ၊ ကုန်သည်ကြီးများသမဂ္ဂနဲ့ စီးပွားရေးကလှူဒါန်းတဲ့အလှူငွေတွေကို လုံးဝပိတ်ပင်ထားတယ်။ တချို့နိုင်ငံတွေမှာကျတော့ အဲဒီလိုပိတ်ပင်တားမြစ်မှုမရှိဘူး။ ဒီကိစ္စနဲ့ပတ်



သက်ပြီးပါတီတွေဟာ သူတို့ရဲ့ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းတွေနဲ့အလုပ်လုပ်ရမယ်။ နိုင်ငံတော်ဥပဒေတွေနဲ့လည်းအလုပ်လုပ်ရမယ်။ တကယ်လို့ သံသယရှိနေမယ်ဆိုရင် ဥပဒေအကြံပေးမှုကိုတောင်းခံရမယ်။ စည်းမျဉ်းစည်းကမ်းတွေက ခွင့်ပြုတယ်ဆိုရင်တောင် ဘဏ္ဍာရေးကိစ္စမှာ အောက်မှာပါတဲ့ဆိုးကျိုးတွေနဲ့ ကြုံတွေ့နိုင်တယ်။

– ဦးစားပေးတဲ့ကိစ္စလိုမျိုးကိစ္စတွေကို ရှောင်လွှဲဖို့ခက်ခဲတယ်။ စီးပွားရေးနဲ့အထူးအုပ်စုတွေကို သူတို့ရဲ့အလှူငွေတွေအတွက်ဘာတွေပြန်ပေးမလဲ။ ဆုံးဖြတ်ချက်ချတဲ့အခါမှာလည်း အဲဒီအုပ်စုတွေကိုဦးစားပေးတဲ့ဆုံးဖြတ်ချက်မျိုးချမိနိုင်သလား။

– နိုင်ငံရေးဆိုင်ရာအမှီအခိုကင်းမှုမရှိခြင်း၊ ခင်ဗျားတို့ရဲ့နိုင်ငံရေးအစီအစဉ်တွေထဲမှာ ခင်ဗျားတို့ကိုထောက်ပံ့တဲ့ ထောက်ပံ့သူတွေရဲ့အကျိုးအမြတ်ကိုလည်း အစကတည်းကထည့်သွင်းစဉ်းစားထားရမယ်။

– ခင်ဗျားတို့ရဲ့ကမ်ပိန်းအတွက်ထည့်ဝင်ကြတဲ့ အထူးအုပ်စုတွေ၊ ဒါမှမဟုတ် ကုမ္ပဏီတွေရဲ့လူထုကြားကပုံရိပ်ဟာ ခင်ဗျားတို့ရဲ့ကိုယ်ပိုင်ပါတီအပေါ်သက်ရောက်မှုရှိတယ်။ အဲသလိုပါတီကိုထောက်ပံ့သူတွေဟာ ဘယ်လိုလုပ်ကိုင်ကြသလဲ။

– ဒီလိုဘဏ္ဍာရေးမျိုးအပေါ်မှာ သိပ်ပြီးမှီခိုနေရင်၊ ဘဏ္ဍာရေးဖြတ်တောက်ခံရတဲ့အခါမှာ ခင်ဗျားတို့ဒုက္ခတွေ့လိမ့်မယ်။ တချို့နိုင်ငံတွေမှာ စီးပွားရေးလုပ်ငန်းတွေဟာ ပါလီမန်မှာ အမတ်နေရာရတဲ့ပါတီတွေကိုပဲငွေကြေးထောက်ပံ့တယ်။ အဲဒီပါတီဟာ ရွေးကောက်ပွဲအတွင်းပါလီမန်ကနေထွက်ရတဲ့အခါမှာ ငွေကြေးမရှိတော့ဘူး။

– (အခမဲ့ထုတ်လွှင့်မှုအချိန်၊ အခကြေးငွေပေးစရာမလိုတဲ့ နေရာထိုင်ခင်း၊ အခကြေးငွေပေးစရာမလိုတဲ့ အစာရေစာ) စတဲ့ငွေကြေးမဟုတ်တဲ့ထောက်ပံ့မှုတွေဟာလည်း ငွေကြေးထောက်ပံ့မှုတွေလိုပဲအရေးကြီးတယ်။

အမေရိကန်နိုင်ငံမှာ ကုမ္ပဏီတွေ၊ အကျိုးစီးပွားအုပ်စုတွေဟာ

နိုင်ငံရေးသြဇာကိုဝယ်ယူကြတယ်။ ဒါဟာအမြဲတမ်းလုပ်နေတဲ့အလေ့အကျင့်တစ်ခုဖြစ်နေပြီ။ လွှတ်တော်အမတ်တွေဟာ ကမ်ပိန်းခေါင်းဆောင်မှုအတွက် ဒေါ်လာသန်းနဲ့ချီပြီး အသုံးပြုကြတယ်။ တကယ်လို့ခင်ဗျားတို့ဟာ မချမ်းသာဘူးဆိုရင်၊ တစ်ယောက်၊ ဒါမှမဟုတ် တစ်ယောက်ထက်ပိုတဲ့ 'ငွေကြေးထောက်ပံ့သူ' တွေကိုရှာရမယ်။ အဲဒီလူတွေဟာ သူတို့ရဲ့အလှူငွေတွေအတွက် နိုင်ငံရေးဆိုင်ရာ ဦးစားပေးမှုတွေကို လိုချင်တဲ့သူတွေဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် ဆေးရွက်ကြီးလုပ်ငန်းဟာ ရီပက်ဗလီကန်ပါတီအတွက် ဒေါ်လာခုနစ်မီလျံရင်းနှီးခဲ့တယ်။ ဘုရှ်အာဏာရလာတဲ့အခါ သူတို့တွေဟာ တရားရင်ဆိုင်မှုနဲ့ပတ်သက်ပြီး ပြဿနာမရှိတော့ဘူး။ အဲဒီအတွက်သူတို့ဟာ ပျက်စီးမှုတွေနဲ့ပတ်သက်ပြီး ဘီလျံပေါင်းများစွာ အကျိုးအမြတ်ဖြစ်ထွန်းသွားတယ်။

ထောက်ပံ့သူတွေဆီကအလှူငွေများ။ ၂၀၀၄ ခုနှစ်အမေရိကန်သမ္မတရွေးကောက်ပွဲမှာ လွှတ်တော်အမတ် ဟိုးဝတ်ဒ် ဒီယန်း ဟာ သာမန်ပြည်သူတွေရဲ့အလှူငွေအနည်းငယ်ပမာဏလေးတွေကိုစုဆောင်းပြီး အလှူငွေမြောက်မြားစွာကို ကမ်ပိန်းအတွက်ရှာဖွေနိုင်ခဲ့တယ်။ ဒါကြောင့် လူတိုင်းအံ့အားသင့်သွားတယ်။ အဲဒီအချိန်မှာပဲ သူ့ရဲ့ပြိုင်ဘက်တွေဟာ လက်တစ်ဆုပ်စာလူချမ်းသာတွေဆီက ရှေးရိုးအစဉ်အလာအတိုင်းအလှူငွေတွေကိုမှီခိုခဲ့ရတယ်။ ဒီယန်းကိုကြည့်ပြီး အိုဘားမားဟာလည်း ၂၀၀၈ ခုနှစ်မှာ လှူဒါန်းငွေအသေးလေးတွေကနေ ဒေါ်လာမီလျံခြောက်ရာကိုရရှိအောင်စီမံနိုင်ခဲ့တယ်။ အင်တာနက်ကနေ ဘဏ္ဍာငွေရှာခြင်းဟာလည်း အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်တဲ့နိုင်ငံတွေမှာ အလုပ်ဖြစ်တယ်။ အင်တာနက်ကနေဘဏ္ဍာငွေရှာခြင်းဟာ အလှူငွေတွေကို လွယ်လွယ်ကူကူ မြန်မြန်ထက်ထက်ကောက်ခံနိုင်တယ်။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ လူတွေခက်ခက်ခဲခဲရှာဖွေထားတဲ့ ငွေကြေးတွေလှူဒါန်းနိုင်လောက်အောင် အဖိုးတန်မယ်ဆိုတာတော့ သူတို့ယုံကြည်လာအောင်စည်းရုံးရမယ်။ ဒီယန်းဟာ (အီရတ်စစ်ပွဲနဲ့ပတ်သက်ပြီး) ပွင့်ပွင့်လင်းလင်း ဝေဖန်တဲ့၊ လူနှစ်သက်စရာကောင်းတဲ့နိုင်ငံရေးသမားတစ်ယောက်ဖြစ်တယ်။



ဒါကြောင့်သူ့ရဲ့လုပ်ရပ်တွေဟာ ထိရောက်တယ်။ သူဟာသူ့ရဲ့ဝဘ်ဆိုဒ်ကို သတင်းအချက်အလက်ဖြန့်ဖြူးဖို့အတွက်တင်အသုံးပြုတာမဟုတ်ဘူး။ လူတွေ ကိုစည်းရုံးဖို့အတွက်လည်း အသုံးပြုခဲ့တယ်။

ထောက်ပံ့သူတွေဆီကနေ အလှူငွေတွေကောက်ခံဖို့ တခြားနည်းလမ်းတစ်ခုလည်းရှိသေးတယ်။ အဲဒီနည်းလမ်းကတော့ ပါတီတွေဖွဲ့စည်းခြင်း၊ ညစာစားပွဲတွေလုပ်ခြင်းပဲဖြစ်တယ်။ ၂၀၀၆ ခုနှစ် အမ်စတာဒမ်မှာလုပ်တဲ့ ဒတ်ချ်မြူနီစပါယ်ရွေးကောက်ပွဲမှာ ဒေသဆိုင်ရာ PvdA ပါတီခေါင်းဆောင် အီပင်းဟာ သူ့ရဲ့အိမ်မှာညစာစားပွဲလုပ်တယ်။ အဲဒီညစာစားပွဲကိုတက်ဖို့အတွက် ယူရိုတစ်ရာပေးရတယ်။ အဲဒီငွေတွေကို ကမ်ပိန်းဖော်ဆောင်တဲ့နေရာမှာသုံးတယ်။ အော်ပရာဝင်းဖရေးဟာ အိုဘားမားအတွက် ကြီးမားတဲ့ ဘဏ္ဍာရေးထောက်ပံ့မှုအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ အိုဘားမားနဲ့ ဝင်ဖရေးနှစ်ယောက်တည်းနဲ့ သီးသန့်တွေဖို့အတွက်ကိုပဲ ဒေါ်လာနှစ်သောင်းခွဲတန် လက်မှတ်တွေကိုရောင်းခဲ့တယ်။ အဲဒီလက်မှတ်တွေဟာ ဈေးအကြီးဆုံးလက်မှတ်တွေဖြစ်တယ်။

## ဘတ်ဂျက်အသေးလေးတွေအတွက် ကမ်ပိန်းလုပ်ခြင်း

နိုင်ငံတွေမှာ နိုင်ငံရေးပါတီတွေဟာ ကမ်ပိန်းဘတ်ဂျက်နဲ့ပတ်သတ်ရင် အကန့်အသတ်ရှိနေတယ်။ မီဒီယာကိုလည်း ထိုးဖောက်နိုင်မှုမရှိဘူး။ အဲသလိုသာဆိုရင် ခင်ဗျားတို့အတွက်ဖြေရှင်းချက်ကဘာဖြစ်နိုင်သလဲ။ အကန့်အသတ်ရှိတဲ့ဘတ်ဂျက်နဲ့ပဲ ကမ်ပိန်းလုပ်လို့ရတယ်။ ဒါပေမဲ့ တီထွင်ဖန်တီးမှုတွေလိုတယ်။ ရွေးချယ်မှုတွေလည်းအများကြီးလုပ်ဖို့လိုတယ်။ အောက်မှာ အဲဒီအချက်တွေကိုဖော်ပြထားတယ်။

– သုတေသနကို ကိုယ်တိုင်လုပ်ပါ။ သတ်မှတ်ထားတဲ့ အုပ်စုတွေကိုဖွဲ့စည်းပါ။ တစ်အိမ်တက်တစ်အိမ်ဆင်း စစ်တမ်းကောက်ပါ။ လမ်းပေါ်မှာအင်တာဗျူးလိုက်လုပ်ပါ။ EC's Eurobarometer လို(သုတေသနအကြောင်းရှင်းပြတဲ့အခန်းမှာကြည့်ပါ) အခမဲ့သုတေသနအချက်အလက်တွေ

ကိုသုံးပါ။

– ပိုက်ဆံနည်းနည်းပဲကုန်ကျမယ့်၊ ဒါမှမဟုတ်ပိုက်ဆံလုံးဝသုံးစရာမလိုတဲ့လှုပ်ရှားမှုတွေကိုလုပ်ပါ။ ဈေးအရပ်မှာ အချက်အလက်တွေကိုဖော်ပြထားတဲ့ ဆိုင်းဘုတ်တွေလို၊ ဒါမှမဟုတ်တစ်အိမ်တက်တစ်အိမ်ဆင်းမဲဆွယ်ခြင်းလို (မဲဆွယ်ခြင်းအခန်းမှာကြည့်ပါ) လှုပ်ရှားမှုတွေလုပ်ပါ။

– တတ်နိုင်သမျှအခမဲ့လူထုထဲကို ဖြန့်ချိခြင်းနည်းလမ်းတွေကို ရရှိအောင်ကြိုးစားပါ။ ဒေသဆိုင်ရာမီဒီယာကိုလည်း မမေ့ပါနဲ့။

– ဈေးပေါပြီး ထိရောက်မှုရှိတဲ့ မီဒီယာသစ်တွေသုံးပါ။ (မီဒီယာအသစ်အခန်းမှာကြည့်ပါ)

– လုပ်အားပေးတွေခန့်အပ်ပါ။ ခင်ဗျားတို့ဆီမှာ လုပ်အားပေးများများရှိလေလေ မဲပေးသူတစ်ယောက်ချင်းစီတိုင်းကို ပိုပြီးထိတွေ့နိုင်လေလေပဲ။ စာပေလွတ်လပ်ခွင့်မရှိတဲ့နိုင်ငံတွေမှာ ဒီနည်းလမ်းဟာသိပ်ကိုထိရောက်တဲ့နည်းလမ်းဖြစ်တယ်။ လုပ်အားပေးတွေရဲ့လုပ်အားအတွက် ကျသင့်တဲ့ငွေဟာ အကန့်အသတ်ရှိတဲ့ ငွေကြေးပမာဏသာဖြစ်တယ်။ အဲဒီထဲမှာ ဆက်သွယ်ရေးစားရိတ်နဲ့ အစားအသောက်စားရိတ်ပဲပါတယ်။

– နိုင်ငံရေးအသိုက်အဝန်းနဲ့ လူ့အဖွဲ့အစည်းနှစ်ခုစလုံးထဲကနေ မဟာမိတ်တွေကိုရှာဖွေပါ။ ဒါဟာ ဆန့်ကျင်ဘက်ပါတီငယ်လေးတွေအတွက် အရေးကြီးတယ်။ အဲဒီပါတီငယ်လေးတွေဟာ တခြားပါတီတွေနဲ့ အတူတူပူးပေါင်းဆောင်ရွက်သင့်တယ်။ ဥပမာပြရမယ်ဆိုရင် ယူကရိန်းလူမျိုးသမ္မတ ရှဖ်ချင်ကိုဟာ ကျောင်းသားလှုပ်ရှားမှုကိုထောက်ပံ့ရင်းအာဏာရရှိခဲ့တဲ့သူဖြစ်တယ်။

## လော့ကျင့်ခန်းများ

အုပ်စုငယ်လေးတွေ ခွဲပြီးတဲ့အခါမှာ ဘဏ္ဍာငွေမြှင့်တင်ရေးလှုပ်ရှားမှုနဲ့ပတ်သက်ပြီး ဆွေးနွေးခိုင်းပါ။

ပါတီအဖွဲ့ဝင်တွေနဲ့ ထောက်ပံ့သူတွေဆီကနေ အလှူငွေကောက်ခံဖို့အတွက်အဲဒီအုပ်စုငယ်လေးတွေကို စာရေးခိုင်းပါ။

ဒါမှမဟုတ် ငွေကြေးသက်သာမဲ့ ကမ်ပိန်းလှုပ်ရှားမှုအကြောင်းဆွေးနွေးခိုင်းပါ။

# အခန်း - ၉
# လုပ်အားပေးများ

လုပ်အားပေးတွေမရှိဘဲနိုင်ငံရေးပါတီဟာ ဘာမှမလုပ်နိုင်ဘူး။ လုပ်အားပေးတွေကိုကမ်ပိန်းဖော်ဆောင်နေတဲ့ ကာလအတွင်းမှာ မရှိမဖြစ်လိုအပ်တယ်။ လုပ်အားပေးတွေဟာ မဲဆွယ်တဲ့ကိစ္စနဲ့တခြားကမ်ပိန်းအလုပ်တွေမှာ တွန်းအားတွေဖြစ်တယ်။ သူတို့ကြောင့် ပါတီရုပ်ထွက်ပိုကောင်းလာတယ်။ လုပ်အားပေးအရေအတွက်များလေလေ ပါတီရဲ့ပုံရိပ်ကို ပိုပြီးမြင့်တက်နိုင်လေလေပဲ။ ရွေးကောက်ပွဲကာလမှာ လူငယ်မဲပေးသူတွေကို စည်းရုံးချင်တယ်ဆိုရင်၊ ခင်ဗျားတို့မှာ လူငယ်လုပ်အားပေးတွေရှိဖို့လိုတယ်။ ဒေသန္တရပါတီခေါင်းဆောင်ဟာ လုပ်အားပေးခန့်တာနဲ့ပတ်သက်ပြီး မကြာခဏအခက်ကြုံရတယ်။ တစ်ခါတရံသူတို့ခန့်လိုက်တဲ့ လုပ်အားပေးတွေကိုပြန်စုဖို့လည်းခက်တယ်။ အဲသလိုဖြစ်ရတဲ့အကြောင်းက လုပ်အားပေးတွေရဲ့ကြိုးပမ်းအားထုတ်မှုကို စုစည်းပေးတဲ့ပုဂ္ဂိုလ်မရှိလို့ပဲဖြစ်တယ်။ နှစ်ပေါင်းအတော်ကြာအောင်ပါတီရဲ့အလုပ်ဟာ ပါတီအဖွဲ့ဝင်တွေကသာလုပ်ရမှာဖြစ်တယ်လို့ သတ်မှတ်ထားတာကြောင့် လုပ်အားပေးတွေရဲ့အင်အားဟာ အလဟာသဖြစ်ကုန်တယ်။ အကျိုးဆက်အားဖြင့် စိတ်ဝင်စားမှုပြတဲ့ လုပ်အားပေးတွေကိုထပ်ပြီး မဆက်သွယ်ကြသလိုတိကျတဲ့ တာဝန်မပေးထားလို့ ထွက်ကုန်ကြတယ်။ ဒါဟာ တန်ဖိုးရှိတဲ့အရင်းအမြစ်တွေဆုံးရှုံးကုန်တာဖြစ်တယ်။

**စုစည်းပေးသူ**

လုပ်အားပေးတွေကို ခန့်အပ်ခြင်းနဲ့ လုပ်အားပေးတွေရဲ့ပါဝင်မှုဟာ



ကမ်ပိန်းအောင်မြင်ဖို့အတွက်အရေးကြီးတယ်။ ကမ်ပိန်းမှာလုပ်အားပေးတွေကိုကောင်းကောင်းအသုံးချနိုင်ဖို့အတွက် နိုင်ငံတော်အဆင့်နဲ့ဒေသဆိုင်ရာအဆင့်နှစ်ခုစလုံးမှာ စီစဉ်ဆောင်ရွက်တဲ့ လုပ်အားပေးများကိုစုစည်းစီမံသူလိုတယ်။ ဒီစုစည်းစီစဉ်သူရဲ့တာဝန်ဟာ လုပ်အားပေးတွေကို ခန့်တာတင်မဟုတ်ဘူး။ အဲဒီလုပ်အားပေးတွေကိုပါနည်းပြအဖြစ်သင်ကြားပေးရတယ်။ ပါတီအဖွဲ့ဝင်အားလုံးဟာ အဖွဲ့အတွင်းမှာ လုပ်အားပေးတွေကို သူတို့ရဲ့အိမ်လိုသဘောထားနိုင်အောင်ပြုမူဆက်ဆံရမယ်။ ဒါပေမယ့် စုစည်းစီစဉ်သူကတော့ လုပ်ငန်းစဉ်အားလုံးကိုကြီးကြပ်ရမယ်။ သူဟာ လုပ်အားပေးတွေကိုစပြီး ဆက်သွယ်တဲ့အချိန်ကစပြီးရွေးကောက်ပွဲပြီးလို့ သူတို့ကိုကျေးဇူးတင်ကြောင်းပြောတဲ့အချိန်အထိကြီးကြပ်ရမယ်။

**အောက်မှာစုစည်းစီစဉ်ကြီးကြပ်သူရဲ့တာဝန်တွေကိုဖော်ပြထားတယ်။**

၁ – လုပ်အားပေးသစ်ခန့်အပ်ဖို့အစီအစဉ်ရေးဆွဲပါ။

၂ – လုပ်အားပေးအသစ်တွေလုပ်ဆောင်ရမယ့်တာဝန်မျိုးစုံကိုဖော်ထုတ်ပါ။

၃ – လုပ်အားပေးတစ်ယောက်စီတိုင်းဟာ သူတို့ရဲ့တာဝန်နဲ့သင့် တော်ပါစေ။

၄ – (တကယ်လို့လုပ်အားပေးတွေက ပါတီအတွက် အလုပ်တွေကိုလစ်လျူရှုပြီးပြစ်တင်ပြောဆိုရင်တောင်) လုပ်အားပေးတွေကိုထိန်းကျောင်းပါ။

၅ – လုပ်အားပေးတွေရဲ့စိတ်ဓာတ်ကိုမြှင့်တင်ပါ။

၆ – ခရီးစားရိတ်၊ စောင့်ရှောက်မှုနဲ့ လုပ်အားပေးကိရိယာတွေကိုပေးဖို့စီမံပါ။

စံပြလုပ်အားပေးစုစည်းကြီးကြပ်သူမှာ လူတွေနဲ့ပတ်သက်တဲ့အကောင်းဆုံးကျွမ်းကျင်မှုတော့ရှိတယ်။ သူဟာ လူတွေကိုစိတ်ဓာတ်ကွန့်မြူးလာအောင်လုပ်မယ်၊ အပြုသဘောဆောင်တဲ့အကြံဉာဏ်ဘယ်လိုပေးရမယ်၊

လူတွေပြောမယ့် စကားကို ဘယ်လိုနားထောင်မယ်စတဲ့အရာတွေကို သိတယ်။ လူတွေရဲ့အတွင်းထဲကတွန်းအားတွေကိုဖတ်ရှုနိုင်စွမ်းရှိပြီး တုန့်ပြန်ဖြေကြားနိုင်တယ်။ လုပ်အားပေးတွေရဲ့အကျိုးစီးပွားကိုလည်းကာကွယ်နိုင်ပြီးကိုယ်စားလှယ်ရွေးတဲ့နေရာမှာလည်းတော်တယ်။ စီစဉ်ကြီးကြပ်သူဟာ အဖွဲ့အစည်းဘယ်လိုဘယ်ပုံအလုပ်လုပ်တယ်၊ ကမ်ပိန်းထဲမှာ ဘာတာဝန်တွေယူရမလဲဆိုတဲ့ အသိပညာရှိတယ်။

လူတွေကမ်ပိန်းထဲပါလာအောင်လုပ်ဖို့အတွက် စီစဉ်ကြီးကြပ်သူဟာ လုပ်အားပေးအားလုံးကို ကမ်ပိန်းအစီအစဉ်တွေပြောထားရမယ်။ လုပ်အားပေးတွေဟာ ဘယ်လိုတာဝန်တွေကိုယူရမလဲဆိုတာကို အစီအစဉ်ဆွဲပြီးတဲ့အခါမှာ ရှင်းရှင်းလင်းလင်းပြောရမယ်။ 'ရွေးကောက်ပွဲမတိုင်ခင်သုံးရက်အလိုမှာ လက်ကမ်းစာစောင်ဝေကြမယ်။' လို့မပြောရဘူး။ အဲဒီအစားအချိန်နဲ့ရက်စွဲကိုတိတိကျကျပြောပါ။ လုပ်အားပေးတွေစိတ်ဓာတ်တက်ကြွနေစေဖို့ ဖြစ်လာမယ့်အရာတွေကို ရှင်းရှင်းလင်းလင်းမြင်အောင်လုပ်ပေးပါ။

ပါတီရဲ့ပေါ်လစီနဲ့ပတ်သက်ပြီးအမေးအများဆုံးမေးခွန်းတွေနဲ့ အမေးအဖြေစာရင်းပြုလုပ်ပါ။ အဲသလိုလုပ်တဲ့ အခါမှာ လူထုဆီကလာတဲ့ ဆိုးဝါးတဲ့ မေးခွန်းတွေကို လုပ်အားပေးတွေအသင့်ဖြစ်နေအောင်ကူညီလိမ့်မယ်။ အဲဒီမေးခွန်းတွေအတွက် ယုတ္တိရှိတဲ့အဖြေတွေကို ဖြေပေးပါ။

## လုပ်အားပေးခန့်ခြင်း

လုပ်အားပေးမခန့်ခင်မှာ အောက်မှာပါတဲ့မေးခွန်းတွေကိုကိုယ်တိုင်မေးဖို့လိုအပ်တယ်။

**၁ –** လုပ်အားပေးတွေအတွက် ဘာတွေလိုအပ်သလဲ၊ ဘာတာဝန်တွေကို ဘယ်လိုလူမျိုးတွေကိုပေးမလဲ။

ဒီအချက်ဟာ ထင်သလောက်မရှင်းဘူး။ ကမ်ပိန်းအတွင်းမှာ



ဘယ်လိုလှုပ်ရှားမှုတွေကိုခင်ဗျားတို့ပြုလုပ်မလဲဆိုတာကိုကြိုတင်ပြီး သိထားရမယ်။ ဘယ်လိုကျွမ်းကျင်လုပ်အားပေးတာဝန်အတွက်၊ အဲဒီနယ်ပယ်မှာ ကျွမ်းကျင်ထက်မြက်တဲ့လုပ်အားပေးလိုတယ်။ ဘာကြောင့်ဟောင်းနွမ်းနေတဲ့ကမ်ပိန်းတာဝန်ဖြစ်တဲ့ 'လက်ကမ်းစာစောင်' ဝေတဲ့နေရာမှာပဲ လုပ်အား ပေးတွေကိုသုံးနေကြတာလဲ။ စာရေးခိုင်းတာ၊ ဒါမှမဟုတ်စကားစစ်ထိုးပွဲကိုဦးစီးခိုင်းတာ စတဲ့ရှုပ်ထွေးတဲ့တာဝန်တွေကိုလည်း လုပ်အားပေးတွေကိုခိုင်းလို့ရတယ်။ တကယ်လို့ တချို့လုပ်အားပေးတွေမှာ အဲသလိုကျွမ်းကျင်မှုမျိုးမရှိဘူးဆိုပေမယ့် ဒါတွေကိုလုပ်ဖို့ သိပ်ပြီးစိတ်အားထက်သန်နေရင်၊ အတွေ့အကြုံရှိတဲ့ပါတီဝင်တွေက သူတို့ကိုသင်ကြားပေးဖို့ စီစဉ်ပါ။

**၂ –** ဘယ်သူတွေကခင်ဗျားတို့ရဲ့ ဖြစ်နိုင်ခြေရှိတဲ့ လုပ်အားပေးတွေလဲ။ သူတို့စိတ်ဝင်စားလာအောင်ဘယ်လိုလုပ်မလဲ။

ပါတီရဲ့အိုင်ဒီအိုလိုဂျီကိုကိုယ်ချင်းစာတဲ့လူတိုင်းဟာ လုပ်အားပေးဖြစ်လာနိုင်ခြေရှိတဲ့လူတွေဖြစ်တယ်။ အဲသလိုလူတွေမှာ လုပ်အားပေးတာဝန်တွေထမ်းဆောင်ဖို့ အချိန်ပိုတွေရှိကြတယ်။ ဒါပေမဲ့အဲဒီလူတွေဟာ လုပ်အားပေးအလုပ်တွေကို သူတို့ရဲ့အလုပ်ချိန်ပြင်ပမှာလုပ်တဲ့ အလုပ်များတဲ့လူတွေလည်းဖြစ်နိုင်တယ်။ လုပ်အားပေးအလုပ်ဟာ သူတို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အရေးလို့မြင်တဲ့လူတွေလည်းရှိတယ်။ ခင်ဗျားတို့ကမ်ပိန်းရဲ့ပစ်မှတ်အုပ်စုတွေဖြစ်တဲ့အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေ၊ လူငယ်တွေ၊ ရွှေ့ပြောင်းရောက်ရှိလာသူတွေထဲကနေ လုပ်အားပေးရွေးတာပိုကောင်းတယ်။ တစ်နည်းပြောရရင် လုပ်အားပေးအတွက် ပစ်မှတ်အုပ်စုတွေဟာ ကမ်ပိန်းမဟာဗျူဟာနဲ့တိုက်ရိုက်ဆက်စပ်နေတဲ့ပစ်မှတ်အုပ်စုတွေပဲဖြစ်တယ်။ သူတို့ကိုခင်ဗျားတို့ခန့်အပ်မယ့်နည်းလမ်းကသီးသန့်ပစ်မှတ်အုပ်စုပေါ်မှာမူတည်တယ်။

ဥပမာ – ဒတ်ချ်သုတေသနက လုပ်အားပေးခန့်ဖို့အတွက် အထိရောက်ဆုံးနည်းလမ်းကတော့ မိသားစုကနေ သူငယ်ချင်းတွေဆီသွားတဲ့နည်း

လမ်းပဲဖြစ်တယ်လို့ဆိုတယ်။ အဲဒီသုတေသနကခုလိုစာရင်းပြုစုထားတယ်။

| | |
|---|---|
| မိသားစုမှ မိတ်ဆွေများ | ၄၁၅ % |
| အင်စတီကျူးရှင်းမှတစ်ဆင့် (လက်ကမ်းစာစောင်မှ) | ၂၅၀ % |
| အသိတွေနဲ့စီးပွားရေးအပေါင်းအသင်းတွေကနေတစ်ဆင့် | ၁၅၅ % |
| အိမ်တိုင်ရာရောက် သတင်းစာတွေကတစ်ဆင့် | ၅၆ % |
| နေ့စဉ်ထုတ်သတင်းစာထဲက ဆောင်းပါးကနေတစ်ဆင့် | ၂၀ % |
| ဒေသန္တရတီဗီနဲ့ရေဒီယိုကတစ်ဆင့် | ၇ % |

ပါတီဝင်တိုင်းဟာ သူတို့ရဲ့မိတ်ဆွေတွေနဲ့မိသားစုကို စိတ်ဓာတ်နိုးကြားနေအောင်လုပ်ရမယ်။ မြို့တော်ခန်းမ၊ (အားကစားကလပ်၊ ဒါမှမဟုတ် လူငယ်အဖွဲ့အစည်း) စတဲ့တခြားလုပ်အားပေးအဖွဲ့အစည်းရုံးချုပ်တွေ၊ လူမှုအသိုကအဝန်း စင်တာတွေ၊ ကျောင်းတွေ၊ ဘီယာဆိုင်တွေမှာ ဆွဲဆောင်မှုရှိတဲ့ လက်ကမ်းစာစောင်တွေကိုဝေရမယ်။

ပါတီကိုခုမှဝင်တဲ့ ပါတီဝင်အားလုံးဟာ လုပ်အားပေးအဖွဲ့ဝင်ဖြစ်လာနိုင်ခြေရှိတဲ့လူတွေဖြစ်တယ်။ ပါတီဝင်အသစ် တွေဆီတက်တက်ကြွကြွချဉ်းကပ်တာဟာ ကြီးမားတဲ့လုပ်အားပေးအလုပ်အင်အားကိုစုစည်းဖို့ နည်းလမ်းကောင်းတစ်ခု ဖြစ်တယ်။ ဒေသန္တရပါတီခေါင်းဆောင်တွေဟာ ရွေးကောက်ပွဲမတိုင်ခင်လုပ်အားပေးသစ်တွေခန့်ဖို့ပါတီတွေကို ဖုန်းနဲ့ စိတ်အားတက်ကြွအောင်လုပ်ကြတယ်။

၃ – လုပ်အားပေးဖြစ်လာဖို့ဘာတွေက လူတွေရဲ့တွန်းအားလဲ။

အကြောင်းမျိုးစုံကြောင့်လုပ်အားပေးလာလုပ်ကြတာဖြစ်တယ်။ သူတို့ရဲ့တွန်းအားကဘာလဲဆိုတာကိုသိတဲ့အခါမှာ သူတို့အတွက်သင့်တော်တဲ့တာဝန်ကို ရှာပေးနိုင်လိမ့်မယ်။ အဲဒီလူတွေဟာ ပါတီရဲ့အိုင်ဒီ



အိုလိုဂျီကို ကိုယ်ချင်းစာတဲ့သူ၊ ဒါမှမဟုတ် နိုင်ငံရေးထဲမှာဝင်ပါတယ်လို့ခံစားနေကြတဲ့လူတွေဖြစ်တယ်။ဒါပေမဲ့တခြားတွန်းအားတွေလည်းရှိသေးတယ်။ အဲဒီတွန်းအားတွေကတော့ လုပ်အားပေးအလုပ်ကိုကြိုက်တာ၊ ဒါမှမဟုတ် လူစိမ်းတွေနဲ့တွေ့ဆုံချင်တာ၊ အလုပ်အတွေ့အကြုံလိုချင်တာ၊ ဒေသဆိုင်ရာနိုင်ငံရေးအကြောင်းပြောချင်တာ၊ ပါတီထဲဝင်ပါချင်တာ၊ အတွင်းလူဖြစ်ချင်တာ၊ ဒါမှမဟုတ် လူ့အဖွဲ့အစည်းအတွက် အသုံးကျတဲ့တစ်ခုခုလုပ်ပေးချင်တာတွေပဲဖြစ်တယ်။

လုပ်အားပေးတွေကို ခန့်အပ်တဲ့အခါ၊ သင်ကြားတဲ့အခါ၊ စိတ်ဓာတ်တက်ကြွလာအောင်တွန်းအားပေးတဲ့အခါမှာ ဒီလိုစိတ်ပိုင်းတွန်းအားတွေကိုတွေ့အောင်ကြိုးစားရှာရမယ်။ တွေ့တဲ့အခါမှာ အကျိုးရှိအောင်အသုံးချရမယ်။ အလုပ်အတွေ့အကြုံလိုချင်တဲ့လူတစ်ယောက်ဟာ (ဒေသန္တရခေါင်းဆောင်) ရဲ့ကမ်ပိန်းစီစဉ်ကြီးကြပ်သူကို လက်ထောက်လုပ်ပေးနိုင်တယ်။ နိုင်ငံရေးမှာပိုပြီးပါဝါကြီးချင်တဲ့လူကို ဆွေးနွေးပွဲတွေကိုသွားတက်ရတဲ့ အမတ်လောင်းတွေကို ကူညီတဲ့လက်ထောက်လုပ်ခိုင်းလို့ရတယ်။ လူသစ်တွေနဲ့တွေ့ဆုံချင်တဲ့လူကိုတော့ လုပ်အားပေးတွေကို စီစဉ်ကြီးကြပ်သူအဖြစ်လုပ်ခိုင်းလို့ရတယ်။ ဒီလုပ်ဆောင်ချက်အားလုံးဟာ လူတွေကိုလုပ်အားပေးဖြစ်လာအောင်၊ ပါတီမှာတက်တက်ကြွကြွပါဝင်လာအောင်အားပေးတဲ့နည်းလမ်းတွေဖြစ်တယ်။

လူတွေဟာလုပ်အားပေးအလုပ်ကို ဘာကြောင့်မကြာခဏတက်တက်ကြွကြွပါဝင်လုပ်ကိုင်ကြသလဲဆိုတဲ့အချက်တစ်ချက်ရှိတယ်။ သူတို့တွေကို လုပ်အားပေးအလုပ်လုပ်ဖို့ ပြောလို့ပဲဖြစ်တယ်။ လူတွေမှာ တစ်ခုခုလုပ်ဖို့အမြဲတမ်းရှင်းလင်းတဲ့စိတ်ဓာတ်နိုးကြားမှုမလိုဘူး။ သူတို့ကိုအကူအညီတောင်းရင်ပဲ အဆင်ပြေပြီ။

နောက်ဆုံးအနေနဲ့ လူတွေရဲ့စိတ်ဓာတ်နိုးကြားမှုဟာ အချိန်ကာလပေါ်မှာမူတည်ပြီး ပြောင်းလဲနိုင်ခြေရှိတယ်။ ခင်ဗျားတို့ရဲ့လုပ်အားပေးတွေနဲ့ပတ်သက်ပြီး အမြဲတမ်းသူတို့ရဲ့ပြောစကားတွေကိုနားထောင်ပါ။ စိတ်ဓာတ်တက်ကြွမှုနဲ့ပတ်သက်လို့ အပြောင်းအလဲတွေရှိတယ်ဆိုရင် မြန်မြန်

ဆန်ဆန်တုန့်ပြန်ပါ။

## ၄ – လုပ်အားပေးတွေကိုဘာတွေပေးအပ်သင့်သလဲ

လုပ်အားပေးတွေဟာ အခကြေးငွေမယူဘဲအလုပ်လုပ်ကြတာဖြစ်တယ်။ အခကြေးငွေမယူလို့ သူတို့ကိုတန်ဖိုးမရှိဘူးလို့သတ်မှတ်လို့မရဘူး။ သူတို့ဟာပါတီအတွက်အရမ်းတန်ဖိုးရှိတယ်။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့ သူတို့ဟာ ပါတီအတွက်အလုပ်အများကြီးလုပ်ပေးနိုင်တယ်။ သူတို့ကိုအခကြေးငွေမအပေးရတဲ့အခါမှာ အစားအသောက်တွေ၊ ဂရုစိုက်မှုတွေ၊ လေးစားမှုတွေပေးဖို့လိုအပ်တယ်။ ပါတီအတွက် အလုပ်လုပ်ပေးမယ့် လုပ်အားပေးတွေအတွက် ပိုက်ဆံကုန်ကျမှုနဲ့ပတ်သက်ပြီးပါတီကလျော့လာရမယ်။ တကယ်လို့ လုပ်အားပေးတွေအတွက် ခရီးစားရိတ်လိုမယ်ဆိုရင်၊ အဖွဲ့တူညီဝတ်စုံဝယ်ပေးဖို့လိုမယ်ဆိုရင်၊ ဒါမှမဟုတ် ညစာစားချိန်မှာ လှုပ်ရှားမှုတစ်ခုခုလုပ်ရမယ်ဆိုရင် သူတို့ကိုငွေကြေးပေးသင့်တယ်။ လုပ်အားပေးဖြစ်လာဖို့ လူတွေအတွက်အရာဝတ္ထုဆုလဒ်တွေဟာ အဓိကမကျပေမယ့် လုပ်အားပေးတွေကို ဆုချီးမြှင့်တဲ့နေရာမှာတော့ အဲဒီအရာဝတ္ထုတွေပေးအပ်ခြင်းဟာကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်တယ်။ အဲသလိုလုပ်ခြင်းအားဖြင့် လုပ်အားပေးတွေဟာ ကြီးမားတဲ့ပါတီတစ်ခုရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် ခံစားမှုကြီးမားလာလိမ့်မယ်။ ဒါဟာရှင်းလင်းပြတ်သားတဲ့ အသိအမှတ်ပြုခြင်းဖြစ်တယ်။ ဒီလိုလုပ်ရပ်တွေကြောင့် တခြားသောလုပ်အားပေးအသစ်တွေပါတီထဲပါဝင်လာဖို့ နှိုးဆွပြီးသားဖြစ်နေတယ်။ ပါတီရဲ့ဘတ်ဂျက်ထဲမှာ လုပ်အားပေးသစ်တွေခန့်အပ်ဖို့ကိစ္စနဲ့ပတ်သက်ပြီး ဘတ်ဂျက်လိုင်းသပ်သပ်ခွဲထားသင့်တယ်။ ဒါတွေအပြင်ပါတီခေါင်းဆောင်၊ ဒါမှမဟုတ်ကမ်ပိန်းမန်နေဂျာတွေဟာ လုပ်အားပေးတွေကို လက်ဆွဲနှုတ်ဆက်တာ၊ တစ်ယောက်ချင်းစီကိုကျေးဇူးတင်စကားပြောတာ စတာတွေကိုလုပ်ရမယ်။ အဲသလိုလုပ်ခြင်းအားဖြင့် လုပ်အားပေးတွေဟာ မတူကွဲပြားတဲ့ကမ္ဘာသစ်တစ်ခုကိုခံစားနိုင်လိမ့်မယ်။



## အစီအစဉ်ချမှတ်ခြင်း

**လုပ်အားပေးတွေကို ခန့်အပ်ခြင်း**

– ဘယ်လိုလူမျိုးကိုဘယ်လိုတာဝန်တွေပေးသင့်သလဲဆိုတဲ့ဟာကို စဉ်းစားပါ။

– (ပစ်မှတ်အုပ်စု) စတဲ့ခင်ဗျားတို့ရရှိနိုင်တဲ့လုပ်အားပေးအမျိုးအစားပေါ်မှာမူတည်ပြီးတော့ လုပ်အားပေးခန့်အပ်ခြင်းဆိုင်ရာ မဟာဗျူဟာဆွဲပါ။

– လိုအပ်မယ်ဆိုရင် လုပ်အားပေးတွေကို သင်တန်းပေးပါ။

– လုပ်အားပေးတွေရဲ့စကားကိုနားထောင်ပါ။ သူတို့နဲ့ပါဝင်ပူးပေါင်းပါ။ တာဝန်တွေခွဲအပ်ပေးပါ။

– ရှင်းလင်းပြတ်သားတဲ့ သဘောတူညီမှုထားရှိပါ။

– ခရီးစားရိတ်ပေးခြင်း၊ အချက်အလက်ဝေမျှခြင်း စတဲ့လိုအပ်တဲ့ အသုံးအဆောင်တွေကိုပေးပါ။

– လုပ်အားပေးတွေက မေးခွန်းတွေမေးမြန်းလို့ရတဲ့ လုပ်အားပေးစီစဉ်ကြီးကြပ်သူတစ်ယောက်ထားရှိပါ။

**လုပ်အားပေးများကို စိတ်ဓာတ်နိုးကြားအောင်ပြုလုပ်ခြင်း**

– လုပ်အားပေးတွေအတွက်အစည်းအဝေးကျင်းပပေးပါ။ အဲသလိုကျင်းပမှသာ (နိုင်ငံတော်အဆင့် ကမ်ပိန်းအဖွဲ့၊ ဒါမှမဟုတ် ဒေသဆိုင်ရာခေါင်းဆောင်) ပါတီနဲ့လုပ်အားပေးသစ်တွေကြားမှာ ရင်းနှီးမှုရှိလိမ့်မယ်။ တစ်ယောက်နဲ့တစ်ယောက်သိကျွမ်းလာလိမ့်မယ်။ ကမ်ပိန်းအစီအစဉ်တွေနဲ့ပတ်သက်ပြီးလည်း ပိုပြီးကြံဆတွေးတောလုပ်ကိုင် နိုင်လာလိမ့်မယ်။

– ပုဂ္ဂိုလ်ရေးဆက်သွယ်ဆောင်ရွက်မှုတွေဟာ အဓိကကျတယ်။

– လုပ်အားပေးတွေလုပ်နိုင်တဲ့အရာတွေကို လုပ်ခွင့်ပြုပါ။ သူတို့ဆန္ဒ

ရှိတဲ့အလုပ်တွေကိုလုပ်ခွင့်ပြုပါ။
– လုပ်အားပေးတွေဟာ တန်ဖိုးတွေကိုထည့်ဝင်တဲ့သူတွေဖြစ်တယ်၊ အသုံးကျတယ်လို့ခံစားလာရအောင် သူတို့ကိုပြုလုပ်ပေးပါ။ တကယ်လို့ သူတို့ကိုမခန့်ဘူးဆိုရင် ခင်ဗျားတို့ဘယ်တော့မှတွေ့ရမှာမဟုတ်တော့ဘူး။

**လုပ်အားပေးများကို ဆက်လက်ခန့်ထားခြင်း**

– (တကယ်လို့ခင်ဗျားတို့က ရွေးကောက်ပွဲမှာရှုံးသွားခဲ့ရင်တောင်မှ)ပါတီကျင်းပပေးပြီး လုပ်အားပေးတွေကို ကျေးဇူးတင်ကြောင်းပြောပါ။
– ( 'ခင်ဗျားတို့ဒါကိုအောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့တယ်။' ) ဆိုပြီး အသိအမှတ်ပြုပါ။ ( 'ခင်ဗျားတို့ကောင်းကောင်းလုပ်နိုင်ခဲ့ကြတယ်' )ဆိုပြီး သူတို့ရဲ့ကြိုးပမ်းအားထုတ်မှုကိုဖော်ထုတ်ပါ။
– ရွေးကောက်ပွဲပြီးသွားတဲ့အခါမှာ၊ သူတို့ရဲ့ အချိန်နဲ့စွမ်းအင်တွေကို အတော်များများအသုံးပြုပြီးသွားတဲ့အခါမှာ လုပ်အားပေးတွေကို ပါတီထဲမှာ အဆင့်တစ်ခုပေးပြီး ဆက်လက်ခန့်အပ်ထားပါ။

**လေ့ကျင့်ခန်း**

လုပ်အားပေးခန့်အပ်ခြင်း အစီအစဉ်ကိုရွေးဆွဲခိုင်းပါ။ ဘယ်လိုလုပ်အားပေးတွေကို ရှာဖွေနေသလဲ။ အဲဒီလုပ်အားပေးတွေကို ဘယ်နေရာမှာ ဘယ်လိုချဉ်းကပ်မလဲ။ ဘယ်နေရာနဲ့ဘယ်အချိန်မှာ သူတို့ကိုလိုအပ်မလဲ စတဲ့လုပ်အားပေးခန့်အပ်ခြင်းအစီအစဉ်ကိုရေးဆွဲခိုင်းပါ။

○

# အခန်း - ၁၀

# အသုံးအဆောင်ပစ္စည်းများနှင့် ပွဲများ

ခင်ဗျားတို့ရဲ့သတင်းစကားကို နည်းလမ်းမျိုးစုံနဲ့ဆက်သွယ်ဖြန့်ဖြူးလို့ရတယ်။ မီဒီယာတွေမှာဖော်ပြတာ၊ ကြော်ငြာရိုက်နှိပ်ဖြန့်ချိတာ၊ လူတွေဆီတိုက်ရိုက်သွားပြီးပြောဆိုတာ၊ ဒါမှမဟုတ် အစည်းအဝေးပွဲတွေလုပ်တာ၊ လက်ကမ်းစာစောင်တွေဖြန့်ချိတာစတဲ့ နည်းလမ်းတွေနဲ့ သတင်းစကားကို ဆက်သွယ်ဖြန့်ချိလို့ရတယ်။

## ပိုစတာ

ရွေးကောက်ပွဲတိုင်းမှာ ပိုစတာတွေမပါလို့မရဘူး။ ပိုစတာကို ဒီဇိုင်းလုပ်တဲ့အခါမှာ အောက်မှာပါတဲ့မေးခွန်းတွေကို မေးကြည့်ရမယ်။

**၁။** ပိုစတာဟာမဟာဗျူဟာနဲ့ ကွက်တိဖြစ်ရဲ့လား။

**၂။** ပိုစတာကို လမ်းသွားလမ်းလာတွေ ရှင်းရှင်းလင်းလင်း မြင်ရရဲ့ လား။

**၃။** ပါတီခေါင်းဆောင်ဟာ ဘယ်လိုဘယ်ပုံ လူသိများသလဲ။ တကယ်လို့ ခင်ဗျားတို့ရဲ့ခေါင်းဆောင်ဟာ ခေါင်းဆောင်သစ်ဖြစ်မယ်ဆိုရင် မဲပေးသူတွေနဲ့ စိမ်းနေလိမ့်မယ်။ အဲသလိုဖြစ်နေရင် လူသိထင်ရှားတဲ့ တံဆိပ်နဲ့ တွဲပြီးကြော်ငြာပါ။ "ခေါင်းဆောင်သစ်ကို လူသိပ်မသိကြဘူး။ ဒါ့ကြောင့် သူ့ရဲ့မျက်နှာကို ပိုစတာပေါ်မှာတင်ကြမယ်။ ဒါမှသူ့ပုံကို ရှင်းရှင်းလင်းလင်း မြင်ရမယ်။" ဆိုပြီးတော့မတွေးပါနဲ့။ မဲပေးသူတွေရဲ့ စိတ်ဝင်စားမှုကို ပိုမခန့်မှန်းမိပါစေနဲ့။ မဲပေးသူတွေဟာ ပိုစတာတွေကို ဖျတ်ကနဲ့ပဲလှမ်းကြည့်ကြတာဖြစ်တယ်။ ပိုစတာရှေ့မှာရပ်ပြီးလူတစ်ယောက်ကို မလေ့လာကြဘူး။



ပိုစတာထဲမှာအမြဲတမ်းပါရမယ့် အရာတွေကတော့ ဆောင်ပုဒ်၊ နာမည်၊ ပါတီတံဆိပ်နဲ့ အဓိကသတင်းကို ရည်ညွှန်းတဲ့စာကြောင်းတွေပဲဖြစ်တယ်။

## လက်ကမ်းစာစောင်၊ အချက်အလက်၊ ဘောက်ချာနဲ့ အသုံးဆောင်များ

လက်ကမ်းပေးဝေရတဲ့ပစ္စည်းတွေကို သုံးမျိုးခွဲလို့ရတယ်။

**၁။** ခင်ဗျားတို့ရဲ့သတင်းစကားတွေကို ရှင်းပြနိုင်တဲ့ပစ္စည်း၊ ဒီပစ္စည်းတွေကိုလမ်းမပေါ်မှာအလွယ်တကူ ဝေငှလို့ရတယ်။ လက်ကမ်းစာစောင်၊ အချက်အလက်ဘောက်ချာ၊ အလံကလေးတွေပဲဖြစ်တယ်။

**၂။** နောက်ထပ်ပစ္စည်းတစ်ခုကတော့ (ဦးထုပ်တွေ၊ လည်ပတ်တွေ၊ မိုးကာအင်္ကျီတွေ၊ ထီးတွေ)စတဲ့ ပါတီဝင်တွေနဲ့ လုပ်အားပေးတွေဝတ်ဆင်လို့ရတဲ့ ပစ္စည်းတွေဖြစ်တယ်။

**၃။** နောက်ဆုံးပစ္စည်း အမျိုးအစားကတော့ သော့ချိတ်တွေ၊ ဘောလ်ပင်တွေ၊ ရင်ထိုးတွေ၊ ကြယ်သီးတွေ၊ 'ကျွန်တော်အသက်ကြီးလာရင်၊ ဆိုရှယ်ဒီမိုကရက်တစ်တွေကို မဲပေးမယ်"ဆိုတဲ့ စာတမ်းပါတဲ့ ကလေးဝတ်အင်္ကျီတွေပဲဖြစ်တယ်။ ဒါတွေကို အပျော်အသုံးဆောင်ပစ္စည်းတွေလို့ ခေါ်တယ်။

## ပွဲများ

နိုင်ငံရေး ကမ်ပိန်းမှာ ပွဲအမျိုးမျိုးနဲ့ ပါဝင်လှုပ်ရှားမှုမျိုးစုံပါတယ်။ အဲဒီလှုပ်ရှားမှုမျိုးစုံဟာ ဈေးကွက်ထဲမှာရှိတဲ့ သတင်းအချက်အလက်တွေကနေစပြီး ကြီးမားတဲ့နိုင်ငံရေးပွဲတွေအထိ ပုံစံအမျိုးမျိုးရှိကြတယ်။ ခင်ဗျားတို့ဟာ တတ်နိုင်သမျှ လူများများဆီရောက်အောင်ကြိုးစားရမယ်။ ပါဝင်လှုပ်ရှားမှုတွေကို ကိုယ့်ရဲ့နယ်ပယ်တွေ ဒါမှမဟုတ်၊ စီးပွားရေး၊ မြို့တော်အစည်းအဝေးတွေ၊ ပွဲတော်တွေနဲ့ ပါတီကြီးတွေအထိရောက်နိုင်အောင်လုပ်

ရမယ်။ လူတွေခင်ဗျားတို့ဆီကိုရောက်လာမယ်လို့ မမျှော်လင့်ပါနဲ့။ ဒါကြောင့် လူတွေဆီကိုတက်တက်ကြွကြွနဲ့သွားတွေ့။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့ လူမသိသူမသိနေရာမှာ အစည်းအဝေးတွေမလုပ်နဲ့ဆိုတဲ့အချက်ပဲဖြစ်တယ်။ ဒါပေမယ့် မြို့လယ်ခေါင်လူသိများတဲ့နေရာမှာ လုပ်ရင်လူတွေဆီကို ပိုရောက်နိုင်တယ် ပါဝင်လှုပ်ရှားမှုတွေအောင်မြင်ဖို့ အောက်မှာပါတဲ့ စံတွေနဲ့ ချိန်ညှိသင့်တယ်။

၁။ ခင်ဗျားတို့ရဲ့ ပါတီ/အမတ်လောင်းနဲ့မဲပေးသူကြားမှာ တိုက်ရိုက်ဆက်သွယ်မှုရှိတယ်။

၂။ မီဒီယာတွေနဲ့ သက်ဆိုင်ပြီး မီဒီယာတွေက စိတ်ဝင်းစားတယ်။ ဒါ့ကြောင့်အခကြေးငွေမပေးရတဲ့ လူထုထဲမှာ ကြော်ငြာမှုမျိုးလုပ်ရမယ်။

၃။ အဲဒီပါဝင်လှုပ်ရှားတဲ့ပွဲတွေဟာ ခင်ဗျားတို့ရဲ့ သတင်းစကားနဲ့ဆက်နွှယ်နေရမယ်။

၄။ ဒီပွဲတွေဟာ ဖိတ်ကြားထားတဲ့ပါတီဝင်တွေ သီးသန့်ပစ်မှတ်အုပ်စုတွေနဲ့ အလုပ်လုပ်နိုင်ရမယ်။

၅။ တည်နေရာနဲ့ သတင်းစကားကြားမှာ ဆက်သွယ်မှုရှိတယ်။ (ဥပမာ – ကျန်းမာရေးစောင့်ရှောက်မှု အစည်းအဝေးကို GP ခွဲစိတ်ခန်း၊ ဒါမှမဟုတ် ဆေးရုံမှာလုပ်တာ)

၆။ တည်နေရာကို ကြိုတင်ပြီးရှာဖွေထားရမယ်။ မိုက်ကရိုဖုန်း၊ ရုပ်ရှင်ပြစက်၊ မီးစလိုက်စတဲ့အသုံးအဆောင် စက်ပစ္စည်းတွေကို ပြင်ဆင်ထားရမယ်။

၇။ အစည်းအဝေးကို တီဗီမှာ ဘယ်လိုပုံစံမျိုးနဲ့ မြင်စေချင်သလဲ။ တည်နေရာကို ခင်ဗျားတို့ရဲ့ခေါင်းထဲမှာ ကင်မရာရိုက်မယ့်အတိုင်း ပုံဖော်ပါ။ ပါတီတံဆိပ်နဲ့ ပါတီဝဘ်ဆိုဒ်တွေကို ကင်မရာရိုက်ချက်ထဲမှာ ထင်ထင်ရှားရှား ပေါ်နေဖို့လိုတာ။



**လေ့ကျင့်ခန်းများ**

၁။ သီးသန့်ပစ်မှတ်အုပ်စုအတွက် စိတ်ဝင်စားစရာကောင်းတဲ့ပွဲတစ်ခုကို စီစဉ်ပါ။

၂။ ခင်ဗျားတို့ ကမ်ပိန်းဆောင်ပုဒ်ကိုသုံးပြီး စိတ်ဝင်စားစရာကောင်းတဲ့ ပိုစတာတစ်ခုကို ဒီဇိုင်းဆွဲပါ။ ဒီဇိုင်းဆွဲနေတဲ့အချိန်အတွင်းမှာ ခင်ဗျားတို့ရဲ့စိတ်ကူးကိုပါဝင်လုပ်ဆောင်သူတွေကို အသိပေးပါ။ ခင်ဗျားတို့ပါတီခေါင်းဆောင်ရဲ့ပုံကို ပိုစတာမှာသုံးသလား။ ဒါမှမဟုတ် ပါတီတံဆိပ်ကိုသုံးသလား။

○

# အခန်း - ၁၁
# မဲဆွယ်ခြင်း

မဲဆွယ်ခြင်းဟာ ခင်ဗျားတို့ရဲ့ မဲပေးသူတွေဘယ်မှာနေတယ်ဆိုတာကိုစုံစမ်းပြီး သူတို့နဲ့တိုက်ရိုက် ထိတွေ့တဲ့အကောင်းဆုံးသောနည်းလမ်းဖြစ်တယ်။ သမိုင်းအရမဲပေးသူတွေနဲ့ ရွေးချယ်ခံထားရတဲ့ ကိုယ်စား လှယ်တွေကြားကချိတ်ဆက်တွေဟာ အားနည်းလာတယ်။ လူတွေက သူတို့ဘ၀တစ်လျှောက်လုံးပါတီတစ်ခုတည်းကိုပဲ မဲမပေးကြတော့ဘူး။ သူတို့ဟာ ရွေးကောက်ပွဲတွေကြားမှာ မကြာခဏပါတီတစ်ခုခုကိုကူးပြောင်းပြီး မဲပေးကြတာ။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့ ကျွန်တော်တို့ဟာတတ်နိုင်သမျှ မဲပေးသူတွေနဲ့ ခိုင်မာတဲ့နှောင်ကြိုးတွေချည်နှောင်ထားနိုင်ဖို့လိုတယ်ဆိုတဲ့အချက်ပဲ။ အကြောင်းကတော့ အရင်တုန်းက ခင်ဗျားတို့ရဲ့ပါတီကိုမဲပေးခဲ့တဲ့ မဲပေးသူတွေဟာ အခုတစ်ကြိမ်မှာ ခင်ဗျားတို့ပါတီကိုပဲ ထပ်ပြီးမဲပိုပေးချင်လာအောင် လုပ်ရမှာဖြစ်လို့ပဲ။

နိုင်ငံရေးသမားတွေဟာ "အားလုံးအတူတူပဲ"လို့ လူအတော်များများက ထင်မြင်ယူဆထားကြတယ်။ အဲဒီလူတွေဟာ သူတို့ရဲ့မဲတွေကို ထည့်ခြင်းအားဖြင့် သူတို့ရဲ့ပြောင်းလဲ မဲထည့်မှုမျှော်လင့်ချက်ကို စွန့်ပစ်ကြတယ်။" နိုင်ငံရေးသမားတွေဟာ ငါတို့ပြောတဲ့စကားတွေကို နားမထောင်ကြဘူး။ ဒါမှမဟုတ် "ခင်ဗျားတို့ ဘယ်သူ့ကိုပဲ မဲထည့်ထည့်ပြဿနာမဟုတ်ဘူး။ ဘာမှပြောင်းလဲသွားမှာမဟုတ်ဘူး။"စတဲ့စကားတွေကို လူတွေပြောနေကြတာကို ခင်ဗျားတို့ကြားမိကြလိမ့်မယ်။ ရေးရိုးမီဒီယာကမ်ပိန်းတွေဟာ ဒီလိုအယူအဆအမြင်တွေကိုပြောင်းလဲအောင်လုပ်ဖို့ မထိရောက်ဘူး။



တကယ်တော့ အဲဒီရေးရိုး မီဒီယာတွေဟာ မဲပေးသူတွေရဲ့ ယုံကြည်မှုပိုပြီးကင်းမဲ့လာအောင်လုပ်နေကြတယ်။ ဒါ့ကြောင့် မဲပေးသူတွေနဲ့ တိုက်ရိုက်ထိတွေ့တာဟာ အကောင်းဆုံးပဲဖြစ်တယ်။ အဲသလိုတိုက်ရိုက်ထိတွေ့ဖို့အတွက် မဲဆွယ်ခြင်းဟာ ကောင်းမွန်တဲ့နည်းလမ်းဖြစ်တယ်။ မဲပေးသူတွေနဲ့ သွားတွေ့တဲ့အခါမှာ မဲပေးသူတွေနဲ့ ဆက်ဆံရေးကောင်းလာအောင် ပြုလုပ်တာ။ ခင်ဗျားတို့ရဲ့ပါတီကို သူတို့စိတ်ဝင်စားလာအောင်လုပ်နိုင်တယ်ဆိုရင်၊ နောက်ရွေးကောက်ပွဲမှာသူတို့တွေဟာ ခင်ဗျားတို့ပါတီကိုမဲပေးဖို့ အခွင့်အရေးမြင့်မားလာလိမ့်မယ်။

မဲဆွယ်ခြင်းဟာ ခင်ဗျားတို့မဲရဖို့အတွက် မဲပေးသူတွေကို နှိုးဆွတာတစ်ခုတည်းမဟုတ်ဘူး။ ခင်ဗျားတို့ ပါတီနဲ့မဲပေးသူတွေ ဆက်ဆံရေးပိုပြီးခိုင်မာလာအောင် လုပ်ပေးတဲ့အပိုင်းလည်းပါတယ်။ မဲဆွယ်ခြင်းကြောင့် အောက်မှာပါတဲ့ အပေါင်းလက္ခဏာဆောင်တဲ့ရလဒ်တွေ ရလာနိုင်တယ်။

၁။ အဖွဲ့ဝင်သစ်တွေရလာနိုင်တယ်။ ဘယ်လိုလူမျိုးတွေဟာ ပါတီဝင်တွေဖြစ်လာနိုင်သလဲ။ အများအားဖြင့် အဲသလိုလူမျိုးတွေဟာ အရင်က ခင်ဗျားတို့ပါတီကို မဲထည့်ခဲ့ကြတဲ့လူတွေဖြစ်တယ်။ တကယ်လို့ခင်ဗျားတို့ပါတီအတွက် ရွေးကောက်ပွဲမဲဆန္ဒနယ်ပယ်ဟာအရေးပါသလဲဆိုတဲ့အချက်အလက်တွေရှိမယ်ဆိုရင်၊ အဲဒီလူတွေဘယ်မှာနေသလဲဆိုတာကို ခင်ဗျားတို့သိနိုင်တယ်။ တကယ်လို့ခင်ဗျားတို့က ခင်ဗျားတို့ ကိုယ်ချင်းစာတဲ့လူတွေရဲ့သတင်းအချက်အလက်တွေကို စုဆောင်းထားနိုင်တယ်ဆိုရင်၊ ခင်ဗျားတို့ဟာ အဲဒီလူတွေကို ချဉ်းကပ်ပြီးပါတီဝင်ဖြစ်လာဖို့ကို စည်းရုံးနိုင်တယ်။

၂။ လုပ်အားပေးအသစ်များရလာနိုင်တယ်။ ခင်ဗျားတို့ကို ကိုယ်ချင်းစာတဲ့လူတွေရဲ့အချက်အလက်တွေကလည်း လုပ်အားပေးအသစ်တွေခန့်အပ်ဖို့အတွက်အသုံးဝင်တယ်။ တကယ်လို့ ခင်ဗျားတို့ဟာ လူ(၁၀)ယောက်ဆီကို သွားတယ်ဆိုပါစို့၊ လူတိုင်းဟာ လုပ်အားပေး (၁၀)ယောက်ကို ခန့်အပ်ဖို့စီမံရမယ်။ အဲသလိုသာဆိုရင် ခင်ဗျားတို့မှာ လုပ်အားပေးအသစ် (၁၀၀) ရပြီးနေပြီ။ ဒါကို နှစ်ယောက်လုံးသက်ရောက်မှု လို့ခေါ်တယ်။

၃။ တခြားသော ဘဏ္ဍာရေးဆိုင်ရာနည်းလမ်းတွေ ပိုရလာနိုင်တယ်။ ပိုတိုးလာတဲ့ အဖွဲ့ဝင်အသစ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ ပိုတိုးလာတဲ့အဖွဲ့ဝင်ကြေးပဲဖြစ်တယ်။ ထပ်ပြောရရင်၊ ခင်ဗျားတို့ပါတီကို ကိုယ်ချင်းစာစိတ်ရှိတဲ့သူတွေရဲ့အချက်အလက်တွေကိုသုံးပြီး ခင်ဗျားတို့ကမ်ပိန်းအချိန်အတွင်းမှာ သူတို့ဆီကနေ အလှူငွေကောက်ခံနိုင်တယ်။

## ဆောင်ရမည့်အရာများနှင့် ရှောင်ကြဉ်ရမည့်အရာများ နိဂုံးမှတ်ချက်

### ဆောင်ရမည့်အရာများ

၁။ မဲဆွယ်တွေကို ခင်ဗျားတို့ပျော်ရွှင်နေတဲ့ပုံပြရမယ်။ လူတွေ့ရဲ့စိုးရိမ်သောကကို စိတ်ဝင်စားကြောင်းပြရမယ်။ ဒါပေမယ့် အချိန်မလုံလောက်တာကြောင့် ရှည်ရှည်လျားလျား မဆွေးနွေးပါနဲ့။

၂။ ကိုယ်ရဲ့ပြိုင်ဘက်လို့သတ်မှတ်ပြီးသားလူတွေကို စည်းရုံးတာဟာ အချိန်ရော၊ အင်အားကိုပါ ဖြုန်းတီးရာရောက်တယ်။

၃။ ခင်ဗျားတို့ရဲ့မဲပေးသူတွေဟာ ပါတီမှာတက်တက်ကြွကြွပိုပြီး ပါဝင်လုပ်ကိုင်ချင်သလားဆိုတာကို မေးဖို့မမေ့ပါနဲ့။

၄။ အုပ်စုလိုက်လှုပ်ရှားပါ။ တခြားသောလုပ်အားပေးတွေအတွက် ဥပမာအဖြစ် လွှတ်တော်အမတ်တွေနဲ့လည်း အတူတူပေါင်းပြီး လှုပ်ရှားပါ။

၅။ ခင်ဗျားတို့ရဲ့ကိုယ်ပိုင်နယ်နိမိတ်ကိုရေးဆွဲပါ။ လူမျိုးရေးခွဲခြားမှု၊ လိင်ခွဲခြားမှုစတဲ့ စော်ကားတဲ့အပြုအမူ တွေကို သည်းမခံပါနဲ့။ “ခင်ဗျားတို့ အဲသလိုပြောဆိုနေမယ်ဆိုရင်၊ ကျုပ်ကိုဆွေးနွေးလို့ရမှာမဟုတ်ဘူး” ဆိုပြီးပြောပါ။ တကယ်လို့ အဲသလိုပြောလို့မှ မရသေးဘူးဆိုရင် စကားပြောတာကိုအခုပဲရပ်လိုက်ကြရအောင်’ လို့ဆက်ပြောပါ။



၆။ မဲပြောမယ့်အကြောင်းအရာတွေကို မဲမဆွယ်ခင် ကြိုတင်ပြီးရေးသားထားပါ။

### ရှောင်ကြဉ်ရမည့်အရာများ

၁။ တခြားပါတီတွေကို စောင်းချိတ်မပြောပါနဲ့။

၂။ တကယ်လို့ လူတွေက ခင်ဗျားတို့ကို စကားပြောချင်တဲ့ဆန္ဒမရှိဘူးဆိုရင် အတင်းမပြောပါနဲ့။

၃။ လူတွေနဲ့စကားပြောတဲ့အခါနေကာမျက်မှန်တပ်မထားပါနဲ့။ နှာခေါင်းမနှိုက်ပါနဲ့။ ဒီလိုအပြုအမူမျိုးကို ရှောင်ကြဉ်ပါ။

၄။ ညမှောင်သွားရင် အိမ်တံခါးခေါင်းလောင်းကို မနှိပ်ပါနဲ့။ ညဘက်မှာအဲသလိုမပြုလုပ်ပါနဲ့။

၅။ အမျိုးသမီးက တံခါးလာဖွင့်ပေးရင် “ခင်ဗျားရဲ့ခင်ပွန်းနဲ့ ကျေးဇူးပြုပြီး စကားပြောလို့ရမလား” လို့ မမေးပါနဲ့။

### လေ့ကျင့်ခန်း

လွှတ်တော်အမတ်လောင်းတွေ တစ်အိမ်တက်တစ်အိမ်ဆင်း မဲဆွယ်တာကို ကစားပွဲလုပ်ပါ။ မဲဆွယ်ဖို့အတွက်ပြင်ဆင်ရေးသားပါ။

○

# အခန်း - ၁၂
# ပေါ်လစီကိုပုံဖော်ခြင်း

နိုင်ငံရေးပါတီတွေဟာသီးသန့်အိုင်ဒီအိုလိုဂျီတစ်ခုခုကို ကိုယ်စားပြုကြတယ်။ သူတို့ရဲ့ပါတီဟာ ဘာပါဆိုတဲ့ နိုင်ငံရေးအယူအဆတွေကို ကိုယ်စား ပြုထားကြတယ်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီတွေဟာချမ်းသာသူနဲ့ဆင်းရဲ သူကြားက အဟာကျင်းအောင်၊ ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်ခြင်း၊ လူတိုင်းအတွက်ကျန်းမာရေးစောင့်ရှောက်မှု၊ အညီအမျှပညာသင်ကြားခွင့်ရရှိရေး၊ အလုပ်သမားအခွင့်အရေးစတာတွေကို အဓိကကိုင်တွယ်ကြတယ်။ လစ်ဘရာယ်တွေကတော့ ရာဇဝတ်မှုနိမ်နင်းရေးထဲမှာရှိနေတဲ့ဖိနှိပ်မှုတွေ၊ လွတ်နေ တဲ့နယ်နိမိတ်တွေ၊ လွတ်လပ်တဲ့အင်ကပရိုက်စ် ကိစ္စတွေကိုထောက်ပြကိုင်တွယ်ကြတယ်။ ခရစ်ယာန်ဒီမိုကရက်တွေနဲ့ ကွန်ဆာဗေးတစ်ပါတီတွေကတော့ မိသားစုတန်ဖိုးတွေ၊ အရပ်ဖက်လူအဖွဲ့အစည်း၊ကိုယ်ကျင့်နဲ့ကျင့်ဝတ်ပြဿနာတွေကိုကိုင်တွယ်ကြတယ်။ ဒီများပြားကွဲပြားတဲ့ လမ်းကြောင်းတွေဟာ နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းနောက်ခံနဲ့ လူမှုရေးအဆက်အစပ်တွေကနေ ပေါက်ဖွားလာတာဖြစ်တယ်။ ပါတီရဲ့အိုင်ဒီအိုလိုဂျီဟာ ပါတီရဲ့အစီအစဉ် အထူးသဖြင့်ရွေးကောက်ပွဲအစီအစဉ်တွေကိုဖော်ဆောင်ပေးတယ်။ဒါတွေဟာပါတီရဲ့မူလအယူအဆကပုံဖော်မယ့် စိတ်ကူးလောကကိုဖော်ပြဖို့ ကြိုးစားချက်တွေဖြစ်တယ်။ မကြာခဏဆိုသလိုတကယ်လို့ပါတီအဖြစ်ယူဆထားရင် ဒီအစီအစဉ်တွေဟာ ပါတီကပြောင်းလဲဖို့အခုရှိတဲ့အရာတွေပါတဲ့ မဆုံးနိုင်အောင်များတဲ့ စာရင်းတွေပဲဖြစ်တယ်။ ဒါပေမယ့်အယူအဆအတွေးအခေါ်တွေနဲ့ ပြင်ချင်တဲ့ဆန္ဒကြားမှာကြီးမားတဲ့ချောက်ကြီးရှိ



နေတယ်။ အဲဒီချောက်ကြီးကို ပေါ်လစီလို့ခေါ်တယ်။ ပါတီတစ်ခု အာဏာရလာရင်၊ ဒါမှမဟုတ် ပါလီမန်ထဲကိုရောက်သွားတဲ့အခါမှာ အဲဒီပါတီဟာသူတို့ရဲ့ ပေါ်လစီအစစ်တွေကို အကောင်အထည်ဖော်ကြတာ လွှတ်တော်အမတ်တွေမှာရှိတဲ့ ပေါ်လစီအကောင်အထည်ဖော်ခွင့်အာဏာမှာ အကန့်အသတ်ရှိတယ်။ အဲဒီအမတ်တွေဟာ (ပုဂ္ဂလိကအဖွဲ့ဝင်ဘီလ်) ဖြစ်တဲ့ဘီလ်တင်ပြမှုကိုပဲ အများဆုံးလုပ်နိုင်တာဟာ အစိုးရတစ်ရပ်အနေနဲ့ ပေါ်လစီတွေကို အကောင်အထည်ဖော်လုပ်ဆောင်ခြင်းဟာ နေ့စဉ်လုပ်ငန်းဆောင်တာဖြစ်တယ်။

နိုင်ငံရေးပါတီတွေဟာ ပေါ်လစီပုံဖော်တဲ့နေရာမှာ အရေးပါတာဟာ ပါတီတွေဟာ သူတို့ရဲ့မဲပေးသူတွေရဲ့ဆန္ဒကို ခိုင်မာတဲ့ပေါ်လစီတင်ပြမှုဖြစ်အောင် လုပ်ရတာက ဒီအလုပ်ကို အုပ်ချုပ်တဲ့ကာလမတိုင်မီ၊ ဒါမှမဟုတ် အုပ်ချုပ်နေတဲ့အချိန်မှာ လုပ်ဆောင်ရတယ်။ ပေါ်လစီပုံဖော်တာဟာ လူတွေကို နိုင်ငံရေးထဲမှာပါဝင်လာအောင်လုပ်တဲ့နည်းလမ်းကောင်းတစ်ခုဖြစ်တယ်။ ပေါ်လစီပုံဖော်ဖို့ ပါတီတစ်ခုမှာနည်းလမ်းပေါင်းစုံရှိတယ်။

## ပေါ်လစီဌာန

ပါတီတော်များများမှာ လူတို့ရဲ့ကိုယ်ပိုင် ပေါ်လစီဌာနတွေရှိတယ်။ ပါတီခေါင်းဆောင်မှုက သက်ဆိုင်ရာကိစ္စတွေနဲ့ ပတ်သက်တဲ့အချက်အလက်တွေကိုစုဆောင်းထားဖို့ ပေါ်လစီဌာနကိုခိုင်းနိုင်တယ်။ ဒီအချက်အလက်တွေကို အလွယ်ဆုံးစုဆောင်းတဲ့နည်းကတော့ ပါတီအဖွဲ့ဝင်တွေကိုမေးခွန်းမေးခြင်းပဲဖြစ်တယ်။ ဒါပေမယ့် သူတို့ကလည်း အယူအဆထင်မြင်စစ်တမ်းကောက်ခြင်းတွေ လုပ်ချင်လုပ်လိမ့်မယ်။ ဒါမှမဟုတ် သီးသန့်ပစ်မှတ်အုပ်စုတွေနဲ့သွားပြီးတိုင်ပင်ချင်တိုင်ပင်လိမ့်မယ်။ အဲဒီနောက်မှာတော့ သတင်းအချက်အလက်တွေကို ပေါ်လစီအသစ်ဖြစ်လာအောင် ထုဆစ်လို့ရပြီ။ ဒီတာဝန်ကိုဆောင်ရွက်ဖို့အတွက် ပါတီဟာ ပေါ်လစီလက်ထောက်တွေကို ငှားရမ်းရမယ်။ အဲဒီလက်ထောက်တွေဟာ လုပ်ရမယ့်အလုပ်တွေကိုလိုက်လုပ်ပေးလိမ့်မယ်။ ဒါပေမယ့် ဆောင်းပါးတွေပုံနှိပ်တာ၊ သူတို့ရဲ့တစ်

ကိုယ်ရည်အစွမ်းနဲ့ လူထုထံတင်ပြမှုတွေလုပ်တာ စတဲ့အလုပ်တွေကို လုပ်ခိုင်းလို့မရဘူး။

## သုတေသန အင်စတီကျူ

ပါတီအတော်များများသူတို့ရဲ့ ကိုယ်ပိုင်သုတေသန အင်စတီကျူ၊ ဒါမှမဟုတ် အကြံပေးအဖွဲ့ရှိတယ်။ ဒီအဖွဲ့ဟာပါတီနဲ့ ဆက်နွယ်ပြီး နည်းလမ်းအမျိုးမျိုးနဲ့ အလုပ်လုပ်နေတဲ့ သီးသန့်ရပ်တည်ထားတဲ့ အဖွဲ့အစည်းတွေပဲဖြစ်တယ်။ ပါတီရဲ့ ကိုယ်ပိုင်ပေါ်လစီခွဲခြားမှုတွေနဲ့မတူဘဲ ဒီအဖွဲ့အစည်းတွေဟာ အမြဲတမ်းလိုလို ကိုယ်ပိုင်အာဏာလုပ်ပိုင်ခွင့် ငါးဆယ်ရာခိုင်နှုန်းလောက်ရှိကြတယ်။ အဲသလိုကိုယ်ပိုင်လုပ်ပိုင်ခွင့်ရှိလို့ ပါတီရဲ့ပေါ်လစီတွေကို လွတ်လွတ်လပ်လပ် ဝေဖန်လို့ရတာဖြစ်တယ်။ အဲဒီအပြင် ပါတီကလက်ရှိတင်ပြနေတဲ့ ရဲရင့်တဲ့အဆိုတွေကိုကျော်ပြီး သူတို့ရဲ့ကိုယ်ပိုင်တင်ပြမှုတွေကို လုပ်နိုင်တယ်။ ဒါအပြင် ပေါ်လစီအယူအဆတွေဖွံ့ဖြိုးလာအောင် ပုံဖော်မှုမှာ ပြင်ပလူတွေပါဝင်လာအောင်လုပ်ဆောင်နိုင်တယ်။ ဒီအင်စတီကျူရဲ့ အဖွဲ့အစည်းတည်ဆောက်ပုံဟာ အမျိုးမျိုးကွဲပြားခြားနားနိုင်တယ်။ တစ်ခါတရံမှာ ဒီအဖွဲ့အစည်းတွေဟာ ပါတီကို ဖွဲ့စည်းပုံအရသာမကဘဲ ဘဏ္ဍာရေးအရပါမှီခိုကြရတယ်။ ဒါပေမယ့် လွတ်လွတ်လပ်လပ် နည်းလမ်းတွေနဲ့ပါတီကို ထောက်ပံ့ပေးနေတဲ့ လွတ်လပ်တဲ့အဖွဲ့အစည်းတွေသာ ဖြစ်တယ်။ နယ်သာလန်နိုင်ငံမှာရှိတဲ့ ပါတီသုတေသန အင်စတီကျူတွေကို အစိုးရက ငွေကြေးထောက်ပံ့တယ်။ ထောက်ပံ့တဲ့ပမာဏကတော့ ပါလီမန်မှာ နေရာဘယ်နှနေရာရသလဲဆိုတဲ့ အပေါ်မှာမူတည်တယ်။ ဒီလို အကြံပေးအဖွဲ့တွေဟာ မကြာခဏဆိုသလိုပဲ ပါတီကရေးဆွဲတဲ့ပေါ်လစီ တင်ပြမှုအသစ်တွေကို ပုံဖော်တဲ့နေရာမှာ အရေးပါတယ်။ ဒါ့အပြင် ပါတီဝင်တွေကိုလည်း ကော်မတီထဲမှာ တက်တက်ကြွကြွပါဝင်လာအောင် လုပ်နိုင်တဲ့ ကော်မတီတွေကိုလည်း ဖွဲ့စည်းပေးတယ်။



## အမြဲတမ်းအကြံပေးအဖွဲ့

ပါတီအတော်များများမှာ ပါတီက ကျွမ်းကျင်သူတွေနဲ့ ဖွဲ့စည်းထားတဲ့ အမြဲတမ်းအကြံပေးအဖွဲ့ရှိတယ်။ (တစ်ခါတရံ အပြင်က လူတွေလည်း အဲဒီအဖွဲ့ထဲမှာပါတယ်)။ ဒီအကြံပေးအဖွဲ့ဟာ အရေးကြီးတဲ့ပေါ်လစီနယ်ပယ်တွေအတွက် အကြံဉာဏ်ပေးတယ်။ ဒီအဖွဲ့ဟာ သူတို့အတွက်ရော၊ အကြံဉာဏ်တောင်းတဲ့အဖွဲ့တွေအတွက်ပါအကြံပေးတယ်။ အဲဒီအကြံဉာဏ်တွေကတော့ သီးသန့်ကိစ္စပြဿနာတွေနဲ့ ပတ်သက်တဲ့နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးမှုတွေနဲ့ ပတ်သက်တဲ့အကြံဉာဏ်တွေ၊ ပေါ်လစီအသစ်တွေအတွက် အမြဲတမ်းပေးနေရတဲ့ အကြံဉာဏ်တွေပဲဖြစ်တယ်။ ဒတ်ချ် PvdA ပါတီမှာ နိုင်ငံတကာပြဿနာတွေနဲ့ ပတ်သက်တဲ့ အကြံပေးအဖွဲ့နှစ်ဖွဲ့ရှိတယ်။ အဲဒီနှစ်ဖွဲ့ကတော့ European Policy Advisory Board နဲ့ North South Committee အဖွဲ့နှစ်ဖွဲ့ဖြစ်တယ်။ ဒီနှစ်ဖွဲ့ဟာ ဖွံ့ဖြိုးရေးအကူအညီတွေကို အာရုံစိုက်တယ်။ NSC ကတော့ အန်ဂျီအိုအဖွဲ့တွေမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားတယ်။ ဒီအဖွဲ့မှာ ပညာရှင်တွေပါဝင်ပြီး နိုင်ငံရေးနယ်ပယ်တွေမှာ နိုင်ငံရေးဆိုင်ရာ တာဝန်ယူမှုတွေကိုလည်း လုပ်ကိုင်တယ်။ ဒါ့အပြင် PvdA မှာ အမျိုးသမီးကွန်ရက်လည်းရှိတယ်။ ရွှေ့နေကွန်ရက်၊ သက်ကြီးကွန်ရက်၊ ကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေနဲ့ ဆက်စပ်ထားတဲ့ ကွန်ရက်တွေရှိတယ်။ ဒီကွန်ရက်အားလုံးဟာ ပါတီရဲ့ပေါ်လစီတွေကို ပုံဖော်ဖို့ရည်ရွယ်ထားတယ်။ ဒါ့အပြင် ပါတီတွင်းမှာရှိတဲ့ ရနိုင်တဲ့အသိပညာတွေအားလုံးကို ထိထိရောက်ရောက် စုစည်းထားတယ်။

## ယာယီအကြံပေးအဖွဲ့

ပါတီရဲ့ကွန်ဖရင့်၊ ဒါမှမဟုတ် အမှုဆောင်အဖွဲ့ဟာ သီးခြားပြဿနာတွေနဲ့ပတ်သက်ပြီး ယာယီအကြံပေးအဖွဲ့ကို ဖွဲ့စည်းထားတယ်။ ဒီယာယီအကြံပေးအဖွဲ့မှာ သေသေချာချာ သတ်မှတ်ထားတဲ့ တာဝန်တွေနဲ့

လုပ်ကိုင်ပေးရမယ့်အလုပ်တွေရှိတယ်။ (ပေါ်လစီမှတ်တမ်းစတဲ့) အလုပ်တွေကို ဒီအဖွဲ့ကသတ်မှတ်ချိန်အတွင်းမှာ လုပ်ကိုင်ပေးရတယ်။ ဥပမာပြရရင် အနာဂတ်ပေါ်လစီပုံပေါ်ဖို့၊ အနာဂတ်အလုပ်သမား အပြောင်းအရွှေ့ကိစ္စ၊ နိုင်ငံရေးမှာ အမျိုးသမီးတွေပါဝင်နိုင်ခွင့်စတာတွေနဲ့ ပတ်သက်ပြီး အဲဒီအဖွဲ့တွေဆီကနေ အကြံတောင်းလို့ရတယ်။ ဒီလိုအဖွဲ့မျိုးကို ဥက္ကဋ္ဌက ရွေးချယ်ထားတာဖြစ်တယ်။ ဥက္ကဋ္ဌကရွေးချယ်ထားတဲ့ ဒီအဖွဲ့ထဲကလူတွေထဲမှာ အတွေ့အကြုံရှိတဲ့ (အရင်ကဝန်ကြီးဟောင်းတွေ) အပြင်နိုင်ငံရေးသမားတွေလည်းပါတယ်။

အဲဒီပုဂ္ဂိုလ်မှာ ကော်မတီရဲ့တွေ့ရှိချက်တွေကို အောင်အောင်မြင်မြင်ကာကွယ်နိုင်တဲ့ လုံလောက်တဲ့အာဏာရှိဖို့လိုတယ်။ ဒီလိုယာယီကော်မတီရဲ့ထောက်ခံချက်တွေဟာ အမြဲတမ်းလိုလို ဂရုတစိုက်စောင့်ကြည့်တာကိုခံရတယ်။ တကယ်လို့ သူတို့ဟာပေါ်လစီနယ်ပယ်၊ ဒါမှမဟုတ် ထိခိုက်လွယ်တဲ့ကိစ္စပြဿနာတွေကို စိုးရိမ်တဲ့အခါမှာ ပါတီတွင်း၊ ပါတီအပြင်နှစ်ခုစလုံးမှာ စောင့်ကြည့်ခံရတယ်။ ဥပမာ PvdA ပါတီမှာ လူနည်းစုလူမျိုးတွေရဲ့လူမှုပေါင်းစည်းမှုအကြောင်းတင်ပြနေတဲ့ ကော်မတီဟာ သူတို့ရဲ့ထောက်ခံမှုနဲ့ နိုးကြားလာအောင်လုပ်နိုင်ခဲ့တယ်။

## ရွေးကောက်ပွဲ အစီအစဉ်ရေးဆွဲတဲ့ကော်မတီ

ယာယီအကြံပေးအဖွဲ့နဲ့ပတ်သက်ပြီး ထင်ရှား၊ အရေးကြီးတဲ့အလုပ်ကို ဥပမာပေးရရင် ကော်မတီရွေးကောက်ပွဲအစီအစဉ်ကိုရေးဆွဲခြင်းပဲဖြစ်တယ်။ ရွေးကောက်ပွဲအစီအစဉ်တွေကိုဘယ်လိုစီစဉ်လုပ်ဆောင်သလဲဆိုတဲ့အချက်ဟာ ပါတီရဲ့အဆင့်အတန်းကိုပြဋ္ဌာန်းသတ်မှတ်ပေးတယ်။ ဒေသဆိုင်ရာပါတီခွဲတွေနဲ့ သီးခြားပါတီအဖွဲ့ဝင်တွေဟာ ပါတီကွန်ဖရင့်မှာ ဆွေးနွေးဖို့ဖိတ်ခေါ်ခံရတယ်။ အဲဒီကွန်ဖရင့်မှာ ရွေးကောက်ပွဲအစီအစဉ်ကို နောက်ဆုံးပိတ်ဆုံးဖြတ်ရေးဆွဲကြတယ်။ ဒါပေမဲ့ ဘယ်သူတွေဟာ အဲဒီအစီအစဉ်ရေးဆွဲမှုမှာပါဝင်ကြရမယ်ဆိုတာကတော့ စည်းကမ်းသတ်မှတ်မထားဘူး။ တစ်ခါတရံမှာ လွှတ်တော်အမတ်တွေထဲက ခေါင်းဆောင်တစ်ဦးဦးက ဒီအစီ



အစဉ်ကိုရေးပေးတယ်။ ဒါမှမဟုတ် ထင်ရှားတဲ့ နိုင်ငံရေးသိပ္ပံပညာရှင်တွေကပူးပေါင်းရေးဆွဲပေးတယ်။ အဲဒီကော်မတီကို ပါတီကရွေးချယ်ထားတာဖြစ်တယ်။ အဲဒီပါတီတွေဟာ (ထင်ရှားတဲ့ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့် နိုင်ငံရေးသမားတွေ) ဖြစ်တဲ့ ပါတီရဲ့ အုပ်ချုပ်ရေး အီလစ်တွေနဲ့ ရောနှောနေတယ်။ ဒါ့အပြင်စီးပွားရေးအဖွဲ့တွေ၊ ကုန်သည်သမဂ္ဂ၊ အန်ဂျီအိုတွေက ကိုယ်စားလှယ်တွေနဲ့ ပညာရှင်တွေ၊ သိပ္ပံနည်းကျတဲ့ ကျွမ်းကျင်သူတွေလည်းပါတယ်။ ပါတီဟာ နောက်တစ်နှစ်အတွက် ပါတီရဲ့ရည်ရွယ်ချက်ကို ထုတ်ပြန်ကြေငြာရတယ်။ အဲသလိုအချိန်မှာ ရွေးကောက်ပွဲအစီအစဉ်ဟာ ပါတီအတွက် အရေးကြီးတယ်။ ဒါ့အပြင်ရွေးကောက်ပွဲကမ်ပိန်း ဖော်ဆောင်ဖို့အတွက်လည်း ရွေးကောက်ပွဲအစီအစဉ်ကအရေးပါတယ်။ တကယ်တော့ကမ်ပိန်းမန်နေဂျာတွေ၊ မဟာဗျူဟာပညာရှင်တွေဟာ အဲဒီအစီအစဉ်ကိုအသေအချာ ဂရုတစိုက်စောင့်ကြည့်ကြတယ်။ ကမ်ပိန်းအဖွဲ့၊ ပါတီခေါင်းဆောင်မှု၊ လွှတ်တော်အမတ်တွေနဲ့ အစိုးရဟာ ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲရေးကော်မတီအပေါ် ဩဇာလွှမ်းမိုးချင်ကြတယ်။ အကျိုးစီးပွားဆိုင်ရာကိစ္စတွေလည်းရှိတယ်။ ရုံးခန်းထဲက နိုင်ငံရေးသမားတွေဟာ အများအားဖြင့် ယတိပြတ်ပေါ်လစီပြောင်းလဲမှုလုပ်ခြင်းတွေဟာ လက်ရှိပေါ်လစီကိုဝေဖန်နေတယ်ဆိုရင် အဲသလိုပေါ်လစီပြောင်းလဲမှုကိုမလုပ်ချင်ကြဘူး။

## ပါတီနဲ့လူ့အဖွဲ့အစည်းထဲက အစီအစဉ်တွေအတွက်ထည့်ဝင်မှုကို စုဆောင်းခြင်းနဲ့ အထောက်အပံ့များရရှိခြင်း

လူ့အဖွဲ့အစည်းနဲ့ပါတီထဲမှာ ပေါ်လစီကိုထောက်ခံမှုများလေလေ၊ တကယ်ကိုနားလည်သဘောပေါက်မှုရရှိနိုင်တဲ့အခွင့်အရေး ပိုများလာလိမ့်မယ်။ အထောက်အပံ့ရရှိဖို့အတွက် ပါတီတွေဟာ တခြားသူတွေနဲ့ သူတို့ရဲ့ထောက်ပံ့သူတွေနဲ့ လူထုကြားစကားစစ်ထိုးပွဲလုပ်ရတယ်။ အစည်းအဝေးပွဲများဆိုတဲ့အခန်းမှာ ကျွန်တော်တို့မြင်ခဲ့ကြရတဲ့အတိုင်းပဲ။ ဆုံးဖြတ်ချက်ချတဲ့ဖြစ်စဉ်မှာ အချက်အလက်၊ စကားစစ်ထိုးခြင်း (အယူအဆဖွဲ့စည်းတည်ဆောက်ခြင်း) နဲ့ ဆုံးဖြတ်ချက်ချခြင်းဆိုတဲ့ အဆင့်သုံးဆင့်ရှိတာကိုတွေ့ရ

တယ်။ ဒီအဆင့်တွေကို ပါတီဟာ တတ်နိုင်သမျှ ပွင့်ပွင့်လင်းလင်းမျှမျှတတ ကိုင်တွယ်ရမယ်။ အပြင်ကလူတွေနဲ့စကားပြောဆိုဆွေးနွေးခြင်းဟာ အချက်အလက်အဆင့်နဲ့ စကားစစ်ထိုးအဆင့်တွေမှာပါတယ်။ ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်ဟာ ပါတီရဲ့အတွင်းကိစ္စဖြစ်တယ်။ အချက်အလက်အဆင့်မှာ ပါတီရဲ့ကော်မတီဟာ တတ်နိုင်သမျှအချက်အလက်များများကို စုဆောင်းဖို့လိုတယ်။ ဒီကိစ္စကိုလုပ်ဖို့အတွက် ကုမ္ပဏီတွေနဲ့ အဖွဲ့အစည်းတွေဆီသွားလည်တာ၊ ပညာရှင်တွေကို အင်တာဗျူးတာ၊ ဆက်စပ်ပတ်သက်နေတဲ့ စာအုပ်စာပေဖတ်ရှုတာ စတာတွေကို လုပ်ရမယ်။ စုဆောင်းထားတဲ့အချက်အလက်တွေဟာ နောက်ဆုံးပိတ်ပေါ်လစီတင်ပြမှုအတွက် အခြေခံဖြစ်တယ်။ စကားစစ်ထိုးပွဲအဆင့်ဟာ ပါတီအဖွဲ့ဝင်တွေ၊ မဲပေးသူတွေ၊ အထူးအကျိုးစီးပွားအုပ်စုတွေ၊ အန်ဂျီအိုတွေ၊ ပညာရှင်တွေစတဲ့ လူတွေဆီကနေတတ်နိုင်သမျှအယူအဆအမျိုးမျိုးကိုရရှိဖို့ လုပ်ဆောင်တဲ့အဆင့်ဖြစ်တယ်။ စကားစစ်ထိုးပွဲတွေကို နည်းလမ်းပေါင်းစုံနဲ့လုပ်လို့ရတယ်။ ဒါပေမယ့် အဓိကအချက်ကတော့ တတ်နိုင်သမျှလူအားလုံးဟာ စကားစစ်ထိုးပွဲမှာပါဝင်ဆွေးနွေးငြင်းခုံခွင့်ရှိတယ်ဆိုတဲ့ခံစားမှုရှိနေဖို့ပဲဖြစ်တယ်။ သူတို့ရဲ့အသံကိုကြားနိုင်ဖို့ပဲဖြစ်တယ်။ ဒီအဆင့်မှာ စကားစစ်ထိုးမှုဟာ ဆွေးနွေးဖို့အတွက် အထောက်အထားအချက်အလက်တွေကို အာရုံစိုက်နိုင်တယ်။ ဒါမှမဟုတ် နောက်ဆုံးအစီရင်ခံစာအကြမ်းကိုတောင်ကြည့်ရှုလို့ရတယ်။ စကားစစ်ထိုးပွဲလုပ်ဖို့အတွက် တချို့နည်းလမ်းတွေကိုအောက်မှာဖော်ပြထားတယ်။

(၁) အင်တာနက်တွင်ပြုလုပ်ခြင်း – အင်တာနက်က၊ ဒါမှမဟုတ် ဝဘ်ဆိုဒ်ပေါ်က သီးသန့်အုပ်စုဖွဲ့ဆွေးနွေးပွဲတွေ၊ အများပါဝင်လို့ရတဲ့ဆွေးနွေးပွဲ တွေမှာပါဝင်ပြီး လူတွေကသူတို့ရဲ့အယူအဆကိုထည့်ဝင်ကြတယ်။

(၂) ကော်မတီဆီတောင်းခံမှု – မြို့တော်အစည်းအဝေးကို ကျင်းပနိုင်တယ်။ အဲဒီအစည်းအဝေးပွဲကိုတတ်နိုင်သလောက် (ပါတီအဖွဲ့ဝင်တွေ၊ ပါတီပြင်ပကလူတွေ) လူများများတက်နိုင်အောင်စီစဉ်ပါ။ အဲဒီအစည်းအဝေးကို တက်ရောက်လာကြတဲ့လူတွေဟာ သူတို့ရဲ့အယူအဆတွေကိုတင်ပြနိုင်



တယ်။ အဲဒီအစည်းအဝေးပွဲကနေ မတူညီတဲ့အယူအဆအမျိုးမျိုးကို ကြားနိုင်တယ်။

(၃) ကော်မတီမှာ ဆွေးနွေးဖို့အတွက် ရေးသားထားတဲ့အယူအဆတွေကို လူတွေနဲ့တချို့အဖွဲ့အစည်းတွေကနေရရှိဖို့ ကော်မတီကတောင်းခံရမယ်။

(၄) အင်တာဗျူးလုပ်ခြင်းနဲ့ တိုင်ပင်ဆွေးနွေးခြင်း – ကော်မတီအတွက် အဖိုးတန်တဲ့ထည့်ဝင်မှုတွေလုပ်နိုင်တဲ့ပညာရှင်တွေကို အင်တာဗျူးလုပ်ပါ။

လုံလောက်တဲ့အထောက်အပံ့တွေရဖို့ ကော်မတီဟာနောက်ဆုံးအစီရင်ခံစာဟာ ဘယ်လိုဖြစ်မယ်၊ အချက်အလက်အဆင့်နဲ့ စကားစစ်ထိုးအဆင့်မှာ လူအမျိုးမျိုးနဲ့ အဖွဲ့အစည်းအမျိုးမျိုးကနေဘယ်လို အယူအဆတွေရလာတယ်စတာတွေကို ရှင်းလင်းပြရမယ်။ အားလုံးအဆင်ပြေတယ်ဆိုရင်၊ ပေါ်လစီသစ်ရလာလိမ့်မယ်။ ဒါမှမဟုတ် ပေါ်လစီအပြောင်းအလဲဖြစ်လာမယ်၊ ဒါမှမဟုတ် ရွေးကောက်ပွဲအစီအစဉ်တစ်ခုထွက်လာလိမ့်မယ်။

## လေ့ကျင့်ခန်း

ပါတီရဲ့ကြေငြာချက်၊ ဒါမှမဟုတ် အိုင်ဒီအိုလိုဂျီအပေါ်အခြေခံတဲ့ အဓိကပေါ်လစီသုံးခုပါတဲ့ ရွေးကောက်ပွဲအစီအစဉ်အကျဉ်းကို သင်တန်းသားတွေကိုရေးဆွဲခိုင်းပါ။

# အခန်း - ၁၃

# ဆွေးနွေးပွဲများ

နိုင်ငံရေးသမားတွေအတွက်ဘယ်တော့မှလုပ်ဆောင်လို့ မပြီးနိုင်တဲ့အရာကတော့အစည်းအဝေးပွဲတွေလုပ်ခြင်းပဲဖြစ်တယ်။ တစ်ခါတရံ ဆွေးနွေးပွဲတွေဟာ ပန်းတိုင်တောင်ဖြစ်လာမယ့်ပုံပေါ်တယ်။ နိုင်ငံရေးမှာ ခင်ဗျားတို့ဟာ အဖွဲ့ဝင်အစည်းအဝေးပွဲတွေရှိတယ်။ ပါတီကွန်ဖရင့်တွေ၊ ကော်မတီအစည်းအဝေးပွဲတွေ၊ ပါလီမန်ဆိုင်ရာ အစည်းအဝေးပွဲတွေ၊ ကက်ဘိနယ်အစည်းအဝေးပွဲတွေ၊ အစရှိတဲ့အစည်းအဝေးပွဲတွေရှိတာဟာ ဒီအဆိုမှာ အပိုင်းသုံးပိုင်းပါတယ်။ ပထမပိုင်းမှာ ကျွန်တော်တို့ဟာ အစည်းအဝေးပွဲကောင်းကောင်းတစ်ခုဘယ်လိုလုပ်ရမလဲဆိုတဲ့ ယေဘုယျအချက်တွေကိုတင်ပြထားတာ ဒုတိယပိုင်းမှာ အစည်းအဝေးပွဲအောင်မြင်ဖို့ အကူအညီ ပေးတဲ့အတူတကွလုပ်ဆောင်နည်းတွေကို ဆွေးနွေးထားတယ်။ တတိယအပိုင်းမှာတော့ ကျွန်တော်တို့သတိထားရမယ့် မဟာဗျူဟာတွေအကြောင်းကိုဆွေးနွေးထားတယ်။

(၁) ကြီးမားတဲ့ အစည်းအဝေးပွဲဆိုတာကတော့ရလဒ်ကိုလူတိုင်းသဘောတူတဲ့အစည်းအဝေးပွဲဖြစ်တယ်။

(၂) ကောင်းမွန်တဲ့အစည်းအဝေးပွဲဆိုတာကတော့ လူတိုင်းဟာ ရလဒ်တွေအားလုံးကို အပြည့်အဝ သဘောမတူနိုင်ပေမယ့် အဲဒီရလဒ်တွေနဲ့ အဆင်ပြေနိုင်တဲ့အစည်းအဝေးပွဲဖြစ်တယ်။

(၃) ဆိုးရွားတဲ့အစည်းအဝေးပွဲဆိုတာကတော့ ရလဒ်တွေကို လူတိုင်းကသဘောမတူဘဲဒီရလဒ်တွေကို ဆက်ပြီးထောက်ပြချင်နေတဲ့ အစည်းအဝေးပွဲဖြစ်တယ်။



## ကောင်းမွန်တဲ့ အစည်းအဝေးအတွက် ယေဘုယျအချက်များ

နိုင်ငံရေးမှာအစည်းအဝေးပွဲတစ်ခုကို ကောင်းကောင်းမွန်မွန် လုပ်နိုင်ဖို့ အရေးကြီးတယ်။ ကောင်းမွန်တဲ့အစည်းအဝေးဆိုတာ တက်နိုင်သမျှ အရည်အသွေးပြည့်မီပြီးဖြေရှင်းချက်ကောင်းကောင်းချမှတ်ထားတဲ့ ရလဒ်တွေရတဲ့ အစည်းအဝေးပွဲဖြစ်တယ်။ ဒီအခြေအနေအရ၊ အစည်းအဝေးကို တက်ရောက် လာတဲ့လူတိုင်းဟာ သူတို့သိရမယ့်အရာအားလုံးကို သိလိုက်ရတယ်ဆိုတဲ့ခံစားချက်ရရှိသွားတယ်။ အဲသလို ခံစားလိုက်ရတာကို ကောင်းမွန်တဲ့အဖြေရှာမှုလို့ခေါ်တယ်။ အဲသလိုဆွေးနွေးပွဲမှာ လူတိုင်းဟာသူတို့ရဲ့ ကိုယ်ပိုင်အယူအဆတွေကို ဖော်ထုတ်ခွင့်ရနိုင်တယ်။ အဲသလိုအခြေအနေကောင်းတစ်ရပ်မှာလူတိုင်းဟာ လက်ခံထားတဲ့အဖြေရှိမှုကို အပြည့်အဝထောက်ခံကြတယ်။ ဒါပေမဲ့ဒီလိုအခြေအနေမျိုးကို အမြဲတမ်းမရနိုင်ဘူး။ ဒီလိုအခြေ အနေမှာကျွန်တော်တို့ဟာကောင်းမွန်တဲ့အဖြေရှာမှုအကြောင်း ပြောကြတဲ့အခါမှာ အဖြေရှာမှုကနေရလာတဲ့ ရလဒ်ကိုညွှန်းဆို နေကြတာ မဟုတ်ဘူး။ အစည်းအဝေးအတွင်းမှာ ဆွေးနွေးညှိနှိုင်းမှု၊ ဆန့်ကျင်ထောက်ပြမှုတွေလျော့နည်းလာတယ်။ ဒါမှမဟုတ် နောက်ပိုင်းမှာအဲသလိုထောက်ပြပြောဆိုမှုတွေက ပါတီအတွင်းမှာရောအပြင်ကလူ တွေမှာပါရှိမှာ မဟုတ်တော့ဘူး။ အကျိုးဆက်အဖြစ်တခြားသူတွေရဲ့ အထောက်အပံ့ကိုပါရရှိမှုမြင့်မားလာလိမ့်မယ်။ အဲသလိုဖြစ်ရတဲ့အကြောင်းကတော့ စနစ်တကျမှန်ကန်တဲ့နည်းလမ်းနဲ့ရလာတဲ့ အဖြေရှာမှုဟာနိုင်ငံရေးအရသင့်တော်တဲ့ အဖြေရှာမှုဖြစ်တယ်လို့ အာမမခံနိုင်ဘူး။ ဒီအပိုင်းမှာပါတဲ့အချက်တွေဟာ အစည်းအဝေးကိုဦးဆောင်တဲ့လူတွေ၊ လက်မှတ်အုပ်စုအတွက် စီစဉ်ဆောင်ရွက်ပေးတဲ့သူတွေအတွက် ရည်ရွယ်ထားတာဖြစ်တယ်။ ဒါ့အပြင်သင်ကြားပေးတဲ့သူတွေ၊ ဒါမှမဟုတ် လူထုအစည်း အဝေးတွေနဲ့၊ ဆွေးနွေးငြင်းခုန်ပွဲ တွေကို ဦးစီးလုပ်ကိုင်နေတဲ့လူတွေ အတွက်လည်း ရည်ရွယ်ထားတယ်။

## ဝေမျှယူထားတဲ့ တာဝန်

ဥက္ကဋ္ဌဟာ အစည်းအဝေးအောင်မြင်ဖို့အတွက် တာဝန်ယူထားတဲ့ တစ်ယောက်တည်းသောသူမဟုတ်ဘူး။ ဥက္ကဋ္ဌဟာ အစည်းအဝေးမှာအခုပါတဲ့လူတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့်တာခြားသောအစည်းအဝေးတက်သူတွေ ( အနည်းဆုံး တစ်ပိုင်းလောက်) ပူပေါင်းပါဝင်မှုမရှိဘဲနဲ့ အဲဒီအစည်းအဝေးဘယ်ကိုမှမရောက်နိုင်ဘူး။ အစည်းအဝေးတက်တဲ့လူတိုင်းဟာ အစည်းအဝေးတွေလုပ်နေတဲ့ပုံစံနဲ့အညီ အနည်းဆုံး တာဝန်တစ်စိတ်တပိုင်းတော့ရှိကြတယ်။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့လူတိုင်းဟာ အစည်းအဝေးထဲမှာ အပြုသဘောဆောင်တဲ့စိတ်နဲ့ ပါဝင်ရမယ်၊ ဥက္ကဋ္ဌရဲ့ အစီအစဉ်အတိုင်းလိုက်နာရမယ်၊ တခြားအစည်းအဝေးတက်သူတွေလို (အတွေ့အကြုံနည်းနေရင်တောင်၊ ဗဟုသုတနည်းပါးပြီးရှင်းရှင်းလင်းလင်းနားမလည်ကြရင်တောင်) တလေးတစားဆက်ဆံကြရမယ်။

## အစည်းအဝေးပြင်ဆင်ခြင်း

ကောင်းမွန်တဲ့ပြင်ဆင်မှုဟာအောင်မြင်တဲ့အစည်းအဝေးအတွက် အရေးပါတယ်။ ပထမဆုံးသေချာဆောင်လုပ် ထားရမယ့်အချက်ကတော့ ဆွေးနွေးဖို့လိုအပ်နေတဲ့ ပြဿနာကိစ္စတွေကို အစည်းအဝေး အစီအစဉ်ထဲမှာ ပါဖို့ဖြစ်တယ်။ အစည်းအဝေးအစီအစဉ်ဟာအရေးကြီးတဲ့စကားလုံးတွေကို အစဉ်လိုက်ချရေးထားတာမဟုတ်ဘူး။ အစည်းအဝေးအစီအစဉ် ထဲက အချက်တစ်ချက်စီတိုင်းဟာ ပြဿနာကိစ္စရပ်တွေကို ရှင်းပြမယ့်အချက်အလက်တွေနဲ့ တွဲဆက်နေတယ်၊ ဒါကြောင့် အစည်းအဝေးအစီအစဉ်ထဲမှာ အောက်ဖော်ပြပါအချက်တွေကို ထည့်ဖို့လိုအပ်ပါတယ်။

(၁) ပြဿနာကိစ္စနဲ့ပတ်သက်တဲ့အချက်အလက်ကိုဝေမျှပါ၊ ဒါမှမဟုတ်ထောက်ပံ့ပါ။

(၂) ပြဿနာကိစ္စနဲ့ ပတ်သက်တဲ့အယူအဆ တစ်ခုကိုဖွံ့စည်းပါ။

(၃) ပြဿနာကိစ္စကိုဖြေရှင်းတဲ့ဖြေရှင်းမှုဆီကိုရောက်ပါစေ။

တစ်ခါတစ်လေမှာလူတွေဟာ ဒီအချက်သုံးချက်စလုံးကို တစ်ထိုင်



တည်းနဲ့ရအောင်ကြိုးစားတတ်ကြတယ်။ပြဿနာကိုတစ်ကန့်စီခွဲပြီး ဆွေးနွေးသင့်တယ်။ တကယ်လို့ဒီအဆင့်သုံးဆင့်ကို ကိုင်တွယ်ချင်တယ်ဆိုရင်၊ အဲဒီအဆင့် သုံးဆင့်ကို သေသေချာချာခွဲခြားထားဖို့အရေးကြီးတယ်၊ အစည်းအဝေးတက်တဲ့သူတိုင်းဟာသူတို့ဘယ်အဆင့်မှာရှိနေသလဲ ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်းသိနေရမယ်။

တကယ်လို့အစည်းအဝေးအစီအစဉ်က အဆင့်သုံးဆင့်ထဲက ဘယ်အဆင့်က ပန်းတိုင်ကို လျှောက်လှမ်းနေတယ် ဆိုတာကိုခွဲပြနိုင်တယ်ဆိုရင် အဆင်ပြေတယ်။ အဲသလိုခွဲပြနိုင်ရင် အစည်းအဝေးတက်တဲ့သူတွေဟာဘာတွေပြင်ဆင်ထားရမလဲဆိုတာကိုသိနိုင်တယ်။ တကယ်လို့ အကြောင်းတစ်ခုခုကို ခင်ဗျားတို့သိအောင်လုပ်ပေးရမယ်ဆိုရင်၊ ခင်ဗျားတို့ကိုယ်တိုင်ဆုံးဖြတ်လို့မရနိုင်တဲ့ အရာဆိုရင် သိပ်ကိုခက်ခဲသွားနိုင်တယ်။ ဒါကြောင့် ခင်ဗျားတို့ဟာ အစည်းအဝေးအစီအစဉ်ထဲမှာပါတဲ့ တခြားသောအကြောင်းအရာတစ်ခုကိုပြောင်းပြီးအာရုံစိုက်သင့်တယ်။ အဲသိလိုလုပ်မှသာဖြေရှင်းမှုရရှိနိုင်မယ်။

နောက်ဆုံးအနေနဲ့ အစည်းအဝေးအစီအစဉ်နဲ့သက်ဆိုင်တဲ့ အချက်အလက်အားလုံးဟာ အစည်းအဝေးတက်တဲ့လူတွေဆီကို ကြိုတင်ရောက်နှင့်ထားဖို့ ဥက္ကဋ္ဌက အသေအချာစီမံရမယ်။ အဲသလိုကြိုတင်ပေးထားမှသာ ပြင်ဆင်ဖို့အချိန် လုံလုံလောက်လောက်ရနိုင်မယ်။ (လိုအပ်ရင်သူတို့ရဲ့ ရုံးချက်နဲ့တိုင်ပင်ဆွေးနွေးလို့ရမယ်)။ ဒီအပိုင်းအတွက် အစည်းအဝေးတက်မယ့်သူတွေဟာ အစည်းအဝေးအတွက် ပြင်ဆင်ထားသင့်တယ်။ သက်ဆိုင်တဲ့အချက်အလက်အားလုံးကိုဖတ်ထားပြီး ပြဿနာကိစ္စရပ်အပေါ်မြင်တဲ့အမြင်တွေကို တွေးထားဖို့လိုတယ်။

## အစည်းအဝေးအစီအစဉ်

ပြင်ဆင်ပြီး သွားတဲ့အခါမှာတကယ်ရင်ဆိုင်ရမယ့်အရာကတော့ အစည်းအဝေးပွဲပဲဖြစ်တယ်။ အစည်းအဝေး အစီအစဉ်ကို ခပ်မြန်မြန်ဖတ်ပြီး အစည်းအဝေးအစီအစဉ်ထဲမှာပါတဲ့အကြောင်းအရာတွေအားလုံးကို မှန်မှန်

ကန်ကန် စီစဉ်ထားရဲ့လား၊ အစည်းအဝေးအစီအစဉ်ထဲမှာ ထည့်ထားတဲ့ ပန်းတိုင်တွေအားလုံးကို လူတိုင်းသဘောတူကြသလား (အချက်အလက်တွေကိုပေးပြီးအယူအဆတွေထုတ်ယူပြီး၊ ဒါမှမဟုတ် ဖြေရှင်းချက်ရပြီးတဲ့အခါမှာ)၊ အစည်းအဝေးအတွက် အချိန်ဘယ်လောက်သုံးမှာလဲ။ အချိန်ဇယားနဲ့ အစည်းအဝေးမှာပါဝင်ဆွေးနွေးသူအားလုံးညီတူညီမျှရမယ့်တာဝန်တွေပဲဖြစ်တယ်။ ဒါနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌမှာ အာဏာနည်းနည်းရှိနေတယ်။ ဥက္ကဋ္ဌက အကြောင်းအရာတစ်ခုကနေနောက် အကြောင်းအရာတစ်ခုပြောင်းဖို့ဆန္ဒရှိရင် ပါဝင်သူတွေကပြောင်းပေးရမယ်။ အကြောင်းကတော့ အစည်းအဝေးကိုအချိန်ကိုက်ပြီး လုပ်နေတာဖြစ်လို့ပဲ။ ဥက္ကဋ္ဌဟာအစည်းအဝေးအစီအစဉ်ထဲမှာပါတဲ့အကြောင်းအရာတစ်ခုစီတိုင်းကို ကောင်းကောင်းမိတ်ဆက်ပေးလိမ့်မယ်။ ဒါ့အပြင် ‘ဒီအကြောင်းအရာကိုအခုပြောတဲ့အတိုင်းဆက်ပြီးဆွေးနွေးစေချင်တယ်။ ကျွန်တော်တိုနောက်ခံအချက်အလက်နည်းနည်းနဲ့စကြရအောင်။ အဲသလိုလုပ်ဖို့အတွက်ကျွမ်းကျင်သူကိုကျွန်တော်တို့ ဖိတ်ထားတယ်။ သူကဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးအကျဉ်းပြောပြောပြလိမ့်မယ်။ အဲဒီနောက်မှာသူ့ကို မေးခွန်းတွေမေးလို့ရတယ်။ ပြီးရင်အယူအဆဖွံ့တည်မှုစမ်းသပ်ချက်တွေလုပ်မယ်။ အစည်းအဝေးကျရင် ဒီကိစ္စနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမယ်။’ လို့ဥက္ကဋ္ဌကပြောရမယ်။ အဲဒီနောက်မှာ လူတိုင်းသဘောတူသလားဆိုပြီး ဥက္ကဋ္ဌကမေးရမယ်။ အဲသလို မေးတဲ့အခါမှာအကြောင်းအရာတစ်ခုချင်းစီရဲ့ ပန်းတိုင်ဟာ တစ်ခါထပ်ပြီးပေါ်လာလိမ့်မယ်။

### အစည်းအဝေးအဆင့်သုံးဆင့်

အစည်းအဝေးရဲ့ပထမဆုံးအဆင့်ကတော့ သတင်းအချက်အလက်အဆင့်ပဲဖြစ်တယ်။ ဒီအဆင့်မှာရနိုင်သမျှအချက် အလက်အားလုံးကိုဖော်ထုတ်တင်ပြရမယ်။ အစည်းအဝေးတက်တဲ့သူတိုင်းအဲဒီအချက်အလက်တွေကိုသိနေရမယ်။ အကြောင်းအရာနဲ့ပတ်သက်ပြီး အယူအဆဖွံ့စည်းဖို့အတွက်အချက်အလက်စုံလင်သလား၊ မစုံလင်ဘူးလားဆိုတာကိုလည်း



ဆွေးနွေးပွဲက အာရုံဆိုက်ရမယ်။ ဒီအဆင့်မှာရှောင်ကြဉ်ရမယ့်အရာကတော့ အဖြေရှာဖို့နေနေသာသာ၊ အကြောင်းအရာနဲ့ပတ်သက်တဲ့ဆွေးနွေးငြင်းခုံမှုတွေမလုပ်ဖို့ပဲဖြစ်တယ်။

အစည်းအဝေးရဲ့ ဒုတိယအဆင့်ကတော့ အယူအဆကိုပုံဖော်ခြင်းပဲဖြစ်တယ်။ တကယ်ဆွေးနွေးငြင်းခုံမှုတွေဖြစ်လာတော့မှဒီအဆင့်ပေါ်လာတယ်။ ဒီအဆင့်မှာပါဝင်သူအားလုံးဟာသူတို့ရဲ့အယူအဆအမြင်တွေကိုပွင့်ပွင့်လင်းလင်းပြောကြရတယ်။ တစ်ချိန် တည်းမှာပဲအားလုံးဟာယေဘုယျသဘောတူညီမှုကို ရှာနေရမယ်။ လူတိုင်းဟာသူတစ်ပြန်ကိုယ်တစ်ပြန်ငြင်းခုံခွင့်ရှိတယ်။ တခြားသူတွေရဲ့ အမြင်တွေဝင်လာနိုင်ဖို့ကိုလည်းဖွင့်ထားရမယ်။ ဒီအဆင့်မှာဖန်တီးခြင်းလည်းပါလာပြီ။ အချက်အလက်အပိုင်းအစတွေ၊ လူပေါင်းစုံရဲ့အမြင်အယူအဆတွေကို ပေါင်းစပ်ပြီးအစည်းအဝေးတက်လာတဲ့လူတွေထဲက အများစု၊ ဒါမှမဟုတ် အားလုံးသဘောတူလက်ခံနိုင်တဲ့အဖြေတစ်ခုဆီကို ရောက်မယ့်လမ်းကြောင်းကို ဖန်တီးရမယ်။

တတိယအဆင့်ကတော့ အဖြေထုတ်ခြင်းအဆင့်ကိုကျော်လွန်ခြင်းပဲဖြစ်တယ်။ စကားစစ်ထိုးမှုကနေ ဘယ်လိုအချက်အလက်မှ မရတော့ဘူးဆိုရင် ဆုံးဖြတ်ချက်ချရတော့မယ်။ ဆုံးဖြတ်ချက်ချတဲ့နေရာမှာလည်းနည်းလမ်းမျိုးစုံနဲ့ဆုံးဖြတ်ချက်ချလို့ရတယ်။ တစ်ခါတစ်လေလူတိုင်းသဘောတူတဲ့ဆုံးဖြတ်ချက်ကိုချဖို့အဆင်ပြေနိုင်တယ်။ ဒါပေမဲ့ တစ်ခါတစ်လေမှာတော့မဖြစ်နိုင်ဘူး။ အဲသလိုအချိန်အခါမျိုးမှာ မဲခွဲပြီးဆုံးဖြတ်ရလိမ့်မယ်။ မဲခွဲပြီးဆုံးဖြတ်တဲ့နေရာမှာလည်း သေသေချာချာစီမံဖို့လိုတယ်။ ခင်ဗျားတို့ဟာ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ မဲခွဲဆုံးဖြတ်မယ့်ကိစ္စနဲ့ပတ်သက်ပြီးသံသယရှိစရာမလိုအောင်စီစဉ်သင့်တယ်။ ‘ဒီကိစ္စနဲ့ပတ်သက်ပြီးငြင်းဆန်ဖို့ဘယ်သူက မနှစ်သက်ဘူးလို့မပြောဘူးလဲ။’ စတဲ့အနုတ်လက္ခဏာတွေပါနေတဲ့စကားစုမျိုးမပြောပါနဲ့။ အဲဒီအစား ‘ဒီတင်ပြချက်ကိုဘယ်သူကလက်ခံသလဲ။’ ဆိုပြီးပြောပါ။ အဲဒီနောက်မှာ မဲခွဲဆုံးဖြတ်ပါ။ မဲခွဲဆုံးဖြတ်တဲ့နေရာမှာလည်း လက်ထောင်ပြီးဆုံးဖြတ်ပါ၊ ဒါမှမဟုတ် တစ်ယောက်ချင်းစီကိုမေးပြီး မဲခွဲဆုံးဖြတ်ပါ။ တကယ်လို့ လူမသိစေချင်ဘူးဆိုရင်

ထုံးစံအတိုင်း လျှို့ဝှက်မဲပေးစနစ်ကိုကျင့်သုံးပါ။ ဘယ်လိုအစီအစဉ်နဲ့ပဲ လုပ်သည်ဖြစ်စေ မလုပ်ခင်မှာ ရှင်းရှင်းလင်းလင်းဖြစ်ဖို့လိုတယ်။

ရလာတဲ့အဖြေအားလုံးကို သေသေချာချာဂရုတစိုက်ရေတွက်ပါ။ အဲဒီအဖြေတွေကို သာမန်ရေတွက်လိုက်မယ်ဆိုရင် ရှုပ်ထွေးမှုတွေပေါ်လာနိုင်တယ်၊ မကျေနပ်မှုတွေဖြစ်လာနိုင်တယ်။ ဥပမာပြောရမယ်ဆိုရင် ဒီလိုကိစ္စမျိုးဟာ အယူအဆပုံဖော်ခြင်းအဆင့် အဆုံးသတ်ပိုင်းမှာဖြစ်နိုင်တယ်။ တစ်ခုတည်းသောအယူအဆနဲ့ပတ်သက်ပြီး တစ်နေ့လုံးအလုပ်ရှုပ်သွားနိုင်တယ်။ 'ဟုတ်ပြီ၊ ဒါဆိုရင်ငါတို့ဒီလိုလုပ်ကြမယ်' ဆိုပြီး ဥက္ကဋ္ဌကပြောနိုင်တယ်။ ဒါမျိုးဟာ ကြီးမားတဲ့ပဋိပက္ခတွေကို ဖြစ်ပေါ်လာနိုင်စေတယ်။ အကြောင်းကတော့ ဆုံးဖြတ်ပြီးသားကိစ္စနဲ့ပတ်သက်ပြီးတချို့လူတွေမှာ သံသယဖြစ်နေနိုင်တယ်။ ဒါတင်မကသေးဘဲ တကယ်ရောဆုံးဖြတ်ခဲ့သလားဆိုပြီး လူတွေတွေးသွားနိုင်တယ်။ ဒီလိုသံသယမျိုးဟာ ရတဲ့အဖြေတွေနဲ့ပတ်သက်ပြီး သဘောမတူခဲ့တဲ့လူတွေရဲ့စိတ်ထဲမှာ စွဲသွားနိုင်တယ်။ အဲဒီလိုဖြစ်သွားတဲ့အခါကျရင် စိုးရိမ်ပူပန်မှုတွေနဲ့ မဲခွဲဆုံးဖြတ်မှုကိုထပ်ပြီး လုပ်ကြရလိမ့်မယ်။ ဒါမှမဟုတ်ပါတီအတွင်းမှာ၊ အဖွဲ့အစည်းတွင်းမှာရှိတဲ့ တချို့သောအကြောင်းအရာတွေနဲ့ စောစောကရလာတဲ့အဖြေတွေရဲ့ တရားဝင်ဖြစ်မှုကိုဆုံးဖြတ်ကြရလိမ့်မယ်။ ဒါကြောင့်အဖြေတွေကိုရေတွက်တဲ့ အခါမှာ ရှင်းလင်းပြတ်သားမှုဟာ အရေးကြီးတာဖြစ်တယ်။

အစည်းအဝေးပွဲတွေမှာ လူတွေဟာ အားလုံးပြောဆိုဆွေးနွေးပြီးသားအဆင့်တွေကို ပြန်သွားဖို့စိတ်ဆန္ဒရှိကြတယ်။ အဖြေရသွားတဲ့အခါမှာ ပါဝင်ဆွေးနွေးသူတွေဟာ တစ်ခါတစ်လေမှာ 'ဒီကိစ္စနဲ့ပတ်သက်ပြီး ဆုံးဖြတ်ဖို့ အချက်အလက်လုံလုံလောက်လောက်ရရဲ့လား။' ဆိုပြီး အချက်အလက်အဆင့်ကိုပြန်သွားချင်ကြတယ်။ ဒီလိုအခြေအနေမျိုးဟာ အယူအဆဖွဲ့စည်းပုံအဆင့်မှာလည်းဖြစ်နိုင်ခြေရှိတယ်။ အဲဒီအချိန်မှာ ပါဝင်ဆွေးနွေးသူတွေဟာ သူတို့ရရှိထားတဲ့အချက်အလက်အားလုံးကို မလုံလောက်ဘူးလို့ ထင်မြင်တတ်ကြတယ်။ အဲသလိုနောက်မှာကျန်ခဲ့တဲ့အဆင့်တွေဆီပြန်သွားဖို့ပြောကြတဲ့လူတွေအားလုံးဟာ အစည်းအဝေးပွဲအတွင်းမှာ



သူတို့ရဲ့အမြင်တွေကို ဦးစားပေးမခံရတဲ့သူတွေဖြစ်တယ်။ ဒါပေမဲ့ အဲသလို နောက်ကြောင်းပြန်လှည့်သွားဖို့တင်ပြတဲ့သူတွေကိုလည်း ဥက္ကဋ္ဌကအပြင်းအထန်မကန့်ကွက်သင့်ဘူး။ နောက်ကြောင်းပြန်လှည့်ပြီး အကျဉ်းချုပ်ဆွေးနွေးခွင့်ပြုလိုက်ပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း ဥက္ကဋ္ဌကအထူးပြုပြီးပြောနေစရာမလိုတော့ဘူး။ အဲသလိုပြောလိုက်ရင် အခုသူတို့ရောက်နေတဲ့အဆင့်ကို မျက်ခြေပြတ်မသွားစေဖို့ပဲဖြစ်တယ်။ ( 'ကျွန်တော်တို့ဟာ ဖိအားပေးခံနေရတယ်။' 'ကျွန်တော်တို့မှာ လုံလောက်တဲ့အချက်အလက် မရှိဘူး။' ) စတဲ့အစီအစဉ်ပေါ်ဝေဖန်မှုမျိုးရှိလာခဲ့မယ်ဆိုရင် နောက်ဆုံးအဖြေအတွက်ထောက်ပံ့နိုင်တဲ့ ထောက်ပံ့မှုအခွင့်အရေးတွေပေါ်လာလိမ့်မယ်။ တကယ်လို့ ကျန်ခဲ့တဲ့အဆင့်တွေကို ပြန်သွားဖို့တောင်းဆိုမှုတွေဟာ အဖြေရဖို့အတွက် အနှောင့်အယှက်ဖြစ်အောင်လုပ်တဲ့ နည်းဗျူဟာဖြစ်နေမယ်ဆိုရင် ဥက္ကဋ္ဌက အဲဒီတောင်းဆိုမှုကိုငြင်းပယ်သင့်တယ်။

## သဘောမတူညီမှု

အထူးသဖြင့်နိုင်ငံရေးမှာ ဆုံးဖြတ်ချက်တွေချမှတ်တဲ့အခါ၊ ကွဲပြားခြားနားတဲ့ရလဒ်မျိုးရလိုတဲ့လူတွေရှိနေနိုင်တယ်။ အဲဒီကိစ္စကိုဂရုတစိုက်စီမံသင့်တယ်။ ရရှိထားတဲ့အဖြေတွေနဲ့ပတ်သက်ပြီး ပြင်ပကဝေဖန်မှုတွေအားလုံးကို ပါဝင်ဆွေးနွေးထားတဲ့သူတွေအားလုံးက ကာကွယ်ခုခံရမယ်။ ဒါဟာ အခြေခံစည်းမျဉ်းစည်းကမ်းဖြစ်တယ်။ အတွင်းထဲမှာဖြစ်နေတဲ့ ရှေ့နောက်မညီမှုတွေကိုတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုနည်းနည်းပဲရှိနိုင်တယ်၊ ဒါမှမဟုတ် လုံးဝမရှိနိုင်ဘူး။ ဒါပေမဲ့ စောစောကပြောတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ပတ်သက်လို့ ခြွင်းချက်တွေရှိနိုင်တယ်။ အထူးသဖြင့် (အမျိုးသမီးဝါဒီတွေဟာ ကိုယ်ဝန်ဖျက်ချခြင်းအပေါ်တားမြစ်ဖို့အတွက် ဘယ်တော့မှ မဲပေးမှာမဟုတ်ဘူး။) စတဲ့အခြေခံကျင့်ဝတ်ဆိုင်ရာပြဿနာမျိုးတွေမှာတော့ ခြွင်းချက်ရှိတယ်။ ဒါမှမဟုတ် သူတို့ရဲ့ အထူးတင်ပြမှုတွေကို ကာကွယ်ဖို့အတွက်လူတွေဟာ သူတို့ရဲ့ထောက်ပံ့သူတွေနဲ့ အဆင်မပြေဖြစ်တဲ့အခါမှာလည်း စောစောတုန်းကပြောတဲ့ ခြွင်း

ချက်ရှိနေတယ်။ အဲဒီလိုကိစ္စမျိုးတွေမှာ ရလာတဲ့အဖြေတွေကိုဆန့်ကျင်ပြီး သူတို့ကိုမဲမပေးဖို့ပြောကြတယ်။ တစ်ချိန်တည်းမှာပဲ သူတို့ရဲ့တရားဝင်ဖြစ်မှုကိုလည်း ကာကွယ်ထားကြတယ်။ ပါတီတွင်းကပုဂ္ဂိုလ်တစ်ယောက်၊ ဒါမှမဟုတ် အုပ်စုတစ်စုကအဲသလိုမလုပ်ချင်ဘူးဆိုရင် ပါတီတွင်းအကွဲအပြဲဖြစ်နိုင်တယ်။ အဲဒီလိုအခြေအနေမျိုးပေါ်မလာအောင်လို့ ပါတီက ကြိုးစားရမယ်။ ဒါပေမဲ့ တကယ်လို့အဖြေတွေကိုမှန်မှန်ကန်ကန်ရရှိခဲ့တယ်ဆိုရင် စောစောတုန်းကပြောတဲ့အချက်ဟာ ဖြေရှင်းမှုတစ်ခုသာဖြစ်ပြီး ရလဒ်တွေကိုလက်ခံရမယ်။

## ရလာတဲ့အဖြေတွေကိုအကောင်အထည်ဖော်ခြင်း

မကြာခဏဆိုသလိုပဲ ရလာတဲ့ရလဒ်အဖြေတွေကို သင့်သင့်တင့်တင့်အကောင်အထည်မဖော်ကြဘူး။ အကြောင်းကတော့ အကောင်အထည်ဖော်ဖို့တာဝန်တွေကို သေသေချာချာမဖော်ပြလို့ပဲဖြစ်တယ်။ ရလဒ်အဖြေတွေကိုအကောင်အထည်ဖော်ခြင်းဟာ သဘာဝအားဖြင့် အစည်းအဝေးပွဲတွေပြီးတဲ့အခါမှာ စတင်တယ်။ ဒါပေမဲ့ 'ဘယ်သူက ဘယ်အချိန်မှာအကောင်အထည်ဖော်မလဲ။' စတဲ့အစည်းအဝေးပွဲအတွင်းမှာ ရလာတဲ့ရလဒ်အဖြေတွေရဲ့အကျိုးဆက်တွေကို ထည့်သွင်းစဉ်းစားဖို့အရေးကြီးတယ်။

## ဥက္ကဋ္ဌ

အထက်မှာဖော်ပြခဲ့တဲ့အတိုင်းပဲ အစည်းအဝေးပွဲတစ်ခုကောင်းကောင်းမွန်မွန်အကောင်အထည်ဖော်နိုင်ဖို့အတွက် လုံးဝတာဝန်ရှိတဲ့ပုဂ္ဂိုလ်မဟုတ်ပေမယ့်လည်း အဓိကပုဂ္ဂိုလ်တစ်ဦးတော့ဖြစ်တယ်။ သူဟာ ပါဝင်ဆွေးနွေးသူတွေကြားက အပြန်အလှန်ပြောဆိုလုပ်ကိုင်မှုတွေကို ကြီးကြပ်ရတယ်။ အရင်ကသဘောတူခဲ့တဲ့ ပန်းတိုင်တွေနဲ့လည်းကိုက်ညီမှုရှိလားဆိုတာကို စစ်ဆေးရတယ်။ အောင်မြင်တဲ့ ဥက္ကဋ္ဌတစ်ယောက်ရဲ့ အဓိကအလုပ်ကတော့ ကြားနေခြင်းပဲဖြစ်တယ်။ ဒါပေမဲ့ သူ့ဆီမှာ ကိုယ်ပိုင်အမြင်မရှိရဘူးလို့တော့ဆိုချင်တာမဟုတ်ဘူး။ သူဟာ ပါဝင်သူတိုင်းကို



သေသေချာချာပြောဆိုရမယ်။ တစ်ယောက်ယောက်ရဲ့အမြင်ကို၊ ဒါမှမဟုတ် သူ့ရဲ့ကိုယ်ပိုင်အမြင်ကိုပဲ ဦးစားမပေးရဘူး။ ဥက္ကဋ္ဌဟာ အားကစားပွဲအတွက် ဒိုင်လူကြီးလိုပဲ စည်းမျဉ်း၊စည်းကမ်းနဲ့အညီပြုမူဖို့ပြောရမယ်။ သူကိုယ်တိုင်ကကြားနေဖြစ်နေရမယ်။ အဲသလိုမလုပ်နိုင်ဘူးဆိုရင် အစည်းအဝေးပွဲကိုဖြောင့်ဖြောင့်တန်းတန်းလုပ်နိုင်မှာမဟုတ်တော့ဘူး။ သူ့ရဲ့လုပ်ပိုင်ခွင့်အာဏာကိုလည်း မေးခွန်းထုတ်လာလိမ့်မယ်။ အဲဒီလိုအစည်းအဝေးပွဲမျိုးကနေကောင်းမွန်တဲ့ရလဒ်အဖြေတွေထွက်မလာနိုင်ဘူး။ တကယ်လို့ ဥက္ကဋ္ဌဟာဆွေးနွေးတဲ့ကိစ္စပြဿနာနဲ့ပတ်သက်ပြီး သိပ်ပြင်းထန်နေမယ်ဆိုရင် အဲဒီဆွေးနွေးမှုကနေ သူ့အတွက်အကျိုးအမြတ်ရှိနေနိုင်တယ်။ ဒါကြောင့် ဒီကိစ္စအတွက်ဆွေးနွေးတဲ့နေရာမှာ တခြားသောယာယီဥက္ကဋ္ဌတစ်ယောက်ကို ခန့်ထားဖို့အကြံပေးချင်တယ်။


## အစည်းအဝေးပွဲများအတွက် ပူးပေါင်းဆောင်ရွက်မှုပုံစံများ

အစည်းအဝေးပွဲအတွင်းမှာ ပါဝင်သူတွေအကြားကဆက်သွယ်မှုကိုထိန်းသိမ်းဖို့လိုတယ်။ အခြေခံအားဖြင့် ပူးပေါင်းဆောင်ရွက်မှုပုံစံ နှစ်မျိုးရှိတယ်။ တစ်ခုက ကြယ်ပုံစံအဖြူ၊ နောက်တစ်ခုကကွန်ရက်ပုံစံဖြစ်တယ်။ ဒီပုံစံနှစ်ခုစလုံးကို အစည်းအဝေးပွဲရဲ့အဆင့်သုံးဆင့်ဖြစ်တဲ့ အချက်အလက်ဆင့်၊ အယူအဆအဆင့်၊ ဒါမှမဟုတ် ရလဒ်အဖြေအဆင့် စတဲ့အဆင့်တွေမှာ အထိရောက်ဆုံးအသုံးပြုနိုင်တယ်။ ဒီပုံစံနှစ်ခုကို ကျွန်တော်တို့အကျဉ်းချုပ်ဆွေးနွေးမယ်။

## ကြယ်ပုံစံ

ဒီပုံစံထဲမှာ ဥက္ကဋ္ဌနဲ့ပါဝင်ဆွေးနွေးသူတွေကြားကဆက်နွှယ်မှုကိုတင်းတင်းကျပ်ကျပ်ပုံဖော်ထားတယ်။ ပါဝင်ဆွေးနွေးသူတွေဟာ သူတို့အချင်းချင်းတိုက်ရိုက်ဆွေးနွေးလို့မရဘူး။ ဥက္ကဋ္ဌဆီကနေ တစ်ဆင့်သာဆွေးနွေးနိုင်တယ်။ ဘယ်သူက ဘယ်သူ့စကားပြောအလှည့်လဲဆိုတာကို ဥက္ကဋ္ဌက သတ်မှတ်ပေးတယ်။ တင်ပြချင်တဲ့အချက်အားလုံးကို ဥက္ကဋ္ဌ

ဆီ တင်ပြရတယ်။ ဒီလိုပုံစံပူးပေါင်းဆောင်ရွက်မှုမျိုးကို မြို့ကောင်စီ၊ ဒါမှမဟုတ် လွှတ်တော်တွေထဲက စကားစစ်ထိုးတဲ့ အစီအစဉ်တွေမှာ တွေ့ နိုင်တယ်။ ကြယ်ပုံစံကိုအောက်ပါအတိုင်းတွေ့နိုင်တယ်။





ဒီပုံစံရဲ့ရည်ရွယ်ချက်ကတော့ စကားစစ်ထိုးမှုချက်ခြင်းဖြစ်မလာအောင် (ရရှိထားတဲ့အချက်အလက်တွေ၊ အယူအဆတွေကို) စုစည်းပုံဖော်ခြင်းပဲဖြစ်တယ်။ လူတိုင်းမှာ စကားပြောဖို့အလှည့်ရှိတယ်။ ဒါမှမဟုတ်တစ်ယောက်ယောက်ကပြောဖို့ ဥက္ကဋ္ဌကဖိတ်ခေါ်တယ်။ ဒီပုံစံကို အချက်အလက်အဆင့်မှာ အသုံးပြုတယ်။ ဒါ့အပြင်အယူအဆဖွံ့စည်းမှုအဆင့်ရဲ့ပထမပိုင်းမှာလည်းသုံးတယ်။ ရလဒ်အဖြေတွေကို ဖော်ဆောင်တဲ့အဆင့်မှာလည်းသုံးတယ်။ ဥက္ကဋ္ဌဟာ ပူးပေါင်းဆောင်ရွက်မှုရဲ့ ဗဟိုချက်ဖြစ်တယ်။ ဆက်ပြီးပြောဆိုလုပ်ကိုင်မှုတွေအားလုံးကိုလည်း ထိန်းချုပ်ထားတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ လူတွေနဲ့မျက်လုံးချင်းဆက်သွယ်ဖို့လိုတယ်။ ပြောခဲ့ပြီးသားအရာတွေကို အနှစ်ချုပ်ပေးရတယ်။ လူတွေတစ်လှည့်စီစကားပြောဖို့ ဖိတ်ခေါ်ရတယ်။ တစ်ခါတစ်လေမှာ ဥက္ကဋ္ဌဟာ ပါဝင်သူတွေတိုက်ရိုက် ပြောဆိုတုန့်ပြန်နေကြတာကိုလည်း တားဆီးရတယ်။ တကယ်တော့ ကြယ်ပုံစံဟာ တင်းကျပ်တဲ့ပုံစံဖြစ်သလို အထက်အောက်ဖိစီးမှုရှိတဲ့ပုံစံလည်းဖြစ်တယ်။



ကွန်ရက်ပုံစံ

ကွန်ရက်ပုံစံကတော့ ကြယ်ပုံစံထက်ပိုပြီး တည်ဆောက်ပုံအားဖြင့်လွတ်လပ်တယ်။ ပါဝင်သူတွေဟာ ကမောက်ကမမဖြစ်အောင်လို့ တားဆီးနိုင်တဲ့ဥက္ကဋ္ဌနဲ့တိုက်ရိုက်ဆက်သွယ်လို့ရသလို အချင်းချင်းလည်း တိုက်ရိုက်ဆက်သွယ်လို့ရတယ်။ ကွန်ရက်ပုံစံဆက်သွယ်မှုဟာ ဆွေးနွေးငြင်းခုံမှုတွေအားတွေကြောင့် လူတွေတစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းရောနှောပြီးဆွေးနွေးနိုင်တယ်။ တီထွင်ဖန်တီးမှုတွေဖြစ်ပေါ်လာဖို့အတွက်လည်း အခွင့်ပေးထားတယ်။ အယူအဆတွေဟာ တီထွင်ဖန်တီးနိုင်စွမ်းရှိတဲ့စကားပြောဆိုမှုတွေထဲက ‘သေသေချာချာစဉ်းစားခြင်း’ ကြောင့် တဖြည်းဖြည်းပုံပေါ်လာတယ်။ တက်ရောက်လာတဲ့လူတိုင်းဟာ အချက်တိုင်းကိုဝင်ရောက်ဆွေးနွေးနိုင်တယ်။ ကိုယ့်အလှည့်ကျမှကိုယ်ဆွေးနွေးရတာမျိုးမဟုတ်တော့ဘူး။ ကွန်ရက်ပုံစံကိုအောက်မှာတွေ့နိုင်တယ်။




ကွန်ရက်ပုံစံဟာ အယူအဆဖော်ဆောင်မှုအဆင့်အတွက် အကောင်းဆုံးပုံစံဖြစ်တယ်။ ဥက္ကဋ္ဌဟာ ကြယ်ပုံစံကို အစဦးပိုင်းအဆင့်မှာ အသုံးပြုနိုင်တယ်။ အဲသလိုအသုံးပြုတဲ့အခါမှာလည်း တစ်ယောက်ချင်းစီကို တစ်လှည့်စီစကားပြောခွင့်ပေးတယ်။ ပြီးမှစကားစစ်ထိုးပွဲလုပ်ခိုင်းတယ်။

ဥက္ကဋ္ဌရဲ့အဓိကကအခက်အခဲကတော့ ပုံစံတစ်ခုနဲ့တစ်ခုကြားမှာ ဘယ်လိုအကူးအပြောင်းလုပ်ပေးမလဲဆိုတဲ့အချက်ပဲဖြစ်တယ်။ အစည်းအဝေးအစပိုင်းမှာ သူဟာ ကြယ်ပုံစံနဲ့စတင်ရမယ်။ အဲဒီပုံစံအရပြုမူဆောင်ရွက်ရမယ်။ အယူအဆဖွံ့စည်းမှုအဆင့်အတွင်းမှာတောင် စောစောကပုံစံအတိုင်းပဲပြုမူဆောင်ရွက်ကြရဦးမယ်။ ပုံစံနှစ်ခုကြားမှာ ညင်ညင်သာသာအကူးအပြောင်းလုပ်ဖို့အတွက် ဥက္ကဋ္ဌက နောက်ကူးမယ့်ပုံစံကိုအတည်ပြု ကြေငြာစရာမလိုဘူး။ ပထမအဆင့်မှာသုံးခဲ့တဲ့ပုံစံကို ဖြည်းဖြည်းချင်းဖျောက်ပစ်လိုက်ရမယ်။ ဒါမျိုးလုပ်ဖို့အတွက်ကောင်းမွန်တဲ့နည်းလမ်းတွေကတော့ ပြောဆိုတဲ့သူတွေနဲ့ မျက်လုံးချင်းချိတ်ဆက်မှုကိုလျှော့ချပစ်ရမယ်။ ခုံမှာမှီပြီးထိုင်နေရမယ်။ အချိန်တိုတွင်းစကားဝိုင်းဟာ သူ့ဘာသာသူစီးမျောသွားလိမ့်မယ်။ ဆွေးနွေးနေတဲ့အချိန်မှာ ကမောက်ကမဖြစ်လာမှာကို ဥက္ကဋ္ဌကမစိုးရိမ်သင့်ဘူး။ စကားပွဲတွေမှာ တစ်ယောက်ကပြောပြီးတစ်ခြားတစ်ယောက်ကနားမထောင်တာမျိုးတွေလည်းရှိတတ်တယ်။ တကယ်လို့ပွဲဟာလုံးဝကမောက်ကမဖြစ်သွားနိုင်တဲ့အခြေအနေကိုမြင်တဲ့အခါမှသာ ဥက္ကဋ္ဌကဝင်ရောက်ထိန်းသိမ်းသင့်တယ်။ ဒါပေမဲ့ လက်ရှိကျင့်သုံးနေတဲ့ကွန်ရက်ပုံစံကိုတော့ ဆက်ပြီးထိန်းသိမ်းထားရမယ်။

## ဥက္ကဋ္ဌ၏ဝင်ရောက်စွက်ဖက်မှု

ဆွေးနွေးပွဲအတွင်း ဥက္ကဋ္ဌဟာ နည်းသုံးနည်းနဲ့ဝင်ရောက်စွက်ဖက်နိုင်တယ်။

### အနှစ်ချုပ်ခြင်းနဲ့မေးခွန်းများမေးခြင်း

ဥက္ကဋ္ဌဟာ ပြောခဲ့တာတွေကို အနှစ်ချုပ်ပေးခြင်း၊ ပြောဆိုဆွေးနွေးသူတွေကို မေးခွန်းမေးခြင်း စတဲ့နည်းလမ်းတွေနဲ့ ဆွေးနွေးပွဲအတွင်းဝင်ရောက်စွက်ဖက်တာဟာ ပထမနည်းလမ်းဖြစ်တယ်။ အနှစ်ချုပ်ပေးခြင်းအားဖြင့် ပြောဆိုဆွေးနွေးသူတွေရဲ့ အဓိကပြောစကားတွေကို သေချာတိ



ကျလာအောင်လုပ်ဆောင်ပေးနိုင်တယ်။ အဲသလိုလုပ်ရပ်ဟာ အပေါင်းလက္ခဏာဆောင်တဲ့သက်ရောက်မှုတွေအများကြီးရှိတယ်။ ပြောဆိုသူရဲ့ရည်ရွယ်ချက်ကို လူတိုင်းသေသေချာချာနားလည်သဘောပေါက်ရဲ့လား၊ မပေါက်ဘူးလားဆိုတာကို ဥက္ကဋ္ဌကစစ်ဆေးဖို့အခွင့်အရေးရတယ်။ (လိုအပ်မယ်ဆိုရင် ဥက္ကဋ္ဌရဲ့အနှစ်ချုပ်ကို ပြင်ဆင်နိုင်တယ်။ ဒါမှမဟုတ်ထပ်ပေါင်းထည့်နိုင်တယ်။) ဒါ့အပြင် ဥက္ကဋ္ဌဟာပြောထားတဲ့စကားတွေထဲမှာပါတဲ့ စိတ်ဝင်စားဖွယ်အချက်တွေကိုရှင်းလင်းပြနိုင်တယ်။ တခြားပါဝင်သူတွေကိုလည်းပိုပြီး ဂရုတစိုက်နားထောင်ဖို့တိုက်တွန်းနိုင်တယ်။ ပြောဆိုသူဟာ သူပြောတဲ့သတင်းစကားတွေကို နားထောင်နေသလား၊ ထပ်ခါထပ်ခါပြောနေတာလားဆိုတာကိုလည်း ဥက္ကဋ္ဌကသတိပေးနိုင်တယ်။ ဒါ့အပြင် ပြောတဲ့စကားတွေကိုပိုပြီးထိထိရောက်ရောက်ဖြစ်လာအောင်လုပ်ဖို့၊ ကောင်းမွန်တဲ့ဥပမာတွေနဲ့တင်ပြဖို့ကိုလည်း တိုက်တွန်းနိုင်တယ်။ နောက်ဆုံးအနေနဲ့အခုပြောတဲ့နည်းလမ်းဟာ ဆွေးနွေးပွဲအတွင်းတည်တည်ငြိမ်ငြိမ်နဲ့အစီအစဉ်တကျဖြစ်လာအောင်ကူညီပေးနိုင်တယ်။ တကယ်လို့ အနှစ်ချုပ်မှုဟာ တိကျတယ်ဆိုရင် အစည်းအဝေးပွဲဟာ တည်ငြိမ်အေးချမ်းနေမယ်။ အဲသလိုမှမဟုတ်ရင် တင်းအားတွေ၊ သဘောမတူညီမှုတွေပေါ်လာနိုင်တယ်။

မေးခွန်းမေးခြင်းဆိုတာကတော့ ပြောသူတွေဆီကနေ သတင်းအချက်အလက်တွေပိုမိုရရှိဖို့ ဥက္ကဋ္ဌရဲ့ကြိုးပမ်းမှုတစ်ခုဖြစ်တယ်။ ဒါမှမဟုတ်စကားပြောသူကို သူတို့ပြောနေတဲ့အချက်နဲ့ပတ်သက်ပြီး ပိုမိုရှင်းလင်းလာအောင်လုပ်ခိုင်းခြင်းလည်းဖြစ်တယ်။ 'ဒီအလုပ်ကိုဘယ်လိုလုပ်နေသလဲ။ ခင်ဗျားဘာကိုဆိုလိုချင်တာလဲ။ ကျွန်တော်ဒါကို မှန်မှန်ကန်ကန်နားလည်နိုင်ပါ့မလား။ ဒီလိုဘာကြောင့်စဉ်းစားသလဲ။' စတဲ့မေးရိုးမေးစဉ်မေးခွန်းတွေကိုမေးပါ။ ခင်ဗျားတို့မတုန့်ပြန်ခင်မှာ တခြားလူပြောတဲ့စကားကိုနားလည်ဖို့ကြိုးစားပါစတဲ့သင်ခန်းစာမျိုးကိုလည်း ဥက္ကဋ္ဌကသင်ကြားပေးနိုင်တယ်။

## ဝင်ရောက်စွက်ဖက်မှုကြောင့် မတူညီတဲ့အကြောင်းအရာများ ပေါ်ထွက်လာနိုင်ခြင်း

ဆွေးနွေးပွဲရဲ့တချို့သောအဆင့်တွေမှာ (အထူးသဖြင့် အယူအဆပုံဖော်ခြင်းအဆင့်စတင်တဲ့အခါမှာ) ပါဝင်သူတွေကို သူတို့ရဲ့အမြင်အရ လွတ်လွတ်လပ်လပ်ပြောဆိုဆွေးနွေးခိုင်းပါ။ သူတို့ပြောဆိုဆွေးနွေးနေကြတဲ့ကိစ္စနဲ့ပတ်သက်ပြီး ခွဲခြမ်းစိတ်ဖြာမှုတွေလုပ်ခိုင်းပါ။ လွတ်လွတ်လပ်လပ်အဖြေထုတ်ခိုင်းပါ။ တကယ်လို့ အဖွဲ့အစည်းထဲက အကြောင်းအရာပေါင်းစုံကို ရှုပ်ရှုပ်ထွေးထွေးဆွေးနွေးနေတယ်ဆိုရင် ဒါဟာ နိုင်ငံရေးအလုပ်လုပ်နေတယ်ဆိုတာကို သဘောပေါက်ရမယ်။ ပါတီတွင်းနဲ့ ပါတီပြင်ပကလူတွေဆီကနေ ထောက်ခံမှုကိုရရှိနိုင်မယ့် ရလဒ်အဖြေကောင်းတွေရရှိဖို့အတွက် ကိုင်တွယ်နေတဲ့ပြဿနာကို ဘက်ပေါင်းစုံကနေဆွေးနွေးရမယ်။ တတ်နိုင်သမျှအဖြေရှာဖွေရမယ်။ ဥက္ကဋ္ဌရဲ့ပထမဦးဆုံးလုပ်ဆောင်ရမယ့်အချက်ကတော့ ဘယ်လိုဘယ်ပုံအပြည့်အဝသဘောတူညီမှုကို တတ်နိုင်သမျှမြန်မြန်ဆန်ဆန်ရရှိဖို့ အဆောက်အအုံတစ်ခုဖွဲ့စည်းတည်ဆောက်ဖို့ပဲဖြစ်တယ်။ ဒါကြောင့်ကွဲပြားခြားနားမှုတွေထက်စာရင် ဘုံအုတ်မြစ်ကို တည်ဆောက်ဖို့အရေးကြီးတယ်။ အစည်းအဝေးပွဲရဲ့ဒီအဆင့်မှာ ဒီလိုတိမ်းညွှတ်မှုတွေကို ဥက္ကဋ္ဌကကျော်လွှားနိုင်ဖို့ကြိုးစားရမယ်။ ကွဲပြားခြားနားမှုတွေကို ဖော်ထုတ်ဖို့အကောင်းဆုံးနည်းလမ်းကတော့ ပါဝင်ဆွေးနွေးသူတွေရဲ့အမြင်တွေနဲ့အယူအဆတွေကိုမေးခြင်းပဲဖြစ်တယ်။ (ခင်ဗျားတို့ ဘာတွေစဉ်းစားထားသလဲ။) ဆိုတဲ့မေးခွန်းမျိုးမေးခြင်းပဲဖြစ်တယ်။ ဒါမှမဟုတ် ကြားသိထားရတဲ့လူတွေဆီကနေ မတူကွဲပြားခြားနားတဲ့အမြင်တွေကိုလည်း မေးမြန်းရမယ်။

## ဘုံအုတ်မြစ်ကိုရှာဖွေဖို့ရည်ရွယ်ထားတဲ့ ကြားဝင်စွက်ဖက်မှု

ကြားဝင်စွက်ဖက်မှုဟာ ဘုံအုတ်မြစ်ကိုတည်ဆောက်ဖို့ရည်ရွယ်ရမယ်။ ဥပမာ အယူအဆတွေအမြင်တွေကိုပေါင်းစည်းရမယ်။ ရှေ့လျှောက်ဖော်ပြမယ့်စာပိုဒ်ထဲကအကြောင်းအရာတွေနဲ့ ဆန့်ကျင်တိုက်ဆိုင်ပြီး စစ်ဆေး



ကြည့်ပါ။ ဒီလိုကြားဝင်စွက်ဖက်မှုကို ပါဝင်သူတွေကအဖြေရှာဖို့လုပ်နေတဲ့အချိန်၊ ဒါမှမဟုတ် အမြင်တွေကိုဖလှယ်နေတဲ့အချိန် (အယူအဆပုံဖော်နေတဲ့အဆင့်ရဲ့ နိဂုံးပိုင်းမှာ) သုံးရမယ်။ အခုအချိန်မှာ ဥက္ကဋ္ဌဟာ အမျိုးမျိုးသော ဆွေးနွေးသူတွေထဲက ဘုံအုတ်မြစ်ကိုအာရုံစိုက်ထားရမယ်။ သူဟာ ဒီအလုပ်ကိုလုပ်ဖို့ ပြောထားပြီးသားစကားတွေကို အနှစ်ချုပ်ထားတဲ့အနှစ်ချုပ်မှုကျမ်းကိုပေးရမယ်။ အဲဒီအနှစ်ချုပ်မှုကြမ်းထဲမှာ တတ်နိုင်သမျှကွဲပြားခြားနားမှုတွေကိုဖော်ပြထားရမယ်။ ဒါပေမဲ့ဥက္ကဋ္ဌဟာသူတို့ပြောခဲ့တဲ့စကားတွေကို နားလည်မှုလွဲနေတယ်လို့ ထင်မသွားအောင်တင်ပြဖို့တော့လိုတယ်။ ဒီလိုမျိုးဝင်ရောက်စွက်ဖက်မှုတွေကို 'ဒီလမ်းကိုရွေးမယ်ဆိုတဲ့အချက်ကို ဘယ်သူသဘောတူသလဲ။' ဒါမှမဟုတ် 'ခင်ဗျားပြောတာအတော်များများကို ကျွန်တော်ကြားပြီးပြီ။' စတဲ့စကားမျိုးနဲ့ စတင်ပါ။ ဒီနေရာမှာ 'ဘယ်သူမှဒီကိစ္စကို တင်ပြမှုမရှိသေးဘူး။' ဆိုတဲ့ အနုတ်လက္ခဏာဆောင်တဲ့စကားလုံးမျိုးကိုလည်း သုံးဖို့သင့်တော်တယ်။ ဒီလိုကြားဝင်စွက်ဖက်မှုဟာ သူတို့ကိုယ်နှိုက်အတွက် ဘုံအုတ်မြစ်ကိုစတင်ရှာဖွေဖို့ အားပေးထားတယ်။

## မဟာဗျူဟာများ

အစည်းအဝေးပွဲတွေဆိုတာ လူတစ်ယောက်နဲ့တစ်ယောက်သြဇာလွှမ်းမိုးဖို့ ဒီဇိုင်းဆင်ထားတဲ့အရာတွေပဲဖြစ်တယ်။ ဒါမှမဟုတ် တစ်ယောက်နဲ့တစ်ယောက်သြဇာလွှမ်းမိုးခံဖို့ ပြုလုပ်ထားတဲ့အရာတွေပဲဖြစ်တယ်။ အစည်းအဝေးပွဲဆိုတာ ဖြေရှင်းမှုတွေရဖို့အတွက်တွေ့ဆုံတဲ့နေရာဖြစ်တယ်။ အထူးသဖြင့်အစည်းအဝေးပွဲကိုတက်လာတဲ့သူတိုင်းသဘောတူတဲ့ ဖြေရှင်းမှုတွေရဖို့ တွေ့ဆုံတဲ့နေရာဖြစ်တယ်။ လူတွေရဲ့စိတ်ကိုပြောင်းလဲခြင်းဟာ ဒီဖြစ်စဉ်ရဲ့အဓိကကျတဲ့အစိတ်အပိုင်းဖြစ်တယ်။ ဒါပေမဲ့ မျှမျှတတနဲ့ပွင့်လင်းမြင်သာဖို့တော့လိုတယ်။ အထူးသဖြင့်နိုင်ငံရေးမှာ အမြဲတမ်းမျှတပွင့်လင်းနေဖို့လည်းမလိုဘူး။ ကျန်ခဲ့တဲ့စာပိုဒ်မှာ ကျွန်တော်တို့ဟာအစည်းအဝေးပွဲ

တွေကရလာတဲ့ရလဒ်တွေကို ဩဇာလွှမ်းမိုးနိုင်တဲ့မဟာဗျူဟာတွေကို စူးစမ်းလေ့လာခဲ့ကြပြီးပြီ။ ဒီနည်းဗျူဟာတွေကို ကျောင်းသားတွေ သဘောပေါက်နိုင်ဖို့ကူညီပေးရင်း အဲသလိုနည်းဗျူဟာတွေကိုခုခံနိုင်မယ့် နည်းလမ်းတွေကိုလည်း ကျွန်တော်တို့ပြောခဲ့ပြီးသွားပြီ။ ပွဲကိုဖျက်ဆီးတဲ့မဟာဗျူဟာတွေဟာ နိုင်ငံရေးကိုနာမည်ပျက်အောင်လုပ်တဲ့ မဟာဗျူဟာတွေဖြစ်တယ်။

## အဆင့်ဆင့် မဟာဗျူဟာများ

ပထမဆုံးအဆင့်ဆင့်မဟာဗျူဟာကတော့ အပေါ်မှာဖော်ပြထားတဲ့ အဆင့်အမျိုးမျိုးရဲ့ နယ်နိမိတ်တွေကို ရှုပ်ထွေးသွားအောင် ကြိုးစားခြင်းပဲဖြစ်တယ်။ ဥပမာပြောရရင် လူတစ်ယောက်ဟာ အချက်အလက်အဆင့်မှာ သူ့ရဲ့အယူအဆကို အချက်အလက်တစ်ခုအနေနဲ့တင်ပြဖို့ကြိုးစားတယ်။ အဲဒီအချက်အလက်ထဲမှာ သူ့ရဲ့ပုဂ္ဂိုလ်ရေးအမြင်တွေ အများကြီးပါနေတယ်။ ဥပမာ 'အငယ်တန်းနိုင်ငံရေးဆိုင်ရာအဆင့်တွေမှာ အမျိုးသမီးတွေနည်းနည်းပဲရှိတယ်(အချက်အလက်)။ ဒါဟာလုံးဝ လက်ခံနိုင်စရာမကောင်းတဲ့ အချက်ပဲဖြစ်တယ်(အယူအဆ)။' ဆိုတဲ့စကားကိုကြည့်ရင်သိနိုင်တယ်။ အဆင့်အမျိုးမျိုးကြားကနယ်နိမိတ်တွေကိုဖြတ် ကျော်ဖို့တခြားနည်းလမ်းတစ်ခုကတော့ အယူအဆဖွဲ့စည်းပုံဖော်တဲ့အဆင့်မှာ ဆုံးဖြတ်ချက်တွေကို မြန်မြန်ဆန်ဆန်ချမှတ်ဖို့ တွန်းအားပေးခြင်းပဲ ဖြစ်တယ်။ 'ကျွန်တော်တို့ဟာ အငယ်တန်းအဆင့်တွေအတွက် ကျားမအချိုးအစား ငါးဆယ်ရာခိုင်နှုန်းကိုပဲ တင်ပြသင့်တယ်လို့ထင်တယ်။ သေချာတာကတော့ ဒီမှာရှိတဲ့လူတိုင်းဟာ ဒီအချက်ကို ဖြစ်နိုင်ခြေရှိတဲ့ဖြေရှင်းမှုလို့ သဘောတူကြလိမ့်မယ်။ ဒါကြောင့် ငြင်းခုံတာကိုရပ်ပြီး ဒီအရေး ကိစ္စကိုအခုပဲဆုံးဖြတ်ချက်ချရအောင်။

ဒုတိယအဆင့်ဆင့်မဟာဗျူဟာကတော့ အစည်းအဝေးပွဲရဲ့စီးကြောင်းကို နှောင့်ယှက်ခြင်းပဲဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် အရင်ကတည်းကကိုင်တွယ်ထားတဲ့ အကြောင်းအရာတွေဆီပြန်သွားတာမျိုး၊ အချက်အလက်ဆိုင်ရာ ကြေငြာချက်တွေအကြောင်းစကားစစ်ထိုးတာမျိုး၊ အစည်းအဝေးပွဲအဆုံးမှာ အစီအစဉ်တွေထဲကို အကြောင်းအရာသစ်တွေထပ်ပြီး



ထည့်တာမျိုး၊ အဲဒီအကြောင်းအရာတွေကို အခုချက်ချင်းဆွေးနွေးဖို့လိုတယ်ဆိုတဲ့ပုံစံမျိုး စတဲ့နှောင့်ယှက်ခြင်းတွေပဲဖြစ်တယ်။ တခြားသောနှောင့်ယှက်နည်းတစ်မျိုးကတော့ ဥက္ကဋ္ဌရဲ့အစည်းအဝေးပွဲကျင်းပတဲ့ ပုံစံကိုဝေဖန်ခြင်းပဲဖြစ်တယ်။

တတိယအဆင့်ဆင့်မဟာဗျူဟာကတော့ အခြေအနေ ကိုဖျက်ဆီးဖို့ ကြိုးစားခြင်းပဲဖြစ်တယ်။ ဥပမာပြောရမယ်ဆိုရင် အစည်းအဝေးပွဲတက်ရောက်လာတဲ့သူတွေ နေရာယူနေတဲ့အချိန်မှာပဲ သတင်းစာစဖတ်တာ၊ သက်ဆိုင်ရာမှတ်တမ်းတွေကိုဖွင့်ပြီး ဖတ်တာ၊ တယ်လီဖုန်းခဏခဏပြောတာ၊ အခန်းထဲကနေထွက်သွားတာ စတဲ့လုပ်ရပ်တွေနဲ့ အခြေအနေကိုဖျက်ဆီးနိုင်တယ်။

## စကားစစ်ထိုးခြင်းမဟာဗျူဟာများ

စကားစစ်ထိုးခြင်းမဟာဗျူဟာနဲ့ပတ်သက်ပြီး လစ်ဟာမှုဆိုတာ မရှိဘူး။ ပထမနည်းဗျူဟာကတော့အချက်အလက်တွေကို စပြီးရှုတ်ချတာဖြစ်တယ်။ 'ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အမျိုးသမီးတွေနဲ့အမျိုးသားတွေကိုညီမျှတဲ့အခွင့်အရေးတွေပေးတယ်လို့ လူတိုင်းကဆိုကြတယ်။ ဒါဟာ တကယ်ဟုတ်ရဲ့လား။' ဆိုတဲ့ ဟိုးအရင်ကတည်းကသဘောတူလက်ခံထားတဲ့အချက်ကို ကိုင်တွယ်ရှုတ်ချတဲ့ နည်းဗျူဟာဖြစ်တယ်။ နောက်ထပ်မဟာဗျူဟာတစ်ခုကတော့ 'နောက်ဆုံးမှာတော့ နိုင်ငံရေးသမားတွေဟာ မှီခိုလို့မရပါဘူး။' ဆိုတဲ့ အယူအဆနဲ့ ရှုတ်ချလို့ရတယ်။ ဒါမှမဟုတ် 'နိုင်ငံရေးသမားတွေကို မယုံဘူးလို့လည်းပြောလို့ရတယ်။ ရုတ်တရက်လူတွေအမှားအမှန်ဆုံးဖြတ်လို့မရနိုင်တဲ့ အစီအရင်ခံစာနဲ့ ပညာရှင်တွေကိုအကိုးအထောက်ပြုပြီးတော့လည်း တစ်ဖက်လူထက်နှာတစ်ဖျားသာအောင်လုပ်လို့ရတယ်။ နောက်ထပ်လုပ်နိုင်တဲ့လှည့်ကွက်တစ်ခုကတော့ တင်ပြမှုတစ်ခုခုကို ရုတ်တရက်တင်ပြလိုက်ခြင်းပဲဖြစ်တယ်။ ဒါမှမဟုတ် ဒေါသတွေ၊ မျက်ရည်တွေ၊ ဟာသတွေနဲ့ ဖောက်ခွဲပစ်လိုက်ခြင်းပဲဖြစ်တယ်။ တကယ်တော့အဲသလိုခံစားချက်တွေ ပေါ်လာစရာအကြောင်းမရှိတဲ့အခြေအနေ

မှာ ဖောက်ခွဲပြစ်ရမယ်။ အရေးကိစ္စတွေကိုအာရုံစိုက်နေမယ့်အစား 'စောစောကပြောသွားတဲ့သူရဲ့စကားတွေဟာ ခက်ထန်ကြမ်းတမ်းတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာပိုပြီးသိသင့်တယ်။ သူတစ်ယောက်တည်းအကျိုးအမြတ်တွေကို ရရှိချင်လို့ပဲဖြစ်တယ်။' ဆိုတဲ့ ပြဿနာတွေထဲမှာ လူတွေပါဝင်လာအောင်လုပ်ဆောင်ရမယ်။ တစ်ခါတရံမှာ လူတွေဟာအစည်းအဝေးရဲ့အစိတ်အပိုင်းတွေကို အနှစ်ချုပ်ပစ်တတ်ကြတယ်။ သူတို့အနှစ်ချုပ်တဲ့နည်းလမ်းကတော့ ဒီဆွေးနွေးပွဲဟာ တခြားသူတွေရဲ့ အားအင်တွေကိုယူသုံးပြီးသူတို့လိုချင်တဲ့အချက်ကို မြှင့်တင်ချင်တာပဲဆိုတဲ့ နည်းလမ်းပဲဖြစ်တယ်။ အကျယ်ချဲ့ခြင်းဟာလည်း တခြားသောလှည့်ကွက်တစ်ခုဖြစ်တယ်။ ဒီထက်ပိုပြီး အများကြီးတောင်းဆိုဖို့လိုတယ်။ နောက်ဆုံးမှာတော့ လူတွေဟာ အစည်းအဝေးပွဲမှာ သူတို့ရထားတဲ့အဆင့်အတန်းကနေ မတူညီတဲ့အရည်အသွေးတွေနဲ့ ပုံဖော်ခံချင်ကြတယ်။ 'ခင်ဗျားဟာ အထပ်ပေါင်းများစွာပါတဲ့ ကားရပ်နားစခန်းတစ်ခုကိုနှစ်သက်တယ်ဆိုတာ ကျွန်တော်မအံ့သြဘူး။ ဒီနယ်တစ်နယ်မှာ ခင်ဗျားဆိုင်တစ်ဆိုင်ရချင်တယ်ဆိုတာကိုလည်းကျွန်တော်မအံ့သြဘူး။' ဆိုတဲ့စကားမျိုးနဲ့ သူတို့ကိုယ်သူတို့ဖော်ပြကြတယ်။

## အစည်းအဝေးပြင်ပမှာ အသုံးပြုမယ့် မဟာဗျူဟာများ

တစ်ခါတစ်လေ လျှို့ဝှက်သဘောတူညီမှုတွေကို အစည်းအဝေးမစခင်မှာ ပြုလုပ်ထားကြတယ်။ 'တကယ်လို့ အချက်'က'ကို ခင်ဗျားကပေးမယ်ဆိုရင်၊ အချက်'ခ'ကိုကျွန်တော်ခင်ဗျားကိုပေးမယ်ဆိုတဲ့ ညှိနှိုင်းမှုမျိုးလည်းလုပ်ထားကြတယ်။ နောက်ထပ်နည်းဗျူဟာတစ်ခုကတော့ စည်းဝါးကိုက်ထားတဲ့အခြေအနေတစ်ခုကို ဖန်တီးထားခြင်းပဲဖြစ်တယ်။ ဥပမာအဖြေတစ်ခုမရခင်အချိန်မှာ မီဒီယာကိုပြောပြထားတာ၊ ဒါမှမဟုတ် တချို့အချက်တွေကို ကြိုတင်ပြောဆိုထားတာမျိုးတွေပဲဖြစ်တယ်။ အဲဒီအချက်တွေကိုပဲ တစ်ချိန်တည်းမှာပဲ တခြားပါဝင်ဆွေးနွေးသူတွေကို အစည်းအဝေးပွဲမှာ ပြောပြတယ်။



အပေါ်မှာတင်ပြခဲ့သလိုပဲ အစည်းအဝေးပွဲတွေဟာ နိုင်ငံရေးမှာမပါမဖြစ်တဲ့အရာတွေပဲဖြစ်တယ်။ ဒါပေမဲ့အချို့အစည်းအဝေးပွဲတွေကိုတကယ်လိုအပ်သလား မလိုအပ်ဘူးလား၊ ဒါမှမဟုတ် အစည်းအဝေးပွဲတွေဟာ သာမန်လုပ်နေကျပွဲမျိုးဖြစ်နေသလားဆိုတာကိုတော့ အမြဲတမ်းတွေးတောသင့်တယ်။ ကမ်ပိန်းကာလအတွင်းမှာ အချိန်ဟာ အရေးကြီးပြီး၊ ထိရောက်မှုဟာ အနှစ်သာရဖြစ်နေတယ်။ အချက်အလက်တွေကိုဖလှယ်ရမယ်။ သက်ဆိုင်ရာပါဝင်သူတွေဟာ ဆုံးဖြတ်ချက်ချတဲ့နေရာမှာပါဝင်နေသမျှကာလပတ်လုံး အစည်းအဝေးပွဲတွေမလုပ်ဘဲ ဆုံးဖြတ်ချက်တွေချနိုင်ရမယ်။ ခင်ဗျားတို့အဖွဲ့အစည်းထဲက ယဉ်ကျေးမှုဟာ အချိန်စားတဲ့အစည်းအဝေးပွဲတွေကို မကိုင်တွယ်နိုင်ဘူးဆိုရင် အဲဒီယဉ်ကျေးမှုကို ခင်ဗျားတို့ပြောင်းလဲပစ်ရမယ်။ အဲသလိုလုပ်ဖို့ ဆွေးနွေးပွဲကြာချိန်တွေကို စတင်ကန့်သတ်ပစ်ရမယ်။ အစည်းအဝေးပွဲကို နေ့လည်စာမစားခင်မှာလုပ်ပါ။ ဒါမှမဟုတ် ညနေခင်းအလုပ်ဆင်းချိန်မတိုင်ခင်မှာလုပ်ပါ။ ဒါမှမဟုတ် ထိုင်ခုံတွေမပါဘဲ မတ်တပ်ရပ်ပြီးဆွေးနွေးတဲ့ အစည်းအဝေးပွဲမျိုးကိုလုပ်ပါ။

## လေ့ကျင့်ခန်းများ

အစည်းအဝေးပွဲနည်းစနစ်တွေကိုလေ့ကျင့်တဲ့အခါမှာ ကစားပွဲတွေဟာ အရေးကြီးတဲ့နည်းလမ်းတွေဖြစ်တယ်။ ပါဝင်သူတွေဟာ အဆင့်သုံးဆင့်ကိုဖြတ်သန်းရမယ်။ ကြယ်ပုံစံနဲ့ကွန်ရက်ပုံစံတွေကိုလည်း လက်တွေ့အသုံးပြုခိုင်းပါ။ အစည်းအဝေးပွဲလုပ်တဲ့ပုံစံအတိုင်းပါဝင်သူတွေကိုလုပ်ဆောင်ခိုင်းပါ။ တခြားပါဝင်သူတွေကိုတော့ ဖော်ပြထားတဲ့သီအိုရီတွေအတိုင်းသူတို့လုပ်ဆောင်နိုင်သလား မလုပ်ဆောင်နိုင်ဘူးလားဆိုတာကိုစောင့်ကြည့်ခိုင်းပါ။ ပါဝင်သူတွေဟာ ဆွေးနွေးငြင်းခုံဖို့ပြဿနာကိုရွေးချယ်နိုင်တယ်။ ဒါပေမဲ့ ဒီညနေမှာ ကလပ်သွားမလား၊ ဒါမှမဟုတ်ရုပ်ရှင်ကြည့်မလားဆိုတဲ့ ရိုးရှင်းတဲ့ရွေးချယ်မှုတွေကိုရွေးချယ်နိုင်ဖို့ ခင်ဗျားတို့က ညွှန်ပြပါ။ သီအိုရီတွေအားလုံးကို လက်တွေ့လုပ်ဆောင်နိုင်ဖို့ ပြည့်စုံလုံလောက်တဲ့

ပစ္စည်းတွေကိုပိုပြီးထောက်ပံ့ပေးပါ။ တကယ်တော့ခင်ဗျားတို့ဟာ ပိုပြီးရှုပ်ထွေးတဲ့အကြောင်းအရာတွေကိုရွေးချယ်နိုင်တယ်။ အဲသလိုလုပ်ဖို့အတွက် ပါဝင်သူတွေရဲ့အတွေ့အကြုံနဲ့နီးစပ်တဲ့ အကြောင်းအရာတွေကိုရွေးချယ်ပါ။ ဥပမာ မိခင်ပါတီအရသူတို့ရဲ့မဟာဗျူဟာကိုပြဋ္ဌာန်းဖို့လုပ်နေတဲ့ လူငယ်အဖွဲ့အစည်း၊ ဒါမှမဟုတ် ရွေးကောက်ပွဲပိုစတာတွေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ဖို့လုပ်နေတဲ့ ကမ်ပိန်းအဖွဲ့အစည်း စတာတွေပဲဖြစ်တယ်။

# အခန်း - ၁၄

# ဆွေးနွေးညှိနှိုင်းခြင်း

ဒီအခန်းမှာတခြားသူတွေနဲ့ ညှိနှိုင်းဆွေးနွေးဖို့အတွက်လိုအပ်တဲ့ ကျွမ်းကျင်မှုတွေအကြောင်းကိုကြည့်ကြမယ်။ ဆွေးနွေးညှိနှိုင်းခြင်းဆိုင်ရာ ကျွမ်းကျင်ခြင်းတွေဟာ နိုင်ငံရေးမှာ အရေးကြီးတယ်။ အဲသလိုပဲ ဆွေးနွေး ညှိနှိုင်းမှုဟာ နေ့စဉ်ဘဝရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ ပါတီတွေဟာ မကြာခဏဆိုသလို တခြားပါတီတွေနဲ့ မဟာမိတ်ဖွဲ့ဖို့ ဆွေးနွေးညှိနှိုင်း ကြတယ်။ ဒါ့အပြင်ပါတီက အရေးကိစ္စတစ်ခုခုအတွက်ရပ်တည်ရမယ့် ရပ်တည်ချက်အကြောင်း၊ ဒါမှမဟုတ် လွှတ်တော်ကိုတင်မယ့်လွှတ်တော် အမတ်စာရင်းစတဲ့အကြောင်းတွေနဲ့ပတ်သက်ပြီး ပါတီတွင်းမှာလည်း အမြဲ တမ်းညှိနှိုင်းဆွေးနွေးမှုတွေလုပ်ကြရတယ်။ နိုင်ငံရေးမှာတင်မဟုတ်ဘူး လူ့ အဖွဲ့အစည်းတစ်ခုလုံးမှာရှိတဲ့ အလုပ်ရှင်နဲ့အလုပ်သမား၊ အာဏာပိုင်တွေ နဲ့အကျိုးစီးပွားအုပ်စုများ၊ အမျိုးသားနဲ့အမျိုးသမီးတွေကြား၊ မိဘနဲ့သားသ မီးကြားမှာ ညှိနှိုင်းဆွေးနွေးမှုတွေရှိတယ်။ ဒါကြောင့် ညှိနှိုင်းဆွေးနွေးမှု ဟာ ဘဝရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တယ်။

ညှိနှိုင်းဆွေးနွေးမှုရဲ့အဓိပ္ပါယ်ဟာဘာလဲ။ အောင်မြင်တဲ့ညှိနှိုင်း ဆွေးနွေးမှုထဲမှာ ပဋိပက္ခအမြင်တွေရှိတဲ့ ပါတီနှစ်ခု၊ ဒါမှမဟုတ် နှစ်ခု ထက်ပိုတဲ့ပါတီတွေဟာ သူတို့အမြင်တွေနဲ့ပတ်သက်တဲ့အချက်အလက်တွေ ကိုဖလှယ်ခြင်းအားဖြင့် ပါတီတွေရဲ့အနေအထားကို တွေ့မြင်နိုင်ခြင်းအား ဖြင့် ပါဝါမျှခြေကိုမြှင့်တင်ခြင်းအားဖြင့် သူတို့ရဲ့အနေအထားကိုပြောင်းလဲ အောင်လုပ်ချင်ကြတယ်။ အဲသလိုလုပ်ဖို့အတွက် အောင်မြင်တဲ့မဟာမိတ်



ဖွဲ့စည်းဖို့လိုတယ်။ အဲသလိုလုပ်ရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ပါတီတွေ ထဲမှာရှိတဲ့ ပါတီတွေကြားက ထာဝရအဆင်မပြေမှုတွေကိုဖြစ်စေနိုင်တဲ့ ပဋိပက္ခတွေကို လျှော့ချဖို့ပဲဖြစ်တယ်။ ညှိနှိုင်းဆွေးနွေးမှုဆိုတာ ဒီမိုကရေ ဒီမိုကရေစီစနစ်လည်ပတ်ဖို့အတွက် အဓိကအချက်ဖြစ်တယ်။ ကျွမ်းကျင် တဲ့ညှိနှိုင်းဆွေးနွေးသူတွေဟာ ဘယ်အဖွဲ့အစည်းအတွက်ကိုမဆို တန်ဖိုး မဖြတ်နိုင်တဲ့ အရင်းအမြစ်တွေပဲဖြစ်တယ်။

ကျယ်ကျယ်ပြန့်ပြန့်ပြောရမယ်ဆိုရင် ညှိနှိုင်းဆွေးနွေးမှုပုံစံသုံးမျိုး ရှိတယ်။ ပထမတစ်ခုကတော့ (ဆွဲဆောင်စည်းရုံးခြင်း) ဆွေးနွေးငြင်းခုံ ခြင်းအပေါ်မှာ အခြေပြုတဲ့ ညှိနှိုင်းဆွေးနွေးမှု၊ ဒုတိယတစ်ခုကတော့ (အခိုင်အမာအတောင့်တင်းဆုံးသောအောင်မြင်မှု) အာဏာပေါ်မှာအခြေပြု တဲ့ညှိနှိုင်းဆွေးနွေးမှု၊ တတိယတစ်ခုကတော့ ( 'ခင်ဗျားဒါလုပ်မယ်ဆိုရင်၊ ကျွန်တော်ကဟိုဟာလုပ်မယ်။' ) စတဲ့ဖလှယ်မှုအပေါ်မှာအခြေပြုတဲ့ ညှိနှိုင်းဆွေးနွေးမှုပဲဖြစ်တယ်။ ခင်ဗျားတို့သုံးမယ့်ပုံစံဟာ ခင်ဗျားတို့ ညှိနှိုင်း ဆွေးနွေးမယ့်လုပ်ဖော်ကိုင်ဘက်ရဲ့အနေအထားအပေါ်မူတည်သလို၊ ခင်ဗျား တို့ယုံကြည်ဆွဲကိုင်ထားတဲ့ ယုံကြည်မှုပေါ်မှာလည်းမူတည်တယ်။ တကယ် လို့စစကားပြောကတည်းက မှားယွင်းတဲ့ညှိနှိုင်းဆွေးနွေးပုံစံကိုသုံးမိတယ် ဆိုရင် နောက်ပိုင်းမှာ ဆုံးရှုံးမှုတွေဖြစ်ပေါ်လာနိုင်တယ်။ သင့်တော်တဲ့ ညှိနှိုင်းဆွေးနွေးမှုမဟာဗျူဟာကိုရွေးချယ်နိုင်ခြင်းဟာ တိုက်ပွဲတစ်ဝက်အောင် မြင်ခြင်းဖြစ်တယ်။

## ဆွေးနွေးငြင်းခုံမှုအပေါ်အခြေပြုတဲ့ ညှိနှိုင်းဆွေးနွေးမှု

ဒီဆွေးနွေးမှုပုံစံဟာ ညှိနှိုင်းဆွေးနွေးမှုထဲမှာ 'အသန့်ရှင်းဆုံး' ပုံစံတစ်ခုဖြစ်တယ်။ အကြောင်းကတော့ ဒီပုံစံဟာ အကောင်းဆုံးဖြေရှင်း မှုကိုတိုက်ရိုက်ရှာဖွေလို့ပဲဖြစ်တယ်။ ပါတီနှစ်ခုစလုံးဟာ သူတို့နှစ်ပါတီ ကိုစည်းခြားထားတဲ့ ပြဿနာတွေအတွက်အကောင်းဆုံးဖြေရှင်းမှုကို မှန် မှန်ကန်ကန်နဲ့ကြိုးစားရှာဖွေချင်ကြတယ်။ ပါတီနှစ်ခုစလုံးဟာ သူတို့တင်

ပြရမယ့် အငြင်းအခုံအားလုံးနဲ့ (ပါတီနှစ်ခုစလုံးကိုဆွဲဆောင်နိုင်တဲ့အချက်တွေ) အကောင်းဆုံးဆွေးနွေးငြင်းခုံမှုတွေကို တင်ပြကြတယ်။

ဒီလိုညှိနှိုင်းဆွေးနွေးမှုလုပ်ဖို့အတွက် ကြိုတင်ချမှတ်ထားတဲ့ စည်းမျဉ်းနှစ်ခုရှိရမယ်။ ပထမတစ်ခုကတော့ ပါတီနှစ်ခုစလုံးဟာ တစ်ပါတီနဲ့တစ်ပါတီယုံကြည်ရမယ်။ အနာဂတ်မှာလည်းကောင်းမွန်တဲ့ဆက်ဆံရေးထားရှိဖို့ ရည်ရွယ်ချက်ရှိရမယ်။ ဒုတိယအချက်ကတော့ ပါတီနှစ်ခုစလုံးဟာ ငြင်းခုံမှုနဲ့ပတ်သက်လာရင် သူတို့ရဲ့ကိုယ်ပိုင်အမြင်တွေကို လစ်လျူရှုထားရမယ်၊ ဒါမှမဟုတ် ညှိနှိုင်းနိုင်ဖို့ပြင်ဆင်ထားရမယ်။ ပါတီနှစ်ခုစလုံးဟာ တခြားပါတီတွေကိုအနိုင်ရဖို့ ပူပေါင်းကြတာဖြစ်တယ်။ ဒါပေမဲ့ တခြားပါတီရဲ့ သင့်တင့်တဲ့ငြင်းခုံမှုတွေအပေါ်မှာလည်း ဥပက္ခာမပြုရဘူး။ လက်ခံကြရမယ်။ အဲသလိုလုပ်ဖို့အတွက်ကတော့ အမြဲတမ်းမလွယ်ဘူး။ ညှိနှိုင်းဆွေးနွေးပြီးမှရလာတဲ့ရလဒ်ဟာ ပြိုင်ဘက်ရဲ့အမြင်ကိုလက်ခံတဲ့၊ ခင်ဗျားတို့ရဲ့ထောက်ပံ့သူတွေပါပါတဲ့ပြင်ပလောကတစ်ခုလုံးကို ခင်ဗျားတို့ခုခံရမယ်ဆိုတဲ့ ရလဒ်ဖြစ်ချင်ဖြစ်နေနိုင်တယ်။ တခြားပါတီဟာ မှန်ကန်တယ်လို့ ခင်ဗျားတို့ကရှင်းပြရမယ့် အခြေအနေရောက်ချင်ရောက်သွားနိုင်တယ်။

ကံကောင်းစွာနဲ့ပဲ ဆွေးနွေးငြင်းခုံမှုအခြေပြု ညှိနှိုင်းဆွေးနွေးမှုရဲ့ နောက်ဆုံးရလဒ်ဟာ ပါတီနှစ်ဘက်စလုံးရဲ့ငြင်းခုံမှုတွေရောထွေးနေတဲ့ ရလဒ်ပဲဖြစ်တယ်။ ဒီရလဒ်ဟာ အဲသလိုဆင်ခြေအတွက်အကောင်းဆုံး ဖြေရှင်းမှုတစ်ခုဖြစ်တယ်။ ပါတီနှစ်ခုထဲကတစ်ခုဟာ လုံးဝမှန်ပြီး နောက်တစ်ခုကတော့ လုံးဝမှားတယ်ဆိုတဲ့အခြေအနေဟာ ဖြစ်ခဲ့တယ်။

ဒီလို ညှိနှိုင်းဆွေးနွေးမှုပုံစံဟာ တကယ်လို့လျှို့ဝှက်ထားတဲ့အစီအစဉ်တွေ၊ မဟာဗျူဟာတွေ၊ ခြိမ်းခြောက်မှုတွေမရှိဘူးဆိုရင် အလုပ်ဖြစ်တယ်။ ထောက်ပံ့သူတွေကိုစည်းရုံးခြင်းဟာ ကိုယ်ဖြစ်စေချင်တာနဲ့ တလွဲစီဖြစ်တတ်တယ်။ နောက်ထပ်အရေးကြီးတဲ့အခြေအနေတစ်ခုကတော့ ဘယ်ပါတီမှ အချက်အလက်တွေကို ချန်မထားဖို့ပဲဖြစ်တယ်။ သူ့ကိုအချက်အလက်အကုန်ပေးတယ်လို့ ခံစားနေရတဲ့လူတစ်ယောက်ဟာ ဆွေးနွေးငြင်းခုံမှုရဲ့ဆွဲဆောင်စည်းရုံးတာကို ခံရတဲ့သူဖြစ်တယ်။ ခင်ဗျားတို့ဟာ တခြားပါတီတစ်ခုကို ခင်ဗျားတို့ရဲ့အငြင်းအခုံနဲ့စိုးမိုးချင်တယ်ဆိုရင် ခင်ဗျားတို့ဟာ ခင်ဗျားတို့စိတ်ကြိုက်အချက်အလက်တွေအားလုံးကို မတင်ပြရဘူး။ ဒါပေမဲ့တခြားပါတီတစ်ခုက သူတို့ရဲ့အကျိုးအမြတ်အတွက် ဖြေရှင်းချက်တွေကို ဘယ်လိုဘယ်ပုံတင်ပြသလဲဆိုတာကိုတော့ နားလည်ဖို့ကြိုးစားရမယ်။ ခင်ဗျားတို့မှန်ကန်တယ်ဆိုတာကို သူတို့ယုံကြည်လာအောင်ပြောရမယ်၊ ဒါ့အပြင်ခင်ဗျားတို့ရဲ့ဖြေရှင်းမှုဟာ သူတို့အတွက်အကောင်းဆုံးဖြေရှင်းမှုဖြစ်တယ်ဆိုတာကိုလည်းပြောရမယ်။ နောက်ဆုံးအနေနဲ့ တခြားပါတီဟာ သဘောတူညီထားတဲ့အတိုင်း ဖြေရှင်းမှုတွေကို အကောင်အထည်ဖော်နိုင်မယ်လို့ ညှိနှိုင်းဆွေးနွေးသူကကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိနေဖို့လိုတယ်။ တကယ်လို့ တခြားပါတီဟာ အကောင်အထည်ဖော်ဖို့စိတ်အားထက်သန်ပေမယ့်လည်း သူတို့ရဲ့ထောက်ပံ့သူတွေဟာ ဖြေရှင်းမှုကိုလက်မခံနိုင်လို့ အကောင်အထည်မဖော်နိုင်ဘူး၊ ဒါမှမဟုတ်တစ်ခါတည်းနဲ့ပြောင်းလဲပစ်ဖို့ ပြဿနာဟာကြီးကျယ်နေမယ်ဆိုတဲ့အခြေအနေလည်းရှိနိုင်တယ်။



ကံမကောင်းစွာနဲ့ပဲ ဒီညှိနှိုင်းဆွေးနွေးမှုပုံစံကို အမြဲတမ်းအသုံးပြုလို့မရဘူး။ ဒါကြောင့်တခြားညှိနှိုင်းဆွေးနွေးမှုပုံစံနှစ်မျိုးထပ်ပေါ်လာတာဖြစ်တယ်။

## အာဏာအခြေပြု ညှိနှိုင်းဆွေးနွေးမှု

ပထမအချက်ကတော့ ဒီလိုညှိနှိုင်းဆွေးနွေးမှုပုံစံဟာ ( 'ဘယ်အရာကအကောင်းဆုံးဖြေရှင်းမှုလဲ။' ) ဆိုတဲ့ အချက်ပေါ်မှာ မှီခိုမထားဘူး။ ညှိနှိုင်းဆွေးနွေးတဲ့ဘယ်ပါတီတွေဟာ အသန်စွမ်းဆုံးဖြစ်သလဲဆိုတဲ့အပေါ်မှာပဲမူတည်တယ်။ ဒီကိစ္စမှာပါတီတွေဟာ သူတို့တင်ပြထားတဲ့ဖြေရှင်းမှုတွေနဲ့ပတ်သက်ပြီး ပွင့်လင်းစရာမလိုဘူး။ ဒီအချက်ဟာ ဒုတိယအချက်ဖြစ်တယ်။ တကယ်တော့သူတို့ဟာ တတ်နိုင်သမျှအဲဒီဖြေရှင်းမှုတွေကို

လျှို့ဝှက်ထားကြမှာဖြစ်တယ်။ သူတို့ရဲ့ဖြေရှင်းမှုတွေကို လျှို့ဝှက်ထားပြီး သူတို့ကမှန်တယ်၊ တခြားပါတီတွေမှားတယ်ဆိုပြီး အမြဲတမ်းစွပ်စွဲနေကြမှာဖြစ်တယ်။ တခြားပါတီရဲ့ငြင်းခုံမှုတွေကလာတဲ့ အကျိုးအမြတ်တွေကိုတော့ ထည့်သွင်းစဉ်းစားမှုမရှိကြဘူး။ တကယ်လို့ ဒီအကျိုးအမြတ်တွေဟာ ပြည်သူတွေနဲ့သူတို့ရဲ့ထောက်ပံ့သူတွေအတွက် စိတ်ဝင်စားမှုရှိနိုင်တယ်ဆိုရင်တော့ ထည့်သွင်းစဉ်းစားကြတယ်။ တကယ်တော့ ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်ဆိုတာ ပါတီတစ်ခုကတခြားပါတီတစ်ခုအပေါ် အာဏာကိုကိုင်တွယ်ကစားရင်းအထင်ကြီးမှုရယူတဲ့ စိတ်ပိုင်းဆိုင်ရာယှဉ်ပြိုင်မှုပဲဖြစ်တယ်။ တစ်ခါတစ်လေအဲသလိုခြိမ်းခြောက်မှုတွေဟာ ပိုပြီးစွမ်းအားကြီးတဲ့ အင်အားပမာဏကိုထုတ်ဖော်ပြသခြင်းလည်းဖြစ်တယ်။ ဒါပေမဲ့ ယုံကြည်လက်ခံလောက်တဲ့ခြိမ်းခြောက်မှုကိုသာလျှင် ဆက်လက်ညှိနှိုင်းလို့ရအောင်ပြသသင့်တယ်။ တကယ်လို့ ခင်ဗျားတို့ကခြိမ်းခြောက်မှုလုပ်တယ်ဆိုရင် ခင်ဗျားတို့ဟာ အဲဒီခြိမ်းခြောက်မှုကို ဆက်လက်ပြီးကိုင်ဆွဲနိုင်စွမ်းရှိရမယ်။ တကယ်လို့အဲသလိုမလုပ်နိုင်ဘူးဆိုရင် ခင်ဗျားတို့ရဲ့အနေအထားအောက်ရောက်သွားလိမ့်မယ်။ ဥပမာအားဖြင့် ဆန္ဒပြမယ်လို့ ခြိမ်းခြောက်တဲ့အလုပ်သမားသမဂ္ဂကိုပဲကြည့်ပါ။ အဲဒီသမဂ္ဂဟာ ဆန္ဒပြဖို့လိုအပ်တဲ့အလုပ်သမားအရေအတွက်ကို မစုစည်းနိုင်ဘူး။ အဲသလိုဖြစ်သွားတာကြောင့် အလုပ်သမားတွေဟာ အလုပ်သမားသမဂ္ဂရဲ့ခြိမ်းခြောက်မှုကို ခေါင်းထဲသိပ်မထည့်တော့ဘူး။ ဒါကိုကြည့်ရင် အလုပ်သမားသမဂ္ဂရဲ့ ညှိနှိုင်းဆွေးနွေးမှုအနေအထားကိုရိပ်စားမိလောက်ပြီ။

မီဒီယာရဲ့ အာရုံစိုက်မှုကိုရယူခြင်း၊ ကျွမ်းကျင်သူတွေရဲ့အယူအဆကိုတောင်းခံခြင်း၊ ဆန္ဒပြဖို့အတွက် အစည်းအဝေးလုပ်ခြင်း၊ ဆန္ဒပြခြင်း ဒါမှမဟုတ် ဥပဒေအရဆက်လက်ဆောင်ရွက်ခြင်း၊ ဒါမှမဟုတ် ညှိနှိုင်းဆွေးနွေးမှုကိုကြာရှည်အောင်ဆွဲထားခြင်းစတဲ့ နည်းလမ်းပေါင်းစုံကို ညှိနှိုင်းဆွေးနွေးမှုအတွင်းမှာ တခြားပါတီအပေါ်ဖိအားပေးဖို့သုံးနိုင်တယ်။ ဘယ်လိုကိရိယာတန်ဆာပလာမျိုးသုံးစွဲမယ်ဆိုတာနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချဖို့ ခင်ဗျားတို့အခုကိုင်တွယ်နေတဲ့ ပြဿနာရဲ့အရေးကြီးမှုအပေါ်မှာ အများ



ကြီးမူတည်နေတယ်။ ခင်ဗျားတို့ဟာ ဆန္ဒမပြဘူး၊ ဘာကြောင့်လဲဆိုတော့ တခြားကော်ဖီတစ်မျိုးကိုရောင်းချဖို့ အဲဒီကော်ဖီဆိုင်ကိုဆက်ပြီးဖွင့်ထားချင်တယ်ဆိုတဲ့ နည်းလမ်းမျိုးကတော့ မသင့်တော်ဘူး။

ဒီလိုညှိနှိုင်းဆွေးနွေးမှုအမျိုးအစားဟာ တကယ့်ပြောဆိုမှုတွေမစတင်ခင်မှာပဲ အလုပ်တချို့ကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်တယ်။ တခြားပါတီအပေါ်ဖိအားပေးဖို့အတွက် လိုအပ်တဲ့နည်းလမ်းအားလုံးကို ခင်ဗျားတို့စုဆောင်းထားရမယ်၊ အဆင်သင့်ဖြစ်နေရမယ်။ ဒုတိယအချက်ကတော့ ခင်ဗျားတို့ရဲ့ဖိအားကို တခြားပါတီကဘယ်လောက်အတိုင်းအတာထိခံနိုင်လဲဆိုတာကိုတွက်ရမယ်။ ဒီနေရာမှာ SWOT ခွဲခြမ်းစိစစ်မှုဟာ အသုံးဝင်နိုင်တယ်။ (ဒီအကြောင်းကို မဟာဗျူဟာအခန်းမှာကြည့်နိုင်တယ်။) ညှိနှိုင်းဆွေးနွေးဖို့အတွက် ခင်ဗျားတို့ရဲ့အတိုင်းအတာစံကို သတ်မှတ်ဖို့လည်းလိုလိမ့်မယ်။ ( 'ကျွန်တော်တို့ဘာကိုရရှိအောင်မြင်ချင်ကြသလဲ။' ) ဆိုတဲ့ ပန်းတိုင်ကိုသတ်မှတ်ရမယ်။ ဒါကိုလူတွေသိအောင်လည်းပြောရမယ်။ ဒါ့အပြင် ( 'ကျွန်တော်တို့ လက်ခံရရှိမယ့် အနိမ့်ဆုံးအရာကဘာလဲ။' ) ဆိုတဲ့ အနိမ့်ဆုံးအကန့်အသတ်တွေကိုလည်း သတ်မှတ်ထားရမယ်။ အဲဒီအနိမ့်ဆုံးအကန့်အသတ်တွေကို ခင်ဗျားတို့လျှို့ဝှက်ထားရမယ်။ ပန်းတိုင်ကို 'ပစ်မှတ်နေရာ' လို့ခေါ်ကြပါစို့။ ဒါဆိုရင် အနိမ့်ဆုံးအကန့်အသတ်ဟာ 'ခုခံအမှတ်' ဖြစ်တယ်။ ဒီအမှတ်နှစ်ခုကြားမှာ ညှိနှိုင်းဆွေးနွေးဖို့အတွက် နေရာချန်ထားသင့်တယ်။ အာဏာအပြည့်အဝရရှိထားတဲ့ ပါတီသာလျှင် ဒီအမှတ်နှစ်ခုထိပ်တိုက်တွေ့နိုင်အောင်လို့ လုပ်နိုင်တယ်။ တခြားပါတီမှာ တခြားသောပစ်မှတ်နေရာနဲ့ ခုခံအမှတ်ရှိတယ်။ အဲသလိုပဲ ခင်ဗျားတို့ပါတီမှာလည်းရှိနေမှာပဲ ဒါကိုအောက်ပါအတိုင်းပုံဆွဲပြလို့ ရတယ်။

ပစ်မှတ်နေရာ – က ______________

______________ ခုခံအမှတ် – ခ

ခုခံအမှတ် – က ______________

______________ ပစ်မှတ်နေရာ – ခ

ခုခံအမှတ် – ခ နဲ့ ခုခံအမှတ် – က ကြားမှာ ညှိနှိုင်းဆွေးနွေးမှု အတွက်နေရာရှိတယ်။ ခင်ဗျားတို့ရဲ့ ပစ်မှတ်နေရာနဲ့ နောက်ဆုံးရလဒ်က နီးစပ်လေလေ ညှိနှိုင်းဆွေးနွေးမှုအောင်မြင်လေလေပဲ။

အာဏာအပေါ်အခြေပြုတဲ့ ညှိနှိုင်းဆွေးနွေးမှုဟာ တစ်ခါတစ် လေမှာကျရှုံးတတ်တယ်။ ဥပမာ ဘယ်လိုသဘောတူညီမှုမှမရနိုင်တဲ့ အခြေ အနေနဲ့ကြုံတွေ့ရတတ်တယ်။ ကျရှုံးမှုကြောင့် ထည့်သွင်းစဉ်းစားရမယ့် အကျိုးဆက်တွေအများကြီးရှိတယ်။ ပါတီနှစ်ခုကြားမှာ ထာဝရပြဿနာ ဖြစ်သွားနိုင်တယ်။ ဒါမှမဟုတ် ပါတီတွေဟာ သူတို့ရဲ့အမြင်ကိုဖော်ပြ ဖို့ အကြမ်းဖက်မှုတွေကိုလည်း ပြင်ဆင်ထားနိုင်တယ်။ ဥပမာပြောရရင် တကယ်လို့ နိုင်ငံတစ်နိုင်ငံက လူနည်းစုလူမျိုးတွေရဲ့ အကျိုးစီးပွားကို အလေးမထားဘူးဆိုရင် သူတို့ရဲ့လွတ်လပ်မှုအတွက်သူတို့ဟာစတင် တိုက်ပွဲ ဝင်ကြလိမ့်မယ်။

ပါဝါအခြေပြုညှိနှိုင်းဆွေးနွေးနည်းလမ်းတွေမှာလည်း ကျရှုံးနိုင် ခြေရှိတယ်။ သိသာတဲ့အချက်တစ်ချက်ကတော့ ပါတီတစ်ခု၊ ဒါမှမဟုတ် ပါတီနှစ်ခုစလုံးဟာ ဆွေးနွေးညှိနှိုင်းလို့မရနိုင်တဲ့ မြင့်မားတဲ့တောင်းဆို မှုတွေရှိနေမယ်ဆိုရင် ညှိနှိုင်းဆွေးနွေးမှုပျက်သုဉ်းသွားနိုင်တယ်။ အပေါ် ကပုံကိုကြည့်ကြည့်ပါ။ တကယ်လို့ ခုခံအမှတ် – က ကိုခုခံအမှတ် – ခ ရဲ့အပေါ်မှာထားထားမယ်ဆိုရင် ခုခံအမှတ် – ခ ဟာ (ကကြီးက လက်ခံမယ့် အနိမ့်ဆုံးအမှတ်ဟာ ခကွေးကပေးအပ်ဖို့ဆန္ဒရှိတဲ့ အမြင့်ဆုံး



အမှတ်နေရာနားမှာ ရောက်နေဖို့) ညီတူညီမျှလှုပ်ရှားလို့မရတော့ဘူး။ အဲဒီ အမှတ်နေရာမှာ ညှိနှိုင်းဆွေးနွေးမှုဟာမလွဲမသွေပျက်သုဉ်းသွားတယ်။ ကံကောင်းစွာနဲ့ပဲ အစကတည်းကအဲဒီလို ကျဉ်းတည်းကျပ်တည်းအခြေ အနေဟာ ဖြစ်ပေါ်ခဲ့တယ်။ ချက်ချင်းသဘောတူညီမှုမရနိုင်ဘူးဆိုတာကို ညှိနှိုင်းဆွေးနွေးမှုထဲမှာတွေ့နေရတယ်ဆိုရင် (ဆန္ဒပြမယ်ဆိုတဲ့) ခြိမ်းခြောက် မှုမျိုးကိုစပြီးလုပ်လို့ရတယ်။ ခြိမ်းခြောက်မှုတွေကို မြင်နိုင်တဲ့အတွေ့အကြုံ ဟာ သူတို့ရဲ့ခုခံအမှတ်ဆီကိုရောက်ဖို့ ပါတီတွေကိုလှုပ်ရှားခိုင်းတယ် (သူတို့ရဲ့ပစ်မှတ်နေရာအပါအဝင်)။ အဲဒီအမှတ်နှစ်နေရာ ထိပ်တိုက်တွေ့ တဲ့အချိန်အထိ ခုခံအမှတ်တွေကိုတစ်ခုနဲ့တစ်ခု ထိစပ်လာအောင်တွန်းအား ပေးရမယ်။

ညှိနှိုင်းဆွေးနွေးမှုအတွက် လုံလောက်တဲ့အချိန်ကိုဖယ်ထားဖို့ အရေး ကြီးတယ်။ အကြောင်းကတော့ ဒီလိုညှိနှိုင်းဆွေးနွေးမှုအမျိုးအစားမှာ ဖြစ် ပေါ်တတ်တဲ့ကြီးမားတဲ့ ပျက်ဆီးဆုံးရှုံးမှုတွေကိုကာကွယ်ဖို့ပဲဖြစ်တယ်။ အဲဒီ လိုကာကွယ်ခြင်းဟာ အပေါ်ကိုထပ်ရောက်သွားအောင်လုပ်လိုက်ခြင်းလို့ လည်းပြောလို့ရတယ်။ (ပါတီနှစ်ခုစလုံးဟာ တစ်ပါတီနဲ့တစ်ပါတီ နောက် ရောက်သွားအောင်ကြိုးစားနေကြတယ်။) ဒါကြောင့် အာဏာအခြေပြု ညှိနှိုင်းဆွေးနွေးမှုထဲမှာ ပဋိပက္ခတွေနဲ့ ခက်ခဲတဲ့ အပေးအယူကိစ္စတွေပါ နေတယ်။ ပါတီတွေဟာ တစ်ခါတစ်လေမှာ မလိုအပ်ဘဲ စိတ်ခံစားမှုနဲ့ ပြင်းပြင်းထန်ထန်တုန့်ပြန်တတ်ကြတယ်။ အဲဒီလိုဖြစ်ရတဲ့အကြောင်းကတော့ စိတ်မထိန်းနိုင်ကြလို့ပဲဖြစ်တယ်။ ဒါမှမဟုတ်သူတို့ကိုထောက်ပံ့သူတွေ တိုးပွားလာအောင်လုပ်ဆောင်ချင်လို့ပဲဖြစ်တယ်။ တကယ်လို့ အဲဒီလိုလုပ် နိုင်တယ်ဆိုရင်ပါတီဟာ သူ့ထောက်ပံ့မှုအုတ်မြစ်ရဲ့ စိတ်ခံစားချက်တွေကို ဖမ်းဆုပ်နိုင်လိမ့်မယ်။ ကြမ်းတမ်းတဲ့စကားလုံးတွေ၊ စိတ်ခံစားမှုတွေကိုပြ ခြင်းဟာ အာဏာကိုဆော့ကစားပြခြင်းပဲဖြစ်တယ်။ တစ်ခါတစ်လေညှိနှိုင်း ဆွေးနွေးမှုပျက်စီးသွားခြင်းဟာ မှားယွင်းတဲ့ဆုံးဖြတ်ချက်ချမှုကြောင့်ပဲဖြစ် တယ်။ ပါတီတစ်ခုဟာ တောင်းဆိုမှုသိပ်များတယ်၊ အဲဒီအခါမှာ တခြား ပါတီရဲ့အနေအထားကိုထည့်မတွက်တော့ဘဲ ကိုယ့်ရဲ့အကြောင်းပြချက်တွေ

ကိုသာခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားတယ်။ နောက်ဆုံးမှာတော့ (ကြောက်ရွံ့မှု၊ ဒေါသ၊ စော်ကားခံရမှု) စတဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်တွေကြောင့်ပဲ ညှိနှိုင်းဆွေးနွေးမှုဟာပျက်ဆီးသွားတယ်။ တကယ်တော့ တစ်ဖက်အမြင်ကကြည့်မယ်ဆိုရင် ညှိနှိုင်းဆွေးနွေးလို့ရနိုင်သေးတယ်။ ဒါကြောင့် ညှိနှိုင်းဆွေးနွေးပွဲကိုခဏခဏလုပ်ပါ။ ညှိနှိုင်းဆွေးနွေးသူတွေကို တည်ငြိမ်အေးဆေးနေအောင်လို့ လုံလောက်တဲ့အချိန်ပေးပါ။ ကိုယ့်ဘက်ပါမယ့်အခြေအနေတစ်ခုကိုဖန်တီးပါ။

အာဏာအခြေပြုညှိနှိုင်းဆွေးနွေးမှုနဲ့ပတ်သက်လို့ နောက်ဆုံးအချက်ကိုပြောချင်တယ်။ တကယ်လို့ခင်ဗျားတို့ဘက်ကနိုင်မယ်ဆိုရင်တောင်၊ ဒါမှမဟုတ်ပိုပြီးကြီးမားတဲ့အောင်မြင်မှုတွေရခဲ့မယ်ဆိုရင်တောင် အဲဒီအောင်မြင်မှုကိုတသသလုပ်မနေပါနဲ့။ သိပ်မကြာခင်မှာပဲ ခင်ဗျားတို့ဟာတခြားပါတီတွေနဲ့ပူးပေါင်းဆောင်ရွက်မှုလုပ်ဖို့အခြေအနေပေါ်လာလိမ့်မယ်။ တကယ်လို့ တခြားပါတီဟာ ပြည်သူကြားမှာ အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့တယ်ဆိုပါတော့။ သူတို့ရဲ့ထောက်ပံ့သူတွေကို ချွေးသိပ်နိုင်ခဲ့တယ်ဆိုရင်တောင် နောက်တစ်ကြိမ်ခင်ဗျားတို့ကို လက်စားချေလိမ့်မယ်။ ဒါကြောင့်မပြေမလည်နဲ့ပြီးဆုံးသွားခဲ့ရင်တောင် အပြင်ကမ္ဘာကသိအောင် နောက်ဆုံးသဘောတူညီမှုကိုတင်ပြရမယ်။ အဲသလိုတင်ပြတဲ့နေရာမှာလည်း 'ဒီတိုက်ပွဲမှာ ရှုံးနိမ့်သူမရှိဘူး။' 'ဒီသဘောတူညီမှုနဲ့ ပါတီနှစ်ခုစလုံးဟာ အကျိုးအမြတ်ရအောင်ရပ်တည်ခဲ့ကြတယ်။' ဆိုတဲ့စာကြောင်းတွေသုံးပြီး ပြိုင်ဘက်တွေအရှက်မကွဲနိုင်မယ့်နည်းလမ်းနဲ့ ပြင်ပကမ္ဘာကိုအသိပေးရမယ်။

## အလဲအလှယ်ပေါ်မှာအခြေပြုတဲ့ ညှိနှိုင်းဆွေးနွေးမှု

ဆွေးနွေးငြင်းခုံမှုနဲ့ အာဏာအပေါ်အခြေပြုတဲ့ ညှိနှိုင်းဆွေးနွေးမှုတွေအပြင် တတိယအမျိုးအစား ညှိနှိုင်းဆွေးနွေးမှုလည်းရှိသေးတယ်။ အဲဒီညှိနှိုင်းဆွေးနွေးမှုကတော့ အလဲအလှယ်အပေါ်မှာ အခြေပြုတဲ့ညှိနှိုင်း



ဆွေးနွေးမှုပဲဖြစ်တယ်။ (မြင်းအရောင်းအဝယ်လို့ ခင်ဗျားတို့ခေါ်နိုင်တဲ့) ဒီလိုညှိနှိုင်းဆွေးနွေးမှုအမျိုးအစားဟာ တခြားအမျိုးအစားနှစ်မျိုးရဲ့အစွန်းနှစ်ဖက်ကနေလွတ်နေတယ်။ ပါတီတွေဟာ တွေးတောဆင်ခြင်ထားတဲ့ငြင်းခုံမှုတွေနဲ့ ပြိုင်ဘက်ပါတီတွေကိုလွှမ်းမိုးဖို့ ကြိုးစားတယ်။ ဒါမှမဟုတ် ခြိမ်းခြောက်မှုတွေ၊ အာဏာပြကွက်တွေနဲ့ အနိုင်ကျင့်ဖို့ကြိုးစားကြတယ်။ ပါတီနှစ်ခုစလုံးဟာ အမြဲတမ်းသဟဇာတမဖြစ်တဲ့အမြင်တွေရှိကြတယ်။ အဲဒီအမြင်တွေကို လက်တွေ့ကျတဲ့လက်ခံမှုနဲ့ ဒီအမျိုးအစားညှိနှိုင်းဆွေးနွေးမှုကိုစတင်ရမယ်။ အဲဒီနောက်မှာ ပါတီနှစ်ခုစလုံးကလက်ခံတဲ့အချက်တွေကို အထောက်အပံ့ပေးတဲ့စံနှုန်းတစ်ခုရှိမယ်။ အဲဒီစံနှုန်းတွေထဲက ပဋိပက္ခဖြစ်နေတဲ့အမြင်တွေကိုပေါင်းစပ်ဖို့ကြိုးစားကြတယ်။ ဒီလိုညှိနှိုင်းဆွေးနွေးမှုပုံစံထဲမှာ ပါတီတွေဟာ တစ်ပါတီနဲ့တစ်ပါတီလေးစားကြရမယ်။ သူတို့ရဲ့ရပ်တည်ချက်အရ ဘယ်လိုအကျိုးအမြတ်အတွက်သူတို့တွေလုပ်ကိုင်နေကြသလဲဆိုတာကိုလည်း နားလည်အောင်ကြိုးစားရမယ်။ ဒီအချက်တွေဟာ အရေးကြီးတယ်။ ဘယ်အရာတွေဟာ အဓိကကျတဲ့အကျိုးစီးပွားတွေလဲ။ အဲဒီအဓိကအကျိုးစီးပွားတွေအတွက် ပါတီကရပ်တည်ထားတဲ့ရပ်တည်ချက်ဟာ ညှိနှိုင်းဆွေးနွေးမှုမဟုတ်ဘူး။ နောက်ပိုင်းမှာဆက်လုပ်မယ့်ပူးပေါင်းဆောင်ရွက်မှုတွေရဲ့အခြေခံအဖြစ် ပါတီနှစ်ခုစလုံးကိုစိတ်ကျေနပ်စေမယ့် သဘောတူညီမှုတွေကိုရဖို့ အရေးကြီးတယ်။ ဒါဟာအံ့ဩစရာတော့မဟုတ်ဘူး။ ဒီညှိနှိုင်းဆွေးနွေးမှုနည်းစနစ်ကို မဟာမိတ်အစိုးရအဖွဲ့ဖွဲ့စည်းတဲ့အခါမှာ အသုံးပြုလေ့ရှိတယ်။ ပါတီတစ်ခုစီတိုင်းဟာ သူတို့လိုချင်တဲ့ အလိုဆန္ဒစာရင်းနဲ့ညှိနှိုင်းဆွေးနွေးထဲကို ဝင်လာကြတယ်။ သူတို့လိုဝင်လာတဲ့ တခြားပါတီတွေရဲ့ အလိုဆန္ဒစာရင်းတွေကိုလည်းတတ်နိုင်သမျှသဘောပေါက်အောင်ကြိုးစားကြတယ်။ ပါတီတစ်ခုဟာ ပညာရေးအတွက် ငွေကြေးလိုအပ်တယ်။ တခြားပါတီတစ်ခုကျတော့ ကာကွယ်ရေးအသုံးစရိတ်အတွက် ဘဏ္ဍာရေးလျှော့ချချင်ကြတယ်။ နောက်ပါတီကျတော့ လိင်တူလက်ထပ်မှုကို တရားဝင်ဖြစ်အောင်လုပ်ချင်ကြတယ်။ တခြားပါတီတစ်ခုကျပြန်တော့ လမ်းတွေပိုပြီးခင်းချင်ကြတယ်။ ဒီနည်းစနစ်

ရဲ့အားနည်းချက်ကတော့ သဘောတူညီထားတဲ့သဘောတူညီချက်ထဲက တချို့ကိုလက်တွေ့မှာ အကောင်အထည်ဖော်ဖို့မဖြစ်နိုင်ဘူးဆိုတဲ့အချက်ပဲ။ အဲသလိုအကောင်အထည်မဖော်နိုင်တဲ့အခါမှာ ပါတီတွေကြားမှာ တင်းအားတွေဖြစ်လာမယ်။ အကျိုးရလဒ်အားဖြင့် ပါတီနှစ်ခုကြားမှာ ထာဝရအဖုအထစ်တွေဖြစ်နေလိမ့်မယ်။

## တူရကီနဲ့ခရိုအေးရှားရဲ့ ဥရောပသမဂ္ဂအမတ်အသင်းဝင်ကိစ္စ

၂၀၀၅ ခုနှစ်အောက်တိုဘာလမှာ တူနီရှားနဲ့ခရိုအေးရှားကို အမတ်အသင်းဝင်ခွင့်ပြုသင့်မပြုသင့်နဲ့ပတ်သက်တဲ့ ပြင်းထန်တဲ့ညှိနှိုင်းဆွေးနွေးမှုတွေကို ဥရောပသမဂ္ဂမှာကျင်းပခဲ့တယ်။ ဩစတြီးလျက တူရကီရဲ့အသင်းဝင်ကိစ္စကိုမထောက်ခံခဲ့ဘူး။ နောက်ဆုံးမှာတော့ အလျှော့ပေးလိုက်ပြီးဝင်ခွင့်ပြုဖို့ ကတိပေးလိုက်တယ်။ ဒါပေမဲ့ ခရိုအေးရှားရဲ့အသင်းဝင်ကိစ္စမှာတော့ ခြွင်းချက်အခြေအနေတစ်ခုထားရှိခဲ့ကြတယ်။ ဒါဟာ ရှည်ကြာပြီးပြင်းထန်တဲ့ ညှိနှိုင်းဆွေးနွေးမှုရဲ့ရလဒ်ဖြစ်တယ်။ သိသာတဲ့အချက်ကတော့ ဩစတြီးလျဟာ အာဏာအခြေခံညှိနှိုင်းဆွေးနွေးမှုနည်းစနစ်ကို သုံးခဲ့တယ်။ အကြောင်းကတော့ ဥရောပသမဂ္ဂဟာဒီကိစ္စမှာ တညီတညွတ်တည်းဆုံးဖြတ်ချက်ကိုလိုအပ်တာကြောင့်ဖြစ်တယ်။ ဒီနေရာမှာနောက်ထပ်တွေ့ရတဲ့တစ်ချက်ကတော့ အပေးအယူကိစ္စဟာ ဆန္ဒရှိတဲ့အရာတွေကို လဲလှယ်တဲ့ အထိုင်ပေါ်ကနေအဆင်ပြေသွားခဲ့တဲ့အချက်ပဲဖြစ်တယ်။

## နိဂုံးချုပ်

အခြေအနေတစ်ခုခုအတွက် ဘယ်လိုညှိနှိုင်းဆွေးနွေးမှုအမျိုးအစားမျိုးကိုရွေးချယ်သင့်သလဲ။ အရင်ကဖော်ပြခဲ့တဲ့အတိုင်း ညှိနှိုင်းဆွေးနွေးမှုတွေမစခင်မှာ ကောင်းမွန်တဲ့မဟာဗျူဟာတွေကိုဆွဲခြင်းဟာ အဓိကကျတယ်။ ဒီနေရာမှာ မှားယွင်းရွေးချယ်ခဲ့မယ်ဆိုရင် နောက်ပိုင်းမှာဝမ်းနည်းစရာတွေနဲ့ ကြုံလာရလိမ့်မယ်။ တကယ်လို့ တခြားပါတီက အာဏာပြကွက်တွေပြဖို့ဆုံးဖြတ်ခဲ့တယ်ဆိုရင် ဆွဲဆောင်စည်းရုံးတဲ့မဟာဗျူဟာနဲ့အလုပ်လုပ်ဖို့မအောင်မြင်နိုင်ဘူး။ တကယ်လို့ ဆွေးနွေးပွဲတွေကိုကောင်းကောင်းမွန်မွန်လုပ်လို့ရနိုင်မယ့် မူခြေကိုမရှာနိုင်ဘူးဆိုရင် ခင်ဗျားတို့မှာ အထိုင်တစ်ခုဆုံးရှုံးသွားပြီးပြီ။ ဒါကြောင့် နိုင်ငံရေးပါတီတွေအတွက်အရေးကြီးတဲ့အချက်ကတော့ ပြိုင်ဘက်ရဲ့သဘောထားကိုကြိုတင်ပြီး စူးစမ်းလေ့လာထားသင့်တဲ့အချက်ပဲဖြစ်တယ်။ အဲသလိုလုပ်ဖို့အတွက် လမ်းညွှန်ချက်တွေအများကြီးရှိတယ်။ အဓိကအချက်ကတော့ ပါတီတွေကြားက လက်ရှိရှိနေတဲ့ဆက်ဆံရေးကိုလေ့လာတာပဲဖြစ်တယ်။ အဲဒီပါတီတွေဟာ တစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုရှိကြရဲ့လား၊ ဒါမှမဟုတ် ယုံကြည်မှုကင်းမဲ့နေကြသလား။ ပါတီတစ်ခုဟာ အလျှော့ပေးဖို့စိတ်အားထက်သန်ရဲ့လားဆိုတာကို အဲဒီပါတီကယုံရဲ့လား။ တခြားပါတီတစ်ခုဟာ ကောင်းမွန်တဲ့ဆက်ဆံရေးကိုဆက်ပြီး ထိန်းသိမ်းချင်တဲ့ဆန္ဒရှိတယ်၊ ဒါ့အပြင် တိုးတက်ချင်တဲ့ဆန္ဒရှိတယ်ဆိုတာကိုယုံရဲ့လား။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီလို့ခံစားရရဲ့လား။ ပါတီတစ်ခုရဲ့တင်ပြမှုဟာ တခြားပါတီတစ်ခုရဲ့ရပ်တည်ချက်နဲ့ဖြောင့်ဖြောင့်ချည်းဆန့်ကျင်နေသလား။ တကယ်လို့ဒီမေးခွန်းတွေအတွက်အဖြေဟာ မဟုတ်ဘူးလို့ဆိုခဲ့ရင် အာဏာအခြေပြုညှိနှိုင်းဆွေးနွေးမှုတွေလုပ်ဖို့လိုလာပြီ။ ရောထွေးနေတဲ့အဖြေကိစ္စမှာ ပါတီတွေဟာ အလဲအလှယ်လုပ်ဖို့ကိုစဉ်းစားကြလိမ့်မယ်။ ဒါပေမယ့်တစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုတွေရှိမှသာ အဲဒီလိုလုပ်နိုင်လိမ့်မယ်။ တကယ်လို့ ဒီမေးခွန်းတွေအတွက်အဖြေဟာ အပေါင်းလက္ခဏာဆောင်နေရင် ဆင်ခြင်ထားတဲ့ငြင်းခုံမှုတွေရဲ့ အခြေခံပေါ်မှာ ညှိနှိုင်းဆွေးနွေးမှုကိုတည်ဆောက်လို့ ရပြီ။



## ညှိနှိုင်းဆွေးနွေးမှုအတွက် သတိထားရမယ့်အချက်များ

ညှိနှိုင်းဆွေးနွေးမှုနည်းစနစ်သုံးခု

၁ – ဆွေးနွေးငြင်းခုံမှုအခြေပြုနည်းစနစ် (ဆွဲဆောင်စည်းရုံးခြင်း)

၂ – အာဏာအခြေပြုနည်းစနစ် (ဖိအားပေးခြင်း)

၃ – အလဲအလှယ်အခြေပြုနည်းစနစ် (သူနိုင်ကိုယ်နိုင်အခြေအနေ)

အောက်ပါမေးခွန်းတွေကို ဘယ်လိုရွေးချယ်မလဲ
– ခင်ဗျားတို့မှာ တခြားပါတီတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိသလား။
– ပါတီနှစ်ခုစလုံးဟာ ဆွေးနွေးငြင်းခုံဖို့အတွက် လမ်းဖွင့်ထားသလား။
– ပါတီနှစ်ခုစလုံးဟာ ကောင်းမွန်တဲ့ဆက်ဆံရေးကိုထိန်းသိမ်းချင်ကြသလား၊ ဒါမှမဟုတ် တိုးမြှင့်ချင်ကြသလား။
– ပါတီနှစ်ခုရဲ့အကျိုးစီးပွားကြားမှာ စံနှုန်းသတ်မှတ်ထားတဲ့ ဆက်နွယ်မှု ရှိသလား။

တကယ်လို့ အဖြေအားလုံးဟာ'ဟုတ်တယ်'ဆိုရင် = ဆွဲဆောင်စည်းရုံးခြင်း
တကယ်လို့ အဖြေအားလုံးဟာ 'မဟုတ်ဘူး' ဆိုရင် = အာဏာ
အဖြေတွေကရောနေမယ်ဆိုရင် = အလဲအလှယ်

**(၁) ဆွဲဆောင်စည်းရုံးခြင်း (ဆွေးနွေးငြင်းခုံမှုများ)**

– အချက်အလက်တွေအားလုံးကို စာရင်းပြုလုပ်ထားပါ။
– တခြားတစ်ဖက်ရဲ့ ငြင်းခုံမှုတွေကို စဉ်းစားတွေးတောဖို့ ပြင်ဆင်ထားပါ။
– ခင်ဗျားတို့ပြဿနာရဲ့ အားနည်းချက်၊ အားသာချက်တွေနဲ့ ပတ်သက်ပြီး ရိုးသားပါ။
– တခြားပါတီအပေါ် ညစ်ပတ်တဲ့လှည့်ကွက်တွေမသုံးပါနဲ့၊ ဖိအားမပေးပါနဲ့။
– တခြားပါတီရဲ့အကျိုးအမြတ်တွေကို တင်ပြထားတဲ့ဖြေရှင်းမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါ။

**(၂) အာဏာပြကွက်**

– ပစ်မှန်နေရာနဲ့ ခုခံအမှတ်တွေကိုသတ်မှတ်ပါ။
– တခြားပါတီကိုဖိအားပေးဖို့အတွက်နည်းလမ်းတွေကိုပြင်ဆင်



သတ်မှတ်ပါ။
– အချက်အလက်တွေကိုရွေးထုတ်ပါ၊ အားနည်းချက်တွေကို သိုသိပ်ထားပါ။
– (ညှိနှိုင်းဆွေးနွေးမှုတွေကိုခဏခဏလုပ်ဖို့) လုံလောက်တဲ့အချိန်ရှိအောင်စီမံပါ။
– ရှုံးနိမ့်သွားတဲ့ပြိုင်ဘက်ကိုအရှက်မခွဲပါနဲ့။

မှတ်သားရမယ့်အချက်များ
– အချိုးအစားပြေပြစ်တဲ့နည်းလမ်းများကိုသုံးပါ။
– သူတစ်ပါးရဲ့ငြင်းခုံမှုကြောင့်အောက်မရောက်သွားပါစေနဲ့။
– ဆွေးနွေးနေတဲ့ပြဿနာပေါ်မှာ ပြတ်ပြတ်သားသားရှိပါစေ။ ဒါပေမဲ့ ရင်းနှီးကျွမ်းဝင်တဲ့ပုံစံပြပါ။

**(၃) အလဲအလှယ် (သူနိုင်ကိုယ်နိုင်)**

– လက်တွေ့ကျပါ။
– တခြားပါတီက ရှုမြင်တဲ့အမြင်ရဲ့ တရားဝင်မှုကိုလက်ခံပါ။
– သူတို့ရဲ့အမြင်ကို နီးကြားတက်ကြွအောင်လုပ်တဲ့ အကျိုးစီးပွားတွေကိုလိုက်ရှာပါ။ အဲဒီအကျိုးစီးပွားတွေရဲ့အရေးပါမှုကို စူးစမ်းပါ။ ပြီးတဲ့အခါမှာ ဘုံအုတ်မြစ်တစ်ခုကိုရှာဖွေဖို့ ကြိုးစားပါ။
– ပါတီနှစ်ခုစလုံးရဲ့အကျိုးစီးပွားကိုဖော်ဆောင်မယ့် တီထွင်ဖန်တီးမှုအခြေခံ ဖြေရှင်းမှုကိုရှာဖွေပါ။
– ပါတီနှစ်ခုကြားက သဘောတူညီမှုကိုရှာဖွေပါ။

လေ့ကျင့်ခန်း

ညှိနှိုင်းဆွေးနွေးမှုကိုလေ့ကျင့်ဖို့အတွက် ကစားပွဲဟာအရေးပါတယ်။ သင်ကြားပေးခဲ့တဲ့ အရည်အသွေးတွေကို အာရုံစိုက်ပါ။ အထူးသဖြင့်

ဆွေးနွေးငြင်းခုံမှုအခြေပြု၊ အာဏာအခြေပြု၊ ဒါမှမဟုတ် လဲလှယ်မှုအခြေပြု စတဲ့ ညှိနှိုင်းဆွေးနွေးမှုနည်းစနစ်သုံးမျိုးကိုရွေးချယ်တဲ့နေရာမှာ အထူးဂရုစိုက်ပါ။ သင်တန်းကာလအတွင်းက အခြားသောသင်တန်းတွေမှာပါတဲ့ စည်းဘောင်တွေထဲကအကြောင်းအရာတွေကို သင်တန်းသားတွေကို ရွေးခိုင်းပါ။ တကယ်လို့ ဥရောပသမဂ္ဂနဲ့ပတ်သက်ရင်၊ ကျွန်တော်တို့ဟာ နိုင်ငံအသစ်တွေရဲ့အဖွဲ့ဝင်ကိစ္စနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေအပေါ် ဥရောပကောင်စီကဆုံးဖြတ်ခဲ့တာကို ကျွန်တော်တို့တွေ့နိုင်တယ်။ ဒီကိစ္စတွေဟာ နည်းနည်းလေးရှုပ်ထွေးတယ်။ ဒါကြောင့်တကယ်လို့ ခင်ဗျားတို့က ဒီကိစ္စတွေကိုအသုံးပြုချင်တယ်ဆိုရင်၊ မတူညီတဲ့ဥရောပအင်စတီကျူးရှင်းတွေရဲ့ အဆင့်အတန်းကိုဖော်ထုတ်ဖို့ အခွင့်အရေးတစ်ရပ်အနေနဲ့ပဲအသုံးပြုသင့်တယ်။ ဒီထက်ပိုပြီးတော့ရှင်းလင်းတဲ့ကိစ္စတွေကိုလည်း သုံးနိုင်တယ်။ လူငယ်အဖွဲ့အစည်း၊ ဒါမှမဟုတ် အမျိုးသမီးအဖွဲ့အစည်းတွေဟာ ရွေးကောက်ပွဲအတွက် အမတ်စာရင်းမှာ ပိုပြီးမြင့်မားတဲ့နေရာကပါချင်ကြတယ်။ အဲဒီကိစ္စအတွက် ပါတီရဲ့ခေါင်းဆောင်မှုနဲ့ အဲဒီအဖွဲ့အစည်းတွေဟာ ညှိနှိုင်းဆွေးနွေးနိုင်တယ်။ ဒီထက်ပိုပြီးတော့ရိုးရှင်းတဲ့ကိစ္စကို သင်တန်းသားတွေကို ဆွေးနွေးခိုင်းမယ်ဆိုရင်တော့ လေ့လာရေးခရီးသွားမယ့်ကိစ္စနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမှုလုပ်ခိုင်းသင့်တယ်။

အုပ်စုနှစ်စုခွဲပါ။ တစ်စုကို ယူရိုငွေတစ်သန်းပေးပါ။ တကယ်လို့ အဲဒီအဖွဲ့ဟာ တခြားအုပ်စုတွေနဲ့ ရထားတဲ့ပိုက်ဆံကို တစ်နည်းနည်းနဲ့ အသုံးပြုဖို့ သဘောတူတယ်ဆိုရင် အဲဒီပိုက်ဆံကိုသူတို့ပဲသိမ်းထားပါစေ။ သူတို့တွေကို ညှိနှိုင်းဆွေးနွေးဖို့အချိန်မပေးပါနဲ့။ အဖွဲ့တစ်ဟာ အဖွဲ့နှစ်အတွက်လက်ခံနိုင်မယ့်အရာကို ခန့်မှန်းရမယ်။ အဖွဲ့နှစ်ကလည်း ဘယ်လိုရလဒ်တွေဟာ လက်ခံနိုင်တဲ့ရလဒ်တွေဖြစ်သလဲဆိုတာကို စဉ်းစားဖို့ ကြိုတင်ပြီးသတ်မှတ်ထားရမယ်။ ဥပမာပြောရမယ်ဆိုရင် ပိုက်ဆံရဲ့တစ်ဝက်ကို သူတို့သုံးမယ်လို့ အုပ်စုနှစ်ကဆုံးဖြတ်တယ်။ အဲဒီထက်မနည်းရဘူး။ (ရေးချထားရမယ်။) တကယ်လို့အုပ်စုတစ်က သူတို့ဆုံးရှုံးသွားတဲ့ လေးဆယ်



ရာခိုင်နှုန်းထက်မပေးဘူးဆိုရင် ပိုက်ဆံတွေကို ဘဏ္ဍာရေးမှူးကိုပေးရမယ်။ ဒီလေ့ကျင့်ခန်းရဲ့ရည်ရွယ်ချက်ကတော့ ခင်ဗျားတို့ပြိုင်ဘက်ကိုသိဖို့နဲ့ သူတို့ရဲ့ရည်ရွယ်ချက်တွေကိုခန့်မှန်းမိဖို့၊ ခင်ဗျားတို့ရဲ့စွမ်းရည်တွေတိုးလာအောင် လုပ်ဆောင်ပေးဖို့ဖြစ်တယ်။

# အခန်း - ၁၅

# မဟာမိတ်ဖွဲ့ခြင်း

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းမှုတိုင်းအတွက် ရှိနေတဲ့အကြွင်းမဲ့စိန်ခေါ်မှုကတော့ မဟာမိတ်အစိုးရဖွဲ့စည်းခြင်းပဲဖြစ်တယ်။ မဟာမိတ်ဖွဲ့စည်းတာဟာ နိုင်ငံရေးရဲ့ အဓိကစရိုက်လက္ခဏာဖြစ်တယ်။ အထူးသဖြင့်ပါတီတွေဟာ ပါလီမန်မှာနေရာအများစုမရတဲ့နိုင်ငံတွေမှာ မဟာမိတ်ဖွဲ့ခြင်းဟာ အဓိကကျတဲ့ စရိုက်လက္ခဏာဖြစ်တယ်။ ဒီကိစ္စမှာ ဘယ်လိုနိုင်ငံရေးမျိုးကို အကောင်အထည်ဖော်မလဲ၊ ဘယ်သူ့ကိုဝန်ကြီးချုပ်ခန့်မလဲဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး နှစ်ပါတီ၊ ဒါမှမဟုတ်နှစ်ပါတီထက်ပိုတဲ့ပါတီတွေက သဘောတူညီမှုယူကြတယ်။ ဒါပေမဲ့ ပါတီတွေဟာ လူ့အဖွဲ့အစည်းကနေထောက်ခံမှုရှာကြတယ်။ ဥပမာ အကျိုးစီးပွားလုပ်ငန်းစုတွေ၊ အကျိုးအမြတ်အတွက် မဟုတ်ဘဲဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေပူးပေါင်းပြီးထောက်ပံ့မှုကိုရှာဖွေကြတယ်။ (ဂရိတ်ဗြိတိန်လို၊ အမေရိကားလို) လူအများစုမဲပေးစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာတောင် မဟာမိတ်ဖွဲ့ခြင်းဟာ နိုင်ငံရေးဘဝမှာ အရေးပါတဲ့အစိတ်အပိုင်းတစ်ခုဖြစ်နေသေးတယ်။ အဲဒီနိုင်ငံတွေက အဓိကပါတီကြီးနှစ်ခုဟာ ကျယ်ပြန့်များပြားတဲ့အမြင်တွေရှိတဲ့ မျိုးကွဲများတဲ့အုပ်စုကို ကိုယ်စားပြုထားကြတယ်။ ပါတီတွေမှာ အိုင်ဒီအိုလိုဂျီမတူကြတဲ့အပြင် (လူငယ်တွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေ) စတဲ့အထူးအုပ်စုတွေလည်းပါဝင်ကြတယ်။ အဲသလိုပါနေတဲ့အတွက် ခေါင်းဆောင်ဟာ သူ့ရဲ့ပါတီထဲမှာပဲ မဟာမိတ်ဖွဲ့စည်းဖို့ တာဝန်ရှိတယ်။ ဒီလိုမဟာမိတ်ဖွဲ့ခြင်းဟာ ပါတီတွင်းမှာ လူတစ်ယောက်ရန်းကန်ဖို့အတွက်အရေးကြီး



တယ်။ ဒါပေမဲ့အောင်မြင်တဲ့မဟာမိတ်ဘယ်လိုဖွဲ့စည်းမလဲ။ ခင်ဗျားတို့ရဲ့ ချိန်သားကိုက်မှု၊ မှန်ကန်တဲ့အခွင့်အရေးတွေကိုဆုပ်ကိုင်နိုင်ခြင်းစတဲ့ အချက်တွေပေါ်မှာမူတည်တယ်။ ဒါ့အပြင်မဟာမိတ်ဖွဲ့ဖို့တခြားပါတီတွေရဲ့ စိတ်အားထက်သန်မှုပေါ်မှာလည်းမူတည်တယ်။

မဟာမိတ်ဖွဲ့စည်းဖို့အတွက် စည်းမျဉ်း ၁၀ ခု

(၁) ချိန်သားကိုက်ခြင်းနဲ့ သည်းခံနိုင်ခြင်း – ယုံကြည်မှုတည်ဆောက်ဖို့အချိန်လိုတယ်။ အစပိုင်းမှာ ပါတီတွေဟာသူတို့ရဲ့အနေအထားကို ရှင်းရှင်းလင်းလင်းဖြစ်အောင်လုပ်ချင်ကြတယ်။ လိုက်လျောအလျှော့ပေးမှုတွေ မလုပ်ကြဘူး။ သူတို့တွေဟာ သူတို့ရဲ့အနေအထားဘာလဲဆိုတာကိုရှာဖွေကြတယ်။ (ငြင်းခုံမှု၊ ပါဝါ၊ ဒါမှမဟုတ် အလဲအထပ်ညှိနှိုင်းမှု အခန်းမှာကြည့်ပါ။) စတာတွေကို ဘယ်လိုညှိနှိုင်းရမလဲဆိုတာကို သတ်မှတ်ဖို့ ကြိုးစားကြတယ်။ အစပိုင်းမှာပါတီအတွက် ကောင်းမှုနည်းနည်းပဲပေးအပ်နိုင်တယ်။ ဒါပေမဲ့ လုပ်ငန်းစဉ်ကတော့ ပိုပြီးအရှိန်ရလာတယ်။ ပါတီအားလုံးကလက်ခံထားတဲ့ ကျွမ်းကျင်ညှိနှိုင်းသူဟာ ပါတီကြားမှာ ယေဘုယျအားဖြင့်ကွဲပြားခြားနားနေတဲ့အရာတွေကို ထောက်ပြပြီး သူ့ရဲ့အလုပ်ကို စတယ်။ တကယ်လို့သူကဖြည်းဖြည်းမှန်မှန်လုပ်တယ်၊ ခြေလှမ်းတစ်လှမ်းတိုင်းကို အောင်မြင်အောင်လုပ်ဖို့ကြိုးစားတယ်ဆိုရင် အဲဒီလုပ်ရပ်ဟာ သင့်တော်တယ်။ အဲဒီလုပ်ရပ်ကြောင့် အောင်မြင်တဲ့ရလဒ်တွေရဖို့ အခွင့်အရေးရလာလိမ့်မယ်။

(၂) ညှိနှိုင်းမှုမှာပါဝင်တဲ့ ပါဝင်သူတွေဟာ အနည်းဆုံးတူညီတဲ့အရာတစ်ခုခုတော့ရှိရလိမ့်မယ်။ သူတို့မှာ ယေဘုယျတူညီတဲ့ပန်းတိုင်တွေရှိရမယ်။ တကယ်လို့ ပါတီနှစ်ခုရဲ့ပန်းတိုင်ဟာ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတယ်ဆိုရင်၊ မဟာမိတ်ဖွဲ့ဖို့ဆိုတာလုံးဝမဖြစ်နိုင်ဘူး။ ဒါပေမဲ့ ပါတီနှစ်ခုရဲ့ပန်းတိုင်တွေဟာ မဟာမိတ်ဖွဲ့ဖို့အတွက် တူညီနေစရာတော့မလိုဘူး။

အဲသလိုသာဆိုရင် ကွဲပြားခြားနားနေတဲ့ပါတီတွေဆိုတာရှိမှာမဟုတ်တော့ဘူး။ မဟာမိတ်ဖွဲ့ဖို့အတွက်တော့ အကြမ်းအားဖြင့်တူညီတဲ့ပန်းတိုင်တွေရှိရမယ်။ တိုက်ဆိုင်နေတဲ့တူညီတဲ့ပန်းတိုင်တွေရှိဖို့လိုတယ်။ ဥပမာ၊ ဟော်လန်နိုင်ငံမှာ ဆိုရှယ်ဒီမိုကရက်နဲ့ ခရစ်ယာန်ဒီမိုကရက်တွေကြားက မဟာမိတ်ဖွဲ့ခြင်းဟာ ပုံမှန်ပဲ။ အကြောင်းကတော့ ဒီပါတီနှစ်ခုစလုံးဟာ ပရဟိတနဲ့ တောင့်တင်းတဲ့ပြည်သူ့လူ့အဖွဲ့အစည်းကို တင်ပြကြလို့ပဲဖြစ်တယ်။

(၃) တကယ်လို့ ဘုံရန်သူရှိရင် မဟာမိတ်ဖွဲ့ဖို့ အခွင့်အရေးကြီးမားတယ်။ ဒီလိုဖွဲ့ဖို့အတွက်သူ့ချည်းပဲ မလုံလောက်ဘူး။ တချို့အဆင့်တွေမှာ ဘုံရန်သူရှိနေခြင်းကြောင့် ကွဲပြားခြားနားတဲ့ အိုင်ဒီအိုလိုဂျီတွေရှိတဲ့ ပါတီတွေဟာ တစ်ပါတီနဲ့တစ်ပါတီပူးပေါင်းကြတယ်။ ဥပမာပေးရမယ်ဆိုရင် ယူကရိန်းနိုင်ငံမှာ ၂၀၀၄ ခုနှစ်ကဖြစ်ခဲ့တဲ့ လိမ္မော်ရောင်တော်လှန်ရေးပဲဖြစ်တယ်။ အဲဒီတော်လှန်ရေးမှာ လစ်ဘရယ်ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်တွေပူးပေါင်းခဲ့ကြတယ်။ လစ်ဘရယ် ရုက်ဖ်ချင်ကိုနဲ့ မဟာမိတ်ပြုရတဲ့အကြောင်းနဲ့ပတ်သက်ပြီး ဆိုရှယ်လစ်ခေါင်းဆောင် မိုရောဇ်က 'ရာဇဝတ်သားဖြစ်ရတာထက်စာရင် လစ်ဘရယ်ဖြစ်ရတာပိုကောင်းတယ်။' လို့ပြောခဲ့တယ်။ ဒီလိုမဟာမိတ်ပြုခြင်းတွေဟာ သူတို့ရဲ့ဘုံရည်မှန်းချက် (ဒီကိစ္စမှာအုပ်ချုပ်မှုပြောင်းလဲသွားတယ်။ ဒီမိုကရေစီဖော်ဆောင်မှုဖြစ်သွားတယ်။) အောင်မြင်သွားတဲ့အခါမှာ သူတို့ရဲ့မဟာမိတ်ပြုခြင်းဟာ ရေရှည်မခံတော့ဘူး။

(၄) ညှိနှိုင်းထားတဲ့ပါတီတွေဟာ တစ်ပါတီနဲ့တစ်ပါတီလေးစားသမှုပြုကြရတယ်။ ပါတီတွေဟာ တခြားပါတီတွေရဲ့ပန်းတိုင်တွေနဲ့ တရားဝင်ဖြစ်မှုကိုလေးစားရတယ်။ ပြင်းထန်တဲ့ရွေးကောက်ပွဲကမ်ပိန်းကနေလာတဲ့ အာဃာတတွေကို မြေမြှုပ်ပစ်ရမယ်။

(၅) ကိုယ်နဲ့ဆက်နွှယ်နေတဲ့ပါတီက ခေါင်းဆောင်တွေဟာ မဟာမိတ်တွေဖြစ်စရာမလိုဘူး။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦးလေးစားကြရမယ်။ တစ်ဦးစီတိုင်းဟာ အခြေခံဘုံတူညီချက်ကိုကိုယ်စားပြုထားကြလို့ တစ်ဦးနဲ့ တစ်ဦးလေးစားကြရမယ်။ တစ်ဦးနဲ့တစ်ဦးခွင့်ပြုချက်ပေးကြရမှာဖြစ်သလို ဘုံ



တူညီချက်အရ မတူကွဲပြားတဲ့အုပ်စုကလေးတွေရဲ့ ခေါင်းဆောင်တွေကို မဟာမိတ်အဖွဲ့ကလွတ်လပ်မှုပေးရမယ်။ မဟာမိတ်အဖွဲ့အတော်များများပျက်သုဉ်းသွားရတဲ့အကြောင်းကတော့ ခေါင်းဆောင်တွေဟာ သူတို့ရဲ့ပိုင်နက်နယ်မြေကို မနာလိုဝန်တိုစိတ်နဲ့ကာကွယ်ကြလို့ပဲဖြစ်တယ်။ မဟာမိတ်အဖွဲ့ထဲကခေါင်းဆောင်တစ်ယောက်က တခြားခေါင်းဆောင်ကို လက်မခံနိုင်ဘူးဆိုရင်၊ ညှိနှိုင်းမှုပျက်သုဉ်းသွားလိမ့်မယ်။

(၆) ညှိနှိုင်းသူတွေမှာ အဆင့်မြင့်ကျွမ်းကျင်မှုတွေရှိရမယ်။ ပါဝင်ကြတဲ့ပါတီအားလုံးကလေးစားတဲ့ပုဂ္ဂိုလ်တွေဖြစ်ရမယ်။ မဟာမိတ်အဖွဲ့စကားပြောဆိုနေတဲ့ကာလအတွင်းမှာအတင်းအကျပ်ဖိအားပေးခြင်းဟာ နည်းလမ်းတစ်ခုမဟုတ်ဘူး။ ဒီနေရာမှာ လဲလှယ်ခြင်းသာလျှင် ယုတ္တိကျတဲ့ ညှိနှိုင်းမှုဖြစ်တယ်။ ဒါပေမဲ့ပါတီတွေဟာ ဆင်ခြင်စဉ်းစားထားကြတဲ့ အငြင်းအခုံအုတ်မြစ်ပေါ်မှာသဘောတူညီကြတာဖြစ်တယ်။ အဲသလိုနည်းနဲ့ခင်ဗျားတို့ဟာ ဘုံရည်ရွယ်ချက်ကိုဖန်တီးကြတာဖြစ်တယ်။ ဘုံရည်ရွယ်ချက်သာလျှင် မဟာမိတ်အဖွဲ့ရဲ့အလားအလာကို ကောင်းအောင်လုပ်ပေးနိုင်မယ်။

(၇) ပါတီအားလုံးဟာ အတင်းအလျှော့လုပ်ဖို့စိတ်အားထက်သန်ရမယ်။ ဒါပေမဲ့သူတို့ဟာ သူတို့ဘုံအုတ်မြစ်ရဲ့လိုအင်ဆန္ဒကို ဘယ်တော့မှမျက်ခြေအပျက်ခံလို့မရဘူး။ ညှိနှိုင်းမှုထဲမှာပါတဲ့သူတွေဟာ အတင်းအလျှော့လုပ်ဖို့စိတ်အားထက်သန်တဲ့လူတွေဖြစ်တယ်။ အဲသလိုမဟုတ်ရင် မဟာမိတ်ဖွဲ့ခြင်းထဲကိုဝင်လို့ရမှာမဟုတ်ဘူး။ ဒါပေမဲ့ ညှိနှိုင်းမှုအဟုန်ထဲရောက်သွားလို့၊ ခေါင်းဆောင်တွေဟာ မဟာမိတ်အဖွဲ့ရဲ့ရှေ့မှာ ပြေးနေတတ်တယ်ဆိုတာကိုတွေ့လိမ့်မယ်။

(၈) တကယ်လို့ ခင်ဗျားတို့ရဲ့ပန်းတိုင်ကို သိပ်အမြင့်ကြီးမထားဘူးဆိုရင်၊ ခင်ဗျားတို့အတွက်ပိုလွယ်လိမ့်မယ်။ ခြေလှမ်းငယ်လေးတွေဟာ ခြေလှမ်းကျဲကြီးတွေလှမ်းတာထက်ပိုပြီး လွယ်တယ်။ ခြေလှမ်းငယ်ကလေးတွေကိုပေါင်းလိုက်ရင် ကြီးမားတဲ့ ခြေလှမ်းကြီးတစ်ခုကိုလှမ်းနိုင်လိမ့်မယ်။ သိပ်ပြီးဖိအားမပေးတဲ့ အကြံဉာဏ်ဟာ ခင်ဗျားတို့ရဲ့ အကောင်အထည်ဖော်ချင်တဲ့ပေါ်လစီတွေကို အကောင်အထည်ပေါ်လာအောင်လုပ်နိုင်တယ်။

ဒါ့အပြင်အဲဒီပေါ်လစီတွေကို မဟာမိတ်ဖွဲ့တဲ့အခါမှာလည်းတင်ပြလို့ရတယ်။

(၉) (စီးပွားရေးပြန်လည်နာလန်ထူအောင်လုပ်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း) စတဲ့နိုင်ငံတော်တာဝန်တွေရှိတဲ့အခါမှာ မဟာမိတ်ဖွဲ့ဖို့ လွယ်ကူတယ်။ နယ်သာလန်နိုင်ငံမှာ လစ်ဘရယ်နဲ့ဆိုရှယ်ဒီမိုကရက်ပါတီတွေဟာ ၁၉၉၄ ခုနှစ်မှာမဟာမိတ်စဖွဲ့ကြတယ်။ သူတို့ရဲ့မဟာမိတ်ဖွဲ့စည်းခြင်းဟာ ရှစ်နှစ်တောင်ကြာရှည်ခံတယ်။ သူတို့ရဲ့အဓိကဆောင်ပုဒ်ကတော့ 'အလုပ်လုပ်ပါ၊ အလုပ်လုပ်ပါ၊ အလုပ်လုပ်ပါ။' ဆိုတဲ့ဆောင်ပုဒ်ပဲဖြစ်တယ်။ အဲဒီဆောင်ပုဒ်ဟာ လက်ဝဲရော၊ လက်ယာပါတီတွေကပါ လက်ခံတဲ့ဆောင်ပုဒ်ဖြစ်တယ်။

(၁၀) ညှိနှိုင်းမှုနဲ့ပတ်သက်တဲ့အတွင်းသတင်းအချက်အလက်တွေကို စာနယ်ဇင်းကိုထုတ်ဖော်မပြောဖို့ အရေးကြီးတယ်။ ညှိနှိုင်းမှုတွေမလုပ်ခင်မှာ၊ ဘယ်သူကစာနယ်ဇင်းတွေနဲ့ ဘယ်အချိန်မှာစကားပြောရမလဲဆိုတာကို ပါတီတွေကသေသေချာချာစည်းကမ်းသတ်မှတ်ရမယ်။ ညှိနှိုင်းဆွေးနွေးတဲ့ပါတီတွေအားလုံးဟာ ဒီစည်းကမ်းတွေကို လိုက်နာရမယ်။ မလိုက်နာဘူးဆိုရင် ညှိနှိုင်းမှုတွေပျက်စီးသွားလိမ့်မယ်။ ဥပမာပြောရရင် ၂၀၀၃ ခုနှစ်မှာ၊ ဒတ်ချ် CDA နဲ့ PvdA ကြားကမဟာမိတ်ဖွဲ့မှုပျက်ပြားသွားခဲ့တယ်။ အဲသလိုပျက်ပြားသွားရတဲ့အကြောင်းရင်းကတော့ အချိန်တိုင်းအဲဒီပါတီနှစ်ပါတီဟာ သိပ်ကိုတိုးတက်မှုမရှိဘူး။ ဒါကိုမီဒီယာကချက်ချင်းသိလိုက်တယ်။ သုံးနှစ်ကြာတဲ့အခါမှာ ပါတီနှစ်ပါတီဟာ ဒုတိယအကြိမ်ကြိုးစားကြပြီး သင်ခန်းစာရသွားကြတယ်။ အချက်အလက်တွေကို မဝေငှတာကြောင့် ပါတီနှစ်ခုစလုံးကနေ ပွင့်လင်းတဲ့ခွင့်ပြုချက်ပါတဲ့ သတင်းတွေမရနိုင်ဘူး။ တရားလွန်ပွင့်လင်းမှုနဲ့ မီဒီယာရဲ့အာရုံစိုက်မှုဟာ အန္တရာယ်များတယ်။ အကြောင်းကတော့ အဲသလိုအချက်တွေကြောင့် ပါတီတွေဟာသူတို့ရဲ့ထောက်ခံသူတွေကို ကျေနပ်မှုရအောင်လို့အတင်းအကျပ်ကြိုးစားလာကြတာပဲဖြစ်တယ်။ ဒါ့အပြင်အပေးအယူလုပ်ဖို့အတွက်လည်း စိတ်ဆန္ဒနည်းလာကြတယ်။ အဲသလိုဖြစ်ရတဲ့အကြောင်းကတော့ မဲပေးသူ



တွေနောက်ဆံတင်းလာကြတာကို ခံစားကြရလို့ပဲဖြစ်တယ်။ အဲဒီအခါမှာ ညှိနှိုင်းမှုအတွက်နေရာကို ချုံ့ပစ်ကြလိမ့်မယ်။ တခြားတစ်ဖက်မှာကျတော့ ပါတီတွေဟာ အစမ်းသဘောအောင်မြင်မှုတွေကို အပြင်လောကကသိအောင်လို့ တစ်ဦးနဲ့တစ်ဦးသဘောတူညီချက်နဲ့ အစီအရင်ခံစာတင်ပြတယ်။ အဲသလိုတင်ရတဲ့အကြောင်းကတော့ သူတို့ရဲ့ထောက်ပံ့သူတွေစိတ်ကျေနပ်ဖို့ပဲဖြစ်တယ်။ ဒါပေမဲ့နောက်ဆုံးသဘောတူညီမှုမရခင်မှာ ခင်ဗျားတို့ရဲ့နိုင်ငံရေးပြိုင်ဘက်တွေဟာ ခင်ဗျားတို့ရဲ့အစီအစဉ်တွေကို ပြစ်တင်ပြောဆိုလို့မရအောင် ပြိုင်ဘက်တွေကိုအခွင့်အရေးမပေးပါနဲ့။ မဟာမိတ်ဖွဲ့တဲ့သဘောတူညီချက်အဆုံးသတ်ထိရောက်အောင် စောင့်တာအကောင်းဆုံးပဲ။ အဲဒီအချိန်ကျမှ တချို့သောအတိုးအလျှော့ကိစ္စတွေကို ရှောင်လွှဲလို့မရပေမယ့်၊ ဆွေးနွေးငြင်းခုံရတာပိုလွယ်တယ်။ တခြားနယ်ပယ်မှာရှိတဲ့ သဘောတူညီမှုကြောင့်ရတဲ့အောင်မြင်မှုတွေဟာ အဲဒီအရာတွေကိုတောင် ထေမိပြီးသားဖြစ်နေလိမ့်မယ်။

## နိဂုံး

မဟာမိတ်အဖွဲ့ကို အောင်အောင်မြင်မြင်ဖွဲ့စည်းပြီးတဲ့အခါမှာ၊ ခင်ဗျားတို့ဟာ သဘောတူထားတဲ့အစီအစဉ်တွေကိုစပြီးအကောင်အထည်ဖော်နိုင်ပြီ။ အဲဒီအချိန်ကစပြီး မီဒီယာတိုက်ပွဲစတော့တာပဲ။ ခင်ဗျားတို့အတိုးအလျှော့လုပ်ဖို့ အတင်းအကျပ်တွန်းအားပေးခံရလိမ့်မယ်။ ခင်ဗျားတို့ကမဲပေးသူတွေကိုပေးထားတဲ့ ကတိတွေကို ချိုးဖောက်လောက်တဲ့အထိ ခင်ဗျားတို့ကို ဖိအားပေးလိမ့်မယ်။ မဟာမိတ်အဖွဲ့စနစ်ထဲမှာရွေးကောက်ပွဲဆိုင်ရာကတိတွေကိုသိပ်ပြီးအလေးထားမပြောပါနဲ့။ တကယ်လို့ ခင်ဗျားတို့ရဲ့ အစီအစဉ်ထဲမှာ ညှိနှိုင်းထားတဲ့အထဲမှာမပါတဲ့အရာတွေများနေတယ်ဆိုရင်၊ ခင်ဗျားတို့ဘယ်တော့မှ အစိုးရအဖွဲ့ရဲ့အစိတ်အပိုင်းမဖြစ်နိုင်ဘူး။ 'ရှောင်းခြင်း' ဆိုတဲ့ညှိနှိုင်းမှုကရလာတဲ့ရလဒ်မှာ ကျွမ်းကျင်တဲ့ဆက်သွယ်ဆောင်ရွက်မှု၊ ကောင်းကောင်းမွန်မွန်စဉ်းစားဆင်ခြင်ပြုလုပ်ထားတဲ့ မီဒီယာ

မဟာဗျူဟာပါဝင်နေတယ်။ အောင်မြင်မှုတွေကိုအာရုံစိုက်ပါ။ ကျရှုံးမှုတွေကို ဥပက္ခာပြုမထားတဲ့အခါမှာလည်း၊ အဲဒီကျရှုံးမှုကို ဥပက္ခာပြုမထားတဲ့အကြောင်းကိုအကျယ်မချဲ့ပါနဲ့။ အတိုးအလျှော့လုပ်ထားတာတွေကိုတင်ပြပြီးတဲ့အခါမှာ၊ အဲသလိုလုပ်လိုက်လို့ လစ်ဟာသွားတဲ့နေရာမှာအောင်မြင်မှုနဲ့ဖြည့်တင်းပါ။ ခင်ဗျားတို့ရဲ့အတိုးအလျှော့ကိုကာကွယ်ဖို့ဘယ်လို ငြင်းခုံဆွေးနွေးမှုတွေကို သုံးမလဲဆိုတာကိုစဉ်းစားပါ။ ခင်ဗျားတို့အများကြီးပြန်ရလိမ့်မယ်။ ဒါကြောင့်ပိုပြီးကြီးမားတဲ့ မကောင်းဆိုးဝါးကိုကာကွယ်ဖို့ဆိုတာနိုင်ငံတော် အကျိုးအမြတ်လားစတဲ့ ခင်ဗျားတို့ရဲ့အတိုးအလျှော့ကိုကာကွယ်ဖို့ ဘယ်လိုဆွေးနွေးငြင်းခုံမှုကိုသုံးမလဲဆိုတာကိုသေသေချာချာစဉ်းစားပါ။

### လေ့ကျင့်ခန်း

ဒီအကြောင်းအရာတွေအတွက်ကစားပွဲဟာ ကောင်းမွန်တဲ့ လေ့ကျင့်ခန်းပဲဖြစ်တယ်။ ဘယ်လိုဘယ်ပုံပါတီနှစ်ခုဟာ မဟာမိတ်ဖွဲ့ဖို့ ညှိနှိုင်းမှုလုပ်ကြသလဲ။ ပါတီတိုင်းဟာ သူတို့ရဲ့အနေအထားကို ခွဲခြမ်းစိတ်ဖြာကြတယ်။ ပြိုင်ဘက်ရဲ့အနေအထားကိုလည်းခွဲခြမ်းစိစစ်ကြတယ်။ ညှိနှိုင်းမှု မဟာဗျူဟာကိုချမှတ်ဖို့၊ ပါတီရဲ့ပန်းတိုင်တွေကိုရရှိအောင်မြင်ဖို့ ချမှတ်လုပ်ဆောင်ကြတယ်။ အဲဒီနောက်မှာ ဆက်သွယ်ရေးမဟာဗျူဟာကို အတူတကွလုပ်ကြတယ်။ ပူးပေါင်းလုပ်ရတဲ့ သတင်းစာရှင်းလင်းပွဲတွေလုပ်ရင်းလေ့ကျင့်ကြတယ်။ နိုင်ငံရဲ့အထူးသီးသန့်အခြေအနေတစ်ခုကိုယူပြီး ဒီလေ့ကျင့်ခန်းကိုလုပ်ပါ။

၀

# အခန်း - ၁၆
# ကိုယ့်ဘက်ပါအောင်ဆွယ်ခြင်း

အကျိုးအမြတ်အတွက်မဟုတ်တဲ့အဖွဲ့အစည်းတွေနဲ့ ကုမ္ပဏီတွေဟာ နိုင်ငံရေးသမားတွေ ဆုံးဖြတ်ချက်ချတဲ့အခါမှာ သူတို့ အကျိုးစီးပွားဘက်ပါတဲ့ ဆုံးဖြတ်ချက်မျိုးတွေချမိအောင် လွှမ်းမိုးဖို့ကြိုးစားတတ်ကြတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ (ဆွယ်) ဆွေးနွေးစည်းရုံးတဲ့နည်းကို သုံးကြတယ်။ ဆွယ်ခြင်းဟာ ရည်မှန်းချက်တစ်ခုခုအထမြောက်အောင်ကြိုးပမ်းတဲ့နေရာမှာ မဟာဗျူဟာကျတယ်။ နိုင်ငံရေးပါတီတွေထဲမှာလည်း ဆွယ်ခြင်းကို တော်တော်များများအသုံးပြုကြတယ်။ အကျိုးအမြတ်ကိုရှင်းရှင်းလင်းလင်းသတ်မှတ်ထားတဲ့ပါတီတွေဟာ တချို့ပြဿနာတွေမှာ ခေါင်းဆောင်မှုပိုင်းကို သူတို့သွားစေချင်တဲ့လမ်းကြောင်းပေါ်ရောက်သွားစေဖို့ လော်ဘီလုပ်ကြတယ်။ အမျိုးသမီးတွေရဲ့အဖွဲ့အစည်းတွေဟာ ရှေးရှေးတည်းကရှိနေတဲ့ ဥပမာတွေပဲ။ ဒီနေ့အမျိုးသမီးတွေနှစ်သက်ခံမင်ကြတဲ့ နိုင်ငံရေးလွှမ်းမိုးမှုဟာ တမဟုတ်ခြင်းမှာပေါ်ထွက်လာခဲ့တာမျိုးမဟုတ်ဘူး။ သူတို့အနေနဲ့အချိန်အကြာကြီးတိုက်ခိုက်ယူခဲ့ရတယ်၊ ကမ်ပိန်းဖော်ဆောင်ခဲ့ကြပြီးမှ ရယူနိုင်ခဲ့တာဖြစ်တယ်။ လူငယ်အဖွဲ့အစည်းတွေ၊ လူနည်းစုတိုင်းရင်းသားတွေ၊ အခြောက်တွေ၊ သက်ကြီးရွယ်အိုတွေနဲ့ မသန်စွမ်းသူတွေဟာ အကျိုးအမြတ်ရှင်းရှင်းလင်းလင်းသတ်မှတ်ထားပြီးသားအဖွဲ့အစည်းတွေရဲ့ နမူနာတွေဖြစ်ကြတယ်။ သူတို့တွေဟာ သူတို့အကျိုးအမြတ်အတွက် ပါတီတွေလုပ်ဆောင်ဖြစ်သွားအောင် လော်ဘီ (Lobby) လုပ်ကြတယ်။ အစည်းအဝေးတွေလုပ်တာလိုမျိုး၊ လော်ဘီလုပ်တာမျိုးကို အဆင့်သုံးဆင့်ခွဲခြားသတ်မှတ်နိုင်တယ်။



သတင်း အချက်အလက်ပေးတဲ့အဆင့်၊ ဆွေးနွေးခြင်း (သို့) အမြင်ထုတ်ဖော်ခြင်းအဆင့်နဲ့ ဆုံးဖြတ်ချက်ချတဲ့အဆင့်တွေဖြစ်တယ်။ လော်ဘီလုပ်တဲ့နေရာမှာ အဖွဲ့သုံးဖွဲ့ပါဝင်တယ်။ ပါဝင်သူတွေ (သူတို့ရဲ့အကျိုးအတွက် လော်ဘီ လုပ်မယ့်သူတွေ)၊ ဆုံးဖြတ်ချက်ချသူတွေ (လော်ဘီရဲ့ပစ်မှတ်အုပ်စု)နဲ့ လွှမ်းမိုးသူတွေဆိုတဲ့သုံးဖွဲ့ဖြစ်တယ်။ ဆုံးဖြတ်ချက်ချသူတွေဟာ ကက်ဘိနက် အဖွဲ့ဝင်တွေနဲ့တူတယ်၊ ဥပဒေ သို့မဟုတ် နိုင်ငံတော်ပါလီမန်ရဲ့အဖွဲ့ဝင်တွေ၊ မြို့ဝန်တွေ သို့မဟုတ် ကောင်စီဝင်တွေ၊ ကွန်ဂရက်အဖွဲ့ဝင်တွေ(သို့)ပါတီကော်မတီအဖွဲ့ဝင်စတဲ့ အဆင့်မျိုးစုံကလူတွေလိုမျိုးပဲ။ လွှမ်းမိုးသူတွေကတော့ ချမှတ်လာနိုင်တဲ့ဆုံးဖြတ်ချက်တွေအပေါ်မှာလွှမ်းမိုးပြောင်းလဲဖို့ တစ်ခါတစ်ရံမှာ စိတ်မပါဘဲနဲ့ကိုပြုလုပ်ရသူတွေဖြစ်တယ်။ သူတို့တွေဟာ ပြည်သူ့ဝန်ထမ်းတွေ၊ နိုင်ငံရေးလက်ထောက်တွေ၊ သတင်းထောက်တွေနဲ့ တခြားအဖွဲ့အစည်းတွေဖြစ်ကြတယ်။

## အချိန်ကိုက်ခြင်းဟာအသက်တမျှအရေးကြီးတယ်

တရားဝင်နဲ့တရားမဝင်ဆုံးဖြတ်ချက်ချသူတွေနဲ့ ကွန်ရက်ကောင်းကောင်းကိုထိန်းသိမ်းပေးခြင်းဟာ ခင်ဗျားတို့ရဲ့အချိန်ကိုက်ပြုလုပ်ခြင်းအပေါ်မှာ အထောက်အကူဖြစ်လိမ့်မယ်။ ဆုံးဖြတ်ချက်တစ်ခုချတော့မယ်ဆိုတာကို အမြဲတမ်းလူထုကမသိနိုင်ဘူး။ ဒီတော့ လော်ဘီလုပ်တာကိုဘယ်အချိန်မှာ စသင့်သလဲ။ ခင်ဗျားတို့ဘယ်လမ်းကိုရွေးချယ်ရမလဲသိဖို့က ရည်မှန်းချက်အောင်မြင်အောင်ဆောင်ရွက်တဲ့နေရာမှာ အဓိကအရေးပါတယ်။ ဥပမာ၊ ပါတီကွန်ဖရန့်မှာ သင့်တင့်လျောက်ပတ်တဲ့အဖြေတစ်ခုထွက်ဖို့ရာ ဘယ်ပါတီရဲ့စည်းမျဉ်းစည်းကမ်းတွေကို ခင်ဗျားတို့သတိထားသင့်သလဲ။ ကွန်ဖရန့်ဘယ်အချိန်မှာစမယ်ဆိုတာကိုသိတာနဲ့ စတင်ပြီးစီစဉ်သင့်တယ်။ နောက်ထပ်ခြေလှမ်းကတော့ သူတို့ကခင်ဗျားရဲ့ပစ်မှတ်အုပ်စုဖြစ်မှာကြောင့် ဘယ်သူတွေက ဆုံးဖြတ်ချက်ချသူတွေဖြစ်မယ်ဆိုတာကိုသိဖို့ပဲ။ ပါတီကွန်ဖရန့်မှာတော့ အရေးအကြီးဆုံးတရားဝင်ဆုံးဖြတ်ချက်ချသူတွေဟာ ခေါင်း

ဆောင်မှုပိုင်းနဲ့ မဲပေးမယ့်ကိုယ်စားလှယ်တွေဖြစ်လိမ့်မယ်။ တရားမဝင်ဆုံးဖြတ်ချသူတွေရဲ့စာရင်းကိုလည်း လုပ်ထားဖို့လိုလိမ့်မယ်၊ ပါတီရုံးချုပ်မှာအလုပ်လုပ်သူတွေ၊ ထင်ရှားတဲ့ပါတီဝင်တွေ၊ ကော်မတီဝင်တွေစတဲ့သူတွေပေါ့။ ပြီးတော့ ဆုံးဖြတ်ချက်ချတဲ့အပေါ်မှာလွှမ်းမိုးဖို့လိုအပ်တဲ့ ကိရိယာတွေအားလုံးကိုစုဆောင်းထားပါ။ ထပ်ပြောရရင် အချိန်ကိုက်ဖြစ်ဖို့က အသက်သွေးကြောပဲ။ ဘယ်ကိရိယာကို ဘယ်အချိန်မှာအသုံးပြုမယ်ဆိုတာကို ဆုံးဖြတ်ပါ။ ကျိုးကြောင်းမဆီလျော်တဲ့နည်းလမ်းမျိုးကို မသုံးမိပါစေနဲ့။ အစပိုင်းမှာခင်ဗျားတို့ရဲ့ထောက်ခံသူတွေကို ပါတီရုံးချုပ်ရှေ့မှာဆန္ဒပြဖို့စုရုံး စေတာမျိုးကအဓိပ္ပါယ်မရှိဘူး။ ကန့်ကွက်ဆန္ဒပြပွဲအစည်းအဝေးဟာ ပါတီအတွက်အမြင်မလှတာမျိုးဖြစ်စေနိုင်တယ်။ ပါတီဝင်တွေက ခင်ဗျားတို့ရဲ့တောင်းဆိုမှုတွေကိုစိတ်ဝင်စားမှုလျော့စေတယ်။ ခေါင်းဆောင်မှုပိုင်းနဲ့ ခင်ဗျားတို့ရဲ့ကြားကဆက်ဆံရေးမှာ တင်းမာမှုကိုဖြစ်စေတယ်။ သူတို့က ခင်ဗျားတို့ကိုဆွေးနွေးတဲ့နေရာမှာ တွေ့ဆုံဖို့ကြံရွယ်ထားတာမျိုးဖြစ်နိုင်တယ်။

## နိုင်ငံရေးအတွင်းနဲ့ပြင်ပမှာရှိတဲ့ အထူးအကျိုးစီးပွားအုပ်စုများရဲ့ မဟာဗျူဟာများ

အခန်း(၁)မှာဆွေးနွေးခဲ့တဲ့သီအိုရီတွေဟာ ရွေးကောက်ပွဲကမ်ပိန်းတွေအတွက် အဓိကရည်ရွယ်ထားပေမယ့်လည်း ပိုပြီးကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်တယ်။ ကမ်ပိန်းတစ်ခုမှာ ပိုပြီးမျိုးစုံတဲ့ရည်ရွယ်ချက်တွေရှိတာကျွန်တော်တို့တွေ့ပြီးပြီ။ ဒါဟာလည်းပဲ အထူးအကျိုးစီးပွားအုပ်စုတွေအတွက်ပါပဲ။ နိုင်ငံရေးပြင်ပမှအဖွဲ့အစည်းတွေသော်လည်းကောင်း၊ နိုင်ငံရေးပါတီများအတွင်းမှာသော်လည်းကောင်း အသုံးပြုနိုင်တယ်။

ဥပမာ။ ။

(၁) နိုင်ငံရေးနဲ့ ရာထူးကြီးနေရာများမှာ အမျိုးသမီးများရဲ့ပါဝင်မှုနှုန်းကိုမြှင့်တင်နိုင်ရန် အမျိုးသမီးအဖွဲ့အစည်းများကြိုးပမ်းခြင်း

(၂) လူငယ်အဖွဲ့အစည်းများ နိုင်ငံရေးနဲ့ ပါလီမန်အတွင်းလူငယ်များ



ပိုမိုရွေးကောက်ခံနိုင်ခွင့်ရရန်ကြိုးပမ်းခြင်း

(၃) အမျိုးသမီးအဖွဲ့အစည်းများရော၊ လူငယ်အဖွဲ့အစည်းများပါ ပါတီလမ်းစဉ်ပေါ်မှ ပိုပြီးကြီးကျယ်တဲ့ကိစ္စများကိုကိုင်တွယ်နိုင်ရေး

(၄) အန်ဂျီအိုများနှင့် စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့ဖြစ်လိုသည်များကို ပါတီအစီအစဉ်များထဲပူးပေါင်းဆောင်ရွက်နိုင်ရေး

ဒီအဖွဲ့အစည်းတွေဟာ ပါတီကိုတချို့အမြင်တွေထွက်ပေါ်လာစေဖို့ လမ်းစဉ်ဆုံးဖြတ်ချက်တွေချမှတ်နိုင်စေဖို့ မဟာဗျူဟာတွေဖန်တီးကြတယ်။ ဘယ်လိုအလုပ်ဖြစ်နိုင်သလဲ။

## ဘယ်သူကဆုံးဖြတ်သလဲ
## တရားဝင်နဲ့တရားမဝင် ဆုံးဖြတ်ချက်ချသူများ

မဟာဗျူဟာကတော့ တစ်ယောက်ယောက်ကို ကျွန်တော်တို့ချစေချင်တဲ့ဆုံးဖြတ်ချက်ချဖို့ကို ရည်ရွယ်ထားရတယ်။ ရွေးကောက်ပွဲကမ်ပိန်းတွေမှာဆိုရင်တော့ ကျွန်တော်တို့စည်းရုံးချင်တာက မဲပေးသူတွေပဲ။ သူတို့တွေက ဆုံးဖြတ်ချက်ချသူတွေပဲ။ တစ်ခါတစ်လေမှာ ဆုံးဖြတ်ချက်ချသူဟာ တစ်သီးပုဂ္ဂလဖြစ်နေတတ်တယ်။ ဒါပေမယ့် များသောအားဖြင့်ကတော့ လူများစု သို့မဟုတ် အစိုးရအဖွဲ့ဂျင်စီတွေပဲ။ သူတို့တွေက လမ်းစဉ်ဆုံးဖြတ်ချက်တွေကို သဘောတူပေးရမှာဖြစ်တယ်။ ဆုံးဖြတ်ချက်အတွက် တရားဝင်တာဝန်ရှိသူတွေ (တရားဝင်ဆုံးဖြတ်ချက်ချသူတွေ) ဟာ အမြဲတမ်းတော့ ဆုံးဖြတ်ချက်ချသူတွေမဟုတ်ကြဘူး။ ဝန်ကြီးချုပ်ရဲ့အကြံပေးဟာ သူ့ဌာနထဲက ကိစ္စတွေနဲ့ပတ်သက်ပြီး ပိုပြောရေးဆိုခွင့်ရှိနေတတ်တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တရားဝင်ဆုံးဖြတ်ချက်ချသူတွေဟာ တကယ်ပဲ ဒီတစ်ကြိမ်မှာဆုံးဖြတ်ချက်ချမယ့်သူတွေလားဆိုတာ အမြဲအကဲဖြတ်ရပါလိမ့်မယ်။ ဒါမှမဟုတ် တရားမဝင်ဆုံးဖြတ်ချသူတွေကိုပဲချဉ်းကပ်ရမလားဆိုတာကိုရောပေါ့။

တခြားပြဿနာတစ်ခုကတော့ ဆုံးဖြတ်ချက်ချသူတွေဆီကို

ဘယ်လိုထိုးဖောက်ဝင်ရောက်နိုင်မလဲဆိုတာပါပဲ။ တကယ်လို့အဲဒီတစ်ဆင့်ဟာမဖြစ်နိုင်ဘူးဆိုရင် သူတို့နဲ့သိကျွမ်းသူတွေဆီကိုဆက်သွယ်ဖို့ ကြိုးပမ်းရပါမယ်။ သူတို့နဲ့ထိတွေ့ဆက်ဆံမှုရှိနေတဲ့အဖွဲ့အစည်းတွေ၊ လူတွေကိုပစ်မှတ်ထားကြိုးပမ်းရပါမယ်။ ဝန်ကြီးချုပ်ဆီတိုက်ရိုက်ထိုးဖောက်ဖို့မဖြစ်နိုင်ပါက သူ့ပါတီထဲကအထူးအကျိုးအမြတ်အုပ်စုတွေကို ချဉ်းကပ်ဖို့ကြိုးစားသင့်တယ်။ (လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ) ဆိုတဲ့အုပ်စုတွေပါပဲ။ ဆုံးဖြတ်ချက်ချသူနဲ့ထိတွေ့ခွင့်ရပြီဆိုတာနဲ့ ကျွန်တော်တို့လိုလားတဲ့ဆုံးဖြတ်ချက်မျိုးသူချနိုင်အောင် မဟာဗျူဟာကို ဆုံးဖြတ်ရပါတော့မယ်။ အခြေခံအားဖြင့် ဒါကိုဆောင်ရွက်ဖို့ နည်းလမ်းသုံးခုရှိပါတယ်။

၁။ အငြင်းအခုံကောင်းကောင်းနဲ့သူတို့ကိုယုံကြည်လာအောင်လုပ်ပါ။
၂။ အလိုရှိတဲ့ဆုံးဖြတ်ချက်မျိုးသူတို့ချဖို့ဖိအားပေးပါ။
၃။ ပါတီနှစ်ခုလုံးကျေနပ်စေမယ့်ဆန္ဒမျိုးကို ဖလှယ်ပေးပါ။

ယခုနည်းလမ်းသုံးခုထဲကကွဲပြားမှုတွေ၊ ဘယ်နည်းလမ်းကိုအသုံးပြုမယ်ဆိုတာဆုံးဖြတ်ပုံတွေကို ဒီအခန်းရဲ့နောက်ပိုင်းမှာ ဆွေးနွေးညှိနှိုင်းခြင်းအပိုင်းမှာ ဆက်လက်ပြောဆိုသွားမယ်။

**ဆုံးဖြတ်ချက်ချသူကို ကောက်ကြောင်းဆွဲခြင်း**

ဆုံးဖြတ်ချက်ချသူကို ကျွန်တော်တို့သတ်မှတ်ပြီးတာနဲ့တစ်ပြိုင်နက်အဲဒီဆုံးဖြတ်ချက်ချသူရဲ့ သတင်းအချက်အလက်တွေကိုစုဆောင်းဖို့လိုပါတယ်။ ဒါမှပဲအထိရောက်ဆုံးချဉ်းကပ်မှုမျိုးကို ပိုင်းဖြတ်နိုင်မှာပါ။ အဲဒီအတွက် ဒီမေးခွန်းလေးခုကိုဖြေကြည့်ဖို့လိုပါတယ်။

–သူ/သူမဟာ (ဆုံးဖြတ်ချက်ချမယ့်အကြောင်းအရာကို)သိသလား။ (သိရှိနားလည်မှု)
–အဲဒီအကြောင်းအရာအပေါ်သူ/သူမရဲ့အမြင်ကဘာလဲ။ (သဘောထားအမြင်)



–သူ/သူမဟာ (စိတ်ပိုင်းဆိုင်ရာအားဖြင့် ဒီကိစ္စမျိုးကို) ဘယ်လိုခံစားရသလဲ။ (စိတ်ခံစားမှု)
–သူ/သူမဘာလုပ်လိမ့်မလဲ။ (လုပ်ဆောင်မှု)

အားလုံးမဟုတ်တောင် တော်တော်များများကိစ္စတွေမှာ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်ချသူတွေဟာ အဆင့်အမျိုးမျိုးကိုဖြတ်ကျော်တဲ့ ဖြစ်စဉ်ရှိကြတယ်။ 'ဆုံးဖြတ်ချက်'တစ်ခုလိုအပ်တဲ့ ပြဿနာရှိတစ်ခုရှိတာကို သိရမယ်၊ အဲဒီပြဿနာရဲ့သဘောသဘာဝကို သိဖို့လည်းလိုတယ်။ ဆုံးဖြတ်ချက်အတွက် 'သိရှိနားလည်မှု'လိုတယ်။ နိုင်ငံရေးအဖွဲ့အစည်းတွေဟာ သူတို့ရဲ့လူတွေကို ချက်ချင်းလုပ်ဆောင်လိုက်ဖို့အမိန့်ပေးတဲ့ အမှားမျိုးမကြာခဏလုပ်တတ်ကြတယ်။ သိရှိနားလည်မှု၊ သဘောထားအမြင်နဲ့ စိတ်ခံစားမှုဆိုတဲ့အဆင့်ဆင့်ကိုဖြတ်ကျော်မှုမရှိဘဲ လူတွေကိုလုပ်ဆောင်ခိုင်းတာဟာ အကျိုးမရှိတဲ့အပြင် အကျိုးယုတ်သွားတဲ့အခြေအနေကိုပါဖြစ်စေနိုင်တယ်။ ကာကွယ်မှုကိုဖောင်းပေးတဲ့ တန်ပြန်မှုမျိုးတွေကိုသွားပြီးလှုံ့ဆော်လိုက်သလိုဖြစ်နိုင်တယ်။ ဒါကြောင့်အဲဒီအဆင့်လေးဆင့်ကို မကျော်မိလိုက်စေနဲ့။

**မှန်ကန်တဲ့ကိရိယာကိုရွေးချယ်ခြင်း**

တိကျမှန်ကန်တဲ့ တိုင်းတာနိုင်တဲ့ ဆောင်ရွက်အောင်မြင်နိုင်တဲ့စိတ်အားတက်ကြွဖွယ်ကောင်းတဲ့ ပန်းတိုင်ကျွန်တော်တို့မှာရှိတယ်။ ပြီးတော့ဘယ်သူ (ဆုံးဖြတ်ချက်ချသူ)ကို ပစ်မှတ်ထားရမယ်ဆိုတာလည်း ကျွန်တော်တို့သိပြီးပြီ။ ဒါဟာအစပဲရှိပါသေးတယ်။ အခုကျွန်တော်တို့အနေနဲ့ ရည်မှန်းချက်(ဆုံးဖြတ်ချက်ချသူကို လွှမ်းမိုးခြင်း)အောင်မြင်ဖို့ နည်းလမ်းအမှန်ရွေးချယ်ရပါတော့မယ်။ မဟာဗျူဟာကောင်းတွေအားလုံးဟာ သေချာတဲ့နည်းလမ်းတွေကိုပေးတယ်။ ဒါပေမယ့်အဲဒီနည်းလမ်းတွေဟာ ပန်းတိုင်အတွက်သင့်လျော်ရမယ်။ တစ်နည်းပြောရရင် ပန်းတိုင်တိုင်းဟာ နည်းလမ်းတွေကိုမသတ်မှတ်ပေးနိုင်ဘူး။ နည်းလမ်းတွေဟာ တကယ်ပဲ ပန်းတိုင်ကိုအားနည်းစေတယ်ဆိုရင် အဲဒီနည်းလမ်းကိုအသုံးပြုနေသူတွေဟာ အနေးနဲ့

အမြန်ဆိုသလို အပေးအယူလုပ်ခံရပါတော့မယ်။ လူတွေဟာ ဒီနည်းလမ်းကို သုံးနေသူတွေဟာ သူတို့ရဲ့ထောက်ခံမှုကိုရယူသင့်သူတွေလားဆိုတာကို စတင်ပြီး သံသယရှိလာမယ်။ ဒီအကြောင်းတရားဟာ တရားမျှတရဲ့လားဆိုတာကို တွေးတောလာလိမ့်မယ်။ ဥပမာ၊ ရဲတွေရဲ့ အကြမ်းဖက်မှုကိုဆန့်ကျင်တဲ့အနေနဲ့ အကြမ်းဖက်မှုကိုပဲအသုံးပြုတာဟာ ရည်ရွယ်ချက်ကို ပျက်ယွင်းစေတယ်။

ဒါ့အပြင် နည်းလမ်းတွေဟာ ဆီလျော်သင့်မြတ်နေရပါမယ်။ ခင်ဗျားတို့အသုံးပြုတဲ့ နည်းလမ်းတွေရဲ့အတိမ်အနက်ဟာ ကျွန်တော်တို့ရဲ့ လမ်းကြောင်းကိုထောက်ခံမှုရဖို့ သက်ရောက်မှုအပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာကိုဖြစ်စေနိုင်ပါတယ်။ ရည်မှန်းချက်ပန်းတိုင်ကကောင်းတယ်၊ ဒါပေမယ့် နည်းလမ်းတွေကမသင့်တော်ဘူးဆိုရင်(ကြီးလွန်း၊ သေးလွန်း) ခင်ဗျားတို့ရဲ့ပန်းတိုင်ဟာ ယုံကြည်အားကိုးနိုင်စွမ်းဆုံးရှုံးသွားနိုင်ပါတယ်။ ဥပမာအနေနဲ့ မြို့ငယ်လေးတစ်မြို့ရဲ့မြို့ဝန်ဟာ အမှားတစ်ခုလုပ်တယ်။ သူဟာပါတီဝင်တစ်ယောက်ပဲဖြစ်တဲ့အတွက် သမ္မတကိုနုတ်ထွက်ဖို့ တောင်းဆိုတာမျိုးမလုပ်သင့်ပါဘူး။ သင့်တော်မျှတပြီး အောင်မြင်နိုင်ခြေများတဲ့နည်းလမ်း ဥပမာကတော့ အသနားခံခြင်းဖြစ်ပါတယ်။ လက်မှတ်လုံလုံလောက်လောက်စုဆောင်းပြီးပြီဆိုတာနဲ့ ဆုံးဖြတ်ချက်ချသူထံကိုပေးအပ်လိုက်နိုင်ပြီ၊ အဲဒီနောက်မှာတော့ ခင်ဗျားတို့ကြိုးစားတိုက်ပွဲဝင်နေတဲ့အကြောင်းအရာအတွက် ပါဝင်ညှိနှိုင်းဆွေးနွေးနိုင်ပါပြီ။

လူ့အဖွဲ့အစည်းထဲက လက်ရှိရေစီးကြောင်းမှာ သိမ်သိမ်မွေ့မွေ့ အနီးကပ်ထိစပ်နေတဲ့ နိုင်ငံရေးအစီအစဉ်အတွက် ကမ်းလှမ်းချက်တွေဟာ ရောင်းချဖို့ပိုပြီးလွယ်ကူနေတတ်ပါတယ်။ ခက်ခဲတာက လွှမ်းမိုးမှုအားကောင်းနေတဲ့လူမှုရေးလမ်းကြောင်းတွေနဲ့ဆန့်ကျင်နေတဲ့ အတွေးအမြင်တွေကို တင်သွင်းဖို့ပါပဲ။ ဒါပေမယ့်လည်း လွှမ်းမိုးမှုအားကောင်းတဲ့လူမှုရေးလမ်းကြောင်းတွေနဲ့ဆန့်ကျင်တဲ့ပန်းတိုင်မျိုးတွေကို နိုင်ငံရေးပါတီတွေချမှတ်အကောင်အထည်ဖော်ဖို့ ဘယ်တော့မှမကြိုးစားရဘူး၊ ရေပန်းစားတဲ့နောက်ကိုပဲလိုက်ဖို့လို့ဆိုလိုတာမဟုတ်ဘူး။ အရာရာတိုင်းဟာပြောင်းလဲနိုင်တယ်။ အဲဒီအတွက်



ကိုပဲ ခင်ဗျားတို့ပါတီရှိနေတာ။ လူမှုရေးလမ်းကြောင်းတွေအပေါ်မှာ လွှမ်းမိုးမှုရှိစေဖို့။ ဒါပေမယ့် နိုင်ငံရေးအဖွဲ့အစည်းဝင်တွေဟာ အားကောင်းနေတဲ့လမ်းကြောင်းတွေကို ထည့်သွင်းစဉ်းစားပြီး အသုံးတည့်နိုင်တဲ့နေရာတွေမှာ အသုံးချနိုင်ဖို့အရေးကြီးတယ်။ တတ်နိုင်တဲ့အခါတိုင်း ကြီးစိုးနေတဲ့လမ်းကြောင်းတွေနဲ့ပတ်သက်ဆီလျော်တဲ့ ကမ်းလှမ်းချက် တွေကိုလုပ်ခြင်းအားဖြင့် ခင်ဗျားတို့အသုံးချနိုင်မယ်။ ဥပမာအနေနဲ့ ‘အယ်လ် ဂိုးလ်’ ဆိုတဲ့ ရာသီဥတုအပြောင်းအလဲအကြောင်းရုပ်ရှင်ထွက်လာတယ်။ အဆီအငေါ်မတည့်တဲ့အမှန်တရားက အဲဒီအချိန်တည်းကစပြီးပြင်းထန်တဲ့ ပတ်ဝန်းကျင်ပြုပြင်ပြောင်းလဲရေးလမ်းစဉ်တွေကို ညှိနှိုင်းဆောင်ရွက်ဖို့ ပိုလွယ်ကူသွားတာပါပဲ။

ဘယ်နည်းလမ်းကိုအသုံးပြုမယ်ဆိုတာ ဆုံးဖြတ်ပြီးပြီဆိုတာနဲ့ ခင်ဗျားတို့လိုလားတဲ့ဆုံးဖြတ်ချက်မျိုး ဆုံးဖြတ်ချက်ချသူကချအောင် ဘယ်လိုခိုင်းမလဲဆိုတာ စဉ်းစားရတော့မယ်။ ပြီးတော့ အဲဒီသူရဲ့အပြုအမူဟောင်းကနေပြီး အပြောင်းအလဲကိုဘယ်လောက်အတိုင်းအတာအထိတည်ဆောက်ယူမလဲဆိုတာကိုလဲ စဉ်းစားရမယ်။ တစ်ဖန်ထပ်ပြီးပြောရရင် ခန့်မှန်းခြေအတိုင်းအတာတွေဟာ ဒီနေရာမှာအသုံးဝင်နိုင်တယ်။ ပထမဆုံးအနေနဲ့ တစ်ဖက်လူကို ခြေလှမ်းကြီးကြီးလှမ်းစေချင်တဲ့အခါတိုင်း အောင်မြင်နိုင်တဲ့အခွင့်အလမ်းကနည်းတတ်တယ်။ ယုံကြည်ချက်ခိုင်မာပြီးသားပြိုင်ဘက်တစ်ယောက်ကို ခင်ဗျားတို့ကိုထောက်ခံသူအဖြစ် ညတွင်းချင်းပြောင်းခိုင်းလို့ ဘာအကျိုးမှမရှိဘူး။ ပန်းတိုင်တွေဟာ ဖြည်းဖြည်းချင်းပဲ အောင်မြင်နိုင်တယ်။ ပြီးတော့ ခင်ဗျားတို့ရဲ့တောင်းဆိုမှုကိုပြောဆိုတဲ့နေရာမှာ လူတွေရဲ့ အကျိုးစီးပွားနဲ့ညှိနှိုင်းဆောင်ရွက်နိုင်မယ်ဆိုရင်တော့ အထောက်အကူအများကြီးရနိုင်တယ်။ တစ်ပါးသူတွေရဲ့နေရာကိုဝင်ကြည့်လိုက်ပါ။ ခင်ဗျားလိုလားတဲ့ဆုံးဖြတ်ချက်ဟာ သူတို့ရဲ့အကျိုးအတွက်ဘယ်လိုမျိုးအလုပ်ဖြစ်မယ်ဆိုတာကို အလေးထားကြည့်လိုက်ပါ။ ဒီအကြံဉာဏ်ကတော့ တော်တော်များများရလဒ်ကောင်းတွေကို ရစေတယ်။ တော်တော်များများ နိုင်ငံရေးသမားတွေဟာ သူတို့ရဲ့ကိုယ်ပိုင်အမြင်ပေါ်မှာပဲ အာရုံစိုက်လေ့ရှိပြီး

နိုင်ငံရေးအရသူတို့ဘာလိုချင်တယ်ဆိုတာကိုပဲ အာရုံစိုက်လေ့ရှိတယ်။ မဲပေးသူတွေဘက်ကအမြင်ကို ထည့်သွင်းစဉ်းစားဖို့ မေ့နေတတ်ကြတယ်။

## သတင်းအချက်အလက်

ခင်ဗျားတို့ရဲ့သဘောထားအမြင်ကို ဆုံးဖြတ်ချက်ချမယ့်သူတွေ/ ပစ်မှတ်အုပ်စုတွေကို တရားဝင်နည်းလမ်းရော၊ တရားမဝင်နည်းလမ်းနဲ့ပါ အကြောင်းကြားပါ။ 'ကြားနေ'သတင်းအချက်အလက်ကိုတင်ပြပြီး ထောက်ခံမှုပေးပါ။ ဥပမာ၊ လူ့အဖွဲ့အစည်းအခြေအနေ၊ နိုင်ငံတကာရေးရာနဲ့ပတ်သတ်တဲ့ လက်ရှိရေစီးကြောင်း သို့မဟုတ် ပါတီများကြားကဆက်နွယ်မှုစတာတွေကို ပုံစံဖော်ပေးပါ။ ဆုံးဖြတ်ချက်သူတွေ/ ပစ်မှတ်အုပ်စုတွေအားလုံးကို ခင်ဗျားဖော်ပြထားတဲ့ပုံစံဟာတိကျမှန်ကန်ကြောင်း စည်းရုံးပြောဆိုပါ။ ဒါကြောင့် အရည်အသွေးမြင့်တဲ့သတင်းအချက်အလက်မျိုးရရှိထားဖို့လိုတယ်။ ခင်ဗျားတို့ရဲ့ခိုင်မာမှုကို ပျက်ယွင်းစေမယ့်အမှားမျိုးတွေမပါမိစေဖို့အရေးကြီးပါတယ်။ ခင်ဗျားတို့ရဲ့အမြင်ကိုပဲတင်ပြမိတာမျိုးမဟုတ်ဘဲ ပြိုင်ဘက်တွေရဲ့သဘောထားကိုပါ ထိတို့တင်ပြနိုင်ပါစေ။ ဒါပေမယ့်လည်း အလေးသာမှုကတော့ တကယ့်ကိုထင်ရှားနေတဲ့ ခင်ဗျားတို့ရဲ့အမြင်ပေါ်မှာပဲရှိနေရမယ်။ ဆုံးဖြတ်ချက်ချသူတွေကို စိတ်ပိုင်းဖြတ်လိုက်နိုင်စေတဲ့ လိမ်မာပါးနပ်တဲ့နည်းလမ်းတစ်ခုက ခင်ဗျားတို့ပေးလိုက်တဲ့ သတင်းအချက်အလက်ဟာ သူတို့ကိုအစွန်းတစ်ဖက်ကိုတွန်းပို့လိုက်တယ်လို့ ထင်မြင်အောင်လုပ်ဖို့ပဲ။ နိုင်ငံရေးသမားများဟာ ထင်ပေါ်ကျော်ကြားမှုကိုလိုချင်ကြတယ်။ ခင်ဗျားတို့ရဲ့သတင်းအချက်အလက်ဟာ မီဒီယာမှာ သူ့အတွက် 'အမှတ်ရစရာ' လို့ခံစားသွားရနိုင်တယ်ဆိုရင် ခင်ဗျားတို့ရဲ့အမြင်အတွက် မီဒီယာမှာလည်း အခွင့်အလမ်းပွင့်သလို မဟာမိတ်လည်းရနိုင်ပြီဖြစ်တယ်။ ဒီအဆင့်မှာတော့ သတင်းစာတွေမှာ ဒီအကြောင်းအရာကိုပါအောင်ကြိုးစားတာ၊ ဆောင်းပါးတွေထုတ်ဝေခွင့်ရဖို့ ထောက်ခံမှုရအောင်ပါကြိုးပမ်းသင့်တယ်။ ဒေသတွင်း ပါတီဌာနတွေကိုပါ လည်ပတ်ခွင့်ရအောင်လုပ်ပါ။ ထောက်ခံသူအသစ်တစ်ယောက်တိုင်းဟာ အရေးပါပြီး ခင်ဗျားတို့ရဲ့လော်ဘီနောက်တစ်



ဆင့်မှာ ထူးခြားမှုကိုဖန်တီးမယ့်သူဖြစ်နိုင်တယ်။

## လော်ဘီသတင်းစကားများ

လော်ဘီသတင်းစကားများဆိုတာတွေကတော့ ခင်ဗျားတို့ညှိနှိုင်းဆွေးနွေးမယ့်အမြင်တွေပဲဖြစ်တယ်။ ကမ်းပိန်း(မဟာဗျူဟာအခန်းကိုကြည့်ပါ)ရဲ့အဓိကအကျဆုံး သတင်းစကားကို အသုံးပြုခဲ့တဲ့စည်းမျဉ်းစည်းကမ်းတွေကိုပဲ ပြန်အသုံးချမိပါစေ။ အများဆုံးသတင်းစကားသုံးခုလောက်ရှိနိုင်တယ်။ ဖြစ်နိုင်သမျှအကြိမ်ရေများများလည်းထပ်ခါထပ်ခါသုံးပေးရတယ်။ ဦးတည်ထားတဲ့အုပ်စုအပြောင်းအလဲကိုလိုက်ပြီး အလေးပေးတဲ့အချက်ကိုပြောင်းတာမျိုး စကားလုံးအသုံးအနှုန်းပြောင်းတာမျိုး လုပ်ပေးရမယ်။

## ဆွေးနွေးခြင်း

အခုအခါမှာ အားလုံးက ဒီအကြောင်းရဲ့အရေးကြီးမှုကို နားလည်သွားပြီဖြစ်တဲ့အတွက် ခင်ဗျားတို့ရဲ့အမြင်ကိုရှေ့တင်ပြီး စကားရည်လုပွဲကိုစတင်ရမယ့်အချိန်ရောက်ပြီ။ အဲဒါကိုပါတီခေါင်းဆောင်ပိုင်းနဲ့ ဒေသဆိုင်ရာပါတီကော်မတီတွေနဲ့ စကားပြောဖို့စီစဉ်တာနဲ့စတင်ရမယ်။ လူထုကြားမှာ စကားရည်လုပွဲတွေကိုစီစဉ်မယ်။ သတင်းစာတွေထဲမှာ ဆောင်းပါးတွေထည့်မယ်။ စကားရည်လုပွဲများများစီစဉ်နိုင်လေ ကောင်းလေပဲ။ ဒီအဆင့်မှာ ထောက်ခံသူတွေနဲ့မဟာမိတ်တွေကို တစ်ခုခုလုပ်ရှားအောင် အရှိန်အဟုန်မြင့်ပေးပြီး စေတနာ့ဝန်ထမ်းတွေကိုလည်း ပြန်လည်စုဆောင်းရပါမယ်။ လော်ဘီဟာအခုကစပြီး ပုံစံတော်တော်လေးပေါ်လာနေပြီ။

## ဆုံးဖြတ်ချက်ချခြင်း

အဆင့်(၃)ကတော့ ဆုံးဖြတ်ချက်ချရတော့မယ့်အချိန်ကိုချဉ်းကပ်လာတာပဲ။ ပါတီကွန်ဖရန့်အတွက် ပါတီခေါင်းဆောင်ပိုင်းက အကြံပေးထောက်ခံချက်တစ်ခုကို ထုတ်ပြန်ပေးရမယ်။ အပေါင်းလက္ခဏာဆောင်တဲ့ထောက်ခံမှုမျိုးကိုရရင် ခင်ဗျားတို့ရဲ့လော်ဘီအောင်မြင်ပြီလို့ဆိုရမယ်။

အဲဒီလိုမှ မဟုတ်ရင်တော့ ကွန်ဖရန့်ထဲမှာ ခင်ဗျားတို့ရဲ့ကိုယ်စားလှယ်တွေစပြီး အလုပ်လုပ်ရတော့မယ့်အချိန်ပဲ။ ဆုံးဖြတ်ချက်တစ်ခုမဖြစ်မနေထွက်အောင် လုပ်ရတော့မယ်။ အဆင်ပြေသင့်တော်မယ့်နေရာတွေမှာ အရှိန်အဝါနဲ့ လူသိများအောင်လုပ်ရမယ်။ ဆုံးဖြတ်ချက်ချမယ့်သူတွေကို တစ်ဦးချင်းချဉ်းကပ်ရမယ်။ တခြားအကျိုးစီးပွားအဖွဲ့အစည်းတွေနဲ့ မဟာမိတ်စဖို့လုပ်ရမယ်။ နောက်ဆုံးအဆင့်ကတော့ အကြီးစားလက်နက်ကိုသုံးဖို့အချိန်ကောင်းကို သတ်မှတ်ရ ဆုံးဖြတ်ရတော့မှာပါ။ ကန့်ကွက်ဆွေးနွေးပွဲတွေ၊ သတင်းစာတွေထဲဆောင်း ပါးတွေအဆက်မပြတ်ထည့်တာဆိုတဲ့ကိစ္စမျိုးတွေကိုလုပ်ဆောင်ရတော့မှာပါ။ ဒီအခြေအနေမှာတော့ အပေးအယူဟာ အကောင်းဆုံးဖြစ်နိုင်ခြေရလဒ်ဆိုတာကို လက်ခံပေးရမှာပါပဲ။

ဥပမာ

အမျိုးသမီးအဖွဲ့အစည်းတစ်ခုမှ နိုင်ငံရေးပါတီတစ်ခုကို လော်ဘီလုပ်ခြင်း

ပစ်မှတ် – ပါတီတွင်း ရာထူးကြီးနေရာများ၏ထက်ဝက်ကို အမျိုးသမီးများ ရရှိနိုင်ရေး

သတင်းအချက်အလက် – ဤအကြောင်းအရာနှင့်ပတ်သက်သော အရေးပါသည့် ခေါင်းဆောင်ပိုင်းကို စည်းရုံးနိုင်ရန်၊ လက်ရှိအခြေအနေနှင့် ပတ်သက်သောအချက်အလက်များ ၎င်းတို့အတွက်စီမံထားရမယ်။ ပါတီတွင်း၊ နိုင်ငံရေးနှင့် အခြားသောနယ်ပယ်တွေမှာ ယေဘုယျအားဖြင့် အမျိုးသမီးဘယ်နှယောက်ခန့်ရှိတယ်ဆိုတဲ့ အချက်အလက်မျိုးကိုဆိုလိုတယ်။ သူတို့ထဲကဘယ်နှစ်ယောက်ကမှ ရွေးကောက်ခံရုံးတွေမှာရှိနေတယ်၊ ဘယ်အဆင့်တွေမှာရှိနေတယ်ဆိုတဲ့အချက်အလက်မျိုးတွေလည်းအကျုံးဝင်တယ်။

သူတို့ကိုသတင်းပေးပြီးတဲ့အချိန်မှာတော့ ပါတီခေါင်းဆောင်မှုပိုင်း၊ ကွန်ဖရန့်ကိုယ်စားလှယ်တွေနဲ့ ပါတီဝင်တွေရဲ့ စကားရည်လုပွဲကစတင်တယ်။ အဲဒီမှာအမျိုးသမီးအဖွဲ့အစည်းတွေက သူတို့ရဲ့အမြင်တွေကိုတင်ပြရတယ်။ ဒီအဆင့်မှာတော့ မဟာမိတ်တွေနဲ့ ထောက်ခံသူတွေကိုတတ်နိုင်သမျှအသုံးချပြီး အငြင်းအခုံတွေနဲ့လူတွေကိုစွဲဆောင်ရမယ်။



ယှဉ်ပြိုင်ဘက် ရဲ့အင်အားကိုလည်းနှိုင်းဆသုံးသပ်ရမယ်။

နောက်ဆုံးအဆင့် – ပါတီခေါင်းဆောင်တွေ (သို့) ပါတီကွန်ဖရန့်က ဆုံးဖြတ်ချက်ချတယ်။

**ဖြစ်နိုင်ခြေအပေါ်အကြံပေးခြင်း**

စိတ်ဓာတ်မကျနဲ့။ လော်ဘီလုပ်ရခြင်းဟာ ရှည်ကြာပြီး ပင်ပန်းတယ်။

အချိန်ကိုက်ဖြစ်ဖို့က အသက်သွေးကြောပဲ။

လူတွေကြားထဲထင်ပေါ်မှုမရှိခင်မှာ သတင်းအချက်အလက်တွေကိုစီစဉ်ထားပါ။

ဆုံးဖြတ်ချက်ချသူတွေနဲ့ခင်ဗျားရဲ့ကွန်ရက်ဟာ အရင်းအနှီးဖြစ်ပြီးတော့ ခင်ဗျားတို့ရဲ့လိပ်စာစာအုပ်ဟာ အဓိကလက်နက်ပဲ။

ဆုံးဖြတ်ချက်ချသူတွေကို ခင်ဗျားရဲ့ရည်မှန်းချက်အပေါ် စိတ်ပိုင်းဖြတ်လာအောင်ကြိုးပမ်းပါ။

ခင်ဗျားတို့ရဲ့ထောက်ခံသူတွေနဲ့ ပြိုင်ဘက်တွေအပေါ်မှာ အားကုန်မခံပါနဲ့။ အလယ်ခေါင်မှာရှိနေတဲ့ မဆုံးဖြတ်ရသေးတဲ့လူတွေ အပေါ်မှာ အာရုံစိုက်ထားပါ။

ဆုံးဖြတ်ချက်ချသူတွေကို သူတို့အကျိုးတစ်စုံတစ်ရာအတွက် အသုံးဝင်စေမယ့် ပြတ်ပြတ်သားသားဆောင်ရွက်စေမယ့် သတင်းအချက်အလက်မျိုးပေးပါ။

ဆုံးဖြတ်ချက်ချသူကို အများကြီးတောင်းဆိုတာမျိုး၊ ပေးလာတဲ့အရာတွေကိုလက်မခံဘဲ အကြိမ်ကြိမ်ငြင်းပယ်တာမျိုးလုပ်ခြင်းအားဖြင့် ဘေးကျပ်နံကျပ်အခြေအနေကိုမရောက်ပါစေနဲ့။

မဆီလျော်မသင့်တော်တဲ့နည်းလမ်းတွေကိုမသုံးပါနဲ့။ ပန်းတိုင်ဟာနည်းလမ်းကိုမဆုံးဖြတ်နိုင်ဘူး။

နိုင်ခဲ့ရင် ပါတီကျင်းပပေးပါ။ ဒါပေမယ့် ကြွားဝါတာမျိုးတော့

မလုပ်မိပါစေနဲ့။ ဘယ်သူတစ်ဦးတစ်ယောက်မှ 'အသုံးချခံရတယ်' ဆိုတဲ့ ခံစားမှုမျိုးဝင်မသွားပါစေနဲ့။

**လေ့ကျင့်ခန်းများ**

– သင်တန်းသားတွေကို အဖွဲ့ခွဲလေးသေးတွေဖွဲ့ပေးပါ။ ပြီးရင် တစ်ဖွဲ့ချင်းစီကို လော်ဘီအစီအစဉ်ဆွဲခိုင်းပါ။ သူတို့အစီအစဉ်မှာ ပစ်မှတ်တွေ၊ နည်းလမ်းတွေ၊ အချိန်ဇယားတွေ၊ ဆုံးဖြတ်ချက်ချမယ့်သူ စာရင်းနဲ့ သတင်းအချက်အလက်တွေ၊ စကားရည်လုပွဲအတွက် အငြင်းအခုံတွေနဲ့ နောက်ဆုံးအဆင့်မှာဖိအားပေးနိုင်တဲ့ အထူးလုပ်ဆောင်မှုတစ်ရပ် စတာတွေ ပါဝင်ရမယ်။

– သရုပ်ဆောင်ခြင်း

၁။ တရားဝင်ဆုံးဖြတ်ချက်ချသူ (ဥပမာ၊ ဝန်ကြီး)

၂။ တရားမဝင်ဆုံးဖြတ်ချက်ချသူ (ဥပမာ၊ နိုင်ငံရေးအကြံပေး သို့မဟုတ် ပြည်သူ့ဝန်ထမ်း)

၃။ အထူးပစ်မှတ်အုပ်စုနဲ့ လူသုံးယောက်ပါဝင်တဲ့ အမှုဆောင် ကော်မတီ

အခြေအနေ – တက်ကြွလှုပ်ရှားသူသုံးဦးကို ဝန်ကြီးနဲ့တွေ့ဆုံမယ့်အစည်းအဝေးကိုဖိတ်တယ်။ အဲဒီအတွက်သူတို့ဘယ်လိုပြင်ဆင်ထားလဲ။ ဘယ်နည်းလမ်းတွေကိုသုံးပြီး ဘယ်လိုမျိုးရည်မှန်းချက်ကိုရောက်အောင် သွားမလဲ။ မှတ်ချက်အစီအစဉ်ပိုင်းမှာတော့ ထိရောက်မှုနဲ့ သီအိုရီကို အသုံးချနိုင်မှုအပေါ်မူတည်ပြီး အားလုံးကိုအကဲဖြတ်အမှတ်ပေးရမှာဖြစ်တယ်။

၀

# အခန်း - ၁၇

# နိုင်ငံရေးအတိုက်အခံပြုခြင်း အနုပညာ

အတိုက်အခံပါတီအဖြစ် နိုင်ငံရေးအရအောင်မြင်ဖို့ဆိုတာ နိုင်ငံရေးပါတီတွေရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေထဲကအကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုဖြစ်တယ်။ ဒါဟာ ဒီမိုကရေစီအတွက်အမှန်တရားတစ်ခုလည်းဖြစ်တယ်။ ဒါပေမဲ့တစ်ဝက်ဒီမိုကရေစီ၊ ဒါမှမဟုတ် ဒီမိုကရေစီမဟုတ်တဲ့စနစ်တွေအတွက် ပိုလို့တောင်မှန်ကန်နိုင်သေးတယ်။ အတိုက်အခံပါတီက ပါတီဝင်တွေဟာ အဲသလို ဒီမိုကရေစီမဟုတ်သေးတဲ့ စနစ်ထဲမှာရပ်ပိုင်းဆိုင်ရာအရ အန္တရာယ်ပေးခံရနိုင်သလို၊ အတိုက်အခံပါတီထဲဝင်ပါဖို့အတွက်လည်း သတ္တိရှိဖို့လိုအပ်တယ်။ ဒီအခန်းမှာ ဒီမိုကရက်တစ်စနစ်ထဲက အောင်မြင်တဲ့အတိုက်အခံပြုခြင်းအနုပညာအကြောင်းကို အဓိကဆွေးနွေးသွားမယ်။

တကယ်လို့ ခင်ဗျားတို့ဟာ အတိုက်အခံပါတီဝင်ဖြစ်နေတယ်ဆိုရင်၊ အကြီးဆုံးပြဿနာကတော့ အစိုးရဟာ ခင်ဗျားတို့ကို ဥပက္ခာပြုထားမယ်ဆိုတဲ့အချက်ပဲဖြစ်တယ်။ ခင်ဗျားတို့ရဲ့ အယူအဆတွေ၊ တင်ပြမှုတွေဘယ်လောက်ပဲ ကောင်းမွန်နေပါစေရပ်တည်ဖို့မဖြစ်နိုင်ဘူး။ ခင်ဗျားတို့ရဲ့တင်ပြမှုတွေကို အနိမ့်ဆုံးအပေါင်းလက္ခဏာဆန်ဆန်တုန့်ပြန်မယ့်တုန့်ပြန်မှုကပဲ သူတို့ရဲ့အာဏာကိုလှိုက်စားသွားအောင်လုပ်နိုင်တယ်။ အဲဒီအချက်ကပဲခင်ဗျားတို့ကို ဥပက္ခာပြုဖို့လုံလောက်နေပြီ။ တကယ်တော့အာဏာပိုင်တွေဟာ ခင်ဗျားတို့ရဲ့ တင်ပြမှုတွေထဲက အားအနည်းဆုံးအချက်တွေကို သူတို့နည်းလမ်းနဲ့သူတို့ရှာဖွေကြလိမ့်မယ်။ ပေါ်လစီဆုံး



ဖြတ်ချက်အပေါ်သြဇာလွှမ်းမိုးနိုင်ခွင့်ရှိတဲ့အချိန်တစ်ချိန်ရှိတယ်။ အဲဒီအချိန်ကတော့ အစိုးရအဖွဲ့ဟာ သူတို့ရဲ့အုပ်ချုပ်ချိန်ကုန်ဆုံးခါနီးအချိန် ၊ရွေးကောက်ပွဲနီးကပ်လာတဲ့အချိန် ဖြစ်တယ်။ တကယ်လို့ ရွေးကောက်ပွဲပြီးတဲ့အခါမှာ ခင်ဗျားတို့ရဲ့ပြိုင်ဘက်က ခင်ဗျားတို့ရဲ့ပါတီကိုလိုအပ်မယ်လို့အဲဒီပြိုင်ဘက်က သံသယရှိထားရင်၊ ခင်ဗျားတို့ရဲ့အစီအစဉ်တွေကို ပိုပြီးစောင့်ကြည့်လာလိမ့်မယ်။ တစ်နည်းပြောရရင် တကယ်လို့ နောက်တစ်ကြိမ်အုပ်ချုပ်ရမယ့် ကာလအတွက် မဟာမိတ်သစ်ဖွဲ့ဖို့အုတ်မြစ်ကို တွေးဆနေလိမ့်မယ်။

အတိုက်အခံပါတီအနေနဲ့ ဒါဟာစိုးရိမ်စရာကောင်းတဲ့အတွေ့အကြုံဖြစ်တယ်။ ဒါပေမဲ့ ဒီလိုအတွေ့အကြုံမျိုးကို ခင်ဗျားတို့အသားကျနေဖို့လိုတယ်။ အကြောင်းကတော့ ဒီမိုကရေစီကိုလက်တွေ့ကျင့်သုံးအကောင်အထည်ဖော်နေတဲ့အချိန်မှာ ခင်ဗျားတို့ပါတီကိုဘေးထွက်ပါတီအဖြစ်အချိန်တိုင်းသတ်မှတ်ထားတယ်။ ဒါဟာသာမန်ကိစ္စတစ်ခုပဲ။ အခုအောက်မှာအတိုက်အခံလုပ်ဖို့အကောင်းဆုံးအချိန်ကာလတွေကို ဖော်ပြထားတယ်။

အနာဂတ်ကိုအာရုံစိုက်ပါ – အတိုက်အခံအဖြစ်နဲ့ခင်ဗျားတို့ရဲ့အချိန်ကိုသုံးပြီး အနာဂတ်ကာလအစိုးရအဖွဲ့အတွက်ပြင်ဆင်ပါ။ အတိုက်အခံလုပ်နေတာဟာ ပန်းတိုင်မဟုတ်ဘူး။ အတိုက်အခံပါတီအဖြစ်နဲ့လုပ်နေတဲ့ခင်ဗျားတို့ရဲ့လုပ်ဆောင်မှုအားလုံးကို အစိုးရအဖွဲ့ထဲနေရာရဖို့ ရည်ရွယ်ချက်နဲ့လုပ်နေတာဖြစ်တယ်။ တစ်ခါတစ်လေမှာ ဒီအလုပ်တွေအားလုံးဟာ တကယ်လို့နိုင်ငံတော်အကျိုးအတွက်ဖြစ်တယ်လို့ ခင်ဗျားတို့ကသဘောတူရင်၊ အစိုးရရဲ့ပေါ်လစီဆုံးဖြတ်ချက်တွေကို ထောက်ပံ့နေတာဖြစ်တယ်။ ဒါပေမဲ့ခင်ဗျားတို့ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်နေတဲ့ ပေါ်လစီတွေကိုတော့ ခင်ဗျားတို့လက်ခံနိုင်မှာမဟုတ်ဘူး။

သည်းခံပါ – အတိုက်အခံဖြစ်နေချိန်ဟာ ကြာရှည်နိုင်တယ်။ ကိစ္စရပ်တွေမအောင်မမြင်ဖြစ်နိုင်တယ်။ ဒါကြောင့်ရလဒ်တွေကိုသည်းခံပါ။

အဖွဲ့ခွဲတွေနဲ့ အနည်းဆုံးထိတွေ့နေဖို့လိုတယ်။ သီးသန့်မဲပေးသူအုပ်စုငယ်တွေကိုပဲ အာရုံစိုက်နေရင် ခင်ဗျားတို့ဘယ်တော့မှအောင်မြင်မှာ မဟုတ်ဘူး။ အဲသလိုသာ အုပ်စုငယ်ကလေးတွေကိုပဲ အာရုံစိုက်နေရင်၊ ခင်ဗျားတို့ပါတီကို အနည်းစုအတွက်ပဲ လုပ်ဆောင်နေတဲ့ပါတီလို့ လူတွေကထင်သွားကြလိမ့်မယ်။ တကယ်တော့ တတ်နိုင်သမျှမဲပေးသူခပ်များများရဲ့ထောက်ခံမှုကိုခင်ဗျားတို့ရဖို့ ကြိုးစားရမယ်။

အစိုးရကို ဘက်ပေါင်းစုံကတိုက်ခိုက်ပါ – အစိုးရနဲ့တိုက်ခိုက်မှုလုပ်မှပဲ အတိုက်အခံကာလအချိန်တွင်းမှာ ခင်ဗျားတို့အောင်အောင်မြင်မြင်ရပ်တည်လို့ရနိုင်မယ်။ အတွင်းပဋိပက္ခတွေရှိနေမယ်။ အဲဒီပဋိပက္ခတွေဟာ ပါတီတွင်းက ပဋိပက္ခ၊ ဒါမှမဟုတ် ခင်ဗျားတို့က မဟာမိတ်ဖွဲ့ဖို့ကြိုးစားနေတဲ့ တခြားအတိုက်အခံပါတီတွေနဲ့ ဖြစ်နေတဲ့ပဋိပက္ခ စတဲ့ပဋိပက္ခတွေကြောင့်ခင်ဗျားတို့ ရှုံးနိမ့်သွားနိုင်တယ်။

ပေးထားတဲ့ကတိဟာလက်တွေ့ကျဖို့လိုသလို၊ အားထားစရာကောင်းတဲ့ကတိလည်းဖြစ်ဖို့လိုတယ်။ အစိုးရရဲ့ပေါ်လစီတွေနဲ့ပတ်သက်ပြီး ခင်ဗျားတို့ဟာ လက်တွေ့ကျတဲ့တခြားသောနည်းလမ်းတွေကိုပေးနိုင်ဖို့လိုတယ်။ ခင်ဗျားတို့မတည်နိုင်တဲ့ကတိကိုမပေးပါနဲ့။ အဲသလိုပေးလိုက်ခြင်းအားဖြင့် ခင်ဗျားတို့အပေါ်ယုံကြည်မှုပွန်းပဲ့သွားနိုင်တယ်။ အဲသလိုယုံကြည်မှုပွန်းပဲ့သွားတာကို ရွေးကောက်ပွဲကျင်းပတဲ့အချိန်ကျမှ သိလိမ့်မယ်။ မဲပေးသူတွေဟာ မတုံးကြဘူး။ သူတို့ဟာအိပ်ရာဝင်ပုံပြင်တွေကို မယုံကြဘူး။ ခင်ဗျားတို့ပါတီဟာ လက်တွေ့ကျတဲ့ တခြားနည်းလမ်းတွေကို ပေးနိုင်စွမ်းရှိတယ်။ အောင်မြင်ဖို့အခွင့်အလမ်းရှိတယ်ဆိုတာကို ပြပါ။ မဲပေးသူတွေဟာ အနိုင်ရဖို့အခွင့်အလမ်းသာနေတဲ့ပါတီကိုပဲ မဲပေးချင်ကြတယ်။ အရှုံးသမားတွေကို မဲပေးသူတွေကမကြိုက်ကြဘူး။ လူတိုင်းဟာ အနိုင်ရတဲ့အဖွဲ့ရဲ့အစိတ်အပိုင်းအဖြစ်ပါဝင်ခံစားလိုကြတာချည်းပဲ။ တကယ်လို့ ပြောင်းလဲမှုဖြစ်နိုင်ခြေရှိတယ်ဆိုရင်၊ ပြောင်းလဲသွားဖို့အတွက် မဲပေးဖို့လူတွေမှာ ဆန္ဒရှိကြတယ်။ ဒါကြောင့် တခြားသောနည်းလမ်းတွေကိုပေး



ခင်ဗျားတို့ရဲ့အကြောင်းတရားတွေကို ယုံကြည်ချက်ဆက်ထားပါ။ စိုးရိမ်သောကမဖြစ်ပါနဲ့။ အထူးသဖြင့်ရွေးကောက်ပွဲမှာရှုံးနိမ့်သွားတဲ့အခါမှာ ပိုပြီးနာကျင်ရတယ်။ ခင်ဗျားတို့ဟာ ခရီးရှည်ကြီးကို အတိုက်အခံကန္တာရကြီးကိုဖြတ်ကျော်ပြီးရင်ဆိုင်ရတဲ့အခါမှာ ခံစားရခက်နေတတ်တယ်။ သည်းခံနိုင်မှုနဲ့ ဝီရိယရှိမှုကြောင့် နောက်ဆုံးမှာခင်ဗျားတို့အခွင့်အရေးရလာလိမ့်မယ်။ မဲပေးသူတွေဟာပြောင်းလဲမှုကိုတောင့်တလာကြတဲ့အချိန်မှာ၊ ခင်ဗျားတို့ဟာစိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုတွေကို ကောင်းကောင်းမွန်မွန် ပြင်ဆင်ထားပြီးသားဖြစ်ရမယ်။ ရွေးကောက်ပွဲအစီအစဉ်အရ၊ အဖွဲ့အစည်းရဲ့ အစီအစဉ်အရ ကောင်းကောင်းပြင်ဆင်ထားနိုင်ရမယ်။ အတိုက်အခံပြုနေတဲ့ ကာလဟာလည်း ခင်ဗျားတို့ပါတီအတွင်းမှာပဲ ပြောင်းလဲမှုတွေဖြစ်ပေါ်လာဖို့ အခွင့်အရေးကောင်းတွေရှိနိုင်တယ်။ အုပ်ချုပ်မှုစနစ်ထဲကို လူသစ်တွေလည်း ကြိုတင်ရောက်နှင့်နေလိမ့်မယ်။ လိုအပ်တဲ့နေရာတွေမှာ ဖုန်ခါထားပါ။ သန့်ရှင်းရေးလုပ်ထားပါ။ အကြောင်းကတော့ လူသစ်တွေပေါ်လာဖို့ အချိန်ကောင်းဖြစ်နေပြီး အရင်ကဝန်ကြီးတွေနိုင်ငံရေးကနေအနားယူတော့မယ့်အချိန်ဖြစ်နေလို့ပဲ။ အထူးသဖြင့်ခင်ဗျားတို့ပါတီဟာ အစိုးရအဖွဲ့ထဲမှာ ကာလကြာရှည်ပါဝင်နေတယ်ဆိုရင်၊ အတိုက်အခံပါတီအဖြစ်နဲ့အနေအထားသစ်တစ်ရပ်ကိုအသားကျဖို့အချိန်ယူရလိမ့်မယ်။ အစိုးရအဖွဲ့ထဲမှာ ပါဝင်နေတယ်ဆိုတဲ့အဓိပ္ပါယ်ကတော့ ခင်ဗျားတို့ရဲ့လက်တွေကို တစ်နည်းမဟုတ်တစ်နည်းနဲ့ညစ်ထေးအောင်လုပ်နေခြင်းဖြစ်တယ်။ အတိုက်အခံဖြစ်နေတဲ့အချိန်ကာလဟာ ခင်ဗျားတို့ရဲ့ပါတီကို ပြန်လည်နာလန်ထူလာဖို့၊ အားအင်ဖြည့်တင်းဖို့၊ အရေးကြီးဆုံးကတော့ လာမယ့်ရွေးကောက်ပွဲမှာ အောင်မြင်ဖို့အတွက် အစီအစဉ်တွေချမှတ်ဖို့ အချိန်ပေးထားခြင်းပဲဖြစ်တယ်။

ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့အုပ်စုကြီးတွေကို မျက်ခြေပြတ်မခံပါနဲ့ – အတိုက်အခံပါတီအနေနဲ့အောင်မြင်မှုရဖို့တစ်ခုတည်းသော နည်းလမ်းကတော့ ခင်ဗျားတို့ရဲ့ အထောက်အပံ့အုတ်မြစ်နဲ့ အမြဲတမ်းထိတွေ့ဖို့လိုတဲ့အချက်ပဲဖြစ်တယ်။ ဒါမှမဟုတ် မဲဆန္ဒရှင်တစ်အုပ်စုလုံးရဲ့ ကြီးမားတဲ့

မယ့် အရာကိုအတိုက်အခံပါတီကဖော်ထုတ်ပြရလိမ့်မယ်။ ဥပမာ တခြားသောအတိုက်အခံပါတီတွေနဲ့ အပေါင်းလက္ခဏာဆောင်ပူးပေါင်းပြီးပြသသင့်တယ်။

ရှင်းလင်းပြတ်သားတဲ့တခြားသောနည်းလမ်းတွေကိုပေးပါ – အတိုက်အခံပါတီတစ်ခုအနေနဲ့ခင်ဗျားတို့ဆန့်ကျင်တဲ့အရာကိုပဲ အာရုံစိုက်လို့မရဘူး။ ခင်ဗျာတို့လိုလားတဲ့အရာတွေကိုလည်းပြရမယ်။ အပေါင်းလက္ခဏာဆောင်တဲ့တင်ပြမှုတွေကိုလည်းရှာဖွေရမယ်။ တကယ်လို့ မဲပေးသူတွေဟာအစိုးရရဲ့အောင်မြင်မှုကို ရှုတ်ချတဲ့ခင်ဗျားတို့ရဲ့ ရှုတ်ချမှုကို လုံးဝသဘောမတူခဲ့ရင်တောင်၊ ဒါဟာ ခင်ဗျားတို့အတွက်မဲမပေးတော့ဘူးလို့ အဓိပ္ပါယ်မသက်ရောက်ဘူး။ လူအတော်များများဟာ ‘ငါသိတဲ့မကောင်းဆိုးဝါးထက်တော့သာပါတယ်’ ဆိုတဲ့စိတ်ခံစားမှုမျိုးနဲ့ မဲပေးကြတယ်။ ခင်ဗျားတို့ပါတီရဲ့အစီအစဉ်တွေကို မဲပေးသူတွေကသိချင်ကြတယ်။ ခင်ဗျားတို့ကိုမဲပေးဖို့ မစဉ်းစားခင်မှာပဲ ခင်ဗျားတို့ကို မဲပေးသူတွေကယုံကြည်ချင်ကြတယ်။ တကယ်လို့ခင်ဗျားတို့ကချပြတဲ့ တခြားသောနည်းလမ်းတွေ၊ အရာတွေဟာသိပ်ပြီးရှင်းလင်းပြတ်သားမှုမရှိဘူးဆိုရင်၊ သူတို့မသိသေးတဲ့အရာတွေထက်တည်ငြိမ်နေတဲ့အစိုးရဆိုးကိုပဲပိုပြီး နှစ်သက်ကြလိမ့်မယ်။ ဒါမှမဟုတ် လုံးဝမဲမပေးတော့ဘူးလို့ဆုံးဖြတ်ကြလိမ့်မယ်။ ဒါမှမဟုတ် တခြားသောအတိုက်အခံပါတီကိုပဲ မဲပေးကြလိမ့်မယ်။ ခင်ဗျားတို့ကို မဲပေးဖို့ခင်ဗျားတို့က သူတို့ယုံကြည်လာအောင်လုပ်ရမယ်။ ဒါကြောင့် အပေါင်းလက္ခဏာဆန်ပြီး လက်တွေ့ကျတဲ့တခြားသောနည်းလမ်း၊ အရာတွေကိုတင်ပြဖို့အရေးကြီးတယ်။ ဒါပေမဲ့လက်ရှိအစိုးရကို မဝေဖန်ရဘူးလို့ဆိုတာမဟုတ်ဘူး။ သူ့ရဲ့အားနည်းချက်ကိုပဲထောက်ပြရမှာဖြစ်တယ်။ အနှုတ်လက္ခဏာဆောင်တဲ့သတင်းစကားတွေဟာလည်း အရမ်းထိရောက်မှုရှိတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့အမြင်ထဲကို တင်းမာတဲ့အနုတ်လက္ခာဆောင်တဲ့ခံစားမှုတွေထည့်ပေးရင်ပိုပြီးထိရောက်မှုရှိတယ်။



ဒေသဆိုင်ရာ အထောက်အပံ့ – ခင်ဗျားတို့ပါတီဟာ အတိုက်အခံအဖြစ်နဲ့ နိုင်ငံတော်အဆင့်မှာရှိနေရင်တောင်၊ ခင်ဗျားတို့နိုင်ငံရဲ့ အုပ်ချုပ်ရေးပိုင်းကိုတခြားသောနည်းလမ်းတွေနဲ့ထည့်ဝင်ကူညီလို့ရတယ်။ ခင်ဗျားတို့ရဲ့ပါတီဟာ ဒေသဆိုင်ရာအဆင့်၊ ဒါမှမဟုတ် ဒေသန္တရအဆင့်မှာပဲ မတူကွဲပြားတဲ့ အလုပ်တွေကိုလုပ်လို့ရတယ်။ အထူးသဖြင့်ဒေသန္တရအဆင့်မှာပဲ ခင်ဗျားတို့ပါတီရဲ့တန်ဖိုးတွေကို လူတွေသိအောင်တင်ပြနိုင်တဲ့အခွင့်အရေးတွေရှိတယ်။ ဒါ့အပြင်မဲပေးသူတွေကိုအကူအညီပေးရင်း (ခက်ခဲရှုပ်ထွေးတဲ့ပုံစံတွေကို ဖြည့်တဲ့အခါမှာ ကူညီသလိုမျိုး) တစ်ဦးချင်းပြဿနာတွေကိုကူညီပေးခြင်းအားဖြင့် မဲပေးသူတွေနဲ့တိုက်ရိုက်ဆက်ဆံခွင့်ရှိတယ်။ အတိုက်အခံအဖြစ်ရပ်တည်တဲ့ကာလမှာ မဲပေးသူတွေနဲ့အမြဲတမ်းအတူတူရှိနေဖို့လိုတယ်။ ရွေးကောက်ပွဲကမ်ပိန်းရဲ့ တင်းအားကိုလေးနှစ်လုံးလုံးပြည့်ဝနေအောင် ထိန်းသိမ်းထားလို့ရတယ်။ ဒါပေမဲ့ ဆန္ဒပြပွဲတွေကိုပြတ်တောင်းပြတ်တောင်းလုပ်ပြီး၊ မီဒီယာရဲ့အာရုံစိုက်မှုကိုရယူလို့ရတယ်။ အဲသလိုလုပ်ရပ်ကြောင့် ပါတီဝင်တွေနဲ့လုပ်အားပေးတွေရဲ့ စိတ်ဓာတ်တွေနိုးကြားနေလိမ့်မယ်။ ဒါ့အပြင်ရွေးကောက်ပွဲအချိန်ကာလမှာပဲ ခင်ဗျားတို့ဟာမဲပေးသူတွေနဲ့အတူရှိနေတာမဟုတ်ဘဲ တခြားအချိန်တွေမှာလည်း အတူရှိနေတယ်ဆိုတာပြသလိုက်တာဖြစ်တယ်။

မဟာမိတ်တွေရှာပြီးမဟာမိတ်ဖွဲ့ပါ။ လူ့အဖွဲ့အစည်းထဲမှာ လူတွေ၊ အဖွဲ့အစည်းတွေဟာ ခင်ဗျားတို့နဲ့မဟာမိတ်ဖွဲ့ဖို့ရှိနေကြတယ်။ ကုန်သည်ကြီးများသမဂ္ဂ၊ ထင်ရှားပြီးသြဇာရှိတဲ့လူတွေ၊ အလုပ်ရှင်များအဖွဲ့တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တွေ၊ စားသုံးသူများအဖွဲ့စတဲ့အဖွဲ့အစည်းမျိုးစုံနဲ့မဟာမိတ်ဖွဲ့လို့ရတယ်။ အန်ဂျီအိုတွေနဲ့မဟာမိတ်ဖွဲ့ခြင်းအားဖြင့် မဲပေးသူတွေကိုခင်ဗျားတို့ထပ်ရနိုင်မယ်။ ဒါပေမဲ့ ခင်ဗျားတို့ပေးထားတဲ့ကတိကိုတော့တည်ပါစေ။ ရွေးကောက်ပွဲခင်ဗျားတို့နိုင်ရင်၊ အဲဒီအဖွဲ့အစည်းတွေအပေါ်ကတိတည်ရလိမ့်မယ်။ ဒါကြောင့်ရွေးကောက်ပွဲအစီအစဉ်ကိုမျက်ခြေပျက်မခံပါနဲ့။ ခင်ဗျားတို့မတည်နိုင်တဲ့ကတိတွေမပေးပါနဲ့။ ထပ်ပြောရရင် ခင်ဗျားတို့ဟာ တခြားသော အတိုက်အခံပါတီတွေနဲ့ မဟာမိတ်

ဖွံ့လို့ရတယ်ဆိုတဲ့အချက်ပဲဖြစ်တယ်။

မီဒီယာနဲ့ကောင်းမွန်တဲ့ဆက်ဆံရေးတည်ဆောက်ပါ။ တကယ်လို့ ဘယ်သူကမှမသိလိုက်ဘူးဆိုရင် အစိုးရကိုဝေဖန်တာဟာ ဘာအကျိုးမှ မရှိဘူး။ ဒါကြောင့်ခင်ဗျားတို့မှာ ထိရောက်တဲ့မီဒီယာမဟာဗျူဟာရှိဖို့ လိုတယ်။ ဒီကိစ္စမှာဖန်တီးနိုင်စွမ်းဟာ အခရာကျတယ်။ မီဒီယာကလည်းခင်ဗျားတို့အောင်မြင်နိုင်ခြေရှိတဲ့ တခြားသောအရာအဖြစ်စဉ်းစားမှာပဲ။ အနာဂတ်မှာဖြစ်လာနိုင်ခြေရှိတဲ့ အစိုးရပါတီတစ်ခုလို သဘောထားမှာပဲ။ မီဒီယာဟာ အမြဲတမ်းကက်ဘိနက်အဖွဲ့ဝင်တွေကဘာပြောမလဲဆိုတာကို စိတ်ဝင်စားတယ်။ (အကြောင်းကတော့ သူတို့ရဲ့အစီအစဉ်တွေကို သိပ်ကိုတိုတောင်းတဲ့အချိန်ကာလမှာ အကောင်အထည်ဖော်ရမှာဖြစ်လို့ပဲ။) ဒါပေမဲ့ မီဒီယာဟာ ယုံကြည်ရတဲ့အတိုက်အခံပါတီကိုတော့ ဘယ်တော့မှဥပက္ခာမပြုဘူး။ ကုန်ကုန်ပြောရရင် အနာဂတ်မှာခင်ဗျားတို့ပါတီက သတင်းယူဖို့ခင်ဗျားတို့ပါတီကဝန်ကြီးတွေကို မီဒီယာကမှီခိုကြရလိမ့်မယ်။

လေ့ကျင့်ခန်း

လက်ရှိနဲ့မတူတဲ့တခြားသော အစိုးရပေါ်လစီကို သင်တန်းသားတွေကိုရေးဆွဲခိုင်းပါ။ ဒါမှမဟုတ် အမြဲတမ်းလုပ်ရမယ့် အတိုက်အခံကမ်ပိန်းလုပ်ခိုင်းပါ။ ‘ချက်ချင်းတုန့်ပြန်စနစ်’ လိုလေ့ကျင့်မှုမျိုးကိုလုပ်ခိုင်းပါ။ ဆိုချင်တဲ့အဓိပ္ပါယ်ကတော့ မီဒီယာကပြိုင်ဘက်ရဲ့နိုင်ငံရေးလှုပ်ရှားမှုအားလုံးကိုကြည့်ခိုင်းထားပါ။ ပြီးတဲ့အခါမှာ သူတို့ရဲ့ပြည်သူထံတင်ပြမှုနဲ့ပတ်သက်ပြီး မြန်မြန်ထက်ထက်တုန့်ပြန်ပါ။ ပြိုင်ဘက်ရဲ့အစီအစဉ်တွေနဲ့ မတူတဲ့အစီအစဉ်တွေကိုချပြပါ။ သင်တန်းသားတွေဟာ သတင်းတွေ၊ နိုင်ငံရေးသတင်းမှာပါတဲ့ အစီအရင်ခံမှုတွေနောက်ကိုလိုက်ကြရမယ်။ အစိုးရရဲ့လှုပ်ရှားမှုကိုတုန့်ပြန်ခြင်းအားဖြင့်၊ တခြားသောအစီအစဉ်တွေကိုပေးခြင်းအားဖြင့် လူထုကိုနှိုးဆွဖို့ကြိုးစားပါ။

# အခန်း - ၁၈
# နိုင်ငံရေးပြိုင်ဘက်များကို တိုက်ခိုက်ခြင်း

နိုင်ငံရေးပါတီတစ်ခုအနေနဲ့ ခင်ဗျားတို့ဟာ တခြားသောပါတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ဒေသန္တရအဆင့်၊ ဒေသဆိုင်ရာအဆင့်၊ နိုင်ငံတော်အဆင့် စတဲ့အဆင့်အမျိုးမျိုးမှာ ရင်ဆိုင်ယှဉ်ပြိုင်ကြရလိမ့်မယ်။ တချို့ခင်ဗျားတို့ သိထားတဲ့ပြိုင်ဘက်တွေဟာ ပြိုင်ဘက်ဟောင်းတွေဖြစ်ပေမယ့် တချို့ပြိုင်ဘက်တွေကတော့ အသစ်တွေဖြစ်တယ်။ ဒီအခန်းမှာ (ကမ်ပိန်းကာလအတွင်း) ခင်ဗျားတို့ရဲ့ပြိုင်ဘက်တွေနဲ့ ဘယ်လိုဘယ်ပုံဆက်ဆံရမယ်ဆိုတဲ့အချက်တွေကိုဖော်ပြထားတယ်။ အဲသလိုလုပ်ဖို့အတွက် လက်တွေ့အခြေအနေတွေပေါ်မှာ မူတည်တယ်။ ဒါပေမဲ့တချို့သော အခြေအနေတွေကတော့ အခုပြောမယ့်အချက်အလက်တွေကို အသုံးချလို့ရတယ်။ ရှေးရိုးအစဉ်အလာအခြေပြုတဲ့ပါတီတွေဟာ မကြာခဏဆိုသလိုပဲ သူတို့ရဲ့ထုံးတမ်းအစဉ်အလာကနေကျော်လွန်သွားပြီ။ နိုင်ငံရေးနယ်နိမိတ်ချဲ့ထွင်ထားတဲ့ပါတီတွေ (သူတို့ရဲ့စကားရွေးချယ်သုံးစွဲပုံ၊ ဒါမှမဟုတ် စကားစစ်ထိုးပွဲရဲ့အသွေးအရောင်တွေအပါအဝင်) နဲ့ ဆက်ဆံရတဲ့အခါမှာ အခက်အခဲတွေ့တတ်ကြတယ်။ ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်ဖို့အတွက် နိုင်ငံရေးဆဋ္ဌမအာရုံနဲ့ နည်းဗျူဟာတွေလိုတယ်။ ပြိုင်ဘက်နဲ့ထိပ်တိုက်ရင်ဆိုင်နေရတဲ့အခါမှာ ခင်ဗျားတို့ဟာ မဲပေးသူတွေနဲ့လည်းဆက်ဆံနေရတယ်ဆိုတာကိုသတိထားပါ။ ဒီအချက်ကို ခင်ဗျားတို့ရဲ့ပြိုင်ဘက်နဲ့ရင်ဆိုင်နေရတဲ့အချိန်မှာ ပထမဆုံးသတိရဖို့လိုတယ်။ အယူအဆစစ်တမ်းကောက်ခြင်း၊ အသရေဖျက်ခြင်းကိစ္စတွေကလွဲရင် နိုင်ငံရေးရန်ဆောင်မှုဟာ မီဒီယာအကြိုက်နိုင်ငံရေးအကြောင်းအရာဖြစ်တယ်။ စကားစစ်ထိုးမှုပြင်းထန်လာလေ၊ မီဒီယာတွေကပိုပြီးစိတ်ဝင်စားလာလေလေပဲ။



ပြဿနာလုပ်ဖို့မပြောလိုပေမယ့် ခင်ဗျားတို့ရဲ့သတင်းစကားအတွက် အာရုံစိုက်ခံရဖို့လိုတယ်ဆိုရင်၊ ပြဿနာကိုအသုံးချပါ။ အဲသလိုလုပ်ဖို့အတွက် မီဒီယာ ဇန်းတင်မှုမလုပ်ပါနဲ့။

## ရှင်သန်နိုင်ရန်အတွက်စည်းမျဉ်းများ

ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်သတင်းစကားပေါ်မှာသာ အင်အားကိုတည်ဆောက်ပါ။ ခင်ဗျားတို့ရဲ့ပါတီဟာ ခင်ဗျားတို့ရဲ့နိုင်ငံ၊ ခင်ဗျားတို့ရဲ့နယ်၊ ခင်ဗျားတို့ရဲ့မြို့ကိုဘာတွေပေးမှာလဲ။ တိုက်ပွဲဝင်နေတဲ့အခါမှာ ခင်ဗျားတို့ကိုယ်ပိုင်အယူအဆကို စကားစစ်ထိုးပွဲရဲ့ ဗဟိုချက်မှာထားပါ။ ခင်ဗျားတို့ဟာ ပြိုင်ဘက်ရဲ့ငြင်းခုံမှုနဲ့ အယူအဆတွေကိုချေဖျက်လို့ရတယ်။ ဒါပေမဲ့ လက်လွတ်စပယ်ဘယ်တော့မှမလုပ်ပါနဲ့။

ခင်ဗျားတို့ရဲ့ရန်သူကို နီးနီးကပ်ကပ်လေ့လာပါ။ ကျန်ခဲ့တဲ့ နှစ်တွေမှာသူတို့ဘာတွေရရှိအောင်မြင်ခဲ့သလဲဆိုတာကိုကြည့်ပါ။ သူတို့ဘာတွေကတိပေးထားတယ်။ သူတို့တကယ့်တကယ်မှာ ဘာတွေရရှိခဲ့သလဲဆိုတာကိုလေ့လာပါ။ ဒါပေမဲ့ ခင်ဗျားတို့ဟာ အစိုးရအဖွဲ့ထဲမှာပါနေရင် မဟာမိတ်တွေကိုဝေဖန်တဲ့အခါမှာသတိပြုပါ။ သူတို့ရဲ့ပေါ်လစီတွေကိုဝေဖန်ခြင်းဟာ ခင်ဗျားတို့အပေါ်ယုံကြည်မှုလျော့နည်းသွားနိုင်တယ်။ အဲဒီကိစ္စအတွက် ခင်ဗျားတို့ဟာ ကိုယ်ပေးထားတဲ့ ကတိကိုပိုပြီးအာရုံစိုက်သင့်တယ်။ ခင်ဗျားတို့ပါတီကရရှိတဲ့အောင်မြင်မှုကိုပဲ ပိုအာရုံစိုက်သင့်တယ်။

ဝေဖန်ခံရတဲ့အခါမှာလည်း လက်ရှိပြဿနာကို လစ်လျူရှုခြင်းအားဖြင့် စကားစစ်ထိုးပွဲကို ကျော်မခိုင်းပါနဲ့။ အဲသလိုလုပ်ဆောင်ခြင်းအစား ပြိုင်ဘက်ရဲ့ကျရှုံးမှုကိုသာ အာရုံစိုက်ပါ။ ပြိုင်ဘက်ကို ‘ခင်ဗျားက ကျွန်တော့်ကို ရာဇဝတ်မှုတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး ဘာမှမလုပ်နိုင်ဘူးလို့ပြောတယ်။ ဒါပေမဲ့ကျန်ခဲ့တဲ့လေးနှစ်တုန်းကတော့ ခင်ဗျားတို့ဟာ အမှိုက်ပုံကိစ္စတွေကိုသာလုပ်ခဲ့တယ်မဟုတ်လား။’ လို့ပြောရမယ်။ ပြိုင်ဘက်ရဲ့ဝေဖန်မှုကို လစ်လျူရှုခြင်းကြောင့်လူတွေရဲ့စိတ်ထဲမှာ ပြိုင်ဘက်ရဲ့ဝေဖန်မှု စွဲမြဲသွားနိုင်တယ်။ ခင်ဗျားတို့က အဲဒီအချက်ကို တစ်ချက်ချင်းပြန်ချေပတာထက်ကို လူတွေရဲ့

စိတ်ထဲမှာစွဲမြဲသွားလိမ့်မယ်။

ပြဿနာကိုအာရုံစိုက်ပါ၊ စကားစစ်ထိုးပွဲရဲ့ စတိုင်နဲ့အသံကို အာရုံမစိုက်ပါနဲ့။

– 'ခင်ဗျားရဲ့လေသံကိုကျွန်တော်မကြိုက်ဘူး။'၊ 'ခင်ဗျားရဲ့အပြုအမူတွေကြောင့် ပဋိပက္ခဖြစ်လိမ့်မယ်။' ဆိုတဲ့စကားမျိုးကိုမပြောပါနဲ့။

– အဲသလိုပြောမယ့်အစား 'ခင်ဗျားတို့ မဲပေးသူတွေရဲ့စိုးရိမ်သောကကိုကျွန်တော်နားလည်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ပါတီကတော့သူတို့အတွက် ကွဲပြားခြားနားတဲ့ဖြေရှင်းမှုမျိုးနဲ့ဖြေရှင်းပေးမယ်။' လို့ပြောပါ။

ခင်ဗျားတို့ရဲ့ပြိုင်ဘက်ကို ခင်ဗျားတို့လေးစားတယ်ဆိုတာကို အမြဲတမ်းပြပါ။ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတွေမလုပ်ပါနဲ့။ တကယ်လို့ခင်ဗျားတို့ကပြိုင်ဘက်ကို နှိမ်ချမယ်ဆိုရင် ခင်ဗျားတို့ရဲ့ ထောက်ပံ့သူတွေကို နှိမ်ချသလိုဖြစ်နေလိမ့်မယ်။ ဒါကိုစိတ်ထဲမှတ်ထားပါ။ တခြားပါတီကနိုင်ငံရေးခေါင်းဆောင်ရဲ့ ပုဂ္ဂိုလ်ရေးကျဆုံးမှုကိုထောက်ပြတာမျိုးကိုလည်း ရှောင်ကြဉ်ပါ။

– 'ကျွန်တော်တို့ရဲ့ပါတီဟာ နိုင်ငံတော်အဆင့်မှာရော၊ ဒေသဆိုင်ရာအဆင့်မှာပါ အကောင်းဆုံးအုပ်ချုပ်ရေးမှူးတွေပေါ်လာအောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားတို့မှာ အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ အတွေ့အကြုံလုံးဝမရှိဘူး။' ဆိုတဲ့စကားမျိုးမပြောပါနဲ့။

– အဲသလိုပြောမယ့်အစား 'ကျွန်တော်တို့ဝေမျှလုပ်ကိုင်နေတဲ့ ဒီမြို့အပေါ်ခင်ဗျားတို့ရည်ရွယ်ချက်ထားဖို့စိတ်အားထက်သန်နေတာကို ကျွန်တော်တို့တကယ့်ကိုသဘောကျပါတယ်။ တကယ့်ပြဿနာကတော့ အဲဒီအစီအစဉ်ကို ကျွန်တော်တို့တကယ်မနှစ်သက်ဘူးဆိုတဲ့ပြဿနာပဲဖြစ်တယ်။ လို့ပြောပါ။

ပြိုင်ဘက်ကိုကြမ်းတမ်းတဲ့စကားလုံး (ဥပမာ လူမျိုးခွဲခြားရေးဝါဒ၊



ဖက်ဆစ်ဝါဒ၊ 'ခင်ဗျားကြောင့် ကျွန်တော်ဒုတိယကမ္ဘာစစ်ကိုသတိရလာ ပြီ။' 'ဟစ်တလာကိုလည်း ဒီမိုကရေစီနည်းအရရွေးချယ်ခဲ့တာပဲ။' 'သမိုင်းတစ်ပတ်ပြန်မလည်လာအောင်ကာကွယ်ရမယ်။' ) စတဲ့စကားလုံတွေသုံးပြီး မရှုတ်ချသင့်ဘူး။ ပထမဆုံးသိရမယ့် အချက်က အဲသလိုပြောလိုက်ခြင်းအားဖြင့် ဒုတိယကမ္ဘာစစ်သားကောင်းတွေရဲ့ ခံစားမှုတွေကို မလေးမစားလုပ်ရာကျတယ်ဆိုတဲ့အချက်ဖြစ်တယ်။ ဒုတိယအချက်ကတော့ အကျယ်ချဲ့တာဟာ မကြာခဏဆိုသလို မဲပေးသူတွေကို ဆန့်ကျင်ဘက်ဖြစ်သွားအောင်လုပ်နိုင်တဲ့ အကျိုးအမြတ်ပြောင်းပြန်သက်ရောက်မှုကို ဖြစ်ပေါ်စေတဲ့အချက်ပဲဖြစ်တယ်။ (ဥပမာ 'ခင်ဗျားတို့ပါတီဟာ လူတွေကို သူတို့ထင်မြင်သမျှမပြောစေချင်ဘူးဆိုတာ သိသာတယ်။') ဆိုတဲ့စကားမျိုးပဲ။ စကားလုံးတွေကိုအသိပညာပါပါရွေးချယ်အသုံးပြုရမယ်။ ဘယ်တော့မှ အကျယ်မချဲ့ပါနဲ့။

ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတန်ဖိုးတွေရဲ့ အရေးပါမှုကို မလျှော့ချပါနဲ့။ ခင်ဗျားတို့နိုင်ငံရဲ့ အဓိကကျတဲ့ ကျင့်ဝတ်တွေကိုကာကွယ်ပါ။

– 'လူမှုအသိုက်အဝန်းတစ်ခုခုထဲမှာ၊ အဖေတွေဟာ သူတို့ရဲ့ သမီးတွေကိုလက်ထပ်လေ့ရှိကြတယ်။ ဒီယဉ်ကျေးမှုဟာ ခင်ဗျားတို့လေးစားရမယ့်ကွဲပြားခြားနားတဲ့ယဉ်ကျေးမှုဖြစ်တယ်။ ကုန်ကုန်ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတန်ဖိုးတွေဟာ အကြွင်းမဲ့မဟုတ်ဘူး။' လို့ မပြောပါနဲ့။

– အဲဒီစကားအစား 'ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လူတိုင်းကိုညီမျှတဲ့အခွင့်အရေးပေးထားတယ်။ ဒီအခွင့်အရေးတွေအတွက် ကျွန်တော်တို့က ရပ်တည်ရမယ်။ ဒါဟာ လူမှုသဘောဆန်တဲ့ဒီမိုကရေစီရဲ့အနှစ်သာရတန်ဖိုးဖြစ်တယ်။' လို့ပြောရမယ်။

ဒါပေမဲ့လူတွေရဲ့ သိမ်းကြုံးတင်ပြတဲ့ တင်ပြချက်အဆိုတွေကို

လည်းသတိထားပါ။ တကယ်လို့ ခင်ဗျားတို့က ခင်ဗျားတို့ပြိုင်ဘက်ရဲ့ ပြောဆိုမှုတွေကို သဘောမတူဘူးဆိုရင် သူ့ကို သဘောမတူပါနဲ့။ အကြောင်းကတော့ သူ့ရဲ့စကားကြောင့် မဲပေးသူအရေအတွက်လျော့နည်းသွားနိုင်လို့ပဲဖြစ်တယ်။ တကယ်လို့ လက်ရှိနှစ်ကာလတွေမှာ ပါတီဟာ အစိုးရအဖွဲ့ထဲမှာ ရှိနေမယ်ဆိုရင်၊ ပြိုင်ဘက်ရဲ့ လက်ရှိအစိုးရကို ဆန့်ကျင်တဲ့ ဆန့်ကျင်မှုတွေကို သဘောမတူပါနဲ့။ အကြောင်းကတော့အဲသလိုသဘောတူလိုက်တာကြောင့် ခင်ဗျားတို့ကို ယုံကြည်ကိုးစားမှုလျော့သွားလိမ့်မယ်။ စစ်မှန်ဖို့၊ တိကျဖို့ဆက်ပြီးကြိုးစားပါ။

– ‘နိုင်ငံခြားသားတွေဟာ ရာဇဝတ်ကောင်တွေ’ လို့မပြောပါနဲ့။

– အဲသလိုပြောမယ့်အစား ‘ရွှေ့ပြောင်းအခြေချနေထိုင်သူတွေက ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို ကျွန်တော်တို့တိုက်ဖျက်ရမယ်။ ဒါဟာ ကျွန်တော်တို့ရဲ့အဓိကဦးစားပေးအလုပ်ဖြစ်တယ်။ ဒါပေမဲ့ ဒီလိုရာဇဝတ်မှုကျူးလွန်သူတွေအတွက်အခွင့်အရေးတွေပိုပေးခြင်း၊ အလုပ်အကိုင်တွေပိုဖန်တီးပေးခြင်း၊ မူလနေထိုင်သူတွေနဲ့ အံဝင်ခွင်ကျဖြစ်အောင်ဆောင်ရွက်ပေးခြင်းစတဲ့အလုပ်တွေလုပ်ခြင်းအားဖြင့် စောစောကပြောခဲ့တဲ့ရာဇဝတ်မှုတွေရဲ့အကြောင်းရင်းတွေကိုတိုက်ဖျက်ရမယ်။’ လို့ပြောရမယ်။

– ‘နိုင်ငံရေးသမားတွေဟာ ချမ်းပဲချမ်းသာချင်ကြတယ်။ လမ်းပေါ်ကလူတွေကို ဘယ်တော့မှဂရုမစိုက်ကြဘူး။’ လို့မပြောပါနဲ့။

– အဲသလိုပြောမယ့်အစား ‘ဒါကြောင့်ကျွန်တော်တို့ဟာ ပြည်သူတွေအတွက်လုပ်ကိုင်နေကြတာဖြစ်တယ်။ ကံဆိုးစွာနဲ့ပဲ လူတွေဟာ တစ်ခါတရံမှာ ဆုလာဒ်ချီးမြှင့်တာကို မခံယူလိုကြဘူး။ ဒီလိုနောင်တရစရာကောင်းတဲ့အချက်ကို ကျွန်တော်တို့ဝန်ခံကြရမယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်အတိုင်း လူတွေကိုလိုက်လုပ်စေချင်ကြတယ်။ ဒါပေမဲ့ ခင်ဗျားတို့က လူတိုင်းကို ဘယ်တော့မှကျေနပ်အောင်လုပ်မပေးကြဘူး။ နိုင်ငံရေးဆိုတာ ရွေးချယ်ဖို့လုပ်တဲ့ကိစ္စပဲဖြစ်တယ်။’ လို့ပြောပါ။



ခင်ဗျားတို့ရဲ့ပုံရိပ်ကို ခင်ဗျားတို့ပြိုင်ဘက်နဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်နေတဲ့ပုံမျိုးမလုပ်ပါနဲ့။ အဲသလိုလုပ်မယ့်အစား ခင်ဗျားတို့ဟာ သူတို့နှစ်သက်တဲ့အရေးကိစ္စပြဿနာတွေအပေါ်မှာ ပိုပြီးယုတ္တိယုတ္တာရှိတဲ့ တခြားနည်းလမ်းတွေ ခင်ဗျားတို့ဆီမှာရှိတယ်ဆိုတဲ့ ပုံစံပြပါ။ သူတို့အောင်မြင်မှုရထားတဲ့ အောင်မြင်မှုအပေါ်အသေအလဲပွေ့ဖက်ကြိုဆိုပါ။ ကမ်ပိန်းဖော်ဆောင်နေတဲ့ကာလမှာ၊ အစီအစဉ်ချဖို့ကြိုးစားပါ။ အစီအစဉ်ချမှတ်နေတဲ့ပါတီဟာ စဦးကောင်းတဲ့၊ ရွေးကောက်ပွဲနိုင်ဖို့ အခွင့်အရေးအများဆုံးရှိတဲ့ပါတီဖြစ်တယ်။ ခင်ဗျားတို့ရဲ့ အဓိကသတင်းစကားကို အထပ်ထပ်အာရုံစိုက်ပါ။

## လေ့ကျင့်ခန်းများ

ခင်ဗျားတို့ပြိုင်ဘက်နဲ့ပတ်သက်ပြီး SWOT ခွဲခြမ်းစိတ်ဖြာမှုလုပ်ပါ။ (မဟာဗျူဟာအခန်းမှာ ကြည့်ပါ။) ဒီ SWOT ခွဲခြမ်းစိတ်ဖြာမှုဟာ ပြိုင်ဘက်အပေါ်အထက်စီးရစေမယ့် မဟာဗျူဟာကိုပြဋ္ဌာန်းသတ်မှတ်တဲ့နေရာမှာ အဓိကကျတယ်။ ပြိုင်ဘက် SWOT ခွဲခြမ်းစိစစ်မှုကနေရလာတဲ့ရလဒ်ကို ခင်ဗျားတို့ပါတီနဲ့ပတ်သက်ပြီးလုပ်တဲ့ SWOT ခွဲခြမ်းစိတ်ဖြာမှုနဲ့ယှဉ်ကြည့်ပါ။ ခင်ဗျားတို့ပါတီအနေအထားကို ဘယ်အရာကအားကောင်းလာအောင်လုပ်ဆောင်ပေးတယ်။ ဘယ်အရာက တခြားလူတွေရဲ့ အနေအထားကိုအားနည်းသွားအောင်လုပ်ပေးတယ်ဆိုတာကို ကြိုးစားစဉ်းစားပါ။

# အခန်း - ၁၉

# နိုင်ငံရေးပဋိပက္ခများကို စီမံခန့်ခွဲခြင်း

‘ဥရောပဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်တာကြောင့်ပြင်သစ်ဟာ ပဋိပက္ခတွေနဲ့ ကြုံရတယ်’။

‘ဆားဗီးယား အစိုးရဟာ ကိုဆိုဗိုရဲ့ လွတ်လပ်ရေးတိုက်ပွဲကြောင့် ပဋိပက္ခတွေနဲ့ ကြုံရတယ်။’

‘နိုင်ငံရေးသမား ပင်ဖော်တွန် Pin Fortuyn လုပ်ကြံသတ်ဖြတ်ခံလိုက်ရတာကြောင့် ဟော်လန်နိုင်ငံဟာ ပဋိပက္ခတွေနဲ့ ကြုံရတယ်’

‘ဝန်ကြီးချုပ် အိုလ်မတ် – Olmenrt ရဲ့ ခြစားမှုအသေရေဖျက်ခံရခြင်းကြောင့် အစ္စရေးနိုင်ငံရဲ့ အစိုးရအဖွဲ့ဟာ ပဋိပက္ခတွေနဲ့ရင်ဆိုင်ကြရတယ်’

ပဋိပက္ခတွေဟာ နေ့တိုင်းလိုလိုဖြစ်ပျက်နေတယ်။ ပဋိပက္ခဖြစ်တယ်။ သတင်းထောက်တွေစုဝေး ရောက်ရှိလာတယ်။ နောက်တစ်နေ့မှာတော့ ခင်ဗျားတို့ပါတီဟာ သတင်းတွေထဲမှာ ရှေ့ဆုံးကိုရောက်နေတယ်။ နိုင်ငံရေးသမားတွေကို အသေရေဖျက်တဲ့ကိစ္စတွေမနည်းမနောရှိတယ်။ ပြည့်တန်ဆာတွေဆီသွားတာ၊ တရားမဝင်ဘဏ်စာရင်းကိုတိုးချဲ့တာ၊ ကုမ္ပဏီတစ်ခုမှာပါဝင်ခွင့်တားမြစ်တာ၊ ဒါမှမဟုတ် မှောင်ခိုစီးပွားရေးသမားတွေပေးတဲ့ ငွေတွေကို လက်ခံတာစတဲ့ အသရေဖျက်မှုတွေပဲဖြစ်တယ်။

## ပဋိပက္ခဘယ်လိုစသလဲ

ပဋိပက္ခတွေဟာ အများအားဖြင့် လက္ခဏာတွေကို ဥပက္ခာပြုခြင်း



ဂရုစိုက်ခြင်းကနေစတင်တယ်။ ပါဝင်တဲ့လူတွေဟာ ဖြစ်ရပ်တွေကို ရှင်းရှင်းလင်းလင်းမြင်နိုင်လောက်အောင် အဲဒီဖြစ်ရပ်တွေနဲ့ နီးနီးကပ်ကပ်ရှိနေကြတယ်။ ဒါမှမဟုတ် ‘ဒါတွေ ဒီလိုပဲပြီးသွားမှာပါ’ ဆိုတဲ့ ဖြစ်ရပ်တွေအပေါ် လျှော့တွက်ကြတာလည်းရှိတယ်။ PvdA ဟာ ၂၀၀၂ ခုနှစ် ဒတ်ချ်ရွေးကောက်ပွဲမှာ သူတို့ရဲ့ဂုဏ်သိက္ခာကျဆင်းသွားတာကြောင့် ပဋိပက္ခတွေနဲ့ ကြုံကြရတယ်။ အကြောင်းကတော့ PvdA ဟာ နိုင်ငံရေးလက်သင်ပင်ဖော်တွန်နဲ့သူ့ရဲ့ လှုပ်ရှားမှုတွေရဲ့ဖြစ်နိုင်ခြေကို လျှော့တွက်ခဲ့ကြလို့ပဲဖြစ်တယ်။

ခေတ်သစ်ဆက်သွယ်ရေးအမြန်နှုန်းတွေကြောင့် ဒေသတွင်းပြဿနာအသေးအဖွဲ့ကလေး တစ်ခုဟာနေ့ချင်း ညချင်းနိုင်ငံလုံးဆိုင်ရာ ပြဿနာဖြစ်လာနိုင်တယ်။ ဒေသတွင်းသတင်းစာရဲ့ သတင်းထောက်တွေဟာ အင်တာနက်ကနေတစ်ဆင့် ကမ္ဘာမီဒီယာထဲကို ထိုးဖောက်လို့ရနိုင်တယ်။ သိပ်မထင်ရှားတဲ့ ပြည်သူကြားကနေနိုင်ငံရေးသမားတိုင်းကို မိုဘိုင်းဖုန်း၊ ဒါမှမဟုတ် ဒစ်ဂျစ်တယ်ကင်မရာနဲ့ အခုခေတ်မှာ မှတ်တမ်းတင်ထားလို့ရပြီ။ သဘာဝဘေးအန္တရာယ်တွေ၊ ပုဂ္ဂိုလ်ရေးကြေကွဲမှုတွေ၊ အဆုံးသတ်ခြင်းတွေ စတဲ့အရာတွေဟာ ရောင်းစားလို့ကောင်းတဲ့အရာတွေဖြစ်တယ်။ ပဋိပက္ခသဲလွန်စတွေပါတဲ့ အရာရာတိုင်းကို မီဒီယာကအနံ့ခံနိုင်နေပြီ။ နိုင်ငံရေးသမားတွေက လျှပ်စီးလို လျင်မြန်တဲ့နှုန်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပါစပ်အဟောင်းသားနဲ့ အမီမလိုက်နိုင်ကြတော့ဘူး။ သူတို့ဟာ သူတို့ရဲ့အလုပ်အကိုင်၊ ဂုဏ်သိက္ခာပျောက်ဆုံးသွားမှာကို ကြောက်ကြတယ်။ သူတို့ရဲ့ စိုးရိမ်စိတ်ကြောင့် အမှန်တရားကို စတင်ငြင်းဆန်လာကြတယ်။ မီဒီယာကို အပြစ်တင်လာကြတယ်။

## နိုင်ငံရေးပဋိပက္ခစီမံခန့်ခွဲမှုအတွက် ရွှေစည်းမျဉ်းဆယ်ချက်

၁။ ပြင်ဆင်ထားပါ။ အတွင်းအပြင်ဆက်ဆံရေးကောင်းမွန်ထားဖို့လိုတယ်။ ပဋိပက္ခမဖြစ်ခင်အချိန်မီ ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစားထားပါ။ ပဋိပက္ခစီမံခန့်ခွဲမှုအကြောင်းစဉ်းစားခြင်း၊ ပဋိပက္ခဆက်ဆံရေး

အကြောင်းစဉ်းစားခြင်းဟာ ခင်ဗျားတို့ရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာဖြစ်နေပါစေ။

၂။ မီဒီယာရဲ့ယန္တရားနဲ့ ပန်းတိုင်တွေကို နားလည်ပါ။ သတင်းထောက်တွေနဲ့ကောင်းမွန်တဲ့ ဆက်ဆံရေးတည်ဆောက်ပါ။

၃။ အချက်အလက်တွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ခင်ဗျားတို့ရဲ့ ထောက်ပံ့သူတွေအမြဲမပြတ်ကျေနပ်နေအောင် ဂရုစိုက်ပါ။ အတွင်းဆက်ဆံရေးဟာ ပြင်ပဆက်ဆံရေးလိုပဲ အရေးကြီးတယ်။

၄။ ပဋိပက္ခရဲ့ ပထမဆုံး လက္ခဏာကိုတွေ့တာနဲ့ ချက်ချင်းအရေးယူဆောင်ရွက်ပါ။ 'အဲဒီပဋိပက္ခက တိုက်စားသွားတဲ့အချိန်အထိ' ထိုင်စောင့်မနေပါနဲ့။ ဒါပေမယ့် အဆိုးဆုံးဖြစ်နိုင်ခြေကိုလည်း ချက်ချင်းတွက်ချက်ကြည့်ပါ။

၅။ ပွင့်လင်းပြီးရိုးသားပါ။ နောက်ဆုံးမှာ အမှန်တရားပေါ်ထွက်လာလိမ့်မယ်။ အမှန်တရားဟာ စုံးစမ်းစစ်ဆေးရေးကော်မတီ၊ စိတ်အားထက်သန်တဲ့သတင်းထောက်တွေ၊ ယိုပေါက်တွေကနေ အမှန်တရား ပေါ်ထွက်လာလိမ့်မယ်။

၆။ ချက်ချင်းအရေးယူဆောင်ရွက်ပါ။ ဒီလိုကိစ္စတွေမှာ တိတ်ဆိတ်ခြင်းဟာ ရွှေမဖြစ်နိုင်ဘူး။ ချက်ချင်းပြောပါ။ နည်းနည်းချင်းထုတ်မပြောပါနဲ့။

၇။ ပဋိပက္ခဖြေရှင်းရေးအဖွဲ့ဖွဲ့ပြီး ပြောရေးဆိုခွင့်ရှိသူ တစ်ယောက်ကိုခန့်အပ်ပါ။

၈။ မီဒီယာကိုဘယ်တော့မှ အပြစ်မတင်ပါနဲ့။ လျှို့ဝှက်လုပ်ကြံတယ်။ စုန်းမတွေကိုလိုက်ဖမ်းတယ် စတဲ့စကားမျိုးမပြောပါနဲ့။

၉။ လူထုရဲ့ စိတ်ခံစားမှုကို လက်ခံပါ။ (မဲပေးသူဟာ အမြဲတမ်းမှန်ကန်တယ်)။

၁၀။ တကယ်လို့ စွပ်စွဲချက်ကို မတွေ့ရရင်၊ အမှန်ပြင်ပေးစရာမလိုဘူး။ ဒါပေမယ့် တတ်နိုင်သမျှမြန်မြန် လူထုတွေရဲ့အမြင်ကနေ အဲဒီပြဿနာကို ထုတ်ပစ်ဖို့ကြိုးစားပါ။ ခင်ဗျားတို့လုံးဝမှန်ကန်နေတယ် ဆိုရင်တောင်၊ ခင်ဗျားတို့မျှမျှတတ ဒေါသထွက်၊ စိုးရိမ်နေရင်တောင်၊ အဲဒီပြဿနာကို ဆက်ပြီး



ကိုင်တွယ်နေမယ့်အစား ပါးစပ်ပိတ်ပြီးနေလိုက်တာက ပိုပြီးပညာရှိလိမ့်မယ်။

**လေ့ကျင့်ခန်း**

ကစားပွဲလုပ်ပါ။ ပဋိပက္ခတစ်ခုဖြစ်တယ်။ ခင်ဗျားတို့ ပါတီခေါင်းဆောင်ဟာ ခြစားတယ်လို့စွပ်စွဲခံရတယ်။ ပါတီဟာ တရားမဝင်တဲ့ ကမ်ပိန်းအလှူငွေလက်ခံတယ်လို့ စွပ်စွဲခံရတယ်။ ဒါမှမဟုတ် ခင်ဗျားတို့ရဲ့ပါတီခေါင်းဆောင်ဟာ ရွေးကောက်ပွဲကမ်ပိန်းတီဗီ ငြင်းခုန်ဆွေးနွေးပွဲမှာ ရှုံးနိမ့်သွားတယ်။ အဲသလိုဆိုရင် ခင်ဗျားတို့ဘာလုပ်ကြမလဲ။ ပဋိပက္ခဖြေရှင်းတဲ့အဖွဲ့ဖွဲ့ပါ။ ပျက်စီးဆုံးရှုံးမှုသက်သာအောင် သတင်းစာရှင်းလင်းပွဲလုပ်ဖို့ စီစဉ်ပါ။




မဟာဗျူဟာဆိုတာ သတ်မှတ်ထားတဲ့ ပန်းတိုင်ကို
ရရှိအောင်မြင်ဖို့ ခင်ဗျားတို့ကြိုးစားကြတဲ့ နည်းလမ်းပဲဖြစ်တယ်။
အဆုံးမှာတော့ မဲပေးသူတွေဟာ ပါတီတွေနဲ့ နိုင်ငံရေးသမားတွေကို
သူတို့ရတဲ့ရလဒ်တွေကိုကြည့်ပြီး ဆုံးဖြတ်ကြတယ်။
အဲဒီပါတီတွေနဲ့ နိုင်ငံရေးသမားတွေပေးခဲ့တဲ့
ကတိတွေကိုကြည့်ပြီး
မဲပေးသူတွေက ဆုံးဖြတ်ကြတာမဟုတ်ဘူး။




Democracy | Development | Dialogue

FMS

Foundation Max van der Stoel

ရောင်းရန်မဟုတ်
ပညာရေးအတွက် သီးသန့်သုံးရန်

နိုင်ငံရေးသမား လက်စွဲ